*နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ*

# စိတ်ပိုင်း

*ပဏာမဂါထာ*

*သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ။*
*အဘိဝါဒိယဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။*

ကျမ်းဂန်ကို ရေးသားစီရင်ခြင်းသည် ပညာပါရမီအတွက် နှစ်သက်ဖွယ်ရာ လွန်စွာ အဖိုးတန်သော လုပ်ငန်းကြီးပေတည်း။ ထိုလုပ်ငန်းကြီးကိုမစမီရှေးဦးစွာ ပီတိ၊ သောမနဿ ဝေဆာလျက် နှစ်သက်ဖွယ်ရာ မင်္ဂလာစကားကို အားပါးတရ မြွက်ဟလိုပေသည်။ ထို့ကြောင့် ရှေးဦးစွာ မင်္ဂလာကိစ္စကို ပြုတော်မူလိုသော အရှင်အနုရုဒ္ဓါသည် သမ္မာသမ္ဗုဒ္ဓ အစ ရှိသော မင်္ဂလာစကားကို ဝမ်းမြောက်စွာ မိန့်သည်။

## အဘိဓမ္မတ္ထသင်္ဂဟမည်ပုံ

အဘိဓမ္မာ(၇)ကျမ်း၌ ဟောကြားတော်မူအပ်သော **စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်** ဟု ဆိုအပ်သော တရား (၅) ပါးကို အကျဉ်းချုံး၍ ပြဆိုရာ ဖြစ်သောကြောင့် **အဘိဓမ္မတ္ထသင်္ဂဟ** ဟု ခေါ် သည်။

**အဘိဓမ္မာ**ဆိုသည်မှာ

(က) ဟောတော်မူအပ်သော အခြင်းအရာအားဖြင့် လွန်ကဲထူးခြားသောကြောင့် အဘိဓမ္မာ ဟု ခေါ်သည်။ (အဘိ- လွန်ကဲထူးခြားသော၊ ဓမ္မ-သဘောတရား)

(ခ) ဓမ္မက္ခန္ဓာ အရေအတွက်အားဖြင့် ဝိနည်းပိဋကသုတ္တန်ပိဋကတို့ထက် သာလွန်သော ကြောင့် အဘိ ဓမ္မာဟုခေါ်သည်။ (အဘိ- သာလွန်သော၊ ဓမ္မ-တရားတော်)

**မှတ်ချက်။** ။ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)ရှိသည့်အနက် ဝိနည်းပိဋကတွင် ဓမ္မက္ခန္ဓာပေါင်း (၂၁၀၀၀)၊ သုတ္တန်ပိဋကတွင် (၂၁၀၀၀) ရှိပြီး အဘိဓမ္မာပိဋကတွင် ဓမ္မက္ခန္ဓာပေါင်း (၄၂၀၀၀) ရှိသည်။ ထို့ကြောင့် အရေအတွက်အားဖြင့် သာလွန်သည်ဟုဆိုရသည်။

## သုတ္တန်နှင့် အဘိဓမ္မာအထူး

သုတ္တန်ပိဋကတွင် လူတို့ နေ့စဉ် သုံးစွဲနေသည့် ယောကျ်ား၊ မိန်းမ၊ မိဘ စသော အသုံးအနှုန်း၊ အခေါ်အဝေါ်တို့ကို အသုံးပြုကာ ဟောတော်မူခဲ့သည်။ ထို့ကြောင့် **ဝေါဟာရ ဒေသနာမည်၏။** အဘိဓမ္မာပိဋကတွင် ပုဂ္ဂိုလ်၊ သတ္တဝါ ဟူသော ပညတ် အသုံးအနှုန်းတို့ကို

ဖယ်ရှားကာ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်စသော အမှန်တကယ်ထင်ရှား ရှိသော တရားတို့ဖြင့် ဟောတော်မူခဲ့သည်။ ထို့ကြောင့် **ပရမတ္ထဒေသနာမည်၏။**

**တနည်း။။** သုတ္တန်ပိဋကတွင် သတ္တဝါတို့၏ စရိုက်ကိုကြည့်၍ သင့်တော်သည့် စကား အသုံးအနှုန်းတို့ဖြင့် သွန်သင်ဆုံးမတော်မူသည်။ ထို့ကြောင့် ယထာနုလောမသာသနာ မည်၏။ (ယထာနုလောမ-သင့်တော်သလို၊သာသနာ- ဆုံးမခြင်း) အဘိဓမ္မာပိဋကတွင် ပုဂ္ဂိုလ် သတ္တဝါတို့ကို မငဲ့ကွက်ဘဲ သဘာဝတရားတို့၏ ပကတိဖြစ်စဉ်အတိုင်း ဟောကြားထားသည်။ ထို့ကြောင့် ယထာဓမ္မ သာသနာမည်၏။ (ယထာဓမ္မ-ပကတိရှိသည့်အတိုင်း၊ ဒေသနာ- ဆုံးမ ဟောကြားခြင်း)

## ပရမတ္ထတရား (၄) ပါး

မိမိတို့ဆိုင်ရာသဘောလက္ခဏာများမှ မဖေါက်မပြန် မှန်ကန်တည့်မတ် မြတ်သော သဘောတရားသည် ပရမတ်မည်၏။

(ပရမ=မဖေါက်မပြန်မှန်ကန်သော၊ အတ္ထ=သဘောတရား)

တနည်းအားဖြင့် လူ၊ နတ်၊ ပြဟ္မာ သတ္တဝါအထွေထွေ ရေ၊ မြေ၊ တော၊ တောင် စသည်ဖြင့် အထည်ဝတ္ထု ပညတ်စုများ မည်မျှပင်များစေကာမူ လိုရင်းအချုပ် စစ်ထုတ်လိုက်သော် အချုပ်အားဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်မှ တပါး အခြားမရှိပေ။ ထို့ကြောင့် အချုပ်အားဖြင့် ထင်ရှားရှိသော စိတ် စသော တရား (၄)ပါးသည် ပရမတ်မည်၏။

## ပညတ်ဖေါက်ပြန်ပုံ

လူဟု ခေါ်အပ်သော ခန္ဓာကိုယ်ဒြပ်သည် အထည်ပညတ်ကြီးကို ဖျက်ဆီး၍ ဆံပင်တစ်ပုံ၊ အမွေးတစ်ပုံ စသည်ဖြင့် (၃၂) ပုံ စုပုံထားလျှင် လူမဟုတ်တော့ပြီ၊ လူဟူသော ပညတ် ကြီး ဖေါက်ပြန်သွား၏။ ဆံပင်၊ အမွေးစသော ပညတ်တွေသာရှိတော့၏။ ထို ၃၂ ပုံတွင် အမာခံ ဖြစ်သော အရိုးပတ် အထည်ဒြပ်ကို မီးရှို့လျှင် အရိုးမဟုတ်တော့ပြီ၊ အရိုးဟူသောပညတ်မှ မီးသွေး ဟူသော ပညတ်သို့ ပြောင်းလဲသွားပြီ။ ဤသို့ စသည်ဖြင့် ပညတ် ဟူသမျှသည် မူလ အနေမှ ပြောင်းလဲဖေါက်ပြန်ခြင်း သဘောရှိလေသည်။

## ပရမတ်မဖေါက်ပြန်ပုံ

ရုပ်၊နာမ်တရားတို့တွင် ပထဝီဓာတ်သည် မာခြင်းသဘောရှိ၏။ ယခင် မြေမှုန့်ထဲ၌ ဤပထဝီဓာတ်မှုန့်တွေ များစွာပါရှိ၏။ ဤပထဝီဓာတ်၏ ခက်မာခြင်းသဘောကို ဖွဲ့စည်းခြင်း စသောသဘောတစ်မျိုးသို့ ပြောင်းလွဲအောင် လည်းကောင်း၊ စိတ်၏ အာရုံသိခြင်း

သဘောကို ဖုသနစသော သဘောတစ်မျိုးသို့ ပြောင်းလွဲအောင်လည်းကောင်း၊ ဖသ၏ တွေ့ထိခြင်း သဘောကို ခံစားခြင်းသဘောသို့ ပြောင်းလွဲအောင် လည်းကောင်း၊ တစ်စုံတစ်ယောက်မျှ မတတ်နိုင်၊ ထို့အတူ လောဘ စသည်တို့ကလည်း လိုချင်မှု စသော သဘောမှ မပြောင်းလွဲ၊ အလောဘ စသည်တို့ကလည်း မလိုချင်မှုသဘောမှ မပြောင်းကြဘဲ ကိုယ့်သဘောနှင့်ကိုယ် တည့်မတ်မှန်ကန်သောကြောင့် ပရမတ် တရားများကို မဖေါက်မပြန် မှန်ကန်သည်ဟု ဆိုသည်။

## အဘိဓမ္မတ္ထ နှင့် ပရမတ္ထ မတူ

**အဘိဓမ္မတ္ထသည်** ပရမတ္ထအားဖြင့် **စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟု လေးပါးသာရှိသော်လည်း** ရထိုက်သမျှ ရေတွက်လျှင် **ပညတ်နှင့်တကွ (၅) ပါး**ရှိသည်။

**ပရမတ္ထကား စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်အားဖြင့် (၄) ပါးသာရှိ**သည်။ ထို့ကြောင့် အဘိဓမ္မတ္ထ နှင့် ပရမတ္ထတို့ မတူကြပါ။

## ပရမတ္ထတရား (၄) ပါး

၁။ စိတ် = အာရုံကို ယူခြင်းသဘော၊ အာရုံကို သိခြင်းသဘော။
၂။ စေတသိက် = စိတ်၌မှီ၍ စိတ်ကိုခြယ်လှယ်တတ်သော သဘော။
၃။ ရုပ် = အပူ၊ အအေးစသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ရှေးအစဉ်နှင့် နောက်အစဉ် မတူအောင် ပြောင်းလဲ ဖေါက်ပြန်တတ်သော သဘော။
၄။ နိဗ္ဗာန် = တဏှာ ကုန်ခန်းခြင်း၊ ဒုက္ခငြိမ်းခြင်း ချုပ်ငြိမ်းခြင်းသဘော။

## နိဗ္ဗာန်ကို နောက်ဆုံးထား၍ ပြရကြောင်း

နိဗ္ဗာန်သည် သတ္တဝါအစုံစုံ အဖုံဖုံတို့၏ လိုရင်းပန်းတိုင်ဖြစ်၍ စိတ်၊ စေတသိက်၊ ရုပ်တရားတို့၏ ချုပ်ရာအရပ်ကို ပြရန်အလို့ငှါ နောက်ဆုံးထား၍ ပြသည်။

**မှတ်ချက်။** ။ နိဗ္ဗာန်သည် ပရမတ္ထသဘာဝတရားဖြစ်သည်။ ပရိနိဗ္ဗာန်ကား ပညတ္တိသဘာဝတရား ဖြစ်သည်ဟုထူးခြားချက်ကိုလည်းမှတ်သားထားရန်လိုသည်။

## လူ၊နတ်စသောသက်ရှိသတ္တဝါတို့၌ ရနိုင်သော ပရမတ္ထတရား

အဘိဓမ္မတ္ထသင်္ဂဟကျမ်းတွင် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟု ပရမတ္ထတရားကို (၄)ပါး ပြသော်လည်း ၃၁ ဘုံတွင် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါစတို့၌ အဘိဓမ္မာသဘာဝ

အားဖြင့် ထင်ရှားရှိသော တရားစစ်တို့ကား စိတ်၊ စေတသိက်၊ ရုပ်အားဖြင့် ပရမတ္ထတရား (၃)ပါး ကိုသာ ရနိုင်ပါသည်။

## ဘုံ အပြားအားဖြင့် ပြားသော စိတ်အမည် (၄) မျိုး

၁။ **ကာမာဝစရစိတ်** = ကာမတဏှာ၏ အာရုံဖြစ်သောကြောင့် ကာမဘုံ၌ သက်ဝင်၍ဖြစ်သောစိတ်၊ တနည်း ကာမဘုံ၌ ကျင်လည်တတ်၊ ဖြစ်တတ်သောစိတ် ( ကာမစိတ် ၅၄ ပါး)

၂။ **ရူပါဝစရစိတ်** = ရူပတဏှာ၏ အာရုံဖြစ်သောကြောင့် ရူပဘုံ၌သက်ဝင်၍ ဖြစ်သောစိတ် တနည်းရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်၊ဖြစ်တတ်သောစိတ် ( ရူပ စိတ် ၁၅ ပါး)

၃။ **အရူပါဝစရစိတ်** = အရူပတဏှာ၏ အာရုံဖြစ်သောကြောင့် အရူပဘုံ၌သက်ဝင်၍ ဖြစ်သောစိတ် တနည်း အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်၊ ဖြစ်တတ်သောစိတ် (အရူပစိတ် ၁၂ ပါး)

၄။ **လောကုတ္တရာစိတ်** = လောကသုံးပါးမှ လွတ်မြောက်သောစိတ်၊ တနည်း လောကသုံးပါးထက် လွန်ကဲမြင့်မြတ်သောစိတ် (လောကုတ္တရာစိတ် ၈ ပါး)

စိတ်လေးမျိုးတို့တွင် ကာမာဝစရစိတ်သည် ဟီန(အညံ့ဆုံး)တည်း။ ရူပါဝစရစိတ်ကား ဥက္ကဋ္ဌ (အမြတ်)တည်း၊ အရူပါဝစရစိတ်ကား ရူပစိတ်ထက်မြတ်၍ ဥက္ကဋ္ဌတရ (သာ၍မြတ်)တည်း၊ လောကုတ္တရာစိတ်ကား အရူပထက်ပင်မြတ်သောကြောင့်ဥက္ကဋ္ဌတမ(အမြတ်ဆုံး)တည်း၊ ဤသို့ အညံ့စသည့်အစဉ်အားဖြင့် စိတ်အပြားကို အစဉ်အတိုင်း ရှေ့နောက် စီစဉ်ထားသည်။

## ကာမစိတ် (၅၄)ပါး

ကာမာဝစရစိတ် (၅၄)ပါးတို့တွင် အကုသိုလ်၊ အဟိတ်၊ ကာမသောဘန စိတ်အားဖြင့်သုံးမျိုးရှိရာ အကုသိုလ်ကို အရင်ပြသည်။ အကုသိုလ် (၁၂)ပါးတို့တွင်လည်း လောဘမူစိတ်ကို ပထမပြသည်။

## အကုသိုလ်စိတ်ကို ရှေ့ဦးစွာပြရကြောင်းနှင့် အကုသိုလ်စိတ်တို့တွင်လည်း လောဘကို ပထမပြရကြောင်း

သံသရာတွင် ကျင်လည်ကျက်စားနေကြသော သုခိတသတ္တဝါ၊ ဒုက္ခိတသတ္တဝါတို့ သန္တာန်၌ များသောအာဖြင့် အကုသိုလ်-မကောင်းစိတ်များ အဖြစ်များလေသည်။ ကုသိုလ်

စိတ်ကား ဖြစ်ဖို့ ခဲယဉ်းသောကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာပြရသည်။ အကုသိုလ် စိတ်တို့တွင်လည်း သတ္တဝါတို့ မွေးဖွားလာသည်နှင့် ဘဝကို တပ်မက်သော ဘဝနိကန္တိက လောဘဇော ကသာ ရှေးဦးစွာဖြစ်ရသောကြောင့် လောဘကို ပထမပြရသည်။

## အကုသိုလ်စိတ် (၁၂) ပါး

အပြစ်နှင့်တကွဖြစ်ခြင်း၊မကောင်းသောအကျိုးကိုပေးခြင်း၊ကုသိုလ်ကိုတားမြစ်ခြင်း သဘောသည် အကုသလ-မ ကောင်းမှု အကုသိုလ်မည်၏။

## လောဘမူစိတ် (၈) ပါး

**တပ်မက်ခင်မင်၊ လိုချင်တတ်သောကြောင့် လောဘမည်၏။**

| | | | |
|---|---|---|---|
| ၁ | စိတ်ပါ<br>(သောမနဿ သဟဂုတ်) | ဒိဋ္ဌိယှဉ်<br>(ဒိဋ္ဌိဂတသမ္ပယုတ်) | သူများမနိုင်း<br>(အသင်္ခါရိက) |
| ၂ | စိတ်ပါ | ဒိဋ္ဌိယှဉ် | နိုင်း |
| ၃ | စိတ်ပါ | ဒိဋ္ဌိမယှဉ် | မနိုင်း |
| ၄ | စိတ်ပါ<br>(သောမနဿ သဟဂုတ်) | ဒိဋ္ဌိမယှဉ်<br>(ဒိဋ္ဌိဂတဝိပ္ပယုတ်) | နိုင်း<br>(သသင်္ခါရိက) |
| ၅ | စိတ်မပါ<br>(ဥပေက္ခာသဟဂုတ်) | ဒိဋ္ဌိယှဉ်<br>(ဒိဋ္ဌိဂတသမ္ပယုတ်) | မနိုင်း<br>(အသင်္ခါရိက) |
| ၆ | စိတ်မပါ | ဒိဋ္ဌိယှဉ် | နိုင်း |
| ၇ | စိတ်မပါ | ဒိဋ္ဌိမယှဉ် | မနိုင်း |
| ၈ | စိတ်မပါ | ဒိဋ္ဌိမယှဉ် | နိုင်း |

**အထက်၌ပြခဲ့သော လောဘမူစိတ် (၈) ပါးကို ပါဠိဖြင့် မှတ်ရန်**

***သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊သသင်္ခါရိကမေကံ။***

***ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ၊သသင်္ခါရိကမေကံ။***

**သောမနဿသဟဂတံ**= စိတ်ပါ။ **ဒိဋ္ဌိဂတသမ္ပယုတ္တံ**= ဒိဋ္ဌိယှဉ်။ **အသင်္ခါရိက**= မတိုက်တွန်းရဘဲဖြစ်သော။ **ဧကံ**= တစ်ခုသောစိတ်။ ***သသင်္ခါရိက***=တိုက်တွန်းခြင်းကြောင့် ဖြစ်သော စသည်ဖြင့် ဘာသာပြန်ရသည်။ ထို့ကြောင့် လောဘမူစိတ်ကို ရေတွက်ရာ၌

***သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု၊ သ သင်္ခါရိက*** စိတ်တစ်ခုဟု ရေတွက်လေ့ရှိသည်။

သောမနဿသဂတံ (စိတ်ပါ) ဟူသော ပါဠိကိုကြည့်၍ လောဘမူစိတ်(၈)ပါး တို့၌ **သောမနဿ စိတ် (၄) ပါး၊ ဥပေက္ခာစိတ် (၄) ပါး**အားဖြင့် လောမူစိတ် (၈)ပါးရှိကြောင်းကို ဝေဒနာအားဖြင့် ခွဲပြရာ၏။

ဒိဋ္ဌိဂတသမ္ပယုတ္တံ (ဒိဋ္ဌိယှဉ်) ဟူသော ပါဠိကိုကြည့်၍ လောဘ (၈) ပါးတို့၌ **ဒိဋ္ဌိယှဉ်သော စိတ်** (ဒိဋ္ဌိဂတသမ္ပယုတ်) (၄) ပါး၊ **ဒိဋ္ဌိမယှဉ်သော** (ဒိဋ္ဌိဂတဝိပ္ပယုတ်) (၄)ပါး ရှိကြောင်းကို ယောဂ (ယုတ္တ) အပြားအားဖြင့် မှတ်သားနိုင်၏။

အသင်္ခါရိကံ (သူများမခိုင်း) ဟူသော ပါဠိကိုကြည့်၍ လောဘ (၈)ပါး တို့၌ **အသင်္ခါရိက** (မခိုင်း)(၄) ပါး၊ **သသင်္ခါရိက** (ခိုင်း) (၄) ပါး အားဖြင့် လောဘ(၈)ပါး ရှိကြောင်းကို သင်္ခါရအပြား အားဖြင့်မှတ်သားရာ၏။

## ရှင်းလင်းချက်

အဘိဓမ္မာကို လေ့လာသူများသည် မြန်မာများသာ ဖြစ်နေသည်မို့ မြန်မာလို မှတ်မိဖို့ အရေးကြီးသည်။ ပါဠိစကားကို မှတ်မိခြင်းသည် ကောင်းသောအကျင့်တစ်ခုပင် ဖြစ်သော်လည်း ပါဠိစာပေကို မေ့သွားသည့်အခါ မိမိမှာ ဖြစ်နေသည့်လောဘကိုပင် အမည်ပေးရ ခက်နေလိမ့်မည်။ ထို့အပြင် မည့်သည့် အကုသိုလ်စိတ် ဖြစ်နေမှန်းလည်း မသိ ဖြစ်နေတတ်သည်။ ထို့ကြောင့် မြန်မာလိုလေ့လာသူများအတွက် မှတ်မိလွယ်စေဖို့ မြန်မာလိုပဲ မှတ်ထားပါရန် လိုအပ်သည်။

## သောမနဿ သဟဂတံ = ဝမ်းမြောက်သောစိတ်ဖြင့် (တနည်း) စိတ်ပါ

သောမနဿ ပါဠိကို မြန်မာလို ဝမ်းသာခြင်းလို့ တိုက်ရိုက် ဘာသာပြန်ရသည်။ သဟဂတ ဟူသည် အတူဖြစ်ခြင်း ဟု အဓိပ္ပါယ်ရသည်။ ထို နှစ်ပုဒ်ကို ပေါင်းလိုက်ပါက သောမနဿသဟဂတဲ့= ဝမ်းမြောက်မှုနှင့်တကွဟု အဓိပ္ပါယ်ပြန်ရသည်။ ထိုအဓိပ္ပါယ်သည် စိတ်ပါဟူသောစကားနှင့် ထပ်တူပင်။ ထို့ကြောင့် မှတ်ရလွယ်ကူစေရန် သောမနဿ သဟဂတံကို စိတ်ပါ လို့မှတ်ထားလိုက်ပါက လုံလောက်ပေသည်။ စိတ်ပါ ဆိုသည်မှာ လည်း ဝမ်းသာ၊ ကြည်နူး၊ ကျေနပ်၊ သဘောကျခြင်းကိုပင် ဆိုလိုသည်။ ထိုစိတ်တို့တွင် မည်သည့် စိတ်ဖြင့် လုပ်လုပ် သောမနဿ=စိတ်ပါလို့ ဆိုရသည်။ ထို့ကြောင့် လောဘမူ ပထမစိတ်ကို စိတ်ပါ၊ ဒိဋ္ဌိယှဉ်၊ သူများမခိုင်း ဟု အလွယ်တကူ မှတ်ထားဖို့လိုအပ်သည်။

## သောမနဿဖြစ်ကြောင်း

၁။ **သဘာဝဣဋ္ဌာရုံ** = အလတ်တန်းစားလူတို့ နှစ်သက်အပ်သော အာရုံ။ **ပရိကပ္ပဣဋ္ဌာရုံ** = ကိုယ်ထင်လျှင် ကုဋ္ဌင်ရွှေနန်း ဆိုသည့်အတိုင်း တစ်စုံတစ်ယောက်၏ စိတ်ထဲ၌ ဣဋ္ဌာရုံဟု ထင်မှတ်လောက်သော အနိဋ္ဌာရုံ ( ဥပမာ။ မစင်၊ ခွေးကောင်ပုတ်၌ လင်းတ၊ ခွေးတို့ ဣဋ္ဌ= ကောင်းသည် ဟုထင်နေပုံမျိုးတည်း။) တို့တွင် တစ်ပါးပါးနှင့် တွေ့ကြုံရခြင်း။
၂။ **သောမနဿ ဖြင့် ပဋိသန္ဓေနေခဲ့ခြင်း** နှင့် ၃။ **စိတ်နေစိတ်ထား မလေးနက်ခြင်းတို့**တည်း။ ဤသုံးပါးတို့တွင် တစ်ပါးပါးနှင့် ညီပါက သောမနဿဖြစ်လေတော့၏။

## ဥပေက္ခာသဟဂတံ = ဝမ်းမသာသောစိတ်ဖြင့် (တနည်း) စိတ်မပါ

ဥပေက္ခာ ဆိုတာ သောမနဿရဲ့ ဆန့်ကျင်ဘက်ပါ။ သောမနဿ က ဝမ်းသာ ကြည်နူး နေတဲ့အခါ ဥပေက္ခာသဘောက တည်ကြည်လေးနက်ခြင်း၊ အေးဆေးတဲ့ သဘော တို့ရှိပါတယ်။ ဘာကိုပဲလုပ်လုပ် အေးတိအေးစက်နဲ့ လုပ်တတ်သလို၊ အာရုံနဲ့ တွေ့ကြုံတဲ့ အခါမှာလည်း စိတ် မဝင်စားသလို ဖြစ်နေတတ်ပါတယ်။

## ဥပေက္ခာဖြစ်ကြောင်း

၁။ **ဣဋ္ဌမဇ္ဈတ္တာရုံ** (အလတ်စားအာရုံ) နှင့်တွေ့ကြုံရခြင်း၊ ၂။ **ဥပေက္ခာဖြင့် ပဋိသန္ဓေ နေခဲ့ခြင်း** ၃။ **စိတ်နေ သဘောထားလေးနက်ခြင်း**နှင့် ၄။ **မူဂဓာတုကတာ**= ထိုင်းမှိုင်းဖျင်းအ ခြင်း တို့တည်း။

စိတ်သဘောထား လေးနက်သူဟာ အရာရာမှာ စဉ်းစားဆင်ခြင်မှု အားကြီးလို့ သ ဘောကျစရာ အာရုံတိုင်း၌ တော်တော်နှင့် ဝမ်းမမြောက်ဘဲ လျစ်လျူရှုကာ ဥပေက္ခာ စိတ်လောက်သာ ဖြစ်တတ်ပါတယ်။

## သောမနဿနှင့် ဥပေက္ခာသတ္တိအထူး

ကာမာဝစရအရာဝယ် သောမနဿသဟဂုတ်က သာလွန်၍၊ မဟဂ္ဂုတ်၊ လောကုတ္တရာ အရာဝယ် ဥပေက္ခာသဟဂုတ်က သာလွန်သည်။

## ဒိဋ္ဌိဂတ သမ္ပယုတ်

ဒိဋ္ဌိဂတ သမ္ပယုတ်မှာ ဒိဋ္ဌိရယ်၊ ဂတရယ်၊ သမ္ပယုတ်ရယ်ဆိုပြီး သုံးပုဒ်ရှိပါတယ်။ ဒိဋ္ဌိ ဆိုတာ အမှားမြင်တာကို ပြောတာပါ။ ဥပမာ- လူကို တွေ့ရတဲ့အခါမှာ ရုပ်ကြီးကို မြင်

တယ်လို့ စိတ်ထဲမှာ ထင်လာမဲ့အစား ငါသိသူ၊ လူစသည်ဖြင့် ပညတ်တရားပဲ ပေါ်လာတတ်ပါတယ်။ ပညတ်သာ ပေါ်ခဲ့ရင် စွဲလမ်းမှု၊ မကျေနပ်မှုတွေက နောက်ကနေ တန်းစီလိုက်လာတော့တာပါပဲ။ လူဆိုတဲ့ ရုပ်သဏ္ဌာန်ကြီးကို ပရမတ်အနေနဲ့ မမြင်ဘဲ ပညတ်အနေ နဲ့သာ မြင်ပြီး မှားယွင်း တဲ့ စွဲလမ်းမှုကို ဖြစ်စေတတ်တာကြောင့် အဲဒီလိုအမြင်မျိုးကို ဒိဋ္ဌိ= အမြင်မှားခြင်း၊ မှားယွင်းတဲ့ အမြင်လို့ ခေါ်ပါတယ်။

ဒီအတိုင်းပါပဲ လောကမှာ သက်ရှိသတ္တဝါ (စိတ်၊စေတသိက်၊ ရုပ်ပေါင်း ပရမတ်သုံးပါး) သက်မဲ့အရာ (ရုပ်သက်သက် ပရမတ်) များကို ပရမတ်အနေနဲ့ မမြင်ဘဲ ပညတ်အနေနဲ့သာ မြင်နေဦးမယ်ဆိုရင် ဒိဋ္ဌိကတော့ ဘဝမှာ ဦးစီးခေါင်းဆောင် ဖြစ်နေဦးမှာပါ။ ဒိဋ္ဌိသာ ဦးစီးနေရင်တော့ စွဲလန်းသူနဲ့ ဒိဋ္ဌိဟာ တစ်သားတည်း (ဂတ=အတူတူဖြစ်) ဖြစ်သွားတာမို့ ဒါကို ဒိဋ္ဌိယုဉ် (သမ္ပယုတ်) လို့ခေါ်ပါတယ်။ ဒိဋ္ဌိယုဉ်နေရင်တော့ အပါယ်နဲ့ ယဉ်ပါး နေဦးမယ်ဆိုတာ သေချာ သလောက် ပါ။

## ဒိဋ္ဌိဖြစ်ကြောင်း

၁။ သဿတဒိဋ္ဌိ = ဒီဘဝသေတယ်ဆိုတာ ခန္ဓာသာပြောင်းတာ ဝိညာဉ်ကတော့ အတူတူပဲလို့ မြဲ၏ဟုယူသောအယူ၊ ဥစ္ဆေဒဒိဋ္ဌိ=သေပြီးနောက် နောက်ဘဝဆိုတာမရှိဟု ယူသော အယူ ရှိခြင်း၊ ၂။ မှားယွင်းတဲ့အယူရှိသူများကို မြတ်နိုးလေးစားကာ ပေါင်းသင်း ဆက်ဆံနေခြင်းတို့ တည်း။

ကံ၊ ကံ၏အကျိုးကို မယုံကြည်သော လူမျိုးမှန်သမျှကို တိတ္ထိယ ဟုဆိုလိုသည်။ ထိုသူတို့နဲ့ ပေါင်းသင်းဆက်ဆံများလို့ သူတို့ရဲ့ အပြုအမူကိုပဲ အကောင်းထင်နေသူများသည် မကြာခင် အယူမှားသဖြင့် တိတ္ထိ ဖြစ်သွားတတ်သည်။ ထို့ကြောင့် အယူမှားသူတို့နဲ့ ပေါင်းသင်း ဆက်ဆံမှုများသည် ဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းဖြစ်လာသည်။

**မှတ်ချက်။** ဒိဋ္ဌိယုဉ်မှုရှိလျှင် အမှန်မြင်တဲ့ ဒိဋ္ဌိမယှဉ်မှုလဲရှိပါတယ်။ ဒါကိုတော့ **ဒိဋ္ဌိဂတ ဝိပ္ပယုတ်** လို့ခေါ်ပါတယ်။ ဝိပ္ပယုတ်ဆိုတာ ကင်းခြင်းလို့ အဓိပ္ပါယ်ရတာမို့ အမြင်မှား ကင်းခြင်းလို့လဲ ပြောနိုင်ပါတယ်။

## အသင်္ခါရိက၊ သသင်္ခါရိက

ကိုယ့်ရဲ့ ကာယပယောဂ (ပယောဂ=မိမိ စိတ်ကို ထက်မြက်အောင် မိမိကိုယ်တိုင်ပြုပြင်မှု)၊ ဝစီပယောဂ၊ မနောပယောဂ နှင့် ဆရာ၊ မိဘ စသူတို့က ကိုယ်၊ နှုတ်တို့ဖြင့် တိုက်တွန်းမှုကို သင်္ခါရ လို့ခေါ်ပါတယ်။ အဲဒီလို ကိုယ့်ရဲ့ ကာယပယောဂ စတာတို့ မပါဝင်သလို၊ ဆရာ စသူတို့ရဲ့ တိုက်တွန်းမှုမပါဘဲ ကိုယ်တိုင်အသိစိတ်နဲ့ လုပ်တာကို

အသင်္ခါရိက (ဘယ်သူ့ ပယောဂမှမပါ) နဲ့ လုပ်တယ်လို့ ဆိုလိုပါတယ်။ ခိုင်းလို့လုပ်ရတာကိုတော့ သသင်္ခါရိကလို့ ခေါ်ပါတယ်။ ခိုင်း ဆိုတဲ့နေရာမှာ တစ်ယောက်ယောက်က လာခိုင်းမှ ခိုင်းတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ဆရာ၊ မိဘ စတဲ့သူများက လုပ်ပါလို့ ပြောတာကို စိတ်ထဲစွဲပြီး အင်း ဆရာသမားစတဲ့သူ တွေက ပြောထားတယ်၊ မလုပ်လို့တော့ မဖြစ်ပါဘူး စသည်ဖြင့် တွေးမိပြီး လုပ်တာကိုလဲပဲ ခိုင်း=သသင်္ခါရိက လို့ခေါ်ရပါတယ်။

## အသင်္ခါရိကဖြစ်ကြောင်း

၁။ အသင်္ခါရိကကံကြောင့် အသင်္ခါရိကစိတ်ဖြင့် ပဋိသန္ဓေနေရခြင်း၊
၂။ ခန္ဓာကိုယ်၏ ခိုင်ခံ့ကျန်းမာခြင်း၊
၃။ နေပူမိုးရွာ၊ဆောင်းနွေခါတို့၌ အချမ်းအပူကို ဂရုမစိုက်ခြင်း၊
၄။ လုံ့လ ဝီရိယအကျိုးကို မျှော်ကိုးယုံကြည်ခြင်း (ရှေးကံတစ်ခုကိုသာ အားမကိုးဘဲ ဝီရိယအကျိုးကိုလည်း အားကိုးသူဖြစ်ခြင်း)
၅။ လုပ်နေကျအလုပ်၌ အလေ့အကျင့်ရခြင်းနှင့်
၆။ ဥတုဘောဇဉ်တို့မျှတခြင်းတို့တည်း။

**အမှာ။** ။ သသင်္ခါရိက ဖြစ်ခြင်းအကြောင်းကို ပြောင်းပြန်မှတ်လေ။ သသင်္ခါရိက= ခိုင်းမှုထက် အသင်္ခါရိက = မခိုင်းပဲလုပ်မှုက အကျိုးပေးထက်သန်သည်။ ထို့အတူ ဥပေက္ခာထက် သောမနဿ၊ ဝိပ္ပယုတ်စိတ်ထက် သမ္ပယုတ် စိတ်က အကျိုးပေးထက်သန်လေသည်။ တိုက်တွန်းမှုတိုင်းကိုလဲ သသင်္ခါရိကဟု မမှတ်ရ၊ မိမိဘာသာ ထက်သန်စွာပြုလုပ်မည်ဟု ကြံစည်ခိုက် အစီအမံ ဝါသနာပါသူက စေခိုင်းသော်လည်း ထိုစေခိုင်းမှုမျိုးကို သသင်္ခါရိကဟု မ မှတ်ရ။

**မှတ်ချက်။** ။ နှစ်သက်ဝမ်းမြောက်လျှင် သောမနဿ၊ ဝမ်းမမြောက်လျှင် ဥပေက္ခာ၊ သံသရာအပြစ်မရှိဟုယူလျှင် ဒိဋ္ဌိဂတသမ္ပယုတ်၊ သံသရာအပြစ်ရှိမှန်းသိလျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်၊ အား တက်သရော ရှိလျှင် အသင်္ခါရိက၊ အားတက်သရောမရှိလျှင် သသင်္ခါရိကဟု ခွဲခြား၍ လောဘ ဆိုင်ရာကိစ္စ၌ မိမိသန္တာန်ဝယ် ဖြစ်သမျှစိတ်ကို မည်သည့် လောဘမူစိတ်ဟု ဆုံးဖြတ်ပါ။

## လောဘသဘော

တဏှာပေမ၊ သမုဒယ၊ သံယောဇဉ်ဟု ဆိုအပ်သော လောဘသည် တရားဖြင့် မထိန်းနိုင်ဘဲ သူ့အလိုဆန္ဒအတိုင်းသာ ဦးစားပေးလိုက်ပါမူ မည်သည့်အခါမှ နောက်ဆုတ်မည်မဟုတ်။ နွားကလေး၏ ပေါက်ကာစ ဦးချိုသည် ကြီးလေရှည်လေဖြစ်သကဲ့သို့

ပဋိသန္ဓေကပင် မျိုးစေ့ပါ လာခဲ့သော ဤတဏှာလောဘသည်လည်း အရွယ်ကြီးလေ လောဘကြီးလေပင်ဖြစ်၏။ ထိုကဲ့ သို့ လောဘကို မထိန်းနိုင်သူ ဇရာအိုကြီးတို့အတွက် ယောင်ကြီးလျှင်ငိုက်၊ လူကြီးလျှင်မိုက် ဟု ပြောစမှတ်ပြုကြသည်။

ဖွားမြင်သည်ကစ၍ မိဘချစ်ရ၊ ဆွေမျိုးညာတိချစ်ရနှင့် ချစ်လက်စ တီထွင်ကာ အတော်ကြာလျှင် ကစားဖော်ချင်း ချစ်ရမိတ်ဆွေချင်းချစ်ရ စသည်ဖြင့် ဝမ်းတွင်းပါ ဓမ္မတာတရားက အချစ်ကို လမ်းပြနေသောကြောင့် ရေငတ်တော်ရှိ၍ ဆားငန်ရေကို သောက်လိုက်ရာ သောက်ပြီးခါမှ သာ၍ငတ်၊ ငတ်သည့်အတွက်ထပ်သောက်၊ သောက်လေ ငတ်လေ ဖြစ်သကဲ့သို့ ကာမဂုဏ် အာရုံတွေကို ငတ်ငတ်ရှိ၍ လိုက်စားကာမှ သာ၍ငတ်ပြီးလျှင် အပြစ်မမြင်နိုင်ဘဲ ချစ်ပင်လယ် ထဲ၌ ရစ်ဝဲ၍ နေကြရတော့သည်။

လောဘသည် ကုသိုလ်အထောက်အပံ့မရဘဲ သူ့ချည်းသက်သက် စဉ်စားလျှင် သေးငယ်သော်လည်း အပါယ်ချနိုင်သည်။ ဥပမာ၊ ကျောက်ခဲမှန်လျှင် သေးငယ်သော်လည်း ရေမှာ နစ်သကဲ့သို့တည်း။ ထို့ကြောင့် စုတေခါနီး၌ သမီး၊ ခင်ပွန်း အပေါ်စွဲလန်းမှု၊ သမီးသားနှင့် စီးပွားဥစ္စာ တစ်စုံတစ်ရာကို စွဲလန်းမှုကြောင့် ပြိတ္တာ ဖြစ်ရသူတွေ များလေသည်။

ထိုကဲ့သို့ ပြိတ္တာဘဝနှင့် အသူရကာယ်ဘဝကို ဖြစ်စေရာ၌ လောဘအကုသိုလ် အစဉ် အတိုင်းလောဘ နံပတ် (၁) က အကျိုးပေး ပိုမိုထက်သန်လေသည်။ ဒါနမဖက် လောဘ သက် သက်ဖြင့် ဘဝကို ဖြတ်သန်းပါက ပိုမို ဆင်းရဲအောင်ဖန်တီးနေသည်နှင့် တူလှပေသည်။ လောဘ မရှိဘဲလည်း ဘဝကို ဖြတ်သန်း၍ မရနိုင်သောကြောင့် အသိကို ဖန်တီးပေးနိုင်သော အဘိဓမ္မာအသိကို ရရှိထားပါကလောဘ (၁)မှသည် လောဘ (၈) သို့ပြောင်းလဲသွားနိုင်ကြောင်း သိသင့်ပေသည်။

## အလောင်းတော်တို့ ပါရမီဖြည့်ရန် အတူဖြစ်ဖို့ဆုတောင်းရာ၌ လောဘမမည်

သမီးခင်ပွန်းတို့ စိတ်တူသဘောတူ ဖြစ်ကြသောအခါ တစ်ယောက်ကို တစ်ယောက် မခွဲလိုကြ။ သံသရာဝယ် ပါရမီဖြည့်ကာ နိဗ္ဗာန်ရလိုကြ၏။ အလောင်းတော် သုမေဓာဘဝ၌ ယသော်ဓရာအလောင်း သုမိတ္တာမည်သော အမျိုးကောင်းသမီးလေးသည် ဘုရားလောင်းနှင့် မကွဲမကွာ ဖြစ်ရလိုကြောင်း ဆုတောင်းခဲ့၏။ ရှင်မဟာကဿပနှင့် မယ်ဘဒ္ဒါအလောင်းလည်း ကမ္ဘာပေါင်း များစွာဝယ် ပါရမီကို အတူဖြည့်ခဲ့ကြ၏။ ဤအရှင်တို့ကား စင်စစ် သူတော်ကောင်း များ ဖြစ်ကြသည်။ သူတော်ကောင်းနှင့် အဆင့်ဆင့်

ပေါင်းလိုခြင်းမှာ တမင်တကာ ဆုတောင်းရသော ကုသိုလ်ဆန္ဒကောင်းပေတည်း။ ထိုအရှင်တို့သည် ပါရမီကိုကြိုးစားနေသော သီလရှိသူ များလည်းဖြစ်ကြသည်။

စာပေ၌ သီလရှိသူမှာတောင်းတတိုင်းပြည့်စုံနိုင်သည်။ ဆန္ဒရှိလျှင် ဘယ်အရာမဆို ပြီးစီးနိုင်သည်ဟုအဆိုရှိ၏။ ထို့ကြောင့် ထိုအရှင်တို့၌ တစ်ယောက်နှင့်တစ်ယောက် မကွဲကွာအောင် တွယ်တာသော တဏှာပေမ ရှိကြမည် ဖြစ်သော်လည်း ကြီးမားသော ကုသိုလ်ဆန္ဒကြောင့် အလောင်းအလျာတို့ အလိုကျအောင် ပြုသမျှကုသိုလ်တွေက တွဲဖက်၍ စီမံသဖြင့် ဥမကွဲသိုက်မကွာ ပါရမီဖြည့်ဖက်များ ဖြစ်ကြရသည်။ ယခုခေတ် အသိမပါဘဲ တဏှာပေမကြောင့်သာ ဥမကွဲသိုက်မကွာ ဘဝတိုင်းဖြစ်ရပါလို၏ဟု တောင်းဆုပြုနေသူများ အတွက်ကား စဉ်းစားဘွယ်ရာသာတည်း။ ကောင်းဖို့ထက် ဆိုးဖို့က ပိုများသည်ကို အထူး သတိချပ်သင့်လှ ပေသည်။

## ဒေါသမူစိတ် (၂) ပါး
## ကိုယ်စိတ်နှစ်ပါးကို ဖျက်ဆီးတတ်သောကြောင့် ဒေါသမည်၏။

၁။ တိုက်တွန်းသူမရှိပဲ ဒေါသဖြစ်ခြင်း
၂ တိုက်တွန်းသူကြောင့် ဒေါသဖြစ်ခြင်း

## ( ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါရိကမေကံ သသင်္ခါရိကမေကံ)
## ပဋိဃသမ္ပယုတ္တံ

ဒေါသစေတသိက်ကို ပဋိဃ ဟုခေါ်၏။ ယှဉ်ဖက်တရားများကို ဖျက်ဆီးခြင်းတည်း။ ဒေါသနှင့်ယှဉ်သော တရားများသည် လူမိုက်နှင့် ပေါင်းမိသူများကဲ့သို့ ဒေါသအလိုလိုက်၍ ကြမ်းတမ်းပျက်စီးရ၏။ ထို့ကြောင့် ဒေါသသည် ယှက်ဖက်တရားများကို ဖျက်ဆီးရာ ရောက်သည် ဟု မှတ်ပါ။

## ဝေဒနာအပြားမရှိသော်လည်း ဒေါမနဿသဟဂတံဟု ဝိသေသနကူမရကျိုး

လောဘမူစိတ်ကဲ့သို့ ဝေဒနာအပြား မရှိသော်လည်း တစ်ပါးသောစိတ်တို့နှင့် မဆက်ဆံသော ဒေါမနဿဝေဒနာဖြင့် စိတ်ကို မှတ်သားခြင်းငှါ ဒေါမနဿသဟဂတံ ဟု ဝိသေသန ကူမ ရသည်။

မိမိအလိုလို အလိုမကျ၍ဖြစ်စေ၊ သူတစ်ပါးကို အလိုမကျ၍ဖြစ်စေ အလိုလိုပေါ်လာသော ဒေါသကို တိုက်တွန်းသူ မရှိဘဲဖြစ်သော အသင်္ခါရိကဒေါသ ဟုခေါ်၍၊ မိမိနှင့်

အကျွမ်း ဝင်သူ ခင်မင်ရင်းနှီးသူတို့က ပြောလာသော တဆင့်စကားကြောင့် ဖြစ်ရသော ဒေါသကို သသဏ်ီ ရိက ဒေါသဟုခေါ်သည်။

## ဒေါသနှင့် ပဋိဃအထူး

ဒေါမနဿသည် အနိဋ္ဌာရုံကိုခံစားခြင်း လက္ခဏာရှိ၍ ဝေဒနက္ခန္ဓာ၌ အကျုံးဝင်၏။ ပဋိဃကား ခက်ထန်ကြမ်းတမ်းခြင်း လက္ခဏာရှိ၍ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်၏။ ဤသို့ လက္ခဏာ အားဖြင့်လည်းကောင်း၊ ခန္ဓာအားဖြင့် လည်းကောင်း ကွဲပြားကြသည်။

## ဒေါသဖြစ်ခြင်း အကြောင်းများ

၁။ ဒေါသဓာတ်ခံ ပါလာသူဖြစ်ခြင်း၊ ၂။ စိတ်သဘောထား သေးနုပ်သူဖြစ်ခြင်း၊
၃။အကြားအမြင် ဗဟုသုတနည်းပါးခြင်း၊ ၄။ အနိဋ္ဌာရုံနှင့် တွေ့ကြုံရခြင်းတို့တည်း။

## ဒေါသမူစိတ်ဖြစ်ပုံ

ပါဏာတိပါတအမှုသည် ဒေါသမူစိတ်ဖြင့် ဖြစ်၏။ ထို့ကြောင့် တိုက်တွန်းမှု သင်္ခါရ မပါဘဲ အားတက်သရော သတ်ဖြတ်ရာ၌ ပဌမ ဒေါသမူစိတ်ဖြစ်၏။ တိုက်တွန်းသည့် အတွက် အားတက်သရောမရှိ။ မသတ်ချင့်သတ်ချင် သတ်ရာ၌ ဒုတိယစိတ်ဖြစ်၏။ အသေ မသတ်ဘဲ ညှင်းဆဲရုံ ညှင်းဆဲရာ၌လည်း ဤနည်းပင်တည်း။

ကြမ်းတမ်းသော သဘောသာ ဒေါသမည်သည်မဟုတ် ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း၊ စိတ်ပင်ပန်းနေခြင်း၊ စိတ်ထဲအလိုမကျဖြစ်ခြင်း စသော စိတ်အမူအရာ၊ ကိုယ်အမူအရာ အားလုံးသည် ဒေါသပင်တည်း။ ထို့အပြင် ဒေါသ၏ ဆိုးကျိုးများကား အမြောက်အမြားပင်။ အသက်ရှင်သန်စဉ်ကာလ ဒေါသ၊ အာဃာတ၊ သောက၊ ပရိဒေဝစသည်တို့ကို စိတ်ထဲ မွေးမြူထားပါက အိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ အသားအရေခြောက်ခန်းခြင်း၊ အသက်တိုခြင်း စသော အကျိုးများကို ခံစားရမည်ဖြစ်သကဲ့သို့ သေပြီးသည့်နောက်၌ လည်း ဒေါသ၊ အာဃာတတို့ အတိမ်၊ အနက်အလိုက် ငရဲရောက်ရမည်မှာကတော့ အသေအချာပင်။

### *မောဟမူစိတ် (၂) ပါး*

၁။ ဝိစိကိစ္ဆာ (ရတနာသုံးပါးနှင့် ကံတရားစသည့် ကုသိုလ်ရေး၌ ယုံမှား သံသယဖြစ်ခြင်း)
၂။ ဥဒ္ဓစ္စ ( စိတ်ပျံ့လွင့်ခြင်း)

## ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာသမ္ပယုတ္တမေကံ၊ ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တမေကံ မောဟမူစိတ် ဥပေက္ခာနှင့်ယှဉ်ရကြောင်း

မောဟမူစိတ်သည် အာရုံ၌ ကောင်းစွာမတည် အလီလီမှားတတ်သော ဝိစိကိစ္ဆာ ပျံ့လွင့်တတ်သော ဥဒ္ဓစ္စနှင့် ယှဉ်ရကား အာရုံ၌တည်တံ့စွာ ယူရသလောက် အရသာ ပေါ်ပေါက် အောင် မခံစားနိုင်၊ ဥပမာ= ပြေးရင်းလွှားရင်း နှင့် စားရသောအဟာရ၌ ငြိမ်သက်စွာ စားရသ လောက် အရသာ မပေါ်ပေါက်သကဲ့သို့တည်း။ ထိုသို့ အကောင်း အဆိုး အာရုံ၏ အရသာ နှစ်မျိုးကို ထင်ရှားအောင် မခံစားနိုင်ရကား သင့်ရုံတော်ရုံ ခံစား တတ်သော ဥပေက္ခာဝေဒနာနှင့် ယှဉ်ရလေသည်။

## ဥဒ္ဓစ္စသမ္ပယုတ္တံ ဟု ဆိုရကြောင်း

ဥဒ္ဓစ္စသည် အကုသိုလ်စိတ်အားလုံး၌ ယှဉ်သော်လည်း ရှေ့အကုသိုလ်စိတ်များ၌ သတ္တိ မထင်ရှားဘဲ နောက်လိုက်ငယ်သား အားဖြင့်သာ ယှဉ်ခဲ့ရ၏။ ဤနောက်ဆုံး အကုသိုလ်စိတ် ၌ ကား မိမိထက် သတ္တိထက်သော စေတသိက်များ မယှဉ်ရကား ဥဒ္ဓစ္စသည် သတ္တိထင်ရှားလျက် ပဓာနခေါင်းဆောင်အနေအားဖြင့် ယှဉ်သည်။ ထို့ကြောင့် ဝိသေသနပြုလျှက် ဥဒ္ဓစ္စသမ္ပယုတ္တံဟု ဆိုရပေသည်။

## မောဟ (၂)မျိုး

မသိတတ်ခြင်းသဘောသည် မောဟတည်း။ ၎င်း မောဟသည် အနုသယမောဟ နှင့် ပရိယုဋ္ဌာနမောဟ ဟုနှစ်မျိုးရှိ၏။ သတ္တဝါတို့သန္တာန်တွင် အစဉ်တစိုက်လိုက်နေသော မောဟ သည် အနုသယမောဟမည်၏။ တရံတခါ စိတ်နှင့်တွဲဖက်၍ ဖြစ်ပေါ်လာသော မောဟသည် ပရိယုဋ္ဌာနမောဟ မည်၏။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် တိုင်အောင် ထိုအနုသယမောဟ ဓာတ်မှာ ပါးရုံသာ ရှိသေး၏။ ရဟန္တာဖြစ်ပါမှ ထိုအနုသယဓာတ်ကုန်လေသည်။ ထို့ကြောင့် ရဟန္တာ မဖြစ်သေးသမျှ ကုသိုလ်ပြုနေတုန်း၌လည်း အနုသယမောဟ ဓာတ်မှာ ငြိမ်သက်ကိန်းဝပ် လျက် ရှိသေးသည်သာ။

စိတ်နှင့်တွဲဖက်၍ ပရိယုဋ္ဌာနမောဟ ထကြွလာသောအခါ အကုသိုလ်စိတ် ဖြစ် နေပြီဟု ဆိုရပေမည်။ ထိုမောဟ၏ ဖုံးကွယ်မှုကြောင့် အကုသိုလ်၏ နောင်ရေးနောင်တာ ခံရမည့် အရေးကိုလည်း မသိကြရ။ ယခုလောလောဆယ် ယုတ်မာညစ်ညမ်းမှုကိုလည်း

မသိရ။ ထို့ကြောင့် မောဟဖြစ်ပေါ်လာသောအခါ နဂိုက ပညာရှိသူတော်စင်ပင်ဖြစ်သော်လည်း အပြစ်ကို မမြင်ဘဲ အကုသိုလ်အမှု ပြုလေသည်။

မောဟ မသိမှုအလိုက် အပြစ်ကိုကျူးလွန်ပြီးနောက် နောက်ဘဝတွင် အကျိုးပေးပါက အပါယ်လေးဘုံတွင် အပါအဝင်ဖြစ်သော တိရစ္ဆာန်ဘုံ၌ ဖြစ်ရပေသည်။ တိရစ္ဆာန် ဘုံကား အထွေအထူး တွေးတောစရာမရှိ၊ မေထုန် မှီဝဲခြင်း၊ အိပ်ခြင်းနှင့် စားခြင်း သုံးမျိုးတို့ကိုသာ တစ်နေ့တစ်မျိုး မရိုးရလေအောင် လုပ်လျက် ဘဝကိုဖြတ်သန်းရသည်သာ။ လူ့ဘဝ အသက်ရှင်သန်စဉ်ကာလ ကာမဂုဏ်အတွက်သာ စဉ်းစား၍ ဘဝအတွက် မစဉ်းစားခဲ့သော အကျိုးဆက်ပေတည်း။

## လောဘ (၈) ပါး ဒေါသ (၂) ပါး မောဟ (၂) ပါး ပေါင်း အကုသိုလ်စိတ် (၁၂)ပါး
## အကုသိုလ်စိတ် (၁၂)ပါးကို အစဉ်အတိုင်းပြရကြောင်း

ထိုထိုဘုံတို့တွင် ယူအပ်ပြီးသော ပဋိသန္ဓေရှိသော သတ္တဝါအား ဝီထိစိတ်၏အစွမ်းဖြင့် ဘဝကိုတပ်မက်တတ်သော လောဘမူစိတ်သာ ရှေးဦးစွာဖြစ်သောကြောင့် လောဘကို ရှေးဦးစွာပြသည်။ ဒွိဟိတ်စိတ်၏ အဖြစ်ဖြင့်တူသော သဘောရှိသောကြောင့် လောဘမူစိတ်နောင် ဒေါသမူစိတ်ကိုပြသည်။ ဧကဟိတ်စိတ်ကို ပြလိုသောကြောင့် ဒေါသနောင် မောဟ ကို ပြသည်။

## အဟိတ်စိတ် (၁၈) ပါး

လောဘ၊ ဒေါသ၊ မောဟတည်းဟူသော မကောင်းသောဟိတ်နှင့် မယှဉ်ရုံသာမက အလောဘ၊ အဒေါသ၊ အမောဟ တည်းဟူသော ကောင်းသောအကြောင်းတို့နှင့်လည်း အတူတကွ မဖြစ်သောကြောင့် အဟိတ်-လောဘစသော အကြောင်းကင်းသောစိတ် ဟု ခေါ်သည်။

### *အဟိတ်အကုသလဝိပါက်စိတ် (၇) ပါး*

***ဤ စက္ခုဝိညာဏ်စသောစိတ်များသည် လောဘစသောဟိတ်ကင်းလျက် (အဟိတ်) မကောင်းသော (အကုသ လ) အကျိုးကြောင့် (ဝိပါက်) မြင်မှု၊ကြားမှုစသည်ဖြစ်ရသည့်အတွက် အဟိတ် အကုသလ ဝိပါက်မည်၏။***

၁။ ဥပေက္ခာနှင့်တကွဖြစ်သော စက္ခုဝိညာဏ်စိတ်
၂။ ဥပေက္ခာနှင့်တကွဖြစ်သော သောတဝိညာဏ်စိတ်
၃။ ဥပေက္ခာနှင့်တကွဖြစ်သော ဃာနဝိညာဏ်စိတ်

၄။ ဥပေက္ခာနှင့်တကွဖြစ်သော ဇိဝှါဝိညာဏ်စိတ်
၅။ ဒုက္ခနှင့်တကွဖြစ်သော ကာယဝိညာဏ်စိတ်
၆။ ဥပေက္ခာနှင့်တကွဖြစ်သော လက်ခံတတ်သောစိတ် (သမ္ပဋိစ္ဆနစိတ်)
၇။ ဥပေက္ခာနှင့်တကွဖြစ်သော စုံစမ်းတတ်သောစိတ် (သန္တီရဏစိတ်)

## အဟိတ်အကုသလဝိပါက်စိတ် (၇)ပါးရှင်းလင်းချက်

မျက်စိစသော အင်္ဂါအစိပ်အပိုင်း ပြည့်စုံသော သတ္တဝါတို့သည် စက္ခုဒွါရနှင့် ရူပါရုံ တို့ တွေ့ဆုံရာအခါ၌ လောဘ စသော မည်သည့် အကြောင်းကြောင့်မှ မြင်စိတ်ဖြစ်ရသည် မဟုတ်ဘဲ ဒွါရနှင့် အာရုံတို့ ထိခိုက်ခြင်းကြောင့်သာ မြင်စိတ်စသော စိတ်များ ဖြစ်ပေါ်လာရ သောကြောင့် **ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ**ဟု မိန့်ဆိုရသည်။ မှန်၏။ မျက်စိ၌ အကောင်း နှင့် အဆိုးဆိုတာမရှိ ရူပါရုံတို့ စက္ခုစသောဒွါရ၌ ထင်လာလျှင် စက္ခုဝိညာဏ် စသော စိတ်များ ကေန်ဖြစ်ရတော့သည်။ ဒါကိုပင် စိတ္တနိယာမဟုခေါ်ရသည်။

အကောင်းအဆိုးကို စွဲလန်းခြင်းကား မျက်စိကြောင့် တိုက်ရိုက် ဖြစ်သည်မဟုတ်၊ မျက်စိ-စက္ခုပသာဒက ရူပါရုံ-အဆင်းကို မြင်သောအခါ စက္ခုဒွါရဝီထိ၌ပါဝင်သော ဇော ကြောင့်သာ ဖြစ်ရသည်။ ၎င်းဇောက လောဘဇောဖြစ်လျှင် စွဲလန်းခြင်း ဖြစ်ရသလို ဒေါသ ဇောဖြစ်လျှင် မကျေနပ်ခြင်းများ ဖြစ်ပေါ်ရလေသည်။ ထို့အပြင် ကြည်ညိုစရာစသော ကောင်းသောအာရုံများ ဖြစ်ပါမူ ကုသိုလ်ဇောများဖြစ်ရပြန်သည်။ ရူပါရုံ အဆင်းစသော အာရုံများကို မြင်ဖို့၊ ကြားဖို့ရန် အာရုံကို လက်ခံပေးရမည့် စိတ်တစ်ခု ဖြစ်ကိုဖြစ်ရမည်။ ထိုစိတ်ကား **သမ္ပဋိစ္ဆိုန်းစိတ်တည်း**။ လက်ခံထားသော အာရုံကို အကောင်းအဆိုး၊ အဖြူ အမည်း စသည်ဖြင့် အဖြေထွက်လာစေရန် အာရုံကို စုံစမ်းရပေသေးသည်။ ထိုစိတ်ကား **သန္တီရဏစိတ်တည်း**။

အမြင်အာရုံနှင့်ပတ်သက်၍အာရုံကိုအဖြေထုတ်ရန်လက်ခံရမည့်စိတ်(သမ္ပဋိစ္ဆိုန်း) စုံစမ်းရမည့်စိတ်များ ပါဝင်လေသောကြောင့် အကုသလဝိပါက်စိတ် (၇)ပါးဖြစ်လာရသည်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ အာရုံငါးပါးကို လက်ခံပြီးနောက် စုံစမ်းသည့်စိတ်ပါ ဖြစ်ရသော ကြောင့် (၇)ပါး ဖြစ်ရသည်ဟူလို။ ထိုအာရုံငါးပါးတို့တွင် မြင်စိတ်၊ ကြားစိတ်၊ နံသိစိတ် နှင့် အရသာသိစိတ် တို့ကား ဥပေက္ခာသဟဂုတ်များဖြစ်၍ ထိသိစိတ် ကာယဝိညာဏ်ကား မကောင်းသောအာရုံ အထိအတွေ့ကို လက်စသော ကိုယ်ဖြင့် ထိတွေ့နိုင်သောကြောင့် ဒုက္ခဟဂုတ် ကာယဝိညာဏ် ဖြစ်ရသည်။ ထို့ကြောင့် ဒုက္ခသဟဂတံ ကာယဝိညာဏံ ဟု ဆိုရသည်။

**မှတ်ချက်။ ။** အဟိတ်ကုသလဝိပါက် (၈) ပါးတို့ကိုလည်း အဟိတ် အကုသလဝိပါက်စိတ်ကို နည်းတူယူ၍မှတ်လေ။ အာရုံကောင်းနှင့် တွေ့ရသည့်အတွက် ကြုံတွေ့လာရသော အာရုံကို ဝမ်းမြောက်ပျော်ရွှင်စွာ စုံစမ်းတတ်သောကြောင့် **သောမနဿသန္တီရဏ-** ဝမ်းမြောက်စွာ စုံစမ်းခြင်းစိတ် တစ်ခုတိုးလျက် အဟိတ်ကုသလဝိပါက် စိတ် (၈)ပါးဖြစ်ခြင်းနှင့် ကာယဝိညာဏ်စိတ် ဖြစ်ရာ၌ ကောင်းသောအာရုံကိုတွေ့ကြုံရသောကြောင့် **သုခသဟဂုဏ် ကာယဝိညာဏ်** ဟုရေတွက်ရုံသာထူးသည်။

## *အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး*

၁။ ဥပေက္ခာနှင့်တကွဖြစ်သော စက္ခုဝိညာဏ်စိတ်
၂။ ဥပေက္ခာနှင့်တကွဖြစ်သော သောတဝိညာဏ်စိတ်
၃။ ဥပေက္ခာနှင့်တကွဖြစ်သော ဃာနဝိညာဏ်စိတ်
၄။ ဥပေက္ခာနှင့်တကွဖြစ်သော ဇိဝှါဝိညာဏ်စိတ်
၅။ သုခကြောင့်ဖြစ်သော ကာယဝိညာဏ်စိတ်
၆။ ဥပေက္ခာနှင့်တကွဖြစ်သော လက်ခံတတ်သောစိတ် (သမ္ပဋိစ္ဆနစိတ်)
၇။ သောမနဿနှင့်တကွဖြစ်သော စုံစမ်းတတ်သောစိတ် (သန္တီရဏစိတ်)
၈။ ဥပေက္ခာနှင့်တကွဖြစ်သော စုံစမ်းတတ်သောစိတ် (သန္တီရဏစိတ်)

## အဟေတုကသဒ္ဒါထည့်ရကျိုး

အကုသလဝိပါက်သည် အဟိတ်တစ်မျိုးသာရှိရကား အဟိတ် လေလား၊ သဟိတ် လေ လား ဟု ယုံမှားဖွယ်မရှိ သောကြောင့် အကုသလဝိပါက်၏အဆုံး၌ အဟေတုကသဒ္ဒါ မထည့် ဘဲ အကုသလဝိပါကစိတ္တာနိနာမဟု ဆိုခဲ့သည်။ ကုသလဝိပါက်စိတ်ကား နောက်၌ မဟာဝိ ပါက်၊ ရူပဝိပါက်၊ အရူပဝိပါက်၊ လောကုတ္တရာဝိပါက်ဟု သဟိတ် ဝိပါက်တွေ ရှိသေးသော ကြောင့် ဤကုသလဝိပါက်သည် အဟိတ်လေလား၊ သဟိတ်လေလားဟု ယုံမှားဘွယ်ရှိရကား သဟိတ်ဝိပါက်ကို တားမြစ်ဖို့ရာ ဤ ကုသလဝိပါက် အဆုံး၌ အဟေတုကသဒ္ဒါထည့်၍ ကုသလ ဝိပါကာ ဟေတုကစိတ္တာနိနာမ ဟုဆိုရသည်။

## အဟိတ်စိတ်လာ ကာယဝိညာဏ် (၂)ခုတို့၏ထူးခြားချက်

၁။ အကုသလဝိပါက် ကာယဝိညာဏ်၊ အဟိတ်ကုသလဝိပါက် ကာယဝိညာဏ် ဟူ၍ ဝိပါက် အမျိုးအစားအား ဖြင့်လည်းကောင်း။

၂။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ သုခသဟဂုတ် ကာယဝိညာဏ် ဟူ၍ ဝေဒနာ အမျိုးအစား အားဖြင့်လည်းကောင်း ထူးခြားသည်။

## *အဟိတ်ကြိယာစိတ် (၃) ပါး*

၁။ ဥပေက္ခာကြောင့်ဖြစ်သောအာရုံငါးကိုဆင်ခြင်တတ်သောစိတ် (ပဉ္စဒွါရာဝဇ္ဇန်း)
၂။ ဥပေက္ခာကြောင့်ဖြစ်သော စိတ်ကိုဆင်ခြင်တတ်သောစိတ် (မနောဒွါရာဝဇ္ဇန်း)
၃။ သောမနဿကြောင့်ဖြစ်သော ပြုံးရယ်မှုစိတ် (ဟသိတုပ္ပါဒ်စိတ်)

သဟိတ်ဖြစ်သော ကာမကြိယာ၊ ရူပကြိယာ၊ အရူပကြိယာတို့ကို တားမြစ်လို၍ ဝိသေသန= စကားအထူးထည့်ကာ အဟိတ်ကြိယာဟု ဆိုရသည်။

## အဟိတ်ကြိယာစိတ်ရှင်းလင်းချက်

အဟိတ်ကြိယာစိတ် သုံးပါးတို့တွင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရူပါရုံစသော အာရုံငါးပါးကို ဆင်ခြင်ပေး (ဖွင့်ပေး) တတ်သောစိတ်တည်း။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်မဖြစ်ဘဲ စက္ခုစသော မြင်စိတ် ဖြစ်ရိုးထုံးစံမရှိပေ။ ထို့အတူ အတွေးစသော စိတ်များဖြစ်ရာ၌လည်း မနောဒွါရာဝဇ္ဇန်း (စိတ်ကိုဖွင့်ပေးသောစိတ်) မရှိဘဲ အတွေးဖြစ်ရိုးထုံးစံမရှိ။ ထို့ကြောင့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရဝီထိဖြစ်ရန် ရုပ်တံခါးတစ်ခုဖြစ်သကဲ့သို့ မနောဒွါရာဝဇ္ဇန်းသည်လည်း မနောဒွါရဝီထိ ဖြစ်ရန် စိတ်တံခါး တစ်ခုပင်ဖြစ်ပေသတည်း။ ဟသိတုပ္ပါဒ်စိတ်ကား ဘုရား၊ ရဟန္တာများ ရယ်ရွှင်သောအခါဖြစ်သောစိတ်တည်း။ သာမန်အရိယာနှင့် ပုထုဇဉ်တို့၌ မဖြစ်နိုင်သောစိတ် ဖြစ်သည်။

## ကြိယာစိတ်များ ပုထုဇဉ်တို့၌လည်းဖြစ်နိုင်ကြောင်း

အထူးအားဖြင့် ကြိယာစိတ်များသည် အကြောင်းအကျိုး ကင်းလွတ်ပြီး ဖြစ်သောကြောင့်ကိလေသာကင်းပြီးသောဘုရား၊ရဟန္တာတို့၌သာ ဖြစ်နိုင်သော်လည်း ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့ကား မြင်ခြင်းစသော ရုပ်ဝီထိ (ပဉ္စဒွါရဝီထိ) များနှင့် တွေးခြင်းစသော မနောဒွါရဝီထိဖြစ်ဖို့ရန် မရှိမဖြစ်လိုအပ်သော စိတ်များဖြစ်ရကား ထိုစိတ်များသည် ပုထုဇဉ်တို့ သန္တာန်၌လည်း ဖြစ်နိုင်သောကြောင့် ပုထုဇဉ်တို့၌ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်ကြိယာ (၂ )ပါး ဖြစ်နိုင်သေးသည်။

## ကာမာဝစရသောဘနစိတ် (၂၄) ပါး

***ကိလေသာအပြစ်ကင်း သန့်ရှင်းစင်ကြယ်သောကြောင့် သောဘနမည်၏။***

***ကာမာဝစရကုသိုလ်စိတ် (၈) ပါး (မဟာကုသိုလ်)***

| | | | |
|---|---|---|---|
| ၁ | စိတ်ပါ<br>(သောမနဿ သဟဂုတ်) | ဉာဏ်ယှဉ်<br>(ဉာဏသမ္ပယုတ်) | သူများမနိုင်း<br>(အသင်္ခါရိက) |
| ၂ | စိတ်ပါ | ဉာဏ်ယှဉ် | နိုင်း |
| ၃ | စိတ်ပါ | ဉာဏ်မယှဉ် | မနိုင်း |
| ၄ | စိတ်ပါ<br>(သောမနဿ သဟဂုတ်) | ဉာဏ်မယှဉ်<br>(ဉာဏဝိပ္ပယုတ်) | နိုင်း<br>(သသင်္ခါရိက) |
| ၅ | စိတ်မပါ<br>(ဥပေက္ခာ သဟဂုတ်) | ဉာဏ်ယှဉ်<br>(ဉာဏသမ္ပယုတ်) | မနိုင်း<br>(အသင်္ခါရိက) |
| ၆ | စိတ်မပါ | ဉာဏ်ယှဉ် | နိုင်း |
| ၇ | စိတ်မပါ | ဉာဏ်မယှဉ် | မနိုင်း |
| ၈ | စိတ်မပါ<br>(ဥပေက္ခာ သဟဂုတ်) | ဉာဏ်မယှဉ်<br>(ဉာဏဝိပ္ပယုတ်) | နိုင်း<br>(သသင်္ခါရိက) |

**အထူးမှာကြားချက်။ ။ အကုသိုလ်စိတ် (၁၂) ပါးတို့တွင်ပါဝင်သော လောဘမူစိတ် (၈)ပါးကို ကောင်းမွန်ကျေပွန်စွာလေ့လာခဲ့ပါက ကာမသောဘနစိတ်များကိုလည်း လွယ်ကူစွာ မှတ်မိပါလိမ့်မည်။ ဒိဋ္ဌိ နေရာတွင် ဉာဏ်ကို အစားထိုးရုံသာ ထူးခြားသည်။**

မဟာကုသိုလ်စိတ် (၈)ပါးတို့ကို သောမနဿ၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက စသည် အားဖြင့် (၈) ပါးအားဖြင့် ရေတွက်ရပုံကို လောဘမူစိတ် (၈)ပါး တို့၌ပြခဲ့သကဲ့သို့ ရေတွက်ရန်။

### ဉာဏသမ္ပယုတ် ရှင်းလင်းချက်

ဉာဏ်ယှဉ်လျက် ကုသိုလ်ပြုလုပ်ရာ၌ ကံ (အကျိုး)ကိုသာကြည့်ကာ ကုသိုလ်ပြုလုပ်မှု၊ ကံ (အကျိုး) ကိုသိသည့် အပြင် မိမိဘာလုပ်နေသည် အကြောင်းတရားသိလျက် ကုသိုလ် ပြုလုပ်မှုနှင့် အကြောင်းအကျိုးသည် သံသရာ၌ ကျင်လည်စေသည့်အတွက် အကြောင်းအကျိုးလွတ်ရာ နိဗ္ဗာန်ကို ရည်မှန်းလျက် ကုသိုလ်ပြုလုပ်မှု ဟု သုံးမျိုးသုံးစား ရှိ

သည်။ အကျိုးပေးပါကလည်း မိမိတို့ ပြုလုပ်ကြံစည် သိခဲ့သည့်အတိုင်းသာ အကျိုးပေးသည်။

ကံ (အကျိုး) ကိုကြည့်ကာ ကုသိုလ်ပြုလုပ်၍ဟူသည် မိမိတို့ ဒါနလုပ်သည့်အခါ ဘာကြောင့် ဒါနပြုလုပ်ရသည်ဟု အကြောင်းကို မတွေးမိဘဲ ဘဝတိုင်းချမ်းသာလိုမှု၊ သံသရာတွင် ကျင်လည်ရပါက ဆင်းရဲမှာကို စိုးကြောက်မှု၊ နတ်ပြည်ရောက်လိုမှု စသော ကံအကျိုးကိုသာ မျှော်ကိုးလျက် ကုသိုလ်လုပ်သည်ကို ဆိုလိုသည်။ ကံကိုသာ မျှော်ကိုးလျက် ကုသိုလ်ပြုလုပ်ခဲ့ပါက နောက်နောင်ဘဝများ၌ အကြောင်းတိုက်ဆိုင်၍ အကျိုးပေးပါက အကျိုးကိုသာ ခံစားလျှက် မာနတက်ခြင်း၊ ကံအကြောင်းကြောင့် အကျိုးရသည်ဟု မတွေးတော့ဘဲ ပစ္စုပ္ပန် ဝီရိယ အားထုတ်မှု သက်သက်ကိုသာယုံကြည်ခြင်း၊ ကံအကြောင်းကြောင့်ရရှိခဲ့သည့် အကျိုးတရားကို အလွဲသုံးစားပြုလုပ်ကာ နောက်ဘဝအတွက် ကောင်းမှုမလုပ်ဘဲ ဘဝကိုဖြုတ်သန်းသူ ဖြစ်လာရ တတ်ပေသည်။ အဘယ်ကြောင့်ဆိုသော်ကုသိုလ်ပြုလုပ်စဉ်အခါက အကျိုးကိုသာမျှော်လင့်လျက် လုပ်ခဲ့သောကြောင့်တည်း။

အကျိုးကို ခံစားသည့်အခါ အကြောင်းကြောင့် ဖြစ်လာရသည်ဟု မတွေးမိတော့ဘဲ တစ်ဘဝစာအတွက် လုပ်ခဲ့သည်နှင့်တူသောကြောင့် နောက်ဘဝအတွက် ကောင်းမှုပြုလုပ်ရန် မတွေးမိဘဲ ဖြစ်တတ်လေသည်။ ထိုကံအကျိုးကို ယုံကြည်ခြင်းသည် မယုံသည်နှင့်စာလျှင် ကောင်းသည်ဟု ဆိုနိုင်သော်လည်း သံသရာဝဋ်မှ ကျွတ်လွတ်ဖို့အတွက် မဖြစ်နိုင်သောကြောင့် ကောင်းမြတ်သော ဉာဏ်ဟုမဆိုသင့်ပေ။ ထို့အပြင် အကြောင်းကိုသိလျက်ပြုလုပ်သောဉာဏ်ကား မိမိ ဘာလုပ်နေသည်ကို ကောင်းကောင်းသိသော ဉာဏ်တည်း။

ဥပမာ။ မိမိက သံဃာများကို ဆွမ်းကပ်နေပါက ဆွမ်းကပ်ခြင်းကြောင့် ရလာနိုင်သည့် အကျိုးတရားကို သိနေသည့်အပြင် မိမိလုပ်နေသောအလုပ်ကား အကြောင်းတရားဖြစ်လေသောကြောင့် ကောင်းကြောင်းလုပ်က ကောင်းကျိုးရမည်ဟု ကောင်းကောင်းသိနေသည့်အတွက် အကျိုးကို မမျှော်မှန်းဘဲ အလှူခံများစိတ်ချမ်းသာရေး၊ အဆင်ပြေရေးကိုသာကြည့်လျက် လှူဒါန်းခြင်းတည်း။ သို့သော် အလှူရှင်က ဒုက္ခမှလွတ်လိုသည့် စိတ်ဆန္ဒမရှိသလို၊ လွတ် ရာလွတ်ကြောင်းကိုလည်း မတမ်းတလေသောကြောင့် ဘဝ၌ပြည့်စုံမှု၊ အေးချမ်းမှုများကို သူမတူအောင်ရသည့်အပြင် ရောက်ရာဘဝတိုင်း၌လည်း သဒ္ဓါတရားအားကောင်းကာ ကုသိုလ် ကောင်းမှုများကို ပြုလုပ်သူများ ဖြစ်နိုင်ပေသည်။

တရားအားထုတ်ဖို့၊ သံသရာမှလွတ်ရာကို လုပ်ဖို့ဆိုလျှင်တော့ တွန့်ဆုတ် နေဦးမည့်သူတည်း။ ထိုသူကိုလည်း ကံသက်သက်ယုံပြီး ကုသိုလ်ပြုလုပ်သူနှင့် စာလျှင်တော်သေးသည် ဟု ထင်မှတ်ရသော်လည်း သုံးဆယ့်တစ်ဘုံ သံသရာတွင် ကျင်လည်ရဦး

မည်ဖြစ်သောကြောင့် ဝဋ်ဒုက္ခမှ မလွတ်သေးသည့် ကုသိုလ် ပြုလုပ်သူဟု မှတ်ရပေမည်။ ဘုရားရှင်၏ အလိုတော်ကျ ကုသိုလ် ပြုလုပ်နည်းကား သံသရာမှ လွတ်မြောက်လိုသည့် စိတ်ဖြင့် ကုသိုလ် ပြုလုပ်နည်းပေတည်း။ ထိုကဲ့သို့ တွေးနိုင်ရန်ကား လွတ်မြောက်မှု အတွက်သာ တွေးတတ်သည့် ဝိပဿနာ ဉာဏ် ရှိဖို့သာလိုသည်။ ဝိပဿနာဉာဏ် ရဖို့ရန်ကား လောဘ၊ ဒေါသ၊ မောဟ ကိုလျှော့မှသာ ရနိုင်ပေသည်။

ထို့ကြောင့် ကုသိုလ်ပြုလုပ်မည့်သူသည် ဒါန ကုသိုလ်ကို ပြုလုပ်ပါက လိုချင်မှု မပါဘဲ လောဘကိုလျှော့နေသည်၊ အလှူခံများ၊ အလှူဝတ္ထုများနှင့် အလှူရှင်အပါအဝင် သက်ရှိသက်မဲ့ အရာအားလုံး မမြဲခြင်း အနိစ္စသဘော ရှိသည်ဟု လက္ခဏာယဉ် သုံးပါးတင်လျက် လှူတတ် ဖို့သာလိုသည်။ သီလဆောက်တည်ရာ၌လည်း မိမိကိုယ်တိုင် အသက်ရှည်မှုကို အလိုရှိသကဲ့သို့ အခြား သတ္တဝါများလည်း အသက်ရှည်မှုကို ရပါစေဟု မေတ္တာရှေ့ထားလျက် ဒေါသကို ပယ် ဖျောက်ကာ သီလဆောက်တည်ရမည် ဖြစ်သကဲ့သို့ ဘာဝနာပွားများခြင်း တရားအားထုတ်ခြင်းဟာ စိတ်ချမ်းသာချင်ရုံသက်သက်ကြောင့် အားထုတ်သည်မဟုတ် အခုဘဝတင်ပဲ သံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်ကိုရလိုသော ကြောင့် အားထုတ်သည်ဟု ပညာအားတင်လျက် မောဟကို ပယ်ဖျောက်နိုင်သည့် ပညာ ဉာဏ်ယှဉ်ဖို့ လိုအပ်သည်။

ဤကဲ့သို့ ဝိပဿနာဉာဏ်ယှဉ်လျက် ကုသိုလ်ပြုလုပ်ခဲ့ပါက ဘဝတိုင်း ဒါန ကုသိုလ်ကြောင့် ပစ္စည်းဉစ္စာပြည့်စုံမှု၊ သီလအစွမ်းကြောင့် အသက်ရှည်မှု၊ ကျန်းမာ သန်စွမ်းမှု စသည့် အကျိုးထူးများ၊ ဘာဝနာ ဝိပဿနာကုသိုလ်ကြောင့် ဒုက္ခစုဝေးရာဘဝ နှင့် အမြန်ကင်းကွာကာ နိဗ္ဗာန်ကို ရောက်ရခြင်း စသည့် အကျိုးထူးများရနိုင်ပေသည်။ ထို့ကြောင့် ဒါန၊သီလ၊ဘာဝနာ စသော ကုသိုလ်ကောင်းမှုများကို ပွားစည်းလိုသော သူတော်ကောင်းများသည် သံသရာအတွင်း ကျင်လည်နေရသည်ဖြစ်စေ၊ သံသရာက အမြတ် လွတ်သည်ဖြစ်စေ ကုသိုလ်လုပ်တိုင်း ဝိပဿနာဉာဏ်ယှဉ်မှု ဉာဏသမ္ပယုတ် ကိုသာဖြစ်စေသင့်ပေသည်။

ထိုကဲ့သို့ ဒါနလုပ်ခြင်းသည် လောဘလျှော့စေသည်၊ သီလဆောက်တည်ခြင်း သည် ဒေါသပါးစေသည်၊ ဝိပဿနာဘာဝနာ ပွားများခြင်းသည် မောဟပါးကာ နိဗ္ဗာန်နှင့် နီးစေသည်ဟု အသိပြည့်နေပါက မိမိတို့ပြုလုပ်လိုက်သော ဒါနသည် ညောင်စေ့လောက် လှူ၊ ညောင်ပင် လောက်ရသော ကုသိုလ်၊ ဆောက်တည်လိုက်သောသီလသည် သမာဓိ၏ အခြေခံဖြစ်သော ကုသိုလ်၊ ပွားများသော ဘာဝနာတရားသည် ဝဋ်ကျွတ်ရာ ကုသိုလ်ဖြစ် မည်မှာ ဧကန်ပင်တည်း။

## ဉာဏသမ္ပယုတ်စိတ်ဖြစ်ကြောင်း (၅)ပါး

၁။ မည်သည့်ကောင်းမှုမဆို ရေးပြုစဉ်အခါတုန်းက ဤကောင်းမှုကြောင့် ဖြစ်ရာဘဝ၌ ဉာဏ် ပညာထက်မြက်သူ ဖြစ်ရပါလို၏ဟုဆုတောင်း၍ ကောင်းမှုပြုခဲ့လျှင် ထိုကုသိုလ်ကံ အကျိုးပေး ရာ ဘဝ၌ ဉာဏ်ပညာထက်မြက်သူ ဖြစ်ရသည်။

၂။ ရူပဘုံ၌ ဥတုသပ္ပါယ မျှတခြင်း၊လောကီအာရုံကာမဂုဏ် ကင်းဆိတ်ခြင်း၊ ဒေါသ ဗျာပါဒ မရှိခြင်း၊ ဤအကြောင်းတို့ကြောင့် ဉာဏသမ္ပယုတ်စိတ် အဖြစ်များ၏။

၃။ သတ္တဝါတို့သည် ငယ်ရွယ်စဉ်အခါ၌ လောကီအာရုံ ကာမဂုဏ်ဘက်သို့ စိတ်ညွတ်နေခြင်း၊ သမာဓိနည်းပါးခြင်း၊ လောကီ၊ လောကုတ္တရာ ဆိုင်ရာတို့၌ အကြားအမြင် ဗဟုသုတ နည်းပါးခြင်းတို့ကြောင့် ဉာဏ်ရှိသင့်သလောက် မရှိသေး။ အသက် (၄၀) ကျော် (၅၀) အတွင်း ကို ပညာဒသက ဟုဆို၏။ ထိုအရွယ်ကျမှ ကာမဂုဏ်စိတ် နည်းပါး သမာဓိကြီးမား၍ ဗဟုသုတ လည်း များသဖြင့် ဉာဏ်ထက်မြက်ကြပေသည်။ ထိုအခါ ဉာဏသမ္ပယုတ် အဖြစ် များသည် ဟူလို။

၄။ ငယ်ပင်ငယ်သော်လည်း ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနေသူဖြစ်လျှင် သို့မဟုတ် ပညာရေး ၌ ဂရုစိုက်နေသူဖြစ်၍ ကိလေသာ နည်းပါးသူဖြစ်လျှင် ဉာဏ်ပညာ ထက်မြက်တတ်၏။

၅။ တိဟိတ်ပဋိသန္ဓေနေခဲ့သူ၌လည်း မူလရင်း ပဋိသန္ဓေမျိုးစေ့က ဉာဏ်ဓာတ်ပါလာသဖြင့် ဉာဏသမ္ပယုတ်စိတ်များသာဖြစ်သည်။

**<u>မှတ်ချက်။</u>** ဝိပါက်စိတ် နှင့် ကြိယာစိတ်များကိုလည်း ကုသိုလ်ပြုလုပ်ခြင်း နေရာ၌ ဝိပါက် နှင့် ကြိယာ စိတ်များကိုထည့်ရေတွက်ပါက ဝိပါက်စိတ် (၈)ပါး၊ ကြိယာစိတ် (၈) ပါး ပေါင်း ကာမာဝစရသောဘနစိတ် (၂၄) ပါးဖြစ်၏။ထို ကာမာဝစရသောဘနစိတ် (၂၄)တွင် ပါဝင်သော မဟာကုသိုလ်စိတ် (၈)ပါးသည် အစဉ်အတိုင်း အကျိုးပေးထက်သန်လေသည်။ ထို့အပြင် ဉာဏ်ယှဉ်ရာ၌လည်း ဝိပဿနာဉာဏ်က ပိုမို အကျိုးပေးထက်သန်ကာ မိမိတို့ တစ်ခါလောက် ပြုလိုက်သော ကုသိုလ်သည် တစ်သံသရာ စံစားရသည့် အဖြစ်မျိုးကို ရတတ်သည်။ ထို့ကြောင့် ကုသိုလ်တွင် နံပါတ် (၁) ဖြစ်ကာ ဉာဏ်တွင်လည်း ဝိပဿနာ ဉာဏ်မျိုး ဖြစ်အောင် ကြိုးစား ကြရန် တိုက်တွန်းလိုက်ရပေသည်။

သဟေတုက ကာမာဝစရဝိပါကစိတ္တာနိ၊ ကြိယစိတ္တာနိ စသည်ဖြင့် သဟေတုက ထည့်ကာ ဆိုရခြင်းကား အဟိတ်ကုသလဝိပါက်၊ အဟိတ် ကြိယာတို့ကို တားမြစ်လိုသော ကြောင့်တည်း။

## ကုသိုလ်၊ အကုသိုလ်၊ ကြိယာ

ရာဂ၊ ဒေါသ၊ မောဟစွမ်းကြောင့် ဖြစ်ရသော ဇောစိတ်သည် အကုသိုလ်စိတ် (မကောင်းသောစိတ်) မည်၏။ သဒ္ဓါ၊ ပညာ စသည်တို့ကြောင့် ဖြစ်ရသော ဇောစိတ်သည် ကုသိုလ် စိတ်မည်၏။ ထိုစိတ်သည်ပင် ရဟန္တာများ၏ သန္တာန်၌ ဖြစ်လျှင် အဝိဇ္ဇာ တဏှာ တည်းဟူသော ဝဋ်မြစ် ကုန်ခန်းသဖြင့် အကျိုးမပေးနိုင်တော့သည့်အတွက် ကြိယာစိတ် မည်၏။

ဤကုသိုလ်၊ ဝိပါက်၊ ကြိယာ (၂၄)ပါးတို့သည် ကာမစိတ်တွင် ပါဝင်သောကြောင့် ကာမလည်းမည်၏။ သောဘနစိတ်တွင် ပါဝင်သောကြောင့် သောဘနလည်းမည်၏။ ထိုအမည် နှစ်ရပ်ကို ပေါင်းစပ်၍ ကာမသောဘနစိတ်ဟု ခေါ်သည်။

## မဟာတပ်၍ မဟာကုသိုလ် စသည်ဖြင့်ဆိုရပုံ

မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်တို့နှင့် ကုသိုလ်ချင်းယှဉ်ပြိုင်လျှင် ဤကာမကုသိုလ်က အရေအတွက်များ၏။ ဝိပါက်၊ ကြိယာချင်းပြိုင်လျှင် ဤကာမစိတ်ကများ၏။ ထို့ကြောင့် အများ အနက်ဟော မဟာသဒ္ဒါတပ်၍ ခေါ်ရသည်။ တနည်း- မဟာကုသိုလ်စိတ်သည် ရူပ၊ အရူပ၊ လောကုတ္တရာကုသုလ်တို့ကဲ့သို့ မိမိဆိုင်ရာ အကျိုးတစ်ခုကိုသာပေးသည်မဟုတ်၊ ကာမသုဂတိ (၇) ဘုံ၌ ကာမပဋိသန္ဓေအကျိုး (၉)ပါးကို ထိုက်သင့်သလိုပေးနိုင်သည့်ပြင် ပဝတ္တိအခါ ပဒေသရာဇ်၊ ဧကရာဇ်၊ စကြာမင်းတိုင်အောင် စည်းစိမ်ကြီးတွေ ကိုလည်း ပေးနိုင်သောကြောင့် အကျိုးပေး ရာနယ်ကျယ်သည့်အတွက် မဟာတပ်၍ခေါ်ရသည်။

**အကုသိုလ်စိတ် (၁၂)ပါး အဟိတ်စိတ် (၁၈)ပါး နှင့် ကာမာဝစရသောဘနစိတ် (၂၄) ပါးကိုပေါင်းပါက စိတ်ပေါင်း (၅၄) ပါးဖြစ်၏။ ၎င်း စိတ်များသည် အပါယ် (၄)ဘုံ လူ့ဘုံ နှင့် နတ်ပြည် (၆)ထပ် ပေါင်း ကာမ (၁၁)ဘုံ၌ဖြစ်ကြသည်။ထို့ကြောင့် ၎င်းစိတ်များကို ကာမစိတ် (၅၄)ပါးဟုခေါ်သည်။ ထိုကာမစိတ် (၅၄)ပါးတို့ တွင် ကာမာဝစရစိတ် (၂၄) ပါးကို ကိလေသာအပြစ်ကင်းသန့်ရှင်းစင်ကြယ်သောကြောင့် သောဘနဟု ခေါ်ရသကဲ့သို့ ထို သောဘနဟူသော အမည်ကို ပြောင်းပြန်ယူ၍ အကုသိုလ်စိတ် (၁၂)ပါး အဟိတ်စိတ် (၁၈) ပါး ပေါင်း (၃၀) ပါးတို့ကို အသောဘန စိတ်များဟုခေါ်ရပေသည်။**

## ရူပါဝစရစိတ် (၁၅) ပါး

### *ရူပါဝစရကုသိုလ်စိတ် (၅) ပါး*

၁။ ဝိတက် (ကြံစည်ခြင်း သို့ အာရုံသို့တင်ပေးတတ်သောစိတ်) ဝိစာရ (အာရုံကိုသုံးသပ်သောစိတ်) ပီတိ (နှစ်သက်မှု) သုခ (ချမ်းသာစိတ်) ဧကဂ္ဂတာ (တည်ကြည်သောစိတ်) တို့နှင့် တကွဖြစ်သော ပဌမဈာန် ကုသိုလ်စိတ်

၂။ ဝိစာရ (အာရုံကိုသုံးသပ်သောစိတ်) ပီတိ (နှစ်သက်မှု) သုခ (ချမ်းသာစိတ်) ဧကဂ္ဂတာ (တည်ကြည်သောစိတ်) တို့နှင့်တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ်

၃။ ပီတိ (နှစ်သက်မှု) သုခ (ချမ်းသာစိတ်) ဧကဂ္ဂတာ (တည်ကြည်သောစိတ်) တို့နှင့် တကွ ဖြစ်သော တတိယဈာန် ကုသိုလ်စိတ်

၄။ သုခ (ချမ်းသာစိတ်) ဧကဂ္ဂတာ (တည်ကြည်သောစိတ်) တို့နှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ်

၅။ ဥပေက္ခာနှင့်တကွဖြစ်သော ဧကဂ္ဂတာ (တည်ကြည်သောစိတ်) ဟုဆိုအပ်သော ပဥ္စမဈာန် ကုသိုလ်စိတ်

## ဈာန်အင်္ဂါ၊ ဈာန်၊ ဈာန်စိတ်

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော စေတသိက်တစ်ပါးပါးကို ဈာန်အင်္ဂါ ဟု ခေါ်သည်။ ဈာန်ဟူသည်ကား အပေါင်းဖြစ်သော ထိုစေတသိက်များ ပင်တည်း (နီဝရဏတရား ကို လောင်ကျွမ်းစေတတ်သောကြောင့် ဈာန် မည်ကြောင်း မှတ်သားရန်)။ ထိုစေတသိက် အပေါင်းဖြစ်သော ဈာန်နှင့် ယှဉ်သောစိတ်ကို ဈာန်စိတ်ဟုခေါ်သည်။

## ရူပါဝစရစိတ်ရှင်းလင်းချက်

ရူပါဝစရပဌမဈာန် ကုသိုလ်စိတ်တွင် ပါဝင်သော ဝိတက်သည် ကြံစည်ခြင်း သဘောရှိ၏ဟုဆိုရာဝယ် ကာမအာရုံကို တွေးတောကြံစည်နေသည်မျိုးမဟုတ်။ ဈာန်ရဖို့ရန်အတွက် မိမိယူထားသော အာရုံ (ဥပမာ။ ဝင်သက်၊ ထွက်သက် စသည်) ကိုတည်မြဲဖြစ်ပေါ်နေရန် အားထုတ်ခြင်းကို ဆိုလိုသည်။ တနည်း စိတ်ကို အာရုံသို့ရောက်၍ သွားအောင် တင်ပေးမှုကိုပင် ကြံစည်ခြင်း ဝိတက်ဟုဆို၏။ ဝိစာရ-အာရုံကို သုံးသပ်သော စိတ် ဟူသည် ဝိတက် တင်ပေးထားသောစိတ်ကို မပျောက်ပျက်အောင်၊ ခိုင်မြဲအောင် ထိုအာရုံမှမခွါဘဲ ရစ်ဝဲ လှည့် ပတ်နေခြင်း သဘောတည်း။ တရားအားထုတ်သူများ ဝိစာရ ဖြစ်ပါက မိမိမှတ်ယူထားသော ဝင်သက်၊ ထွက်သက် မပျောက်ပျက်ဘဲ ငြိမ်သက်ကာ တရား အားထုတ်နိုင်ပေသည်။

ဝိစာရကြောင့် စိတ်တည်ငြိမ်နေသော ယောဂီမှာ နှစ်သက်ရွှင်လန်းမှုများ ဖြစ်ပေါ်လာတတ်၏။ ခန္ဓာကိုယ် ပေါ့ပါးသကဲ့သို့ ခံစားရမှု၊ အလင်းတန်းများ ဖြစ်ပေါ်လာမှု၊ ကြက်သီး မွေးညှင်းထမှု စသည်တို့သည် ပီတိလက္ခဏာတို့တည်း။ ပီတိ ဖြစ်ပေါ်ပြီးနောက် ပီတိကို မခံစားဘဲ ဝင်သက်ထွက်သက်ကိုသာ ဆက်လက်အားထုတ်သော ယောဂီတို့သန္တာန်မှာ သုခ- ချမ်းသာအေးချမ်းမှုတွေ ဖြစ်ပေါ်လာသည်။ သုခသည် ပီတိထက် အေးချမ်း၊ ငြိမ်သက်သော သဘောရှိ၏။ သုခသဘောသို့ ဆိုက်ရောက်နေသော ယောဂီဟာ သုခကို မခံစားဘဲ ဆက်လက် အားထုတ်ပါက ဧကဂ္ဂတာ (ဧက-စိတ်တစ်ခုတည်းသို့၊ ဂတ-ရောက်ခြင်း) အဖြစ်သို့ရောက်ကာ ဈာန် အင်္ဂါ ငါးပါး စုံလျက် ပဌမဈာန်သို့ ရောက်လေသည်။

ထိုကိုပင် ပဌမဈာန်ရသည်ဟု ဆိုကြသည်။ ထို့အတူ ဆက်လက် အားထုတ်သွားပါက ဈာန်အင်္ဂါ လေးပါးရှိသော ဒုတိယဈာန်၊ ဈာန်အင်္ဂါ သုံးပါးရှိသော တတိယဈာန်၊ သုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ နှစ်ပါးရှိသော စတုတ္ထဈာန်နှင့် ဥပေက္ခာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါး ရှိသော ပဥ္စမဈာန်တို့ဖြစ်ကြပေသည်။

**မှတ်ချက်။ ။** ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ လေးပါးတို့သည် သုခ အဆုံးရှိသောကြောင့် ကြည်နူး ကျေနပ်မှုများ ရှိလေရကား **သုခဈာန် (သောမနဿ)**ဈာန်ဖြစ်၏။ နောက်ဆုံးဖြစ်သော **ပဥ္စမဈာန်** ကား **သုခမပါ ငြိမ်သက်မှုသက်သက်ဖြင့် ရလေသောကြောင့် ဥပေက္ခာဈာန်ဖြစ်သည်။** ထို့ကြောင့် သောမနဿ၊ ဥပေက္ခာဝေဒနာအားဖြင့် ခွဲပါက **ရှေ့ဈာန် လေးပါးသည် သောမနဿတည်း။ ပဥ္စမဈာန်ကား ဥပေက္ခာဝေနာတစ်ခုသာဖြစ်၏။ ဤရူပစိတ်တို့ကို သုခ-သောမ နဿစိတ် ၁၂ ပါး၊ ဥပေက္ခာစိတ် (ပဥ္စမဈာန်) ၃ ပါး၊ ပေါင်း ၁၅ ပါးဟု ဝေဒနာဘေဒအားဖြင့် ခွဲခြားရန်။**

## ဝိတက်စသည်တို့ကိုသာ ဈာန်ဟုခေါ်ရပုံ

ဖဿစသောစေတသိက်များယှဉ်သော်လည်း ဝိတက်စသော(၅)ပါးကသာ အာရုံ၌ စူးစိုက်စွာ ရှုခြင်းတည်းဟူသော ဥပနိဇ္ဈာနကိစ္စ၊ ဆန့်ကျင်ဘက် နီဝရဏတို့ကို ပယ်ရှား လောင်မြိုက်ခြင်း ဟူသော ဈာယနကိစ္စရှိသောကြောင့် ဝိတက်စသော စေတသိက် (၅)ပါးကိုသာ ဈာန် ဟု မှည့်ခေါ်အပ်သည်။

## ဈာန်အင်္ဂါ ငါးပါးက နီဝရဏတရား ငါးပါးတို့ကိုလောင်မြိုက်စေပုံ

## ဝိတက်နှင့် ထိန မိဒ္ဓ

ဝိတက်သည် ထိနမိဒ္ဓနီဝရဏကို လောင်မြိုက်စေ၏။ ချဲ့ဦးအံ့။ ထိနမိဒ္ဓဟူသည် ထိုင်း မှိုင်းတွေဝေခြင်း သဘောတရားတည်း။ အကြံအစည် ကင်းမဲ့သူ လူပြိန်း၊ လူထိုင်းနှင့် တူ၏။ ဝိတက်ကား သမ္ပယုတ်တရားစုကို အာရုံတစ်ခုခုသို့ ရောက်၍ရောက်၍နေအောင် မနေမနား တင်ပေးတတ်သော သဘောတရားတည်း။ ကြံစည်လေ့ရှိသူနှင့်တူ။ ထို့ကြောင့် ထိနမိဒ္ဓနီဝရဏ ကို စိတ်အစဉ်မှာ မဝင်လာအောင်ပယ်ခွါသမှု ဈာယနပြုလျက် ကသိုဏ်း စသော အာရုံထက်သို့ စိတ်အစဉ်တက်အောင် တင်ဆောင်ပေးသည်။ အင်္ဂါဈာယနပြုသည့် အခါ ဆိုင်ရာဝတ္ထုများကို လောင်မြိုက်သကဲ့သို့ ဝိတက်က ထိနမိဒ္ဓကို ပျောက်ပျက်သွား အောင် လောင်မြိုက်သည်ဟူလို။

## ဝိစာရနှင့် ဝိစိကိစ္ဆာ

ဝိစာရသည် ဝိစိကိစ္ဆာနီဝရဏကို လောင်မြိုက်၏။ ချဲ့ဦးအံ့။ ဝိစိကိစ္ဆာဟူသည် အာရုံ တစ်ခု၌ ကောင်းစွာမတည် အလီလီယုံမှားတတ်သော သဘောတည်း။ ထို့ကြောင့် ဝိတက် ၏ တင်ပေးမှုအတွက် အာရုံသို့ တက်ရောက်နေသော စိတ်အစဉ်သည် ဝိစိကိစ္ဆာ နောက်ယှက်က ထိုကသိုဏ်းစသောအာရုံမှ ဆုတ်နစ်ရလိမ့်မည်။ ဝိစာရကား သမ္ပယုတ် တရားတို့ကို ရောက်ပြီး ရာအာရုံမှ မခွာအောင်အာရုံကို ထပ်တလဲလဲ စွဲမြဲစွာ သုံးသပ်ခြင်း သဘောတည်း။ ထို့ကြောင့် ဝိစိကိစ္ဆာနှင့် ဝိစာရသည် ဖြောင့်ဖြောင့်ဆန့်ကျင် ဘက် ဖြစ်ရကား ဝိစာရဈာနင်က ဝိစိကိစ္ဆာ နီဝရဏကို ပယ်ခွါသမှု ဈာယနပြုလျက် ကသိုဏ်း စသောအာရုံကို ထပ်တလဲလဲ သုံးသပ်နေပေ သည်။

## ပီတိနှင့် ဗျာပါဒ

ပီတိသည် ဗျာပါဒနီဝရဏကို လောင်မြိုက်၏။ ချဲ့ဦးအံ့။ ဗျာပါဒဟူသည် တရား ကိုယ်အားဖြင့် ဒေါသပင်ဖြစ်ရကား ခက်ထန်ကြမ်းတမ်းလျက် အာရုံကို မနှစ်သက်နိုင်သော သဘောတည်း။ ထို့ကြောင့် ဝိစာရက အထပ်ထပ် သုံးသပ်နေသော်လည်း ဗျာပါဒ နောက် ယှက်၍ အာရုံကို မနှစ်သက်လျှင် ကြာရှည်စွာ သုံးသပ်ချင်မည်မဟုတ်၊ ပီတိကား အာရုံကို နှစ်သက်တတ်သော သဘောတည်း။ ထို့ကြောင့် ဗျာပါဒနှင့် ပီတိသည် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ရကား ပီတိဈာနင်က ဗျာပါဒနီဝရဏကို စိတ်အစဉ်မှာ မဝင်ပါအောင်

ပယ်ခွါသမူ ရျာယနပြုလျက် ဝိတက်တင်ပေး၍ ဝိစာရက ထပ်တလဲလဲ သုံးသပ်အပ်သော အာရုံပေါ်မှာ လွန်စွာနစ်သက်၍ နေပေသည်။

## သုခနှင့် ဥဒ္ဒစ္စကုက္ကုစ္စ

သုခသည် ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏကို လောင်မြိုက်၏။ ချဲ့ဦးအံ့။ ဥဒ္ဒစ္စသည် တုန်လှုပ်လွင့်တက် မငြိမ်သက်ခြင်းသဘောဖြစ်၍ ကုက္ကုစ္စကား နောင်တတစ်ဖန် ပူပန်ခြင်း သဘောတည်း။ ထို့ကြောင့် ကသိုဏ်းစသောအာရုံ၌ စိတ်အစဉ်က နစ်သက်အားရ ပီတိကျနေသော်လည်း သာယာဖွယ်အရသာ မပေါ်လျှင် ငြိမ်သက်စွာ တည်နေနိုင်မည်မဟုတ်၊ ဥဒ္ဒစ္စကုက္ကုစ္စတို့၏ နောက်ယှက်မှုကြောင့် မငြိမ်သက်ပူပန်၍ အမြန်ပင် အာရုံမှ ထွက်ခွါရလိမ့်မည်။ သုခကား အာရုံ၏ အရသာကို ခံစားလျက် ငြိမ်သက်အေးမြခြင်း သဘောတည်း။ ထို့ကြောင့် ဥဒ္ဒစ္စကုက္ကုစ္စနှင့် သုခသည် ဖြောင့်ဖြောင့်ဆန့်ကျင်ရကား သုခရျာနင်က ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏကို စိတ်အစဉ်မှာ မဝင်ပါအောင် ပယ်ခွါသမူ ရျာယနပြုလျက် ဝိတက်၊ ဝိစာရ၊ ပီတိ တို့၏ ကိစ္စဖြင့် စွဲမြဲနှစ်သက်အပ်သော အာရုံအရသာကို မြိန်ယှက်စွာ ခံစားလေသည်။

## သမာဓိနှင့် ကာမစ္ဆန္ဒ

သမာဓိသည် ကာမစ္ဆန္ဒနီဝရဏကို လောင်မြိုက်၏။ ချဲ့ဦးအံ့။ ကာမစ္ဆန္ဒဟူသည် ကာမဂုဏ်ကို နစ်သက်တတ်သော လောဘတဏှာပင်ဖြစ်ရကား နစ်သက်ဖွယ်အာရုံ ကာမဂုဏ်နောက်သို့ လိုက်လျက် စိတ်ဓာတ်ကို ကလိန်းကလက် ဖြစ်စေနိုင်သော သဘောတည်း။ ကာမစ္ဆန္ဒနီဝရဏက နောက်ယှက်လျှင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတို့ ခံနိုင်ကြမည်မဟုတ်။ ကသိုဏ်းအာရုံမှ စိတ်အစဉ် ခွါရလိမ့်မည်။ သမာဓိဟူသော ဧကဂ္ဂတာကား အာရုံ၌ မြိုက်မြိုက် မြိုက်မြိုက် တည်တံ့သောသဘောတည်း။ ထို့ကြောင့် ကာမစ္ဆန္ဒနီဝရဏနှင့် ဧကဂ္ဂတာသည် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ရကား ဧကဂ္ဂတာရျာနင်က ကာမစ္ဆန္ဒနီဝရဏကို စိတ်အစဉ်မှာ မပါဝင်အောင် ပယ်ခွါသမူ ရျာယနပြုလျက် ရှေးရျာန် (၄)ပါးအတွက် အရသာပေါ်ထွက်နေသော အာရုံပေါ်၌ စူးစိုက်စွာ တည်တံ့စေ၏။

**မှတ်ချက်။ ။** အဝိဇ္ဇာနီဝရဏသည် ရျာန်တရားကို မကာကွယ်တတ်၊ မဂ် ဖိုလ် စသည်ကိုသာ ကာကွယ်တတ်၏။ ထို့ကြောင့် ဤရျာနင်တို့ ပယ်အပ်သော နီဝရဏတွင် အဝိဇ္ဇာနီဝရဏ မပါ ဝင်ချေ။

ဥပေက္ခာစျာနင်သည် သုခစျာနင်ကဲ့သို့ ငြိမ်သက်ခြင်းသဘော ရှိသောကြောင့် သုခကဲ့သို့ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၏ ဆန့်ကျင့်ဘက်သာတည်း။

## ပဌမစျာန်ရေတွက်နည်း

ဝိတက်၊ ဝိစာရ ၊ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟုဆိုအပ်သော စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရူပကုသိုလ် ပဌမစျာန်တစ်ပါး ဟုရေတွက်ရမည်။

ဒုတိယစျာန်စသည်တို့ကိုလည်းနည်းတူမှတ်လေ။

**မှတ်ချက်။ ။** ရှေးဦးစွာ စိတ်၏အာရုံ၌ ကျရောက်ခြင်းသည် ဝိတက်တည်း၊ အဖန်တလဲလဲ သုံးသပ်ခြင်းသည် ဝိစာရတည်း။ ဤသို့ **ဝိတက်နှင့် ဝိစာရအထူး**ကို မှတ်အပ်သလို ရှေ့ဦးစွာ အာရုံကို ကြားသိ တွေ့မြင်ရသောအခါ နှစ်သက်ခြင်းသည် ပီတိမည်၏၊ ထိုကြားသိ တွေ့မြင်ရသော အာရုံကို ခံစားခြင်းသည် သုခမည်၏ဟုလည်း ထူးခြားချက်များကို မှတ်ထားသင့်ပေ သည်။

**မှတ်ချက်။ ။ ဝိပါက်စိတ် နှင့် ကြိယာစိတ်များကိုလည်း ကုသိုလ်စိတ်နေရာ၌ ထည့်သွင်း ရေတွက်ပါက ရူပစျာန်စိတ် (၁၅) ပါးဖြစ်၏။**

## အရူပါဝစရစိတ် (၁၂) ပါး

### *အရူပါဝစရကုသိုလ်စိတ် (၄) ပါး*

၁။ အာကာသာနဉ္စာယတန ကုသိုလ်စိတ်
၂။ ဝိညာဏဉ္စာယတန ကုသိုလ်စိတ်
၃။ အာကိဉ္စညာယတန ကုသိုလ်စိတ်
၄။ နေဝသညာနာသညာယတန ကုသိုလ်စိတ်

## အာကာသာနဉ္စာယတနအဓိပ္ပါယ်

ဥပါဒ်၊ ဘင်အားဖြင့် အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်သည်ပင် အာရုံပြုသောအားဖြင့် တည်ရာလည်းဖြစ်သောကြောင့် အာကာသာနဉ္စာယတန မည်၏။ တနည်း အပိုင်းအခြား မရှိသော ကောင်းကင်ပညတ် ဟူသော တည်ရာရှိသော သသမ္ပယုတ္တစျာန် ၌ ဖြစ် သော စိတ်ကို အာကာသာနဉ္စာယတနစိတ်ဟု ခေါ်သည်။

## ဝိညာဏဉ္စာယတန

ယောဂီပုဂ္ဂိုလ်၏ ပွားများပုံအားဖြင့် အနန္တ ဟုဆိုအပ်သော ပဌမာရုပ္ပဝိညာဏ် သည်ပင် ဝိညာဏဉ္စာယတန မည်၏။

## အာကိဉ္စညာယတန

နည်းငယ်စိုးစဉ်းပင် အကြွင်းမှုမရှိသော ပဌမာရုပ္ပဝိညာဏ်၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် အာကိဉ္စညာယတနမည်၏။ ထိုမရှိသည်၏ အဖြစ်ဟူသည် ပရမတ်မဟုတ် ဘာမျှမရှိခြင်း အဘာဝပညတ် ဖြစ်သောကြောင့် အာကိဉ္စညအရ နတ္ထိဘောပညတ်ကို ရသည်ဟု မှတ်ပါ။

## နေဝသညာနာသညာယတန

ဤ စတုတ္ထာရုပ္ပဝိညာဏ်၌ရှိသော သညာစေတသိက်သည် အလွန် သိမ်မွေ့ ရကား အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာတင်၍ သုံးသပ်လို့မရနိုင်၊ သုံးသပ်သော်လည်း အနိစ္စသဘော စသည် မထင်နိုင်။ ဤသို့ အနိစ္စသည် မထင်နိုင်လောက်အောင် သိမ့်မွေ့ သောကြောင့် နေဝသညာ (သညာပင် မဟုတ်တော့ပါဘူး) ဟု ဆိုလိုသည်။ သို့သော် ပရမတ္ထသဘောအားဖြင့် အလွန်သိမ်မွေ့စွာ ထင်ရှားရှိသေးသောကြောင့် နအသညာ ဟုဆိုရပြန်သည်။

## အရူပစိတ် (၄)ပါးပြားရခြင်းအကြောင်း

၁။ ကောင်းကင်ပညတ်အာရုံ အာကာသနဉ္စာယတနစိတ်
၂။ ပဌမာရုပ္ပဝိညာဏ်အာရုံ ဝိညာဏဉ္စာယတန စိတ်
၃။ နတ္ထိဘောပညတ်အာရုံ အာကိဉ္စညာယတနစိတ်
၄။ တတိယာရုပ္ပဝိညာဏ်အာရုံ နေဝသညာနာသ ညာယတနစိတ်

ဤသို့ အာရုံ (၄)မျိုး ပြား သောကြောင့် ထိုအာရုံ (၄)ပါးကိုအာရုံပြုသော အရူပဈာန် စိတ်လည်း (၄)ပါးပြားရသည်။

## အရူပဈာန် (၄)ပါးအားထုတ်ပုံ

### အာကာသာနဉ္စာယတနဈာန်

ခန္ဓာကိုယ်ရှိခြင်းကြောင့် တုတ်၊ ဓားစသော လက်နက်စွဲကိုင်လျက် သတ်ပုတ် ရိုက်နှက်ကြ၊ မျက်စိရောဂါ နားရောဂါစသည်ဖြင့် ရောဂါအမျိုးမျိုး ခံစားကြရ၏။ ဤ

ခန္ဓာကိုယ် မရှိရာ အရူပဘုံ၌ကား ထိုအပြစ်မျိုးမှကင်းသဖြင့် ရှင်းလင်းအေးမြပေလိမ့်မည် ဟု ကရဇကာယ ရုပ်ခန္ဓာ အပေါ်၌ အပြစ်မြင်၍ အရူပဘုံသို့ရောက်ရန် အာကာသာနဉ္စာယတနစျာန်ကို အလိုရှိသော ယောဂီသည် ရူပစျာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ်ကိုပင် စက်ဆုပ်လေတော့၏။

ဤသို့ ကရဇကာယနှင့် ကသိုဏ်းကိုပါ ကြောက်ရွံ့နေသော ယောဂီသည် ရူပပဥ္စမစျာန်ကို ငါးတန်သော ဝသီဘော်ပြောက်အောင် အခေါက်ခေါက်အခါခါ လေ့လာဝင်စားပြီးလျှင် စျာန်မှထသောအခါ ဤပဉ္စစျာန်သည် ငါစက်ဆုပ်သော ကသိုဏ်းရုပ်ကို အာရုံပြုနေ၏ဟု မိမိနှင့်မတည့်သူကို အရေးပါနေလျှင် ထိုသူ့ကိုပါ ရွံမုန်းသကဲ့သို့ ပဉ္စစျာန်ကိုလည်း ရွံမုန်း၏။

အောက် စတုတ္ထစျာန် ၌ ပါသော သုခနှင့် နီးကပ်နေသဖြင့်လည်း မငြိမ်သက်ဟု ထင်၏။ အထက်အရူပစျာန်ကိုထောက်လျှင် ရုန့်ရင်းကြမ်းတမ်းသေး၏ဟုလည်း အပြစ်မြင်၏။ ဤသို့ ရူပပဉ္စမစျာန်ကို အပြစ်မြင်၍ ပဌမာရုပ္ပဝိညာဏ်ကို ငြိမ်သက်၏ဟု အထင်ရှိသော ယောဂီသည် အာကာသ ကသိုဏ်းမှ တစ်ပါးသော ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို အလိုရှိသလိုမှန်း၍ ဖြန့်ထားရာ၏။ စိတ်ထဲဝယ် ပဋိဘာဂနိမိတ် ကသိုဏ်းဝန်းကြီး ထင်နေလိမ့်မည်။

ထိုအခါ ထင်နေသော ကသိုဏ်းဝန်းကို အာရုံမပြုတော့ဘဲ ကသိုဏ်းဝန်းပျံ့နှံ့ရာ အရပ်ကို အနန္တော အာကာသောဟု ကောင်းကင်ကိုသာ စိတ်ဖြင့် နှလုံးသွင်းဆင်ခြင်နေမှုကို ပရိကမ် ပြုသည်ဟုခေါ်၏။ ဤသို့ ပရိကမ်ပြုဖန်များလျှင် ထမင်းအိုးဝတွင် ဖုံးအပ်သော အဝတ်ကို ဖွင့်လှစ်လိုက်သောအခါ အဝတ်ကွယ်ပျောက်၍ မျက်နှာဝ ဟင်းလင်းပေါက်ပေါ်လာသကဲ့သို့ ကသိုဏ်းဝန်း ကွယ်ပျောက်၍ ကသိုဏ်းဝန်း ပျံ့နှံ့ရာ အရပ်အားလုံး၌ ကောင်းကင်ဟင်းလင်းဖြစ်၍ ထင်လာသည်။ ဤသို့ မူလဖြန့်အပ်သော ကသိုဏ်းဝန်းကို နှလုံးမသွင်းဘဲ ခွါခြင်းကို ကသိုဏ်းခွါ သည် ဟုခေါ်သည်။

ဤသို့ မူလကသိုဏ်းကို နှလုံးမသွင်းဘဲ ခွါ၍ရအပ်သော ကောင်းကင်ကို အာရုံပြုလျက် ပရိကမ္မဘာဝနာဖြင့် အာကာသော အနန္တော ဟုအထပ်ထပ် နှလုံးသွင်းလတ်သော် ရူပပဉ္စမစျာန် အပေါ်၌ နှစ်သက်မှု နိကန္တိတဏှာ ကင်းကွာ၏။ ထိုအခါ ဥပစာရဘာဝနာအဆင့်သို့ ရောက်၏။ ထို့နောက် ကောင်းကင်ကိုပင် ဆက်၍ အာရုံပြုလျက် တိုးတက်အားထုတ်သောအခါ ပဌမာရုပ္ပဝိညာဏ်ဟု ခေါ်အပ်သော အကာသာနဉ္စာယတနစျာန် ဖြစ်ပေါ်လာ၏။

## ဝိညာဏဉ္စာယတနစျာန်

ဝိညာဏဉ္စာယတနစျာန်ကို အလိုရှိသော ယောဂီသည် အာကာသာနဉ္စာယတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသောအခါ အာကာသာနဉ္စာယတနစျာန်မှ အထတွင် ငါ ရအပ်ပြီးသော အာကာသာနဉ္စာယတနစျာန်သည် ရူပပဉ္စမစျာန် တည်းဟူသော ရန်သူနှင့် နီးလှ၏။ ဒုတိယာရုပ္ပစျာန်လောက်လည်း မငြိမ်သက်ဟု အပြစ်ရှုပြီးလျှင် ကောင်းကင်ပညတ်ကို အာရုံမပြုတော့ဘဲ လွန်မြောက်၍ ပဌမာရုပ္ပဝိညာဏ်ကို အာရုံပြုကာ အနန္တံဝိညာဏံ ဟု အဖန်ဖန် ပွားများလတ်သော် ထိုအာရုံ၌ စွဲမြဲလျက် ပဌမာရုပ္ပဝိညာဏ်၌ နိကန္တိတဏှာကင်းသောအခါ ဥပစာရ ဘာဝနာသို့ရောက်၏။ ထို့နောက် ဆက်၍အားထုတ်လျှင် ဒုတိယာရုပ္ပဝိညာဏ်ခေါ် ဝိညာဏဉ္စာယတနစျာန် အပ္ပနာဘာဝနာ ဖြစ်ပေါ်လာသည်။

## အာကိဉ္စညာယတနစျာန်

အာကိဉ္စညာယတနစျာန်ကို အလိုရှိသော ယောဂီသည် ဝိညာဏဉ္စာယတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသားကျသောအခါ စျာန်မှအထတွင် ငါရအပ်ပြီးသော ဝိညာဏဉ္စာယတန စျာန်သည် အကာသာနဉ္စာယတနစျာန် ဟူသော ရန်သူနှင့်နီး၏။ တတိယာရုပ္ပစျာန်လောက်လည်း မငြိမ်သက်ဟု အပြစ်ရှုပြီးလျှင် ပဌမာရုပ္ပဝိညာဏ်ဟူသော အာရုံကို မပြုတော့ဘဲ အာရုံ လွန်မြောက်၍ နတ္ထိဘောပညတ်ဟူသော အာရုံကိုမှန်းလျက် နတ္ထိကိဉ္စိ ဟု စီးဖြန်းဖန်များလတ်သော် ထိုအာရုံ၌ စွဲမြဲလျက် ဒုတိယာရုပ္ပဝိညာဏ်၌ နိကန္တိတဏှာကင်းကွာသောအခါ ဥပစာရ ဘာဝနာ သို့ ရောက်၏။ ထို့နောက် ဆက်လက်၍ အားထုတ်လျှင် တတိယာရုပ္ပဝိညာဏ် ဟု ခေါ်အပ်သော အာကိဉ္စညာယတနစျာန် ဖြစ်ပေါ်လာ၏။

## နေဝသညာနာသညာယတနစျာန်

ဝေသညာနာသညာယတနစျာန်ကိုအလိုရှိသော ယောဂီသည် ရှေးနည်းအတိုင်း တတိယာရုပ္ပစျာန်ကို လေ့လာပြီး အသားကျသောအခါ စျာန်မှအထတွင် ငါရအပ်ပြီးသော အာကိဉ္စညာယတနစျာန်သည် ဝိညာဏဉ္စာယတနစျာန် တည်းဟူသော ရန်သူနှင့် နီးကပ်လှ၏။ စတုတ္ထာရုပ္ပစျာန်လောက်လည်း မငြိမ်သက်၊ သညာသည် အိုင်းအမာ ဆူးငြောင့်နှင့်တူ၏။ နေဝသညာနာ သညာယတနစျာန်ကား မွန်မြတ်လှပေ၏ဟု အာကိဉ္စညာယတနစျာန် ကို အပြစ်ရှုလျက် နေဝသညာနာသညာယတနစျာန်ကို မွန်မြတ်သည်ဟုထင်ပြီးလျှင်

နတ္ထိဘောပညတ်အာရုံကို အာရုံမပြုတော့ဘဲ လွန်မြောက်၍ တတိယာရုပ္ပဈာန်ကို အာရုံပြုကာသန္တမေတံ၊ ပဏီတမေတံ ဟု အဖန်ဖန် ပွားများလတ်သော် ဝိညာဏဉ္စာယတနဈာန်၌ နိကန္တိတဏှာ ကင်းကွာသောအခါ ဥပစာရဘာဝနာသို့ရောက်၏။ ထို့နောက်ဆက်၍ အားထုတ်လျှင် စတုတ္ထာရုပ္ပဟုခေါ်အပ်သော နေဝသညာနာသညာယတနဈာန် အပ္ပနာဘာဝ နာဖြစ်ပေါ်လာသည်။

## အရူပဈာန်၌ အာရုံမများကြောင်း

ရူပါဝစရဈာန်တို့က အင်္ဂါတိက္ကမဈာန် (ရူပဈာန်၌ အောက်အောက် ဈာန်အင်္ဂါ ကို ပယ်ခွါနိုင်မှ အထက်ဈာန်များ ဖြစ်နိုင်ကြသည်။ ထို့ကြောင့် ရူပဈာန်များကို အင်္ဂါတိက္ကမ ဈာန် ဟုခေါ်သည်။) ဖြစ်၍ အရူပါဝစရဈာန် တို့က အာရမ္မဏာတိက္ကမ (အောက်အောက် ဈာန်၏ အာရုံကို လွန်မြောက်နိုင်မှ အထက်ဈာန်ကိုရနိုင်သည်။ ထို့ကြောင့် အရူပစိတ်ကို အာရမ္မဏာတိက္ကမဈာန် ဟုခေါ်သည်။) ဈာန်ဖြစ်သောကြောင့် ရူပဈာန်၌ ဈာန်တစ်ပါးလျှင် အာရုံအများ ရှိသကဲ့သို့ အရူပဈာန်၌ ထိုကဲ့သို့မများဘဲ ဈာန်တစ်ပါးလျှင် အာရုံတစ်မျိုးစီသာ ရှိရပေသည်။

## ဈာန်နှစ်မျိုး

ဤရူပဈာန်၊ အရူပဈာန်သည် သမထာနုယောဂပဋိလဒ္ဓဈာန်၊ မဂ္ဂသိဒ္ဓဈာန်ဟု နှစ်မျိုး ရှိ၏။ ထိုတွင် သမထကမ္မဋ္ဌာန်းကို တမင်တကာအားထုတ်မှ ရအပ်သောဈာန်သည် သမထာနု ယောဂပဋိလဒ္ဓဈာန် မည်၏။ ရှေးရှေးက သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်ရပါလို၏ ဟု ဆုတောင်းပြည့်သူသည် မဂ်ကိုရလျှင် လောကီဈာန် သမာပတ်များကို လည်း အပြီးအစီးရနိုင်၏။ ထိုဈာန်ကို မဂ္ဂသိဒ္ဓဈာန်ဟုခေါ်သည်။

**မှတ်ချက်။ ။** အရူပဈာန်များသည် ရူပပဥ္စမဈာန်ကို ရပြီးမှသာ ရထိုက်သောဈာန်ဖြစ်သည်။ ရူပပဥ္စမဈာန်သည်လည်း ဥပေက္ခာ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ (၂)ပါးကြောင့် ရသော ဈာန် ဖြစ်ရကား အရူပစိတ် (၁၂) ပါးသည် ဥပေက္ခာစိတ်သက်သက်သာဖြစ်ရသည်။ ထို့ပြင် ရူပစိတ် ကို ဈာန်အားဖြင့်ပြားသောစိတ်၊ အရူပစိတ်ကို အာရုံအားဖြင့်ပြား သောစိတ် ဟု မဟဂ္ဂုတ်စိတ် ကို မှတ်သားနိုင်သည်။

**မှတ်ချက်။ ။ ဝိပါက်စိတ် နှင့် ကြိယာစိတ်များကိုလည်း ကုသိုလ်စိတ်နေရာ၌ ထည့်သွင်း ရေတွက်ပါရန်။ ထိုသို့ရေတွက်ပါက အရူပါဝစရစိတ် (၁၂)ပါးဖြစ်၏။**

## စိတ်ကောင်းရှိရုံဖြင့် ပြည့်စုံသည့် ကောင်းကျိုးကိုမရနိုင်

လောကတွင် လွယ်လွယ်နှင့်ရသောအရာဟူ၍ မရှိပေ။ ထိုက်တန်သည့် အကြောင်း တစ်ခုကြောင့်သာ ထိုက်တန်သည့် အကျိုးရသည်ကို သိရှိထားသင့်သည်။ စိတ်ကောင်းရှိရုံနှင့် မပြီး၊ အကောင်းပြောနေရုံနှင့်မလုံလောက်၊ စိတ်ကောင်းနှင့် အလုပ်ကောင်းကို လုပ်နေဖို့လိုအပ်သည်။ အကောင်းပြောခြင်းသည် ကောင်းသည်ဟု ဆိုရသော်လည်း စိတ်ကောင်းနှင့် အလုပ်ကောင်းကို လုပ်သည်က ပိုမိုမြင့်မြတ်ပေသည်။ အချို့သော သူများ ပြောကြသည်ကို ကြားဖူးပါ၏။ ထူးထူးခြားခြား ဘာလုပ်စရာလိုလဲ သူများကိုဒုက္ခမပေးဘူး၊ ကိုယ်တိုင်လည်း ကောင်းအောင်နေတယ်။ ဒါဆို ဘာများထူးထွေးဆန်းပြားလုပ်နေရဦးမှာလဲ။ ကောင်းမှုကို ဆောင်ထားရင် ပြီးရောပဲ။ ဘုရားသွား ကျောင်းတက်မှ မဟုတ်ဘူးဟေ့၊ အိမ်မှာနေလဲ ကုသိုလ်ရနေသည်ပဲ ဟု ပြောနေတတ်ပေသည်။ သူတို့၏ အယူအဆ လုံးဝမှားနေသည်ဟုတော့မဆိုလို။ သို့သော် ပြည့်စုံမှုမရှိသေးတဲ့ မပြည့်စုံတဲ့ သာမန် အသိတစ်ခုအဖြစ်သာ အသိအမှတ်ပြုရမည် ထင်ပါ သည်။

အဘိဓမ္မာတွင်ဟောကြားအပ်သော စိတ်အကြောင်းသည်ကား သိဖို့လဲတကယ်လိုအပ်သလို၊ သိတဲ့အတိုင်း စိတ်ဖြူစင်အောင် ကျင့်ဖို့လဲ လိုအပ်လှသည်။ အသိမပါသည့် အကျင့်သည် မှားယွင်းသည့်လမ်းသို့ ပို့ပေးနိုင်သလို အကျင့်မပါသည့် အသိသည်လည်း လွဲမှားသော အပြုအမူကို ဖန်တီးပေးတတ်သည်။ ထိုအကြောင်းများကို လောကီစိတ် (၈၁) ပါးတွင်ပါဝင်သော မဟာကုသိုလ်၊ ရူပကုသိုလ်နှင့် အရူပကုသိုလ်တို့ကို အနည်းငယ်မျှ ထုတ်ပြလိုပေသည်။ ထိုကဲ့သို့ ထုတ်ပြရခြင်းမှာ ကောင်းကံလုပ်သူများ တစ်ခါလုပ်ရုံနှင့် တစ်ဘဝ၊ တစ်သံသရာအတွက် လုပ်ပြီးသားဖြစ်ဖို့ ရည်ရွယ်ခြင်းပါ။

သာမန်ကုသိုလ်ဖြစ်သည့် ဒါနတစ်ခုကိုပြုလုပ်ရာ၌ပင် စိတ်ကောင်းကို အမြင့်ဆုံးထားရမည်ကို ဒါနနှင့်ရင်းနှီးပြီးသူများ သေချာစွာသိထားသင့်သည်။ အဘယ်ကြောင့်ဆိုသော် ကာမ (၁၁) ဘုံတွင် ကောင်းကံနှင့်ပတ်သက်၍ ကောင်းကျိုးကိုပေးနိုင်မည့် ကာမမဟာကုသိုလ် ကြောင့်ဖြစ်သော မဟာဝိပါက်စိတ်များ (၈) ပါးရှိသောကြောင့်တည်း။ ကောင်းသည့်အကျိုးကို တကယ်မျှော်ကိုးသည်ပင်ဆိုဦး ကောင်းသည့်အကြောင်းကို တိကျစွာ ပြုလုပ်ရမည့်သူမှာ အလှူရှင်များပင်။ ကောင်းသည့်အကြောင်းလည်း အကျိုးနှင့်ထပ်တူ (၈) ပါးပင်ရှိသည်။ ထို (၈) မျိုးသောကုသိုလ်တို့တွင် တစ်ခုနှင့်တစ်ခု အကျိုးပေးပုံခြင်းမတူသည်ကတော့ အသေအချာ။

မဟာကုသိုလ် (၈) ခု တို့တွင် ပါဝင်သော စိတ်ပါ=သောမနဿ၊ ဉာဏ်ယှဉ်=ဉာဏ သမ္ပယုတ်၊ သူများမခိုင်းဘဲလုပ် = အသင်္ခါရိက စိတ်တစ်ခုနှင့် စိတ်မပါ=ဥပေက္ခာ၊

ဉာဏ်ယှဉ်=ဉာဏသမ္ပယုတ်၊ သူများမခိုင်းဘဲလုပ်=အသင်္ခါရိက တစ်ခုပေါင်း (၂) ပါးသော ကုသိုလ်စိတ်ကသာ ပြည့်စုံသည့်အကျိုးကို ပေးနိုင်သည်။ ထိုနှစ်ပါးတို့သည်လည်း ကံကို သာယုံကြည်၍ ပြုလုပ်သော ဉာဏ်မျိုးဖြစ်ပါက ရလာသည့်အကျိုးများမှာ ဥစ္စာပြည့်စုံရုံသာ ဖြစ်နိုင်ပြီး စိတ်ထားပြည့်ဝဖို့က မလွယ်ကူသောအဖြစ်ပင်။

ဒါနကုသိုလ်လုပ်ကတည်းက အကျိုးလောက်သာ မျှော်ကိုးလုပ်ခဲ့သည့်ဉာဏ်က အကျိုးရပြီးနောက် အပိုအတွေးဖြစ်သည့် အတိတ်ကံကြောင့် ယခုဘဝမှာပြည့်စုံရသည်၊ ပြည့်စုံခြင်းသည်လည်း မမြဲမှု အနိစ္စ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခနဲ့ မပျောက်ပါစေနဲ့ မပျက်ပါစေနဲ့ တောင်းဆုပြုလို့မရအောင် သူ့သဘောအတိုင်းဖြစ်တတ်သည့် အနတ္တ သဘာဝပင်ဖြစ်သည်ဟု တွေးမိဖို့ ခက်လေသည်။ မတွေးမိသူတစ်ယောက်ဟာ မလုပ်သင့်၊ မပြောသင့်၊ မကျူးလွန်းသင့် တာကို နားမလည်တော့ဘဲ အပြစ်ကိုကျူးလွန်မိ၊ မာနတွေ အလွန်အကျွံထားမိမှာ ကေန်ပင်။ ထိုကဲ့သို့ ကံကြောင့်ပြည့်စုံရသောဘဝကို အသိမရှိဘဲ မသိနဲ့ဦးဆောင်ပြီး မကောင်းကံများကို ကျူးလွန်မိပါက မကောင်းသူတို့ သွားရာလမ်း သို့သာ လိုက်သွားရမည့် သူတစ်ယောက် ဖြစ်ရပေလိမ့်မည်။

ထို့ကြောင့် ပစ္စည်းလည်းပြည့်စုံ၊ ကျန်းမာရေးလည်းကောင်း၊ စိတ်လည်းချမ်းသာ၊ ဘဝ တိုတိုနှင့် နိဗ္ဗာန်ကိုအမြန်ရောက်လိုပါက ပြောခဲ့သည့် ကာမစိတ် (၂) ခုဖြင့်သာ ကုသိုလ် လုပ်သင့်ပေသည်။ အသိဉာဏ်ကိုလည်း အမြင့်ဆုံးဖြစ်သည့် ဝိပဿနာဉာဏ် ရောက်အောင် ထားရှိနိုင်မှ တိဟိတ်ကာမကုသိုလ်ကံ အကျိုးကိုရစေနိုင်သည်။ ဈာန်၊ မဂ်၊ ဖိုလ် တို့ကိုရကာ ဘဝ အေးချမ်းပေလိမ့်မည်။ သို့မဟုတ်ပါက ကုသိုလ်ရသည်၊ ကုသိုလ် ဖြစ်လျှင်ပြီးရော စသည့်အတွေးဖြင့် ရိုးရာကုသိုလ်ကိုသာ ပြုလုပ်နေပါက အသိဉာဏ်ပါ သော်လည်း ယုတ်ညံ့သော ဒွိဟိတ် ကံ အကျိုးကိုသာရနေမည်။ ထိုကံနှစ်ပါးကသာ အကျိုးပေးမည်ဆိုပါက အကျိုးပေးခံရသူများ မည့်သည့် နည်းနှင့်မျှ မြင့်မြတ်သည့် ဈာန် တရားတို့ကို မရတော့သည့်အပြင် ဉာဏ်တရား၏ အကျိုးပေးရာ မဂ်ကိုလည်း မည့်သည့် နည်းနှင့်မျှ ရလိမ့်မည်မဟုတ်တော့ပါ။

ထို့အပြင် အသိဉာဏ်မပါဘဲ ပြီးရင်ပြီးရော အတွေးနဲ့ ကုသိုလ်ပြုလုပ်ခဲ့ခြင်းနှင့် ကုသိုလ် ပြုလုပ်ရာတွင်လည်း အကုသိုလ်ကို ဖြစ်စေနိုင်မည့် အခြားပျော်ရွှင်စရာများ ပါဝင် စေခြင်းက ဒွိဟိတ်အကျိုးကို ပေးသည့်အပြင်၊ ကံနှင့်စပ်၍ အသိဉာဏ်ဆိုတာမရှိ၊ ဘာကြောင့်ဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုလုပ်ရသည်ဟုပင် မသိတော့ဘဲ အများရိုးရာ အတိုင်း ကုသိုလ် ပြုလုပ်နေပါက ယုတ်ညံ့သော သုဂတိအဟိတ်အကျိုးကို ပေးပေ လိမ့် မည်။ ကောင်းမှုကုသိုလ် လုပ်တဲ့အချိန်က အကောင်းအဆိုး၊ အကြောင်းအကျိုးကို

မသိနိုင်ခဲ့ပေမယ့် အကျိုးရရှိချိန်တွင်တော့ သိသူဖြစ်စေ၊ မသိသူဖြစ်စေ ကိုယ်လုပ်ခဲ့တဲ့၊ ဉာဏ်နည်းခဲ့တဲ့အတိုင်း အကျိုးခံစားရမည်ကတော့ မြေကြီး လက်ခတ်မလွဲပင်။ ကုသိုလ်ပြုလုပ်ခဲ့တာချင်းအတူတူ အကျိုးရသည့်အချိန် ကွဲပြားခြားနားရတာကတော့ အသိဉာဏ်ကွာခြားခဲ့လို့ပါပဲ။

တနည်းအားဖြင့်ပြောရသော် ကုသိုလ်လုပ်နေရင်ပြီးရော စသည့်အတွေးဖြင့် ကောင်းမှုကုသိုလ် မည်ကဲ့သို့ပြုလုပ်သင့်သည်၊ ဘာကြောင့် ဒါန၊ သီလ၊ ဘာဝနာ စသည်ကိုပြုလုပ်သည် ဟု အခြေခံကျသည့် အသိကိုမရှာခဲ့ဘဲ ဖြစ်သလိုပြုလုပ်ခဲ့သည့် ကုသိုလ်၏ အကျိုးဆက်ပင်တည်း။ ကာမကုသိုလ်၏ အကျိုးပေးရာတွင်သာ အသိအခြေခံနည်းသည့် အတွက်ကြောင့် အကျိုးပေး နည်းရသည်သာ မဟုတ်သေး။ ရူပကုသိုလ် ပြုလုပ်ရာတွင်လည်း အသိကအရေးကြီးပြန်သည်။ သမထတရား အားထုတ်သည့် အတွက် ဈာန်အဆင့်ဆင့်တက်ကာ ပဥ္စမဈာန်ကိုရပြီးနောက် မှားယွင်းသည့်အတွေးက လွဲချော်သည့် လမ်းကိုပို့ပေးတတ်ပြန်သည်။

ပဥ္စမဈာန်ဟူသည် အတော့်ကိုမြင့်မားသည့် ကုသိုလ်တစ်မျိုးပင်။ သာမန်ပုဂ္ဂိုလ်များ ရထိုက်သည်မဟုတ်၊ တိဟိတ်ပုဂ္ဂိုလ်တို့သာ ရထိုက်သော ဈာန်ဖြစ်သည်။ သို့သော် အကုသိုလ် ပြုလုပ်ခြင်းသည် ရုပ်ကြောင့် ပြုလုပ်သည်မဟုတ် စိတ်ကြောင့်သာပြုလုပ်မိသည်၊ ဤကဲ့သို့ ညစ်နွမ်းသောစိတ်များ ရှိနေပါက အကုသိုလ်ကို လုပ်နေဦးမှာအမှန်ပင်ဟု စိတ်ကိုရွံမုန်းကာ တရားအားထုတ်မိလေသောကြောင့် စိတ်မရှိရာ အသညသတ်ဘုံသို့ ရောက်ရပေသည်။ ထို့အတူ ပဥ္စမဈာန်ကိုအခြေခံပြီး သမထတရားကို အားထုတ်ခြင်းကြောင့် အရူပဈာန်များကိုလည်း ရကြသေးသည်သာ။

အရူပ=ရုပ်မရှိရာဘုံသို့ ရောက်ရခြင်းကား အသိဉာဏ်ကို အသုံးမချခဲ့မှု ကြောင့်သာတည်း။ အကုသိုလ်အပြစ် ကျူးလွန်သူများသည် စိတ်ကြောင့် ကျူးလွန်ကြသည်မဟုတ်၊ ရုပ်ဖြင့်သာ ကျူးလွန်ကြပေသည်။ ရုပ်မရှိပါက အပြစ်ကျူးလွန်မည်မဟုတ်ဟု ရုပ်အပေါ် ရွံမုန်းသောစိတ်ဖြင့် တရားအားထုတ်မိသောကြောင့် ရုပ်မရှိရာ အရူပဘုံသို့ ရောက်ရသည်။ ထိုပုဂ္ဂိုလ်တို့သည် မြင့်မြတ်သော စိတ်ထားရှိသူများသာဖြစ်ကြသည်။ သို့သော် ကောင်းစိတ်ကို မည့်ကဲ့သို့ အသုံးချသင့်သည်၊ ရလာဖြစ်လာသည့် အကျိုးများသည် အကြောင်းကြောင့်ဖြစ်သည်၊ အကြောင်းညံ့က အကျိုးညံ့မည်၊ အကြောင်းကောင်းက အကျိုးကောင်းမည်ဟု ဉာဏ်ယှဉ်လျက် မတွေးမိဘဲ ကောင်းစိတ်ရှိလျှင်ပြည့်စုံသည်ဟု မှားယွင်းသည့် အတွေးများ ဖြစ်ပေါ် လာခြင်း၏ အကျိုးဆက်ပေတည်း။

ထို့ကြောင့် လောကီစိတ်များဖြင့် ဘဝကိုဖြတ်သန်းကာ ရှင်သန်နေကြသော ပုထုဇဉ်များသည် ကောင်းစိတ်ရှိလျှင် ပြည့်စုံသည်ဟု အတွေးမရောက်စေဘဲ ကောင်းစိတ်ဟူသည် မည်ကဲ့သို့ကောင်းသည့်စိတ်ကို ဆိုလိုသည်၊ မည်သို့ကောင်းမှ အကောင်းဆုံးဖြစ်နိုင်သည်၊ မည်သည့်အကြောင်းကြောင့် ကောင်းစိတ်ကိုဖြစ်စေရသည်ဟု အတွင်းကျသည့် အသိဉာဏ် အခြေခံကို သိအောင်လုပ်သင့်ပေသည်။ ထိုသို့မဟုတ်ဘဲ သတိရှိရင်ပြီးရော၊ ကောင်းစိတ်ရှိရင် ပြီးရောဟု အတွေးရောက်လျက် မှန်ကန်သည့်အကျင့်မပါဘဲ ဘဝကို ဒီအတိုင်းသာ ဆက်သွား နေပါက ဒုက္ခသံသရာတွင်းမှ လွတ်မည်မဟုတ်ပေ။

သံသရာတွင်ကျင်လည်နေရမည်ဆိုပါကလည်း မည့်သည့်နည်းနှင့်မျှ ပြည့်စုံသည့်ဘဝဖြင့် ဘဝကိုဦးဆောင်နိုင်မည်မဟုတ်ဘဲ ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက်ဖြင့် ဘဝကိုဖြတ်သန်း နေဦးမည်မှာ အသေအချာပင်။

ထို့ကြောင့် မှန်ကန်သည့်အသိဉာဏ် (ဝိပဿနာဉာဏ်-သမ္မာဒိဋ္ဌိ) ကို ဦးဆောင်နိုင်အောင် ကျိုးစားလျက် ဘဝအတွက် အသိကို စုဆောင်းသင့်ပေသည်။ မှန်ကန်သည့်အသိကို ရှာရင်း ကောင်းမွန်သည့် အကျင့်များ ကျင့်နိုင်အောင် ကြိုးစားပါက လောကီအသိပင် ဖြစ်လင့်ကစား ဝိပဿနာဉာဏ် ဦးဆောင်ဦးရွက်ပြုနေသည့်အတွက် ခက်ခဲသည်ထင်ရသော လောဘ စသော ကိလေသာတို့ ကင်းရာ နိဗ္ဗာန်ကား လက်တစ်ကမ်းတွင်ရှိနေသည်သာတည်း။

## လောကုတ္တရာစိတ် (၈)ပါး

တဏှာ၊ ဒိဋ္ဌိဖြင့် စွဲလမ်းအပ်သော ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော လောကမှ ထွက်မြောက်သောစိတ်ကို လောကုတ္တရာစိတ်ဟုခေါ်သည်။ (လောက-ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော လောက၊ ဥတ္တရ-လွန်မြောက်ခြင်း၊ ထွက်မြောက်ခြင်း)

**မှတ်ချက်။ ။** လောကုတ္တရာ၏အမည်သည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၏ အမည်ဖြစ်သော်လည်း စိတ်ပိုင်း၌ စိတ်အကြောင်းကိုသာပြမည်ဖြစ်သောကြောင့် မဂ်နှင့်ဖိုလ်ကိုသာ လောကုတ္တရာဟုဆိုသည်။

### *အရိယာပုဂ္ဂိုလ်များအတွက်*
### *မဂ်ကုသိုလ် (၄)ပါး*

၁။သောတာပတ္တိ မဂ်ကုသိုလ်
၂။ သကဒါဂါမိ မဂ်ကုသိုလ်
၃။ အနာဂါမိ မဂ်ကုသိုလ်
၄။ အရဟတ္တ မဂ်ကုသိုလ်

## *ဖိုလ် ဝိပါက် (၄)ပါး*

၁။ သောတာပတ္တိဖိုလ်
၂။ သကဒါဂါမိဖိုလ်
၃။ အနာဂါမိဖိုလ်
၄။ အရဟတ္တဖိုလ်
ပေါင်း လောကုတ္တရာတရားစိတ် (၈) ပါး

## လောကုတ္တရာစိတ် ရှင်းလင်းချက်

အရိယာမဂ် တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာရောက်ခြင်းဖြင့် ရအပ်သော မဂ်နှင့်ယှဉ်သောစိတ်ကို သောတာပတ္တိမဂ်စိတ်ဟုခေါ်သည်။ (သောတ-နိဗ္ဗာန်သို့ အရိယာမဂ် တည်းဟူသော ရေအယဉ်၊ အာပတ္တိ-ရောက်ရှိသူ) အရိယာမဂ် တည်းဟူသော ရေအယဉ်သို့ ရှေးဦးစွာ ရောက်ခြင်း၏အကျိုးဖြစ်သောစိတ်သည် သောတာပတ္တိဖိုလ်စိတ် မည်၏။

သောတာပတ္တိမဂ်စိတ် ဖြစ်သည်နှင့်တပြိုင်နက် အကုသိုလ် (၁၂) ပါးတို့တွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄) ပါးနှင့် ဝိစိကိစ္ဆာစိတ် (၁) ပါး၊ ပေါင်း (၅) ပါးသော အကုသိုလ် စိတ် တို့ကို အကြွင်းမဲ့ပယ်လေသည်။ ထိုသောတာပန်များသည် ထိုအကုသိုလ်များကို ပယ် ထားသောကြောင့် မည်သည့်အကြောင်းကြောင့်မျှ အပါယ်သို့ မရောက်ရတော့ပေ။

## သောတာပန် (၃)မျိုး

၁။ တစ်ဘဝသာပဋိသန္ဓေနေခွင့်ရှိသော ဧကဗီဇီသောတာပန်
၂။နှစ်ဘဝမှ ခြောက်ဘဝအတွင်း သင့်သလိုပဋိသန္ဓေနေခွင့်ရှိသော ကောလံကောလ သောတာပန်
၃။ ခုနစ်ဘဝပဋိသန္ဓေနေခွင့်ရှိသော သတ္တက္ခတ္တုပရမ သောတာပန်တို့တည်း။

## သောတာပန် (၃)မျိုးပြားရကြောင်း

ပင်ကိုပါရမီဓာတ်ခံအလိုက် နူးညံ့သောသဒ္ဓါ၊ ပညာစသော ဣန္ဒြေရှိသော မုဒိန္ဒြိယ ပုဂ္ဂိုလ်၊ အလတ်တန်းစား ဣန္ဒြေရှိသော မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်၊ ထက်မြက်သော ဣန္ဒြေရှိသော တိက္ခိန္ဒြိယပုဂ္ဂိုလ်ဟု သဒ္ဓိန္ဒြေစသောဣန္ဒြေတို့က ခြားနား ခြင်းကြောင့် သောတာပန် သုံးမျိုး ကွဲပြားရ သည်။

ဧကဗီဇီသည် သောတာပန်ဖြစ်ပြီးနောက် တစ်ဘဝ ပဋိသန္ဓေနေပြီးလျှင် ထိုဘဝ၌ပင် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်၏။ ကောလံကောလသည် အလွန်ဆုံး (၆)ဘဝ ပဋိသန္ဓေ နေရ၏။ ထို(၆)ဘဝအတွင်း၌ နောက်ဆုံးဘဝ မရောက်ခင် သကဒါဂါမ်ဖြစ်နိုင်၏။ နောက်ဆုံးဘဝ ကျမှလည်း သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်၏။ သတ္တက္ခတ္တုပရမ ပုဂ္ဂိုလ်လည်း (၇)ဘဝလုံး သောတာပန်အဖြစ်ဖြင့်ချည်း ပဋိသန္ဓေနေသူ (၆) ခုမြောက်ဘဝဝယ် သကဒါဂါမ် ဖြစ်သူဟု နှစ်မျိုးပင်ရှိကောင်း၏။ (၇) ဘဝမြောက်၌ကား မုချ အနာဂါမ်၊ ရဟန္တာ ဖြစ်ရမည်။ဤဧကဗီဇစသော သုံးမျိုးကိုလည်း ကာမဘုံသားတို့အတွက်သာ ခွဲခြားချက်တည်း။

**မှတ်ချက်။** ။ ယခုအခါ တာဝတိံသာ၌ တည်ရှိ၍ အထက်နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ဘုံစဉ်စံ ဖြစ်ပြီးလျှင် အကနိဋ္ဌဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်စံဝင်မည့် သိကြားမင်းစသော သောတာပန်တို့မှာ ဤ သတ္တက္ခတ္တုပရမ စသောသုံးမျိုး၌ မပါဝင်ချေ။ ထို့အပြင် လူပြည်၌ချည်း သက်သက် (၇)ကြိမ် ပဋိသန္ဓေနေသူ၊ နတ်ပြည်၌ချည်းသက်သက် (၇)ကြိမ် ပဋိသန္ဓေနေသူ ဤပုဂ္ဂိုလ်များလည်း ထို သုံးမျိုးတွင် မပါဝင်ကြ။

## သကဒါဂါမ်

ကာမဘုံသို့ တစ်ကြိမ်ပြန်လာ၍ ပဋိသန္ဓေနေမည့် အရိယာပုဂ္ဂိုလ်ကို သကဒါဂါမ် ဟု ခေါ်သည်။ (သကိံ -တစ်ကြိမ်၊ အာဂါမိ-လာ၍ပဋိသန္ဓေနေမည့်သူ)

**မှတ်ချက်။** ။ ကာမဘုံသို့တစ်ကြိမ်ပြန်လာ၍ပဋိသန္ဓေနေသည်ဟူရာ၌လည်း ဗြဟ္မာ့ပြည်မှ ပြန်လာမှုကိုမဆိုလို။ ကာမဘုံ အချင်းချင်းသာ ဆိုလိုသည်။ သကဒါဂါမ်ပုဂ္ဂိုလ်ပယ်သော အကုသိုလ် သီးသန့်မရှိ။ ကာမရာဂနှင့်ဗျာပါဒ တို့ကို ပါးအောင်သာ ပြုပေးသည်။

## သကဒါဂါမ် (၆)မျိုး

၁။ ဣဓ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ = ဤလူ့ပြည်၌ သကဒါဂါမ်အဖြစ်သို့ရောက်၍ ဤလူ့ပြည်၌ပင် ဘဝမခြားဘဲ ဆက်လက်၍ အနာဂါမ်၊ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံသူ။

၂။ ဣဓ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ = ဤလူ့ပြည်၌ သကဒါဂါမ်အဖြစ်သို့ရောက်၍ ဒုတိယဘဝဝယ် ထိုနတ်ပြည်၌ ပဋိသန္ဓေနေ၍ အနာဂါမ်၊ ရဟန္တာဖြစ်လျက် ပရိနိဗ္ဗာန်စံသူ။

၃။ တတ္ထ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ = ထိုနတ်ပြည်၌ သကာဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ပင် ဒုတိယဘဝ ပဋိသန္ဓေ နေပြီးလျှင် ပရိနိဗ္ဗာန်စံသူ။

၄။ တတ္ထ ပတ္ဘာ ဣ္ထ ပရိနိဗ္ဗာယီ = ထိုနတ်ပြည်၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ပြည်၌ ဒုတိယ ဘဝ ပဋိသန္ဓေနေပြီး လျှင် ပရိနိဗ္ဗာန်စံသူ။
၅။ ဣ္ထ ပတ္ဘာ တတ္ထ နိဗ္ဗတ္တိတွာ ဣ္ထ ပရိနိဗ္ဗာယီ =ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ်၍ ဒုတိယ ဘဝဝယ် နတ်ပြည်၌ ပဋိသန္ဓေနေ၊ တတိယဘဝ၌ ဤလူ့ပြည်ဝယ် ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်စံ သူ။
၆။ တတ္ထ ပတ္ဘာ ဣ္ထ နိဗ္ဗတ္တိတွာ တတ္ထ ပရိနိဗ္ဗာယီ = ထိုနတ်ပြည်၌ သကဒါဂါမ်ဖြစ်၊ ဤ လူ့ ပြည်၌ ပဋိသန္ဓေနေသူ၊ ဤလူ့ပြည်မှ တစ်ဖန် ထိုနတ်ပြည်၌ ပြန်၍ ပရိနိဗ္ဗာန်စံသူ။

## အနာဂါမ်

ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် ကာမဘုံသို့ လုံးဝ မလာတော့သောပုဂ္ဂိုလ်ကို အနာဂါမ် ပုဂ္ဂိုလ်ဟုဆိုသည်။ (အာဂါမီ-ကာမဘုံသို့ ပဋိသန္ဓေ အားဖြင့် လာသူသည်၊န-မဟုတ်)

## အနာဂါမ်အပြား (၅) ပါး

၁။ အန္တရာပရိနိဗ္ဗာယီအနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတွင် မိမိရောက်ရာဘုံ၏ အသက် အပိုင်း အခြား ရှေ့ထက်ဝက်အတွင်း ရဟန္တာဖြစ်သော အနာဂါမ်။
၂။ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတွင် မိမိရောက်ရာဘုံ၏ အသက် ထက်ဝက် ကို လွန်ပြီးမှ ရဟန္တာဖြစ်သော အနာဂါမ်။
၃။ အသင်္ခါပရိနိဗ္ဗာယီ အနာဂါမ် = ဆင်းဆင်းရဲရဲ အလွန်လုံ့လမပြုဘဲ ကိလေသ ပရိ နိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။
၄။ သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ် = ဆင်းဆင်းရဲရဲ ငြိုငြင်ပင်ပန်းစွာ အလွန်လုံ့လပြု ပြီးမှ ကိလေသ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။
၅။ ဥဒ္ဓံသောတအကနိဋ္ဌ အနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတို့တွင် အောက်အောက်သော ဘုံတို့၌ အရဟတ္တမဂ်ကို မရမူ၍ အထက်ဆုံးဖြစ်သော အကနိဋ္ဌဘုံသို့ရောက်မှ ရဟန္တာဖြစ် သော အနာဂါမ် အားဖြင့် ငါးမျိုးရှိလေသည်။

**မှတ်ချက်။ ။** အနာဂါမ်ပုဂ္ဂိုလ်သည် ကာမရာဂ နှင့် ဗျာပါဒတို့ကို အကြွင်းမဲ့သည်။ ထို့ကြောင့် အကုသိုလ် (၁၂) ပါး တို့တွင် သောတာပန်ပယ်အပ်သော အကုသိုလ်အပြင် ဒေါသ နှစ်ပါးကိုပါ ထပ်ပယ်သည်။

## အရဟတ္တ (ရဟန္တာ)

ကိလေသာရန်သူကိုပယ်သတ်ပြီးသူကို အရဟတ္တ (ရဟန္တာ) ဟုခေါ်သည်။ (အရိ-ကိလေသာရန်သူ၊ ဟန-သတ် ပြီးသူ)

## ရဟန္တာ (၅)မျိုး

၁။ ပညာဝိမုတ္တရဟန္တာ။ ၂။ ဥဘတောဝိမုတ္တရဟန္တာ ၃။ တေဝိဇ္ဇရဟန္တာ ၄။ ဆဠဘိညာ ရဟန္တာ နှင့် ၅။ ပဋိသမ္ဘိဒါပတ္တရဟန္တာတို့တည်း။

**မှတ်ချက်။** ။ အရဟတ္တမဂ်ရသည်နှင့်တပြိုင်နက် အောက်မဂ်များ မပယ်နိုင်သေးသော ကိလေသာအားလုံးကို အကြွင်းမရှိပယ်လေသည်။ ထို့ကြောင့် အကုသိုလ် (၁၂) ပါးတို့တွင် ပယ်ရန် ကျန်ရှိနေသေးသော ဒိဋ္ဌိဂတဝိပ္ပယုတ် (၄)ပါးနှင့် ဥဒ္ဓစ္စသဟဂုတ်စိတ် တစ်ပါး ပေါင်း (၅) ပါးကို ပယ်သည်။ ဖိုလ်(၄) ပါးတို့သည် မဂ် ပယ်အပ်ပြီးသောကိလေသာ အကုသိုလ် တို့ကို ငြိမ်းအောင် ပြုလုပ်ပေးခြင်း အစွမ်းရှိ၏။

ဥပမာ။ မီးငြိမ်းပြီးသော်လည်း ပူနေသေးသောပြာပူကို အပူလုံးဝကင်းပျောက် အအေးရောက်စေရန် ထပ်၍ ရေလောင်းသကဲ့သို့တည်း။

## စိတ် (၈၉)ပါးတို့တွင်ပါဝင်သော ဝိပါက်စိတ်တို့ ကွဲပြားပုံ

ရူပ၊ အရူပ၊ လောကုတ္တရာကုသိုလ်တို့သည် (ကုသိုလ် ၅ ပါးရှိလျှင် ဝိပါက်လည်း ၅ ပါး စသည်ဖြင့်) တူသောအကျိုးကို ပေးကုန်၏။ ကာမကုသိုလ်ကား အဟိတ်ကုသလ ဝိပါက် တည်းဟူသော မတူသောအကျိုးကိုလည်းပေး၏။ မဟာဝိပါက်တည်းဟူသော တူသောအကျိုး ကိုလည်းပေး၏။ ထိုသို့ပေးရာ၌ ရူပ၊အရူပကုသိုလ်သည် အနှောင့်အယှက် မရှိလျှင် အခြားမဲ့ဘဝ၌ မြဲသောအကျိုးပေးရာ ကာလရှိသောကြောင့် တူသောအကျိုး ကိုသာပေး၏။ လောကုတ္တရာ ကုသိုလ်သည်လည်း မိမိ၏အခြားမဲ့၌ မြဲသော အကျိုးပေးရာ ကာလရှိသောကြောင့် တူသောအကျိုးကိုသာ ပေး၏။ ကာမကုသိုလ်ကား ပစ္စုပ္ပန် ဘဝ၌ ဒိဋ္ဌဓမ္မအကျိုး၊ နောက်နောင်ဘဝ၌ ဥပပဇ္ဇဝေဒနိယအကျိုး၊ အပရာပရိယဝေဒနိယ အကျိုးဟု အမျိုးမျိုးသော အကျိုးပေးရာကာလ ရှိသောကြောင့် တူ၊ မတူ နှစ်ပါးစုံအကျိုးကို ပေးရသည်။

## လောကုတ္တရာစိတ်၌ ကြိယာမရှိခြင်းအကြောင်း

မဂ်စိတ်၏ တစ်ကြိမ်တည်းသာ ဖြစ်ရိုးရှိသောကြောင့် လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိပါ။ မဂ်စိတ်သည် တစ်ကြိမ်ဖြစ်ရုံမျှဖြင့် ဆိုင်ရာကိလေသာ ပယ်ခြင်းကိစ္စကို ပြီးစေနိုင်သောကြောင့် တစ်ကြိမ်သာ ဖြစ်ရိုးရှိသည်။

## စိတ် (၈၉)ပါးကို ဇာတ်အားဖြင့်ရေတွက်ခြင်း

မျိုးရိုးဇာတိဟူသောအသုံးအနှုန်းအတိုင်း ပရမတ္ထတရားတို့၏ မျိုးရိုးကို ဇာတိ-ဇာတ်ဟုခေါ်သည်။ ထိုဇာတ်သည် အကုသိုလ်ဇာတ်၊ ကုသိုလ်ဇာတ်၊ ဝိပါက်ဇာတ်၊ကြိယာဇာတ်ဟု (၄)မျိုးရှိသည်။ ထို့ကြောင့် အကုသိုလ်ဇာတ် (၁၂)ပါး၊ ကုသိုလ်ဇာတ် (၂၁)ပါး၊ ဝိပါက်ဇာတ် (၃၆) ပါး နှင့် ကြိယာဇာတ် (၂၀)ပါး အားဖြင့် စိတ်သည် (၈၉)ပါး ဖြစ်ရသည်။

## စိတ် (၈၉)ပါးကို ဘုံအားဖြင့်ရေတွက်ခြင်း

ဘုံသည် ဌာနဘုံ၊ အဝတ္ထာဘုံ ဟု (၂) မျိုးရှိ၏။ ထိုတွင်ဌာနဘုံသည် ယခုမျက်မြင်အားဖြင့် တည်ရာဌာနရကောင်းသော အပါယ်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့တည်း။ အဝတ္ထာဘုံ ဟူသည်ကား တဏှာသုံးရပ်ဖြင့် သတ်မှတ် အပ်သော တရားအပေါင်းတည်း။

၁။ ကာမတဏှာ၏ အာရုံပြုရာနယ်ပယ်ဟု ကာမတဏှာဖြင့် ပိုင်းခြား သတ်မှတ်အပ်သော ကာမစိတ်၊ စေတသိက်၊ ရုပ်အားလုံးသည် ကာမအဝတ္ထာဘုံ မည်၏။

၂။ ရူပတဏှာ၏ အာရုံပြုရာနယ်ပယ်ဟု ရူပတဏှာဖြင့် ပိုင်းခြား သတ်မှတ်အပ်သော ရူပစိတ်၊ စေတသိက်သည် ရူပအဝတ္ထာဘုံ မည်၏။

၃။ အရူပတဏှာ၏ အာရုံပြုရာနယ်ပယ်ဟု အရူပတဏှာဖြင့် ပိုင်းခြား သတ်မှတ်အပ်သော အရူပစိတ်၊ စေတသိက်သည် အရူပအဝတ္ထာဘုံမည်၏။

၄။ ဤတဏှာသုံးပါးတို့ အာရုံမပြုနိုင်သော နယ်ပယ်တရပ်ဟု သတ်မှတ် အပ်သော နိဗ္ဗာန်နှင့်တကွ လောကုတ္တရာစိတ်၊ စေတသိက်သည် လောကုတ္တရာ အဝတ္ထာဘုံမည်၏။ ဤသို့ အဝတ္ထာဘုံ (၄)မျိုးရှိသည်။

ထို့ကြောင့် ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ ဟုဆိုရာ၌ ဌာနဘုံလည်း ရကောင်း၏၊ အဝတ္ထာ ဘုံလည်း ရကောင်း၏။ လောကုတ္တရာဘုံဟု ဆိုရာ၌ကား အဝတ္ထာဘုံတစ်မျိုးသာ ရကောင်းသည်။

## စိတ်အကျယ် (၁၂၁) ပါး
## လောကုတ္တရာစိတ်အကျယ် (၄၀)ဖြစ်ပုံ
## ဈာန် (၅)ပါးဖြင့် မြှောက်ပုံ

သောတာပတ္တိမဂ်ကုသိုလ်တစ်ပါးတွင် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါ (၅)ပါးနှင့် တကွဖြစ်သော သောတာပတ္တိမဂ် ပဌမဈာန် (၁)ပါး၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာန်အင်္ဂါ (၄) ပါးနှင့်တကွဖြစ်သော

သောတာပတ္တိမဂ် ဒုတိယဈာန် (၁)ပါး စသည်ဖြင့် ဈာန်အင်္ဂါ (၅)မျိုးပြားသောကြောင့် သောတာပတ္တိမဂ်သည် လည်း (၅)မျိုး ပြားရလေသည်။

သောတာပတ္တိ မဂ်ကုသိုလ်သည် ဈာန်အင်္ဂါ အားဖြင့် ငါးပါးပြားရသကဲ့သို့ သကဒါဂါမိမဂ် ၌လည်း ငါးပါးပြားရသည်။ ထို့အတူ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့၌လည်း ငါးပါးစီပြားလေ သောကြောင့် မဂ်လေးပါးတို့သည် အကျယ်အားဖြင့် (၂၀) ဖြစ်ရလေသည်။ မဂ် (၂၀) ပြား သကဲ့သို့ အကျိုးဖြစ်သော ဖိုလ်သည်လည်း ဈာန်အင်္ဂါအားဖြင့် (၂၀) ပြားလေသောကြောင့် လောကုတ္တရာ စိတ်သည် အကျယ်အားဖြင့် (၄၀)ပါးဖြစ်ရသည်။

ထိုသို့ လောကုတ္တရာစိတ် အကျယ် (၄၀)ပြားသောကြောင့် လောကီစိတ် (၈၁)ပါး နှင့် လောကုတ္တရာစိတ် (၄၀) တို့ကိုပေါင်းပါက စိတ်အကျယ် (၁၂၁)ပါးဖြစ်၏။

## လောကုတ္တရာ၌ ပဌမဈာန် စသည် ကွဲပြားပုံ

မဂ်ကိုအားထုတ်သော ယောဂီ၏သန္တာန်၌ မဂ်ရခါနီး၀ယ် ၀ုဋ္ဌာနဂါမိနီခေါ် ၀ိပဿနာဉာဏ် ဖြစ်ပေါ်လာ၏။ ထို၀ိပဿနာ၏ သတ္တိအမျိုးမျိုးအလိုက် အချို့ယောဂီ၌ ပဌမဈာန် သောတာပတ္တိမဂ်ဖြစ်၍ အချို့အချို့၌ ဒုတိယဈာန် သောတာပတ္တိမဂ်စသည် ဖြစ်လေသော ကြောင့် လောကုတ္တရာ၌ ပဌမဈာန် စသည်ဖြင့်ကွဲပြားသည်။

**မှတ်ချက်။** ။ *မဂ်ကြောင့်ဖြစ်သော လောကုတ္တရာစိတ်အကျယ် (၂၀)တို့တွင် စတုတ္ထဈာန်အထိ ရှေ့ဈာန် (၄) ပါးကား သုခပါ၀င်လေသောကြောင့် ဝေဒနာအားဖြင့် သောမနဿဝေဒနာ ဖြစ်သည်။ ပဥ္စမဈာန် တစ်ခုသာ ဥပေက္ခာဖြစ်သောကြောင့် မဂ် လေးပါး၌ သောမနဿ (၁၆)ပါးရှိ၍ ဥပေက္ခာ (၄)ပါးရှိသည်။ ထို့အတူ ဖိုလ်စိတ်၌လည်း သောမနဿ(၁၆)ပါး ဥပေက္ခာ (၄)ပါး ရှိလေရကား လောကုတ္တရာစိတ်၌ သောမနဿ (၃၂)ပါး ရှိကာ ဥပေက္ခာ (၈)ပါးရှိသည်။*

## ဈာန် (၂)မျိုး

ဈာန်သည် အာရမ္မဏူပနိဇ္ဈာန၊ လက္ခဏူပနိဇ္ဈာန ဟုနှစ်မျိုးရှိသည်။ ထိုတွင် မဟဂ္ဂုတ်ဈာန် သမာပတ်သည် ကသိုဏ်း စသောအာရုံကို စူးစိုက်စွာ ရှုတတ်သောကြောင့် အာရမ္မဏူပနိဇ္ဈာန မည်၏။ ၀ိပဿနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကို စူးစိုက်စွာ ရှုတတ်၏။ ၀ိပဿနာ၏ စူးစိုက်စွာ ရှုခြင်းကိစ္စသည် မဂ်အခိုက်ကျမှ ပြီးစီးသောကြောင့် မဂ် ကလည်း ထိုလက္ခဏာ များကို ရှုရာရောက်၏။ ဖိုလ်တရားကား နိရောဓသစ္စာဟူသော နိဗ္ဗာန်၏ တထလက္ခဏာကို ရှုတတ်၏။ ထို့ကြောင့် ၀ိပဿနာမဂ် ဖိုလ်များသည် လက္ခဏူပနိဇ္ဈာနမည်၏။

## စိတ် (၈၉)ပါးကို ဝေဒနာအားဖြင့်ဝေဘန်ခြင်း
## အသောဘနစိတ် (၃၀)

| ဝေနာ | လောဘ | ဒေါသ | မောဟ | အဟိတ် အကုသလဝိ | အဟိတ် ကုသလဝိ | အဟိတ် ကြိယာ |
|---|---|---|---|---|---|---|
| သောမနဿ | ၄ | | | | သောသန္တီ ၁ | ဟသိတုပ္ပါဒ် ၁ |
| ဥပေက္ခာ | ၄ | | ၂ | ၆ | ၆ | ၂ |
| ဒေါမနဿ | | ၂ | | | | |
| သုခ | | | | | ကာယဝိ၁ | |
| ဒုက္ခ | | | | ကာယဝိ-၁ | | |

## လောကီ သောဘနစိတ် (၅၁) ပါးကို ဝေဒနာအားဖြင့်ဝေဘန်ခြင်း

| | မဟာ ကု | မဟာ ဝိ | မဟာ ကြိ | ရူ ကု | ရူ ဝိ | ရူ ကြိ | အရူ ကု | အရူ ဝိ | အရူ ကြိ |
|---|---|---|---|---|---|---|---|---|---|
| သော | ၄ | ၄ | ၄ | ၄ | ၄ | ၄ | | | |
| ဉ | ၄ | ၄ | ၄ | ၁ | ၁ | ၁ | ၄ | ၄ | ၄ |

**မှတ်ချက်။ ။** ရူပစိတ်တွင်ပါဝင်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတို့သည် ဝမ်းသာမှု သောမနဿ သာဖြစ်သည်။ ထို့ကြောင့် ရူပကုသိုလ်စျာန် (၅)ပါးတို့တွင် ရူပစတုတ္ထစျာန်ထိ သောမနဿ ဖြစ်ရသည်။ ရူပပဥ္စမစျာန်ကား သုခ ကင်းမှ ရသောကြောင့် ဥပေက္ခာသာ ဖြစ်ရသည်။ထို့အပြင် အရူပစိတ်များသည် ရူပပဥ္စမစျာန်ကို ရပြီးသူမှသာ ရနိုင်သောစျာန် ဖြစ်သည်။ ထို့ကြောင့် အရူပစိတ် အားလုံး ဥပေက္ခာသာဖြစ်ရသည်။

## လောကုတ္တရာစိတ်အကျယ် (၄၀)ကို ဝေဒနာဘေဒအားဖြင့် ဝေဘန်ခြင်း

| | သော မဂ် | သက မဂ် | အ နာဂ် | အရ မဂ် | သော ဖိုလ် | သက ဖိုလ် | အနာ ဖိုလ် | အရ ဖိုလ် |
|---|---|---|---|---|---|---|---|---|
| သောမနဿ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ |
| ဥပေက္ခာ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |

**စိတ် (၈၉)ပါးကိုဇာတိဘေဒနည်းအားဖြင့်ရေတွက်ခြင်း**

| အကုသိုလ် | ကုသိုလ် | ဝိပါက် | ကြိယာ |
|---|---|---|---|
| ၁၂ | မဟာကုသိုလ် ၈<br>ရူပကုသိုလ် ၅<br>အရူပ ကုသိုလ် ၄<br>လောကုတ္တရာ<br>ကုသိုလ် ၄<br>ပေါင်း (၂၁) | အဟိတ်အကုသလဝိ-၇<br>အဟိတ်ကုသလဝိ -၈<br>မဟာဝိပါက် ၈<br>ရူပ ဝိပါက် ၅<br>အရူပ ဝိပါက် ၄<br>လောကုတ္တရာဝိပါက် ၄<br>ပေါင်း (၃၆) | အဟိတ်ကြိယာ -၃<br>မဟာကြိယာ - ၈<br>ရူပကြိယာ - ၅<br>အရူပကြိယာ -၄<br>ပေါင်း (၂၀) |

**မှတ်ချက်။ ။ အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်များကို ဇာတိဟုခေါ်သည်။**

**စိတ်များကို သရုပ်ခွဲနာမည်ပေးခြင်း**

| | |
|---|---|
| ၁။ အသောဘနစိတ် (၃၀) | အကုသိုလ်စိတ် (၁၂)၊ အဟိတ်စိတ် (၁၈) |
| ၂။ သောဘနစိတ် (၅၉) | ကာမာဝစရသောဘန (၂၄)<br>ရူပစိတ် (၁၅) အရူပစိတ် (၁၂)<br>လောကုတ္တရာစိတ် (၈) |
| ၃။ ကာစိတ် (၅၄) | အကုသိုလ်စိတ်(၁၂)<br>အဟိတ်စိတ်(၁၈)<br>ကာမသောဘနစိတ် (၂၄) |
| ၄။ မဟဂ္ဂုတ်စိတ် (၂၇) | ရူပစိတ်(၁၅)အရူပစိတ်(၁၂)<br>မြင့်မြတ်သောအဖြစ်သို့ရောက်သော စိတ်ကို<br>မဟဂ္ဂုတ်စိတ်ဟုခေါ်သည် |
| ၅။ လောကီစိတ် (၈၁) | အကုသိုလ် (၁၂)<br>အဟိတ် (၁၈)<br>ကာမသောဘန (၂၄)<br>ရူပ (၁၅)<br>အရူပ (၁၂) |

| | |
|---|---|
| ၆။ စိတ် အကျဉ်း (၈၉) | လောကီ (၈၁)<br>လောကုတ္တရာ (၈) |
| ၇။ စိတ်အကျယ် (၁၂၁) | လောကီ (၈၁)<br>လောကုတ္တရာစိတ်အကျယ် (၄၀) |

**ရူပ၊ အရူပ၊လောကုတ္တရာစိတ်များကို ဈာန်အားဖြင့်ရေတွက်ခြင်း**

| | ပဌမ ဈာန် | ဒုတိယ ဈာန် | တတိယ ဈာန် | စတုတ္ထ ဈာန် | ပဉ္စ ဈာန် |
|---|---|---|---|---|---|
| ရူပကုသိုလ် | သော ၁ | သော ၁ | သော ၁ | သော ၁ | ဥပေက္ခာ ၁ |
| ရူပဝိပါက် | ॥ | ॥ | ॥ | ॥ | ॥ |
| ရူပကြိယာ | ॥ | ॥ | ॥ | ॥ | ॥ |
| အရူပစိတ် (၁၂) | + | + | + | + | ၁၂ |
| သောတာပတ္တိမဂ် | သော-၁ | သော-၁ | သော-၁ | သော-၁ | ဥပေက္ခာ-၁ |
| သကဒါဂါမိမဂ် | ॥ | ॥ | ॥ | ॥ | ॥ |
| အနာဂါမိမဂ် | ॥ | ॥ | ॥ | ॥ | ॥ |
| အရဟတ္တမဂ် | ॥ | ॥ | ॥ | ॥ | ॥ |
| သောတာပတ္တိဖိုလ် | ॥ | ॥ | ॥ | ॥ | ॥ |
| သကဒါဂါမိဖိုလ် | ॥ | ॥ | ॥ | ॥ | ॥ |
| အနာဂါမိဖိုလ် | ॥ | ॥ | ॥ | ॥ | ॥ |
| အရဟတ္တဖိုလ် | ॥ | ॥ | ॥ | ॥ | ॥ |
| ပေါင်း | ၁၁ | ၁၁ | ၁၁ | ၁၁ | ၂၃ |

## ကာမစိတ် (၅၄)ပါးကို သမ္ပယုတ်စသည်ဖြင့်ဝေဘန်ခြင်း

| | ဉာ-သမ် | ဉာ-ဝိပ် | ဒိ-သမ် | ဒိ-ဝိပ် | သမ် | ဝိပ် | အသင်္ခါရိက | သသင်္ခါရိက |
|---|---|---|---|---|---|---|---|---|
| လောဘ | + | + | ၄ | ၄ | ဒိ-သမ် ၄ | ဒိ-ဝိပ် ၄ | ၄ | ၄ |
| ဒေါသ | + | + | + | + | ပဋိ-သမ် ၂ | + | ၁ | ၁ |
| မောဟ | + | + | + | + | ဝိစိ-သမ် ၁ ဥဒ်သမ် ၁ | + | + | + |
| အဟိတ် - ၁၈ | + | + | + | + | + | + | + | + |
| မဟာကု | ၄ | ၄ | + | + | ဉာသမ် ၄ | ဉာဝိပ် ၄ | ၄ | ၄ |
| မဟာ ဝိပါက် | ၄ | ၄ | + | + | ဉာသမ် ၄ | ဉာဝပ် ၄ | ၄ | ၄ |
| မဟာ ကြိယာ | ၄ | ၄ | + | + | ဉာသမ် ၄ | ဉာဝိပ် ၄ | ၄ | ၄ |
| ပေါင်း | ၁၂ | ၁၂ | ၄ | ၄ | ၂၀ | ၁၆ | ၁၇ | ၁၇ |

# စိတ်အကျယ်ကို ဝေဒနာအားဖြင့် ဝေဘန်ခြင်း

| စဉ် | | | | | | သော | ဥပေက္ခာ | ဒေါမနဿ | သုခ | ဒုက္ခ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လောကီစိတ် ၈၁ ပါး | ကာမစိတ် (၅၄) ပါး | အသောဘနစိတ် (၃၀)ပါး | အကု | လောဘ | ၄ | ၄ | | | |
| ၂ | | | | | ဒေါ၂ | | | ၂ | | |
| ၃ | | | | | မော၂ | | ၂ | | | |
| ၄ | | | | အဟိတ် | အကုဂ | | ၆ | | | ၁ |
| ၅ | | | | | ကုရ | ၁ | ၆ | | ၁ | |
| ၆ | | | | | ကြိ၃ | ၁ | ၂ | | | |
| ၇ | | | သောဘန | သောဘန | ကုရ | ၄ | ၄ | | | |
| | | | | | ဝိရ | ၄ | ၄ | | | |
| ၈ | | | | | ကြိရ | ၄ | ၄ | | | |
| ၉ | | မဟဂ္ဂုတ်စိတ် (၂၇) ပါး | ရူပစိတ် ၁၅ | ရူ | ကု၅ | ၄ | ၁ | | | |
| ၁၀ | | | | | ဝိ၅ | ၄ | ၁ | | | |
| ၁၁ | | | | | ကြိ၅ | ၄ | ၁ | | | |
| ၁၂ | | | အရူပစိတ်(၁၂)ပါး | အရူ | ကု၄ | | ၄ | | | |
| ၁၃ | | | | | ဝိ၄ | | ၄ | | | |
| ၁၄ | | | | | ကြိ၄ | | ၄ | | | |
| ၁၅ | | | | | | | | | | |
| ၁၆ | လောကုတ္တရာစိတ် ၄၀ | | | | မဂ်၂၀ | ၁၆ | ၄ | | | |
| ၁၇ | | | | | ဖိုလ်၂၀ | ၁၆ | ၄ | | | |
| | စိတ်ပေါင်း (၁၂၁) | | | | ပေါင်း | ၆၂ | ၅၅ | ၂ | ၁ | ၁ |

**စိတ်ပိုင်းပြီး၏**

# စေတသိက်ပိုင်း

စိတ်၌ မှီတွယ်၍ စိတ်ကို ခြယ်လှယ်သော သဘောတရားကို စေတသိက် ဟု ခေါ် ၏။ တနည်း ဧကုပ္ပါဒစသော လက္ခဏာ(၄)ပါးနှင့်ပြည့်စုံ၍ စိတ်နှင့်ယှဉ်လျှက် ဖြစ်ကြသော (၅၂)ပါး သော သဘောတရားတို့သည် စေတသိက် မည်၏။

## စေတသိက်၏အင်္ဂါ (၄)ပါး

၁။ ဧကုပ္ပါဒ = စိတ်နှင့်အတူဖြစ်ခြင်း
၂။ ဧကနိရောဓ = စိတ်နှင့်အတူချုပ်ခြင်း
၃။ ဧကာလမ္ဗဏ = စိတ်နှင့်တူသော အာရုံရှိခြင်း
၄။ ဧကဝတ္ထုက = စိတ်နှင့်တူသော မှီရာဝတ္ထုရှိခြင်း

## စေတသိက် (၅၂)ပါး

**၁။ အညသမာန်းစေတသိက် (၁၃)ပါး (စိတ်အားလုံးနှင့် အတူဖြစ်သောစေတသိက်များ)**

သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇)ပါးနှင့်ပကိဏ်ကစေတသိက်(၆)ပါးသည် အညသမာန်း တို့တည်း။

**၂။ အကုသိုလ် စေတသိက် (၁၄) ပါး**

**(အကုသိုလ်စိတ်နှင့်သာအတူဖြစ်သောစေတသိက်များ)**

**၃။ သောဘန စေတသိက် (၂၅)ပါး (ကောင်းစိတ်များနှင့်သာအတူဖြစ်သောတရား)**

**မှတ်ချက်။** ။ စေတသိက် (၅၂)ပါးကို အညသမာန်းစေတသိက် တစ်အုပ်စု၊ အကုသိုလ် တစ်အုပ်စု နှင့် သောဘနစေတသိက် တစ်အုပ်စုအားဖြင့် မှတ်သားထားရမည်။ အသိုလ် စေတသိက်များကား အကုသိုလ်စိတ်နှင့်သာ အတူဖြစ်ကြသည်။ သောဘနစေတသိက် တို့ သည်လည်း သောဘနစိတ်များ နှင့်သာ အတူယှဉ်ကြသည်။ အညသမာန်းစေတသိက် တို့ကား သောဘန၊ အသောဘန မရွေးဘဲ အကုန်ယှဉ်နိုင်သည်။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက် (၇)ပါး

စိတ်(၈၉)ပါးလုံးနှင့်ယှဉ်နိုင်သောစေတသိက်ဖြစ်သောကြောင့်သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟုခေါ်သည်။ (သဗ္ဗ=အားလုံးသော၊ စိတ္တ=စိတ်၈၉ပါးနှင့်၊ သာဓာရဏ= ဆက်ဆံသော စေတသိက်များ)

၁။ ဖဿ= စိတ် နှင့် အာရုံတို့ အချင်းချင်း ဓာတ်ခိုက်မိခြင်း သဘော (သံပုရာသီးစားသူကို တွေ့သူနှင့် တူ)

၂။ ဝေဒနာ=အာရုံ၏အရသာကိုခံစားခြင်းသဘော (ဖဿစသောတရားနှင့်ဝေဒနာ အထူးကား=ဖဿစသောတရားတို့သည်စားတော်ကဲနှင့်တူ၏။ ဖဿစသောတရားတို့၏ အာရုံကိုခံစားမှု သည် စားတော်ကဲ၏ ပွဲတော်ကို အနည်းငယ်မျှသာ မြည်းရခြင်းနှင့်တူ၏။ ဝေဒနာသည် ဘုရင်နှင့်တူ၏။ ဝေဒနာ၏ အာရုံအရသာကို ခံစားမှုသည် ရှင်ဘုရင်၏ ပွဲတော်တည်ခြင်းနှင့် တူ၏)

၃။ သညာ =အာရုံကိုမှတ်သားခြင်းသဘော (လက်သမားနှင့်တူ၏)

၄။ စေတနာ=ယှဉ်ဖက် စိတ်စေတသိက်တရားတို့ကို ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်း ခြင်းသဘော ( လယ်ပိုင်ရှင်၊ တပည့်ကြီး၊ စစ်ဗိုလ်ချုပ်နှင့်တူ)

၅။ ဧကဂ္ဂတာ = တစ်ခုတည်းသော အာရုံ၌တည်တံ့ခြင်း တည်ကြည်ခြင်းသဘော (စစ်ပွဲကို ကွပ်ကဲသော ဘုရင် နှင့်တူ)

၆။ ဇီဝိတိန္ဒြိယ = ယှဉ်ဖက်တရားတို့ကို သက်တမ်းပြည့်တည်တံ့အောင် စောင့်ထိန်းခြင်းသဘော (လှေသမား၊ ကြာကိုစောင့်သောရေ၊ အထိန်းသယ်နှင့်တူ)

၇။ မနသိကာရ = အာရုံကိုနှလုံးသွင်းခြင်းသဘော (ရထားထိန်းနှင့်တူ)

## ပကိဏ်းစေတသိက် (၆)ပါး

သောဘဏ၊ အသောဘဏစိတ် (၂) မျိုးလုံးနှင့် သင့်သလို ယှဉ်သောကြောင့် ပကိဏ်း စေတသိက် ဟု ခေါ်သည်။

၁။ ဝိတက် = ယှဉ်ဖက်စိတ်စေတသိက် များကို အာရုံသို့ တင်ပေးခြင်းသဘော (မင်း၊ အရာရှိများနှင့် ရင်းနှီးသူနှင့်တူ) စေတနာ မနသိကာရအထူး ဝိတက်= စေတနာသည် အာရုံ၌ သမ္ပယုတ်တရားတို့ကို ဖွဲ့စပ်ခြင်းလက္ခဏာရှိ၏။ မနသိကာရသည် သမ္ပယုတ်တရားတို့ကို အာရုံနှင့် ယှဉ်စပ်ပေးခြင်းကိစ္စရှိ၏။ ဝိတက်သည် သမ္ပယုတ်တရားတို့ကို အာရုံသို့တင်ပေးခြင်း လက္ခဏာရှိ၏။ (ဝိတက်သည် လှေဝမ်းက လှော်သူနှင့်တူ၊ မနသိကာရသည် ပဲ့က လှော်သူနှင့်တူ၊ စေတနာသည် ပန်းဆွတ်သူနှင့်တူ)

၂။ ဝိစာရ = အာရုံကို သုံးသပ်ခြင်းသဘော (ခေါင်းလောင်းသံ၊ ကြေးစည်သံနှင့်တူ) ဝိတက်ဝိစာရအထူး= အာရုံကိုပထမအကြိမ်ယူခြင်းသည် ဝိတက် ယူအပ်ပြီးသော အာရုံကို အထပ်ထပ် ပြန်ယူခြင်းသည် ဝိစာရ။

၃။ အဓိမောက္ခ = အာရုံကိုဆုံးဖြတ်ခြင်းသဘော (တရားသူကြီးနှင့်တူ)

၄။ဝီရိယ=ယှဉ်ဖက်တရားတို့ကိုမဆုတ်နစ်အောင်အားထုတ်ခြင်းသဘော (ထောက်တိုင်နှင့်တူ)

၅။ ပီတိ = အာရုံကိုနှစ်သက်ခြင်းသဘော (ခရီးသွား ရေကိုမြင်သည်နှင့်တူ စိတ်စေတသိက် တို့ကို ပဒုမ္မာကြာ ပန်းပွင့်လန်းစေသည်နှင့်တူ)

၆။ ဆန္ဒ = အာရုံကို လိုချင်တောင်းတခြင်းသဘော (လေးသမားနှင့်တူ)

ဤစေတသိက် (၁၃)လုံးကို တပါးသော တရားတို့နှင့် သဘောတူသောကြောင့် အညသမာန်း စေတသိက်ဟု ခေါ်သည်။ တချို့ဆရာများအလို = သောဘဏနှင့်ယှဉ်ခိုက် အသောဘဏမှတပါး သောဘဏနှင့် တူ၍ အသောဘ ဏနှင့်ယှဉ်ခိုက် သောဘဏမှတပါး အသောဘဏနှင့်တူသောကြောင့် အညသမာန်းဟုခေါ်သည်။

**တနည်း** - သောဘနစိတ်တို့၌လည်းကောင်း၊ အသောဘနစိတ်တို့၌လည်းကောင်း စိတ်နှစ်မျိုး လုံး၌ ယှဉ်နိုင်သော စေတသိက်များကို အညသမာန်း စေတသိက်ဟု ခေါ်သည်။ (အည-တစ်ပါး သော တရားတို့နှင့်၊ သမာန-သဘောတူသော စေတသိက်)

## စေတနာ၊ မနသိကာရ၊ ဝိတက်တို့အထူး

ဝိတက်မှာ သမ္ပယုတ်တရားတို့ကို အာရုံသို့ရောက်သွားအောင် တင်ပေးဖို့ တာဝန်ရှိ၏။ လှေဝမ်းကလှေလှော်သူနှင့် တူ၏။ မနသိကာရမှာ အာရုံသို့ ဖြောင့်ဖြောင့် ရောက်အောင် သမ္ပယုတ်တရားများကို ဖြောင့်ပေးဖို့ တာဝန်ရှိ၏။ ပဲ့ကလှေလှော်သူနှင့် တူ၏။ စေတနာမှာ အာရုံ၌ သမ္ပယုတ် တရားတို့ကို စပ်ဖွဲ့ပေးဖို့ကိစ္စရှိ၏။ ပန်းဆွတ်သူနှင့် တူ၏။ ဤသို့ ထူးကြသည်။

## ဝိတက်နှင့် ဝိစာရအထူး

အာရုံကို ပထမအကြိမ် ယူခြင်းသည် ဝိတက်တည်း။ ဝိတက် ယူအပ်ပြီးသော အာရုံကို အထပ်ထပ် ယူခြင်းသည် ဝိစာရတည်း။ ခေါင်းလောင်း၏ ရှေ့ဦးစွာ ထွက်လာသောအသံသည် ဝိတက်နှင့်တူ၏။ ထို့နောက် တဟီးဟီး မြည်နေသော ကြေးညီးသံသည် ဝိစာရနှင့်တူ၏။

## လောဘနှင့် ဆန္ဒအထူး

လောဘ၏ လိုချင်မှု၌ အစေးရှိ၏။ ဆန္ဒ၏လိုချင်မှု၌ အစေးမရှိ။ ထို့ကြောင့် တွယ်တာ ငြိကပ် တပ်မက်မှုပါသော လိုချင်မှုသည် လောဘ၏သဘောတည်း။ အာရုံကို ပြုလိုရုံမျှ ရလိုရုံမျှသည် ဆန္ဒ၏ သဘောတည်း။ ဤသို့ထူးသည်။

## ပီတိ (၅)မျိုး

၁။ ခုဒ္ဒိကာပီတိ= ကြက်သီးမွေးညှင်းထရုံမျှ သေးငယ်စွာဖြစ်သော ပီတိ။
၂။ ခဏိကာ ပီတိ = လျှပ်စစ်ပြက်သလို ခဏခဏဖြစ်၍ ခဏခဏပျက်သော ပီတိ။
၃။ ဩက္ကန္တိကာပီတိ= ဒီရေလှိုင်းလုံးကြီး လှမ်းဖုံးလာသကဲ့သို့ တစ်ကိုယ်လုံး၌ လှမ်းဖုံး သက်ရောက်သော ပီတိ။
၄။ ဥဗ္ဗေဂါ ပီတိ = မိမိအဟုန်ဖြင့် ကိုယ်ကို အထက်သို့ မြှောက်နိုင်သော ပီတိ။
၅။ ဖရဏာ ပီတိ= ဥဗ္ဗေဂါထက် ကြာရှည်စွာ တစ်ကိုယ်လုံးမှာ ပျံ့နှံ့နေသော ပီတိ

## အကုသိုလ်စေတသိက် (၁၄)ပါး

စိတ်ကိုမကောင်းအောင်၊ အပြစ်ရှိအောင်ခြယ်လှယ်တတ်သည့် စေတသိက်တို့ကို အကုသိုလ်စေတသိက်ဟု ခေါ်သည်။

**မောစတုက် (၄)ပါး** (အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်ကြသဖြင့် အကုသလသာဓာရဏ ဟု အမည်ရ ကြ၏)

၁။မောဟ=အာရုံ၏ သဘောမှန်ကို မသိခြင်းဖုံးကွယ်ခြင်း သဘော (ပညာမျက်စိကိုကန်း အောင် ပြုသောတရား)
၂။ အဟိရိက = ဒုစရိုက်မကောင်းမှုကိုပြုရန် မရှက်ခြင်းသဘော (ရွာသူတို့၏ ဝက်နှင့်တူ)
၃။ အနောတ္တပ္ပ = ဒုစရိုက်မကောင်းမှုကိုပြုရန်မကြောက်လန့်ခြင်းသဘော (မီးကိုတိုးသော ပိုးဖလံနှင့်တူ)
၄။ ဥဒ္ဓစ္စ = အာရုံတစ်ခု၌ မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်းသဘော (လေတံခွန်နှင့်တူ)

**လောတြိ** (သံသရာကိုချဲ့ကားတတ်သောကြောင့် လောဘ၊ ဒိဋ္ဌိ၊ မာန တရားများကို ပပဉ္စ ဟု ခေါ်သည်)

၁။ လောဘ= ကာမဂုဏ် အာရုံကို ငြိကပ် တပ်မက်ခြင်း သဘော (မျောက်နဲ့စေးနှင့်တူ)
၂။ ဒိဋ္ဌိ = လွဲမှားစွာထင်မြင်ယူဆခြင်းသဘော
၃။ မာန = ထောင်လွှားဝင့်ကြွားခြင်းသဘော (မှန်ကင်း တံခွန်နှင့်တူ)

## ဒေါစတုက်

၁။ ဒေါသ = ခက်ထန်ခြင်းသဘော (မြွေဟောက်နှင့်တူ)
၂။ ဣဿာ = သူတစ်ပါး၏ စည်းစိမ်ချမ်းသာကို ငြူစူ မနာလိုခြင်းသဘော

၃။ မစ္ဆရိယ = မိမိစည်းစိမ်ချမ်းသာကို လျှို့ဝှက်ခြင်း ဝန်တိုခြင်း နမြောခြင်း သဘော
၄။ ကုက္ကုစ္စ= ပြုခဲ့မိသောဒုစရိုက် မပြုခဲ့မိသောသုစရိုက်ကို နောင်တတဖန်ပူပန်ခြင်း သဘော

## ဆုံးတွဲ

၁။ ထိန = စိတ်၏အမှု၌လေးလံထိုင်းမှိုင်းခြင်း စိတ်မခံ့ခြင်းသဘော
၂။ မိဒ္ဓ = စေတသိက်တို့၏အမှု၌ လေးလံထိုင်းမှိုင်းခြင်း မခံခြင်းသဘော
၃။ ဝိစိကိစ္ဆာ = ရတနာ (၃) ပါး၊ သစ္စာ (၄) ပါး၊ ကံတရား စသည့်တို့၌ ယုံမှား သံသယ ဖြစ်ခြင်း သဘော

## မစ္ဆရိယ-ဝန်တိုမှု (၅)မျိုး

၁။ အာဝါသမစ္ဆရိယ= ကျောင်းကန် တိုက်တာ နေရာထိုင်းခင်းတို့၌ ဝန်တိုမှု။
၂။ ကုလမစ္ဆရိယ = ဆွေမျိုးဉာတိ တပည့် တကာ တကာမ တို့၌ ဝန်တိုမှု။
၃။ လာဘမစ္ဆရိယ = ပစ္စည်း လာဘ်လာဘ တို့၌ ဝန်တိုမှု
၄။ ဝဏ္ဏမစ္ဆရိယ= ကိုယ်အဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုမှု
၅။ ဓမ္မမစ္ဆရိယ = မိမိတတ်သော အတတ်ပညာ၌ ဝန်တိုမှု

## ကုက္ကုစ္စ အပြား (၃)ပါး

၁။ နီဝရဏကုက္ကုစ္စ= နီဝရဏတရားတွင်ပါဝင်သော ဤကုက္ကုစ္စစေတသိက်
၂။ ဝိနယကုက္ကုစ္စ = အပ်လေသလား မအပ်လေသလားဟု ဝိနည်းအရာ၌ စဉ်းစား ကြံစည်မှု
၃။ အသံယတကုက္ကုစ္စ = ဘုရားဝတ်ကပ် ပရိသတ်အစည်းအဝေး စသည်၌ ကိုယ်နှုတ်ကို မစောင့်စည်းဘဲ လက်လှုပ်၊ ခြေလှုပ်၊ စကားပြော၊ ချွဲသလိပ်ဟတ်မှု စသော မလျော် မလျောက်ပတ်သော မစောင့်စည်းမှု

## သောဘဏ စေတသိက် (၂၅)ပါး

အပြစ်မရှိ တင့်တယ်သောကြောင့် လည်းကောင်း၊ တင့်တယ် ကောင်းမွန်သော သောဘနစိတ်တို့၌သာ ထိုက်သင့်သလို ယှဉ်ကြသောကြောင့် လည်းကောင်း သောဘန စေတသိက် မည်၏။

## သောဘဏသာဓာရဏစေတသိက် (၁၉)ပါး

အလုံးစုံသော သောဘနစိတ်၌ ယှဉ်နိုင် ဆက်ဆံနိုင်သောကြောင့် သောဘဏသာဓာရဏစေတသိက် မည်၏။

၁။ သဒ္ဓါ= ရတနာသုံးပါးနှင့် ကုသိုလ်အာရုံ၌ ယှက်ဖက်တရားတို့ကို ကြည်လင်စေခြင်း ယုံကြည်စေခြင်းသဘော (စကြာမင်း၏ ပတ္တမြားနှင့်တူ)

၂။ သတိ = ရတနာသုံးပါးနှင့် ကုသိုလ်အာရုံတို့၌ ယှက်ဖက်တရားတို့ကို အောက်မေ့ အမှတ်ရစေခြင်း

၃။ ဟိရီ = မကောင်းမှုဒုစရိုက်မှ ရှက်ခြင်းသဘော

၄။ ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်မှ ကြောက်လန့်ခြင်းသဘော (ကမ္ဘာလောကစောင့် တရား ၂ ပါး)

၅။ အလောဘ = ကာမဂုဏ်အာရုံကို မလိုချင်ခြင်းသဘော

၆။ အဒေါသ = မကြမ်းတမ်းခြင်း မခက်ထန်ခြင်းသဘော (မေတ္တာ)

၇။ တတြမဇ္ဈတ္တတာ = ယှဉ်ဖက်တရားတို့အား ဆိုင်ရာကိစ္စများကို မယုတ်မလွန် မျှတစွာ ဆောင်ရွက်ကြရန် တည့်မတ် ထိန်းသိမ်းပေးခြင်းသဘော (ဥပေက္ခာ)

၈။ ကာယပဿဒ္ဓိ = စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော

၉။ စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးခြင်းသဘော

၁၀။ကာယလဟုတာ =စေတသိက်ပေါင်း၏ ပေါ့ပါးသွက်လက်ခြင်းသဘော

၁၁။ စိတ္တလဟုတာ= စိတ်၏ ပေါ့ပါးသွက်လက်ခြင်းသဘော

၁၂။ ကာယမုဒုတာ = စေတသိက်အပေါင်း၏ နူးညံ့ပျော့ပြောင်းခြင်းသဘော

၁၃။ စိတ္တမုဒုတာ= စိတ်နူးညံ့ပျော့ပြောင်းခြင်းသဘော

၁၄။ကာယကမ္မညတာ = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခံ့ညားခြင်း သဘော

၁၅။စိတ္တကမ္မညတာ = စိတ်၏ ကုသိုလ်ကောင်းမှု၌ခံ့ညားခြင်းသဘော

၁၆။ကာယပါဂုညတာ= စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ လေ့လာ နိုင်နင်းခြင်း သဘော

၁၇။စိတ္တပါဂုညတာ= စိတ်၏ကုသိုလ်ကောင်းမှု၌ လေ့လာနိုင်နင်းခြင်းသဘော

၁၈။ကာယုဇုကတာ= စေတသိက်အပေါင်း၏ ဖြောင့်မတ်စွာဖြစ်ခြင်းသဘော

၁၉။စိတ္တုဇုကတာ= စိတ်၏ ဖြောင့်မတ်စွာဖြစ်ခြင်းသဘော

**မှတ်ချက်။** ။ ယခုပြခဲ့ပြီးသော သောဘနစေတသိက် (၁၉) ပါးသည် သောဘနစိတ်အားလုံးနှင့် အမြဲယှဉ်သည်။ မိမိတို့ ကုသိုလ်ကောင်းမှု ပြုလုပ်ရာအခါ၌ ကုသိုလ်စိတ်ဖြစ်၊ မဖြစ်သိလိုပါက မိမိတို့၏ စိတ်နှင့် ကိုယ်ကို သတိဖြင့် သုံးသပ်ကြည့်ရန်လို၏။ သုံးသပ်ကြည့်သောအခါ ကိုယ် ရောစိတ်ပါ အေးချမ်းမှုရှိနေပါက ကာယပဿဒ္ဓိ နှင့် စိတ္တပဿဒ္ဓိတို့ ပါဝင်နေသကဲ့သို့ ကိုယ်ရောစိတ်ပါပေါ့ပါးသွက်လက်နေပါက ကာယလဟုတာ၊ စိတ္တလဟုတာတို့ ဖြစ်နေသည်ကို သိရှိရလိမ့်မည်။ ကုသိုလ်ကောင်းမှုကို စိတ်ပါလက်ပါ အသိဉာဏ်နှင့် ပြုလုပ်သောသူ၌ ထိုစေတသိက် (၁၉)ပါး မဖြစ်မနေ ပါဝင်ကြလေ သောကြောင့် ကုသိုလ်ပြုရာအခါ၌ စိတ်ပူမှု၊ ပြာယာခတ်မှု စသည်တို့ဖြစ်နေပါက ကုသိုလ်လုပ်နေသော်လည်း အကုသိုလ်စိတ် ဖြစ်နေသည်ကို သူတော်စင်များသိထားသင့်သည်။

## ပဿဒ္ဓိစသည်ကို နှစ်ပါးစီဟောရခြင်းအကြောင်း

စိတ္တပဿဒ္ဓိ စိတ္တလဟုတာ စသည်တို့ကြောင့် စိတ်၏ငြိမ်းအေးမှု ပေါ့ပါးမှု စသည်သာဖြစ်၏၊ စေတသိက်၏ ငြိမ်းအေးမှု ပေါ့ပါးမှုစသည်မဖြစ်နိုင်၊ ကာယပဿဒ္ဓိ စသည်တို့ကြောင့် စေတသိက်အပေါင်းဟူသော နာမကာယ၏ ငြိမ်းအေးမှု စသည်လည်းဖြစ်နိုင်၏၊ ရူပကာယ၏ ငြိမ်းအေးမှု စသည်လည်း ဖြစ်နိုင်၏။ ထို့ကြောင့် ပဿဒ္ဓိစသော စေတသိက်တို့ကိုသာ နှစ်ပါးစီတွဲ၍ ဟောတော်မူသည်။

## ဝိရတီ စေတသိက် (၃)ပါး

၁။ သမ္မာဝါစာ= အသက်မွေးဝမ်းကြောင်းနှင့်မဆက်စပ်ဘဲ ဝစီဒုစရိုက်လေးပါးကို ရှောင်ကြဉ်ခြင်း သဘော။

၂။ သမ္မာကမ္မန္တ = အသက်မွေးဝမ်းကြောင်း နှင့် မဆက်စပ်ဘဲ ကာယ ဒုစရိုက် သုံးပါးကို ရှောင်ကြဉ်ခြင်း သဘော။

၃။ သမ္မာအာဇီဝ = အသက်မွေးဝမ်းကြောင်းနှင့် ဆက်စပ်၍ ဝစီဒုစရိုက်လေးပါး ကာယဒုစရိုက် သုံးပါးကို ရှောင်ကြဉ်ခြင်းသဘော။

**မှတ်ချက်။** ။ ဘဝ၌ပြည့်ဝသော ကုသိုလ်အကျိုးကို ခံစားရလိုပါက ရှောင်ကြဉ်မှုပါဝင်နိုင်သော ဝိရတီစေတသိက် သုံးပါးကို ပါဝင်စေရမည်။ ဝိရတီစေတသိက်သာ မပါဝင်ပါက မကြားချင်တာကိုလည်း ကြားရနေရဦးမည် ဖြစ်သကဲ့သို့ မလုပ်ချင်သည်ကိုလည်း လုပ်နေရပေဦးမည်။ ထို့အပြင် အသက်ရှင်သန်ရေးအတွက် ပစ္စည်း၊ ဥစ္စာ၊ စီးပွားရှာရာအခါ ၌ မတရားသဖြင့် ရှာနေရမည်မှာ သေချာပေသည်။

## အပ္ပမညာစေတသိက် နှစ်ပါး

၁။ကရုဏာ = ဒုက္ခိတသတ္တဝါ ပညတ်ကိုအာရုံပြု၍ သနားကြင်နာခြင်းသဘော။
၂။ မုဒိတာ = သုခိတသတ္တဝါ ပညတ်ကိုအာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။
**မှတ်ချက်။ ။** ဘဝ၌ ထူးခြားသော ပုဂ္ဂိုလ်၊ အစောင့်အရှောက်များသော ပုဂ္ဂိုလ်ဖြစ်လိုပါက အပ္ပမညာစေတသိက် များဖြစ်သော ကရုဏာ၊ မုဒိတာတို့ ပါဝင်စေရန် မမေ့သင့်ပေ။

## ပညိန္ဒြေစေတသိက်

၁။ ပညိန္ဒြေ = အာရုံ၏အမှန်သဘောကိုထိုးထွင်း၍ သိမှုကိစ္စ၌ အစိုးရခြင်း သဘော။
**အမှာ။ ။** သောဘနစေတသိက် (၂၅) ပါးတို့တွင် အချုပ်စေတသိက်ကား ပညာစေတသိက် ပင်တည်း။ အကောင်း အဆိုး အကြောင်း အကျိုးကို မှန်ကန်စွာသိနေသူတစ်ယောက်သည် မည်သည့် ကုသိုလ်ကောင်းမှုကို လုပ်သည်ဖြစ်စေ တိကျ၊ ကောင်းမွန်စွာ လုပ်မည်သာ ဖြစ်၏။ တိကျ၊ ကောင်းမွန်သော ကောင်းမှုကို လုပ်ပါက တိကျကောင်းမွန်သော အကျိုးကို ရမည်မှာ ဧကန်ပင်။ ထို့ကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်သူတိုင်း ဘဝမှာ မကောင်းတာ မကြုံရလေအောင် ဝိရတီ သုံးပါး၊ ပတ်ဝန်းကျင်က မည်သည့်အခါမှ မကောင်းတာ မမြင်ရလေအောင် အပ္ပမညာ နှစ်ပါးနှင့် ဘဝမှ လွတ်မြောက်စေရန် ထူးခြားသော ပညာ စေတသိက် ကိုပါဝင်စေလျက် ကောင်းမှုပြုရမည် သာတည်း။

## ဒါနပြုရာ၌ အထူးမှတ်ဖွယ်

အလှူရေစက်လက်နဲ့မကွာတဲ့ မြန်မာလူမျိုးများအတွက် ကုသိုလ်လို့ ပြောလိုက်တာနဲ့စိတ်ထဲမှာ ဒါန=ပေးကမ်း လှူဒါန်းမှု၊ သီလ=ကိုယ်နဲ့နှုတ်ကိုစောင့်စည်း ထိမ်းသိမ်းမှုနဲ့ ဘာဝနာ=စိတ်ဖြူစင်အောင် သမထ-လောဘ ဒေါသ မောဟ တရားများ ခဏတာမျှ ငြိမ်သက် အောင် အားထုတ်ခြင်းနဲ့ ဝိပဿနာ-ခန္ဓာမှာဖြစ်ပျက်နေတဲ့ သဘောတရားများကို ရုပ်နာမ်ကွဲလျက် အမှန်သိအောင်လုပ်ခြင်း ဆိုတာမျိုး ပေါ်လာမှာသေချာပါတယ်။ ဗုဒ္ဓဘာသာ မိသားစုမှ ပေါက်ဖွားလာတဲ့ မြန်မာများအနေနဲ့ ဒါန သီလ ဘာဝနာဆိုတာလဲ တကယ့်ကို ဆွေမျိုးရင်းချာပမာ ရင်းနှီးကျွမ်းဝင်နေကြပါပြီ။ ဒါနလုပ်မယ်သီလ ဆောက်တည်မယ် ဘာဝနာပွားကြမယ် လို့သာ ပြောလိုက် လက်မနှေး ကိုယ်နဲ့ပြေးပြီး စိတ်နဲ့မဝေးအောင် လုပ်တတ်တာလဲ အကျင့် တစ်ခုလို ဖြစ်နေပြန်ရော။

ရင်းနှီးလာတဲ့ဆွေမျိုး မိတ်ဆွေများအကြောင်းကို သေချာစေ့ မလေ့လာတော့ပဲ အလွယ်တကူလက်ခံကာ ပြောတိုင်းလုပ် ဆွယ်တိုင်းပါတဲ့ လူမျိုးများဟာလဲ မြန်မာလူမျိုး

များပဲ ဖြစ်နေပြန်ပါတယ်။ လူတိုင်းမဟုတ်ပေမဲ့ လူအတော်များများလို့ မှတ်ချက်ပေး ရမလိုဖြစ်နေပါပြီ။ တကယ်တော့ ဗုဒ္ဓဘုရားရှင်ရဲ့ ကေသမုတ္တိသုတ်မှာ ဟောထားတဲ့ သဘောအတိုင်းသာဆိုရင် ဘယ်ဟာကိုမှ အလွယ်တကူလက်မခံဖို့ပါပဲ။ ဘုရားရှင်းရဲ့ စကားတော်လေးကိုလဲ ခဏလောက် ကြားယောင်ကြည့်လိုက်ပါဦး။ ငါဘုရားဟောတယ် ဆိုပြီးတော့လဲ လက်မခံဖို့၊ ယုံကြည်ရတဲ့ ဆရာ မိဘ ပြောတယ်၊ အမျိုး အဆက်ဆက်က လက်ခံယုံကြည်လာတယ်၊ စာပေမှတ်တမ်းရှိတယ် စတဲ့သက်သေရှိရုံနဲ့ လက်မခံဖို့ တိုက်တွန်း ခဲ့ပါတယ်။

ကေသမုတ္တိရွာကို ရောက်လာတဲ့ ဘာသာရေးဆိုင်ရာ ဆရာများရဲ့ ငါ့အယူကိုသာ လက်ခံရမယ်၊ ငါတို့အယူသာ မှန်တယ် စတဲ့ ဆွယ်တရားများကြောင့် ဝေဝါးနေတဲ့ ရွာသား များ ကြားမှာ ဘယ်ဟာကိုမှ အလွယ်တကူ လက်မခံဖို့ ပြောလာတဲ့ ဘုရားရှင်ရဲ့စကားဟာ တမူထူးခြား ကွဲပြားနေပါတယ်။ မှန်ကန်တဲ့အရာကိုမှ လက်ခံလိုကြတဲ့လူသားများအတွက် အမှန်ကို ရရှိ နိုင်ဖို့နည်းလမ်းဟာ ဘုရားရှင် ညွှန်ကြားထားတဲ့အတိုင်း လိုက်နာကျင့်သုံး ကြည့်ဖို့ပါပဲ။

တရားဂုဏ်ခြောက်ပါးထဲမှာ ပါဝင်လာတဲ့ သန္ဒိဋ္ဌိက-လက်တွေ့အကျိုးကို ရရှိစေတယ်၊ အကာလိက- အချိန်မဆိုင်းပဲအကျိုးပေးနိုင်တယ်ဆိုတဲ့ တရား အားထုတ်မှုနဲ့ ပတ်သက်ပြီး မဂ်တရားကြောင့် ရလာနိုင်တဲ့ လက်တွေ့အကျိုးနဲ့ ပတ်သက်တဲ့ ဂုဏ်နှစ်ပါးနဲ့ ဧဟိပဿိက-လက်တွေ့ကျင့်ကြံကာစမ်းသပ်ဖို့ အာမခံချက်ကလဲ ထူးခြားတဲ့ တရားရဲ့ ဂုဏ်တစ်ခုအဖြစ် ပါဝင် နေပြန်ပါတယ်။ လက်တွေ့ကျင့်ကြံပြီးမှ အမှန်ကိုတွေ့ရှိရမှာမို့ အမြင်ကို အခြေခံမှု-ဒဿနိကဗေဒနဲ့ အတွေးကိုအခြေခံမှု-တက္ကဗေဒနဲ့တင် ကျေနပ်မနေ ဖို့၊ အငြင်းပွားမနေကြဖို့ တိုက်တွန်း ရင်း အမှန်အတွက် အာမခံပေးခဲ့တာကလဲ တရား ဂုဏ်တော်များရဲ့ ထူးခြားမှုပါပဲ။ ဘုရားရှင်ရဲ့ ညွှန်ကြားမှုနဲ့ မှန်ကန်ပြီး လက်တွေ့ကျတဲ့ ကုသိုလ်များကို အကျိုးလိုလားသူများအနေနဲ့ အကျိုး များအောင် ဘယ်လို လုပ်ရပ့ါမလဲ၊ လုပ်နည်းကရော ဘာတွေလဲ စတဲ့မေးခွန်းများအတွက် ဘဝ ပေါင်းများစွာ ပေးဆပ်ခဲ့ပြီးမှ ကိုယ်တိုင်ကျင့် ကိုယ်တိုင်သိပြီးဟောကြားခဲ့ နည်းလမ်းပေးခဲ့တဲ့ ဘုရားရှင်ရဲ့ တရားတော် က အဖြေပေးသွားပါလိမ့် မယ်။

ဒါနကို ပေးကမ်းလှူဒါန်းခြင်း၊ ကျွေးမွေးခြင်း စသည်ဖြင့် အဓိပ္ပါယ် ဖွင့်ဆိုနိုင် ပါတယ်။ ဘယ်သူ့ကိုပေးပေး ဘယ်သတ္တဝါကိုကျွေးကျွေး ဒါကို ဒါနလို့ပဲ ခေါ်ရပါ တယ်။ ဒါပေမဲ့ ဒါနဆိုတဲ့ စကားတူရုံနဲ့ ပေးတဲ့အကျိုးချင်း တူမယ်လို့တော့ မထင်လိုက်ပါနဲ့။ ဒါနရဲ့အလုပ်က ကိုယ်လုပ် တုန်းက သူများကိုပေးမှ ဒါနဖြစ်သလို ဒါနက အကျိုးအနေနဲ့

ပြန်ပေးတဲ့အချိန်မှာလဲ ပစ္စည်း အသုံးအဆောင် ပြန်ပေးဖို့လောက်ပဲ တာဝန်ယူပါတယ်။ ဆိုလိုတာက ဗာဟိရ ခန္ဓာကိုယ်ပြင်ပ မှာ သုံးရမဲ့ပစ္စည်းရအောင် လုပ်ပေးမယ်ပြောတာပါ။ ဥပမာ အစားအသောက်ပေါများတာ၊ အဝတ်အစားများကိုလဲ ခေတ်မီမီ သုံးနိုင်တာ နေစရာ အနေနဲ့လဲ ခြံကျယ် တိုက်ကောင်း ကား အသစ်များနဲ့ နေရခြင်းမျိုးပေါ့။ ဘဝကောင်းလေးနဲ့ အကျိုးကောင်းကောင်း စံစားရဖို့ဆိုရင် လုပ်တဲ့ဒါနဟာလဲ တိကျဖို့ လိုအပ်လာပါတယ်။ တနည်းပြောရမယ်ဆိုရင် သုခါယ - ချမ်းသာကို ကောင်းကောင်း စံစားချင်တယ်ဆိုရင် အခြေအနေကောင်းများကို ဖန်းတီးထားဖို့ပါပဲ ။ ပြီးတော့ အသိဉာဏ်နဲ့ယှဉ်ပြီး ဖြစ်ပေါ်လာ တဲ့ စေတနာကို ဒါနခေါ်ကြောင်းပါ ထပ်လောင်း အသိပေးထား ပါသေးတယ်။

အဘိဓမ္မာတရားတော်အရ ဒါနလုပ်တဲ့နေရာမှာ ဒါနအရှင် (ဒါနပတိ) များအနေနဲ့ ပြည့်စုံရမဲ့ အချက်များကို တိတိကျကျ ညွှန်ကြားပြသထားပါတယ်။ ဒါကလဲ ဒါနအရှင် များကို လုပ်တဲ့ အတိုင်း ကောင်းတဲ့အကျိုးများကို အကောင်းစားရစေချင်လို့ပါပဲ။ ဒါန = ပေးကမ်း လှူဒါန်း ကျွေးမွေးတော့မဲ့ ဒါနအရှင် တစ်ယောက်အနေနဲ့ **(၁)** စိတ်ပါဝင်စားမှု ၊ ဝမ်းသာကြည်နူးမှု၊ ကျေနပ်သဘောကျမှု ရှိဖို့လိုအပ်ပါတယ်။ ဒီစိတ်အခြေအနေက ဘဝမှာ အကျိုးကိုပေးတော့မယ် ဆိုရင် စိတ်ဆင်းရဲပြီး ဒါနအကျိုးကို ခံစားရတာမျိုးမရှိအောင်၊ လုပ်တိုင်း ရလို့ ဘဝမှာ ကျေနပ်မှု ရအောင် လုပ်ပေးမှာပါပဲ။

စိတ်မပါတပါ ဒါနလုပ်ခဲ့မယ်ဆိုရင်တော့ အကျိုးရအောင်၊ ဘဝမှာ ချမ်းသာအောင် ကြိုးစားရတာဟာ ဘယ်တော့မှ အလွယ်တကူမရနိုင်တော့ပါဘူး။ လေပူကိုရှူ အပူနဲ့အတူ ဘဝကကူ မှ လူစဉ်မီ ဆိုတဲ့ လူ့ချမ်းသာကို ရမှာပါ။ စိတ်ပါဝင်စားစွာ ဒါနလုပ်ခဲ့တဲ့ လူတစ်ယောက်အတွက် မမွေးခင်ကတည်းက စိတ်ချမ်းသာမှုတွေကို ဖန်တီးပေးရတာပါ။ မိဘကဆင်းရဲနေတယ် ဆိုရင်တောင် ဒါနအရှင်လေး အမေရဲ့ဝမ်းကြာတိုက်မှာ ကိန်းလာပြီ ဆိုတာနဲ့ ဆင်းရဲသူမိဘများမှာ စီးပွားတက်တာ ထီပေါက်တာစတဲ့ ချမ်းသာရာ လမ်းကြောင်းများ အလိုလို ပေါ်လာခြင်းပါပဲ။ ဒါဟာ စိတ်ပါဝင်စားစွာလုပ်ခဲ့တဲ့ ဒါနရဲ့ အစွမ်းကြောင့်ပါ။ မမွေးခင်ကတည်းက ဘဝမှာ အဆင် သင့်ဖြစ်နေချင်တယ်၊ ချမ်းသာမှုက စောင့်နေတာကိုလက်ခံချင်တယ်ဆိုရင် ဒါနကို စိတ်ပါလက်ပါ လုပ်ထားဖို့ပဲ လိုတာပါ။

ဘဝရဲ့ပြည့်စုံမှုကို ဒါနက အပြည့်အဝ တာဝန်ယူဖို့ဆိုရင် ပြောပြီးတဲ့ အကြောင်း တစ်ချက်တည်းနဲ့ မပြီးသေးပါဘူး။ နောက်ထပ်အကြောင်းတရားတွေက တန်းစီနေပါသေး တယ်။ နောက်ပြည့်စုံအောင်လုပ်ရမဲ့ အကြောင်းက **(၂)** ဒါနလုပ်တိုင်း ဉာဏ်ယှဉ်ထားဖို့ လို အပ်ပါတယ်။ ဉာဏ်ယှဉ်ဆိုတာ ကိုယ်လုပ်တဲ့ အလုပ်ရဲ့ အခြေအနေကို (က) အကျိုးပေး နိုင်တဲ့ အခြေအနေကိုသိထားဖို့ (ကံအကျိုးသိ)၊ (ခ) ကိုယ်ဘာလုပ်နေတယ်ဆိုတာကို

သိနေဖို့ (အကြောင်းသိ) နဲ့ (ဂ) အကျိုးရရင် ဒုက္ခရောက်နိုင်သလို အကြောင်းကြောင့် အကျိုးရခဲ့မယ်ဆိုရင်လဲ ဒုက္ခကို ထပ်ဖန်တီးဦးမယ်ဆိုတာသိလို့ အကျိုးနဲ့အကြောင်း ကင်းရာဖြစ်တဲ့ ဒုက္ခအားလုံး ကင်းရာ နိဗ္ဗာန် ကိုပဲ အာရုံပြု လှူဒါန်းမှုကိုဆိုလိုတာပါ။

ဉာဏ်-အသိကွာရင် အကျိုးပေးကွာခြားသလို ဘဝအခြေအနေနဲ့ အသိ အတွေး အခေါ်တွေပါ ပြောင်းလဲသွားတယ်ဆိုတာကို ဗုဒ္ဓရဲ့ဓမ္မက ထပ်မံညွှန်ပြခဲ့ပါတယ်။ တကယ်လို့ ကံ အကျိုးသိဖြစ်တဲ့ ဒါန လှူဒါန်းမှုကြောင့် လူဖြစ်ချင်မှု၊ နတ်ဖြစ်ချင်မှု လူ့ဘဝ ရောက်ခဲ့မယ်ဆိုရင်လဲ ချမ်းသာလိုမှုများဟာ အကျိုးကိုမျှော်ကိုးတဲ့ ဒါနဉာဏ်ပါ။ ဒါကိုလဲ ဉာဏ်ယှဉ်တယ် လို့ပြော ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါနကံအကျိုးကို သိနေလို့ပါပဲ။ သိတာကို ဉာဏ်လို့ ခေါ်ရတာ ကြောင့်ပါ။ ဒါပေမဲ့ ဒီဉာဏ်မျိုးကိုတော့ ပြည့်စုံတဲ့ဉာဏ်လို့ ခေါ်လို့မရပြန်ပါဘူး။ တကယ်တော့ ဒါန ဆိုတဲ့ အကြောင်းတရားကို လုပ်မှတော့ ဒါနရဲ့ အကျိုးကို ရပါစေ၊ ရရပါလို၏လို့ တောင်းဆု ပြုစရာကို မလိုတော့တာပါ။ ရနိုင်တဲ့ အကျိုးကိုတောင်းတာဟာ လုပ်နေတဲ့ ဒါနအကြောင်းတရား အပေါ်မှာ ယုံကြည်မှု=သဒ္ဓါ အားနည်းသေးတယ်လို့ ပြောလို့ရပါတယ်။

အားနည်းတဲ့ ဉာဏ်နဲ့ လုပ်ခဲ့တဲ့ ဒါနတစ်ခုဟာ ပြည့်စုံတဲ့ အကျိုးကိုပေးပေမဲ့ ပြည့်ဝတဲ့ စိတ်ကိုတော့ ဖြည့်ပေးနိုင်စွမ်းမရှိပါဘူး။ ဒီလို ကံအကျိုးမျှော်ကိုးတဲ့ ဉာဏ်မျိုးနဲ့ သာ ဒါနလုပ်ခဲ့မယ်ဆိုရင် ကံအကျိုးဖြစ်တဲ့ ချမ်းသာမှုတွေ ပြည့်စုံလာတဲ့အချိန်မှာ ဒါန အရှင်များဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်တော့တဲ့ မာန- ထောင်လွှားတက်ကြွမှု၊ ပိုမိုလိုချင်တဲ့ လောဘကြီးမှု၊ သူများ ပစ္စည်းကို အလွယ်တကူရလိုမှု အဘိဇ္ဈာ စတဲ့ အကုသိုလ်စိတ်များနဲ့ ဘဝကိုဖြတ်သန်းသွားရ တော့မှာပါ။ ဒ့ါအပြင် အသိပါ ပြောင်းသူ၊ ကံကို မယုံတော့တဲ့သူပါ ဖြစ်လာတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါနအရှင်အနေနဲ့ ဒါနလုပ်တုန်းကပါလာတဲ့ ဉာဏ်-အသိဟာ အကျိုး ပေါ်မှာပဲထားခဲ့၊ အာရုံစိုက်ခဲ့လို့ပါ။ အကျိုးပေါ်မှာ အာရုံစိုက် ခဲ့တဲ့ဉာဏ်ကြောင့် ရလာတဲ့ အကျိုး များဟာ ပြောပြနိုင်းပြလို့မရအောင် များနိုင်ပေမယ့် အဲဒီပစ္စည်းများက ပိုင်ရှင်ကိုအသိရအောင် လုပ်ပေးနိုင်စွမ်း မရှိတော့ပါဘူး။ သူရဲ့အသိ ဟာလဲပစ္စည်းဉစ္စာမှာပဲ အဆုံးသတ်သွားပါပြီ။ ဉာဏ်က ကံ အကျိုးလောက်မှာပဲ ရပ်ခဲ့တာကိုး။

ဒါကြောင့်လဲပဲ အခုခေတ်မှာ ချမ်းသာကြွယ်ဝနေကြသူများ ကိုယ်ချမ်းသာဖို့ ကိုပဲ ကြည့်ပြီး နောက်ဖြစ်လာမဲ့ အကျိုးကိုတွေးမကြည့်ပဲ ဘယ်သူသေသေ ငတေမာရင်ပြီးရော လုပ်နေကြတာပေ့ါ။ အဲဒီပုဂ္ဂိုလ်များကို ကျောင်းအစ်မဝိသာခါရဲ့စကားနဲ့ ပြောရရင် အဟောင်းစား လို့ပဲ ခေါ်ရတော့မှာပါ။ အတိတ်ကလုပ်ခဲ့တဲ့ ကံအဟောင်းကိုသာ စားနေသူ

များလို့ဆိုလိုတာပါ။ ဒါဆို အခုအသိဉာဏ်နဲလို့ ကံအကျိုးကိုပဲ မျှော်ကိုးပြီး ဒါန လုပ်ခဲ့မယ် ဆိုရင် အပေါင်းစားဖို့ ကြိုးစား နေသူများလို့ ခေါ်ရတော့မှာပေါ့။ ဒါက (၂) နံပါတ်မှာပါတဲ့ (က) နံပါတ်ဉာဏ်ရဲ့ အကျိုးပေးပါ။

(ခ)နံပါတ် ဉာဏ်က ကံအကျိုးကိုသာကြည့်တဲ့ (က)နံပါတ်ဉာဏ် အကျိုးထက်သာ သွားပါတယ်။ အကျိုးရတာချင်းတူပေမဲ့ အသိချင်းတော့ ကွာသွားပါတော့တယ်။ ချမ်းသာ လွန်းလို့ အလုပ်တွေနဲ့ နပမ်းလုံးရင်း အသိရာဖို့ အချိန်နဲပေမဲ့ ဘာသာရေးကိုင်းရှိုင်းမှု ရှိတယ်၊ သူတော်ကောင်းမိတ်ဆွေများပြောရင် ကြောင်းကျိုးဆက်ကို လက်ခံနိုင်တယ်။ ဒါနလဲ လက်နဲ့မကွာလုပ်နိုင်သလို မာနလဲကင်းပြန်ပါတယ်။ ဒါပေမဲ့ တိကျတဲ့အသိရာဖို့ လွတ်မြောက်မှု တရား ရဖို့ကျတော့ အင်နေပြန်ရော။ အလုပ်အကြောင်းပြရင်း ရှောင်တာ၊ တချို့ တကယ့်ကိုအလုပ်ရှုပ်လို့ အလုပ်ကိုမစွန့်နိုင်ပဲ တစ်ဘဝစာအတွက်ပဲကြည့်ပြီး အချိန် တွေကိုကုန်လွန်စေတာဟာ (ခ)နံပါတ် ဉာဏ်-အကြောင်းသိရုံနဲ့ လုပ်ခဲ့တဲ့ဒါနရဲ့ လက္ခဏာ ပါပဲ။

အကြောင်းသိဉာဏ်ဆိုတာ ဘာလုပ်နေတယ်ဆိုတာကို ကောင်းကောင်း သိတာ ကို ဆိုလိုတာပါ။ ဥပမာ ဆွမ်းကပ်နေတဲ့ ဒါနအရှင် တစ်ယောက်အနေနဲ့ ဖြစ်ပေါ်လာတဲ့ ဉာဏ်က အခုငါတို့လုပ်နေတဲ့ ဒါနဟာ အကြောင်းလုပ်နေတာပဲ အကျိုးကို ဘာမျှော်ကိုး နေစရာ လိုမှာလဲ။ အကြောင်းကြောင့် အကျိုးရမှာ သေချာနေတဲ့ဥစ္စာ စတဲ့အတွေးများ လွှမ်းမိုးထားခြင်းပါပဲ။ ဒီလိုမျိုး ဒါနအရှင်များဟာ အကျိုးကို ပြည့်ပြည့်ဝဝ ရရှိခံစားရမှာ မှန်နေပေမဲ့ ဒါနနဲ့ ထပ်ပျော်မွေ့ပြီး လွတ်မြောက်မှုတရားကို မေ့နေတတ်တာမို့ သုံးဆယ့် တစ်ဘုံဆိုတဲ့ သံသရာကြောမှာ မျော နေရမဲ့ ပုဂ္ဂိုလ်လို့ခေါ်ရပါတယ်။ ဒီလိုဒါနပြုလုပ်ခြင်း ကို ပြည့်စုံတဲ့ ဒါနလုပ်ခြင်းလို့ ပြောလို့ မရပြန် ပါဘူး။

ပြည့်စုံအေးချမ်းတဲ့ ဘဝတစ်ခုကိုပိုင်ဆိုင်ပြီး ဒုက္ခကင်းရာနိဗ္ဗာန်ကို ရောက်ချင် တယ်ဆိုရင် တိကျတဲ့ဉာဏ်နဲ့ ဒါနကိုပြုလုပ်ဖို့ပါပဲ။ ဒီလိုဉာဏ်မျိုးကို နံပါတ်၂ရဲ့ (ဂ) ဉာဏ် လို့ခေါ်ပါတယ်။ ဒီဉာဏ်ဟာ အဆင့်မြင့်ဉာဏ်တစ်ခုဖြစ်လို့ တစ်ခါလောက် ဒါနလုပ်မိပေမဲ့ ဒုက္ခကလွတ်မြောက်တဲ့အထိ တာဝန်ယူနိုင်စွမ်း ရှိပါတယ်။ ဒီ အသိဉာဏ်ရဲ့ ထိုးထွင်းသိမှု က လုပ်နေတဲ့ ဒါနဟာ အကြောင်းတရားပဲ၊ အကြောင်းလုပ်ရင် အကျိုးရမှာအမှန်။ အကျိုး ရလာပြီ ဆိုတာနဲ့ ဒုက္ခက ကပ်ပါလာမှာ အသေအချာ။ ကောင်းတာလုပ်ခြင်းဟာ ဒုက္ခ ရောက်ချင်လို့မဟုတ်ဘူး ထာဝရ အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်စေဖို့ပါပဲလို့ တွေးမိ အသိရှိတဲ့ဉာဏ်ပါ။ ဒီလို ဉာဏ်မျိုး နဲ့သာ ဒါနလုပ်ခဲ့မယ် ဆိုရင် ဘဝတိုင်းပြည့်စုံပြီးတော့ ချမ်းသာတဲ့ဘဝကြောင့် မာန်တက်တာ ဒေါသထွက်တာ သူတပါးဥစ္စာကို မတရား

လိုချင်တာ လူလူချင်းမတူသလို ဆက်ဆံတာ စတဲ့ အဖြစ်များမရှိတော့သလို ပစ္စည်းဥစ္စာကြောင့် ဒုက္ခရောက် နိုင်တယ်ဆိုတာကိုပါတွေးမိပြီး ဥစ္စာမှာ စွဲလမ်းမှု သားသမီးမှာ စွဲလမ်းမှုကင်းပြီး ပြောသူမရှိပေမဲ့ အလိုလိုအသိတွေ ရလာမှု အခြေအနေကို ပိုင်ဆိုင်ခွင့် ရတော့မှာပါ။

ဘုရားရှင်လက်ထက် ရာဇဂြိုဟ်ပြည်ကြီးရဲ့ ဇောတိကသူဌေး လိုပေါ့။ သူ့ရဲ့ပြည့်စုံမှုကိုတော့ မြန်မာများကြားဖူးကြ နာဖူးကြမှာပါ။ သူ့ပစ္စည်းကို အချောင်လိုချင်တဲ့ စိတ်နဲ့ စစ်အင်အား သုံးပြီး အိမ်ကိုသိမ်းပိုက်ဖို့ ကြိုးစားခဲ့တဲ့ အဇာတသတ်ဘုရင်ရဲ့ အခြေအနေက သူဌေးကြီးကို ရဟန်းဝတ်ဖို့ တိုက်တွန်းလိုက်သလိုပါပဲ။ ပစ္စည်းဥစ္စာပေါများလို့ သူများရဲ့တိုက်ခိုက်မှု မတရား ယူလိုမှုကိုခံရတာ၊ တကယ်လို့ ဘာမှမရှိတဲ့ ဘဝသာဆိုရင် အနောက်အယှက် ကင်းမှာပဲလို့ တွေးတာက ဇောတိကသူဌေးပါ။ ငါ့ပစ္စည်းကို အချောင်လိုချင်ရမလားလို့တွေးပြီး သူများကို အမျက်မထွက်သလို ပစ္စည်းနဲ့ ပတ်သက်ပြီးလဲ စိုးရိမ်မှု ကြောင့်ကြမှု မဖြစ်တော့ပါဘူး။ ရလိုက် တဲ့ အသိကတော့ ဒုက္ခ မရောက်ချင်ရင် ပစ္စည်းစွန့်ရမယ်ဆိုတာပါပဲ။ ထူးခြားတဲ့အသိနဲ့ ဘဝရဲ့ အရှိကို လက်ခံနိုင်တာဟာ လွတ်မြောက်မှုကိုသာ မျှော်မှန်းပြီးလုပ်ခဲ့တဲ့ ဉာဏ်ကြောင့်ပါ။ သူတော်ကောင်းကြီးများရဲ့ အတွေးအမြင်နဲ့ သာမန်လူသားများရဲ့ အသိကွာခြားတာဟာ လုပ် တုန်းက ပါခဲ့တဲ့ဉာဏ်က အဖြေ ထုတ်ပေးသွားခြင်းပါပဲ။

ဒါကြောင့် ဒါနလုပ်တိုင်း သိရမဲ့အရာက ဒုက္ခကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်လိုမှုကြောင့်သာလို့သိနိုင်တဲ့ နံပါတ် (၈) ဉာဏ်မျိုးရှိထားဖို့ပါပဲ။ ဉာဏ်ဆိုတဲ့ စကားတူပေမယ့် အခြေအနေ နဲ့ အသိကိုရစေမှုမှာတော့ ကွာလွန်းမကကွာနေတာကို တွေ့ရမှာပါ။ ဒါကြောင့် ဒါန တစ်ခု လုပ်တဲ့အချိန်မှာ ပါဝင်စေရမဲ့ ဉာဏ်ကတော့ နံပါတ်(၈)ဉာဏ်-လွတ်မြောက်မှုကိုသာ တမ်းတတဲ့အသိပါပဲ။

ဘဝဆိုတာ တိုတိုနဲ့ ရပ်တန့်သွားတာ မဟုတ်လေတော့ ရတဲ့ အကျိုးများကိုလဲ ပြည့်စုံ တိကျစေချင်ပါတယ်။ ဘုရားဟောတရားတော်များမှာ ညွှန်ပြထားတဲ့ အရာများကတော့ အတိအကျကို ရှိပါတယ်။ ဒါနလုပ်သူများဟာ စိတ်ပါရုံ ဉာဏ်ပါရုံနဲ့ မပြီးသေးပါဘူး။ သူများရဲ့ တိုက်တွန်းမှု မရှိပဲ ကိုယ်တိုင် လုပ်ချင်တဲ့စိတ်ပေါ်ဖို့လိုအပ်သလို ဒါနလုပ်ရာမှာ ကိုယ်တိုင် ပါဝင် လုပ်ကိုင်လှူဒါန်းဖို့ပါလိုအပ်ပါသေးတယ်။ ကိုယ်တိုင်ပါဝင်လုပ်ကိုင် လှူဒါန်းခြင်းရဲ့ အကျိုးတရားက ဘဝမှာ အခက်အခဲမရှိအောင် ကူညီသူများ သစ္စာသိသူများ အနစ်နာခံသူများနဲ့ အကျိုး မပျက်စီးအောင် အကာအကွယ်ပေးသူများ ရှိလာခြင်းပါပဲ။ ပြည့်စုံတဲ့ဘဝတစ်ခုဆိုတာ ပစ္စည်း ဥစ္စာရှိရုံနဲ့မဖြစ်သေးပါဘူး ရှိပြီးသား

ပစ္စည်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းသူ ရှိဖို့ လိုအပ်သလို ဖြုန်းတီးသူများ၊ စိတ်ဆင်းရဲအောင် လုပ်သူများမရှိဖို့လဲ လိုအပ်ပါတယ်။ ဒီလို အခြေအနေ အားလုံးကို ဖန်တီးပေးနိုင်တာကတော့ ဒါနလုပ်တဲ့အချိန်မှာ ကိုယ်တိုင်ပါဝင်လုပ် ကိုင် လှူဒါန်းခြင်းပါပဲ။

ပေးကမ်းလှူဒါန်းလို့ ရလာတဲ့ပစ္စည်းကို ခံစားရုံနဲ့မပြီးသေးကြောင်း ဘုရားရှင်က အဘိဓမ္မာမှာ ဟောကြားခဲ့ပါသေးတယ်။ဒါကြောင့် ကိုယ်လုပ်ခဲ့တဲ့ ဒါနကို ဒါနရဲ့အရှင် ဖြစ်လာတဲ့ အချိန် ပစ္စည်းဥစ္စာရရှိလာတဲ့အချိန်မှာ လုပ်ခဲ့တဲ့ ဒါန အကျိုးကို သူတပါး ရရှိအောင် အမျှပေးဖို့ ထပ်ဆင့် ညွှန်ကြားခဲ့ပါတယ်။ အဲဒီလိုလုပ်ခြင်းဟာ အိမ်နီးနားချင်း များနဲ့ မိတ်ဆွေဖွဲ့ခြင်းတမျိုး ပဲဖြစ်တာမို့ ကိုယ့်ကိုအနှောက်အယှက်ပေးသူ မရှိတော့ပါဘူး။

မိတ်ဆွေများဖြစ်သွားတဲ့အတွက် ရောက်လာနိုင်တဲ့အန္တရာယ်များကိုပါ အကာ အကွယ် ပေးလာပါသတဲ့။ ဒ့ါအပြင် ကိုယ်ရှာလို့ရလာတဲ့ ပစ္စည်းနဲ့ ပတ်သက်ပြီး ကိုယ်က တရားသော အားဖြင့်ရှာခဲ့ပေမဲ့ ဘေးပတ်ဝန်းကျင်က အလကားပါ မတရားလုပ်ရင်း ကြီးပွားလာသူ စတဲ့ မကောင်းစကားနဲ့ ပြောကြားကာ ကဲ့ရဲ့တာမျိုးကိုလဲ ကြုံရတတ်တာ ပါသေးတယ်။ ဒါဟာလဲ လောကရဲ့ သဘာဝတစ်ခုပေမို့ အလွယ်တကူ ရှောင်လို့ရတဲ့နည်း ကတော့ ကိုယ်တိုင်ဒါနလုပ် ပြီးတိုင်း ကိုယ့်ရဲ့ဒါနအကျိုးကို သူများအတွက် အမျှဝေ ခံစား စေရုံမက သူများလုပ်ခဲ့တဲ့ ကောင်း မှုကုသိုလ်များကိုလဲ ကိုယ်တိုင် ကျေနပ်သဘောကျ ကာ ကောင်းကြောင်းပြောပေးဖို့ အလှူရှင် များနဲ့ထပ်တူ ဝမ်းမြောက်ပေးဖို့ (သာဓု) ပါ လိုအပ်လာပြန်ပါတယ်။ အဲဒီလို ဝမ်းမြောက် နမော် သာဓုခေါ်ပေးခဲ့တဲ့ အကျိုးကျေးဇူး ကတော့ ကိုယ်မတရား ကြီးပွားတာတောင်မှ သူကံကောင်း လို့ ရတာပါလို့ အကောင်းမြင် ပေးတဲ့ အခြေအနေမျိုးကိုပါ ပိုင်ဆိုင်ခွင့်ရပါတယ်။ ကောင်းတာနဲ့ ကြီးပွားသူ နာမည်ကြီးသူ များအတွက် ဆိုရင်တော့ ပြောစရာ မလိုလောက်အောင် ပြည့်စုံတယ် ဆိုရမှာပါ။

ဘဝဆိုတာ ခက်ခဲရှုပ်ထွေးမှုနဲ့ ဖန်တီးထားတာမို့ ပြောခဲ့တဲ့ အကြောင်းပြည့်စုံရုံနဲ့ မလုံလောက်သေးဘူးဆိုတာ သိကြမှာပါ။ ရလာတဲ့ ပစ္စည်းဥစ္စာများကို ကျန်းကျန်းမာမာ သုံးဆောင် နိုင်ဖို့လဲ လိုအပ်လာပြန်ပါတယ်။ အကျိုးတရားတွေဆိုတာ အကြောင်းကင်းပြီး ဖြစ်မလာတတ် တာမို့ အကျိုးပြည့်ချင်တယ်ဆိုရင် အကြောင်းကို ဖြည့်ရဦးမှာပါ။ ဒါကြောင့် ဒါနလုပ်သူတစ်ယောက်ဟာ ဒါနရဲ့အကျိုးဖြစ်တဲ့ ပစ္စည်းဥစ္စာများကို ကောင်းကောင်း သုံးဆောင် ခံစားချင်တယ် ဆိုရင်တော့ သီလ-ကိုယ်ကျင့်တရားပါ ပြည့်စုံဖို့လိုအပ်လာပါပြီ။ သီလဆိုတာ ဟာလဲ ရှောင်သီလ နဲ့ ဆောင်သီလဆိုတာ နှစ်မျိုးရှိပြန်ပါတယ်။ ရှောင်သီလ ဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးသား ဖြစ်တဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလ စတဲ့ အကျင့်များ

ကို ရှောင်ကြဉ်ဖို့ပါပဲ။ ငါးပါးသီလကို ရှောင်ကြဉ်တဲ့ နေရာမှာလဲ အထက်ကပြောခဲ့တဲ့ အသိဉာဏ်မျိုးရှိဖို့ လိုအပ်တယ် ဆိုတာကိုပါ အပိုသိထားဖို့ လိုပါတယ်။

အသိဉာဏ်ဆိုတာ လုံးဝကင်းလို့မရတာမို့ မရှိမဖြစ်လိုအပ်တဲ့အရာလို့ ပြောရင်လဲ ရနိုင်ပါတယ်။ သီလဆောက်တည်တဲ့နေရာမှာ အခြေခံအနေနဲ့ သိထားရမဲ့ ဉာဏ်ကတော့ ပါဏာတိပါတ- သူ့အသက်ကိုသတ်မှုမှ ရှောင်ကြဉ်ခြင်းနဲ့ ပါဏာတိပါတရဲ့ရှေ့ပြေးဖြစ်တဲ့ ကာယကံနဲ့ တပါးသူများကို နှိပ်စက်မှုမှ ရှောင်ကြဉ်မှုဆိုတာကို သိခြင်းပါပဲ။ တကယ်တော့ ငါးပါး သီလဆောက်တည်ရင်း မကောင်းကံများကို ရှောင်ကြဉ်နေခြင်းဟာ ကိုယ့်အသက်ရှည်ဖို့ (ပါဏာတိပါတရှောင်ကြဉ်မှု) ကိုယ့်ပစ္စည်းဥစ္စာကို ရန်သူမျိုးငါးပါး တိုက်ခိုက်မှုမှ ကင်းဝေးစေဖို့ (အဒိန္နာဒါနရှောင်ကြဉ်မှု) စတဲ့ ကိုယ့်ရဲ့အတ္တအတွက် ရှောင်ကြဉ်တာထက် သက်ရှိသတ္တဝါများ အသက်ရှည်စွာနဲ့ ရရှိလာတဲ့ စည်းစိမ်များကို ကောင်းမွန်စွာ ခံစားစေချင်တဲ့ မေတ္တာပြဋ္ဌာန်းတဲ့ စိတ်နဲ့ (ပရ-သူတပါးအတွက်) ရှောင်ကြဉ်ဖို့ပါ။

ဒါဟာ တကယ်မှန်ကန်တဲ့ အသိနဲ့ သီလ ဆောက်တည်ခြင်းပါပဲ။ ငါအသက်ရှည်ဖို့ ဆိုတဲ့ အသိဉာဏ်နဲ့ သီလကိုဆောက်တည်ခြင်းဟာ အတ္တပြဋ္ဌာန်းနေတာမို့ ဘဝမှာ ပြည့်ပြည့် စုံစုံနေရဖို့ ခံစားစံစားရဖို့ မသေချာတော့ပါဘူး။ ဒါက အကျိုးကိုလိုလားတဲ့စိတ်နဲ့ သီလဆောက်တည်သူများ သိထားရမဲ့ အရာပေါ့။ လွတ်မြောက်မှုအတွက် မျှော်လင့်ပြီး သီလဆောက်တည်သူများ အတွက်ကတော့ သမာဓိ အခြေခံကောင်းအောင်ဆိုတဲ့ အသိနဲ့ ဆောက်တည်ဖို့ပါ။ သီလဟာ ရှောင်နေရုံနဲ့ မပြည့်စုံသေးတာမို့ ဆောင်ထားဖို့လဲ လိုအပ်လာပြန်ပါတယ်။ ဆောင်သီလ ဆိုတာကတော့ သိင်္ဂါလောဝါဒသုတ်မှာ ဘုရားရှင် ဟောကြားထားတဲ့ ရဟန်းနဲ့ တကာ၊ ဆရာနဲ့ တပည့်၊ မိဘနဲ့ သားသမီး၊ အလုပ်ရှင်နဲ့ အလုပ်သမား၊ အထက်လူကြီးနဲ့ အောက်လူ ငယ်များ လိုက်နာကျင့်သုံးရမဲ့ ကျင့်ဝတ်များကို ဆိုလိုတာပါ။ ငါးပါးသီလစတဲ့ ရှောင်သီလ များ ကိုသာ ဆောက်တည်ထားခဲ့မယ်ဆိုရင် တခြမ်းပဲ့သီလကို ယူထားမိတာမို့ ဘဝ မှာလဲ တခြမ်းပဲ့ နေဦးမှာပါပဲ။ ဆောင်သီလကို ဆောက်တည်ရခြင်းရဲ့ အကျိုးကတော့ တရားကို အမြန်ရစေ ခြင်းပါ။

တခြမ်းပဲ့သီလနဲ့ အမှန်တရားကို အမြန်ရဖို့ မဖြစ်နိုင်ကြောင်း သားတော်ရာဟုလာကို ပေးတဲ့ ဩဝါဒလေးကိုကြည့် ရင်သိနိုင်ပါတယ်။ သားတော်ရာဟုလာ ဖြည့်ကျင့်ရမဲ့သီလဖြစ်တဲ့ ဝတ်ကြီးဝတ်ငယ်ကို မဖြည့်ကျင့်ခဲ့ဘူး လစ်လပ်နေခဲ့မယ်ဆိုရင် သီလပြည့်စုံသူတစ်ယောက် မဖြစ်နိုင်ဘူး၊ သီလမပြည့်စုံဘူးဆိုရင် ပညာမပြည့်စုံသေးတာမို့ စိတ်တည်ကြည်မှု ရဖို့ဆိုတာ ခက်ခဲတယ်။ တည်ကြည်မှုမရှိတဲ့စိတ်နဲ့ အမှန်တရားဖြစ်တဲ့ သစ္စာကိုသိဖို့ဆိုတာ ခက်ခဲလွန်းတယ်လို့ မိန့်ခဲ့တဲ့ ဘုရားရှင်ရဲ့ ဩဝါဒလေးက သီလကို

ရှောင်သီလရော ဆောင်သီလပါ ပြည့်အောင်ဖြည့်ဖို့ လိုအပ်နေသေးတယ်ဆိုတာကို မီးမောင်း ထိုးပြနေတာပါ။ ဒါကြောင့်မို့ ဒါန လုပ်မဲ့ ဒါနအရှင်များဟာ သီလကိုပြည့်စုံအောင် လုပ်ထားဖို့ လိုအပ်တယ်ဆိုတာ သိသာ နေပါတယ်။

ပြီးတော့ ရှောင်သီလထဲမှာ ပါဏာတိပါတ စတဲ့ ငါးပါးသီလထဲမှာ မြုပ်နေတဲ့ အဓိပ္ပါယ်ကို ဉာဏ်နဲ့ဖေါ်ထုတ်ရင်း အသိကိုပွားအောင်လုပ်ဖို့ လိုပါသေးတယ်။ ဒါန အလှူ လုပ်မဲ့သူများ အထူးသိထားရမယ့် ရှောင်ကြဉ်စရာလေးများကို အတိအကျ သိထားရပါ လိမ့်မယ်။ ဒါတွေကိုတော့ ဝိရတီ-ရှောင်ကြဉ်စရာများ လို့ခေါ်ပါတယ်။ဝိရတီ-ရှောင်ကြဉ် စရာတွေ ကတော့ သမ္မာဝါစာ ကောင်းတဲ့စကား ကိုပြောခြင်း၊ သမ္မာကမ္မန္တ ကောင်းတဲ့ အ လုပ်ကို လုပ်ခြင်းနဲ့ သမ္မာအာဇီဝ= မှန်ကန်တဲ့လုပ်ငန်း နဲ့ အသက်မွေးခြင်းတို့ပါပဲ။ တစ်ခါ သမ္မာဝါစာကိုဆက်ပြီး အခြေခံရမယ် ဆိုရင် ၁။ မုသာဝါဒ-မမှန်တဲ့စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း။ ၂။ပိသုဏဝါစာ-အတင်းပြောခြင်းမှ ရှောင်ကြဉ်ခြင်း ။ ၃။ ဖရုသဝါစာ-ကြမ်းတမ်းတဲ့ စကားအပြောအဆိုအသုံးအနှုံးကို သုံးခြင်း ပြောခြင်းမှ ရှောင်ကြဉ်ခြင်းနဲ့ ၄။သမ္ဖပ္ပလာပ- အရည်မရအဖတ်မရ မကောင်းတဲ့စိတ်ကိုသာ ဖြစ်စေတတ်တဲ့ စကားကို ပြောခြင်းမှရှောင်ကြဉ်ခြင်း ဆိုပြီး လေးမျိုးရှိပါတယ်။ ဒါနလုပ်တာပဲ ဘာလို့များ ဒီလို သီလ တွေ ဝိရတီတွေကို ပါစေရမှာလဲ ဆောက်တည်နေရမှာလဲ စတဲ့အတွေး မျိုးဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဘုရားရှင်ဟောကြားထားတဲ့ ဓမ္မတရားတော်များဟာ အကျိုးကို ဖြစ်စေတဲ့ နေရာမှာ အဆက်အစပ် ရှိနေပါတယ်။ ပြီးတော့ ဒါန ကုသိုလ်ကောင်းမှု လုပ်တဲ့နေရာမှာ အသိနဲ့သတိ မရှိခဲ့ရင် မကောင်းတဲ့ အကုသိုလ်ဆိုတာ ဝင်လာနိုင်ကြောင်း၊***ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော*** ဆိုတဲ့ ပဋ္ဌာန်းမှာ ဟောကြားအသိပေးခဲ့ပါတယ်။ အဓိပ္ပါယ်ကတော့ ကုသိုလ် ကောင်းမှု လုပ်နေတုန်းမှာ အကုသိုလ်စိတ်လေးတွေ တခါတလေ ပေါ်လာတတ်ပါသတဲ့။ ရလာနိုင်တဲ့အကျိုးရလာဒ် ကို ဆက်လက်ဖတ်ကြည့်လိုက်ပါဦး။

ဒါနဆိုတဲ့ ကုသိုလ်ကောင်းမှုကိုလုပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ မကောင်းတဲ့ အကုသိုလ်စိတ်တွေ ဝင်မလာအောင် ကာယကံအပြင် ဝစီကံကိုပါ ရှောင်ကြဉ်ဖို့ အဆင်သင့်ဖြစ်နေရပါတယ်။ ဒါဟာ ဒါန ကောင်းမှု အကျိုးပေးတဲ့ အချိန်မှာ ကာယကံ-ခန္ဓာ ကိုယ်ရဲ့လိုအပ်မှု ဝစီကံ-နှုတ်နဲ့ နားတို့ရဲ့လိုအပ်မှုတွေ အကောင်းတွေပဲ ဖြစ်စေပါတယ်။ တကယ်လို့ အကုသိုလ်စိတ်များ ရောပြီးပါလာမယ်ဆိုရင် ရလာနိုင်တဲ့ အကျိုးတွေကတော့ ဒါနလုပ်တဲ့အချိန်မှာ သမ္မာဝါစာ ထဲက (၁)မုသာဝါဒဖြစ်တဲ့ လိမ်ညာပြောဆိုမှုကို မရှောင်ခဲ့ ဘူးဆိုရင် ဒါနအရှင်ဟာ နှုတ်ခမ်းမလှ သလို သွားလဲမညီတော့ပါဘူး။ မကောင်းကျိုးဟာ

ဒါနဲ့တင် ရပ်မသွားသေးပါဘူး။ သူပြောတဲ့ စကားကိုလဲ ယုံကြည်သူ နဲသွားသလို သူဟာ ဒါနအကျိုး ဖြစ်တဲ့ စည်းစိမ်များကို ခံစားတဲ့နေရာ မှာလဲ လူအလိမ်ခံရပါလိမ့်ဦးမယ်တဲ့။ ဒါတွေကို ကြိုချင်သူဆိုတာရှိမယ်မထင်ပါဘူး။

ပစ္စည်းမရှိလို့ ဒါမျိုးမကြုံရတာ ခံသာပေမယ့် ချမ်းသာတဲ့အချိန် ကျော်ကြား တဲ့အချိန်မှာ ဆိုရင်တော့ အညာခံအလိမ်ခံ အယုံအကြည်မရှိ စတဲ့ အခြေအနေတွေကို ခံရတယ်ဆိုရင်တော့ မသက်သာလှပါဘူး။ ဒါကြောင့်မို့ ဒါန လုပ်တဲ့အချိန်မှာ မုသားမပြော မိဖို့ လိုအပ်ပါတယ်။ ပြီးတော့ (၂) ပိသုဏဝါစာ -အတင်းပြောတာကို ပါရှောင်ရပါလိမ့်မယ်။ မရှောင်ခဲ့ဘူးဆိုရင် ရလာမဲ့ အကျိုးကတော့ ချမ်းသာတာ နာမည်ကျော် တာတွေဟာ မကောင်းတာနဲ့ နာမည်ကျော်ဖို့ ဖြစ်လာသလို ကောင်းတာနဲ့ရခဲ့ကျော်ခဲ့မယ်ဆိုရင်လဲ အကောင်းပြောသူ ဆိုတာ ရှိမလာပါဘူး တဲ့။

အနီးဆုံး ခံရမဲ့အခြေအနေကတော့ အိမ်သူအိမ်သားများကတောင် အကောင်း မပြောတဲ့ အခြေအနေကို ပိုင်ဆိုင်လာရတတ်ပါသတဲ့။ ကိုယ်က သူ့အပေါ် ဘယ်လောက် ကောင်းကောင်း ကိုယ့်ကို အကောင်းမမြင်တဲ့ အဖြစ်လေးတွေကို ကြုံဖူးရင် ဒါနလုပ်ရာမှာ ဘာတွေကျန်ခဲ့တယ် ဆိုတာကို သိနိုင်မှာပါ။ ပြီးတော့ (၃) ဖရုသဝါစာ- နှုတ်ကြမ်းနဲ့ စကား ကြမ်းတာကိုပြောခဲ့မယ်ဆိုရင် ရလာနိုင်တဲ့ အကျိုးကတော့ တွေ့ရမဲ့ မိသားစုဟာလဲ နှုတ်ကြမ်းတဲ့ မိသားစုဖြစ်သလို အလုပ်ရှင်နဲ့ ကိုယ့်အထက်က အရာရှိများဟာလဲ ကြမ်း တမ်းတဲ့စကားကိုပြောတဲ့ သူဌေးများပဲ ဖြစ်မှာပါ။ ဒ့ါအပြင် (၄) သမ္ဖပ္ပလာပ- ဒါနလုပ်ဖို့ ပြင်ဆင်နေတုန်း အရည်မရ၊ အဖတ်မရစကားကိုပြောရင်း အလုပ်တွေ ဝေယျာဝစ္စတွေကို ကူညီလုပ်ကိုင်ပေးခဲ့မယ်ဆိုရင် အကျိုးရလာတဲ့အခါ ပွစိပွစိလုပ်တဲ့ မိသားစုထဲမှာ ရောက် နေတာ၊ ပွစိပွစိနဲ့ လုပ်တတ်တဲ့ ပတ်ဝန်းကျင်ကို ပိုင်ဆိုင်ရတာမျိုးနဲ့ ကြုံရပါတော့မယ်တဲ့။ ဒီလိုအဖြစ်မျိုးတွေ ကင်းရှင်းအောင်ဆိုပြီး ပြည့်စုံတဲ့ဘဝကို ပိုင်ဆိုင်စေချင်တာမို့ ဘုရားရှင် က အဘိဓမ္မာတရားတော်မှာ ထည့်သွင်းဟောကြားခဲ့တာပေါ့။ ဒါက ဝိရတီ (၃)ပါးထဲက သမ္မာဝါစာကိုအဓိပ္ပါယ်ဖွင့်ဆိုခြင်းပါ။

နောက်တစ်ခု(၂) သမ္မာကမ္မန္တ - ကောင်းတာကို သာလုပ်ရမယ်တဲ့။ဒီမှာလဲ သုံး မျိုး ရှိပါတယ်။ ၁။ ပါဏာတိပါတ-သူ့အသက်သတ်မှုမှ ရှောင်ကြဉ်မှုပါ။ အသက်သတ်မှု ရှောင် ကြဉ်ခဲ့မယ်ဆိုရင်တော့ အသက်ရှည်မှာ မှန်ပေမဲ့ သတ်တာတော့ မဟုတ်ဘူး နိပ်စက်တာ မျိုး ဆိုရင်တော့ ရောဂါများမယ် နေမကောင်းခဏခဏဖြစ်မယ်ပေါ့။ ဒါနလုပ်တဲ့အချိန် ဆွမ်းကပ်တာလေး နဲ့ ဥပမာပြောရမယ်ဆိုရင် ဆွမ်းကိုကိုယ်တိုင်မချက်ပဲ သူများကို အချက်ခိုင်းတာမျိုး၊ လုပ်ပြီးသားကို အဆင်သင့်မှာလိုက်တာမျိုးဟာ ပါဏာတိပါတ

တိုက်ရိုက် မဖြစ်ပေမဲ့ အခိုင်းခံရ သူများဟာ အသက်ကိုသတ်ပြီး လတ်ဆတ်တဲ့ ဟင်းစတာမျိုးကို ဆက်ကပ်ခြင်းဟာ ပံသုကူ-အပြစ်လွတ် တဲ့အသား မဟုတ်တဲ့ အတွက် အပြစ်မကင်းနိုင်ပါဘူး။

အဒိန္နာဒါန- သူများပစ္စည်းကို ခိုးဆိုးတိုက်ဝှက် မတရားယူတာမျိုး လုပ်တာ မရှိပေမဲ့ သူများခိုးတာ မတရားလုပ်တာတွေ့တဲ့အချိန် ဝမ်းသာတာ၊ သဘောတူတာတွေဟာ ကိုယ့်ဥစ္စာနဲ့ ပတ်သက်ရင်လဲ အကာအကွယ်မဲ့တဲ့ အဖြစ်မျိုး မတရားလုပ်မှ ကြီးပွားရတဲ့ အဖြစ်မျိုးနဲ့ ကြုံရတတ်ပါတယ်။ ပြီးတော့ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်မှုမရှိခဲ့ဘူးဆိုရင် ကိုယ့်ရဲ့ဇနီး၊ ကိုယ့်ရဲ့ယောကျ်ား တွေဟာ ကိုယ်က အလုပ်ထဲ စိတ်နစ်ပြီး အာရုံစိုက်ထားတဲ့ အချိန် သူတို့ကဖေါက်ပြားတာမျိုးနဲ့ ကြုံရတတ်ပါတယ်တဲ့။ နောက်တစ်ခုက(၃) သမ္မာအာဇီဝ ပါ။ ဒါကိုလဲ မတရား လုပ်လို့ရလာတဲ့ပစ္စည်းနဲ့ ဒါနလုပ်ခဲ့မယ်ဆိုရင်တော့ မသန့်ရှင်းတဲ့ ဒါန တစ်ခုပေမို့ ရှင်သန်ရတဲ့ဘဝဟာလဲ ဘယ်လိုမှသန့်ရှင်းစရာ အကြောင်းမရှိတော့ပဲ သူများဥစ္စာကို မတရား ယူတာမျိုး စတာနဲ့ပဲ ဘဝကို ရှင်သန်ရတဲ့အခြေအနေနဲ့ ကြုံရတတ်ပါသတဲ့။ ဒါကြောင့် ဒါန လုပ်တဲ့အချိန်မှာ ရှောင်ရမယ့် အရာကိုရှောင်ဖြစ်အောင် ရှောင်ဖို့လိုအပ်ပါတယ်။

ကိုယ်ကျင့်တရားဟာ ရှောင်ရုံသက်သက်နဲ့ မဖြစ်သေးတာမို့ဆောင်ဖို့ လိုအပ်တယ် ဆိုတာကို သိပြီးဖြစ်မှာပါ။ ဒါပေမဲ့ ကျန်နေသေးတဲ့ ဆောင်စရာ (၂)ခုကိုပါ သိထားရပါလိမ့်မယ်။ ဒါတွေကတော့ (၁)ကရုဏာ-သနားကြင်နာမှု နဲ့ (၂)မုဒိတာ-ဝမ်းမြောက်မှု ပါရှိဖို့ လိုအပ်လာပါပြီ။

ဒါနလုပ်တဲ့ ဒါနအရှင်တစ်ယောက်ဟာ ဒါနလုပ်တဲ့ အချိန်မှာ ကိုယ့်ထက် မြတ်သူ ကိုယ့်တန်းတူသူများကို ဖိတ်ခေါ်ပြီး လှူဒါန်းတဲ့အခါ ဝမ်းသာကြည်နူးနေတာကို မုဒိတာလို့ ခေါ် ပါတယ်။ ဒါပေမဲ့ မြတ်သူနဲ့ တန်းတူအပေါ်မှာ မုဒိတာထားနိုင်ပေမဲ့ အလှူလုပ်တုန်းမှာ ကိုယ့် အောက်လူ နိမ့်ကျသူများ လာရောက်အလှူခံက လှူဒါန်းနိုင်တာဟာ ကရုဏာဖြစ်ပါတယ်။ မုဒိတာနဲ့ ကရုဏာရဲ့အကျိုးကိုခံစားရမယ့်အချိန်က ကိုယ်ကြီးပွားလေလေ အပေါင်းအသင်းနဲ့ ပတ်ဝန်းကျင်က ဝမ်းသာလေလေ ကြည်နူးလေလေပါပဲ။ ပြီးတော့ အလုပ်လုပ်တဲ့အချိန်မှာ ကိုယ့်အထက်လူ ရာထူးရှိသူများရဲ့ ကြည့်ရှုစောင်မမှုကို ခံရမှာ အမှန်ပါပဲ။ ဖျက်မဲ့သူများမဟုတ် ပဲ တည့်ပေးမဲ့သူ ထည့်ပေးမဲ့သူများသာ ဖြစ်လာပါတယ်။ ဒါဟာ ဆောင်စရာ ကိုယ်ကျင့်တရား ကို ဖြည့်ဖြစ်အောင်ဖြည့်ခဲ့တဲ့ အကျိုးကျေးဇူးပါ။

သီလမှာဖြည့်စရာ ကျင့်စရာက မကုန်သေးပါဘူး။ သီလရဲ့ အဆက်အနွယ်ဖြစ်တဲ့ အပစာယန-ရိုရိုသေသေ လှူဒါန်းပေးကမ်းခြင်း ဆိုတာလေးကိုပါ ထည့်သွင်းဖို့ လိုအပ်ပါ

သေးတယ်။ ဒီလိုထပ်ဖြည့်လိုက်တဲ့အတွက် ဒါနအကျိုးကြောင့် ချမ်းသာလာတဲ့သူ တစ်ယောက်မှာ ပစ္စည်းဥစ္စာ စာရင်းများနဲ့ ပတ်သက်ပြီး မမှန်မကန်လုပ်သူမရှိတော့သလို အိမ်သူအိမ်သားနဲ့ အလုပ်သမားများ ပတ်ဝန်းကျင်ရှိသူများက ရှိသေလေးစားသလို ကျော်စောသတင်းများကို လည်း ပိုင်ဆိုင်ခွင့်ရပါတယ်။ လုပ်ခဲ့တဲ့ဒါနက အကျိုးပေးပြီဆိုရင် အရှုံးမရှိတော့ပါဘူး။

ငယ်ငယ်ရွယ်ရွယ်နဲ့ ကျော်ကြားသူ လေးစားခံရသူ ချမ်းသာသူများကို တွေ့ဖူး ကြားဖူး ကြမှာပါ။ သီလ - ကိုယ်ကျင့်တရားထဲက နောက်ဆုံး တစ်ခုဖြစ်တဲ့ ဝေယျာဝစ္စ-ကူညီလုပ်ကိုင်ပေးခြင်း အကူအညီပေးခြင်းဆိုတာ ကိုလဲ ပါဝင်စေဖို့ မမေ့ပါနဲ့။ အလှူရှင် ပဲဆိုပြီး ပန်းကန်ဆေး အမှိုက်လှဲ စတဲ့ ဝေယျာဝစ္စကုသိုလ်များကို ပါဝင်လုပ်ကိုင် ထားတာမရှိဘူးဆိုရင် ဘဝမှာကြီးပွားအောင် လုပ်ရပြီဆိုရင် ကြီးပွားနိုင်တဲ့ အရည်အသွေး ရှိပေမဲ့ ကူသူမရှိပဲ ကိုယ်တိုင်ပဲ ရအောင် ရုန်းကန်ရတဲ့ အခြေအနေမျိုးနဲ့ ကြုံရတတ် ပြန်ပါတယ်။

ဒါန - အလှူလုပ်ခဲ့လို့ ရလာတဲ့ ပစ္စည်းကိုသုံးစွဲသူဟာ ကျန်းမာဖို့ ရုပ်အဆင်းလှဖို့ လိုအပ်သလို ရုပ်နဲ့ပေါင်းထားတဲ့ စိတ်အလုပ်သမားဟာ စိတ်အေးချမ်းစွာနဲ့ ပစ္စည်းကို သုံးစွဲဖို့ လိုအပ်လာပြန်ပါတယ်။ ဒါကြောင့် ဆွမ်းကပ်တဲ့ ဒါနလုပ်တဲ့အချိန်မှာ ဒါနနဲ့ ပတ်သက်တဲ့ ပြည့်စုံ ရမယ့်အချက်တွေ ပါဝင်စေရမှာဖြစ်သလို သီလ-ကိုယ်ကျင့်တရားနဲ့ ပတ်သက်တဲ့ ရှောင်မှု ဆောင်မှုများကိုပါ ပြည့်စုံစေရမှာဖြစ်သလို စိတ်ငြိမ်းချမ်းမှုကို ဖြည့်ထားဖို့ လိုအပ်လာပြန်ပါတယ်။

အလှူလုပ်ပြီးတဲ့အချိန် တရားနာဖို့လဲ မမေ့သင့်ပါဘူး။ တရားနာခြင်းဟာ ဘာဝနာ-အကုသိုလ်- မကောင်းတဲ့စိတ်များမဖြစ်အောင် အားထုတ်နေတာမို့ ဘဝဟာ ပြည့်စုံသွားပါပြီ။ တရားနာထားတဲ့သူများ တရားသိသူများသာ တရားကို ဆွေးနွေးတိုင်ပင် နိုင်မှာပါ။ ဒါဟာလဲ ဘာဝနာတမျိုးပါပဲ။ ပြီးတော့ ဒါနလုပ်သူဟာ ကြောက်လို့လုပ်တာလဲ မဟုတ်ရသလို အားနာလို့ လှူရတာလဲ မဖြစ်စေရပါဘူး။ ဒါ့အပြင် အထင်ကြီးခံရအောင် သို့မဟုတ် အထင်သေးခံရမှာ စိုးလို့ ဆိုတဲ့စိတ်နဲ့ ဒါနလုပ်ခဲ့မယ်ဆိုရင် ဒါန ဘာကြောင့်လုပ်တယ်ဆိုတာကို မသိနိုင်တော့တာမို့ ဒိဋ္ဌိဇုကမ္မ မဖြစ်တော့ပါဘူး။ ယတြာ ချေခြင်း ကျန်းမာအောင်လှူဒါန်းခြင်းဟာလဲ ဒိဋ္ဌိဇုကမ္မ- ဖြောင့်မတ်မှန်ကန်တဲ့ အယူရှိသူ တစ်ယောက် မဖြစ်နိုင်တာမို့ ဘဝဟာလဲ သံသရာလည်ရတဲ့ အချိန်မှာ ဖြောင့်ဖြောင့် လည်ခွင့်မရပဲ လေတွေ့တဲ့လိုင်းလို ကောက်ကောက်ကွေ့ကွေ့ အနိမ့်အမြင့်နဲ့သွားရတော့

တာပါ။ ဘယ်တော့မှလဲ ပြည့်တယ်ဆိုတာ ရှိလာမှာမဟုတ်ပါဘူး။ ဒါဟာ ပြည့်အောင် ဖြည့်ခဲ့တဲ့ အဖြစ်ဆိုတာ မရှိခဲ့လို့ပါပဲ။

ဒါနတစ်ခု လုပ်ပေမဲ့လို့ မှန်ကန်တဲ့အသိရှိခဲ့မယ် အဲဒီအသိဟာလဲ နိဗ္ဗာန်ကိုသာ ရည်မျှော်တဲ့ ဉာဏ်ဖြစ်ခဲ့မယ်ဆိုရင် ဒါနလုပ်ခြင်းဟာ သီလ ဆောက်တည်ခြင်းလဲ ဖြစ်သလို နိဗ္ဗာန် ရောက်အောင် အားထုတ်ခြင်း ဘာဝနာ ပွားနေခြင်းလဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒါန တစ်ခုလုပ်တိုင်း အလှူလုပ်တဲ့ အကြောင်းကို မိတ်ဆွေများကို အသိပေး အမျှဝေဖို့ လိုအပ်သလို မိတ်ဆွေများလုပ်တဲ့ ကုသိုလ်ကိုလဲ ဝမ်းသာတဲ့စိတ်နဲ့ သာဓုခေါ်နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ ဒါနလုပ်တဲ့အချိန်မှာ ကြည်နူးကျေနပ်နေဖို့ နိဗ္ဗာန် ကိုရည်မှန်းပြီး ခွဲခြားသိတဲ့ ဉာဏ်ရှိနေဖို့ ပြီးတော့ သူများမခိုင်းပဲလုပ်တတ်ဖို့ လိုအပ် ပါတယ်။ ပြီးတော့ ဒါနကြောင့် ရလာတဲ့အကျိုးကို ခံစားတဲ့အချိန်မှာ အေးချမ်းစွာ စံစားနိုင်စေဖို့ ရှောင်သီလနဲ့ ဆောင်သီလများ၊ ဝီရတီအပါအဝင် ကရုဏာမုဒိတာခေါ်တဲ့ အပ္ပမညာ နှစ်ပါးပါဝင်စေဖို့ကိုလဲ မမေ့သင့်ပါဘူး။

စိတ်နဲ့နေတဲ့လူသားများ ပစ္စည်းဥစ္စာကြောင့် စိတ်အနှောင့်အယှက် မဖြစ်ရလေ အောင် ဓမ္မဿဝန-တရားနာခြင်း ဓမ္မဒေသနာ-တရားဆွေးနွေးခြင်းများ ဟာ စိတ်ငြိမ်းချမ်း ရာ နိဗ္ဗာန်ကို ရည်ညွှန်းနေသလို ဒိဋ္ဌိဇုကမ္မ-မှန်ကန်တဲ့အယူရှိခြင်းတို့ဟာ ပစ္စုပ္ပန်မှာလဲ အေးချမ်းငြိမ်သက်တဲ့ စိတ်နဲ့ စည်းစိမ်ကို ခံစား စံစားရကာ သံသရာမှလဲ အမြန် လွတ်အောင် ကူညီပေးနိုင် ပါတယ်။ တကယ်လို့ စာဖတ်သူများဟာလဲ ဒါန-အလှူတစ်ခါလုပ်တိုင်း ဒီလိုညွှန်ကြား ချက်များပါဝင်စေ ကာ လှူဒါန်းခဲ့ပါက ဘုရားစတဲ့ သူတော်ကောင်းကြီးများ ရောက်ရာဖြစ်တဲ့နိဗ္ဗာန်ဟာ လက် တစ်ကမ်းမှာ ရှိနေတယ် ဆိုတာကို ယုံကြည်ရင် မှန်ကန်တဲ့အသိဉာဏ်နဲ့ ဒါန လုပ်ဖို့ပါပဲ။ ။

***အမှာ။*** *။သောမနဿသဟဂတံ (စိတ်ပါ) ဉာဏသမ္ပယုတ္တံ (ဉာဏ်ယှဉ်) အသင်္ခါရိကံ (သူများမခိုင်း) ဆိုတဲ့ စိတ်ပိုင်းလာ မဟာကုသိုလ်စိတ်၊ သဒ္ဓါစတဲ့ သောဘန စေတသိက်များ၊ အထူး အားဖြင့် ဝိရတီ၊ အပ္ပမညာ၊ ပညာ စေတသိက်များနဲ့ ဝီထိမုတ်ပိုင်း လာ ပုညကြိယာဝတ္ထု (၁၀) ပါးကို အသိတိုးပွားစေလိုတဲ့ဆန္ဒနဲ့ သောဘနစေတသိက်ကို ရှင်းပြတုန်း အခွင့်ကြုံခိုက် အသိပေးလိုက်ရခြင်းပါ။*

## သမ္ပယောဂနည်းနှင့် သင်္ဂဟနည်း

စေတသိက် တစ်လုံးစီက မည်သည့်စိတ်များ၌ ယှဉ်နိုင်သည်ကို ဖော်ပြသော နည်းသည် သမ္ပယောဂနည်းဖြစ်၏။ စိတ်တမျိုးစီ၌ ယှဉ်ထိုက်သမျှသော စေတသိက် အားလုံးကိုပေါင်း၍ ရေတွက်သောနည်းသည် သင်္ဂဟနည်းဖြစ်၏

**မှာထားချက်** ။ ။ သမ္ပယောဂနည်း၊ သင်္ဂဟနည်းကို လေ့လာသင်ယူရာ၌ အထူး လွယ်ကူစေရန် စိတ်ပိုင်းကို ကျေညက်ဖို့လိုအပ်သည်။ ထို့အပြင် စိတ်ပိုင်းတွင်ပါဝင်သော သောမနဿ၊ ဥပေက္ခာ၊ သမ္ပယုတ်၊ ဝိပ္ပယုတ်၊ အသင်္ခါရိက၊ သသင်္ခါရိက၊ ပထမဈာန် စသည်တို့ကို ပိုင်နိုင်ဖို့ လည်းလိုအပ်သည်။ စေတသိက် (၅၂) ပါးကိုလည်း အဓိပ္ပါယ်၊ ဥပမာနှင့်တကွ စေတသိက် အမျိုးအမည်များကိုပါ သေချာစွာမှတ်မိစေရန် လေ့ကျင့်ထားရ မည်။

| အညသမာန်း သမ္ပယောဂနည်း (၇)နည်း | | |
|---|---|---|
| **စဉ်** | **စေတသိက်** | **စိတ်ယှဉ်** |
| ၁ | သဗ္ဗစိတ္တ | စိတ် (၈၉) သို့ (၁၂၁) |
| ၂ | ဝိတက် | ဒွေပဉ္စဝိညာဏ် ၁၀ကြဉ် ကာမစိတ် (၄၄) ပထမဈာန် (၁၁)ပေါင်း (၅၅)ယှဉ် |
| ၃ | ဝိစာရ | ဝိတက်ယှဉ်စိတ် (၅၅) ဒုတိယဈာန်စိတ် (၁၁)ပါး ပေါင်း (၆၆)ယှဉ် |
| ၄ | အဓိမောက္ခ | ဒွေပဉ္စ (၁၀) ဝိစိကိစ္ဆာကြဉ် စိတ် (၇၈)ယှဉ် |
| ၅ | ဝီရိယ | ပဉ္စဒွါရာဝဇ္ဇန်း၊ဒွေပဉ္စ ၁၀၊သမ္ပဋိစ္ဆိုန်း ၂၊သန္တီရဏ ၃ကြဉ် စိတ် (၇၃)ယှဉ် |
| ၆ | ပီတိ | ဒေါသ ၂၊ဥပေက္ခာ ၅၅၊ကာယဝိညာဏ် ၂၊စတုတ္ထဈာန် ၁၁ကြဉ် (၅၁)ယှဉ် |
| ၇ | ဆန္ဒ | အဟိတ်စိတ် ၁၈၊မောဟ ၂ ကြဉ် စိတ် (၆၉) ယှဉ် |

| အကုသိုလ်စေတသိက်သမ္ပယောဂနည်း (၅)ပါး | | |
|---|---|---|
| **စဉ်** | **စေတသိက်** | **စိတ်ယှဉ်** |
| ၁ | အကုသာဓာရဏ | အကုသိုလ် (၁၂)ပါးယှဉ် |
| ၂ | လောဘ | လောဘ(၈)ပါးယှဉ်။ {ဒိဋ္ဌိသည် ဒိဋ္ဌိယှဉ် ၄ ပါး၌ယှဉ်ကာ မာနသည် ဒဋ္ဌိ မယှဉ် ၄ပါးသောစိတ်၌ယှဉ်} |
| ၃ | ဒေါစတုက် | ဒေါသ ၂ |
| ၄ | ထိန မိဒ္ဓ | အကုသလ သသင်္ခါရိက (၅)ပါး၌ယှဉ် |
| ၅ | ဝိစိကိစ္ဆာ | ဝိစိကိစ္ဆာ |
| | မှတ်ချက် | ဝိစိကိစ္ဆာစေတသိက်သည် စိတ် အနည်းဆုံး ယှဉ်သော စေတသိက် ဖြစ်သည် |

| သောဘဏစေတသိက် သမ္ပယောဂနည်း (၄)ပါး | | |
|---|---|---|
| **စဉ်** | **စေတသိက်** | **စိတ်ယှဉ်** |
| ၁ | သောဘဏစေ ၁၉ | သောဘဏစိတ်အကျဉ်း (၅၉)အကျယ် (၉၁)ပါးတို့၌ယှဉ် |
| ၂ | ဝိရတီ ၃ | လောကုတ်၌အမြဲတပေါင်းတည်းယှဉ်ကာ မဟာကု (၈)ပါး၌ရံခါ အသီးသီးယှဉ် |
| ၃ | အပ္ပမညာ ၂ | ပဥ္စမစျာန်ကြဉ် မဟဂ္ဂုတ် ၁၂၊ မဟာကု ၈၊ မဟာကြိ ၈၊ပေါင်း ၂၈ ပါး၌ ရံခါ အသီးသီး ယှဉ် |
| ၄ | ပညိန္ဒြေ | ကာမသောဘဏဉာဏသမ္ပယုတ် ၁၂၊ မဟဂ္ဂုတ် ၂၇၊ လောကုတ် ၈၊ပေါင်း ၄၇ |

**မှတ်ချက်။** ။ သမ္ပယေဂနည်းသည် အကျဉ်းအားဖြင့် ၁။ သဗ္ဗစိတ္တသာဓာရဏ ၂။ ပကိဏ်း စေတသိက် သမ္ပယောဂနည်း ၃။အကုသိုလ်သမ္ပယောဂနည်း နှင့် ၄။ သောဘန သမ္ပယောဂနည်း ဟု (၄)မျိုးရှိသည်။ အကျယ်အားဖြင့် သဗ္ဗစိတ္တသာဓာရဏ ၌ တနည်း၊ ပကိဏ်းစေတသိက်၌ ၆ နည်း၊ အကုသိုလ် စေတသိက်၌ ၅ နည်းနှင့် သောဘန စေတသိက်၌ ၄ နည်းအားဖြင့် (၁၆)နည်းရှိသည်။

# နိယတ အနိယတ ယောဂီစေတသိက်များ

မိမိတို့၏ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲယှဉ်ကြသောစေတသိက်များကို နိယတ ယောဂီ ဟုခေါ်သည်။ မိမိတို့၏ ယှဉ်ဖက်စိတ်ဖြစ်တိုင်း အမြဲမယှဉ်ဘဲ ယှဉ်သင့်သည့်အခါ၌သာ ယှဉ်ကြ သော စေတသိက်များကို အနိယတယောဂီ ဟု ခေါ်သည်။

| | |
|---|---|
| အနိယတ | ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ၊မာန၊ထိန၊မိဒ္ဓ၊ဝိရတီ ၃၊အပ္ပမညာ ၂ ပေါင်း (၁၁)ပါး |
| နိယတ | အနိယတမှကြွင်း စေတသိက်များ |

**အမှာ။** ။ အနိယတဟူသည် အမြဲမပါဝင်တတ်သည့်သဘောတည်း။ မကောင်းမှု အကုသိုလ် အရာတွင် ဒေါသဖြစ်သည့်အခါတိုင်း ဒေါသစေတသိက်များဖြစ်သည့် ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ စေတသိက်များ ပါဝင်လေ့မရှိပေ။ ထိုစေတသိက်များ ပါဝင်လာပါက ဒေါသဖြစ်သူသည် ပိုမို ကြမ်းတမ်းလာကာ ဇော်ကားဖို့ဝန်မလေးတော့။ ဇော်ကားမိပါက ဇော်ကားထားသည့် အတိုင်း အကျိုးပြန်ခံရမည်သာ။

လောဘစေတသိက်ဖြစ်သော မာနသည်လည်း လောဘဖြစ်သူတိုင်း ဖြစ်တတ်သည်မဟုတ် အသိနည်းသူ၌ အဓိကဖြစ်တတ်သည်။ မာနဖြစ်လာပါက မည်သူကိုမျှ အထင်မကြီး တော့ဘဲ ဇော်ကားတတ်သည်။ အကျိုးပြန်ရပါက မိမိကိုလည်း မည်သူကမျှ သတိထားထည့်တွက် ကြမည်မဟုတ်ပေ။ ထို့ကြောင့် အကုသိုလ်ဖြစ်သည့်အချိန်တွင်လည်း အသိများရှိနေဖို့ လိုအပ်သည်။ အသိရှိနေပါက မပါဝင်သင့်သည့် အကုသိုလ် စေတသိက်များ မပါဝင်လေသောကြောင့် ဘဝရှိနေသော်လည်း ဆိုးရွားသည့် မကောင်းကျိုးများကို ခံရမည်မဟုတ်တော့။ ထို့အပြင် ထိန နှင့် မိဒ္ဓ တို့သည်လည်း အမြဲ ဖြစ်ပေါ်နေသည်မဟုတ်၊ တစ်ခါတစ်ရံသာဖြစ်တတ်သည်။ ထို့ကြောင့် အနိယတ စေတသိက်သာ။ သို့သော် ထိုစေတသိက်သာဖြစ်နေပါက မည်သည့် ကုသိုလ်မှ မဖြစ်တော့ဘဲ အကုသိုလ်ဖြစ်ဖို့သာ အခွင့်များလေသည်။

ထို့အတူ သောဘန ကောင်းသောစေတသိက်တို့တွင် ပါဝင်သော ဝိရတီသုံးပါးနှင့် အပ္ပမညာနှစ်ပါး တို့သည် ကုသိုလ်ဖြစ်တိုင်း ပါဝင်ကြသည်မဟုတ်။ ထို့ကြောင့် ထို စေတသိက် တို့ကို အနိယတယောဂီ စေတသိက်ဟုခေါ်သည်။ ထိုစေတသိက်တို့ကား ကုသိုလ်ဖြစ်တိုင်း မပါဝင်တတ်သည့်အတွက် အသိဦးစီးကာ ပါဝင်အောင် ကြိုးစားကြ ရပေမည်။

# အနိယတယောဂီယှဉ်ပုံ

၁။ ကရုဏာ၊ မုဒိတာ၊ ကုက္ကုစ္စတို့သည် ဒေါသမူစိတ် ၂ ပါး၌ ယှဉ်ကြသည် ဆိုသော်လည်း ဒေါသမူစိတ်ဖြစ်တိုင်း မယှဉ်ကြပါ။ သူတစ်ပါး၏ စည်းစိမ်ချမ်းသာကို ငြူစူသောအခါ ဣဿာယှဉ်၏။ မိမိ စည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယယှဉ်၏။ ပြုခဲ့ပြီးသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်တို့ကို နောင်တတစ်ဖန်ပူပန်သောအခါ ကုက္ကုစ္စယှဉ်၏။ ဤသို့ တစ်သီးတခြားစီယှဉ်ခြင်းကို **နာနာ** နည်းဖြင့် ယှဉ်သည် ဟုခေါ်သည်။

ဣဿာ သည် သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ၌သာယှဉ်၏။ မစ္ဆရိယသည် မိမိ စည်းစိမ်ချမ်းသာကိုလျှို့ဝှက်သောအခါ၌သာယှဉ် ၏။ ကုက္ကုစ္စသည် နောင်တ ဖြစ်သောအခါ၌သာ ယှဉ်၏ နောင်တ မဖြစ်သောအခါမယှဉ်။ ဤသို့ဆိုင်ရာ အကြောင်း ညီညွတ်ပါမှ စေတသိက် ယှဉ်ခြင်းကို **ကဒါစိ** နည်းဖြင့် ယှဉ်သည်ဟုခေါ်သည်။

၂။ ဝိရတီသုံးပါးတို့သည် မိမိတို့ဆိုင်ရာကိစ္စများကိုဆောင်ရွက်သည့်အခါ၌ **နာနာ-ကဒါစိ** နည်းဖြင့်ယှဉ်သည်။

၃။ အပ္ပမညာနှစ်ပါးတို့သည် နာနာ-ကဒါစိနည်းဖြင့်ယှဉ်ကြ၏။ ကရုဏာသည် ဆင်းရဲသော သတ္တဝါကို အာရုံပြု၍ သနားကြင်နာစိတ်ဖြစ်သည်အခါ၌ သာယှဉ်၏။ မုဒိတာသည် ချမ်းသာသော သတ္တဝါကိုအာရုံပြု၍ ဝမ်းသာသော အခါ၌သာ ယှဉ်၏။

**မှတ်ချက်။** ။ အထက်ပါပြအပ်ခဲ့ပြီးသော စေတသိက်တို့သည် မိမိတို့ ယှဉ်ရာစိတ် ဖြစ်တိုင်းဖြစ်တိုင်း အမြဲယှဉ်လျက်မပါ။ ကဒါစိ-တစ်ခါတစ်ရံသာပါသည်။ ထိုသို့ တစ်ရံတစ်ခါ ပါသော်လည်း မိမိတို့ တွဲဖက် စေတသိက်များနှင့် တစ်ပြိုက်နက်အတူ မယှဉ်နိုင်ကြ။ အာရုံချင်း ကွဲပြားသောကြောင့် နာနာ-တသီးတခြား တစ်ပါးစီသာ ယှဉ်ခွင့်ရသော စေတသိက်တို့ တည်း။ ထို့ကြောင့် နာနာ ကဒါစိ စေတသိက်အမည်ရကြ၏။

၄။ မာနသည် လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ပါး၌ ယှဉ်သည်ဟုဆိုသော်လည်း ထောင်လွှားဝင့်ကြွားသောအခါ၌သာယှဉ်၏၊ မထောင်လွှားသောအခါမယှဉ်။ တစ်ရံတစ်ခါသာ ဖြစ်သောကြောင့် **ကဒါစိသာ**ဖြစ်သောစေတသိက်တည်း။ ကေဝလကဒါစိ ဟုလည်း ခေါ်ကြသေး သည်။ **(ကေဝလ-တစ်ပါးတည်း၊ ကဒါစိ-ရံခါ)**

၅။ ထိနနှင့်မိဒ္ဓ တို့သည် အကုသိုလ်သသင်္ခါရိကစိတ် ၅ ပါး၌ ယှဉ်သည်ဟု ဆိုသော်လည်း စိတ်၊စေတသိက်တို့ လေးလံထိုင်းမှိုင်းသောအခါ၌သာ တစ်ပေါင်းတည်းယှဉ်ကြ၏။ စိတ်၊စေတသိက် တို့ လန်းဆန်းနေသည့်အခါ မယှဉ်။ ထိုစေတသိက်တို့သည် ခွဲ၍မရ အတူတကွဖြစ် သည့်အတွက် **သဟ-အတူ၊ကဒါစိ-** တစ်ရံတစ်ခါ စေတသိက်တို့ မည်၏။

**မှတ်ချက်။ ။** အကုသိုလ်စေတသိက်တွင်ပါဝင်သော **ဣဿာ၊မစ္ဆရိယ၊ ကုက္ကုစ္စ** စေတသိက်တို့သည် သုံးပါးတွဲ၍ ပြထားသော်လည်း ဖြစ်သောအခါ တစ်ပါးစီသာ ဖြစ်ကြသည်။ ထို့ကြောင့် **နာနာ**-အသီးအသီး တနည်းတခြားစီ စေတသိက်တို့တည်း။ ထိုစေတသိက်တို့သည် ဒေါသဖြစ်တိုင်းပါဝင်သည်မဟုတ် တစ်ခါတစ်ရံသာဖြစ်သောကြောင့် **ကဒါစိ** လည်းမည်၏။ ထို နာနာ နှင့် ကဒါစိ နှစ်ပါးလုံးဖြစ်သော စေတသိက်တို့ဖြစ်သည့်အတွက် **နာနာ ကဒါစိ** စေတသိက်တို့မည်၏။

သောဘနစေတသိက်တွင် ပါဝင်သော **ဝိရတီသုံးပါး နှင့် အပ္ပမညာနှစ်ပါး** တို့သည် သုံးပါး၊ နှစ်ပါးတွဲလျက်ပြသော်လည်း တကယ်ဖြစ်သည့်အခါ တွဲလျက်ဖြစ်ကြသည်မဟုတ် တစ်ပါးစီသာ ဖြစ်ကြသည်။ ထိုကဲ့သို့ဖြစ်သည်ကို **နာနာ** ဟုခေါ်သည်။ တစ်ပါးစီဖြစ်သည်ဟု ဆိုရသော်လည်း အမြဲဖြစ်သည်မဟုတ်၊ တစ်ခါတရံသာဖြစ်သောကြောင့် **ကဒါစိ**လည်း မည်၏။ ထို့ကြောင့် ထိုစေတသိက်တို့သည် **နာနာ ကဒါစိ** စေတသိက်တို့တည်း။ (**နာနာ ကဒါစိ စေတသိက် ၈ ပါး**)

**မာန**စေတသိက်ကား အတွဲမရှိသကဲ့သို့ အမြဲလည်းဖြစ်သည် မဟုတ်သောကြောင့် **ကဒါစိသာ**မည်၏။

**ထိနနှင့် မိဒ္ဓ**တို့ကား မည့်သည်အခါမှ ခွဲ၍ဖြစ်သည်မဟုတ်သောကြောင့် **သဟ** မည်၏။ တစ်ခါတစ်ရံသာဖြစ်သောကြောင့် **ကဒါစိ**မည်၏။ ထိုအမည်နှစ်မျိုးကိုပေါင်း၍ **သဟကဒါစိ** စေတသိက်ဟုခေါ်သည်။

## သင်္ဂဟနည်း (၃၃)နည်း

စိတ်ကိုမူတည်၍ စေတသိက်ပေါင်း မည်မျှနှင့် ယှဉ်နိုင်သည်ကို ပြသောနည်းသည် သင်္ဂဟနည်းမည်၏။

၁။ အကုသိုလ်စိတ် ၁၂ ပါး၊ သင်္ဂဟနည်း ၇ နည်း

၂။ အဟိတ်စိတ် ၁၈ ပါး၊ သင်္ဂဟနည်း ၄ နည်း

၃။ ကာမသောဘနစိတ် ၂၄ ပါး၊ သင်္ဂဟနည်း ၁၂ နည်း

၄။ မဟဂ္ဂုတ်စိတ် ၂၇ ပါး၊ သင်္ဂဟနည်း ၅ နည်း

၅။ လောကုတ္တရာစိတ် ၈ ပါး (တနည်း ၄၀)၊ သင်္ဂဟနည်း ၅ နည်း

ပေါင်း စိတ် ၈၉ (၁၂၁) ပါး၊ သင်္ဂဟနည်း (အကျယ်) ၃၃ နည်းရှိသည်။

## လောကုတ္တရာစိတ် သင်္ဂဟနည်း (၅)ပါး

| လောကုတ္တရာစိတ် | ယှဉ်နိုင်သော စေတသိက်များ | ပေါင်း | သင်္ဂဟနည်း |
|---|---|---|---|
| ပထမဈာန် (၈)ပါး | အညသမာန်း ၁၃၊ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃ | ၃၆ | ၁ |
| ဒုတိယဈာန် (၈) | ဝိတက်ကြဉ် အညသမာန်း ၁၂၊ အပ္ပမညာကြဉ်သောဘနစေ ၂၃ | ၃၅ | ၁ |
| တတိယဈာန် (၈) | ဝိတက်၊ ဝိစာရကြဉ် အညသမာန်း ၁၁၊ အပ္ပမညာကြဉ်သောဘန၂၃ | ၃၄ | ၁ |
| စတုတ္ထဈာန် (၈) | ဝိတက်၊ဝိစာရ၊ပီတိကြဉ် အည ၁၀၊ အပ္ပမညာကြဉ် သောဘန ၂၃ | ၃၃ | ၁ |
| ပဉ္စမဈာန် (၈) | ဝိတက်၊ဝိစာရ၊ပီတိကြဉ် အည ၁၀၊ အပ္ပမညာကြဉ် သောဘန ၂၃ | ၃၃ | ၁ |

**မှတ်ချက်။ ။** လောကုတ္တရာစိတ်၌ စေတသိက်တို့ယှဉ်ရာ၀ယ် **အပ္ပမညာ** (၂)ပါး ကြဉ်ရခြင်း အကြောင်းကား စေတသိက် လက္ခဏာ (၄) ပါးတို့တွင်ပါ၀င်သော ကောလမ္ဗဏ အရ အာရုံချင်းတူမှသာ ယှဉ်နိုင်သည်။ ဤအပ္ပမညာတို့သည် သတ္တ၀ါပညတ်ကိုအာရုံပြု၏။ လောကုတ္တရာစိတ်ကား နိဗ္ဗာန်ကို အာရုံပြုသည်။ ထိုသို့ အာရုံကွဲပြားသောကြောင့် ကြဉ် ရသည်။ (လောကုတ္တရာသင်္ဂဟနည်းသည် လောကုတ္တရာစိတ်အကျယ်ကိုပြသည်)

## မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း (၅)နည်း

| မဟဂ္ဂုတ်စိတ် | ယှဉ်နိုင်သော စေတသိက်များ | ပေါင်း | သင်္ဂဟနည်း |
|---|---|---|---|
| ပထမဈာန် (၃)ပါး | အညသမာန်း ၁၃၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂ | ၃၅ | ၁ |
| ဒုတိယဈာန် (၃) | ဝိတက်ကြဉ် အညသမာန်း ၁၂၊ ဝိရတီ ကြဉ်သောဘနစေ ၂၂ | ၃၄ | ၁ |
| တတိယဈာန် (၃) | ဝိတက်၊ဝိစာရကြဉ် အညသမာန်း ၁၁၊ ဝိရတီ ကြဉ်သောဘန၂၂ | ၃၃ | ၁ |
| စတုတ္ထဈာန် (၃) | ဝိတက်၊ဝိစာရ၊ပီတိကြဉ် အည ၁၀၊ ဝိရတီကြဉ် သောဘန ၂၂ | ၃၂ | ၁ |
| ပဉ္စမဈာန် (၁၅) | ဝိတက်၊ဝိစာရ၊ပီတိကြဉ် အည ၁၀၊ ဝိရတီ၊အပ္ပကြဉ် သောဘန ၂၀ | ၃၀ | ၁ |

**မှတ်ချက်။ ။** မဟဂ္ဂုတ်စိတ်တို့၌ **ဝိရတီကြဉ်ရခြင်းအကြောင်းကား -** ဒုစရိုက်၊ဒုရာဇီဝ ဟူမှုကို သီလဝိသုဒ္ဓိဖြင့် ပယ်ရှားပြီးသော ယောဂီသူတော်စဉ်တို့သန္တာန်၌ သမာဓိကောင်းစွာရ၍ စိတ်တည်ကြည်ရုံမှုဖြင့် မဟဂ္ဂုတ်ဈာန်များ ဖြစ်နိုင်ကြသည်။ ထိုကြောင့် ထိုမဟဂ္ဂုတ်ဈာန်များ သီးခြားပယ်ဖို့ရာ ဒုစရိုက်၊ ဒုရာဇီဝမရှိတော့ပြီ။ လောကုတ္တရာဈာန်များကဲ့သို့လည်း ဒုစရိုက်ကို အကြွင်းမဲ့ မပယ်နိုင်ချေ။ ထို့ကြောင့် မဟဂ္ဂုတ်စိတ်၌ ဝိရတီများယှဉ်ခွင့်မရှိ။

## ကာမသောဘနစိတ် သင်္ဂဟနည်း (၁၂)နည်း

## မဟာကုသိုလ် သင်္ဂဟနည်း

| မဟာကုသိုလ်စိတ် | ယှဉ်နိုင်သော စေတသိက်များ | ပေါင်း | သင်္ဂဟနည်း |
|---|---|---|---|
| ပထမဒွေ ဉာ သမ် | အညသမာန်း ၁၃၊<br>သောဘနစေတသိက် ၂၅ | ၃၈ | ၁ |
| ဒုတိယဒွေ ဉာ ဝိပ် | အညသမာန်း ၁၃၊<br>ပညာကြဉ် သောဘနစေတသိက် ၂၄ | ၃၇ | ၁ |
| တတိယဒွေဉာ<br>သမ် | ပီတိကြဉ် အညသမာန်း ၁၂၊<br>သောဘနစေတသိက် ၂၅ | ၃၇ | ၁ |
| စတုတ္ထဒွေ ဉာ ဝိပ် | ပီတိကြဉ်အညသမာန်း ၁၂၊<br>ပညာကြဉ် သောဘနစေတသိက် ၂၄ | ၃၆ | ၁ |

**မှတ်ချက်။ ။** မဟာကုသိုလ်စိတ် (၈)ပါးတွင်

၁။ **ယှဉ်နိုင်သမျှသော** စေတသိက်တို့ကား အညသမာန်း (၁၃) နှင့် သောဘနစေတသိက် (၂၅) ပါးတို့တည်း။

၂။ **အမြဲယှဉ်နိုင်သော** စေတသိက်တို့ကား ဝိရတီ၊ အပ္ပမညာကြဉ် စေတသိက် (၃၃) ပါး တို့ တည်း။

၃။ **တပြိုက်နက်ယှဉ်နိုင်သော** စေတသိက်တို့ကား  အညသမာန်းစေတသိက် ၁၃ ပါး၊ သောဘနစေတသိက် ၂၅ ပါးတို့တွင် သမ္မာဝါစာယှဉ်ခိုက် ကျန်ဝိရတီနှင့် အပ္ပမညာကို ကြဉ်၍ (၃၄) ပါးယှဉ်သည်။

ထို့အတူ သမ္မာကမ္မန္တ ယှဉ်ခိုက် အခြားစေတသိက်များကိုကြဉ်၍ ယှဉ်ပုံယှဉ်နည်းကို သိပါ။ ဝိရတီ၊ အပ္ပမညာ စေတသိက်တို့သည် တပြိုင်နက်မယှဉ်နိုင် တစ်ပါးယှဉ်က ကျန် စေတသိက်များကို ကြဉ်ရလေသည်။

ကာမသောဘနစိတ်ကို စေတသိက်ယှဉ်သည်နှင့် ပတ်သက်၍ ဉာဏ်ကြဉ်၊ ပီတိကြဉ်၊ ဉာဏ်ပီတိကြဉ် ဟူသော ဆောင်ပုဒ်ကို မှတ်ထားသင့်သည်။ ထိုသို့ မှတ်ထားပါက ဒုတိယ၊ တတိယ၊ စတုတ္ထစိတ်များ စေတသိက်ယှဉ်ပုံကို အလွယ်တကူ မှတ်မိနိုင်သည်။

## မဟာဝိပါက်စိတ် သင်္ဂဟနည်း

| မဟာ ဝိပါက်စိတ် | ယှဉ်နိုင်သော စေတသိက်များ | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|
| ပထမ ဒွေဉာသမ် | အညသမာန်း ၁၃၊ ဝိရတီ၊ အပ္ပမညာကြဉ် သောဘနစေ ၂၀ | ၃၃ | ၁ |
| ဒုတိယ ဒွေဉာဝိပ် | အညသမာန်း ၁၃၊ ဝိရတီ၊အပ္ပမညာ၊ပညာကြဉ်သောဘနစေ ၁၉ | ၃၂ | ၁ |
| တတိယ ဒွေဉာသမ် | ပီတိကြဉ် အညသမာန်း ၁၂၊ ဝိရတီ၊အပ္ပမညာကြဉ် သောဘန၂၀ | ၃၂ | ၁ |
| စတုတ္ထ ဒွေဉာဝိပ် | ပီတိကြဉ်အညသမာန်း ၁၂၊ သောဘနသာဓာရဏ စေ ၁၉ | ၃၁ | ၁ |

**မှတ်ချက်။ ။** မဟာဝိပါက်စိတ် (၈)ပါးတွင် **ဝိရတီ၊ အပ္ပမညာတို့ လုံးဝမယှဉ်**ကြသည့်အတွက် ယှဉ်နိုင်သမျှ၊ အမြဲ ယှဉ် နှင့် တပြိုက်နက်ယှဉ် စေတသိက်တို့မှာ အတူတူပင်တည်း။

## မဟာကြိယာစိတ် သင်္ဂဟနည်း

| မဟာ ကြိယာစိတ် | ယှဉ်နိုင်သော စေတသိက်များ | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|
| ပထမ ဒွေ ဉာ သမ် | အညသမာန်း ၁၃၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂ | ၃၅ | ၁ |
| ဒုတိယ ဒွေ ဉာ ဝိပ် | အညသမာန်း ၁၃၊ ဝိရတီ၊ပညာကြဉ် သောဘနစေတသိက် ၂၁ | ၃၄ | ၁ |
| တတိယ ဒွေ ဉာ သမ် | ပီတိကြဉ် အညသမာန်း ၁၂၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂ | ၃၄ | ၁ |
| စတုတ္ထဒွေ ဉာ ဝိပ် | ပီတိကြဉ်အညသမာန်း ၁၂၊ ဝိရတီ၊ ပညာကြဉ် သောဘနစေ ၂၁ | ၃၃ | ၁ |

**မှတ်ချက်။ ။** မဟာကြိယာစိတ် (၈)ပါးတို့တွင်

၁။ ယှဉ်နိုင်သမျှစေတသိက်တို့ကား - အညသမာန်း စေတသိက် ၁၃ ပါး၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂ ပါး၊ ပေါင်း ၃၅ ပါးတို့တည်း။ (ဝိရတီနှင့် အပ္ပမညာ စေတသိက်တို့သည် အနိယတယောဂီစေတသိက်တို့ဖြစ်၍ ၎င်းတို့သဘောအားလျော်စွာ အခြေအနေ အလိုက် ရံခါ၊ အသီးသီး ယှဉ်သင့်သလို ယှဉ်နိုင်ကြသည်)

၂။ အမြဲယှဉ်သော စေတသိက်တို့လည်း ၃၃ ပါးတို့ပင်တည်း။

၃။ တပြိုင်နက် ယှဉ်နိုင်သော စေတသိက်တို့ကား ကရုဏာယှဉ်ကမုဒိတာကြဉ် စေတသိက် ၃၄ ပါး၊ မုဒိတာယှဉ်က ကရုဏာကြဉ် စေတသိက် ၃၄ ပါးတို့တည်း။

## စိတ်ချင်းထူးအောင်ပြုတတ်သော ဝိသေသစေတသိက်များ

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ (ဈာနင်တရားများ)၊ ဝိရတီ (၃)ပါး၊ အပ္ပမညာ (၂)ပါး၊ ပညာ ပေါင်း (၁၀) ပါးသော စေတသိက်တို့တည်း။

### ထူးခြားအောင်ပြုပုံ

၁။ လောကုတ္တရာစိတ်တို့ကို ဈာနင်တရား စေတသိက်တို့က ထူးအောင်ပြုသည်။

၂။ မဟဂ္ဂုတ်စိတ်တို့ကို ဈာနင်တရားနှင့် အပ္ပမညာတို့က ထူးအောင်ပြုသည်။

၃။ ကာမသောဘနစိတ်တို့ကို အပ္ပမညာ၊ ဝိရတီနှင့်ပီတိ ပညာတို့က ထူးအောင် ပြုသည်။

## အကုသိုလ်သင်္ဂဟနည်း (၄)နည်း

### လောဘမူအသင်္ခါရိက သင်္ဂဟနည်း

| လောဘမူ စိတ် | ယှဉ်နိုင်သောစေတသိက်များ | ပေါင်း |
|---|---|---|
| လောဘမူ<br>ပ၊အ၊ဒိသမ် | အညသမာန်းစေတသိက် ၁၃၊<br>မောစတုက် ၄၊ လောဘ၊ ဒိဋ္ဌိ | ၁၉ |
| လောဘမူ<br>ဒု၊အ၊ဒိ ဝိပ် | အညသမာန်းစေတသိက် ၁၃၊ မောစတုက် ၄၊ လောဘ၊<br>မာနယှဉ်က မာနပါ(မာနမယှဉ်က မာနကြဉ် ၁၈ ပါး) | ၁၉ |
| လောဘမူ<br>တ၊အ၊ဒိ သမ် | ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊<br>မောစတုက် ၄၊ လောဘ၊ဒိဋ္ဌိ | ၁၈ |
| လောဘမူ<br>စ၊အ၊ဒိ ဝိပ် | ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊<br>မောစတုက် ၄၊ လောဘ၊ မာန(မာန မယှဉ်က ၁၇) | ၁၈ |

## လောဘမူ သသင်္ခါရိက သင်္ဂဟနည်း

| လောဘမူစိတ် | ယှဉ်နိုင်သောစေတသိက်များ | ပေါင်း |
|---|---|---|
| လောဘမူ ပ၊သ၊ဒိသမ် | အညသမာန်းစေတသိက် ၁၃၊ မောစတုက် ၄၊ လောဘ၊ဒိဋ္ဌိ၊ထိန၊မိဒ္ဓ(ထိုင်းမှိုင်းမှုမရှိက ၁၉) | ၂၁ |
| လောဘမူ ဒု၊သ၊ဒိ ဝိပ် | အညသမာန်းစေတသိက် ၁၃၊ မောစတုက် ၄၊ လောဘ၊ မာန၊ ထိန၊ မိဒ္ဓ (ထောင်လွှားရုံဖြစ်က မောစတုက် ၄၊ လောဘ၊ မာန နှင့် ၁၉) (ထိုင်းမှိုင်းရုံဖြစ်က မောစတုက် ၄၊ လောဘ၊ ထိန၊ မိဒ္ဓ ၂၀ ) | ၂၁ |
| လောဘမူ တ၊သ၊ဒိ သမ် | ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ လောဘ၊ဒိဋ္ဌိ၊ ထိန၊မိဒ္ဓ (ထိန၊မိဒ္ဓမယှဉ်က ၁၈) | ၂၀ |
| လောဘမူ စ၊အ၊ဒိ ဝိပ် | ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ လောဘ၊ မာန၊ ထိန၊ မိဒ္ဓ (ထောင်လွှားရုံဖြစ်က မောစတုက် ၄၊ လောဘ၊ မာန၁၈) (ထိုင်းမှိုင်းရုံဖြစ်က မောစတုက် ၄၊ လောဘ၊ ထိန၊မိဒ္ဓ ၁၉) | ၂၀ |

## ဒေါသမူ သင်္ဂနည်း (၂) ပါး
## ဒေါသမူ အသင်္ခါရိက သင်္ဂဟနည်း

| ဒေါသမူစိတ် | ယှဉ်နိုင်သော စေတသိက်များ | ပေါင်း |
|---|---|---|
| ဒေါသမူ အသင်္ခါရိက | ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ဒေါစတုက် ၄ (ဒေါသသက်သက်ဖြစ်သောအခါ မော ၄၊ဒေါသပေါင်း ၁၇) (မနာလိုဖြစ်ခိုက် မော ၄၊ဒေါသ ၁၊ဣဿာ ၁ ပေါင်း ၁၈) (နှမြောခိုက် မော ၄၊ဒေါသ ၁၊မစ္ဆရိယ ၁၊ ပေါင်း ၁၈) (နောင်တရခိုက် မော ၄၊ ဒေါသ ၁၊ကုက္ကုစ္စ ၁၊ ပေါင်း ၁၈) | ၂၀ |

## ဒေါသမူ သသင်္ခါရိက သင်္ဂဟနည်း

| ဒေါသမူစိတ် | ယှဉ်နိုင်သော စေတသိက်များ | ပေါင်း |
|---|---|---|
| ဒေါသမူ သသင်္ခါရိက | ပီတိကြဉ် အညသမာန်းစေတသိက် ၁၂၊ မောစတုက် ၄၊ဒေါစတုက် ၄၊ ထိန၊မိဒ္ဓ (ဒေါသသက်သက်ဖြစ်သောအခါ မော ၄၊ဒေါသ ပေါင်း ၁၇) (ထိုင်းမှိုင်းက မော ၄၊ဒေါသ ၁၊ထိန၊မိဒ္ဓ ပေါင်း ၁၉ ) (မနာလိုဖြစ်ခိုက် မော ၄၊ဒေါသ ၁၊ဣဿာ ၁ ပေါင်း ၁၈) (မနာလို၊ထိုင်းမှိုင်းက မော ၄၊ဒေါသ၊ ဣဿာ၊ထိန၊မိဒ္ဓ ပေါင်း ၂၀) (နမြောခိုက် မော ၄၊ဒေါသ ၁၊မစ္ဆရိယ၊ ပေါင်း ၁၈) (နမြော၊ထိုင်းမှိုင်းက မော ၄၊ ဒေါသ၊ မစ္ဆရိယ၊ထိန၊မိဒ္ဓ ၂၀) (နောင်တရခိုက် မော ၄၊ ဒေါသ ၊ကုက္ကုစ္စ၊ ပေါင်း ၁၈) (နောင်တရ၊ထိုင်းမှိုင်းက မော ၄၊ဒေါသ၊ကုက္ကုစ္စ၊ထိန၊မိဒ္ဓ ပေါင်း ၂၀ | ၂၂ |

**မှတ်ချက်။ ။** ထိန၊မိဒ္ဓသည် သသင်္ခါရိကစိတ်၌သာ ယှဉ်သည်။ မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်၌သာ ယှဉ်သည်။

## မောဟမူစိတ် သင်္ဂဟနည်း (၁) ပါး

| မောဟမူစိတ် | ယှဉ်နိုင်သောစေတသိက်များ | ပေါင်း |
|---|---|---|
| ဝိစိကိစ္ဆာ သမ် | အဓိမောက္ခ၊ပီတိ၊ဆန္ဒကြဉ် အညသမာန်း ၁၀၊ မောစတုက် ၄၊ ဝိစိ | ၁၅ |
| ဥဒ္ဓစ္စ သမ် | ပီတိ၊ဆန္ဒကြဉ် အညသမာန်း ၁၁၊ မောစတုက် ၄ | ၁၅ |

**မှတ်ချက်။** ။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး၊ ပကိဏ်းစေတသိက်တွင်ပါဝင်သော ဝိတက်၊ဝိစာရ၊ဝီရိယ နှင့် သဗ္ဗာကုသလသာဓာရဏ (မောစတုက်)စေတသိက် ၄ ပါး၊ ပေါင်း ၁၄ ပါးသော စေတသိက်တို့ကို သဗ္ဗာကု သလယောဂီ (အကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်) ဟုခေါ်သည်။

## အဟိတ်စိတ် သင်္ဂဟနည်း (၄) ပါး

| အဟိတ်စိတ် (၁၈) ပါး | အညသမာန်းစေတသိက် (၁၃)ပါး | ပေါင်း |
|---|---|---|
| ၁။ ဒွေပဉ္စဝိညာဏ် ၁၀ | သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး | ၇ |
| ၂။ သောမနဿသန္တီရဏ | ဝီရိယ၊ဆန္ဒကြဉ် အညသမာန်း ၁၁ | ၁၁ |
| ၃။ မနောဒွါရာဝဇ္ဇန်း | ပီတိ၊ဆန္ဒကြဉ် အညသမာန်း ၁၁ | ၁၁ |
| ၄။ ဥပေက္ခာသန္တီရဏ၂ ပါး၊<br>ပဉ္စဒွါရာဝဇ္ဇန်း ၁၊<br>သမ္ပဋိစ္ဆိုင်း ၂ | ဝီရိယ၊ပီတိ၊ဆန္ဒကြဉ် အညသမာန်း ၁၀ | ၁၀ |
| ၅။ ဟသိတုပ္ပါဒ် | ဆန္ဒကြဉ် အညသမာန်း ၁၂ | ၁၂ |

**မှတ်ချက်။** ။ အဟိတ်စိတ်တို့နှင့် ယှဉ်နိုင်သော ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂ ပါးတို့တွင် သဗ္ဗစိတ္တသာ ဓာရဏ စေတသိက် ၇ ပါးတို့မှာ အဟိတ်စိတ်ဖြစ်တိုင်းပါဝင်နိုင် ယှဉ်နိုင်သောကြောင့် သဗ္ဗာဟေတုက သာဓာရ ဏစေတသိက်နှင့် သဗ္ဗာဟေတုကယောဂီ စေတသိက်မည်၏။

## စေတသိက်ပိုင်းပြီး၏

# ပကိဏ်းပိုင်း

စိတ်၊စေတသိက်တို့ကို ဝေဒနာသင်္ဂဟ စသော (၆)ပါးသောအားဖြင့် ရောကာ ပြရာဖြစ်သောအပိုင်းကို ပကိဏ်းပိုင်းဟုခေါ်သည်။

ထိုပကိဏ်းပိုင်းတွင် နာမ် (၅၃)ပါးကို ဝေဘန်ပြမည်။ နာမ် (၅၃)ပါးဟူသည် စိတ်သည် သာမညအားဖြင့် (၈၉)ပါးရှိသော်လည်း အာရုံကိုယူတတ်သော လက္ခဏာ အားဖြင့်ကား တစ်ပါးသာရှိသည်။ စေတသိက် (၅၂)ပါးကား ထိုစိတ်ကဲ့သို့မဟုတ် ဖဿ၏ ဖုသနလက္ခဏာ၊ ဝေဒနာ၏ အာရုံကိုခံစားခြင်း အနုဘဝန လက္ခဏာစသော မိမိဆိုင်ရာ လက္ခဏာအားဖြင့် တစ်ပါးစီ ရှိကြသောကြောင့် (၅၂)ပါးပင် ရှိ၏။ ထိုနာမ်များကို ပေါင်းပါက (၅၃) ပါးရသောကြောင့် နာမ် တေ-၃ ပညံ-၅၀(နာမ်တေပညံ-နာမ် ၅၃) ဟုဆိုသည်။

## သင်္ဂဟ (၆)ပါး

ပကိဏ်းပိုင်းကို သင်္ဂဟ (၆)ပါးဖြင့် မှတ်သားအပ်၏။ ထို သင်္ဂဟ (၆)ပါးကား

၁။ ဝေဒနာ သင်္ဂဟ

၂။ ဟေတု သင်္ဂဟ

၃။ ကိစ္စသင်္ဂဟ

၄။ ဒွါရ သင်္ဂဟ

၅။ အာရမ္မဏ သင်္ဂဟ နှင့်

၆။ ဝတ္ထု သင်္ဂဟ တို့တည်း။

## ၁။ ဝေဒနာ သင်္ဂဟ

ဝေဒနာအားဖြင့် စိတ်၊စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ဝေဒနာသင်္ဂဟမည်၏။

ဝေဒနာသည် သုခ၊ဒုက္ခ၊သောမနဿ၊ဥပေက္ခာ နှင့် ဒေါမနဿဟု ဣန္ဒြိယဘေဒ နည်းအားဖြင့် (၅)ပါးရှိသော်လည်း၊ အာရမ္မဏဘေဒနည်းအားဖြင့် သုခ၊ ဒုက္ခ နှင့် ဥပေက္ခာ ဟူ၍ (၃)ပါးသာရှိသည်။

## ဝေဒနာနှင့် စိတ်ကို တွဲစပ်ပြခြင်း

| | |
|---|---|
| သုခ | အဟိတ်ကုသလဝိပါက် သုခသဟဂုတ်ကာယဝိညာဏ် ၁ ပါး |
| ဒုက္ခ | အဟိတ်အကုသလဝိပါက် ဒုက္ခသဟဂုတ်ကာယဝိညာဏ် ၁ ပါး |
| သောမနဿ | ကာမသောမနဿ ၁၈၊မဟဂ္ဂုတ်သောမနဿ ၁၂၊လောကုတ်သောမနဿ ၃၂ ပေါင်း ၆၂ ပါး |
| ဥပေက္ခာ | ကာမဥပေက္ခာ ၃၂၊မဟဂ္ဂုတ် ဥပေက္ခာ ၁၅၊လောကုတ် ဥပေက္ခာ ၈ ပေါင်း ၅၅ ပါး |
| ဒေါမနဿ | ဒေါသ ၂ |

**မှတ်ချက်။** ။ ဝေဒနာသည် ဣန္ဒြိယဘေဒနည်းအားဖြင့် (၅) ပါးရှိသော်လည်း အာရမ္မဘေဒနည်းအားဖြင့် သုခ ဒုက္ခ နှင့် ဥပေက္ခာ ဟူ၍ (၃) ပါးသာရှိသည်။ အာရမ္မဏဘေဒနည်းအားဖြင့် ဖြေဆိုပါက သုခအရ သုခသဟဂုတ် ကာယ ဝိညာဏ်အပြင် သောမနဿ (၆၂) ပါးကိုပါ ထည့်ဖြေရပါမည်။ ဒုက္ခကိုမေးပါက ဒုက္ခသဟဂုတ် ကာယဝိညာဏ် အပြင် ဒေါသ (၂) ပါးကိုပါထည့်ဖြေရပါမည်။

# ၂။ ဟေတုသင်္ဂဟ

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် (၆)ပါးအားဖြင့် စိတ်၊စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ဟေတုသင်္ဂဟ မည်၏။

| **အဟိတ်** | **အဟိတ်စိတ် ၁၈ ပါး** |
|---|---|
| သဟိတ် | အဟိတ်စိတ်ကြဉ် စိတ်အကျဉ်း ၇၁ ပါး (စိတ်အကျယ် ၁၀၃) |
| ဧကဟိတ် | မောဟ ၂ |
| ဒွိဟိတ် | လောဘ ၈ (လောဘ၊မောဟ)၊ ဒေါသ ၂(ဒေါသ၊မောဟ)၊ ကာမသောဘန ဉာဏဝိပ္ပ ယုတ် ၁၂ ပါး (အလောဘ၊အဒေါသ) ပေါင်း ၂၂ ပါး |
| တိဟိတ် | ကာမသောဘန ဉာဏသမ္ပယုတ် ၁၂၊ မဟဂ္ဂုတ် ၂၇၊လောကုတ် ၈၊ ပေါင်း ၄၇ ပါး |

**မှတ်ချက်။** ။ ဟေတုသင်္ဂဟ၌ ဟိတ်နှင့်ပတ်သက်၍ ၁။ အဟိတ်စိတ် -လောဘစသော ယှဉ်ဘက်ဟိတ်မရှိသောစိတ်၊ ၂။ဧကဟိတ်စိတ် - ယှဉ်ဘက်ဟိတ် တစ်ပါးသာရှိသောစိတ်၊

၃။ ဒွိဟိတ်စိတ်- ယှဉ်ဘက်ဟိတ် နှစ်ပါးရှိ သောစိတ်နှင့် ၄။ တိဟိတ်- ယှဉ်ဘက်ဟိတ် သုံးပါးရှိသောစိတ်ဟူ၍ လေးမျိုး ပြသည်။

## ဇာတ်အားဖြင့် ဟိတ် (၁၂)ပါး

၁။ အကုသိုလ်ဇာတ် (၃) ပါး (လောဘ၊ဒေါသ၊မောဟ)
၂။ ကုသိုလ်ဇာတ် (၃) ပါး (အလောဘ၊အဒေါသ၊အမောဟ)
၃။ ဝိပါက်ဇာတ် (၃) ပါး (အလောဘ၊အဒေါသ၊အမောဟ)
၄။ ကြိယာဇာတ် (၃) ပါး (အလောဘ၊အဒေါသ၊အမောဟ)
တိုက်အားဖြင့် ဟိတ် (၉)ပါး
၁။ အကုသိုလ်ဟိတ် (၃) ပါး (လောဘ၊ဒေါသ၊မောဟ)
၂။ ကုသိုလ်ဟိတ် (၃) ပါး (အလောဘ၊အဒေါသ၊အမောဟ)
၃။ အဗျာကတဟိတ် (၃) ပါး (အလောဘ၊အဒေါသ၊အမောဟ)

## ဘုံအားဖြင့် ဟိတ် (၁၅) ပါး

၁။ ကာမဘုံ = ဟိတ် (၆)ပါး (အကုသိုလ်၊ကုသိုလ်၊ဝိပါက်၊ကြိယာ)
၂။ ရူပဘုံ = အလောဘ၊အဒေါသ၊အမောဟ ဟိတ် (၃) ပါး (ကုသိုလ်၊ဝိပါက်၊ကြိယာ)
၃။ အရူပဘုံ = အလောဘ၊အဒေါသ၊အမောဟ ဟိတ်(၃) းပါး (ကုသိုလ်၊ဝိပါက်၊ကြိယာ)
၄။ လောကုတ္တရာဘုံ=အလောဘ၊အဒေါသ၊အမောဟဟိတ်(၃)ပါး
(ကုသိုလ်၊ဝိပါက်၊ကြိယာ)

## ပုဂ္ဂိုလ်အားဖြင့် ဟိတ် (၂၆) ပါး

၁။ ပုထုဇဉ် ပုဂ္ဂိုလ် = ဟိတ် (၆) ပါး (အကုသိုလ်၊ကုသိုလ်၊ဝိပါက်)
၂။ သောတာပန် ပုဂ္ဂိုလ် = ဟိတ် (၆) ပါး (အကုသိုလ်၊ကုသိုလ်၊ဝိပါက်)
၃။ သကဒါဂါမ် ပုဂ္ဂိုလ် = ဟိတ် (၆) ပါး (အကုသိုလ်၊ကုသိုလ်၊ဝိပါက်)
၄။ အနာဂါမ် ပုဂ္ဂိုလ်= ဒေါသဟိတ်ကြဉ် ဟိတ် (၅)ပါး (အကုသိုလ်၊ကုသိုလ်၊ဝိပါက်)
၅။ ရဟန္တာပုဂ္ဂိုလ် = အလောဘ၊အဒေါသ၊အမော ဟိတ် (၃)ပါး (ဝိပါက်၊ကြိယာ)

## ၃။ ကိစ္စသင်္ဂဟ

ကိစ္စ (စိတ်တို့၏ ဆောင်ရွက်သောလုပ်ငန်း)အပြားအားဖြင့် စိတ်၊စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ကိစ္စသင်္ဂဟ မည်၏။

## ကိစ္စအပြား (၁၄)ပါး

၁။ ပဋိသန္ဓေကိစ္စ = ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း ကိစ္စ။
၂။ ဘဝင်ကိစ္စ = ကံအရှိန်ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာ အစဉ်မပြတ်ရအောင် ရရှိထားရာ ဘဝ ကို စောင့်ရှောက်ပေးခြင်း ကိစ္စ။
၃။ အာဝဇ္ဇန်း ကိစ္စ = ဒွါရ၌ ထင်လာသော အာရုံတို့ကို ဆင်ခြင်ခြင်း ကိစ္စ။
၄။ ဒဿန ကိစ္စ = အဆင်းကို မြင်ခြင်းကိစ္စ။
၅။ သဝန ကိစ္စ = အသံကို ကြားခြင်းကိစ္စ။
၆။ ဃာယန ကိစ္စ = အနံ့ ရခြင်းကိစ္စ။
၇။ သာယန ကိစ္စ = အရသာကို စားသိခြင်းကိစ္စ။
၈။ ဖုသန ကိစ္စ = အတွေ့အထိကို တွေ့ထိခြင်းကိစ္စ။
၉။ သမ္ပဋိစ္ဆိုင်း ကိစ္စ = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို လက်ခံခြင်းကိစ္စ။
၁၀။ သန္တီရဏ ကိစ္စ = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို စုံစမ်းခြင်းကိစ္စ။
၁၁။ ဝုဋ္ဌော ကိစ္စ = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို သာယာဖွယ်၊ မသာယာဖွယ်ဟု ပိုင်းခြား မှတ်သား ဆုံးဖြတ်ခြင်းကိစ္စ။
၁၂။ ဇော ကိစ္စ = အာရုံ၏အရသာကို အရှိန်အဟုန်ဖြင့် ခံစားခြင်းကိစ္စ။
၁၃။ တဒါရုံ ကိစ္စ = ဇောခံစားအပ်ပြီးသော အာရုံကို ထပ်မံ ခံစားခြင်းကိစ္စ။
၁၄။ စုတိ ကိစ္စ = ရရှိထားရာဘဝမှ လျှောကျပျက်စီး သေဆုံးခြင်းကိစ္စ။

ဤကိစ္စ (၁၄)ပါး အစဉ်ကား တစ်ဘဝ၌ ပုဂ္ဂိုလ်၊သတ္တဝါတို့၏ စိတ် ဆောင်ရွက်သောလုပ်ငန်း အစဉ်အတိုင်းပေတည်း။ စိတ်၊စေတသိက်တို့သည် ဤ ကိစ္စ (၁၄) ပါးတို့မှ ပိုလွန်၍လည်း မဖြစ်၊ ဤ (၁၄)ပါးတို့သာဖြစ်သည်။

## ဆိုင်ရာကိစ္စတပ်သော စိတ်သရုပ်

ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသော ပဋိသန္ဓေကိစ္စ၊ ရရှိထားရာ ဘဝကိုစောင့်ရှောက်ပေးသော ဘဝင်ကိစ္စ၊ ရရှိထားရာဘဝမှ လျှောကျပျက်စီး သေဆုံးခြင်း စုတိကိစ္စ ဟူသည် အတိတ်ကံတရားများကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်စိတ်များ

၏ ဘဝအစမှသည် အဆုံးတိုင်အောင် ကံအရှိန် ရှိသမျှ ဆက်စပ် ဆောင်ရွက်သွားကြသော လုပ်ငန်းကိစ္စများ ဖြစ်ကြသည်။

သို့ဖြစ်၍ မိမိတို့ ပြုခဲ့သော လောကီကုသိုလ်၊ အကုသိုလ် ကံတရားများကြောင့် ဘဝခန္ဓာအနေဖြင့် အကျိုးပေးမည့် အကျိုးဝိပါက် စိတ်များသည် ဘဝအစ ပဋိသန္ဓေကိစ္စ ဆောင်ရွက်ပြီးနောက် ဘဝင်ကိစ္စကို ဆက်လက် ဆောင်ရွက်ကာ ကံအရှိန်ကုန်သောအခါ စုတိကိစ္စကို တစ်ဘဝ၏အဆုံးသတ်အဖြစ် နောက်ဆုံး ဆောင်ရွက်သွားကြလေသည်။

## ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သော စိတ်များ

၁။ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်တစ်ပါး = အပါယ်ဘုံသားတို့၏ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ။

၂။ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်တစ်ပါး = လူ၊ စာတု မဟာရာဇ်ဘုံမှ မသန် မစွမ်းလူ၊နတ်တို့ ၏ ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စ။

၃။ မဟာဝိပါက် ၈ ပါး = ကာမသုဂတိ ၇ ဘုံမှ လူ၊နတ်တို့၏ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စ။

၄။ ရူပဝိပါက် ၅ ပါး = ရူပ ၁၅ ဘုံမှ ပြဟ္မာကြီးတို့၏ ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စ။

၅။ အရူပဝိပါက် ၄ ပါး = အရူပ ၄ ဘုံမှ ပြဟ္မာကြီးတို့၏ ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စ။

## အာဝဇ္ဇန်းကိစ္စမှသည် တဒါရုံကိစ္စတိုင်အောင် ဆောင်ရွက်သော စိတ်များ

မိမိတို့ပြုခဲ့သော အတိတ်ကံကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်စိတ်များသည် ဘဝသစ်ဝယ် ပဋိသန္ဓေကိစ္စ ဆောင်ရွက်ပြီးနောက် ပဋိသန္ဓေကိစ္စဖြင့် ဆက်စပ်ပြီးသော ရရှိထားရာ ဘဝသစ်ကို တည်တံ့အောင် ဘဝင်ကိစ္စဖြင့် ဆက်လက်ဆောင်ရွက်နေစဉ် မိမိတို့၏ ဒွါရအသီးသီးဝယ် သက်ဆိုင်ရာအာရုံများ လာရောက်တိုက်ဆိုင်သောအခါ အာရုံနှင့် ဒွါရ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသော စိတ်များ (ဝီထိစိတ်များ)သည် အာဝဇ္ဇန်းကိစ္စမှသည် တဒါရုံကိစ္စတိုင်အောင် ဝီထိကိစ္စများကို အစဉ်အတိုင်းဆက်တိုက် ဆောင်ရွက်ကြလေသည်။

## အာဝဇ္ဇန်းကိစ္စတပ်သော စိတ်

၁။ ပဉ္စဒွါရာဝဇ္ဇန်း = ပဉ္စဒွါရ၌ ပဉ္စာရုံတို့ အသီးသီးတိုက်ဆိုင်သောအခါ ထင်လာသော ပဉ္စာရုံကို ဆင်ခြင်ခြင်း ကိစ္စ။

၂။ မနောဒွါရာဝဇ္ဇန်း = မနောဒွါရ၌ ဓမ္မာရုံ သို့မဟုတ် အာရုံ (၆)ပါး လာရောက်တိုက်ဆိုင်သော် ထင်လာသော အာရုံကို ဆင်ခြင်ခြင်းကိစ္စ။

၃။ ဒဿနကိစ္စတပ်သော စိတ် = စက္ခုဝိညာဏ်စိတ် ၂ ပါး။
၄။ သဝနကိစ္စတပ်သော စိတ် = သောတဝိညာဏ်စိတ် ၂ ပါး။
၅။ ဃာယနကိစ္စတပ်သော စိတ် = ဃာနဝိညာဏ်စိတ် ၂ ပါး။
၆။ သာယနကိစ္စတပ်သော စိတ် = ဇိဝှါဝိညာဏ်စိတ် ၂ ပါး။
၇။ ဖုသနကိစ္စတပ်သော စိတ် = ကာယဝိညာဏ်စိတ် ၂ ပါး။

**ကိစ္စ ၁၄ ပါး (ဌာန ၁၀ ပါး)**

| ကိစ္စ | စိတ် |
|---|---|
| ပဋိသန္ဓေ<br>ဘဝင် စုတိ<br>(တီ၊နု၊ဒ) | ဥပေက္ခာသန္တီ ၂ ပါး၊ မဟာဝိပါက် ၈ ပါး၊<br>မဟဂ္ဂုတ် ဝိပါက် ၉ ပါး၊<br>ပေါင်း ၁၉ ပါး |
| အာဝဇ္ဇန<br>(ပဉ္စဒွါရာဝဇ္ဇာန်း) | ပဉ္စဒွါရာဝဇ္ဇာန်း ၁ ပါး |
| ဒဿန၊ သဝန၊<br>ဃာယန၊<br>သာယန၊ ဖုသန<br>(စက္ခုစသည်) | ဒွေပဉ္စဝိညာဏ် ၁၀ ပါး<br>(ဒဿနစသည်ကို ပဉ္စဝိညာဏ်ဌာနဟု<br>တစ်ခုတည်းပေါင်းခေါ်သောကြောင့် ဌာန ၁၀<br>ပါးသာရှိသည်) |
| သမ္ပဋိစ္ဆိုင်း | သမ္ပဋိစ္ဆိုင်း ၂ ပါး |
| သန္တီရဏ | သန္တီရဏ ၃ ပါး(ဥပေက္ခာ ၂ ပါး သောမနဿ ၁ ပါး) |
| ဝုဋ္ဌော | မနောဒွါရာဝဇ္ဇာန်း ၁ ပါး |
| ဇော | အကုသိုလ် ၁၂၊ မဟာကုသိုလ် ၈၊မဟာကြိ ၈၊<br>ဟသိတုပ္ပါဒ် ၁ ပါး ပေါင်း ၂၉ ပါး ကို ကာမဇောဟုခေါ်၊<br>မဟဂ္ဂုတ် ကု ၉ ပါး၊ ကြိ ၉ ပါး၊ လောကုတ် ၈ ပါး၊<br>ပေါင်း ၂၆ ပါးကို အပ္ပနာဇောဟုခေါ် ။<br>ကာမ ၂၉၊အပ္ပနာ ၂၆ ပေါင်း ၅၅ ပါး |
| တဒါရုံ | မဟာဝိပါက် ၈ ပါး ဥပေက္ခာသန္တီ ၂ ပါး<br>သောမနဿသန္တီရဏ ၁ ပါး၊ပေါင်း ၁၁ ပါး |

**မှတ်ချက်။** ။ ကိစ္စ ၁၄ ပါးရှိသော်လည်း ဌာန ၁၀ ပါးသာရှိရခြင်းအကြောင်းမှာ စက္ခု သောတ စသည်ကို တစ်ခုတည်းပေါင်း၍ ပဉ္စဝိညာဏ် ဌာန တစ်ခုသာ ယူရသော ကြောင့်တည်း။ ကိစ္စနှင့် ဌာနအထူးကား အမှုလုပ်ငန်းသည် ကိစ္စဖြစ်၍၊ ထိုလုပ်ငန်းကို ပြုလုပ်ရာ အလုပ်ရုံ နေရာသည် ဌာန ဖြစ်သည်။ ဤသို့ထူးသည်။ ဥပမာ- ပဋိသန္ဓေကိစ္စ ဟူသည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းဟူသော အမှုလုပ်ငန်းဖြစ်၍၊ ပဋိသန္ဓေဌာနဟူသည် ထိုကိစ္စကို ပြုလုပ်ရာ (ရှေ့စိတ်၊နောက်စိတ်နှစ်ခုတို့၏အကြား) စိတ် တစ်ခုဖြစ်လောက်ရာ အခါကာလနေရာကို ဆို၏။

**ကိစ္စကိုအလွယ်တကူမှတ်မိစေရန် ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိကို အလွတ်ကျက်မှတ်ထားရန်လိုသည်။**

**ပဉ္စဒွါရဝီထိ။** တီ၊နှ၊ဒ၊ ပဉ္စ (၁)၊စက္ခု (၂)၊သံ (၂)၊သန် (၃)၊ဝု (၁)၊ဇ ၇ (ကာမဇော ၂၉ ပါး) ကြိမ်၊တဒါရုံ ၂ (၁၁) ပေါင်း ၄၆ ပါး။

**မှတ်ချက်။** ။ စက္ခုဝိညာဏ်နေရာတွင် သောတဝိညာဏ်စသည်ကိုထည့်ပါက ဒွေပဉ္စဝိညာဏ် ၁၀ ဖြစ်နိုင်သော ကြောင့် ကာမစိတ် (၅၄) ပါးဖြစ်နိုင်သည်။

မနောဒွါရဝီထိ။ နှ၊ဒ၊မ (၁) ၊ဇ ၇ (၅၅ ပါး) ကြိမ်၊ တဒါရုံ (၁၁) ၂ ကြိမ်။ မနောဒွါရိကစိတ်ပေါင်း (၆၇)ပါး

## ၁ ကိစ္စစီတပ်သော စိတ် (၆၈)ပါး နှင့် ဆောင်ရွက်ရာကိစ္စ

၁။ စက္ခုဝိညာဏ် ၂ ပါး = ဒဿနကိစ္စ
၂။ သောတဝိညာဏ် ၂ ပါး = သဝနကိစ္စ
၃။ ဃာနဝိညာဏ် ၂ ပါး = ဃာယနကိစ္စ
၄။ ဇိဝှါဝိညာဏ် ၂ ပါး = သာယနကိစ္စ
၅။ ကာယဝိညာဏ် ၂ ပါး = ဖုသနကိစ္စ
၆။ ပဉ္စဒွါရာဝဇ္ဇန်း ၁ ပါး = အာဝဇ္ဇန်းကိစ္စ
၇။ သမ္ပဋိစ္ဆိုင်း ၂ ပါး = သမ္ပဋိစ္ဆိုင်းကိစ္စ
၈။ ဇော ၅၅ ပါး = ဇောကိစ္စ ၊ပေါင်း (၆၈) ပါး

## ၂ ကိစ္စတပ်သော စိတ် ၂ ပါး

၁။ မနောဒွါရာဝဇ္ဇန်း ၁ ပါး = အာဝဇ္ဇန်း ကိစ္စနှင့် ဝုဋ္ဌောကိစ္စ
၂။ သောမနဿသန္တီရဏ ၁ ပါး = သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ

## ၃ ကိစ္စတပ်သော စိတ် ၉ ပါး

မဟာဂ္ဂုတ်ဝိပါက်စိတ် ၉ ပါး = ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စ

## ၄ ကိစ္စတပ်သော စိတ် ၈ ပါး

မဟာဝိပါက် ၈ ပါး = ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စ၊တဒါရုံကိစ္စ

## ၅ ကိစ္စတပ်သော စိတ် ၂ ပါး

ဥပေက္ခာသန္တီရဏစိတ် ၂ ပါး = ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စ

## ကိစ္စတပ်ပုံ

| | |
|---|---|
| ၁ ကိစ္စတပ်သောစိတ် | ပဉ္စဒွါရာဝဇ္ဇန်း၊ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်း ၂ ပါး ဇော ၅၅ =၆၈ |
| ၂ ကိစ္စတပ်သောစိတ် | သောမနဿသန္တီရဏ ၁ ပါး မနောဒွါရာဝဇ္ဇန်း ပေါင်း ၂ ပါး |
| ၃ ကိစ္စတပ်သောစိတ် | မဟာဂ္ဂုတ်ဝိပါက် ၉ ပါး |
| ၄ ကိစ္စတပ်သောစိတ် | မဟာဝိပါက်စိတ် ၈ ပါး |
| ၅ ကိစ္စတပ်သောစိတ် | ဥပေက္ခာသန္တီရဏ ၂ ပါး |
| စိတ်ပေါင်း | ၈၉ ပါး |

# ၄။ ဒွါရသင်္ဂဟ

ဒွါရအပြားအားဖြင့် စိတ်၊စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ဒွါရသင်္ဂဟမည်၏။ ပကတိ တံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့ စက္ခုပသာဒ စသော တံခါးပေါက်များသည်လည်း စက္ခုဒွါရိကဝီထိစိတ်များ စသည် တို့ကြောင့် ဖြစ်သောကြောင့် ဒွါရ (စက္ခုဒွါရိကဝီထိ စသည့် ဝီထိစိတ်၊ စေတသိက် တို့၏ ဖြစ်ကြောင်းတရား) မည်၏။

## ဒွါရ ၆ ပါး

| ဒွါရ | စိတ် |
|---|---|
| စက္ခုဒွါရ | ပဥ္စဒွါရဝဇ္ဇန်း ၁၊စက္ခု ၂၊သံ ၂ သန္တီ ၃ ဝုဋ္ဌော ၁ ကာမဇော၂၉ မဟာဝိပါက် ၈ ၊ ပေါင်း ၄၆ ပါး |
| သောတဒွါရ | ပဥ္စဒွါရဝဇ္ဇန်း ၁၊သောတ ၂၊သံ ၂ သန္တီ ၃ ဝုဋ္ဌော ၁ ကာမဇော၂၉ မဟာဝိပါက် ၈ ပါး၊ပေါင်း ၄၆ ပါး |
| ဃာနဒွါရ | ပဥ္စဒွါရဝဇ္ဇန်း ၁၊ဃာန ၂၊သံ ၂ သန္တီ ၃ ဝုဋ္ဌော ၁ ကာမဇော ၂၉ မဟာဝိပါက် ၈ ပါး၊ပေါင်း ၄၆ ပါး |
| ဇိဝှါဒွါရ | ပဥ္စဒွါရဝဇ္ဇန်း ၁၊ဇိဝှါ ၂၊သံ ၂ သန္တီ ၃ ဝုဋ္ဌော ၁ ကာမဇော ၂၉ မဟာဝိပါက် ၈ ပါး၊ပေါင်း ၄၆ ပါး |
| ကာယဒွါရ | ပဥ္စဒွါရဝဇ္ဇန်း ၁၊ကာယ၂၊သံ ၂ သန္တီ ၃ ဝုဋ္ဌော ၁ ကာမဇော ၂၉ မဟာဝိပါက် ၈ ပါး၊ပေါင်း ၄၆ ပါး (ပဥ္စဒွါ-ဒွါရငါးပါး၌ ကာမစိတ် ၅၄ ပါးဖြစ်ကြသည်) |
| မနောဒွါရ | မနောဒွါရာဝဇ္ဇန်း ၁၊ ဇော ၅၅၊တဒါရုံ ၁၁ ပေါင်း ၆၇ ပါး |

## ၁ ဒွါရစီ၌သာ ဖြစ်နိုင်သောစိတ် ပေါင်း ၃၆ ပါး

| ဒွါရ | စိတ် |
|---|---|
| ၁။ စက္ခုဒွါရ | စက္ခုဝိညာဏ် ၂ ပါး |
| ၂။ သောတဒွါရ | သောတဝိညာဏ် ၂ ပါး |
| ၃။ ဃာနဒွါရ | ဃာနဝိညာဏ် ၂ ပါး |
| ၄။ ဇိဝှါဒွါရ | ဇိဝှါဝိညာဏ် ၂ ပါး |
| ၅။ ကာယဒွါရ | ကာယဝိညာဏ် ၂ ပါး |
| ၆။ မနောဒွါရ | အပ္ပနာဇော ၂၆ ပါး |
| ၅ ဒွါရ၌ဖြစ်သောစိတ် | ပဥ္စဒွါရာဝဇ္ဇန်း ၁ ၊သမ္ပဋိစ္ဆိုင်း ၂ ဟုဆိုအပ်သောမနောဓာတ် ၃ ပါး |
| ၆ ဒွါ၌အမြဲဖြစ် စိတ် | သော သန္တီ ၁၊ မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉ ပေါင်း ၃၁ ပါး |

| | |
|---|---|
| ၆ ဒွါရဥ္စရုံခါဖြစ်၍ ရုံခါ လွတ်သောစိတ် | ဥပေက္ခာသန္တီရဏ ၂ ပါး မဟာဝိပါက် ၈ ပါးပေါင်း ၁၀ ပါး (ပဋိသန္ဓေ၊ဘဝင်စုတိတပ်သောအခါ ဒွါရမှလွတ်။ သန္တီရဏ၊တဒါရုံတပ်သောအခါ ၆ ဒွါရဥ္စဖြစ်) |
| ၆ ဒွါရမှအမြဲလွတ်စိတ် | မဟဂ္ဂုတ်ဝိပါက် ၉ ပါး |

**မှတ်ချက်။ ။** ဥပေက္ခာသန္တီရဏ (၂) ပါး၊ မဟာဝိပါက် (၈) ပါး၊ မဟဂ္ဂုတ်ဝိပါက် (၉) ပါး ဟူသော ဘဝင်စိတ် (၁၉) ပါးတို့ သည် မနောဒွါရပင်ဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့သည် ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်သောအခါ ဒွါတစ်ခုခု၌ဖြစ် ပေါ်နေသည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် ၎င်းတို့ကို ဒွါရဝိမုတ် (ဒွါရမှလွတ်သောစိတ်)စိတ်များဟုခေါ်သည်။

## ၅။ အာရမ္မဏသင်္ဂဟ

အာရုံအပြားအားဖြင့် စိတ်၊စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂသည် အာရမ္မဏသင်္ဂဟမည်၏။ ဥယျာဉ်၊ပန်းမန်တို့သည် လူတို့၏ မွေ့လျော်ရာဖြစ်သကဲ့သို့ ရူပ၊သဒ္ဒ စသော (၆) ပါးသော တရားအစုသည် စိတ်၊ စေတသိက်တို့၏ မွေ့လျော်ရာ ဖြစ်ကြ၍ အာရုံ (အာရမ္မဏ) မည်၏။

**တနည်း။ ။** တောင်ဝှေး၊ကြိုးတန်းသည် မစွမ်း၊မသန်သူတို့အား ဆွဲကိုင် မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပ၊သဒ္ဒစသော (၆)ပါးသော တရားအစုသည် စိတ်၊ စေတသိက်၏ ဆွဲကိုင်၊ မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာရုံ (အာလမ္ဗန) မည်၏။

### အာရုံ ၆ ပါး

၁။ ရူပါရုံ = အဆင်းအမျိုးမျိုး ( ရူပါရုံ ရုပ် ၁ ပါး)
၂။ သဒ္ဒါရုံ = အသံအမျိုးမျိုး ( သဒ္ဒါရုံ ရုပ် ၁ ပါး)
၃။ ဂန္ဓာရုံ = အနံ့အမျိုးမျိုး (ဂန္ဓာရုံ ရုပ် ၁ ပါး)
၄။ ရသာရုံ = အရသာအမျိုးမျိုး ( ရသာရုံ ရုပ် ၁ ပါး)
၅။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိအမျိုးမျိုး (ပထဝီ၊ တေဇော၊ ဝါယော ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ ရုပ် ၃ ပါး)
၆။ ဓမ္မာရုံ = ကျန်သော သိဖွယ်အမျိုးမျိုး ( စိတ် ၈၉ ပါး၊စေတသိက် ၅၂ ပါး၊ ပသာဒရုပ် ၅ ပါး၊သုခုမရုပ် ၁၆ ပါး၊ နိဗ္ဗာန် ၁ ပါး၊ပညတ် ၁ ပါး)

## ဒွါရဋ္ဌဖြစ်သော စိတ်တို့၏ အာရုံပြပုံ

| | ဒွါရဋ္ဌဖြစ်သောစိတ်များ | အာရုံ | တရားကိုယ် |
|---|---|---|---|
| ၁ | စက္ခုဒွါရိကစိတ် ၄၆ပါး | ပစ္စုပ္ပန် ရူပါရုံ | ရူပါရုံ ရုပ် ၁ ပါး |
| ၂ | သောတဒွါရိကစိတ် ၄၆ | ပစ္စုပ္ပန် သဒ္ဒါရုံ | သဒ္ဒါရုံ ရုပ် ၁ ပါး |
| ၃ | ဃာနဒွါရိကစိတ် ၄၆ | ပစ္စုပ္ပန် ဂန္ဓာရုံ | ဂန္ဓာရုံရုပ် ၁ ပါး |
| ၄ | ဇိဝှါဒွါရိကစိတ် ၄၆ ပါး | ပစ္စုပ္ပန် ရသာရုံ | ရသာရုံ ရုပ် ၁ ပါး |
| ၅ | ကာယဒွါရိကစိတ် ၄၆ | ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ | ပ၊တေ၊ဝါယော ဖောဋ္ဌဗ္ဗာရုံရုပ် ၃ ပါး |
| ၆ | မနောဒွါရိကစိတ် ၆၇ | ကာလသုံးပါး ပဉ္စာရုံ | ဂေါစရရုပ် ၇ ပါး |
| | | ကာလသုံးပါးနှင့် ကာလဝိမုတ် ဖြစ်သော ဓမ္မာရုံကာလဝိမုတ် | စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ ပသာဒ ရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ နိဗ္ဗာန်၊ ပညတ် |

**မှတ်ချက်။ ။** နိဗ္ဗာန်သည် မပျက်မစဲ အမြဲတည်၍ ကာလ သုံးပါး အားဖြင့် ခွဲဝေ၍ မရသောကြောင့်လည်းကောင်း၊ ပညတ်သည် ဥပါဒ်၊ ဌီ၊ ဘင် အားဖြင့် အထင်အရှား မရှိ၍ ကာလသုံးပါးအားဖြင့် ခွဲဝေ၍ မရသောကြောင့် လည်းကောင်း ကာလဝိမုတ်မည်၏။

## ဒွါရဝိမုတ်စိတ်တို့၏ အာရုံ

ဒွါရဝိမုတ်ဖြစ်သော ပဋိသန္ဓေ၊ဘဝင်၊စုတိစိတ်တို့သည် များသောအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးစ ဘဝဟောင်းမှ မရဏာသန္နဇော ယူအပ်သော အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို ထိုက်သည့် အားလျော်စွာ အာရုံပြုကြ၏။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တို့ဟူသည်လည်း အချို့ပစ္စုပ္ပန်၊ အချို့အတိတ်၊ အချို့လည်း ကာလဝိမုတ် (ပညတ်) တရားဖြစ်ကြသော အာရုံ (၆) ပါးတို့ပင်တည်း။

## စိတ်တို့၏ အာရုံပြုပုံ

| | |
|---|---|
| ကာမအာရုံကေန်ပြုစိတ် | ဒွေပဉ္စ ၁၀၊မနောဓာတ် ၃၊တဒါရုံ ၁၁၊ဟသိတုပ္ပါဒ် ၁ ပေါင်း ၂၅ ပါး |
| မဟဂ္ဂုတ် ကေန် | ဝိညာဏဉ္စာယတနစိတ် ၃၊နေဝသညာနာသညာ ၃ ပေါင်း ၆ ပါး |
| ပညတ် ကေန် | အဘိညာဉ်ဒွေကြဉ် ရူပ ၁၅၊အာကာသာနဉ္စာယတန ၃၊အာကိဉ္စညာယတန ၃ |
| နိဗ္ဗာန် ကေန် | လောကုတ္တရာ ၈ ပါး |
| လောကုတ်ကြဉ်အာရုံ အားလုံးပြုစိတ်(လောကီ) | အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်ဉာဏဝိပ္ပယုတ် ၄၊ မဟာကြိယာဉာဏဝိပ္ပယုတ် ၄ ပေါင်း ၂၀ ပါး |
| အရဟတ္တမဂ်၊ဖိုလ်ကြဉ် အာရုံအားလုံးပြုစိတ် | မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄ ပါး ပဉ္စမဈာန်ကုသိုလ်အဘိညာဉ် ၁ ပေါင်း ၅ ပါး |
| အာရုံအားလုံးပြုစိတ် | မဟာကြိယာဉာဏသမ္ပယုတ် ၄၊ ပဉ္စမဈာန်ကြိယာ အဘိညာဉ် ၁၊မနောဒွါရာဝဇ္ဇန်း ၁ ပေါင်း ၆ ပါး |

***<u>အထူးမှတ်ရန်။</u>*** ။ ကာမအနေကန်၊မဟဂ္ဂုတ်အနေကန်၊ပညတ် အနေကန် အာရုံပြုသော စိတ်များကား လောကုတ္တရာကြဉ် အာရုံအားလုံးပြုနိုင်သော စိတ် (၂၀)၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် အာရုံအားလုံးပြုစိတ် (၅) ပါး နှင့် အာရုံအားလုံးပြုစိတ် (၆) ပါး၊ပေါင်း (၃၁) ပါးတို့တည်း။

နိဗ္ဗာန် အနေကန် အာရုံပြုသောစိတ်တို့ကား အရဟတ္တမဂ်၊ ဖိုလ်ကြဉ် အာရုံ အားလုံးပြုသောစိတ် (၅) ပါးနှင့် အာရုံအားလုံးပြုစိတ် (၆) ပါး၊ပေါင်း (၁၁) ပါးတို့ဟု မှတ်ထားရမည်။

**မှတ်ချက်။** ။ ဓမ္မာရုံအရ ပသာဒရုပ် (၅) ပါး သုခုမရုပ် (၁၆) ပါး စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ် ပေါင်း (၆) ပါးကိုယူ။ ပစ္စုပ္ပန် ပဉ္စာရုံ (၅) ပါးလုံးကိုသာ အာရုံပြုသောစိတ် အစုကား ပဉ္စဒွါရာဝဇ္ဇန်း (၁) ပါး၊ သမ္ပဋိစ္ဆိုင်း (၂) ပါး ဟုဆိုအပ် သော မနောဓာတ်သုံးပါး ဖြစ်သည်။ ကာလသုံးပါးဖြစ်သော ကာမစိတ် (၅၄) ပါး၊ စေတသိက် (၅၂) ပါး၊ရုပ် (၂၈) ပါး တည်းဟူသော ကာမအာရုံ (၆) ပါးကို အာရုံပြုသောစိတ်များကား တဒါရုံ (၁၁) ပါး၊ဟသိတုပ္ပါဒ် (၁) ပါး၊ ပေါင်း (၁၂) ပါး တို့တည်း။

မနောဒွါရာဝဇ္ဇာန်းစိတ်သည် အလုံးစုံကို အာရုံပြုသည် ဆိုရာ၌ ဘုရားရှင်၏ သန္တာန်တော်၌ဖြစ်ခိုက်သာ အလုံးစုံ ကိုအာရုံပြုသည်။ ကျန်ပုဂ္ဂိုလ်များ၌ဖြစ်ခိုက် အလုံးစုံကို အကုန်မကျန် အာရုံမပြုနိုင်။

အထူးသိစွမ်းနိုင်သော ရူပ ပဥ္စမဈာန် ကုသိုလ်နှင့် ကြိယာစိတ်တို့ကို အဘိညာဉ် ဟု ခေါ်သည်။

## ၆။ ဝတ္ထုသင်္ဂဟ

ဝတ္ထုအပြားအားဖြင့် စိတ်၊စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ဝတ္ထုသင်္ဂဟမည်၏။

မြေကြီးသည် သက်ရှိ၊သက်မဲ့တို့၏ တည်ရာ၊မှီရာဖြစ်သကဲ့သို့ စက္ခုပသာဒစသော (၆) ပါးသော ရုပ်တရားတို့ သည် စိတ်၊စေတသိက်တို့၏ တည်ရာ၊မှီရာ ဖြစ်သောကြောင့် ဝတ္ထုမည်၏။

### ဝတ္ထုအပြား ၆ ပါးနှင့် တရားကိုယ်

၁။ စက္ခုဝတ္ထု = စက္ခုပသာဒရုပ်
၂။ သောတဝတ္ထု = သောတပသာဒရုပ်
၃။ ဃာနဝတ္ထု = ဃာနပသာဒရုပ်
၄။ ဇိဝှါဝတ္ထု = ဇိဝှါပသာဒရုပ်
၅။ ကာယဝတ္ထု = ကာယပသာဒရုပ်
၆။ ဟဒယဝတ္ထု = ဟဒယရုပ်

### ပဥ္စဝတ္ထုအသီးသီး၌ အမြဲမှီသောစိတ်များ

၁။ စက္ခုဝတ္ထု၌ စက္ခုဝိညာဏ်စိတ် ၂ ပါး
၂။ သောတဝတ္ထု၌ သောတဝိညာဏ်စိတ် ၂ ပါး
၃။ ဃာနဝတ္ထု၌ ဃာနဝိညာဏ်စိတ် ၂ ပါး
၄။ ဇိဝှါဝတ္ထု၌ ဇိဝှါဝိညာဏ်စိတ် ၂ ပါး
၅။ ကာယဝတ္ထု၌ ကာယဝိညာဏ်စိတ် ၂ ပါး

| | |
|---|---|
| ဟာဒယဝတ္ထုကိုမှီ၍သာဖြစ်သောစိတ်များ | ဒွေါသ ၂၊မနောဓာတ် ၃၊ သန္တီရဏ ၃၊ ဟသိတုပ္ပါဒ် ၁၊ မဟာဝိပါက် ၈၊ ရူပ ၁၅၊ သောတာပတ္တိမဂ် ၁ ပေါင်း ၃၃ ပါး။ (ဝတ္ထုရုပ်ကိုသာမှီ၍ဖြစ်သောစိတ်များဟုမေးက ၎င်းစိတ် ၃၃ ပါးနှင့် ဒွေပဉ္စ ၁၀ ပေါင်း ၄၃ ပါးဟုဖြေရန်) ထိုစိတ် ၄၃ ပါးတို့သည် ဝတ္ထုရုပ်ရှိသော ကာမဘုံသားနှင့် ရူပ ၁၅ ဘုံသားများ၌ ဖြစ်သောကြောင့် ဝတ္ထုရုပ်တို့ကို အမြဲမှီကြသည်။ |
| ဝတ္ထုရုပ်ကိုမှီ၍၎င်း မမှီဘဲ၎င်းဖြစ်သောစိတ်များ | ဒေါသကြည် အကု ၁၀၊မဟာကု ၈၊မဟာကြိ ၈၊ အရူကု ၄၊ အရူကြိ ၄၊ သောတာပတ္တိ မဂ်ကြည် လောကုတ် ၇၊မနောဒွါရာဝဇ္ဇန်း ၁ ပေါင်း ၄၂ ပါး။ ဤစိတ်တို့သည် ပဉ္စဝေါ ကာရဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကိုမှီ၍ စတုဝေါကာရဘုံ၌ဖြစ်သောအခါ ဝတ္ထုရုပ်ကို မမှီဘဲဖြစ်ကြသည်။ |
| ဝတ္ထုရုပ်ကိုလုံးဝမမှီတဲ့စိတ် | အရူပဝိပါက် ၄ ပါးတို့တည်း။ ထိုစိတ်တို့သည် ရုပ်လုံးဝမရှိသော အရူပပြဟ္မာကြီး များ၏ ပဋိသန္ဓေ၊ဘဝင်၊စုတိကိစ္စတပ်သော စိတ်များဖြစ်ကြသောကြောင့် ဝတ္ထုရုပ်ကိုမမှီဘဲ ဝတ္ထုရုပ်မှ အမြဲလွတ်သောစိတ်ဖြစ်ရသည်။ |

## ဘုံအားဖြင့် ရထိုက်သော ဝတ္ထုရုပ်များနှင့် ဝိညာဏဓာတ်များ

၁။ ကာမ ၁၁ ဘုံ၌ ကာမတဏှာကို အရင်းခံသော ကာမကံကြောင့် ဝတ္ထုရုပ် (၆) ပါးလုံးနှင့် ဝိညာဏဓာတ် (၇) ပါး လုံးရ၏။

၂။ အသညသတ်ကြည် ရူပ ၁၅ ဘုံ၌ ကာမတရားကို စက်ဆုပ်ရွံရှာသော ကာမဝိရာဂ ဘာဝနာကံကြောင့် ကာမတဏှာ၏ အသုံးအဆောင်သက်သက်ဖြစ်သော ဃာန၊ဇိဝှါ၊ ကာယ ဝတ္ထုများ လုံးဝမရကြဘဲ စက္ခု၊သောတ၊ဟာဒ ယ ဝတ္ထုရုပ် သုံးပါးသာ ရကြ၏။ ဝိညာဏဓာတ်မှာလည်း စက္ခုဝိညာဏဓာတ်၊သောတဝိညာဏဓာတ်၊မနော ဓာတ်နှင့် မနောဝိညာဏဓာတ် (၄) ပါးသာရ၏။

၃။ အရူပ (၄)ဘုံ၌ ရုပ်ဟူသမျှကို စက်ဆုပ်ရွံရှာသော ရူပဝိရာ ဘာဝနာကာကံကြောင့် ရုပ်သက်သက်သာ ဖြစ်သော ဝတ္ထုရုပ် ၆ ပါးလုံးမရကြဘဲ မနောဝိညာဏဓာတ် ၁ ပါး သာရ၏။

၄။ အသညသတ်ဘုံ၌ နာမ်ကို ငြီးငွေ့စက်ဆုပ်သော အရူပဝိရာဂ ဘာဝနာကံကြောင့် နာမ်ဟူသမျှ လုံးဝမရချေ။ ထို့အတူ စိတ်၊စေတသိက် နာမ်တရားတို့၏မှီရာဖြစ်သော ဝတ္ထုရုပ် ၆ ပါးကိုလည်း မရနိုင်တော့။

## ဝတ္ထုရုပ် ၆ ပါး ၊ စိတ် ၈၉ ပါး ၊ ဝိညာဏဓာတ် ၇ ပါး တွဲစပ်ပုံ

၁။ စက္ခုဝတ္ထု = စက္ခုဝိညာဏ်စိတ် ၂ ပါး = စက္ခုဝိညာဏဓာတ်
၂။ သောတဝတ္ထု = သောတဝိညာဏ်စိတ် ၂ ပါး = သောတဝိညာဏဓာတ်
၃။ ဃာနဝတ္ထု = ဃာနဝိညာဏ် ၂ ပါး = ဃာနဝိညာဏဓာတ်
၄။ ဇိဝှါဝတ္ထု = ဇိဝှါဝိညာဏ်စိတ် ၂ ပါး = ဇိဝှါဝိညာဏဓာတ်
၅။ ကာယဝတ္ထု = ကာယဝိညာဏ်စိတ် ၂ ပါး = ကာယဝိညာဏဓာတ်
၆။ ဟဒယဝတ္ထု = ပဉ္စဒွါရာဝဇ္ဇန်း ၁ ပါး၊ သမ္ပဋိစ္ဆိုင်း ၂ ပါး မနောဓာတ် ကြွင်းစိတ် (၇၆) ပါးတို့သည် မနောဝိညာဏဓာတ်မည်၏။

**ပကိဏ်းပိုင်း ပြီး၏**

# ဝီထိပိုင်း

အာရုံနှင့်ဒွါရ တိုက်ဆိုင်သောအခါဖြစ်ပေါ်လာသော စိတ်တို့၏ အစဉ်အတန်းကို ဝီထိဟုခေါ်သည်။ တနည်း အားဖြင့် လူတို့၏သွားရာ လမ်းခရီးသည် ရွာအစဉ်ကိုမကျော်ဘဲ အစဉ်အတိုင်းသွားရဘိသကဲ့သို့ ထို့အတူ စိတ္တနိယာမ အတိုင်းဖြစ်သော စိတ်တို့၏ အစဉ်သည်လည်း ဖြစ်သင့်သော စိတ်တစ်ခုနှင့်တစ်ခု မကျော်မူ၍ တစ်ခုပြီးတစ်ခု အစဉ် အတိုင်းဖြစ်သောကြောင့် ဝီထိမည်၏။ တနည်း ထိုထိုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ် စသော အစဉ်အားဖြင့် စိတ်တို့ ၏ ဖြစ်ခြင်းသည် ဝီထိမည်၏။

## ဆဆက္က (ခြောက် ခြောက်လီ)

ဝီထိပိုင်းကိုလေ့လာသည့်အခါ ဤစိတ်သည် မည်သည့်ဒွါရ၌ဖြစ်သည်ဟု သိရန် **ဒွါရ ၆** ပါးကိုလည်းကောင်း၊ မည်သည့်အာရုံကို အာရုံပြုသည်ဟုသိရန် **အာရုံ ၆** ပါးကို လည်းကောင်း၊ မည်သည့်ဝတ္ထုရုပ်ကို မှီ၍ဟု သိရန် **ဝတ္ထု ၆** ပါးကိုလည်းကောင်း၊ ဤ ဝိညာဉ်ကား မည်သည့်ဝီထိ၌မှတ်သားကြောင်း ဝိညာဉ်ဟုသိရန် **ဝိညာဉ် ၆** ပါးကို လည်းကောင်း၊ ဤဝီထိကား မည်သည့်ဝီထိဟုသိရန် **ဝီထိ ၆** ပါးကိုလည်းကောင်း၊ ဤ အာရုံကား မည်သို့မည်ပုံ ထင်လာသော အာရုံဟုသိရန် **ဝိသယပ္ပဝတ္တိ ၆** ပါးကိုလည်းကောင်း အလုံးစုံ သိသင့်ပေသည်။

၁။ ဒွါရ ၆ ပါး (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော)
၂။ အာရုံ ၆ ပါး။ (ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မာရုံ)
၃။ ဝတ္ထု ၆ ပါး။ (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယ)
၄။ ဝိညာဏ် ၆ ပါး။ (စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော)
၅။ ဝီထိ ၆ ပါး။ (စက္ခုဒွါရဝီထိ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော)
၆။ ဝိသယပ္ပဝတ္တိ ၆ ပါး။ (အတိမဟန္တ=အလွန်ထင်ရှား။ မဟန္တ=ထင်ရှား။ ပရိတ္တ=မထင်ရှား။ အတိပရိတ္တ=လုံးဝ မထင်ရှား (***ပဉ္စဒွါရဝီထိအတွက် ၄ မျိုး***) ဝိဘူတ=ထင်ရှား နှင့် အဝိဘူတ=မထင်ရှား (***မနောဒွါရဝီထိအတွက် ၂ မျိုး***)

**မှတ်ချက်။ ။ အာရုံတို့၏ ဒွါရ၌ဖြစ်ခြင်း၊ ထင်ခြင်းသည်ပင်** ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိမည်၏။ ဒွါရတို့၌အာရုံ ထင်သည် မှစ၍ ချုပ်သည့်တိုင်အောင် ရေတွက်သည် ရှိသော် အလွန်များသော စိတ္တက္ခဏ အသက်ရှိသော အာရုံ ကို အတိ မဟန္တာရုံဟုမှတ်၍ ကျန်သည့် ၃ ဝီထိကိုလည်း များသော စိတ္တက္ခဏ၊ နည်းသောစိတ္တက္ခဏ၊ အလွန်

နည်းသော စိတ္တက္ခဏ အသက်ရှိသော စသည်ဖြင့် နာမည်ပေးရမည်။ ထို့အတူ မနောဒွါရ ဝီထိ၌အာရုံထင်သည်မှစ၍ ချုပ်သည့် တိုင် အောင် ထင်ထင်ရှားရှားရှား ဖြစ်သောအာရုံကို ဝိဘူတာရုံ ဟုမှတ်၍ မထင်ရှားသော အာရုံကို အဝိဘူတာရုံဝီထိ ဟု မှတ်ရန်။

## ဝီထိမုတ်စိတ်အတွက် ဝိသယပ္ပဝတ္တိ ၃ မျိုး

ဒွါရဝိမုတ်စိတ် (ဝီထိမုတ်စိတ်)များဖြစ်သော ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ကိစ္စတပ်သော စိတ်တို့၏ ဝိသယပ္ပဝတ္တိသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အားဖြင့် ၃ မျိုးရှိ၏။ **အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည်ပင်** ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိ မည်၏။

ထို့ကြောင့် **ဝီထိစိတ်တို့အတွက် ဝိသယပ္ပဝတ္တိ (၆) မျိုး**နှင့် **ဝီထိမုတ်စိတ်တို့အတွက် ဝိသယပ္ပဝတ္တိ (၃) မျိုး** အား ဖြင့် **ဝိသယပ္ပဝတ္တိ (၉)မျိုး** ရှိလေသည်။

## ဝီထိတစ်ခုတွင် ပါဝင်သောစိတ်အမျိုးအစား ၂ မျိုး

သတ္တဝါတို့သန္တာန်တွင် အာရုံနှင့်ဒွါရ မတိုက်ဆိုင်သောအခါဝယ် ရရှိထားသော ဘဝကိုတည်တံ့အောင် စောင့်ရှောက်ထားသော မူလ ဘဝင်စိတ်အစဉ်သည် အမြဲဖြစ်နေသည်။ ထိုမူလဘဝင်သည် ဝီထိမုတ်စိတ် ဖြစ်ရကား ၎င်းတို့ အာရုံပြုမြဲဖြစ်သော လွန်ခဲ့သည့် ဘဝဟောင်းမှ မရဏာသန္နဇော ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကိုသာ အာရုံပြုနေ၏။

ထိုဘဝင်များအကြားတွင် ရူပါရုံစသော အာရုံသစ်များသည် စက္ခုပသာဒ စသော ဒွါရတို့၌ ထင်လာသောအခါ မူလဘဝင်အစဉ် ပြတ်၍ ဝီထိအစဉ် ဖြစ်ပေါ်လာလေသည်။ ဤ ဝီထိအစဉ်တွင် အာရုံနှင့်ဒွါရတိုက်ဆိုင်မှုကြောင့် ဖြစ် ပေါ်လာသော အတီတဘဝင်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ခေါ် ရှေ့ဘဝင်စိတ်များ နှင့် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် စသော ဝီထိစိတ်များပါဝင်လေသည်။ ထို့ကြောင့် ဝီထိတစ်ခုတွင် ဘဝကို တည်တံ့အောင် စောင့်ရှောက်သော မူလ ဘဝင်မဟုတ်ဘဲ အာရုံနှင့်ဒွါ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသော ဘဝင်စိတ်နှင့် ဝီထိအစဉ်အတန်း ဟူ၍ စိတ်အမျိုးအစား ၂မျိုး ပါဝင် လေသည်။

## စိတ်သက်နှင့် ရုပ်သက်

စိတ်တစ်ခုတစ်ခု၌ ဥပါဒ်၊ ဌီ၊ ဘင် ဟုအခိုက်အတန့် (၃)မျိုးရှိ၏။ ထိုတွင် သဘာဝ အထည်ကိုယ်ထင်ရှားစွာ ပထမ ဖြစ်ပေါ်လာခြင်းသည် ဥပါဒ်မည်၏။ ပြီးနောက် မပျောက်ပျက်ဘဲ ပင်ကိုသဘောအတိုင်း တည်ရှိနေခြင်းသည် ဌီ မည်၏။ ပင်ကိုယ်သဘော မှ

ပျက်ပြားခြင်း ချုပ်ပျောက်ခြင်းသည် ဘင်မည်၏။ ခဏဟူသည် အတိုဆုံးသောအချိန် ကာလတည်း။ စိတ်တစ်ခုတစ်ခု၏ဖြစ်ရာ၊ တည်ရာ၊ ပျက်ရာ ခဏလေး (၃)မျိုးအပေါင်းကို စိတ္တက္ခဏ တစ်ချက်ဟု ခေါ်သည်။ ခဏကြီးဟုလည်းခေါ်သေး၏။

ထို စိတ္တက္ခဏ (၁၇) ချက်ခန့်ကာလသည် ရုပ်တရားတို့၏ အသက်ရှည်ရာ အချိန်အခါပင်တည်း။ ထို (၁၇) ချက် ကို ခဏငယ်ဖြင့် ရေတွက်သော် (၅၁)ချက်ရှိ၏။ ထိုတွင် ရုပ်၏ ဥပါဒ်ခဏနှင့် ဘင်ခဏသည် စိတ်၏ ဥပါဒ်ခဏ ဘင်ခဏ နှင့် ညီမျှ၏။ ဌီခဏကသာ စိတ်၏ခဏငယ်ပေါင်း (၄၉)ချက်ကြာသည်။

**မှတ်ချက်။ ။** ရုပ်၏အသက်ဟုဆိုရာ၌ ရုပ် (၂၈)ပါးလုံးတို့၏အသက်ကိုမယူရ၊ ဝိညတ်ရုပ် ၂ ပါးနှင့် လက္ခဏရုပ် ၄ ပါးကြဉ် ကျန်ရုပ်များကိုသာယူရမည်။

## လက္ခဏရုပ်နှင့် ဝိညတ်ရုပ်တို့ကို အသက်အားဖြင့်ခွဲပြရသော်

လက္ခဏရုပ် ၄ ပါးတို့တွင် ဥပစယ၊ သန္တတိရုပ် ၂ ပါးတို့သည် ရုပ်တို့ဖြစ်စ ဇာတိရုပ် များဖြစ်၍ ဥပါဒ်ခဏအစ ခဏငယ် ၁ချက် အသက်ရှိ၏။ (စိတ်၏ဥပါဒ်ခဏနှင့်အသက် တူသည်)

ဇရတာရုပ်သည် ရုပ်တို့၏ရင့်ရော် အိုမင်းတည်ဆဲဖြစ်၍ ရုပ်၏ဌီခဏ ခဏငယ် အသက် ၄၉ ချက်ရှိ၏။

အနိစ္စတာသည် ရုပ်တို့၏ပျက်ဆဲဖြစ်၍ ရုပ်၏ဘင်ခဏ ခဏငယ် ၁ ချက် အသက် ရှိ၏။ (စိတ်၏ဘင်ခဏနှင့်အ သက်တူသည်)

ဝိညတ်ရုပ် ၂ ပါးသည် စိတ်သို့အစဉ်လိုက်သော စိတ္တဇကေန်ရုပ်များဖြစ်၍ စိတ်နှင့် အသက်တူ၏။ ခဏငယ် ၃ ချက်၊ စိတ္တက္ခဏ ၁ ချက် အသက်ရှိ၏။

## ရုပ်အချုပ်နှေး၍ စိတ်အချုပ်မြန်ကြောင်း

နာမ်တရားတို့တွင် စိတ်သည် ပဓာနဖြစ်၏။ ထိုပဓာနဖြစ်သော စိတ်သည် အာရုံကို ရခြင်းသဘောမျှသာတည်း။ အာရုံကို ရသည်နှင့်တပြိုင်နက် စိတ်ဟူသော သဘာဝဓမ္မ သည်ချုပ်၏။ စိတ်ချုပ်လျှင် နောက်လိုက် စေတသိက်များလည်း ချုပ်ရတော့သည်။ သို့အတွက် နာမ်တရားများသည် အသက်တို၍ ရုပ်တရားတို့တွင် မဟာဘုတ်များ သည် ပဓာနဖြစ်၏။ ထိုမဟာဘုတ်တို့သည် လေးဆေးသောသဘောရှိရကား တွဲဖက် ရုပ်များလဲ မဟာဘုတ် ကဲ့သို့ အသက်ရှည် ကြလေသည်။ (ခန္ဓဝိဘင်းအနုဋီကာ)

## ပဉ္စဒွါရဝီထိဖြစ်ကြောင်းများ

### စက္ခုဒွါရဝီထိဖြစ်ရန်

၁။ စက္ခုပသာဒ ၂။ ရူပါရုံ ၃။ အာလောက-အလင်းရောင် ၄။မနသိကာရ-နှလုံးသွင်းမှုအားဖြင့် ၄ ပါး။

### သောတဒွါရဝီထိဖြစ်ရန်

၁။သောတပသာဒ ၂။ သဒ္ဒါရုံ ၃။ အာကာသ-အပေါက်၊ ဟင်းလင်းပြင် ၄။ မနသိကာရ

### ဃာနဒွါရဝီထိဖြစ်ရန်

၁။ဃာနပသာဒ ၂။ ဂန္ဓာရုံ ၃။ ဝါယောဓာတ် ၄။ မနသိကာရ

### ဇိဝှါဒွါရဝီထိဖြစ်ရန်

၁။ ဇိဝှါပသာဒ ၂။ရသာရုံ ၃။အာပေါဓာတ် ၄။ မနသိကာရ

### ကာယဒွါရဝီထိဖြစ်ရန်

၁။ ကာယပသာဒ ၂။ ဖောဋ္ဌဗ္ဗာရုံ ၃။ ပထဝီဓာတ် ၄။ မနသိကာရ

## ဝီထိစိတ်ဖြစ်ပုံ

၁။ အာရုံနှင့်ဒွါရ တိုက်ဆိုင်သောအခါ ထိုထိုအာရုံသည် ဒွါရ၌ထင်သည်ဆိုရာ၌ ထိုအာရုံနှင့် ဒွါရတို့ (ရူပါရုံနှင့်စက္ခုပသာဒတို့) ဥပါဒ်လျှင် ဥပါဒ်ချင်း မထင်နိုင်ကြသေးပေ။ ရုပ်တို့ မည်သည် ဌီအခိုက်၌သာအားအရှိဆုံးဖြစ်ရကား (ရုပ် ၏ ဌီ သို့ ရောက်ပြီးနောက်မှ) အနည်းဆုံး စိတ္တက္ခဏ ၁ ချက်လွန်ပြီးနောက်မှ ထင်လာနိုင်၏။

## ဘဝင်စိတ်

၂။ ဤသို့ အာရုံနှင့် ပသာဒတို့မထိခိုက်၊ မတိုက်ဆိုင်မီ မိမိတို့ယူနေကြ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၁ ပါးပါးကို အာရုံပြု ၍ အသစ်ထင်လာသော အာရုံကို အာရုံမပြုနိုင်သေးဘဲ အနည်းဆုံး စိတ္တက္ခဏ ၁ချက်လွန်ပြီး ချုပ်ပျောက်သွားသော ဘဝင်စိတ်ကို အတီတဘဝင် ဟုခေါ်သည်။

၃။ ထို အတီတဘဝင်၏ အခြားမဲ့တွင် အာရုံ၏ဒွါရ၌ ထင်လာမှုကြောင့် နဂိုရှိရင်းစွဲ မူလဘဝင်စိတ်သည် ၎င်း အာရုံ ပြုမြဲဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၁ ပါးပါးကို အာရုံပြုနေရာမှ အာရုံဟောင်းကိုလည်း မလွှတ်နိုင်သေး၊ အသစ်ထင်လာသော အာရုံ အသစ်ကိုလည်း စွဲမြဲစွာမယူနိုင်သေးသဖြင့် ပင်ကိုယ်သဘောမှဖေါက်ပြားပြီး နှစ်ကြိမ်

တိုင်တိုင် တုန်လှုပ်ချောက်ချား၏။ ဤသို့ မည်သည့်အာရုံကိုယူရမည်ကို ဇဝေဇဝါ တုန်လှုပ် ချောက်ချားနေ သော ဘဝင်စိတ်ကို ဘဝင်္ဂစလန ဟုခေါ်သည်။
ဤတွင် ဒုတိယဘဝင်္ဂစလနသည် မိမိယူနေကြ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ဟူသော အာရုံဟောင်းကိုစွန့်၍ အာရုံ အသစ်ကိုယူဖို့ရန် ဘဝင်အစဉ်ပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ ဟုခေါ်၏။

## ဝီထိစိတ်

ဘဝင်အစဉ်ပြတ်ပြီးနောက် ပဉ္စဒွါရ၌ထင်လာသော ရူပါရုံကို
၄။ ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် (အာရုံကို ဖွင့်ပေးသောစိတ်)
၅။ မြင်သိသော စက္ခုဝိညာဏ်စိတ်
၆။ ခံယူသကဲ့သို့ဖြစ်သော သမ္ပဋိစ္ဆိုင်းစိတ်
၇။ စုံစမ်းသကဲ့သို့ဖြစ်သော သန္တီရဏစိတ်
၈။ ဆုံးဖြတ်သော ဝုဋ္ဌောစိတ်
၉။ အာရုံကို အရှိန်အဟုန်ပြင်းစွာဖြင့် ခံစားသော ဇောစိတ် (ကာမဇော ၂၉ပါး တို့တွင် တစ်ပါးပါးဖြင့်)သည် များသောအားဖြင့် ၇ကြိမ်စော၏။ ဤတွင် ယောနိသောမနသိကာရ=စိတ်ထားမှန်လျှင် ကုသိုလ်ဇော၊ အယောနိသောမနသိကာရ= စိတ်ထားမမှန်လျှင် အကုသိုလ်ဇော၊ ရဟန္တာဖြင်လျှင် ကြိယာဇောစော၏။
၁၀။ ထို့နောက် ဇောသို့အစဉ်လိုက်၍ဖြစ်သော တဒါရုံ (သန္တီရဏ ၃ ပါး မဟာဝိပါက် ၈ ပါး) ၂ ကြိမ်ဖြစ်ကာ ဝီထိ အစဉ်သည်လည်း ရူပါရုံနှင့် စက္ခုပသာဒရုပ်တို့၏ ၁၇ ချက် ရုပ်သက်စေ့သဖြင့် အတူပြိုင်၍ ချုပ်လေ၏။ ထို့နောက် အာရုံအသစ် ထပ်မံ၍ မထင်သေးသမျှကြားကာလ၌ ဘဝင်စိတ်အစဉ်သာ ဆက်၍ဖြစ်နေ၊ ဘဝင်ကျနေလေသည်။

## ဘဝင်ကျ ဟူသည်

ဝီထိစိတ်ဖြစ်ပုံသည် လှံ့လ၊ ပယောဂ၊ ဗျာပါ ရရှိသဖြင့် မြင့်မောက်တက်ကြွသကဲ့သို့ဖြစ်၏။ ဘဝင်အစဉ် ဖြစ်ပုံကား ငြိမ်သက်လှသဖြင့် အောက်ကျနိမ့်ရှိုင်းသကဲ့သို့ ဖြစ်၏။ ထို့ကြောင့် ဝီထိစိတ်တို့၏ အဆုံး၌ ဘဝင်စိတ်များ ဖြစ်နေ ခြင်းကို ဘဝင်ကျသည် ဟုဆိုရခြင်းဖြစ်သည်။

## ပဉ္စဒွါရဝီထိ
## စက္ခုဒွါရိက (၁၅) ဝီထိ
## (၁) အတိမဟန္တာရုံဝီထိ (၁) ဝီထိ

**အတီတဘဝင်(လွန်) - ဘဝင် စလန (လှုပ်) - ဘဝင်ုပ္ပစ္ဆေဒ (ဖြတ်) - ပဉ္စဒွါရာဝဇ္ဇန်း (ဖွင့်) စက္ခုဝိညာဏ် (မြင်) သမ္ပ ဋိစ္ဆိုင်း (လက်ခံ) သန္တီရဏ (စုံစမ်း) ဝုဋ္ဌော (ဆုံးဖြတ်) ဇော- ဇော- ဇော-ဇော- ဇော- ဇော- ဇော (ခံစား၊ ဇော ၇ ကြိမ်) တဒါရုံ- တဒါရုံ (ပြန်အာရုံပြု)**

**ဇောမှတ်ချက်။ ။** ဇောသည် များသောအားဖြင့် (၇) ကြိမ်ကျရိုးထုံးစံရှိသည်။ တခါတရံ (၆) ကြိမ်လည်းကျတတ် သေးသည်။ သို့သော် စုတေခါနီး၊ သစ်ပင်ပေါ်မှကျခြင်း၊ ရေနစ်ခြင်း စသည်တို့ကြောင့် တွေဝေမိန်းမော သေငယ်ဇောဖြင့် မြောမေ့နေရာအခါ၊ အိပ်မပျော် တပျော် အိပ်မက်မက်ရာအခါ စသည်တို့၌ (၅) ကြိမ်သာစောနိုင်သည်။

## တဒါရုံ ၂ ကြိမ် ကျရခြင်းအကြောင်း

တဒါရုံတို့မည်သည် မကျသာလျှင် လုံးဝမကျ၊ ကျလျှင်လည်း နှစ်ကြိမ်သာ ကျရိုး ရှိသောကြောင့် ဇောအာရုံကို အာရုံပြု၍ တဒါရုံ ၂ ကြိမ်ကျရသည်။

**ထို အတိမဟန္တာရုံဝီထိကို တဒါရုံအဆုံးရှိသောကြောင့် တဒါရမ္မဏဝါရဟု ခေါ်သည်။**

## ၂။ မဟန္တာရုံ (၂) ဝီထိ

**တီ - တီ - န - ဒ - ပ - စ - သံ - သန် - ဝု - ဇ - ဇ - ဇ - ဇ - ဇ - ဇ - ဇ - ဘ**
**တီ - တီ - တီ - န - ဒ - ပ - စ - သံ - သန် - ဝု - ဇ - ဇ - ဇ - ဇ - ဇ - ဇ - ဇ**
**မဟန္တာရုံ (၂) ဝီထိသည် ဇောဖြင့် အဆုံးသတ်သောကြောင့် ဇဝနဝါရ မည်၏။**

## ၃။ ပရိတ္တာရုံ (၆) ဝီထိ

**တီ - တီ - တီ - တီ - န - ဒ - ပ - စ - သံ - သန် - ဝု - ဝု - ဝု - ဘ - ဘ - ဘ - ဘ**
**တီ - တီ - တီ - တီ - တီ - န - ဒ - ပ - စ - သံ - သန် - ဝု - ဝု - ဝု - ဘ - ဘ - ဘ**
**တီ - တီ - တီ - တီ - တီ - တီ - န - ဒ - ပ - စ - သံ - သန် - ဝု - ဝု - ဝု - ဘ - ဘ**
**တီ - တီ - တီ - တီ - တီ - တီ - တီ - န - ဒ - ပ - စ - သံ - သန် - ဝု - ဝု - ဝု - ဘ**
**တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - ဒ - ပ - စ - သံ - သန် - ဝု - ဝု - ဝု**
**တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - ဒ - ပ - စ - သံ - သန်- ဝု - ဝု**

**ပရိတ္တာရုံဝီထိ (၆) ပါးတို့သည် ဝုဋ္ဌောနှင့် အဆုံးသတ်ကြသောကြောင့် ဝေါဋ္ဌဗ္ဗနဝါရ တို့မည်၏။**

## ၄။ အတိပရိတ္တာရုံ (၆)ဝီထိ

**တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - န - ဘ - ဘ - ဘ - ဘ - ဘ**
**တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - န - ဘ - ဘ - ဘ - ဘ**
**တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - န - ဘ - ဘ - ဘ**
**တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - န - ဘ - ဘ**
**တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - န - ဘ**
**တီ တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - တီ - န - န**

အတိပရိတ္တာရုံဝီထိသည် အလွန်တရာအားနည်းသည့်အတွက် ဝီထိစိတ် မဖြစ်စေနိုင်ပါ။ ဘဝင်စိတ် ၂ ကြိမ် လှုပ် ရုံမျှသာတတ်နိုင်၏။ ထို့ကြောင့် အာရုံကို လုံးဝ မမြင်နိုင်။ **ဝီထိစိတ်မှ ယုတ်လျော့သောကြောင့် မောဃဝါရ ဟု ခေါ်သည်။**

**ဆောင်ပုဒ် ။ ။** ***အတိမဟန် ၁ ချက်လွန်၊ မဟန် ၂-၃- လာ၊ ၄ ကအစ ၉ တိုင်က၊ လွန်ကပရိတ္တာ၊ ၁၀ အာဒိ ၁၅ ထိ၊ လွန်တိပရိတ္တာ။***

**မှတ်ချက်။ ။** ဆောင်ပုဒ်တွင်ပါဝင်သော သင်္ချာများကား အတီတဘဝင်ကို ကိုယ်စား ပြုသည်။ စက္ခုဒွါရ၌ **(၁၅)** ဝီထိ ဖြစ် သကဲ့သို့ သောတ စသည်၌လည်း (၁၅) ဝီထိ စီသာ ဖြစ်ကြသည်။ ထို့ကြောင့် **ပဥ္စဒွါရဝီထိပေါင်း** (၁၅x၅) **၇၅ ဝီထိဖြစ်၏။**

**အထူးမှတ်ရန်။ ။** အမိဝမ်းတွင်း သန္ဓေယူနေဆဲ သတ္တဝါတို့တွင် ***စက္ခုဒွါရဝီထိနှင့် ឃာနဒွါရဝီထိတို့မရထိုက်။*** စက္ခုဒွါရဝီထိ ဖြစ်ကြောင်းတို့တွင် အလောက=အလင်းရောင်နှင့် ឃာနဒွါရဝီထိ ဖြစ်ကြောင်း ဝါယောဓာတ် တို့ကို မရနိုင်သော ကြောင့်တည်း။

## ဝီထိစိတ်သရုပ်ကိုရေတွက်ခြင်း

**စက္ခုဒွါရဝီထိ အတိမဟန္တာရုံ၌**

၁။ သာမည (စိတ်အမျိုးအစား) အားဖြင့် = ၇ ပါး (ပ၊ စ၊ သံ၊ သန်၊ ဝု၊ ဇ၊ တဒါရုံ)
၂။ ဝိသေသ (စိတ္တက္ခဏအကြိမ်) အားဖြင့် =၁၄ ပါး(ပ၊ စ၊ သံ၊ သန်၊ ဝု၊ ဇော ၇ကြိမ်၊ ရုံ ၂)
၃။ ဝိတ္ထာရ (စိတ်သရုပ်အကျယ်) အားဖြင့် = ၄၆ ပါး (ပ-၁ ၊စ-၂ ၊သံ-၂၊ သန်-၃၊ ဝု-၁၊ ကာမဇော-၂၉၊ ရုံ- ၈)

မှတ်ချက်။ ။ သောတဒွါရဝီထိ စသည်တို့၌လည်း ထို့အတူပင် ရေတွက်ရန်။

## ပဉ္စဒွါရဝီထိသည်

၁။ သာမညအားဖြင့် = ၇ ပါး (ပ၊ ပဉ္စဝိညာဏ်၊ သံ၊ သန်၊ ဝု၊ ဇ၊ ရုံ)
၂။ ဝိသေသအားဖြင့် = ၁၄ပါး (ပ၊ ပဉ္စဝိညာဏ်၊ သံ၊ သန်၊ ဝု၊ ဇော- ၇ကြိမ် ၊ရုံ ၂)
၃။ ဝိတ္ထာရအားဖြင့် = ၅၄ ပါး (ပ-၁၊ ပဉ္စဝိညာဏ်-၁၀၊ သံ-၂၊ သန်-၃၊ ဝု-၁၊ ကာမဇော ၂၉၊ ရုံ- မဟာဝိပါက် ၈)

## ဝီထိစဉ်နှင့် သရက်ဥပမာ

သတ္တဝါတိုင်း၌ ဝီထိစိတ်မဖြစ်မီ ရှေးဦးစွာ ဘဝင်ကျနေခြင်းသည် လူတစ်ယောက်၏ သရက်ပင်အောက်၌ အိပ်ပျော်နေခြင်း နှင့်တူ၏။ ဝီထိစိတ် ဖြစ်ပေါ်လာနိုင်ရန် ပသာဒ၌ အာရုံ၏ထိခိုက်ခြင်းသည် အနီးအပါး၌ သရက်သီး ကြွေကျပုံနှင့်တူ၏။ ဘဝင်အစဉ်ကို ဖြတ်၍ အာဝဇ္ဇာန်းစိတ် ရှေ့ဦးစွာ ပေါ်လာခြင်းသည် သရက်သီးကြွေကျသံ ကြောင့် နိုးလာသည် နှင့်တူ၏။ စက္ခုဝိညာဏ်စိတ်ဖြစ်၍ ရူပါရုံကိုမြင်ခြင်းသည် ခေါင်းမြီးခြုံကို ဖွင့်၍ကြည့်ခြင်းနှင့်တူ၏။ သမ္ပဋိစ္ဆိုင်းစိတ်၏ ခံယူသကဲ့သို့ဖြစ်ခြင်းသည် သရက်သီးမှည့်ကို လှမ်း၍ယူခြင်းနှင့်တူ၏။ သန္တီရဏစိတ်၏ ထိုခံယူအပ် ပြီးသော အာရုံကို ကောင်းမှန်း၊ အနိဋ္ဌမှန်း၊ စုံစမ်းသကဲ့သို့ဖြစ်ခြင်းသည် သရက်သီးမှည့်ကို မှည့်၊ မမှည့် နှိပ်စမ်းခြင်း နှင့် တူ၏။

ဝုဋ္ဌောစိတ်၏ ကောင်းပဲ၊ သို့မဟုတ် အနိဋ္ဌပဲဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်သကဲ့သို့ ဖြစ်ခြင်း သည် နမ်းရှုကြည့်၍ မှည့်မှန်းသိရခြင်းနှင့်တူ၏။ ဇောစိတ်၏ အာရုံအရသာကို ခံစားခြင်းသည် မှည့်မှန်းသိ၍ အရသာခံလျက် စားနေခြင်းနှင့်တူ၏။ တဒါရုံ၏ ဇောနောက် လိုက်ကာ ဇော၏အာရုံကို ယူခြင်းသည် မျိုချလိုက် သည်နှင့်တူ၏။ ထို့နောက် ဘဝင်ကျမြဲ ကျပြန်ခြင်းသည် ယခင်လူ၏ ထပ်၍ အိပ်မြဲ အိပ်ပြန်ခြင်းနှင့် တူသည်။ (သင်္ဂြိုဟ်ဘာသာဋီကာ)

## ပဉ္စဒွါရဝီထိများတွင် စက္ခုဒွါရအရ အတိမဟန္တာရုံဝီထိကို ဆဆက္ကတရား ၆ ပါးဖြင့်ဝေဖန်ခြင်း

| ဆ ဆက္က ၆ ပါး | ရှေ့ ၊နောက် ဘဝင်စိတ် | ဝီထိစိတ် |
|---|---|---|
| ၁။ ဒွါရဆက္က | ဒွါရဝိမုတ် | စက္ခုဒွါရ |
| ၂။ အာရမ္မဏဆက္က | ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် | ပစ္စုပ္ပန်ရူပါရုံ |
| ၃။ ဝတ္ထုဆက္က | ဟဒယဝတ္ထု | စက္ခုဝိညာဏ် (၂)ပါး=စက္ခုဝတ္ထု<br>ကျန်ဝီထိစိတ် = ယဒယဝတ္ထု |

| | | |
|---|---|---|
| ၄။ ဝိညာဏဆက္က | မနောဝိညာဏ် | စက္ခုဝိညာဏ် (၂)<br>ပါး=စက္ခုဝိညာဏ်<br>ကျန်ဝီထိစိတ် = မနောဝိညာဏ် |
| ၅။ ဝီထိဆက္က | ဝီထိမှတ် | စက္ခုဒွါရဝီထိ၊ စက္ခုဝိညာဏဝီထိ |
| ၆။ ဝိသယပ္ပဝတ္တိဆက္က | အတိမဟန္တာရုံ | အတိမဟန္တာရုံ |

## မနောဒွါရဝီထိ

မနောဒွါရဝီထိများတွင် ကာမဇောစိတ်တို့၏ ဖြစ်ရာ၊ စောရာ အလှည့်အကြိမ် ဟူသော **ကာမဇောဝါရ** နှင့် အပ္ပနာဇောစိတ်တို့၏ ဖြစ်ရာ၊ စောရာ အလှည့်အကြိမ်ဟူသော **အပ္ပနာဇောဝါရ** ဟူ၍ ဇောဝါရအားဖြင့် ၂ မျိုးရှိ၏။

## မနောဒွါရ၌ ထင်နိုင်သမျှသောအာရုံ

မနောဒွါရ ဟူသည် ဘဝင်စိတ်တို့၏ အဆုံးအဖြစ်သော ဘဝင်္ဂုပစ္ဆေဒ စိတ်ဖြစ်၏။ ထိုမနောဒွါရဟူသော ဘဝင်စိတ်၌ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်အားလုံးနှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်အာရုံများပင် ထင်လာနိုင်ပါသည်။ မထင်လာနိုင်သောအာရုံဟူ၍ မရှိပါ။

## ဝိဘူတာရုံ အဝိဘူတာရုံ

ထိုထင်လာသော အာရုံများတွင် ထင်ထင်ရှားရှား ထင်လာသော အာရုံကို ဝိဘူတာရုံ ဟုလည်းကောင်း၊ မထင်မရှားထင်လာသော အာရုံကို အဝိဘူတာရုံဟု လည်းကောင်း ခေါ်ဆိုကြပါသည်။

## မနောဒွါရဝီထိ၌ များသောအားဖြင့် အတီတဘဝင် မချရခြင်းအကြောင်း

မနောဒွါရ၌ စိတ္တက္ခဏ ၁ချက်မျှသာရှိသော စိတ်၊ စေတသိက် တရားများ၊ အတိတ် ရုပ်တရားများ၊ အနာဂတ် ရုပ်တရား၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ် အာရုံ များ ထင်လာသည့်အခါ ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ဘယ်လောက်လွန်မှ ထင်လာသည် ဟု မဆိုသင့် မဆိုထိုက်ပါ။ ထို့ကြောင့် ထိုအာရုံများနှင့်စပ်၍ အတီတဘဝင် မချရခြင်း ဖြစ်ပါသည်။

သို့ရာတွင် အချို့သော ပစ္စုပ္ပန်ရုပ်အာရုံများ ထင်လာသောအခါ၌ကား ဥပါဒ်ပြီး နောက် စိတ္တက္ခဏ ဘယ်လောက် လွန်မှ ထင်လာသည်ဟု ဆိုသင့်ဆိုထိုက်သည်။ ထို အာရုံမျိုးနှင့် စပ်၍မူ အတီတဘဝင်ချ ထိုက်ပါသည်။

သင်္ဂြိုဟ်ကျမ်း၌ ထို အာရုံများအတွက် သီးခြား မပြဆိုထားခြင်းကြောင့် အတီတဘဝင် မပါသော ဘဝင်္ဂစလနမှ စသော ဝီထိစဉ်ကိုသာ ပြဆိုထားခြင်းဖြစ်ပါသည်။

## ကာမဇောဝါရ

မနောဒွါရ၌ ကာမဇောများစောသော ဝီထိစိတ်အစဉ်ကို ကာမဇောဝါရ ဟုခေါ် သည်။ သို့ဖြစ်၍ ကာမဇောဝါရ မနောဒွါရဝီထိ၌ ဝိဘူတာရုံ နှင့် အဝိဘူတာရုံ ဟူ၍ ဝီထိ ၂မျိုး ရှိ၏။

## ၁။ ဝိဘူတာရုံဝီထိ

မနောဒွါရ၌ ထင်ရှားသော ဝိဘူတာရုံ ထင်သည်ရှိသော် **ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်၏။** ဝီထိစိတ်တို့သည် တဒါရုံလျှင် အဆုံးရှိ သောကြောင့် **တဒါရမ္မဏဝါရ** ဟုခေါ်၏။ (န၊ ဒ၊ မ၊ ကာမဇော ၇ ကြိမ်၊ ရုံ ၂ ကြိမ်)

## ၂။ အဝိဘူတာရုံ ဝီထိ

မနောဒွါရဝီထိ၌ မထင်ရှားသော အဝိဘူတာရုံ ထင်သည်ရှိသော် တဒါရုံ ၂ ကြိမ် ကျသည်အထိ မစွမ်းနိုင်တော့၍ ဇော၏နောက်၌ ဘဝင်စိတ်တို့သာဖြစ်တော့သည်။ ဝီထိစိတ်တို့သည် ကာမဇောလျှင် အဆုံးရှိသောကြောင့် **ဇဝနဝါရ ဟုခေါ်၏။**

**တနည်း ပရမတ္ထဒီပနီအလို ကာမဇော မနောဒွါရဝီထိ (၄)မျိုး**

**၁။ အတိဝိဘူတာရုံဝီထိ (တဒါရမ္မဏဝါရဝီထိ)**

*န ၊ ဒ၊ မ၊ ကာမဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်*

**၂။ ဝိဘူတာရုံဝီထိ (ဇဝနဝါရ)**

*န၊ ဒ၊ မ၊ ကာမဇော ၇ ကြိမ်၊ ဘ၊ ဘ*

**၃။ အဝိဘူတာရုံဝီထိ (ဝေါဋ္ဌဗ္ဗနဝါရ)**

*န၊ ဒ၊ မ၊ မ၊ မ၊ ဘ၊ ဘ*

**၄။ အတိဝိဘူတာရုံဝီထိ (မောဃဝါရ)**

*န၊ န၊ ဘ၊ ဘ၊ ဘ၊*

**ကာမဇောဝါရ မနောဒွါရ ဝိဘူတာရုံဝီထိ၌ ဝီထိစိတ်သရုပ်ရေတွက်ခြင်း**

၁။ သာမညအားဖြင့် = ၃ ပါး (မ၊ ဇော၊ တဒါရုံ)

၂။ ဝိသေသအားဖြင့် = ၁၀ ကြိမ် ( မ၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်)

၃။ ဝိတ္ထာရ အာဖြင့် = ၄၁ ပါး (မ၊ ကာမဇော ၂၉၊ တဒါရုံ ၁၁)

**အမှာ။** ။ မနောဒွါရ အဝိဘူတာရုံဝီထိ၌လည်း အလားတူ ဝီထိစိတ်သရုပ်ကို ရေတွက်ယူပါ။

## တဒနုဝတ္တက မနောဒွါရ ၄ ဝီထိ

မနောဒွါရ၌ အာရုံထင်သည့်အတွက် ကာမဇောမနောဒွါရဝီထိများ ဖြစ်ပေါ်ကြသည့်အပြင် ပဉ္စဒွါရဝီထိ ၁ခုဖြစ်တိုင်း ထိုဝီထိနောက်သို့ လိုက်သော တဒနုဝတ္တက မနောဒွါရ ၄ ဝီထိလည်း ဖြစ်ပေါ်ကြသေး၏။

၁။ စက္ခုဒွါရ၌ ထင်လာ၍ ချုပ်လေပြီးသော အတိတ်ရူပါရုံကို စက္ခုဒွါရဝီထိ ယူသည့်အတိုင်း လိုက်ယူသော အတီ တဂ္ဂဟဏ ၁ ဝီထိ။

၂။ စက္ခုဒွါရဝီထိနှင့် အတီတဂ္ဂဟဏဝီထိ ၂ ခုတို့ဖြင့် ယူအပ်ပြီးသော အာရုံကို တစ်ခုတည်း တစ်လုံးတည်း ပေါင်းစုလုံးခဲ၍ အာရုံပြုသော သမုဒယဂ္ဂဟဏ ၁ ဝီထိ။

၃။ ထိုရူပါရုံ၏အသွင်ပုံစံနှင့် အနက်ဒြပ်တို့ကိုအာရုံပြုသော အတ္ထဂ္ဂဟဏ ၁ ဝီထိ။

၄။ ထို အနက်ဒြပ်၊ အသွင်ပုံစံရှိသည့် အဆင်း၏ အမည်နာမကို အာရုံပြုသော နာမဂ္ဂဟဏ ၁ ဝီထိ။

ဤနည်းအတူ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဒွါရတို့၌လည်း ၄ ဝီထိစီဖြစ်၏။ ဤ ၄ ဝီထိ ဖြစ်ပြီးသည့်နောက်မှ အာရုံ ၏အနက်ဒြပ်နှင့် အမည်နာမတို့ကို သိရှိရ၏။

## အိပ်ပျော်၊ အိပ်မက်၊ နိုး

၁။ အိပ်ပျော် = မနောဒွါရဝီထိနောင် ဘဝင်စိတ်ဖြင့်သာလျှင် အိပ်ပျော်ခြင်းသို့ ရောက်၏။ ပဉ္စဒွါရဝီထိကျ၍ အိပ်ပျော် ခြင်းသို့ရောက်သည်မဟုတ်။

၂။ အိပ်မက် = အိပ်မက်မြင်ရာ၌ မနောဒွါရဝီထိဖြင့်သာလျှင် မြင်မက်ခြင်းဖြစ်၏။ ပဉ္စဒွါရဝီထိဖြင့် မြင်မက်ခြင်း မဟုတ်။

၃။ နိုး = အိပ်ပျော်ရာမှ နိုးသောအခါ၌လည်း မနောဒွါရဝီထိသာလျှင် ရှေးဦးစွာ ကျ၍ နိုးသည်။ ပဉ္စဒွါရဝီထိ ရှေးဦး စွာကျ၍ နိုးသည်မဟုတ်။

## ပဋိဃဒွါရ နှင့် မနောဒွါရတို့၌ အာရုံထင်ပုံအထူး

၁။ ပဋိဃဒွါရ၌အာရုံထင်လာခြင်းသည်အာရုံဟူသောမိမိ၏အစွမ်းဖြင့်ထင်လာခြင်းဖြစ် သည်။
၂။ မနောဒွါရ၌အာရုံထင်လာခြင်းကား များသောအားဖြင့် စိတ်၏အစွမ်းဖြင့် ထင်လာခြင်း ဖြစ်၏။ ကံစွမ်း၊ တန်ခိုးစွမ်း စသည်ဖြင့် ထင်လာခြင်းမျိုးလည်းရှိ၏။ ဤသို့ထူးသည်။

## တဒါရုံ ဖြစ်ကြောင်း အင်္ဂါ (၃) ပါး

၁။ ကာမဇော ၂။ ကာမသတ္တဝါ (ကာမဘုံသား) ၃။အတိမဟန္တာရုံ၊ ဝိဘူတာရုံ ဖြစ်သော ကာမအာရုံ ၃ ချက်စုံညီ သောအခါမှ တဒါရုံကျနိုင် ဖြစ်နိုင်ကြ၏။

## ဝိပါက နိယာမ (ဝိပါက် အမှန်)

ကာမဇောဝါရဝီထိ များတွင်ပါဝင်သော ဝိပါက်စိတ်များဖြစ်ကြသော ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ တဒါရုံ တို့သည်

၁။ အလိုမရှိအပ်သော မစင်၊ ခွေးသေကောင်ပုပ် စသော အနိဋ္ဌာရုံများ၌ အကုသလဝိပါက် ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုန်း ဥပေက္ခာသန္တီရဏ ပေါင်း ၇ ပါးနှင့် အကုသလဝိပါက် (ဥပေက္ခာသန္တီရဏ) ဥပေက္ခာတဒါရုံ ၁ ပါးတို့ဖြစ်သည်။
၂။ သာမန်အလိုရှိအပ်သော ထမင်း၊ အဖျော်၊ အိပ်ရာနေရာ စသော ဣဋ္ဌမဇ္ဈတ္တာရုံများ၌ အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုန်း၊ ဥပေက္ခာသန္တီရဏ ပေါင်း ၇ ပါးနှင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး၊ မဟာ ဝိပါက် ဥပေက္ခာ ၄ ပါး၊ ပေါင်း ဥပေက္ခာတဒါရုံ ၅ ပါးတို့ဖြစ်ကြသည်။
၃။ အလွန်အလိုရှိအပ်သောဘုရား၊ ဘုံဗိမာန်၊ စိန် ရွှေရတနာ စသော အတိဣဋ္ဌာရုံများ၌ အဟိတ်ကုသလဝိပါက် ပဉ္စဝိညာဉ်၊ သမ္ပဋိစ္ဆိုန်း၊ သောမနဿ သန္တီရဏ ပေါင်း ၇ ပါးနှင့် အဟိတ်ကုသလဝိပါက် သောမနဿသန္တီရဏ ၁ ပါး၊ မဟာဝိပါက် သောမနဿ ၄ ပါး ပေါင်း၊ သောမနဿတဒါရုံ ၅ ပါးတို့ဖြစ်ကြသည်။

ဤသို့လျှင် ဝိပါက်စိတ်များသည် အာရုံအားလျော်စွာ သောမနဿ၊ ဥပေက္ခာ ဝေဒနာယှဉ်ပုံ မှန်ကန်ကြ၍ ဝိပါက် အမှန်ဟု ဆိုကြ၏။

## ဇောအပြန်

ကာမဇောတို့တွင် ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များတွင် ဖြစ်လေ့ရှိသော ကုသိုလ်၊ အကုသိုလ်ဇော များကား အာရုံ အားလျော်စွာ ဝေဒနာယှဉ်ပုံ မမှန်ကန်ဘဲ ယောနိသော၊

အယောနိသော မနသိကာရ ပေါ်မူတည်၍ ဗလောင်းဗလဲ ပြောင်းလဲ ဖေါက်ပြန်ကာ စောချင်ရာ စောတတ်ကြ၏။

ဉပမာ။ ။

၁။ ဘုရားစသော အတိဣဋ္ဌာရုံ၌ တိတ္ထိတို့က အကုသိုလ်ဒေါသဇော စောကြ၏။
ရတနာသုံးပါး ကြည်ညိုသူတို့ မှာ ကုသိုလ်သောမနဿဇော စောကြ၏။

၂။ ခွေးသေကောင်ပုပ် စသော အနိဋ္ဌာရုံ၌ ကျီးလင်းတတို့က လောဘမူ သောမနဿဇော စောကြ၏။ နက်နဲ သော ပညာရှိသူများမှာ ကုသိုလ်ဉပေက္ခာဇော စောကြ၏။

ဤသို့ဖြစ်ရခြင်းမှာ စိတ်ဖေါက်ပြန်မှုဟူသော စိတ္တဝိပ္ပလ္လာသ၊ အမှတ်မှားမှု ဟူသော သညာဝိပ္ပလ္လာသ၊ အယူမှား မှု ဟူသော ဒိဋ္ဌိဝိပ္ပလ္လာသ မကင်းကြသောကြောင့် နှလုံးသွင်းမှု =မနသိကာရ မတူညီကြခြင်းဖြစ်၏။

ယောနိသော မနသိကာရဖြစ်လျှင် ကုသိုလ်ဇောစော၏။ အယောနိသော မနသိကာရ ဖြစ်လျှင် အကုသိုလ်ဇော စော ၏။ ထိုသို့ ကုသိုလ်၊ အကုသိုလ်ဇောတို့ အာရုံ အားလျော်စွာဝေဒနာယှဉ်မှု မမှန်ကန်ဘဲ ဗလောင်းဗလဲ ပြောင်းလဲ ဖေါက်ပြန်လျက် စောချင်ရာ စောတတ်မှုကို ဇောအပြန် ဟုဆိုပါသည်။

**မှတ်ချက်။ ။ သေက္ခပုဂ္ဂိုလ်များကား ဒိဋ္ဌိဝိပ္ပလ္လာသမရှိပါ၊ စိတ္တဝိပ္ပလ္လာသနှင့် သညာဝိပ္ပလ္လာသ သာရှိ၏။**

## ဇောအမှန်

ဝိပ္ပလ္လာသ ကင်းပြီးသော ဘုရား၊ ရဟန္တာတို့၌ဖြစ်သော ကြိယာဇောများကား ဖေါက်ပြန်ပြောင်းလဲမှု မရှိဘဲ ရှေ့နောက် ဝိပါက်စိတ်များကဲ့သို့ပင် အာရုံအားလျော်စွာ ဝေဒနာယှဉ်ပုံမှန်ကြ၏။

ဘုရား၊ ရဟန္တာတို့သည် အနိဋ္ဌာရုံကိုတွေ့ကြုံပါက အနိဋ္ဌာရုံဟုသာ မှန်ကန်စွာ ထင်ကြကုန်၏။ ဖေါက်ပြန်၍ ဣဋ္ဌာ ရုံဟု မထင်ကြပေ။ ဣဋ္ဌာရုံကို တွေ့ကြုံပါကလည်း ဣဋ္ဌာရုံဟုပင် မှန်ကန်စွာ ထင်ကြကုန်၏။ ဖေါက်ပြန်၍ အနိဋ္ဌာ ရုံဟုမထင်ကြပေ။ တပ်မက်တွယ်တာမှုလည်းမဖြစ်ကြ။ အနိဋ္ဌာရုံနှင့် ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဉပေက္ခာ မဟာကြိယာဇော ၄ ပါး၊ အတိဣဋ္ဌာရုံ၌ သောမနဿ မဟာကြိယာဇော ၄ ပါးနှင့် ဟသိတုပ္ပါဒ် ၁ ပါး ပေါင်း ၅ ပါးတို့ဖြစ်ကြ၏။ ဤသို့ အထင်အမြင် မဖေါက်ပြန်ဘဲ မှန်ကန်သောကြောင့် စောသော ဇောများဝေဒနာယှဉ်ပုံ မှန်ကန်စွာစောမှုကို ဇောအမှန်ဟုဆိုကြ၏။ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များ၌ ကြုံတွေ့သော အာရုံအလိုက် ဝိပါက် အမှန် ဇော အပြန် ဖြစ်၏။ အသေက္ခ (ရဟန္တာ) များ၌ ကြုံတွေ့သောအာရုံအတိုင်း ဝိပါက်လည်းအမှန် ဇောလည်းအမှန်ဖြစ်၏။

## ဇောနောင် တဒါရုံ ဖြစ်ပုံ

| ကာမဇော (၂၉) | | တဒါရုံ (၁၁) | |
|---|---|---|---|
| ဥပေက္ခာမဟာကြိယာဇော ၄ ပါး<br>ဒေါသဇော ၂ ပါး | ၆ | ဥပေက္ခာမဟာဝိပါက် ၄ ပါး<br>ဥပေက္ခာသန္တီရဏ ၂ ပါး | ၆ |
| သောမနဿမဟာကြိယာ ၄ ပါး<br>ဟသိတုပ္ပါဒ် ၁ ပါး | ၅ | သောမနဿမဟာဝိပါက် ၄ ပါး<br>သောမနဿသန္တီရဏ ၁ ပါး | ၅ |
| မဟာကုသိုလ်စိတ် ၈ ပါး<br>ဒေါသမူကြဉ် အကုသိုလ် ၁၀ ပါး | ၁၈ | မဟာဝိပါက် ၈ ပါး<br>သန္တီရဏ ၃ ပါး | ၁၁ |

**ဆောင်ပုဒ်။ ။** (၁) ဤဝယ်သနစ်၊ အရင်းစစ်က၊ ဥပေက်ကြိယာ၊ ဒေါသခြောက်နောင်၊ တဒါခြောက်တည်း။ (၂) ကြိ သော နောက် ငါး (၃) ကြွင်းငြားဆယ့်ရှစ်၊ ဇောနောင်ဖြစ်သည်၊ ဆယ့်တစ် တဒါရုံ အပေါင်းတည်း။

**မှတ်ရန်။ ။** ကာမဇောတို့တွင် (၁) ဘုရား၊ ရဟန္တာတို့၌ဖြစ်သော ကြိယာဇောများ နောင်တဒါရုံကျရာတွင် ဇောနှင့် တဒါရုံတို့ ဝေဒနာ တူညီကြသည်။ (၂) ပုထုဇဉ်၊ သေက္ခ တို့၌ ဖြစ်သော ကုသိုလ်၊ အကုသိုလ်ဇောများ၊ နောင် တဒါ ရုံကျရာတွင် ဒေါသဇော ၂ ပါး၊ နောင် ဥပေက္ခာ တဒါရုံ (ဘဝင်) ၆ ပါးကျ၏။ မဟာကုသိုလ်ဇော ၈ ပါး၊ လောဘမူ ၈ ပါး၊ မောဟမူ ၂ ပါး၊ ပေါင်း သောမနဿ၊ ဥပေက္ခာဇော ၁၈ ပါး၊ နောင် သောမနဿ၊ ဥပေက္ခာတဒါရုံ ၁၁ ပါးကျ ၏။ (သောမနဿ ဥပေက္ခာကုသိုလ်၊ အကုသိုလ်ဇောများနောက်တွင် သောမနဿ၊ ဥပေက္ခာတဒါရုံများ ကျချင် သလိုကျ နိုင်သည် ဟူလို)

## သောမနဿ တဒါရုံရှေ့၌ စောနိုင်သော ကာမဇောများကား

လောဘမူဇော ၈ ပါး၊ မောဟမူဇော ၂ ပါး၊ မဟာကုသိုလ်ဇော ၈ ပါး၊ ဟသိတုပ္ပါဒ်ဇော ၁ ပါး၊ မဟာကြိယာ သောမနဿဇော ၄ ပါး၊ ပေါင်း ၂၃ ပါး စောနိုင်ပါသည်။

## ဥပေက္ခာတဒါရုံရှေ့၌ စောနိုင်သော ကာမဇောများကား

လောဘမူဇော ၈ ပါး၊ မောဟမူဇော ၂ ပါး၊ ဒေါသမူဇော ၂ ပါး၊ မဟာကုသိုလ်ဇော ၈ ပါး၊ မဟာကြိယာဥပေက္ခာ ဇော ၄ ပါး၊ ပေါင်း ၂၄ ပါး စောနိုင်ပါသည်။

## အာဂန္တုကဘဝင်

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇောအဆုံး၌ တစ်စုံတစ်ခုသော အကြောင်း ချို့တဲ့မှုကြောင့် တဒါရုံဖြစ်ခွင့်မရလျှင် ဘဝင်ကျရလိမ့်မည်။

ထိုဘဝင်စိတ်သည် (၁) ပဋိသန္ဓေနှင့်လျော်သော သောမနဿ ဘဝင်ဖြစ်ကရှေ့က ဒေါသဇောနှင့်ဆန့်ကျင်၏။ (၂) ဒေါသဇောနှင့်လျော်သော ဥပေက္ခာဘဝင်ဖြစ်က မူလပဋိသန္ဓေနှင့် ဆန့်ကျင်၏။ ဤသို့ တဒါရုံလည်းဖြစ်ခွင့် မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲ ကြုံရာအခါ၌ နှစ်ချက်လုံးနှင့် လျော်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်သည် ရေးကအလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၍ အာဂန္တုကဘဝင်ကိစ္စတပ်လျက် ဖြစ်လာ ရတော့၏။

ပဋိသန္ဓေနှင့်တူစွာ ရိုးရာကျမြဲ အာဝါသိက ဘဝင်မဟုတ်၊ လတ်တလောဖြစ်ရသော ဘဝင်ဖြစ်၍ အာဂန္တုကဘဝင် မည်၏။ ထို အာဂန္တုကဘဝင်စိတ် အာရုံပြုရာ ကာမအာရုံသည် အနိဋ္ဌာရုံဖြစ်အံ့၊ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊ ဣဋ္ဌာရုံဖြစ်အံ့၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ဖြစ်၏။ ထို ဥပေက္ခာသန္တီရဏဘဝင်နောက်တွင် ကား နဂိုရိုးရာကျမြဲ မူလသောမနဿဘဝင် ဆက်၍ကျလေ၏။

## အပ္ပနာဇောဝါရ

မနောဒွါရ၌ အပ္ပနာဇောများစောသော ဝီထိစိတ်အစဉ်ကို အပ္ပနာဇောဝါရ ဟု ခေါ်သည်။ အပ္ပနာဇောဝါရ၌ ဝိဘူ တာရုံ၊ အဝိဘူတာရုံ အပြားမရှိချေ။ ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇောများ စောရာ အပ္ပနာဇောဝါရဝီထိ၏ အာရုံမှန် လျှင် ထင်ရှားသော ဝိဘူတာရုံ တစ်မျိုးသာ ဖြစ်ရမည်။

ဝိဘူတာရုံဝီထိဖြစ်သော်လည်း ဝီထိစိတ်အစဉ်တွင် အပ္ပနာဇောများ စောနေခြင်းကြောင့် အပ္ပနာဇောများ နောက်တွင် တဒါရုံ ကျနိုင်ခြင်းမရှိပေ။ (တဒါရုံတို့မည်သည် ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံ ၃ချက်စုံမှသာ ကျနိုင်သည်) သို့ဖြစ်၍ ဝိဘူတာရုံဝီထိဖြစ်သော်လည်း တဒါရုံ မကျနိုင်သောကြောင့် တဒါရမ္မဏဝါရ ဟု မခေါ်ဆိုနိုင်။ အပ္ပနာ (ဈာန်၊ မဂ်၊ ဖိုလ်) ဇောများစောနိုင်ရာ ပုဂ္ဂိုလ်မှာလည်း ပဋိသန္ဓေကတည်းက ဉာဏ်ပါလာသော တိဟိတ် ပုဂ္ဂိုလ်များသာ ဖြစ်နိုင်သောကြောင့် အပ္ပနာဇောများ နောက်တွင် တိဟိတ်ဘဝင်သာ ကျနိုင်ကြသည်။

အပ္ပနာဇောဝါရ မနောဒွါရဝီထိတို့တွင် ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇောများ စောပုံအလိုက် ဝီထိအမျိုးအစား ဖြစ်ပုံ ကွဲပြားသွား၏။ အပ္ပနာဇောဝါရ မနောဒွါရဝီထိများမှာ...

၁။ **ဈာနဝီထိ** = (က) အာဒိကမ္မိက ဈာနဝီထိ (ရှေးဦးစွာ ဈာန်ရသောဝီထိ)၊ (ခ) သမာပဇ္ဇန ဈာနဝီထိ ( ရပြီးဈာန် ကို ဝင်စားသောဝီထိ)
၂။ **အဘိညာဉ်ဝီထိ** = ရူပ ပဉ္စမဈာန်ရ (သို့) သမာပတ် ၈ ပါး၊၉ ပါးရ ပုထုဇဉ်၊ သေက္ခနှင့် အသေက္ခပုဂ္ဂိုလ်များ၏ လောကီအဘိညာဉ်ဝီထိ။
၃။ **မဂ္ဂဝီထိ** = (က) သောတာပတ္တိမဂ္ဂဝီထိ နှင့် (ခ) အထက်မဂ္ဂဝီထိ။
၄။ **ဖလသမာပတ္တိဝီထိ** = ရရှိပိုင်ဆိုင်ပြီးဖိုလ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုဝင်စားသော အရိယာပုဂ္ဂိုလ်များ၏ ဖလသမာ ပတ္တိဝီထိ။
၅။ **နိရောဓသမာပတ္တိဝီထိ** = သမာပတ် ၈ ပါး၊၉ ပါး ရ အနာဂါမ်၊ ရဟန္တာများ၏ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ အခိုက်အတန့်မျှ ချုပ်ငြိမ်းမှုသို့ကောင်းစွာ ရောက်စေနိုင်သော ဝီထိ ဟူ၍ မဟဂ္ဂုတ်၊ လောကုတ္တရာ အပ္ပနာဇောဝါရဝီထိ များကွဲပြား၏။

အပ္ပနာဇောဝါရ ဝီထိများတွင် မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ကာမာဝစရ ဉာဏသမ္ပယုတ်ဇော (မဟာကုသိုလ် ဉာသမ်-၄၊ မဟာကြိယာ ဉာသံ-၄) ၈ ပါးမှ တစ်ပါးပါး သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော ဥပစာရ သမာဓိဇော (ကာမတိဟိတ်ဇော) အမည်ဖြင့် မန္ဒပညပုဂ္ဂိုလ်ဖြစ်လျှင် ၄ ကြိမ်၊ တိက္ခပညဖြစ်လျှင် ပရိကံ မပါဘဲ ၃ ကြိမ်စော၏။ ထို ဥပစာရသမာဓိဇော များနောက်တွင်မှ အပ္ပနာဇော ၂၆ ပါး တို့ ဖြစ်သော ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇော တို့တွင် တစ်ပါးပါးသောဇောသည် သမထ၊ ဝိပဿနာ ဘာဝနာသို့ ရှေးရှုသည်၏အစွမ်းဖြင့် စောလေ၏။ ထို အပ္ပနာဇော ၏အဆုံး၌ နဂို ကျမြဲဖြစ်သော တိဟိတ်ဘဝင် ဆက်၍ကျလေသည်။

## ဥပစာရသမာဓိဇောများ (ကာမတိဟိတ်ဇောများ)

၁။ ပရိကံ = အပ္ပနာဇောများ ဖြစ်ပေါ်ရန် ပြုပြင် စီရင်တတ်သောကြောင့် ပရိကံမည်၏
၂။ ဥပစာ = အပ္ပနာဇောများနှင့် မနီးမဝေး အနီးအနား၌ ဖြစ်သောကြောင့် လည်းကောင်း၊ အပ္ပနာသို့ ရှေးရှုကပ် ရောက်တတ်သောကြောင့် လည်းကောင်း ဥပစာ မည်၏။
၃။ အနုလုံ = အောက် ပရိကံဇောအားလည်းကောင်း၊ အထက် အပ္ပနာဇောအား လည်းကောင်း လျော်စွာဖြစ်သော ကြောင့် အနုလုံ မည်၏။
၄။ ဂေါတြဘူ = (က) ကာမအနွယ်ကို နိပ်စက် (ဖျက်ဆီး)၍ မဟဂ္ဂုတ်အနွယ်ကို ပွားစေ တတ်သောကြောင့်လည်းကောင်း (ခ)ပုထုဇဉ်အနွယ်ကို နိပ်စက် (ဖျက်ဆီး)၍ လောကုတ္တရာ(အရိယာ)အနွယ်ကိုပွားစေတတ် သောကြောင့်လည်းကောင်း ဂေါတြဘူ မည်၏။

## မဟာဂ္ဂုတ် အပ္ပနာဇောဝါရများ
## ၁။ ဈာနဝီထိ

(က) အာဒိကမ္မိကဈာနဝီထိ

မန္ဒပညာ (ပညာနုံ့သော)ပုဂ္ဂိုလ် = **န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန်ဇော ၁ ကြိမ်၊ တိဟိတ်ဘဝင်**

တိက္ခပညာ (ဉာဏ်ထက်သော) ပုဂ္ဂိုလ် = **န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ဈာန်ဇော ၁ ကြိမ်၊ တိဟိတ်ဘဝင်**

(ခ) သမာပဇ္ဇနဈာနဝီထိ

**မန္ဒ = န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန် များစွာ၊ တိဟိတ်ဘဝင်**

**တိက္ခ = န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ဈာန်များစွာ၊ တိဟိတ်ဘဝင်**

## ၂။ အဘိညာဉ်ဝီထိ

(က) ပါဒကပဥ္စမဈာန်ဝီထိ (ကာမဇောအဓိဋ္ဌာနဝီထိအတွက် အခြေခံဝင်စားသော ဝီထိ)

မန္ဒ = န ၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ပဥ္စမဈာန်၊ ဈာန်များစွာ၊ တိဟိတ်ဘဝင်

တိက္ခ = န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ပဥ္စမဈာန်၊ ဈာန်များစွာ၊ တိဟိတ်ဘဝင်

(ခ) ကာမဇောအဓိဋ္ဌာနဝီထိ (မိမိစိတ်အကြံအတိုင်း အဓိဋ္ဌာန်သောဝီထိ)

န၊ ဒ၊ မ၊ ကာမဇော ၇ ကြိမ်၊ တိဟိတ်ဘဝင်

(ဂ) ပါဒကပဥ္စမဈာန် ဝီထိ (အဘိညာဉ်ဝီထိအတွက် အခြေခံဝင်စားသော ဝီထိ)

မန္ဒ = န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ပဥ္စမဈာန်၊ ဈာန်များစွာ၊ တိဟိတ်ဘဝင်

တိက္ခ = န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ပဥ္စမဈာန်၊ ဈာန်များစွာ၊ တိဟိတ်ဘဝင်

(ဃ) အဘိညာဉ်ဝီထိ

မန္ဒ = န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ အဘိညာဉ်ဇော ၁ ကြိမ်၊ တိဟိတ်ဘဝင်

တိက္ခ = န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ အဘိညာဉ်ဇော ၁ ကြိမ်၊ တိဟိတ်ဘဝင်

## အဘိညာဉ် (ထူးသောအသိဉာဏ်ကြောင့်ရသော) ငါးပါး

၁။ ဣဒ္ဓိဝိဓအဘိညာဉ် = ကိုယ်ခွဲတစ်ရာ၊ တစ်ထောင်စသည်ဖြင့် ဖန်ဆင်းနိုင်သော အသိဉာဏ်ထူး

၂။ ဒိဗ္ဗစက္ခုအဘိညာဉ် = နတ်မျက်စိကဲ့သို့ဝေးလံသောအရပ် သို့မဟုတ် ဖုံးကွယ်ထားသည့် နေရာ၌ရှိသော အဆင်း စသည်ကို မြင်နိုင်သည့် အသိဉာဏ်

၃။ ဒိဗ္ဗသောတ = နတ်နားကဲ့သို့ အဝေးရပ်မှအသံတို့ကို ကြားနိုင်သည့် အသိဉာဏ်အထူး

၄။ ပရစိတ္တဝိဇာနန အဘိညာဉ် = သူတစ်ပါးတို့၏စိတ်အကြံကိုသိနိုင်သော အသိဉာဏ်ထူး

၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ် = ရှေးအခါကဖြစ်ခဲ့ဖူးသော ဘဝများစွာကို အဖန်ဖန် အောက်မေ့နိုင်သည့် အသိဉာဏ်ထူး။

ကိုယ်ခွဲတစ်ထောင် ဖန်ဆင်းလိုသော ဣဒ္ဓိမာ=တန်ခိုးရှင် ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်း ကို အာရုံပြု၍ ရူပါဝစရ ကုသိုလ်ပဉ္စမဈာန်အပ္ပနာကို ခဏမျှ ကျစေပြီး ဘဝင်ကျလျှက် ဈာန်မှထ၏။ ထပြီးလျှင် ဘဝင်ကိုပြတ်စေ၏။ ငါ၏ကိုယ်သည် ထပ်တူ ကိုယ်ခွဲတစ်ထောင် ဖြစ်စေသတည်းဟု အဓိဋ္ဌာန်လိုက်၏။ထို့နောက် ထိုဖြစ်လတ္တံ့သော နိမိတ္တရုပ် တစ်ထောင်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ ထို့နောက် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု ၄ ကြိမ်ဖြစ်၍ ချုပ်ပြီးလျှင် ထိုနိမိတ္တ ရုပ်တစ်ထောင်ကိုအာရုံပြုလျှက် ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်သည် အဘိညာဉ် ကိစ္စတပ်ကာ ၁ကြိမ် ဖြစ်၍ ချုပ်၏။ ထို့နောက် ဘဝင်ကျ၍ ဈာန်မှထ၏။ ထိုအဓိဋ္ဌာန် အဘိညာဉ်ဇောကျသည်နှင့် တပြိုင်နက် နိမိတ္တရုပ် ၁၀၀၀ ဖြစ်၏။

**မှတ်ရန်။ ။** ကျန်သည့် အဘိညာအပ္ပနာဝီထိတို့လည်း အလားတူဖြစ်၏။ ဒိဗ္ဗသောတစသည်တို့ကိုလည်းနည်း တူသိလေ။

**မှတ်ချက်။** ။ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်များ ရူပ ကုသိုလ် ပဉ္စမဈာန်ဖြစ်ပြီး၊ အသေက္ခများအတွက် ရူပ ကြိယာ ပဉ္စမဈာန်ဖြစ်သည်။

## လောကုတ္တရာ အပ္ပနာဇောဝါရများ

### ၁။ သောတာပတ္တိမဂ္ဂဝီထိ

မန္ဒ = န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ သော မဂ် ၁ ကြိမ်၊ သောဖိုလ် ၂ ကြိမ်၊ တိဟိတ်ဘဝင်

တိက္ခ = န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ သော မဂ် ၁ ကြိမ်၊ သောဖိုလ် ၃ ကြိမ်၊ တိဟိတ်ဘဝင်

### ၂။ အထက်မဂ္ဂဝီထိ

မန္ဒ = န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဝေါ၊ အထက်မဂ် ၁၊ ဖိုလ် ၂၊ တိဟိတ်ဘဝင်

တိက္ခ = န၊ ဒ၊ မ၊ ဥ၊ နု၊ ဝေါ၊ အထက်မဂ် ၁၊ ဖိုလ် ၃၊ တိဟိတ်ဘဝင်

### ၃။ ဖလသမာပတ္တိဝီထိ

မန္ဒ = န၊ ဒ၊ မ၊ နု၊ နု၊ နု၊ နု၊ ဖိုလ် များစွာ၊ တိဟိတ်ဘဝင်

တိက္ခ = န၊ ဒ၊ မ၊ နု၊ နု၊ နု၊ ဖိုလ် များစွာ၊ တိဟိတ်ဘဝင်

**တနည်း ဖလသမာပတ္တိဝီထိ ပုံစံ**

မန္ဒ = န၊ ဒ၊ မ၊ ပ၊ ဉ၊ နု၊ ဝေါ၊ ဖိုလ်၊ ဖိုလ်များစွာ၊ တိဟိတ်ဘဝင်
တိက္ခ = န၊ ဒ၊ မ၊ ဉ၊ နု၊ ဝေါ၊ ဖိုလ်၊ ဖိုလ်များစွာ၊ တိဟိတ်ဘဝင်

## ၄။ နိရောဓသမာပတ္တိဝီထိ

မန္ဒ(အနာဂါမ်) = န၊ ဒ၊ မ၊ ပ၊ ဉ၊ နု၊ ဂေါ၊ နေဝသညာနာသညာယတန ကုသိုလ်ဇော ၂၊ နိရောဓ၊ အနာဂါမိဖိုလ် ၁၊ တိဟိတ်ဘဝင်။

တိက္ခ(အနာဂါမ်)= န၊ ဒ၊ မ၊ ဉ၊ နု၊ ဂေါ၊ နေဝသညာနာသညာယတန ကုသိုလ်ဇော ၂၊ နိရောဓ၊ အနာဂါမိဖိုလ် ၁၊ တိဟိတ်ဘဝင်။

မန္ဒ (ရဟန္တာ) = န၊ ဒ၊ မ၊ ပ၊ ဉ၊ နု၊ ဂေါ၊ နေဝသညာနာသညာယတန ကြိယာဇော ၂၊ နိရောဓ၊ အရဟတ္တဖိုလ် ၁၊ တိဟိတ်ဘဝင်။

တိက္ခ(ရဟန္တာ) = န၊ ဒ၊ မ၊ ဉ၊ နု၊ ဂေါ၊ နေဝသညာနာသညာယတန ကြိယာဇော ၂၊ နိရောဓ၊ အရဟတ္တဖိုလ် ၁၊ တိဟိတ်ဘဝင်။

**မှတ်ရန်။** ။ သက်ဆိုင်ရာ ကသိုဏ်းပညတ်စသော သမထကမ္မဋ္ဌာန်းကို အာရုံပြု၍ ဈာန်ဇောများ ဆက်တိုက် အကြိမ်များစွာဖြစ်နေသည်ကို ဈာန်ဝင်စားသည် ဟုခေါ်သည်။ ဈာန်ဇောများ ဆက်တိုက်ဖြစ်နေရာမှ ဘဝင်စိတ်ဖြစ်လာခြင်းကို ဈာန်မှ ထသည်ဟု ခေါ်သည်။ ဈာန်ဝင်စားနိုင်သောသူများမှာ ဈာန်ရပြီးသော တိဟိတ်ပုထုဇဉ်နှင့် ဖိုလ်ပုဂ္ဂိုလ် ၄ ယောက်တို့တည်း။

မိမိတို့ရရှိထားသော ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြု၍ ဖိုလ်ဇော များစွာ ဖြစ်နေခြင်းကို ဖိုလ်ဝင်စားသည်ဟုခေါ်၏။ ဖိုလ်ဇောများဆက်တိုက်ဖြစ်နေရာမှ ဘဝင်စိတ် ဖြစ်လာခြင်းကို ဖိုလ်မှထသည် ဟုခေါ်သည်။ ဖိုလ်ဝင်စားနိုင်သောသူများမှာ ဖိုလ်ပုဂ္ဂိုလ် ၄ ယောက် သာတည်း။

စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ အခိုက်အတန့်မျှ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာ ရောက်ရှိ နေသည်ကို နိရောဓ သမာပတ် ဝင်စားသည်ဟုခေါ်သည်။

**မှတ်ချက်။** ။ နိရောဓသမာပတ်ကို ပဉ္စဝေါကာရဘုံရှိ သမာပတ် ၈ ပါး၊ ၉ ပါးရပြီးသော အနာဂါမ်နှင့်ရဟန္တာပုဂ္ဂိုလ် များသာဝင်စားနိုင်သည်။ နိရောဓသမာပတ်ဝင်စားခါနီး၌ နေဝသညာနာသညာယတနဈာန်ဇောသည် (အနာဂါမ် ဖြစ်က ကုသိုလ်ဇော၊ ရဟန္တာ ဖြစ်က ကြိယာဇော) ၂ကြိမ် ဖြစ်၏။ ထို့နောက် နိရောဓဟုစိတ်၊ စေတသိက်၊ စိတ္တဇရုပ် များ ချုပ်ငြိမ်းခြင်းသို့ ကောင်းစွာရောက်ရှိပြီဖြစ်၏။

နိရောဓသမာပတ်မှထ၏ ဟူသည် = စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်ငြိမ်းခြင်းသို့ကောင်းစွာ ရောက်ရှိနေရာမှ နိဗ္ဗာန်ကို အာရုံပြု၍ အနာဂါမ်ဖြစ်မူ အနာဂါမိဖိုလ်ဇော ၁ကြိမ်၊ ရဟန္တာဖြစ်က အရဟတ္တဖိုလ်ဇော ၁ကြိမ်ဖြစ်လာခြင်း၊ ချုပ်ငြိမ်းနေသော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ တစ်ဖန်ပြန်၍ ဖြစ်ပေါ်လာခြင်း ပင်တည်း။ နိရောဓသမာပတ် ဝင်စားစဉ် စိတ်၊ စေတသိက်၊ စိတ္တရုပ်များ ချုပ်နေသော်လည်း ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် (ကာမဘုံသား) ကမ္မဇရုပ်၊ ဥတုဇရုပ် (ရူပဘုံသား) ဖြစ်နေကြသည်။

## နိရောဓသမာပတ်ဝင်စားသူနှင့် သေသူ အထူး

နိရောဓသမာပတ်ဝင်စားသူသည် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်နေသော်လည်း ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များဖြစ်နေသေး၏။ သေသောသူမှာကား စိတ်၊ စေတသိက်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်များချုပ် ပြီး ဥတုဇရုပ်များသာ ဖြစ်နေသည်။

## နိရောဓနှင့် နိဗ္ဗာန် အထူး

နိရောဓ = စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များသာချုပ်ပြီး ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့ဆက်ဖြစ်နေသည်။
နိဗ္ဗာန် = စိတ်၊ စေတသိက်၊ရုပ် အားလုံးချုပ်ငြိမ်းနေ၏။

# အန္တရာယ် ငါးပါး

နတ်ပြည်ကိုမရောက်အောင်၊ ဈာန်၊ မဂ်၊ ဖိုလ်မရအောင် တားမြစ်တတ်တဲ့ အန္တရာယ်မျိုးကို အဘိဓမ္မာမှာ အန္တရာယ် လို့ခေါ်ပါတယ်။ ဒီအန္တရာယ်ငါးပါးထဲက တစ်ပါးပါး ကနေ တားမြစ်ထားလိုက်ပြီဆိုရင် ကျူးလွန်ထားသူဟာ ကောင်းတဲ့ဘုံ ရောက်ခြင်း စတဲ့ ကောင်းကျိုးများရဖို့ ခက်ခဲသွားပါတယ်။ ဒါကြောင့် ကောင်းကျိုးလိုသူများ အနေနဲ့ အန္တရာယ်ငါးပါးအကြောင်းကို ကောင်းကောင်းသိထားဖို့ လိုအပ်ပါတယ်။ ဒါတွေကတော့

၁။ ကမ္မန္တ ရာယ် = ပဉ္စာနန္တရိယကံ ၅ ပါးနှင့် ဘိက္ခုနီမဒူသကကျူးလွန်သောပြစ်မှု။
၂။ ကိလေသန္တရာယ် = နိယတမိစ္ဆာဒိဋ္ဌိ။
၃။ ဝိပါကန္တရာယ် = အဟိတ်၊ ဒွိဟိတ် ပဋိသန္ဓေဝိပါက်စိတ်။
၄။ အရိယူပဝါဒန္တရာယ် = အရိယာမှန်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ယုတ်မာသော စိတ်ဖြင့် အရိယာပုဂ္ဂိုလ် ကို စွပ်စွဲကဲ့ရဲ့ခြင်း နှင့်

၅။ အာဏာဝီတိက္ကမန္တရာယ် = မြတ်စွာဘုရားပညတ်သတ်မှတ်အပ်သော သိက္ခာပုဒ်တော်ကို ကျူးလွန်လိုသော စေတနာဖြင့် သင့်ရောက်အပ်သော အာပတ် တို့ဖြစ်ပါတယ်။

## ၁။ ကမ္မန္တ ရာယ်

ကမ္မန္တ ရာယ်မှာ ပါဝင်တဲ့ ပဉ္စာနန္တရိယကံ ငါးပါးဆိုတာ ၁။ အမေကို သတ် ခြင်း ၂။ အဖေကိုသတ်ခြင်း ၃။ ရဟန္တာ ကိုသတ်ခြင်း ၄။ ဘုရားကို သွေးစိမ်းတည်အောင် ဒုက္ခပေးခြင်း နှင့် ၅။ သံဃာကို နစ်ဖက်ကွဲအောင်ခွဲခြင်းတို့ပဲ ဖြစ် ပါတယ်။

အမေ ကိုသတ်တယ်ဆိုတာ အမေမှန်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ သတ်မိရင်တော့ ကံထိုက်တော့တာပါပဲ။ အဖေနဲ့ ရဟန္တာသတ်မိတာလဲ အတူတူပါပဲ။ ဘုရားကို သွေးစိမ်းတည်အောင်ပြုတယ်ဆိုတာ သွေးခြည်ဥသွား အောင်လုပ်ခြင်း ကိုဆိုလိုတာပါ။ ဘုရားရှင်တို့ရဲ့ ဓမ္မတာအရ သူများနှိပ်စက်လို့ ခန္ဓာကိုယ် ကွဲတယ်ပြဲတယ် ဆိုတာမျိုး မရှိသလို၊ သူတပါးပယောဂကြောင့် အသက်ဆုံးရှုံးရတယ်ဆိုတာလဲမရှိပါဘူး။ ဒါပေမယ့် သွေးခြည်ဥတဲ့ အခြေအနေ ရောက်အောင်တော့ လုပ်လို့ရတာမို့ သွေးစိမ်းတည်အောင် လုပ်ခြင်း ဆိုတဲ့ ကံပဲဖြစ်ရတာပါ။

သံဃဘေဒက= သံဃာအသင်းခွဲတဲ့ကံဆိုတာ ရဟန်းများသာ ကျူးလွန်လို့ ရတဲ့ အပြစ်မျိုးပါ။ သံဃာအသင်းခွဲတယ်ဆိုတာကလဲ သိမ်တစ်ခုတည်းမှာ ကံအတူတူပြုလို့မရအောင် သွေးထိုးလှုပ်ဆော်တာမျိုးကို ဆိုလိုတာပါ။ ကိုယ်ကကွဲအောင် လုပ်ပေမယ့် သံဃာကမကွဲဘဲနဲ့ သာသနကံများကို အတူတူပြုနေသရွေ့ သံဃဘေဒက ကံ မမြောက်ပါဘူး။ ဒါပေမယ့် အဲဒီလို ကျူးလွန်တဲ့အတွက် သံဃာမကွဲပေမယ့်လဲ သံဃဘေဒက ကံလောက်နီးနီး အပြစ်ကြီးတယ်ဆိုတာ ကိုတော့မှတ်ထား ရပါလိမ့်မယ်။ သံဃဘေဒကကံ အစစ်မဖြစ်တဲ့အတွက် နတ်ရွာ၊ နိဗ္ဗာန်၊ ဈာန်၊ မဂ်၊ ဖိုလ် အန္တရာယ် မဖြစ်နိုင်ပါဘူးတဲ့။

ပဉ္စာနန္တရိယကံ ငါးပါးထဲက တစ်ပါးပါးကိုသာ ကျူးလွန်မိပြီဆိုရင် အပါယ်လေးပါးလားရမှာကတော့ သေချာပါ တယ်။

ဘိက္ခုနီမဒုဿကျူးလွန်ခြင်းဆိုတာ ဘိက္ခုနီမကို Rape လုပ်တာကို ပြောတာပါ။ ဒါကလဲအတော့်ကို အပြစ်ကြီးတဲ့ကံမို့ မကျူးလွန်သင့်တဲ့ ကံတစ်ပါးပါပဲ။ ဘုရားရှင်လက်ထက်က နန္ဒဆိုတဲ့လုလင်တစ်ယောက်က ရှင်ဥပ္ပလဝဏ်ဆိုတဲ့ တန်ခိုးအရာမှာ ဧတဒဂ်ရထားတဲ့ ဘိက္ခုနီမတစ်ယောက်ကို ကျူးလွန်ခဲ့ဖူးတဲ့ သာဓကတစ်ခုရှိပါတယ်။ ရှင်ဥပ္ပလဝဏ်ထေရီဟာ နေပူထဲက အပြန် ကျောင်းထဲဝင်တဲ့အချိန် အလင်းကို ကောင်းကောင်းမမြင်ရတာမို့ သူ့ကို အရင်ကတည်းက စိတ်ဝင်စားနေတဲ့ နန္ဒလုလင်က

အမှောင်ကစောင့်ပြီး မတရားလုပ်တာမို့ အပြစ်ကျူးလွန်ခံလိုက်ရပါတယ်။ နန္ဒလုလင်ကတော့ ကျူးလွန်ပြီး ကျောင်းကအပြန်လမ်းမှာပဲ မြေမျိုခံရတဲ့အဖြစ်ဆိုးနဲ့ ကြုံခဲ့ရသူပါ။ သာမန်ဘိက္ခုနီများကို ကျူးလွန်မိရင် ဒီဘဝမှာ ဈာန်၊ မဂ်၊ ဖိုလ် တရားများကို မရနိုင်တော့ပေမယ့် ကောင်းမွန်စွာနေထိုင်ရင်း ကုသိုလ်ပွားများ အားထုတ်နေမယ် ဆိုရင်တော့ ကောင်းရာသုဂတိရောက်နိုင်ပါသေးသတဲ့။

## ၂။ ကိလေသန္တရာယ်

တကယ်တော့ ကိလေသန္တရာယ်ဆိုတာ သာမန်ဖြစ်နေကျ ကိလေသာကို ပြောတာမဟုတ်ပါဘူး၊ နိယတမိစ္ဆာဒိဋ္ဌိ ကိုပဲ ကိလေသန္တရာယ်လို့ခေါ်တာပါ။ သာမန်ဖြစ်နေကျ ကိလေသာကိုသာ ကိလေသန္တရာယ်လို့ သုံးခဲ့မယ်ဆိုရင် ရဟန္တာ မဖြစ်သေးသရွေ့ ငုတ်နေတဲ့ အနုသယကိလေသာများရှိနေတာကြောင့် အပါယ်မှမလွတ်၊ တရားထူးမရနိုင်ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်နေလို့ပါ။

နိယတမိစ္ဆာဒိဋ္ဌိဆိုတာ ကံမရှိဘူး၊ ကံရဲ့အကျိုးမရှိဘူး လို့ယူဆတာကို ပြောတာပါ။ မိစ္ဆာဒိဋ္ဌိဟာ သုံးမျိုးရှိပါတယ်။ နတ္ထိကဒိဋ္ဌိ=အကျိုးမရှိဘူးလို့ယူဆ၊ အကိရိယဒိဋ္ဌိ=ကံမရှိဘူးလို့ယူဆ နဲ့ အဟေတုကဒိဋ္ဌိ= ကံရော ကံရဲ့အကျိုးပါ မရှိဘူးလို့ယူဆခြင်း တို့ပါ။ ဒီဒိဋ္ဌိသုံးပါးဟာ အကျိုးမရှိဘူးလို့ယူဆရင် အကြောင်းမရှိဘူးလို့ ယူဆတာဖြစ်သလို အကြောင်းမရှိဘူးလို့ ယူဆရင်လဲ အကျိုးမရှိဘူးလို့ ယူဆတာနဲ့တူတာကြောင့် အားလုံးအတူတူပါပဲ။ အဲဒီသုံးပါးကို နိယတမိစ္ဆာဒိဋ္ဌိလို့ခေါ်ပါတယ်။ နိယတဆိုတာ ခိုင်ခိုင်မြဲမြဲလို့အဓိပ္ပါယ်ရပါတယ်။ သာမညဒိဋ္ဌိက ချွတ်လို့ရနိုင်ပေမယ့် နိယတဒိဋ္ဌိကတော့ ချွတ်လို့မရတော့တာကြောင့် ဘုရားနဲ့တွေ့ပြီးတရားနာရတာတောင် မကျွတ်နိုင်ပါဘူး။ ဒါကြောင့် နိယတမိစ္ဆာဒိဋ္ဌိကို ကိလေသန္တရာယ်လို့ပြောရတာပါ။

## ၃။ ဝိပါကန္တရာယ်

ဝိပါကဆိုတာ အကျိုးကိုပြောတာပါ။ ကိုယ်ရလာတဲ့အကျိုးက ဈာန်စတဲ့ တရားထူးရဖို့အတွက် အန္တရာယ်တစ်ခုလို ဖြစ်နေတာကြောင့် ဝိပါကန္တရာယ်လို့ ခေါ်တာပါ။ အဲဒီကံတွေကတော့ အဟိတ်ပဋိသန္ဓေနဲ့ ဒွိဟိတ်ပဋိသန္ဓေတို့ပါ။ ဒီပဋိသန္ဓေနဲ့ မွေးလာသူအားလုံးဟာ ဘယ်လိုနည်းနဲ့မှ ဒီဘဝမှာ တရားထူး မရနိုင်တော့ပါဘူး။ ကံကတားမြစ်ထား လို့ပါ။ ဒီဘဝ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီး နောက်ဘဝအတွက် ပြင်ဆင်ထားမယ် ဆိုရင်

တော့ နောက်ဘဝမှာ ဒီဘဝက လုပ်ထားတဲ့ ကောင်းကံများဟာ အာသေဝနထိုက်ပြီး အကျိုးပေးနိုင် တာကြောင့် နောက်ဘဝမှ တရားထူး ရနိုင်မှာပါ။

## ၄။ အရိယူပဝါဒ္ဒန္တရာယ်

အရိယူပဝါဒ္ဒန္တရာယ်ဆိုတာ အရိယာပုဂ္ဂိုလ်ကို ယုတ်မာတဲ့စိတ်ထားနဲ့ စွပ်စွဲခြင်းကို ဆိုလိုတာပါ။ အရိယာလို့သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ စွပ်စွဲရင်တော့ ကံမြောက်တော့ တာပါပဲ။ တကယ်လို့ ရဟန်းအရိယာကို ရဟန်း မဟုတ်ဘူး၊ ရဟန်းတရားမရှိဘူး စသည် ဖြင့် စွပ်စွဲသလို လူအရိယာကိုလဲ ဈာန်မရဘူး စသည်ဖြင့်တရားထူး နဲ့ပတ်သက်ပြီး စွပ်စွဲ ပြောဆိုတာကို ဆိုလိုတာပါ။ ဒါကြောင့် လူတွေကိုအပြစ်မပြောဘဲ နားလည်နိုင်အောင် ကြိုးစားတာဟာ အကောင်းဆုံးပါပဲ။ တကယ်လို့ အပြစ်ကျူးလွန်မိခဲ့တယ်၊ အပြစ် ကျူးလွန် မိတယ်လို့ ခံစားနေရတယ်ဆိုရင် ပြေပျောက်အောင် လုပ်ရမယ့် နည်းတွေကတော့ ပြစ်မှားခံရတဲ့ပုဂ္ဂိုလ် အသက်ထင်ရှား ရှိနေဦးမယ်ဆိုရင် သူရှိရာကိုလိုက်သွားပြီး တောင်းပန်ဖို့ပါ။ တကယ်လို့ ကိုယ်တိုင် မသွားနိုင်ဘူးဆိုရင် လူလွှတ်ပြီးတောင်းပန် ခိုင်းလဲ ရပါတယ်။ ပြစ်မှားခံရသကို ရှာလို့မတွေ့ဘူးဆိုရင် လူကြီးသူကောင်းတွေရဲ့ရှေ့မှာ အကျိုး အကြောင်းပြောပြ တောင်းပန်ရမယ်တဲ့။ ပြစ်မှားခံရသူဟာ ကွယ်လွန်သွားပြီ၊ ပရိနိဗ္ဗာန်စံ သွားပြီ ဆိုရင်လဲ နေခဲ့ သေခဲ့တဲ့နေရာ သွားပြီး တောင်းပန်ရပ့ါမယ်။ သိလျက်နဲ့ မာန်ခံပြီး မတောင်းပန်ခဲ့ဘူး ဆိုရင် အရိယူပဝါဒ္ဒန္တရာယ် ကံထိုက် နေတာမို့ တရား အားထုတ်လို့ မရတော့ဘူးတဲ့။

အရိယာ မဟုတ်ဘူးဆိုရင်တောင်မှ အပြစ် ကျူးလွန်ခံရသူက ကောင်းကောင်း မွန်မွန်နေတယ်ဆိုရင် ကျူးလွန် သူဟာ အရိယူပဝါဒကံနီးနီး အပြစ်ရှိပါသတဲ့။ ပြီးတော့ လူအနေနဲ့ သတိထားရမယ့် အချက်လေးတစ်ခုက ဘုရားရှင် သတ်မှတ်ထားတဲ့ ဝိနည်းတော်ကို တကယ်မသိဘဲ၊ သိပေမယ့်လဲ ကျူးလွန်ချင်တဲ့စိတ်နဲ့ ဘုန်းကြီး တစ်ပါးပါး အပြစ် ကျူးလွန်နေတာကို တွေ့မြင်လို့ လွှတ်ခနဲ ဘုန်းကြီးမှမဟုတ်ဘဲ စသည်ဖြင့် လွှတ်ခနဲပြောမိတတ်ပါတယ်။ တကယ်တော့ ဘုန်းကြီးဆိုတာ ပါရာဇိက လေးပါးထဲက တစ်ပါးပါးကို ကျူးလွန်မိမှသာ ရဟန်းအဖြစ်မှ လျောကျသွားပါတယ်။ အဲဒီလိုမှမဟုတ်ဘဲ အပြစ်တစ်ခုခု ကျူးလွန်ခဲ့တယ်ဆိုရင် အပြစ်ရှိသူသာဖြစ်ပါတယ်။ အပြစ်ကို အသိနဲ့ ကုစားလို့ ရတယ် ဆိုတာကို သိထားစေချင်ပါတယ်။

ပြီးတော့ ရဟန်းနဲ့ အာပတ် = အပြစ်ဆိုတာ ဒွန်တွဲနေကြောင်း ဘုရားဟော တရားတော်အရ သိခဲ့ရပါတယ်။ အပြစ်မရှိသူ အပြစ်နဲ့မငြိသူဟာ ဘုရားနဲ့ ပစ္စေကဗုဒ္ဓါ

တို့ပဲရှိသလို အပြစ်ရှိသူ အပြစ်နဲ့ငြိတတ်သူဟာ ရဟန်းနဲ့ရဟန်းမတို့ဖြစ်ကြောင်း ဘုရားရှင်က အတိအလင်း ဟောခဲ့ပါတယ်။ ရဟန်းအပြစ်မရှိသူ အပြစ်နဲ့မငြိသူဆိုရင် ဘုရား၊ ပစ္စေကဗုဒ္ဓါ သို့မဟုတ် သာမန်လူသားပဲ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ရဟန်းများနဲ့ ပတ်သက်ပြီး မကျူးလွန်မိစေဖို့ မိန့်ကြားခဲ့တာပေါ့။ မကျူးလွန်မိစေဖို့ ဩဝါဒ ပေးခဲ့ရခြင်း အကြောင်းကတော့ ရဟန်းဟုတ်သူတစ်ယောက်ကို ရဟန်း မဟုတ်ဘူးလို့ ပြောမိရင် အရိယူပဝါဒကံ နီးပါး အပြစ်ကြီးပါသတဲ့။ ဘာဖြစ်လို့လဲဆိုတော့ လူအနေနဲ့ သီလကို အလွန်ဆုံး ဆောက်တည်နိုင်ရင် ၁၀ ပါး၊ တဖြည်းဖြည်း အောက်လျော့သွားရင် ၈ ပါး၊ ၅ ပါး သီလပဲ ဆောက်တည်နိုင်ကြတာ မို့ပါ။ ဒါတောင် ၅ ပါးသီလက ခပ်ပါးပါးပဲ ဆောက်တည် နိုင်တာမို့ သီလမြဲဖို့ဆိုတာ မလွယ်ကူပါဘူး။

ရဟန်းဆိုတာ သိက္ခာပုဒ်ကို ကျူးလွန်နေဦး အနည်းဆုံးတော့ မကျူးလွန်တဲ့ သိက္ခာပုဒ်ရာနဲ့ချီပြီး ကျန်နေတာက သီလ ဆိုတဲ့ ဂုဏ်ကို ဆောင်ထား နိုင်ဆဲပါ။ ရဟန်းကို လူကသာ အပြစ်ကျူးလွန်မှ အပြစ်ရောက်တာ မဟုတ်ပါဘူး၊ ရဟန်း အချင်းချင်းလဲ မြင်မှု၊ ကြားမှု၊ ယုံမှားမှု ရှိရုံနဲ့ အပြစ် ပြောမယ်ဆိုရင် အပြစ်တွေ ရောက်လာတတ်လို့ပါပဲ။ အပြောခံရသူ ရဟန်းက တရားထူး ရသူသာဖြစ်နေရင် အပြစ်က ပိုမိုကြီးသွားပြီး အရိယူပဝါဒကံထိ မြောက်သွားတတ်တာကြောင့် အပြစ်မပြောမိတာဟာ အကောင်းဆုံး ပါပဲ။ အပြောခံရသူ အပြစ် အကျူးလွန်ခံရသူက ဘာမှမဖြစ်ဘဲ အပြစ် ကျူးလွန်သူက သာ အပြစ်ရ၊ တရားမရ ဖြစ်သွားတတ်တာကြောင့်ပါ။ တကယ်တော့ အပြစ်ရတယ် ဆိုတာ မသိစိတ် နဲ့ အပြစ်ကို ယူလိုက်မိလို့ပါပဲ။

## ၅။ အာဏာဝီတိက္ကမန္တရာယ်

ဒီအပြစ်ကတော့ ရဟန်းများနဲ့သာ သက်ဆိုင်ပါတယ်။ ဘုရားရှင်က မလုပ်ရ၊ မကျူးလွန်ရလို့ သတ်မှတ်ပညတ်ထားတဲ့ သိက္ခာပုဒ်များကို လွန်ကျူးလိုတဲ့စိတ်နဲ့ အပြစ်ကို ကျူးလွန်တာပါ။ ဝိနည်းပညတ်တော်ဟာ အတော့်ကိုသိမ်မွေ့ပါတယ်။ ရဟန်းတစ်ပါး အနေနဲ့ သိအောင်လုပ်ထားဖို့လဲ တကယ့်ကိုအရေးကြီးလွန်းပါတယ်။ အာပတ်= အပြစ် သင့်မှုဟာ ၂မျိုးရှိပါတယ်။ အပြစ်ကျူးလွန်ချင်တဲ့စိတ်နဲ့ အပြစ်လုပ်လို့ အပြစ်ရောက်တဲ့ သိက္ခာပုဒ် နဲ့ အပြစ်လုပ်ချင်စိတ် ကျူးလွန်ချင်စိတ် မရှိပေမယ့် အပြစ်ရောက်တဲ့ သိက္ခာပုဒ် ဆိုပြီး ၂ မျိုးပါ။ ပထမ တစ်မျိုးအတွက် သံသယ မရှိနိုင်ပေမယ့် နောက်တစ်မျိုး အတွက်တော့ အပြစ်ကျူးလွန်စိတ်မရှိဘဲနဲ့ ဘာလို့ အပြစ်ရောက်တာလဲ ဆိုပြီး သံသယ

ဖြစ်နိုင်ပါတယ်။ ကျူးလွန်ချင်စိတ် မရှိပေမယ့် အပြစ်ရောက်တဲ့ သိက္ခာပုဒ်ဆိုတာ တကယ်ရှိပါတယ်။

ဥပမာ- ရဟန်းတစ်ပါးက ကိုယ့်ကျောင်းမှာ ပင်ပန်းလို့ စောစော အိပ်ယာဝင်သွားတယ်။ ဒါပေမယ့် မမျှော်လင့်ဘဲ ရောက်လာတဲ့ လူ(အမျိုးသမီး) ဧည့်သည်က အချိန်လွန်နေပြီမို့ ကျောင်းမှာရှိတဲ့ တခြားနေရာမှာ အိပ်လိုက်တယ်။ ဒါဟာ ရဟန်းအနေနဲ့ မသိလိုက်ပေမယ့် သဟသေယျ သိက္ခာပုဒ်အရ အပြစ်သင့်သွားရပါတယ်။ ဒွါအပြင် သစ်ပင်မခုတ်ရဆိုတဲ့ သိက္ခာပုဒ်ကို မသိတဲ့ ရဟန်းတစ်ပါးဟာ ဝိနည်းမသိလို့ အပြစ်ကျူးလွန်ချင်စိတ် မရှိပဲ သစ်ပင်ခုတ်မိမယ် ဆိုရင် ဒါဟာ ကျူးလွန်စိတ်မရှိပေမယ့် အပြစ်ရောက်ရတဲ့ သိက္ခာပုဒ်ပါပဲ။

ဝိနည်းမှာ ဒီလိုသိက္ခာပုဒ်တွေ အမြောက်အမြား ရှိပါတယ်။ ဒါကြောင့် ရဟန်းတစ်ပါးအနေနဲ့ ဝိနည်းကို သိအောင်လုပ်ဖို့ပြောရတာပါ။ ဝိနည်း အပြစ်ကိုသိနေတဲ့ ရဟန်းတစ်ပါးဟာ သိလို့ အပြစ်ကိုကျူးလွန်ခဲ့သည်ဖြစ်စေ၊ မသိဘဲ အပြစ်ကို ကျူးလွန်မိခဲ့သည်ဖြစ်စေ အဲဒီအပြစ်ကို ကုစားရပါတယ်။ သင့်သွားတဲ့အပြစ်ကို မကုစားဘူး ဆိုရင်တော့ ဘုရားရှင်ပညတ်ထားတဲ့ အာဏာတော်ကို ကျူးလွန်တာမို့ အာဏာဝီတိက္ကမန္တရာယ် ထိုက်ပါတယ်။

ဒီအန္တရာယ်သာရှိနေရင် ဈာန်စတဲ့တရားထူးမရအောင်တားနိုင်ပါတယ်။ ဒါကြောင့် အပြစ်ကင်းအောင်ဆိုပြီး ရဟန်းတွေ ဒေသနာ=အပြစ်ပြောကြားခြင်းကို မကြာမကြာ လုပ်ရပါတယ်။ ဒါဟာလဲ အပြစ်ကုစားနည်း တစ်ခုပေါ့။ သို့သော် ပုထုဇဉ်အလိုက်စိတ်ကို မထိန်းနိုင်၍ အပြစ်သင့်ပြီးနောက် ဆိုင်ရာဝိနည်းလမ်းကြောင်းဖြင့် ကုစားပါလျှင် ထိုအပြစ်များ ကင်းစင်စေနိုင်သောကြောင့် ထိုအာဏာဝီတိက္ကမအမှုကို မပြုမိအောင်လည်း စောင့်စည်း၍၊ မတော်တဆပြုမိပြန်လျှင်လည်း ဆိုင်ရာဝိနည်းကံအရ ကုစား၍ သဒ္ဓါတရားဖြင့် နေထိုင်သူမှာ ထိုအန္တရာယ်မှ ကင်းရှင်းနိုင်ပါ၏။ နတ်ရွာ နိဗ္ဗာန် မဂ် ဖိုလ် ဈာန်ကိုမတားမြစ်ပါ။ ထိုကြောင့် သူတော်ကောင်းစိတ်ရှိပါလျှင် သာသနာတော်၌ ပျော်ပျော်ကြီး နေထိုက်ပါ၏။

ဘဝမှာ စိတ်အေးချမ်းစွာနဲ့ နေချင်လို့ သမထတရားကိုပွားသူများ၊ ဒုက္ခကို ကြောက်လို့ သံသရာမှ လွတ်လိုသူများ အနေနဲ့ ဈာန်၊ မဂ်၊ ဖိုလ် တရားထူးများကို ရလိုတယ် ဆိုရင်တော့ အန္တရာယ်ငါးပါးမှ ဝေးဝေးရှောင်ဖို့ပဲ လိုတာပါ။ တနည်းအားဖြင့် မိမိတို့ရဲ့ ကာယကံကို ဖြစ်စေမယ့် လက် နဲ့ ခြေ၊ ဝစီကံကို ဖြစ်စေမယ့် နှုတ်၊ မနောကံကို ဖြစ်စေမယ့် အတွေးများကို အကောင်းဆုံး ထိန်းသိမ်းထားဖို့ပါပဲ။

# ဇဝန နိယာမ

ဇောတို့ကို ပိုင်းခြားမှတ်သား၍ ပြရာစကားရပ်ကို ဇဝန နိယာမ ဟုခေါ်သည်။

**ကာမဇော**

## ၇ ကြိမ်စောသောဇော

၁။ ပကတိရိုးရိုးအခါ ကာမဇော

၂။ ကာမအဘိဥာနဝီထိ၌ အဘိဥာန်သောအခါ အဘိဥာန်ဇော

၃။ ဈာန်အင်္ဂါကို သာမန် ဆင်ခြင်ရသောအခါ ပစ္စဝေက္ခဏာဇော

## ၆ ကြိမ်စောသောဇော

အာရုံအားနည်းသောအခါ ကာမဇောသည် ၆ ကြိမ်စော၏။

## ၅ ကြိမ်စောသောဇော

မှီရာဝတ္ထုရုပ်အားနည်းသော

၁။ သေခါနီးအခါ (မရဏာသန္နကာလ)

၂။ မိန်းမောတွေဝေနေသောအခါ (မုစ္ဆာကာလ)

၃။ သတိမေ့လျော့နေသောအခါ (ဝိသညီကာလ)

၄။ အမိဝမ်းတွင်း ပဋိသန္ဓေနေခိုက်အခါ၊ ဖွားကာစအခါ၊ (အတီတဂဗ္ဘကာလ) စသည်တို့၌ နုံ့သည်၏အဖြစ်ကြောင့် ၅ ကြိမ်သာစော၏။

## ၄ ကြိမ်၊ ၅ ကြိမ်စောသောဇော

၁။ မြတ်စွာဘုရား၏ ရေ၊ မီးအစုံစသော တန်ခိုးပြာဋိဟာကိုပြရာအခါ၌ လျှင်မြန်စွာ ဈာန်အင်္ဂါကိုဆင်ခြင်ရသော ပစ္စဝေက္ခဏာဝီထိများ၌ ပစ္စဝေက္ခဏာဇော သည် ၄ ကြိမ်စော၏။

၂။ ရှင်မောဂ္ဂလာန်စသော သာဝကများ ပစ္စဝေက္ခဏာဇောသည် ၅ ကြိမ်စော၏။

## ၄ ကြိမ်၊ ၃ ကြိမ်စောသောဇော

အပ္ပနာဇော၏ရှေ့ ဥပစာရသမာဓိ ဇောအခိုက်၌

၁။ မန္ဒပညပုဂ္ဂိုလ်များသည် ကာမတိဟိတ်ဇော ၄ ကြိမ်စော၏။
၂။ တိက္ခပညပုဂ္ဂိုလ်များသည် ကာမတိဟိတ်ဇော ၃ ကြိမ်စော၏။

## အပ္ပနာဇော

### ၁ ကြိမ်စောသောဇော

၁။ အာဒိကမ္မိကဈာနဝီထိ၌ ဈာန်ဇော
၂။ အဘိညာဉ်ဝီထိ၌ အဘိညာဉ်ဇော
၃။ မဂ္ဂဝီထိများ၌ မဂ်ဇော
၄။ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမ်ဖြစ်လျှင် အနာဂါမိဖိုလ်ဇော၊ ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်ဇော။

### ၂ ကြိမ်စောသောဇော

နိရောဓသမာပတ် ဝင်စားခါနီး၌ အနာဂါမ်ဖြစ်မူ နေဝသညာနာသညာယတန ကုသိုလ်ဇော၊ ရဟန္တာဖြစ်မူ နေဝသညာနာသညာယတနကြိယာဇော။

### ၂ ကြိမ်၊ ၃ ကြိမ်စောသောဇော

မဂ္ဂဝီထိများ၌ မဂ်၏အခြားမဲ့၌ဖြစ်သော ဖိုလ်ဇောသည် မန္ဒပုဂ္ဂိုလ်ဖြစ်မူ ၂ကြိမ်၊ တိက္ခပုဂ္ဂိုလ်ဖြစ်မူ ၃ ကြိမ်။

### အကြိမ်များစွာစောသောဇော

၁။ ဈာနသမာပတ္တိဝီထိ၌ ဈာန် ဈာန် ဟု အကြိမ်များစွာ။
၂။ ဖလသမာပတ္တိဝီထိ၌ ဖိုလ် ဖိုလ် ဟု အကြိမ်များစွာ။

## ကာမတိဟိတ်ဇောနောင် အပ္ပနာဇောနောင်းပုံ

ကာမတိဟိတ်ဇောများဖြစ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇော ၄ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်ဇော ၄ ပါးတို့နောင် အပ္ပနာဇောနောင်းရာဝယ်

## (က) ဝေဒနာပေါ်မူတည်၍

သောမနဿ ကာမတိဟိတ်ဇောနောင် သောမနဿ အပ္ပနာဇော သာဇော ရပါမည်။ ဥပေက္ခာကာမတိ ဟိတ်ဇောနောင် ဥပေက္ခာ အပ္ပနာဇော သာဇောရပါမည်။ သို့ဖြစ်၍

၁။ သောမနဿမဟာကုသိုလ်၊ မဟာကြိယာကာမတိဟိတ်ဇော ၄ပါးနောင် မဟဂ္ဂုတ် ကုသိုလ်၊မဟဂ္ဂုတ်ကြိယာ သောမနဿဇော ၈ပါး၊ မဂ်သောမနဿဇော ၁၆ပါး၊ ဖိုလ်သောမနဿ ၁၆ ပါး၊ ပေါင်း သောမနဿဇော( ၄၀) ဇောနိုင်ပါသည်။

၂။ ဥပေက္ခာ မဟာကုသိုလ်၊ မဟာကြိယာ ကာမတိဟိတ်ဇော ၄ပါး နောင် မဟဂ္ဂုတ် ကုသိုလ်၊မဟဂ္ဂုတ်ကြိယာ ဥပေက္ခာဇော ၁၀ပါး၊ မဂ် ဥပေက္ခာဇော ၄ပါး၊ဖိုလ် ဥပေက္ခာဇော ၄ ပါး၊ ပေါင်း ဥပေက္ခာ အပ္ပနာဇော (၁၈) ပါးတို့ဇောနိုင်သည်။

## (ခ) ပုဂ္ဂိုလ်တို့ကိုမူတည်၍

၁။ တိဟိတ်ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၏ ကာမတိဟိတ် ကုသိုလ်ဇော ၄ပါးနောင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ မဂ် ကုသိုလ် ၂၀ပါး၊ အောက်ဖိုလ် ၁၅ ပါး၊ ပေါင်း အပ္ပနာဇော (၄၄) ပါးနောင်း၏။

၂။ ရဟန္တာ (အသေက္ခ)ပုဂ္ဂိုလ်တို့၏ ကာမတိဟိတ်ဇော ၄ပါးနောင် မဟဂ္ဂုတ်ကြိယာ ၉ ပါး၊ အရဟတ္တဖိုလ် ၅ ပါး ပေါင်း အပ္ပနာဇော (၁၄) ပါးနောင်း၏။

## တနည်း

၁။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ကာမတိဟိတ် ကုသိုလ်ဇော ၄ ပါးနောင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ သောတာပတ္တိ မဂ်ဇော ၅ ပါး၊ ပေါင်း အပ္ပနာဇော (၁၄)ပါး နောင်း၏။

၂။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏ ကာမတိဟိတ်ကုသိုလ်ဇော ၄ ပါးနောင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ သောတာပတ္တိ ဖိုလ် ၅ ပါး၊ သကဒါဂါမိမဂ် ၅ ပါး၊ ပေါင်း (၁၉) ပါးနောင်း၏။

၃။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်၏ ကာမတိဟိတ် ကုသိုလ်ဇော ၄ ပါးနောင် မဟဂ္ဂုတ် ကုသိုလ် ၉ ပါး၊ သကဒါဂါမိဖိုလ် ၅ ပါး၊ အနာဂါမိမဂ် ၅ ပါး၊ ပေါင်း အပ္ပနာဇော (၁၉) ပါးနောင်း၏။

၄။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၏ ကာမတိဟိတ်ကုသိုလ်ဇော ၄ ပါးနောင် မဟဂ္ဂုတ်ကုသိုလ် ၉ ပါး၊ အနာဂါမိဖိုလ် ၅ ပါး၊ အရဟတ္တမဂ် ၅ ပါး၊ ပေါင်း အပ္ပနာဇော (၁၉)ပါး နောင်း၏။

၅။ အရဟတ္တဖိုလ်ပုဂ္ဂိုလ်၏ ကာမတိဟိတ်ကြိယာဇော ၄ ပါးနောင် မဟဂ္ဂုတ်ကြိယာ ၉ ပါး၊ အရဟတ္တဖိုလ် ၅ ပါး၊ ပေါင်း အပ္ပနာဇော (၁၄) ပါးနောင်း၏။

### (ဂ) ဝေဒနာနှင့် ဇာတ်တို့ကိုမူတည်၍

၁။ သောမနဿကာမတိဟိတ် ကုသိုလ်ဇော ၂ ပါးနောင် (မဟာကုသိုလ် ပထမဒွေး) သောမနဿ မဟာဂ္ဂုတ် ကုသိုလ် ၄ ပါး၊ သောမနဿ မဂ်ကုသိုလ် ၁၆ပါး၊ သောမနဿ အောက်ဖိုလ် ၁၂ပါး၊ ပေါင်း သောမနဿ အပ္ပ နာဇော (၃၂) ပါး

၂။ ဥပေက္ခာကာမတိဟိတ် ကုသိုလ်ဇော ၂ပါးနောင် (မဟာကုသိုလ် တတိယဒွေး) ဥပေက္ခာမဟာဂ္ဂုတ်ကုသိုလ် ၅ပါး၊ ဥပေက္ခာမဂ်ကုသိုလ် ၄ ပါး၊ ဥပေက္ခာအောက်ဖိုလ် ၃ ပါး၊ပေါင်း ဥပေက္ခာ အပ္ပနာဇော (၁၂) ပါး

၃။ သောမနဿကာမတိဟိတ် ကြိယာဇော ၂ပါးနောင် (မဟာကြိယာ ပထမဒွေး) သောမနဿမဟာဂ္ဂုတ်ကြိယာ ၄ ပါး၊ သောမနဿအရဟတ္တဖိုလ် ၄ ပါး၊ပေါင်း သောမနဿအပ္ပနာဇော (၈) ပါး။

၄။ ဥပေက္ခာကာမတိဟိတ် ကြိယာဇော ၂ ပါးနောင် (မဟာကြိယာတတိယဒွေး) ဥပေက္ခာမဟာဂ္ဂုတ်ကြိယာ ၅ ပါး ဥပေက္ခာ အရဟတ္တဖိုလ် ၁ ပါး၊ ပေါင်း ဥပေက္ခာ အပ္ပနာဇော (၆) ပါးတို့နောင်းသည်။

## ပုဂ္ဂလဘေဒ

ပုဂ္ဂိုလ်အပြားအားဖြင့် ခွဲခြား၍ရထိုက်သော ဝီထိစိတ်များပြရာ အခန်းကို ပုဂ္ဂလဘေဒ ဟုခေါ်သည်။ ပုဂ္ဂိုလ်စိတ်ရ ခွဲခြားပြသော အခန်းဟူ၍လည်းခေါ်၏။

## ပုဂ္ဂိုလ်အပြား (၁၂) ပါး

### (က) ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် = ဒုဂ္ဂတိဘုံဖြစ်သော အပါယ် ၄ ဘုံ၌ ဟိတ်မယှဉ်သော အကုသလ ဝိပါက်ဥပေက္ခာသန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ် = (က) သုဂတိအဟိတ်ဖြစ်သော လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၌ ဖြစ်သော ဟိတ်မယှဉ်သော အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။

(ခ) သုဂတိဘုံဖြစ်သော အသညသတ်ဘုံ၌ ဟိတ်လုံးဝမရှိသော ဇီဝိတနဝက ကလာပ်ရုပ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေနေ သော ပုဂ္ဂိုလ်။

၃။ ဒွိဟိတ်ပုဂ္ဂိုလ် = ကာမသုဂတိဘုံတို့၌ အလောဘ၊ အဒေါသဟူသော ဟိတ်နှစ်ပါးယှဉ်သော မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးဖြင့် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်။

၄။ တိဟိတ်ပုဂ္ဂိုလ် = ကာမသုဂတိဘုံ၊ ရူပ၊ အရူပဘုံတို့၌ အလောဘ၊ အဒေါသ၊ အမောဟဟူသော ဟိတ်သုံးပါးယှဉ်သော မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉ ပါးတို့မှ တစ်ပါးပါးဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်

မှတ်ချက်။ ။ ပုထုဇဉ်ပုဂ္ဂိုလ် ၄ယောက်တို့မှ တိဟိတ်ပုဂ္ဂိုလ်သည်သာ ပဋိသန္ဓေစိတ်ကတည်းက ဉာဏ်နှင့်ယှဉ်သောကြောင့် ကျင့်ကြံအားထုတ်လျှင် ဈာန်၊ မဂ်၊ ဖိုလ်တို့ကို ရရှိကာ ဈာန်ရပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိနိုင် သည်။

ကျန် ပုထုဇဉ် ပုဂ္ဂိုလ် ၃ယောက်မှာ ဉာဏ်မယှဉ်သော ပဋိသန္ဓေစိတ်များဖြင့် ပဋိသန္ဓေနေခဲ့၍ ပညာဉာဏ်ကင်းကာ ညံ့ဖျင်းသောကြောင့် ဈာန်၊ မဂ်၊ ဖိုလ် မရနိုင်ပါ။ ဤသို့ ဈာန်၊ မဂ်၊ ဖိုလ် မရနိုင်သဖြင့် အပ္ပနာဇောများနှင့် ကြိယာ ဇော များ မရအပ်ပါ။

## (ခ) အရိယာပုဂ္ဂိုလ် ၈ ယောက်

| | |
|---|---|
| ၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ် | ၂။ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် |
| ၃။ သကဒါဂါမိမဂ်ပုဂ္ဂိုလ် | ၄။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် |
| ၅။ အနာဂါမိမဂ်ပုဂ္ဂိုလ် | ၆။ အနာဂါမိဖိုလ်ပုဂ္ဂိုလ် |
| ၇။ အရဟတ္တမဂ်ပုဂ္ဂိုလ် | ၈။ အရဟတ္တဖိုလ်ပုဂ္ဂိုလ် |

**မှတ်ချက်။ ။** အရိယာပုဂ္ဂိုလ် ၈ ယောက်တို့တွင် အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာ)အား **အသေက္ခ** (ကျင့်ပြီး) ပုဂ္ဂိုလ် ဟုခေါ်၍ ကျန်အရိယာ ၇ ယောက်တို့အား **သေက္ခ** (ကျင့်ဆဲ) ပုဂ္ဂိုလ်များဟု ခေါ်ကြသည်။

## တိဟိတ်ပုဂ္ဂိုလ် ၉ ယောက်

တိဟိတ်ပုဇဉ်ပုဂ္ဂိုလ်သည်သာ အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်စေရန် ကျင့်ကြံအားထုတ်နိုင်သောကြောင့် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ၁ ယောက်၊ အရိယာပုဂ္ဂိုလ် ၈ ယောက်၊ ပေါင်း ၉ ယောက်တို့ကို တိဟိတ်ပုဂ္ဂိုလ် ဟုသတ်မှတ် ခေါ်ဆိုကြ၏။

**မှတ်ရန်။ ။**

၁။ ပဋိသန္ဓေနေ၍ မစုတေသောပုဂ္ဂိုလ် === မရှိ

၂။ စုတေသာစုတေ၍ ပဋိသန္ဓေမနေသောပုဂ္ဂိုလ် === အရဟတ္တဖိုလ်ပုဂ္ဂိုလ်

၃။ ပဋိသန္ဓေလည်းနေ၊ စုတေလည်း စုတေသောပုဂ္ဂိုလ် === ပုထုဇဉ်ပုဂ္ဂိုလ် နှင့် အောက်ဖိုလ်ပုဂ္ဂိုလ် ၃ ယောက်

၄။ ပဋိသန္ဓေလည်းမနေ စုတေလည်းမစုတေသောပုဂ္ဂိလ် === မဂ်ပုဂ္ဂိုလ် ၄ ယောက်။

## ဘုံ ပုဂ္ဂိုလ်ရ

၁။ အပါယ် ၄ ဘုံ ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၁ယောက်ရ၏။ ၄ဘုံ ရှိသောကြောင့် ၄ ယောက် ရသည်ဟုမှတ်ရန်။

၂။ လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ကြဉ်သော ပုဂ္ဂိုလ် ၁၁ ယောက်ရ၏။ ၂ ဘုံ၌ ၂၂ ယောက်ရ၏။

၃။ အထက်နတ်ပြည် ၅ ထပ်၌ ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ် ကြဉ်သော ပုဂ္ဂိုလ် ၁၀ ယောက်ရ၏။ ၅ ဘုံ ၌ ၅၀ ယောက်ရ၏။

၄။ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပ ၁၀ ဘုံ၌ တိဟိတ်ပုထုဇဉ် ၁ ယောက်၊ အရိယာ ၈ ယောက်၊ ပေါင်း တိဟိတ် ပုဂ္ဂိုလ် ၉ ယောက်ရ၏။ ၁၀ ဘုံ၌ ၉၀ ယောက်ရ၏။

၅။ အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ် ၁ ယောက်ရ၏။ ၁ ဘုံ၌ ၁ ယောက်ရ၏။

၆။ သုဒ္ဓါဝါသ ၅ ဘုံ၌ အနာဂါမိဖိုလ်ပုဂ္ဂိုလ် ၁ ယောက်၊ အရဟတ္တမဂ် ၁ ယောက်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ် ၁ ယောက်၊ ပေါင်း ၃ ယောက်ရ၏။ ၅ ဘုံ၌ ၁၅ ယောက်ရ၏။

၇။ အရူပ ၄ ဘုံ၌ တိဟိတ်ပုထုဇဉ် ၁ ယောက်၊ သောတာပတ္တိမဂ်ကြဉ် အရိယာ ၇ ယောက်၊ ပေါင်း ၈ ယောက်ရ ၏။ ၄ ဘုံ၌ ၃၂ ယောက်ရ၏။

### ဘုံ ပုဂ္ဂိုလ်ပေါင်း

၁။ အပါယ် ၄ ဘုံ၌ = ၄ ယောက်

၂။ လူ့ဘုံ၊ စာတုမဟာရာဇ်ဘုံ၌ = ၂၂ ယောက်

၃။ အထက်နတ်ပြည်၌ = ၅၀ ယောက်

၄။ ဝေဟပ္ဖိုလ်တိုင်အောင် ရူပ ၁၀ ဘုံ၌ = ၉၀ ယောက်

၅။ အညသသတ်ဘုံ၌ = ၁ ယောက်

၆။ သုဒ္ဓါဝါသ ၅ ဘုံ၌ = ၁၅ ယောက်

၇။ အရူပ ၄ ဘုံ ၌ = ၃၂ ယောက်

ပေါင်း ၃၁ ဘုံ၌ ပုဂ္ဂိုလ်ပေါင်း **၂၁၄** ယောက်ရနိုင်သည်။ ၎င်း ကို ပုဂ္ဂိုလ်အပြား **ဝါကရား** ဟု ပိဋကသချာအားဖြင့် သတ်မှတ်ကြသည်။

## ပုဂ္ဂိုလ် ဘုံရ

၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် အပါယ် ၄ ဘုံ၌သာဖြစ်၏။

၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်သည် လူ့ဘုံ၊ စာတုမဟာရာဇ်၊ အသညသတ်ဘုံ ပေါင်း ၃ ဘုံ၌ဖြစ်၏။

၃။ ဒွိဟိတ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ၇ ဘုံ၌သာဖြစ်၏။

၄။ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ၇ ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပ ၁၀ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၂၁ ဘုံ၌ဖြစ်၏။

၅။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် ကာမသုဂတိ ၇ ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင် ရူပ ၁၀ ဘုံ၊ ပေါင်း ၁၇ ဘုံ၌ဖြစ်၏။

၆။ အလယ်မဂ်ပုဂ္ဂိုလ် ၂ ယောက်၊ အောက်ဖိုလ်ပုဂ္ဂိုလ် ၂ ယောက်တို့သည် ကာမသုဂတိ ၇ ဘုံ၊ ဝေဟပ္ဖိုလ်တိုင် အောင် ရူပ ၁၀ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၂၁ ဘုံ၌ဖြစ်၏။

၇။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်တို့သည် ကာမသုဂတိ ၇ ဘုံ၊ ဝေဟပ္ဖိုလ်တိုင် အောင် ရူပ ၁၀ ဘုံ၊ သုဒ္ဓါဝါသ ၅ ဘုံ၊ အရူပ ၄ ဘုံ၊ ပေါင်း ၂၆ ဘုံ၌ဖြစ်၏။

## ပုဂ္ဂိုလ်စိတ်ရ

### ကာမဘုံ ပုထုဇဉ်စိတ်ရ

**၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ရနိုင်သော စိတ် (ဝီထိစိတ်)**

အကုသိုလ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ ပေါင်း ၃၇ ပါး ဖြစ်နိုင်သည်။

**မှတ်ချက်။** ။ မရနိုင်သော စိတ်များကိုလည်း ရနိုင်သော စိတ်များကိုမှီ၍ ရေတွက်လေ။ မရနိုင်သော စိတ်ပေါင်း ၅၂ ပါး တို့တွင် ဝီထိမုတ်စိတ် (မဟာဝိပါက် ၉ ပါး) ပါဝင်နေသောကြောင့် မရနိုင်သော ဝီထိစိတ်ဟုမေးလျှင် မဟာဝိပါက် ၉ ပါးကို နှုတ်၍ ၄၃ ပါးဟုဖြေပါ။

**ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ရနိုင်သော ဇောစိတ်**

အကုသိုလ်စိတ် ၁၂ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ ပေါင်း ၂၀ ပါး။

**မရနိုင်သော ဇောစိတ်**

ဟသိတုပ္ပါဒ် ၁ ပါး၊မဟာကြိယာ ၈ ပါး၊ မဟဂ္ဂုတ် ကုသိုလ် ၉ ပါး၊ မဟဂ္ဂုတ်ကြိယာ ၉ ပါး၊ လောကုတ္တရာ ၈ ပါး၊ ပေါင်း ၃၅ ပါး။

**၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့ ရနိုင်သောစိတ် (ဝီထိစိတ်)**

အကုသိုလ်စိတ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက် ဉာဏဝိ ပ္ပယုတ်စိတ် ၄ ပါး၊ပေါင်း ၄၁ ပါး ရနိုင်သည်။

**၃။ ဈာန်မရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ရနိုင်သော စိတ် (ဝီထိစိတ်)**

အကုသိုလ်စိတ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက် ၈ ပါး၊ ပေါင်း ၄၅ ပါး ရနိုင်သည်။

**၄။ ဈာန်ရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် ရနိုင်သောစိတ် (ဝီထိစိတ်)**

အကုသိုလ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မဟဂ္ဂုတ် ကုသိုလ်စိတ် ၉ ပါး၊ ပေါင်း ၅၄ ပါးရနိုင်သည်။

**ကာမဘုံ အရိယာများ စိတ်ရ**

၁။ မဂ်ပုဂ္ဂိုလ် ၄ ယောက်၌ မိမိဆိုင်ရာ မဂ်စိတ် ၁ ပါးစီသာရ၏။

၂။ ဈာန်မရ အောက်ဖိုလ် ပုဂ္ဂိုလ် ၂ ယောက်ရနိုင်သောစိတ်

လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ပါး၊ ဒေါသမူစိတ် ၂ ပါး၊ မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ မိမိဆိုင်ရာ ဖိုလ်စိတ် ၁ ပါးစီ၊ ပေါင်း ၄၁ ပါး ရနိုင်သည်။

**မှတ်ရန်။ ။ ဈာန်ရပုဂ္ဂိုလ်ဖြစ်က မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး ထည့်ပေါင်းပေးရန်။**

**၃။ ဈာန်မရ အနာဂါမ်ပုဂ္ဂိုလ် ရနိုင်သောစိတ် (ဝီထိစိတ်)**

လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ပါး၊ မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟာဝိပါက်စိတ် ၈ ပါး၊ အနာဂါမိဖိုလ်စိတ် ၁ ပါး၊ ပေါင်း ၃၉ ပါး ရနိုင်၏

### ၄။ ဈာန်မရ ရဟန္တာပုဂ္ဂိုလ် ရနိုင်သောစိတ် (ဝီထိစိတ်)

အဟိတ်စိတ် ၁၈ ပါး၊ မဟာဝိပါက် ၈ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အရဟတ္တဖိုလ်စိတ် ၁ ပါး၊ ပေါင်း ၃၅ ပါးတို့ဖြစ် နိုင်၏။ ဈာန်ရ ရဟန္တာဖြစ်က မဟဂ္ဂုတ်ကြိယာ ၉ ပါးထည့်ပေါင်းက ၄၄ ပါးတို့ဖြစ်၏။

## ရူပပုဂ္ဂိုလ်တို့စိတ်ရ

အသညသတ် ကြဉ်သော ရူပ၁၅ဘုံ၌ ဈာန်ရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ် နှင့် ဈာန်ရ ဖိုလ်ပုဂ္ဂိုလ် ၄ ယောက်၊ မဂ်ပုဂ္ဂိုလ် ၄ ယောက်တို့ရှိကြသည်။ မဂ်ပုဂ္ဂိုလ်တို့မှာ မဂ် ရဆဲအခိုက်ကိုသာ ခေါ်ဝေါ်ရခြင်းကြောင့် မိမိဆိုင်ရာ မဂ်တစ်ပါးစီသာ ရကြ သည်။

ပုထုဇဉ်ဖြစ်စေကာမူ ရရှိထားသော ဈာန်အားလျှော်စွာ ဒေါသကို ခေတ္တ ပယ်ခွာထားသောကြောင့် ဒေါသမူဒွေ မရ၊ ဃာန၊ ဇိဝှါ၊ ကာယပသာဒ ဝတ္ထုများ မရှိသောကြောင့် ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေ တို့မရနိုင်။ ရူပသတ္တဝါများဖြစ်သောကြောင့် တဒါရုံ မဟာဝိပါက် ၈ပါး မဖြစ်ဟု အခြေခံကျကျ သိထားပြီးလျှင် ကာမပုဂ္ဂိုလ်များ စိတ်ရပေါ်မူတည်၍ ရနိုင်သောစိတ်များကို ဆက်စပ်ကာ တွက်ဆ ယူကြည့်ရန်သာ။

ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သည့် ဝီထိမုတ်စိတ်ဖြစ်သော ရူပဝိပါက်စိတ် ၅ ပါးရကြသောကြောင့် ရနိုင်သော ဝီထိစိတ်ဟုမေးလျှင် ရနိုင်သောစိတ်ပေါင်းမှ ဝီထိမုတ်စိတ် (ရူပဝိပါက်) ၅ ပါး ပြန်နှုတ်ပေးပါ။

## ရူပတိဟိတ် ပုထုဇဉ် ရနိုင်သောစိတ်

ဒေါသမူဒွေကြဉ် အကုသိုလ်စိတ် ၁၀ ပါး၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟသိ ကြဉ် အဟိတ်စိတ် ၁၁ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး၊ ရူပဝိပါက်စိတ် ၅ ပါး၊ ပေါင်း ၄၃ ပါးရနိုင်၏။

## ရူပဘုံ အောက်ဖိုလ်ပုဂ္ဂိုလ် ၃ ယောက် ရနိုင်သောစိတ်

ဒိဋ္ဌိဂတသမ္ပယုတ် ၄ ပါး၊ ဝိစိကိစ္ဆာ၊ ဒေါသကြဉ် အကုသိုလ်စိတ် ၅ ပါး၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟသိကြဉ် အဟိတ်စိတ် ၁၁ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး၊ ရူပဝိပါက်စိတ် ၅ ပါး၊ ဆိုင်ရာဖိုလ်စိတ် ၁ ပါးစီ၊ ပေါင်း ၃၉ ပါးရနိုင်၏။

## ရူပဘုံ ရဟန္တာပုဂ္ဂိုလ်များ ရနိုင်သောစိတ်

ဃာန၊ ဇိဝှါ၊ ကာယကြဉ် အဟိတ်စိတ် ၁၂ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉ ပါး၊ ရူပဝိပါက် ၅ ပါး၊ အရဟတ္တဖိုလ်စိတ် ၁ ပါး၊ ပေါင်း ၃၅ ပါးရနိုင်၏။

## အရူပ ပုဂ္ဂိုလ်တို့စိတ်ရ

အရူပဘုံ၌ ဗျာန်ရ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ် ကြဉ်သော မဂ်ပုဂ္ဂိုလ် ၃ ယောက်၊ ဗျာန်ရ ဖိုလ်ပုဂ္ဂိုလ် ၄ ယောက်တို့ရှိကြသည်။ အရူပပုဂ္ဂိုလ်တို့သည် ပုထုဇဉ်ဖြစ်စေကာမူ ဗျာန်အားလျော်စွာ ဒေါသကို ခေတ္တပယ်ခွါထားသောကြောင့် ဒေါသမူဒွေမရ၊ ရုပ်မရှိသောကြောင့် အဟိတ်စိတ်များထဲမှ မနောဒွါရာဝဇ္ဇန်းမှလွဲ၍ ကျန်စိတ်များမဖြစ်၊ အရူပသတ္တဝါဖြစ်၍ တဒါရုံ မဟာဝိပါက် ၈ ပါးလည်းမဖြစ်၊ ရူပဗျာန်နှင့် အောက်အောက် အရူပဗျာန်များကိုလည်း ဝင်စားခြင်းမရှိသောကြောင့် ရူပဗျာန်စိတ်များနှင့် အောက်အောက်အရူပဗျာန်များ မဖြစ်ဟု အခြေခံကျကျ သိထားပြီး ရနိုင်သောစိတ်များကို တွက်ဆယူပါ။

### အရူပဘုံ တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်ရနိုင်သော စိတ်

ဒေါသမူဒွေကြဉ် အကုသိုလ်စိတ် ၁၀၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ်စိတ် ၈ ပါး၊ အရူပကုသိုလ်စိတ် ၄ ပါး၊ အရူပဝိပါက် ၄ ပါး၊ ပေါင်း ၂၇ ပါး ရနိုင်၏။

### အရူပဘုံ အောက်ဖိုလ်ပုဂ္ဂိုလ် ၃ ယောက် ရနိုင်သောစိတ်

ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး ဝိစိကိစ္ဆာ၊ ဒေါသကြဉ် အကုသိုလ်စိတ် ၅ ပါး၊ မနောဒွါရာဝဇ္ဇန်း ၁ ပါး၊ မဟာကုသိုလ် စိတ် ၈ ပါး၊ အရူပကုသိုလ်စိတ် ၄ ပါး၊ အရူပဝိပါက် ၄ ပါး၊ ဆိုင်ရာဖိုလ်စိတ် ၁ ပါးစီ၊ ပေါင်း ၂၃ ပါး ရနိုင်၏။

### အရူပဘုံ ရဟန္တာ ရနိုင်သောစိတ်

မနောဒွါရာဝဇ္ဇန်း ၁ ပါး၊ မဟာကြိယာစိတ် ၈ ပါး၊ အရူပကြိယာစိတ် ၄ ပါး၊ အရူပဝိပါက်စိတ် ၄ ပါး၊ အရဟတ္တ ဖိုလ်စိတ် ၁ ပါး၊ ပေါင်း ၁၈ ပါးရနိုင်၏။

# *ဘူမိဝိဘာဂ*

ဘုံအပြားအားဖြင့် ရသင့်ရထိုက်သော ဝီထိစိတ်များကို ခွဲခြမ်းဝေဖန်၍ပြရာ အခန်းကို ဘူမိဝိဘာဂ ဟုခေါ် သည်။ ဘုံ၌စိတ်ရ ဝေဖန်ပြသောအခန်းဟုလည်း ဆိုကြ၏။

**အပါယ် ၄ ဘုံ၌ ရနိုင်သောစိတ်**

အကုသိုလ်စိတ် ၁၂ ပါး၊ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ် ၁၇ ပါး၊ မဟာကုသိုလ်စိတ် ၈ ပါး၊ ပေါင်း ၃၇ ပါး။

**ကာမသုဂတိ ၇ ဘုံ၌ရနိုင်သောစိတ်**

မဟဂ္ဂုတ်ဝိပါက် ၉ ပါးကြဉ်သော စိတ်ပေါင်း ၈၀ ရ၏။

**ဝေဟပ္ဖိုလ်တိုင်ရူပ ၁၀ ဘုံ၌ ရနိုင်သောစိတ်**

ဒေါသမူဒွေကြဉ် အကုသိုလ် ၁၀ ပါး၊ ဃာန၊ ဇိဝှါ၊ ကာယ ကြဉ် အဟိတ်စိတ် ၁၂ ပါး၊ မဟာကုသိုလ် မဟာကြိယာ စိတ် ၁၆ ပါး၊ မဟဂ္ဂုတ်ကုသိုလ်၊မဟဂ္ဂုတ်ကြိယာ ၁၈ ပါး ရူပဝိပါက် ၅ ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊ ပေါင်း ၆၉ ပါး။

**မှတ်ချက်။** ။ ရူပ ၁၀ ဘုံ၌ ပထမဈာန် ၃ ဘုံ၊ ဒုတိယဈာန် ၃ ဘုံ၊ တတိယဈာန် ၃ ဘုံ၊ ဝေဟပ္ဖိုလ်တို့ကို ဆိုရိုးအတိုင်း ဘုံအလိုက် ခွဲခြား၍၊ ထိုဘုံများ၌ဖြစ်ခွင့်ရှိသော ရူပပဋိသန္ဓေဘဝင်တွင် စုတိ (ဝီထိမုတ်စိတ်) များကိုလည်း တွက်စစ် လေ့ကျင့်ယူရန်။

၁။ ပထမဈာန် ၃ ဘုံ၌ရနိုင်သောစိတ် ၆၅ ပါး။ ရနိုင်သောဝီထိစိတ် (မိမိကိုယ်ပိုင် ရူပဝိပါက်ကြဉ်) ၆၄ ပါး။

၂။ ဒုတိယဈာန် ၃ ဘုံ၌ရနိုင်သောစိတ် ၆၆ ပါး။

၃။ တတိယဈာန် ၃ ဘုံ၌ရနိုင်သော စိတ် ၆၅ ပါး၊

၄။ ဝေဟပ္ဖိုလ်ဘုံ၌ ရနိုင်သောစိတ် ၆၅ ပါး။

အသညသတ်ဘုံမှာ ဒွါရ မထိုက်သောရုပ်များသာ ရသောဘုံဖြစ်၍ မည်သည့် စိတ်၊ စေတသိက်ကိုမျှမရကြပါ။

**သုဒ္ဓါဝါသ ငါးဘုံ၌ ရနိုင်သောစိတ်**

ဒိဋ္ဌိဂတသမ္ပယုတ် ၄ ပါး၊ ဝိစိကိစ္ဆာ ၁ ပါး ဒေါသ ၂ ပါးကြဉ် အကုသိုလ် ၅ ပါး၊ ဃာန၊ ဇိဝှါ၊ ကာယကြဉ် အဟိတ် စိတ် ၁၂ ပါး။ မဟာကုသိုလ် မဟာကြိယာစိတ် ၁၆ ပါး၊ မဟဂ္ဂုတ် ကုသိုလ် ကြိယာ ၁၈ ပါး၊ ရူပ ပဉ္စမဈာန် ဝိပါက် စိတ် ၁ ပါး၊ အရဟတ္တမဂ်စိတ် ၁ ပါး၊ အထက်ဖိုလ်စိတ် ၂ ပါး၊ ပေါင်း ၅၅ ပါး။

## အရူပ ၄ ဘုံ၌ရနိုင်သောစိတ်

ဒေါသမူဒွေကြဉ် အကုသိုလ် ၁၀ ပါး၊ မနောဒွါရဝဇ္ဇန်း၊ မဟာကုသိုလ်၊မဟာကြိယာစိတ် ၁၆ ပါး၊ အရူပကုသိုလ်၊ အရူပကြိယာစိတ် ၈ ပါး၊ အရူပဝိပါက် ၄ ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇ ပါး၊ ပေါင်း ၄၆ ပါးရနိုင် ၏။

## အာကာသာနဉ္စာယတနဘုံ၌ရနိုင်သောစိတ်

ဒေါသမူဒွေကြဉ် အကုသိုလ် ၁၀ ပါး၊ မနောဒွါရာဝဇ္ဇန်း ၁ ပါး၊ မဟာကုသိုလ်၊ မဟာကြိယာစိတ် ၁၆ ပါး၊ အရူပကုသိုလ်၊ အရူပကြိယာစိတ် ၈ ပါး၊ အာကာသာနဉ္စာယတနဝိပါက် ၁ ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇ ပါး၊ ပေါင်း ၄၃ ပါး။

## ဝိညာဏဉ္စာယတနဘုံ၌ရနိုင်သောစိတ်

ဒေါသမူဒွေကြဉ် အကုသိုလ် ၁၀ ပါး၊ မနောဒွါရာဝဇ္ဇန်း ၁ ပါး၊ မဟာကုသိုလ် ၊မဟာကြိယာစိတ် ၁၆ ပါး အာကာသာနဉ္စာယတနကုသိုလ်၊ ကြိယာကြဉ် အရူပကုသိုလ်၊ ကြိယာ ၆ ပါး၊ ဝိညာဏဉ္စာယတနဝိပါက် ၁ ပါး၊ သောတာပတ္တိ မဂ်ကြဉ် လောကုတ္တရာ ၇ ပါး၊ ပေါင်း ၄၁ ပါး။

## အာကိဉ္စညာယတနဘုံ၌ရနိုင်သောစိတ်

ဒေါသမူဒွေကြဉ် အကုသိုလ် ၁၀ ပါး၊ မနောဒွါရာဝဇ္ဇန်း ၁ ပါး၊ မဟာကုသိုလ်၊ မဟာကြိယာစိတ် ၁၆ ပါး၊ အာကာသာနဉ္စ၊ ဝိညာဏဉ္စာယတန ကုသိုလ်၊ ကြိယာကြဉ် အရူပကုသိုလ်၊ ကြိယာ ၄ ပါး၊ အာကိဉ္စညာယတနဝိပါက် ၁ ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇ ပါး၊ ပေါင်း ၃၉ ပါး။

## နေဝသညာနာသညာယတနဘုံ၌ရနိုင်သောစိတ်

ဒေါသမူဒွေကြဉ် အကုသိုလ် ၁၀ ပါး၊ မနောဒွါရာဝဇ္ဇန်း ၁ ပါး၊ မဟာကုသိုလ်၊ မဟာကြိယာစိတ် ၁၆ ပါး၊ နေဝသ ညာနာသညာယတနကုသိုလ် ၁ ပါး၊ ကြိယာ ၁ ပါး၊ ဝိပါက် ၁ ပါး၊ သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ် ၇ ပါး၊ ပေါင်း ၃၇ ပါး တို့ဖြစ်ပါသည်။

**မှတ်ချက်။ ။** အရူပပြဟ္မာများသည် မိမိတို့ဘုံအလိုက် ရသင့်သောဈာန်နှင့် အထက်အထက် အရူပဈာန်များကိုသာ ဝင်စားလေ့ရှိကြသည်။ အောက်အောက် အရူပဈာန် များကို ဝင်စားလေ့မရှိပါ။

## *ဗဟုသုတမှတ်ဖွယ်*

### ဝီထိစိတ်တို့ တာဝန်အသီးသီး ဆောင်ရွက်ပုံ

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | = | စက္ခုစသော ဒွါရခြောက်ပါး၌ ထင်လာသော အာရုံကိုဆင်ခြင်ခြင်း။ |
| ပဉ္စဝိညာဏ် | = | ပဉ္စဒွါရာဝဇ္ဇန်း ဆင်ခြင်အပ်သော အာရုံကို မြင်၊ကြား၊ နံ၊ အရသာသိ၊ ထိသိခြင်း။ |
| သမ္ပဋိစ္ဆိုန်း | = | ပဉ္စဝိညာဏ်တို့ယူအပ်ပြီးသော အာရုံကို လက်ခံခြင်း။ |
| သန္တီရဏ | = | သမ္ပဋိစ္ဆိုန်းခံယူအပ်သော အာရုံကို စုံစမ်းခြင်း။ |
| ဝုဋ္ဌော | = | သန္တီရဏယူအပ်ပြီးသော အာရုံကိုမှတ်သား ဆုံးဖြတ်ခြင်း။ |
| ကာမဇော | = | အာရုံ၏အရသာကို ခံစားခြင်း |
| တဒါရုံ | = | ဇောခံစားအပ်ပြီးသော အာရုံကို ထပ်မံ၍ခံစားခြင်း။ |

**ရူပါရုံနှင့် စက္ခုပသာဒတို့ရှေးရှု တိုက်ဆိုင်မိရာဝယ်** (က) အတိမဟန္တာရုံ ဝီထိဖြစ်လျှင် အတီတဘဝင်တစ်ချက် အလွန်ဖြစ်သော **ဘဝင်္ဂစလန ဥပါဒ်၌** ထင်ခြင်းသို့ရောက်သည်။ (ခ) ထင်ခြင်းသို့ရောက်သည်မှစ၍ ရေတွက်သော် **စိတ္တက္ခဏ ၁၆ ချက်** အသက်ရှည်သည်။ (ဂ) ဒုတိယတဒါရုံ၏ **ဘင်နှင့်ပြိုင်၍** ချုပ်သည်။ အာရုံနှင့်ဒွါရတို့ ရှေ့ရှုအတူ ဥပါဒ်ကြသည်မှစ၍ အနည်းဆုံး **အတီတဘဝင် ၁ ချက်လွန်ပြီးမှ ဒွါရ၌ထင်ခြင်းသို့ ရောက်သောကြောင့်** အာရုံ ၅ ပါးသည် ၅ ဒွါရ၌ထင်ရာ **ဥပါဒ်လျှင် ဥပါဒ်ချင်း**အာရုံမထင်နိုင်ပါ။

စိတ်တစ်ခုကို အဘိဓမ္မာနည်းအရ အသေးစိပ်လေ့လာကြည့်ပါက (၁) ဥပါဒ်-စိတ်၏ဖြစ်ပေါ်လာမှု၊ (၂) ဌီ-စိတ်၏ ဖြစ်ပြီးနောက် တည်နေမှု (၃) ဘင်- စိတ်၏ တည်ပြီးနောက် ပျက်စီးချုပ်ကွယ်မှုတို့ဖြစ်သည်။

စိတ်၏စွမ်းအင်ထူးကို ရရှိကြသော ဈာန်ရပုဂ္ဂိုလ်များ ဦးစွာဖြစ်စဉ် အခါဝယ် ပါဝင်သော **ကာမဇောတို့အမည်မှာ** (၁) မန္ဒပုဂ္ဂိုလ်အတွက် = ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော ဥပစာရသမာဓိဇော ၄ ကြိမ်၊ (၂)တိက္ခတို့ အတွက် = ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟူသော ဥပစာရသမာဓိဇော ၃ ကြိမ် တို့ဖြစ်သည်။ ထိုကာမဇောတို့၏

စိတ်သရုပ်မှာ ပုထုဇဉ်၊ သေက္ခဖြစ်က မဟာကုသိုလ် **ဉာဏသမ္ပယုတ်စိတ် ၄ ပါး၊** ရဟန္တာဖြစ်က **မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄** ပါးတို့ဖြစ်သည်။

## မဂ်ပေါက် ဖိုလ်ဝင် ဟူသောစကားမှန်ကြောင်း

မဂ္ဂဝီထိများ၌ မဂ်ဇောတစ်ကြိမ်ဖြစ်ပြီးလျှင် (မန္ဒပုဂ္ဂိုလ်) ဖိုလ်ဇော ၂ ကြိမ်၊ (တိက္ခပုဂ္ဂိုလ်) ဖိုလ်ဇော ၃ ကြိမ် ဆက်တိုက်ဖြစ်သောကြောင့် မဂ်ပေါက်ဖိုလ်ဝင် ဟူသော စကား မှန်ကန်ပါသည်။

## မဂ်စိတ်ဖြစ်ပြား တဖွားဖွား ဟူသောစကားမမှန်ကြောင်း

မဂ်စိတ်တို့သည် ဝရဇိန်မိုးကြိုးပမာ အလွန်တရာ အရှိန်ပြင်းထန်သော ဝဇီရူပမာ တရားမျိုးဖြစ်သဖြင့် ဆိုင်ရာ ကိလေသာတို့ကို အကြိမ်ကြိမ်ပယ်ဖြတ်ရန် မလို၊ တစ်ကြိမ်တည်းဖြင့် ပယ်ဖြတ်နိုင်၍ တစ်ကြိမ်သာ ဖြစ်သောကြောင့်တည်း။

ဈာန်၊ မဂ်၊ ဖိုလ် မရထိုက်သော ပုဂ္ဂိုလ်များမှာ ၁။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၂။ သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ၃။ ဒွိဟိတ် ပုဂ္ဂိုလ်တို့ဖြစ်သည်။ အကြောင်းမှာ ဈာန်၊မဂ်၊ဖိုလ် ရထိုက်သော အကြောင်းရင်းဖြစ်သော အမောဟဟိတ်တည်း ဟူသော ဉာဏ်နှင့်ယှဉ်သည့် တိဟိတ်ပဋိသန္ဓေစိတ် မရှိခြင်းကြောင်းတည်း။

## သတ်မှတ်ချက်မရှိဘဲ စောချင်သလောက် စောခွင့်ရှိသော ဇော

အဘိညာဉ်ဇော၊ မဂ်ဇောတို့မှကြွင်းသော မဟဂ္ဂုတ်၊ လောကုတ္တရာ ဇောတို့သည် သမာပတ္တိဝီထိ၌ နေ့ညဉ့် ပတ်လုံး ဇောများစောနိုင်သောကြောင့် သတ်မှတ်ချက်မရှိဘဲ ဘဝင်အလျင်ကဲ့သို့ စောချင်သလောက် စောခွင့်ရှိပါ သည်။

ပရမတ္ထနယ်ပယ်၌ ဇောအစစ်မဟုတ်ပါဘဲ **ဇောအတု** ဝင်ရောက်လုပ်နေသော ဇောတု၊ **ဇောယောင်မှာ ဝုဋ္ဌောဖြစ်** ပါသည်။

## ဝိသယပ္ပဝတ္တိ အဓိပ္ပါယ်နှင့် သရုပ်

အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်းကို ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိမည်၏။ အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်းသည် ဝီထိမုတ် စိတ်တို့၏ ဝိသယပ္ပဝတ္တိမည်၏။

ဝီထိစိတ် ဝိသယပ္ပဝတ္တိသည် ၁။အတိမဟန္တရုံ ၂။ မဟန္တာရုံ ၃။ ပရိတ္တာရုံ ၄။ အတိပရိတ္တာရုံ ဟု ပဉ္စဒွါရဝိသယပ္ပ ဝတ္တိ ၄ ပါးနှင့် ၅။ ဝိဘူတာရုံ ၆။ အဝိဘူတာရုံဟု မနောဒွါရ ဝိသယပ္ပဝတ္တိ ၂ ပါးအားဖြင့် ၆ ပါးရှိသည်။

ဝီထိမုတ်စိတ် ဝိသယပ္ပဝတ္တိကား ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အားဖြင့် ၃ပါးသာ ရှိသည်။

## လူသားတို့၌ဖြစ်သော ဘဝင်စိတ်နှင့် ဝီထိစိတ်ဖြစ်ပုံကို ခွဲခြားပြခြင်း

အာရုံနှင့် တိုက်ဆိုင်မှုမရှိသောအခါ ဘဝင် (ဝီထိမုတ်) စိတ်ဖြစ်၍ အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်သောအခါ ဝီထိစိတ် ဖြစ်ပါသည်။ ဖြစ်ပုံကား = လူသားတို့၏စိတ်သည် ပဝတ္တိအခါ၌ ဘဝင်စိတ်နှင့် ဝီထိစိတ်ဟူ၍ ရှိရာဝယ် ဝီထိစိတ် ဟူသည် အာရုံ တစ်ပါးပါးသည် ဆိုင်ရာဒွါရ၌ ထိခိုက်တိုက်ဆိုင်လျှင် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လှုပ်ရှားသော သဘောရှိသည်။ ဘဝင်စိတ်ကား အာရုံ ၆ ပါးတို့တွင် တစ်ပါးပါးကိုမျှ အာရုံမပြုနိုင် တနည်း ဒွါရမှ အလွတ်ဖြစ်၍ ဒွါရဝိမုတ်စိတ်လည်းမည်၏။

ဘဝင်စိတ်သည် များသောအားဖြင့် လွန်ခဲ့သောဘဝ မရဏာသန္နဇောသည် ယူအပ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ် ၃ ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုသည်။ ဘဝင်စိတ်သည် အိပ်ပျော်နေစဉ်ဖြစ်ပေါ်သော၊ ငြိမ်သက်သော သဘောရှိသောစိတ်ဖြစ်၏။ ထို့ပြင် ဝီထိတစ်ခုနှင့်တစ်ခု ကြားတွင်လည်း ဘဝင်စိတ်များဖြစ်ပေါ်သေးသည်။

## တဒါရုံအင်္ဂါ (၃) ပါး

၁။ ကာမဇော ၂။ ကာမသတ္တဝါ ၃။ အတိမဟန္တ၊ ဝိဘူတဖြစ်သော ကာမအာရုံ တို့တည်း။ ဤ အင်္ဂါ သုံးပါးပြည့်စုံ မှသာ **တဒါရုံကျသည်**။

တဒါရုံအင်္ဂါများ ညီပါလျက် တဒါရုံကျခွင့်မရှိသော ဝီထိမှာ သောမနဿပဋိသန္ဓေ ဖြင့် ဒေါသဇော စောရာအခါ၌ အာဂန္တုကဘဝင်ကျသော **ပဉ္စဒွါရိက အတိမဟန္တာရုံ** ဝီထိဖြစ် သည်။ ထို့ပြင် **ပဉ္စဒွါရဝီထိဖြစ်သော မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံနှင့် မနောဒွါရဝီထိဖြစ်သော အဝိဘူတာရုံ ဝီထိတို့၌လည်း တဒါရုံမကျပါ။**

သောမနဿဖြင့် ပဋိသန္ဓေနေခဲ့သူအား ဒေါသဇောစောနေသည့်အတွက် ထိုဇောနောင်တဒါရုံ ဖြစ်ခွင့်မရဘဲ အခက်အခဲကြုံရာအခါ ဥပေက္ခာသန္တီရဏစိတ် ၂ ပါး သည် ရှေးကအလေ့အလာများသော ကာမအာရုံတစ်ပါးပါးကို အာရုံပြု၍ အာဂန္တုက ဘဝင်ကိစ္စတပ်လျက် စိတ္တနိယာမအတိုင်း ဖြစ်လာရသည်။ ထိုဥပေက္ခာသန္တီရဏ အာဂန္တု

က ဘဝင်နောက်တွင်ကား ပင်ကိုယ်ရိုးရာကျမြဲ မူလ သောမနဿဘဝင်စိတ်သည် ဆက်၍ ကျရပါသည်။

## အာဂန္တုကဘဝင် ဖြစ်ပေါ်လာရာအခါ

လတ်တလော ဖြစ်ပေါ်လာရသော အာဂန္တုက ဘဝင်သည် သောမနဿ ဖြင့် ပဋိသန္ဓေ နေခဲ့သော ပုဂ္ဂိုလ်၏ ဒေါသဇော အဆုံး၌ တစ်စုံတစ်ခုသော အကြောင်း ချို့တဲ့မှုကြောင့် တဒါရုံဖြစ်ခွင့်မရလျှင် ဘဝင်ကျရလိမ့်မည်။ ထိုဘဝင်စိတ်သည် (၁) ပဋိသန္ဓေနှင့်လျော်သော သောမနဿဘဝင် ဖြစ်က ရှေ့ ဒေါသနှင့် ဆန့်ကျင်၏။ (၂) ဒေါသဇော နှင့်လျော်သော ဥပေက္ခာဘဝင်ဖြစ်က မူလပဋိသန္ဓေနှင့် ဆန့်ကျင်၏။ ဤသို့ တဒါရုံလည်း ဖြစ်ခွင့်မရ၊ ဘဝင်လည်း မကျသာဘဲ အခက်အခဲ ကြုံရာအခါမျိုး၌ ရှေ့ဒေါသဇော နှင့် နောက်ဘဝင်အား လျော်သော ဥပေက္ခာသန္တီရဏစိတ်သည် သန္တီရဏကိစ္စ စသည် မတပ်ပါဘဲ ရေးက အလေ့အကျင့်များသော ကာမအာရုံ တစ်ပါးပါး ကို အာရုံပြုပြီး အာဂန္တုက ဘဝင် ကိစ္စတပ်၍ ဖြစ်ပေါ်လာရပါသည်။

**အတိပရိတ္တာရုံဝီထိသည်** ဝီထိစိတ်ဖြစ်စဉ်အနေဖြင့်သာ ပြခဲ့ရသော်လည်း **ဝီထိစိတ်လုံးဝမဖြစ်သော** ဝီထိသာ တည်း။

## တစ်ဘဝတွင် ဝီထိမဖြစ်သောအခါ၊ဝီထိဖြစ်ရာကာလနှင့် ဖြစ်ပုံအခြင်းအရာတို့ကား

| | | |
|---|---|---|
| ဝီထိမဖြစ်ရာအခါကား | = | ပဋိသန္ဓေအခါ၊ ဘဝင်ကိစ္စတပ်သောအခါ၊ စုတိကိစ္စ တပ်သောအခါတို့တည်း။ |
| ဝီထိစိတ်ဖြစ်ရာကာလကား | = | ပဝတ္တိအခါ အာရုံနှင့်ဒွါရ တိုက်ဆိုင်လာရာ အခါတည်း။ |
| ဝီထိစိတ်ဖြစ်ပုံအခြင်းအရာမှာ | = | အာရုံတို့၏ ဒွါရတို့၌ဖြစ်ခြင်း ( အာရုံနှင့် ဒွါရတို့ တိုက်ဆိုင်သောအခါ ဖြစ်ပေါ် လာသည့် စိတ်တို့၏ အစဉ်အတန်း ဖြစ်ပုံအခြင်းအရာ ) ကို ခေါ်ပါသည်။ |

## ချစ်ခြင်းအစ မျက်စိက ဟူသောစကားနှင့် အချစ်မှာ မျက်စိမရှိ ဟူသော စကားနှစ်ရပ်တို့ ဆန့်ကျင်မှုမရှိပုံ

၁။ အဆင်း ရူပါရုံနှင့် မျက်စိ စက္ခုပသာဒ တိုက်ဆိုင်သောအခါ စက္ခုဒွါရ (အတိမဟန္တာရုံ) ဝီထိဖြစ်၏။ ဝီထိဖြစ်စဉ်မှာ တီ၊ န၊ ဒ၊ ပဥ္စ၊ စက္ခု၊ သံ၊ သန်၊ ဝုဋ္ဌော၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်ဖြစ်၏။ ထိုစက္ခုဒွါရဝီထိတွင် ကာမဇော၌ ချစ်ခြင်း ဆိုသော လောဘဇော ဖြစ်နိုင်၏။ သို့ဖြစ်၍ ချစ်ခြင်းဆိုသော လောဘဇောသည် အဆင်းရူပါရုံနှင့် မျက်စိ စက္ခုပသာဒ တို့

တိုက်ဆိုင်သောကြောင့် ဖြစ်လာပါသည်။ ထို့ကြောင့် ချစ်ခြင်းအစမျက်စိက ဟူသော စကား မှန်ကန်ပါသည်။

၂။ ထို အချစ်ဟုဆိုအပ်သော လောဘဇောသည် နှလုံးသား (ဟဒယဝတ္ထု) ၌သာမှီ၍ဖြစ်ပြီး မျက်စိ (စက္ခုပသာဒရုပ်) တွင် မမှီသောကြောင့် အချစ်မှာ မျက်စိမရှိဟူသော စကားမှန် ပါသည်။ ထို့ကြောင့် ထိုစကားနှစ်ရပ် ဆန့် ကျင်မှုမရှိပါ။

## လုံထမ်းလာတာကိုမြင်နိုင်တယ်၊ ကံထမ်းလာတာကို မမြင်နိုင် ဟူသောစကားမှန်ပုံ

စက္ခုဝိညာဏ်သည် ပစ္စုပ္ပန်ရူပါရုံဟူသော ရုပ် (လုံထမ်းလာ) သည်ကိုသာ မြင်နိုင် ၍ ကုသိုလ်၊ အကုသိုလ်စေတနာ ကံ ဟူသော နာမ်တရားကိုမမြင်နိုင်သောကြောင့် တည်း။

ယခုခေတ် အသက်ရာကျော်ရှည်သော ပုဂ္ဂိုလ်တို့၏ စိတ်နှင့်ရုပ်တို့သည် ထိုပုဂ္ဂိုလ် တို့၏ အသက်နှင့်အမျှ မရှည်ကြပါ။ ၁။ ထိုပုဂ္ဂိုလ်တို့၌ဖြစ်နေသော စိတ်၏သက်တမ်းမှာ လွန်စွာတိုတောင်းရကား စိတ္တက္ခဏ ၁ ချက် တနည်း ခဏငယ် ၃ ချက်သာ ရှည်သကဲ့သို့ ၂။ ရုပ်တို့သက်တမ်းမှာ ဝိညတ်ဒွေးနှင့် လက္ခဏရုပ် ၄ ပါးကြဉ် ရုပ် ၂၂ ပါးတို့ တို့သည် စိတ္တက္ခဏ ၁၇ ချက် (ခဏငယ် ၅၁ ချက်)၊ ဝိညတ်ဒွေးသည် စိတ္တက္ခဏ ၁ ချက်၊ ဥပစယ၊ သန္တတိတို့ သည် (စိတ်၏ ဥပါဒ်) ခဏငယ် ၁ ချက်၊ ဇရတာသည် (စိတ်၏ဌီ) ခဏငယ် ၄၉ ချက်၊ အနိစ္စတာသည် (စိတ်၏ ဘင်) ခဏငယ် ၁ ချက် အားဖြင့် အသီးသီး ရှည်သော ကြသာတည်း။

## စိတ်သက်နှင့် ရုပ်သက်တို့မှာ

စိတ်၏သက်တမ်း = စိတ္တက္ခဏ ၁ ချက်၊ ခဏငယ် ၃ ချက်။

ရုပ်၏သက်တမ်း = စိတ္တက္ခဏ ၁၇ ချက်၊ ခဏငယ် ၅၁ ချက်။

နာမ်နှင့်အသက်တူသောရုပ် = ဝိညတ်ရုပ် ၂ပါး၊ စိတ္တက္ခဏ ၁ချက်၊ ခဏငယ် ၃ချက်။

နာမ်တရားထက် အသက်တိုသောရုပ် = ဥပစယ၊ သန္တတိ (ဇာတိရုပ်) ဥပါဒ်ခဏငယ် ၁ ချက်။ အနိစ္စတာရုပ် = ဘင်ခဏငယ် ၁ ချက်။

နာမ်တရားထက် အသက်ရှည်သောရုပ် = ဇရတာရုပ် (ဌီခဏငယ် ၄၉ ချက်)

## ရဟန္တာပုဂ္ဂိုလ် ကုသိုလ်မရ၊ ငရဲမကြီးခြင်းအကြောင်း

ရဟန္တာပုဂ္ဂိုလ်တို့သည် ဝိဇ္ဇာနှင့်တဏှာတည်းဟူသော ဝဋ်မြစ်၂ပါးကို အမြစ်ပြတ် ပယ်သတ်ပြီးဖြစ်သဖြင့် အကုသိုလ်မပြုတော့သည့်အတွက် ငရဲမကြီးတော့ သကဲ့သို့ အနုသယမရှိတော့သည်အတွက် လောကီကုသိုလ်လည်း မဖြစ်နိုင်တော့။ ထို့အပြင် ပယ်စ

ရာ ကိလေသာတရားများ မရှိ တော့သောကြောင့် လောကုတ္တရာကုသိုလ် လည်း မရှိ တော့သောကြောင့်တည်း။

**နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ်၏**

(က) နိရောဓသမာပတ်ဝင်စားခါနီး၌ဖြစ်သော ပရမတ္ထတရားတို့မှာ - အနာဂါမ်ဖြစ်က နေဝသညာနာသညာယတန ကုသိုလ်ဇော ၂ ကြိမ်၊ ရဟန္တာဖြစ်က နေဝသညာနာသညာယတနကြိယာဇော ၂ ကြိမ် (ခ) ဝင်စားဆဲအခါ ၌ စိတ်၊ စေတသိက်၊ စိတ္တဇရုပ် ပရမတ္ထတရားများ ချုပ်နေပါသည်။ (ဂ) ဝင်စားပြီးသောအခါ၌ အနာဂါမ်ဖြစ်မူ အနာဂါမိဖိုလ်ဇော ၁ ကြိမ်၊ ရဟန္တာဖြစ်မူ အရဟတ္တဖိုလ်ဇော ၁ ကြိမ်တို့ဖြစ်ပါသည်။

## လူတန်းစားညီမျှရေးသည် တရားသဘောအရ အရာရာမဖြစ်နိုင်ကြောင်း

မေးရာပါ ဆွံ့အသူသည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ပဋိသန္ဓေနေသူဖြစ်သဖြင့် ယခု ဘဝ တွင် မည်မျှပင်ကြိုးစားအားထုတ်စေကာမူ ထိုသူတို့၏ ပဋိသန္ဓေစိတ်သည် အမောဟတည်းဟူသော ဉာဏ်ကင်း သောကြောင့် ဈာန်၊ မဂ်၊ ဖိုလ် မရနိုင်ပါ။ ( ဒွိဟိတ်ပုဂ္ဂိုလ်၌လည်း အမောဟ ဉာဏ်ကင်းပုံကိုအတူမှတ်)

တိဟိတ်လူကောင်းသည် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ပါးမှ တစ်ပါးပါးနှင့် ပဋိသန္ဓေနေသူဖြစ်သဖြင့် အမောဟ တည်းဟူသော ဉာဏ်ယှဉ်သောကြောင့် ပဝတ္တိအခါ၌ ကြိုးစားအားထုတ်လျှင် ဈာန်၊ မဂ်၊ ဖိုလ် ရနိုင်ပါသည်။ ထို့ကြောင့် လူတန်းစားညီမျှရေး သည် တရားသဘောအရမဖြစ်နိုင်ပါ။

**ကာမဇောဝါရနှင့် အပ္ပနာဇောဝါရအထူး**

| ကာမဇောဝါရ | အပ္ပနာဇောဝါရ |
|---|---|
| ၁။ ပဉ္စဒွါရဝီထိ၌ -ဝိသယပ္ပဝတ္တိ ၄ မျိုးဖြစ်၏ | လုံးဝမဖြစ် |
| ၂။ မနောဒွါရဝီထိ၌ - ဝိသယပ္ပဝတ္တိ ၂ မျိုးလုံးဖြစ်၏ | ဝိဘူတာရုံတစ်မျိုးသာဖြစ် |
| ၃။ မနောဒွါရဝိဘူတာရုံဝီထိ၌ တဒါရုံကျ၏ | တဒါရုံမကျ |
| ၄။ ရှေ့နောက်ဘဝင်များ - ဘဝင်စိတ် ၁၉ ပါးလုံးဖြစ် | တိဟိတ်ဘဝင် ၁၃ ပါးသာဖြစ် |
| ၅။ အာရုံအားဖြင့် - လောကီအာရုံ (၆ ပါးလုံး)ဖြစ်၏ | ပညတ်၊ စိတ်ပရမတ်နှင့် နိဗ္ဗာန်အာရုံ (ဓမ္မာရုံ)တို့ဖြစ်၏ |

# ဝီထိပိုင်းပြီး၏

# ဝီထိမုတ်ပိုင်း

ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သော စိတ် (၁၉) ပါးတို့ကို ဝီထိစိတ်တို့မှ အလွတ်ဖြစ်သောကြောင့် ဝီထိမုတ်စိတ် ဟုခေါ်သည်။ ထိုစိတ်တို့၏ဖြစ်ပုံကိုပြရာ အပိုင်း အခန်းဖြစ်သောကြောင့် ဝီထိမုတ်ပိုင်း ဟုခေါ်သည်။

ကံကြောင့်ဖြစ်သော ပဋိသန္ဓေစိတ်၊ စေတသိက် နှင့် ကမ္မဇရုပ် တို့၏ တစ်ပြိုက်နက်ဖြစ်ရာ အခါသည် ပဋိသန္ဓေအခါ မည်၏။ ပဋိသန္ဓေအခါဟူသည် ပဋိသန္ဓေစိတ်တစ်ခုဖြစ်ရာ စိတ္တက္ခဏ ၁ ချက်=ဥပါဒ်၊ ဌီ၊ ဘင် ဟူသော ခဏငယ် ၃ ချက် ကာလတည်း။ ပဋိသန္ဓေအခါမှနောက် စုတိမတိုင်မီ ကာလများသည် ပဝတ္တိအခါမည်၏။

***ဝီထိမုတ်ပိုင်းကို***
***၁။ ဘူမိ စတုက္က (ဘုံ လေးမျိုး***
***၂။ ပဋိသန္ဓိ စတုက္က (ပဋိသန္ဓေ လေးမျိုး)***
***၃။ ကမ္မ စတုက္က (ကံ အမျိုးအစား လေးမျိုး) နှင့်***
***၄။ မရဏုပ္ပတ္တိ စတုက္က ( စုတေပုံ လေးမျိုး) အားဖြင့် ဝေဘန်ပြသည်။***

## ***၁။ ဘူမိစတုက္က***

သတ္တဝါတို့၏ ဖြစ်ရာဌာနကို ဘူမိ (ဘုံ) ဟုခေါ်သည်။ ဘုံသည် အကျဉ်းအားဖြင့် လေးမျိုးရှိလေသည်။

၁။ အပါယ် = ၄ဘုံ (ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ်)

၂။ ကာမသုဂတိ = ၇ ဘုံ (လူ့ဘုံ နှင့် နတ်ပြည် ၆ ထပ်)

၃။ ရူပ = ၁၆ ဘုံ (ပထမဈာန် ၃ ဘုံ၊ ဒုတိယဈာန် ၃ ဘုံ၊ တတိယဈာန် ၃ ဘုံနှင့် စတုတ္ထဈာန် ၇ ဘုံ)

၄။ အရူပ = ၄ဘုံ ( အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနဘုံ) အားဖြင့် ၃၁ ဘုံရှိသည်။

# အပါယ် ၄ ဘုံ

ကုသိုလ်ကောင်းမှုမှကင်းသော (တနည်း) ကုသိုလ်ကောင်းမှု ပြုခွင့် နည်းပါးသော ဘုံတို့ကို အပါယ်ဘုံ ဟုခေါ်သည်။ (အပ-ကင်းခြင်း၊ အယ-ကုသိုလ် ကောင်းမှု)

၁။ ငရဲ = ချမ်းသာသုခမရှိသောနေရာ (နိ-ကင်းသော (ဝါ)မရှိသော၊အယ-ချမ်းသာသုခ)

၂။ တိရစ္ဆာန် = လူ နတ်တို့ကဲ့သို့ မတ်မတ်မသွား၊ အလျားလိုက်သွားတတ်သော၊ အခြေလေးချောင်းရှိ သားကောင်အပေါင်း၊ အခြေ ၂ချောင်းရှိ သားကောင် အပေါင်း၊ ရေနေ ကုန်းနေ သတ္တဝါများကို တိရစ္ဆာန်ဟုခေါ်သည်။ (တနည်း) တိ= မေထုန်မှီဝဲခြင်း၊ အိပ်ခြင်းနှင့် စားသောက်ခြင်း ဟုဆိုအပ်သော သုံးပါးကိုသာ၊ ဂစ္ဆ=အလိုရှိသောသတ္တဝါ။

၃။ ပိတ္တာ (ပေတ)= ချမ်းသာသုခအပေါင်းမှ ကင်းဝေးရာသို့ ရောက်သော သတ္တဝါများကို ပြိတ္တာဟုခေါ်သည်။
(ပ- သုခအပေါင်းမှ ကင်းဝေးရာအရပ်သို့၊ဣတ-ရောက်သောသတ္တဝါ)

၄။ အသုရာ = နတ်တို့ကဲ့သို့ အစိုးရခြင်း မြူးတူးပျော်ပါးခြင်း မရှိသော သတ္တဝါတို့ကို အသုရာဟုခေါ်သည်။

## ငရဲမှတ်ဖွယ်

အပါယ်လေးဘုံ ဟုဆိုထားသော်လည်း၊ ငရဲသားများအတွက်သာ သီးခြားဘုံရှိ၏။ ဤမြေပြင်၏ အောက်၌ ယူဇနာပေါင်း ၁၅၀၀၀ ဝေးသောအရပ်မှစ၍ ယူဇနာ ၁၅၀၀၀ စီကွာခြားလျက် ငရဲကြီးရှစ်ထပ်တို့ တည်ရှိကြသည်။

## ငရဲကြီး ရှစ်ထပ်

၁။ **သဉ္ဇိုဝ်း** = ငရဲထိန်းတို့က သေလောက်အောင် တောက်တောက်ဖြတ်စဉ်း သတ်ညှင်းသော်လည်း အကုသိုလ် ကံမကုန်သရွေ့ အထပ်ထပ် အသက်ရှင်လျက် ငရဲခံရသောဘုံ။

၂။ **ကာဠသုတ်** = လက်နက်စွဲကိုင်ထားသော ငရဲထိန်းတို့က သစ်ရွေသမားတို့ကဲ့သို့ တိုင်းကာထက်အောက် ပက်လက် မှောက်ကာ ခုတ်ရွေခံရသောငရဲ။

၃။ **သံဃာတ** = ကိုးယူဇနာ သံမာအတိပြီးသော မြေပြင်ကြီးဝယ်ငရဲသားတို့ကို လှုပ်၍မရအောင် မြှုပ်နှံကာ သံ တောင်ကြီးတို့ဖြင့် ကြိတ်ခြေသောငရဲ။

၄။ **ဇာလရောရုဝ** =ငရဲသားတို့၏ဒွါရကိုးသွယ်မှ မီးတောက်မီးလျှံတို့ ချဉ်းနင်းဝင်ရောက်သောကြောင့် ကယ်ပါ ကူပါ တစာစာ အသံကုန်ဟစ်၍ ခံရသော ငရဲ။

၅။ **ဓူမရောရုဝ** =ငရဲသားတို့၏ဒွါရကိုးသွယ်မှ ပူလောင်သော မီးခိုးတို့ ဝင်ရောက်သောကြောင့် သနားစဖွယ် အသံ ကျယ်တို့ဖြင့် အော်ဟစ်လျက် ခံရသောငရဲ။

၆။ **တာပန** = ထန်းပင်လောက်ရှိသံတံကျင်ကြီး၌ ငရဲသားကို ထိုင်စေလျက် မီးလျှံစွဲကာ ပူလောင်စေသောငရဲ။

၇။ **ပတာပန** = မီးတောက်နေသော သံတောင်ထက်သို့ တင်ကာ တံကျဉ်လျှိုလျက် ဇောက်ထိုးအနေအားဖြင့် နစ်ဆတက်ကာ ပူလောင်စေလျက် အပြစ်ပေးခံရသော ငရဲ။

၈။ **အဝီစိ** = ငရဲသားနှင့် ဆင်းရဲဒုက္ခတို့ အကြားမရှိအောင်ခံရသော ငရဲ။

**မှတ်ချက်။** ။ ငရဲကြီးသည် ရှစ်ထပ်သာရှိသော်လည်း ငရဲကြီးတစ်ထပ် တစ်ထပ်တို့၏ ဘေးပတ်လည်၌ ငရဲငယ်များလည်းရှိသေးသည်သာ။ ထိုငရဲ ငယ်တို့ကား **ဘင်ဘုတ်ငရဲ** ( အကုသိုလ်ကံအကြွင်းရှိသေးသောငရဲသား တို့သည် ဆင်လည်ပင်းလောက်ရှိသောပိုးလောက်တို့ ကျက်စားရာ ဘင်ဘုတ်တွင်းကြီး) **ပြာပူငရဲ** (အလွန်ပူ လောင်သော ပြာပူ) **လက်ပံတောငရဲ၊သန်လျက်ရွက်တောငရဲ** နှင့် **ကြိမ်မြစ်ငရဲ**တို့တည်း။ ငရဲ ဟုဆိုသည်နှင့် အပူသာရှိသည်ဟုမမှတ်သင့်၊ လောကန္တရိတ်ခေါ် အအေးငရဲလည်းရှိသေးသည်။

## ယမမင်း

စာတုမဟာရာဇ် နတ်တို့တွင် အပါအဝင်ဖြစ်သော ဝေမာနိကပြိတ္တာ များကိုပင် ယမမင်း ဟုခေါ်သည်။ တစ်ခါတစ်ရံတွင် နတ်စည်းစိမ်းခံစား၍ တစ်ခါတစ်လေမှာမူ မကောင်းမှုကံကို (ရိုးရိုးပြိတ္တာတို့ကဲ့သို့) ခံစားရရှာသေး၏။ ထို ယမမင်းကား တစ်ယောက်သာမက အများအပြားပင်ရှိလေသည်။

လူ့ဘုံ၌ အစိုးရများ ရုံးထိုင်သလို ယမမင်းများလည်း ငရဲဘုံ၏ တံခါးလေးဖက်၌ ရုံးစိုက်ကြပြီးလျှင် ငရဲသို့ရောက်လာသူများကို စစ်ဆေး မေးမြန်း ကြ၏။ သို့သော် ငရဲသို့ ရောက်လာသူတိုင်း အစစ်ခံရသည်မဟုတ်၊ အကုသိုလ် ကြီး၍ ပြစ်မှုထင်ရှားသူတို့မှာ တစ်ခါတည်း ငရဲကျ ကုန်၏။

အကုသိုလ် နည်းပါးသူများအတွက် လွတ်လိုလွတ်ငြား အနေအားဖြင့် ယမမင်းထံ အစစ်ဆေးခံခွင့် ရကြပေသည်။ ထို့ကြောင့် ယမမင်း၏ စစ်ဆေးမှုမှာ အပြစ်ရှာလို၍မဟုတ် လွတ်သင့်က လွတ်ခွင့်ရစေလိုသောကြောင့်သာဖြစ်သည်။ သို့အတွက် ယမမင်း ဟူသည် မှာ တရားစောင့်သော မင်းကောင်း မင်းမြတ် ပင်တည်း။

ငရဲထိန်းများလည်း စတုမဟာရာဇ်နတ်များအပါအဝင် နတ်ဘီလူး များတည်း။ ထိုငရဲထိန်းများ၏ အလုပ်ကား အနည်းငယ်သော အကုသိုလ်ဖြင့် ကျရောက်လာသူများကို ယမမင်းထံသို့ ပို့ခြင်း ငရဲသို့ရောက်ပြီးသာများကို လက်မရွံ့ အာဃာတသားတို့ကဲ့သို့ ရက်စက်စွာ သတ်ပုတ်ရိုက်နှက်ခြင်းပင်တည်း။

## ကာမသုဂတိ (၇)ဘုံ

ကာမတဏှာနှင့်တကွ ဖြစ်သော တင့်တယ်ကောင်းမြတ်သော လားရောက်ရာ ဘုံကို ကာမသုဂတိဘုံ ဟုခေါ်သည်

| | | |
|---|---|---|
| ၁။ | **လူ့ဘုံ** | = အကောင်းအဆိုး အကြောင်းအကျိုးကိုသိတတ်သော သတ္တဝါတို့နေရာဘုံ |
| ၂။ | **စာတုမဟာရာဇ်ဘုံ** | = ( ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ တို့ကို နတ်မင်းကြီးဟုခေါ်သည်၊ ထိုနတ်များကို ဆည်းကပ်ခစားရသော လက်အောက်ခံ နတ်များကိုလည်း စာတုမဟာရာဇိက ဟုခေါ်ရသည်။ ထိုနတ်တို့နေရာဘုံ တည်း) |
| ၃။ | **တာဝတိံ သာ** | =မဃလုလင်နှင့် ကောင်းမှုပြုဘက် သုံးကျိပ်သုံးယောက်သောအမျိုးသားတို့ဖြစ်ရာဘုံ။ |
| ၄။ | **ယာမာ** | = ဆင်းရဲမှကင်းသောနတ်ဘုံ။ |
| ၅။ | **တုသိတာ** | = နှစ်သက်ရွှင်လန်းခြင်းသို့ရောက်သော နတ်ဘုံ။ |
| ၆။ | **နိမ္မာနရတိ** | = ကိုယ်တိုင်ဖန်ဆင်းအပ်သောစည်းစိမ်ဖြင့် မွေ့လျော်သောနတ်ဘုံ။ |
| ၇။ | **ပရနိမ္မိတဝသဝတ္တိ** | = သူတပါးဖန်းဆင်းပေးအပ်သောအာရုံတို့ဖြင့် စည်းစိမ်ခံစားသောနတ်ဘုံ။ |

## နတ်စည်းစိမ်

မြက်ပေါ်ကဆီးနင်းပေါက်နှင့် သမုဒ္ဒရာရေများ ကွာခြားသလောက် လူ့စည်းစိမ်နှင့် နတ်စည်းစိမ်များ ကွာခြား၏။ တာဝတိံသာနတ်တို့၏ သုဒဿန မည်သော နေပြည်တော်သည် မြင်းမိုရ်တောင်ထိပ်ဝယ် ယူဇနာတစ်သောင်း ကျယ်ဝန်းသောအရပ်၌တည်ရှိ၏။ ထိုနေပြည်တော်၏ အရှေ့ဖက်၌ နန္ဒဝန်ဉယျာဉ်ဟုခေါ်အပ်သော နန္ဒနဉယျာဉ်တော်သည်ကား စုတေခါနီး အလွန်ပူဆွေးနေသော နတ်များကိုပင် စုတေရမည့်အရေးကို မတွေးမိအောင် ပျော်မွေ့ဖွယ်ကို ဆောင်ပါသတဲ့။

မခြောက်သွေ့၊ ပြကတေ့စိုစိမ်း၍ မြရည်လိမ်းထားသလို ပန်းပင်ပျိုတို့၏ အကြားဝယ် မောင်မယ်စုံနတ်များတို့ လှည့်လည်သွားလာနေကြသည့်အတွက်ကြောင့် ဉယျာဉ်တော်မှာ တစ်မျိုး ကျက်သရေတက်လေတော့၏။ ထိုဉယျာဉ်နှင့် မြို့တော်၏အလယ်မှာ မဟာနန္ဒ၊ စူဠနန္ဒမည်သော ကန်တော်ကြီး နှစ်သွယ်ကလည်း နဂိုတင့်တယ်သည့်အပြင် ကြည်လင်သောရေများကို ရှုစားဖို့ရာ ကမ်းအစ၌ခမ်းနားလှသော ရတနာထိုင်ခုံများကြောင့် တစ်မျိုးသားနားလျက် ရှိပြန်၏။ မြို့တော်၏ တောင်မျက်နှာ အနောက်မျက်နှာ မြောက်မျက်နှာတို့၌လည်း ထိုကဲ့သို့ ကန်တော်ကြီးနှင့် ဉယျာဉ်တော်များ တည်ရှိကြပေသည်။

## သုဓမ္မာ ဓမ္မာရုံကြီး

သုဓမ္မာ ဓမ္မာရုံကြီး၏ ကျက်သရေမှာ ရေးသား၍ကုန်ဖွယ်မရှိ။ ဓမ္မာရုံအဆောက်အဦးအားလုံး၌ ရတနာအမျိုးမျိုးတို့ကို သူ့နေရာနှင့်သူ သုံးစွဲထား၏။ ဓမ္မာရုံအနီး၌ရှိသော ပင်လယ်ကသစ်ပင်မှ ပန်းများလည်းဓမ္မာရုံအတွင်းသို့ လေညှင်းပို့ဆောင်ပေးသဖြင့် နှစ်မြို့ဖွယ်တင့်တယ်စွာ ပျံ့နှံ့လျက်ရှိ၏။ အလယ်ဗဟိုရ် တရားပလ္လင်၌ ထီးဖြူကြီး ကို စိုက်ထူထား၏။ တရားပလ္လင်၏ဘေးမှစ၍ သိကြားမင်းနှင့် ပဇာပတိနတ်မင်း ဝရုဏနတ်မင်း ဤသာနနတ်မင်း စသော သုံးကျိပ်သုံးပါးသော နတ်မင်းကြီးများ နေရာကို စီစဉ်ထား၏။

ထို့နောက် တန်ခိုးကြီးမားသော နတ်မင်းကြီးများနှင့် မထင်ရှားသော နတ်များ အတွက်လည်း သာမန်နေရာတွေရှိပေ၏။ စည်းဝေးချိန်တန်လျှင် သိ ကြားမင်း ကိုယ်တိုင် အချက်ပေးလိုက်သော ဝိဇယုတ္တရခရုသင်းကြီး၏အသံမှာ ယူဇနာ တစ်သောင်းကျယ်သော သုဒဿနနတ်မြို့ကြီးကို ရိုက်ဟီး မြည်ဟိန်းလျက် လူ့အရေအတွက်ဖြင့် လေးလကြာအောင် အဆက်ဆက် မြည်ဟီးသောဟူ၏။ ဆိုင်ရာနတ်များ ဓမ္မာရုံအတွင်း ဝင်မိကြလျှင် ရတနာရောင် ပန်းရောင်လွှမ်းသဖြင့် ဓမ္မာရုံတစ်ခု လုံးနီမြန်းလျက်ရှိလေတော့၏။

ပြဟ္မာ့ပြည်မှ သက်ဆင်းလျက် သနင်္ကုမာရပြဟ္မာမင်း တရားဟောလေ့ရှိ၏။ တစ်ခါတစ်ရံ သိကြားမင်းကိုယ်တိုင် ဟောပြော၏။ တစ်ခါတစ်ရံ၌မူ တရားဟောကောင်းသော နတ်သားတစ်ဦးဦးက ဟောပြောတတ်၏။ ထို့ကြောင့် စူဠာမဏိစေတီတော်ကိုပူဇော်ရခြင်း သုဓမ္မာသဘင်၌ တရားနာရခြင်းတို့အတွက် မျှော်လင့်ချက်လေးများရှိ၏။ မျှော်လင့်ချက် ဆိုသော်လည်း မင်္ဂဖိုလ်ရအောင် မျှော်လင့်ချက်မဟုတ်။ သူတော်ကောင်းစိတ်ဓာတ်လေး မပျောက်ပျက်ဘဲ ခိုင်မြဲ၍ ကာမဂုဏ်ထဲမှ အထိုက်အလိုက် ရှောင်လွှဲနိုင်စရာ ရှိသည်ဟု ဆိုလိုသည်။ (သင်္ဂြိုဟ် ဘာသာဋီကာ)

## ရူပ (၁၆) ဘုံ

## ပထမစျာန် (၃)ဘုံ

၁။ ပြဟ္မပါရိသဇ္ဇာ ( မဟာပြဟ္မာမင်း၏ ပရိသတ်တွင်ပါဝင်သော ပြဟ္မာများ)
၂။ ပြဟ္မပုရောဟိတာ ( ပြဟ္မာမင်း၏ ပုရောဟိတ်အရာ၌တည်သောပြဟ္မာ)
၃။ မဟာပြဟ္မာ ( ပါရိသဇ္ဇာ၊ ပုရောဟိတပြဟ္မာတို့ထက် မြင့်မြတ်သောပြဟ္မာ)

မှတ်ချက်။ ။ စျာန် အဘိညာဉ်ကိုရသည့်အတွက် အထက်ပြဟ္မာဘုံတို့၌ အသက်ရှည်စွာ ချမ်းချမ်းသာသာနေရခြင်း စသောဂုဏ်တို့ဖြင့် လူနတ်တို့ထက် မြင့်မြတ်သာလွန်သူများကို **ပြဟ္မာ** ဟုခေါ်၏။ လူ၊ အိမ်စောင့်နတ်၊ နတ် မင်းကြီး ဤသုံးမျိုးသည် တစ်ပြင်တည်း (လူ့ပြည်)၌ တည်ရှိကြသော်လည်း လူတို့က နတ်တို့ကိုမမြင်နိုင်၊ အိမ် စောင့်နတ်က နတ်မင်းတို့ကို မမြင်နိုင်ဘဲ နတ်မင်းကြီးတို့ကသာ လူ၊ အိမ်စောင့်နတ် တို့ကိုမြင်နိုင်၍ အိမ်စောင့်နတ် တို့ကလည်း လူကိုသာမြင်နိုင်သကဲ့သို့ ထို့အတူ အောက်တန်းပြဟ္မာများက အထက်တန်းပြဟ္မာတို့ကို မမြင်နိုင်။

## ဒုတိယစျာန် (၃)ဘုံ

၁။ ပရိတ္တာဘာ (နည်းသော ကိုယ်ရောင်ကိုယ်ဝါရှိသော ပြဟ္မာ)
၂။ အပ္ပမာဏာဘာ (အတိုင်းအရှည်ပမာဏကို မပြနိုင်လောက်အောင် များမြောင်သော ကိုယ်ရောင်ရှိပြဟ္မာ)
၃။ အာဘဿရာ (တိမ်တိုက်မှ လျှပ်စစ်တွေ ကွန့်မြူးသကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ တလျှပ်လျှပ်ထွက်နေသောပြဟ္မာ)

## တတိယစျာန် (၃)ဘုံ

၁။ ပရိတ္တသုဘာ ( မလှုပ်မယှက် တစ်ခဲနက်တောက်ပနေသော တင့်တယ်သော ကိုယ်ရောင်ရှိသော ပြဟ္မာ)
၂။ အပ္ပမာဏသုဘာ (အတိုင်းအရှည်မရှိ တင့်တယ်သော ကိုယ်ရောင်ရှိပြဟ္မာ)
၃။ သုဘကိဏှာ ( တင့်တယ်သောကိုယ်ရောင်ဖြင့် ရောပြွမ်းနေသောပြဟ္မာ)

## စတုတ္ထစျာန် (၇)ဘုံ

၁။ ဝေဟပ္ဖလာ (ပြန့်ပြောကြီးမားသော အကျိုးကိုခံစားရပြဟ္မာ)
၂။ အသညသတ္တာ ( စိတ် စေတသိက်မရှိသော ပြဟ္မာ)
၃။ အဝိဟာ (မိမိဘုံဌာနကို ခေတ္တခဏမျှမစွန့်ကြဘဲ ကမ္ဘာပေါင်း အတော်ကြာအောင် တည်နေသောပြဟ္မာ)
၄။ အတပ္ပာ (မည်သည့်အကြောင်းကြောင့်မျှ မပူပန်ရဘဲ အလွန်အေးမြသော ပြဟ္မာ)
၅။ သုဒဿာ (ကြည့်ချင်စရာအလွန်ကောင်းသောပြဟ္မာ)
၆။ သုဒဿီ (ပညာမျက်စိဖြင့် ကောင်းကောင်းမွန်မွန်ရှုစားတတ်သောပြဟ္မာ)
၇။ အကနိဋ္ဌာ (ချမ်းသာလွန်းသဖြင့် မည်သည့်ဘက်ကမဆို သေးငယ်သော သဘောမရှိ အထက်တန်းအလွန်ကျ သောပြဟ္မာ)

**မှတ်ချက်။** ။ စတုတ္ထစျာန် (၇)ဘုံတွင်တွင်**၃ မှ ၇** အထိ (၅)ဘုံကို သုဒ္ဓါဝါသ (သုဒ္ဓ-စင်ကြယ်သော အနာဂါမ်များ ရဟန္တာများ အတွက်သာ၊ အာဝါသ-နေရာ) ဟုခေါ်သည်။ ရူပစျာန်သည် (၅)ပါးအနေအားဖြင့် စိတ်ပိုင်း၌ပြခဲ့သော် လည်း ဘုံအနေအားဖြင့် အကျိုးပေးပါက စျာန်ကို ပထမစျာန် ၁ ပါး၊ ဒုတိယစျာန်နှင့် တတိယျစျာန်ကို ၁ ပါး၊ စတုတ္ထစျာန်ကို ၁ ပါး နှင့် ပဥ္စမစျာန်ကို ၁ ပါးအားဖြင့် စျာန် (၄)ပါးဟု မှတ်ရပါမည်။ စျာန်ကို လေးပါးအားဖြင့် ရေသောနည်းကို စတုက္ကနည်း ဟုခေါ်သည်။

ဤ ရူပပြဟ္မာတို့၏ ဥယျာဉ်ဗိမာန် ပဒေသာပင် စသော အသုံးအဆောင် များသည် နတ်ပြည်ထက်ပင် ခမ်းနားကြီး ကျယ်၏။ ပြဟ္မာတို့လည်း မိမိတို့ ဥယျာဉ် စသည်ကို သာယာနစ်သက်ကြသေး၏။ ပြဟ္မာ့ပြည် မရောက်ခင် စျာန်တရားကို အားထုတ်စဉ် တုန်းကပင် လောကီကာမဂုဏ်များကို စက်ဆုပ် ရွံမုန်းခဲ့ကြသဖြင့် ကာမဘုံသား နတ်အများကဲ့သို့ ကာမချမ်းသာကို မခံစား ကြတော့ပေ။ ခံစားဖို့ရာ မိန်းမ ယောကျ်ား အဂါများလည်း မပါရှိချေ။ သို့သော် ပုံသဏ္ဍာန်မှာ ယောကျ်ားပုံ ဖြစ်၏။ အားလုံး ပြဟ္မာတို့၏ နေပုံမှာ တကယ့် ယောဂီကြီးများ နေပုံကဲ့သို့ သန့်ရှင်း စင်ကြယ်လှပေ၏။

တချို့က မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ဗြဟ္မဝိဟာရတရားများကို ပွားများနေကြ၏။ တချို့ကား ဈာန်သမာပတ်ကို ဝင်စား၍ အရိယာဗြဟ္မာတို့ကမူ ဖလသမာပတ်ဝင်စားလျက် ချမ်းသာအေးမြစွာနေထိုင်ကြသည်။ (သင်္ဂြိုဟ်ဘာသာဋီကာ)

### အရူပ (၄)ဘုံ

၁။ အာကာသနဉ္စာယတနဘုံ ၂။ ဝိညာဏဉ္စာယတနဘုံ

၃။ အာကိဉ္စညာယတနဘုံ ၄။ နေဝသညာနာသညာယတနဘုံ

မှတ်ချက်။ ။ အရူပဘုံများသည် ရူပဘုံများကဲ့သို့ ဘုံဗိမာန်သီးခြားမရှိပါ။ အရူပဝိပါက်နာမက္ခန္ဓာ ၄ ပါး ကိုပင် တစ်နည်း နာမက္ခန္ဓာ ၄ ပါးဖြင့် ပိုင်းခြားအပ်သောကောင်းကင်အရပ်ကိုပင် အာကာသာနဉ္စာယတနဘုံ စသည် ဖြင့် ခေါ်ဆိုရသည်။

## ၂။ ပဋိသန္ဓိ စတုက္က

ဘဝဟောင်းအပြတ်တွင် ဆက်စပ်သောအားဖြင့် ထိုထိုဘဝ၌ စိတ် စေတသိက်နှင့် ကမ္မဇရုပ်များ၏ အစဆုံးဖြစ်ခြင်းကို ပဋိသန္ဓေနေခြင်း ဟုခေါ်သည်။

### ပဋိသန္ဓေ (၄) မျိုး

၁။ အပါယ်ပဋိသန္ဓေ =၁ ပါး (အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ)

၂။ ကာမသုဂတိပဋိသန္ဓေ = ၉ ပါး ( အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊ မဟာဝိပါက် ၈ ပါး)

၃။ ရူပါဝစရပဋိသန္ဓေ = ၆ ပါး (ရူပဝိပါက် ၅ ပါးနှင့် ဇီဝိတနဝကကလာပ်ရုပ် ပဋိသန္ဓေ ၁ ပါး )

၄။ အရူပါဝစရပဋိသန္ဓေ = ၄ ပါး (အရူပဝိပါက် ၄ ပါး)

**မှတ်ချက်။** ။ ၃၁ ဘုံတို့တွင် သတ္တဝါတို့သည် ရုပ်ပဋိသန္ဓေ ၁ ပါးနှင့် နာမ်ပဋိသန္ဓေ ၁၉ ပါး ပေါင်း **ပဋိသန္ဓေ ၂၀** တို့ဖြင့် ပဋိသန္ဓေနေကြသည်။

| ပဋိသန္ဓိ စတုက္က | ပဋိသန္ဓေ (၂၀) | ဆိုင်ရာဘုံသား |
|---|---|---|
| (၁) အပါယ် ပဋိသန္ဓေ ၁ ပါး | အဟိတ်အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး | အပါယ် ၄ ဘုံသားများ |
| (၂) ကာမသုဂတိ ပဋိသန္ဓေ ၉ ပါး | အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး | ဇစ္စန္ဓအစရှိသော လူကျိုး၊ကန်းများ နှင့် စာတုမဟာရာဇ်၌ဖြစ်သော ဘုမ္မစိုးနတ်ကြီးများကို ကပ်နေကြသော ဝိနပါတိက အသုရာများ |
| | မဟာဝိပါက်စိတ် ၈ ပါး | ကာမသုဂတိ ၇ ဘုံမှ လူ နတ် ကောင်းများ |
| (၃) ရူပပဋိသန္ဓေ ၅ ပါး | ပထမစျာန်ဝိပါက် =၁ ပါး<br>ဒု၊တတိယစျာန်ဝိပါက် =၁ ပါး<br>စတုတ္ထစျာန်ဝိပါက်= ၁ ပါး<br>ပဥ္စမစျာန်ဝိပါက် = ၁ ပါး<br>ဇီဝိတနဝကကလာပ် ရုပ်ပဋိသန္ဓေ = ၁ ပါး | ပထမစျာန် ၃ ဘုံသား<br>ဒုတိယစျာန် ၃ ဘုံသား<br>တတိယစျာန် ၃ ဘုံသား<br>စတုတ္ထစျာန် ၇ ဘုံသား<br>အသညသတ် ၁ ဘုံသား |
| (၄) အရူပပဋိသန္ဓေ ၄ ပါး | အာကာသာနဉ္စာယတနဝိပါက်<br>ဝိညာဏဉ္စာယတနဝိပါက်<br>အာကိဉ္စညာယတနဝိပါက်<br>နေဝသညာနာသညာဝိပါက် | အာကာသာနဉ္စာယတနဘုံသား<br>ဝိညာဏဉ္စာယတနဘုံသား<br>အာကိဉ္စညာယတနဘုံသား<br>နေဝသညာနာသညာဘုံသား |

## လူ့ဘုံမှ သုဂတိအဟိတ်ပုဂ္ဂိုလ်များ (လူစဉ်မမီသူ ၁၀ ဦး)

၁။ ဇစ္စန္ဓ = ပဋိသန္ဓေအားဖြင့် ကန်းသူ

၂။ ဇစ္စဗဓိရ=ပဋိသန္ဓေအားဖြင့် နားထိုင်းသူ

၃။ ဇစ္စဃာန =ပဋိသန္ဓေအားဖြင့် ဃာနပသာဒချို့တဲ့သူ

၄။ ဇစ္စမူဂ = ပဋိသန္ဓေအားဖြင့် စကားမပီပဲ ထစ်အ ထစ်အဖြစ်သူ

၅။ ဇစ္စဗ္ဗေ = ပဋိသန္ဓေအားဖြင့် ထိုင်းမှိုင်းဖျင်းအသူ
၆။ ဇစ္စမူဠ္မတ္တက =ပဋိသန္ဓေအားဖြင့် ရူးနှမ်းသူ
၇။ ပဏ္ဍက =ယုတ်ညံ့သောအမှုမျိုးကို ပြုလုပ်မှ ကာမဂုဏ်ခံစားနိုင်သူ
၈။ ဥဘတောဗျဉ္ဇနက = မိန်းမတလှည့်၊ ယောကျ်ားတစ်လှည့်ဖြစ်သူ
၉။ နပုံသက = မိန်းမ ယောကျ်ား အင်္ဂါမထင်ရှားသူ
၁၀။ မမ္မ = စကားပြောလျှင် အမျှင်မပြတ်ဘဲ တရွတ်ဆွဲ၍ပြောရသူ

အပါယ် ၄ ဘုံသား၊ လူ (တောင်ကျွန်းသား) နှင့် စာတုမဟာရာဇ်နတ် တွင် ပါဝင်သော မှီခိုကပ် နေရသော ဝိနိပါတိက အသုရာ (အောက်ကျနောက်ကျဖြစ်သော နတ်များ =ထမင်းလုံး ဟင်းပေါက် အပုပ် အစပ်များကို ရှာဖွေစား သောက်ရသော သတ္တဝါ) တို့သည် သက်တမ်းမမြဲကြ။ အချို့မှာ တစ်နံနက်မျှသာ အသက်ရှည်၍ အချို့မှာ နှစ်ပေါင်း အသင်္ချေ တိုင်အောင် အသက်ရှည်ကြသည်။ ထို့ကြောင့် သက်တမ်းကို မြဲသည်ဟု မမှတ်ရ။ ထို့အပြင် ဤနေရာဝယ် မနုဿာနံအရ တောင်ကျွန်းသားကိုသာ ယူရိုးရှိကြ၏။

**ရှေ့ခုနစ်ရာ၊ နောက်ငါးရာ၊ မြောက်မှာ တစ်ထောင်မြဲ** ဟူသည့်အတိုင်း အရှေ့ကျွန်း၌ သက်တမ်း (၇၀၀) နောက်ကျွန်း၌ (၅၀၀) မြောက်ကျွန်း၌ (၁၀၀၀) ရှိသတဲ့။ ထိုသက်တမ်းများလည်း အသင်္ချေမှ ဆုတ်ယုတ်လာသော သမ်းတမ်းများတည်း။ ကမ္ဘာတည်စ၌ ဥတု အာဟာရ ကောင်းမွန်လှသဖြင့် လေးကျွန်းလုံးပင် သက်တမ်း အသင်္ချေစီ အညီအမျှရှည်ကြ၏။ ထို့နောက် တဖြည်းဖြည်း ဆုတ်လေရာ အရှေ့ အနောက် မြောက်ကျွန်းတို့၌ ထိုသက်တမ်းအောက် မယုတ် တော့ဘဲ အမြဲတည်နေ၏။ ထို့ကြောင့် မြောက်ကျွန်း နေသူတို့သည် ခင်တွယ်ခြင်းမရှိ၊ ငါ့ဥစ္စာဟု သိမ်းဆည်းမှု မရှိ၊ အဆုံးသတ်ပြီးသော သက်တမ်း အကြွင်းရှိကုန်၏ ဟု ဟောတော်မူသည်။

## နတ်ပြည်ခြောက်ထပ်နှင့် နတ်တို့သက်တမ်း

| နတ်ဘုံ | နတ်သက် (နှစ်) | လူ့သက် (နှစ်) |
|---|---|---|
| စာတုမဟာရာဇ် | ၅၀၀ | ၉ သန်း |
| တာဝတိံသာ | ၁၀၀၀ | ၃၆ သန်း |
| ယာမာ | ၂၀၀၀ | ၁၄၄ သန်း |
| တုသိတာ | ၄၀၀၀ | ၅၇၆ သန်း |
| နိမ္မာနရတိ | ၈,၀၀၀ | ၂၃၀၄ သန်း |
| ပရနိမ္မိတဝသဝတ္တိ | ၁၆,၀၀၀ | ၉၂၁၆ သန်း |

**မှတ်ချက်။** ။ တာဝတိံသာ၌ နေ့တာညဥ့်တာသည် စာတုမဟာရာဇ်ထက် နှစ်ဆရှည်သော ကြောင့် တာဝတိံသာ နတ်သက်ကို တာဝတိံသာ တွက်ကိန်းဖြင့် တွက်ရလျှင် အနှစ်တစ် ထောင်သာရှည်သည်။ လူ့ပြည်၌ အနှစ်တစ်ရာသည် တာဝတိံသာ၌ တစ်နေ့တစ်ညဥ့်သာ ရှိ၏။ ထို့နေ့ညဥ့် (၃၀)လျှင် တစ်လ၊ (၁၂)လလျှင် တစ်နှစ်၊ နှစ်ပေါင်းတစ်ထောင်သည် တာဝတိံသာနတ်သက် ဟူလို။ လူ့ပြည်မှ စာတုမဟာရာဇ်အသက်ကို ပြန်တွက်က လူ့ အသက်နှစ် (၅၀)သည် စာတုမဟာရာဇ်တွင် တစ်ရက်တည်း။

## သက်တမ်းရေတွက်နည်း

စတုမဟာရာဇ် နတ်သက် (၅၀၀)ကို တည်၍ ၂ ဖြင့် ဆင့်ကာမြှောက် သွားလျှင် သို့မဟုတ် ၅ ကိုတည်၍ ၂ ဖြင့် ဆင့်ကာဆင့်ကာ မြှောက်ပြီး ရလဒ်တွင် သုည ၂ လုံးစီထည့်လိုက်လျှင် အထက်နတ်တို့၏ ဆိုင်ရာ နတ်အရေအတွက် သက်တမ်းကိုရသည်။

လူ့အရေအတွက်အားဖြင့် စာတုမဟာရာဇ်နတ်သက် ၉ သန်းကိုတည်၍ ဆင့်ကာ ဆင့်ကာ မြှောက်သွားလျှင် သို့မဟုတ် ၉ ကိုတည်၍ ၄ ဖြင့် ဆင့်ကာဆင့်ကာမြှောက်ပြီး ရလဒ်တွင် သုည ၆ လုံးစီထည့်တွက်လိုက်လျှင် အထက်နတ်တို့၏ လူ့အရေအတွက် သက်တမ်းကိုရသည်။ ဤကဲ့သို့ ၄ ဆတက်ကာ ရေတွက်ရသည်ကို စတုဂ္ဂုဏ လေးဆက် တက်ရေတွက်နည်းဟုဆိုသည်။

## ဗြဟ္မာတို့၏သက်တမ်း

ပထမဈာန်သုံးဘုံသည် ကမ္ဘာပျက်သည့်အခါတိုင်းမလွတ်သောကြောင့် မဟာကပ် တစ်ခုလုံး ပြည့်အောင်မတည်နိုင်ချေ။ ထို့ကြောင့် ထိုပထမဈာန် ဗြဟ္မာတို့၏သက်တမ်းကို မဟာကပ်ဖြင့်မရေတွက်ဘဲ မဟာကပ်၏ လေးပုံတစ်ပုံ ဖြစ်သော အသင်္ချေယျကပ်ဖြင့်သာ ရေတွက်ရ၏။ ပရိတ္တာဘာ စသော အထက်ဗြဟ္မာဘုံများကား ကမ္ဘာပျက်တိုင်းမပါ တစ်ခါ တစ်ရံသာ ပါသောကြောင့် ဒုတိယဈာန်ဗြဟ္မာစသည်တို့၏ သက်တမ်းကို မဟာကပ်ဖြင့် ရေတွက် ရသည်။

## ကပ်အပြား

ကပ်သည် အာယုကပ် အန္တရကပ် အသင်္ချေယျကပ် မဟာကပ် ဟု လေးမျိုး ရှိသည်။ ထိုတွင် ကာလအားလျော်စွာ သတ်မှတ်အပ်သော အသက် အပိုင်းအခြားသည် အာယုကပ်မည်၏။ အသင်္ချေယျတမ်းမှ တဖြည်းဖြည်း ဆုတ်၍ (၁၀)နှစ်တမ်း တိုင်အောင်၊ (၁၀)နှစ်တမ်းမှ တရွေ့ရွေ့တက်၍ အသင်္ချေယျတမ်း တိုင်အောင် ဆုတ်ကပ်

တက်ကပ်တစ်စုံသည်အန္တရကပ်မည်။ ထိုအန္တရကပ်ပေါင်း(၆၄)ကပ်သည် အသင်္ချေယျကပ်မည်၏။ အသင်္ချေယျကပ် (၄)ကပ်သည် မဟာကပ် (တစ်ကမ္ဘာ)မည်၏။

## တစ်ကမ္ဘာ၌ရှိသော အသင်္ချေယျကပ် (၄)မျိုး

၁။ သံဝဋ္ဋကပ် = ကမ္ဘာပျက်ဆဲအခါ
၂။ သံဝဋ္ဋဋ္ဌာယီကပ် = ပျက်ပြီးနောက် ပျက်သည့်အတိုင်းတည်နေဆဲအခါ
၃။ ဝိဝဋ္ဋကပ် = ကမ္ဘာဖြစ်ဆဲအခါ
၄။ ဝိဝဋ္ဋဋ္ဌာယီကပ် = ဖြစ်ပြီးနောက် တည်တံ့နေသောအခါ။
**မှတ်ချက်။** ။သံဝဋ္ဋကပ်သည်လည်း မီးကြောင့်ပျက်သော တေဇောသံဝဋ္ဋကပ်၊ ရေကြောင့်ပျက်သော အာပေါ သံဝဋ္ဋကပ် နှင့် လေကြောင့်ပျက်သော ဝါယောသံဝဋ္ဋကပ်ဟု သုံးမျိုးရှိသည်။

## ပြဟ္မာတို့၏သက်တမ်း

| သက်တမ်းမြဲသော ပြဟ္မာ့ဘုံ (၂၀)တို့သက်တမ်း | | | | |
|---|---|---|---|---|
| | ပြဟ္မာဘုံအမျိုးအစား | | ပြဟ္မာ့ဘုံအမည် | သက်တမ်း |
| ပြဟ္မာဘုံ (၂၀) | ရူပြဟ္မာ ၉ ဘုံ | ပထမစျာန် ၃ ဘုံ | ပြဟ္မပါရိသဇ္ဇာ<br>ပြဟ္မပုရောဟိတာ<br>မဟာပြဟ္မာ | အန္တရကပ် ၂၀ ကပ်<br>အန္တရကပ် ၃၂ ကပ်<br>အသင်္ချေယျ ၁ ကပ် |
| | | ဒုတယစျာန် ၃ ဘုံ | ပရိတ္တာဘာ<br>အပ္ပမာဏာဘာ<br>အာဘဿရာ | မဟာကပ် ၂ ကပ်<br>မဟာကပ် ၄ ကပ်<br>မဟာကပ် ၈ ကပ် |
| | | တတိယစျာန် ၃ ဘုံ | ပရိတ္တသုဘာ<br>အပ္ပမာဏသုဘာ<br>သုဘကိဏှာ | မဟာကပ် ၁၆ ကပ်<br>မဟာကပ် ၃၂ ကပ်<br>မဟာကပ် ၆၄ ကပ် |

| | | | | |
|---|---|---|---|---|
| | | စတုတ္ထစျာန်<br>၇ ဘုံ | ဝေဟပ္ဖိုလ်ဘုံ<br>အသညသတ်ဘုံ | မဟာကပ် ၅၀၀<br>မဟာကပ် ၅၀၀ |
| | | သုဒ္ဓါဝါသ ၅ ဘုံ | အဝိဟာ<br>အတပ္ပါ<br>သုဒဿာ<br>သုဒဿီ<br>အကနိဋ္ဌ | မဟာကပ် ၁၀၀၀<br>မဟာကပ် ၂၀၀၀<br>မဟာကပ် ၄၀၀၀<br>မဟာကပ် ၈၀၀၀<br>မဟာကပ် ၁၆၀၀၀ |
| | အရူပ ၄ ဘုံ | အရူပ ၄ ဘုံ | အာကာသာနဉ္စာယတန<br>ဝိညာနဉ္စာယတန<br>အာကိဉ္စညာယတန<br>နေဝသညာနာသညာ<br>ယတန | မဟာကပ် ၂၀၀၀၀<br>မဟာကပ် ၄၀၀၀၀<br>မဟာကပ် ၆၀၀၀၀<br>မဟာကပ် ၈၄၀၀၀ |

## ကမ္ဘာပျက်ပုံ

မီးဖျက်၍ကမ္ဘာပျက်သည့်အခါ ပဌမစျာန် ၃ ဘုံအထိပျက်စီး၏။ မီး ၇ ကြိမ် ဖျက်ဆီးပြီးနောက် ၈ ကြိမ်မြောက် တွင် ရေဖျက်၍ ကမ္ဘာပျက်၏။ ထိုအခါ ဒုတိယစျာန် ၃ ဘုံအထိ ပျက်စီး၏။ ထို့သို့ မီး ၇ ကြိမ် ရေ ၁ ကြိမ်အလှည့် အကြိမ်တိုင်း ကမ္ဘာ ၆၃ ကြိမ်ပျက်ပြီးနောက် ၆၄ ကြိမ်မြောက်၌ လေဖျက်၍ကမ္ဘာပျက်၏။ ထိုအခါ တတိယစျာန် ၃ ဘုံအထိပျက်စီး၏။

## တစ်ဘဝ၌တူမြဲတရား သုံးပါး

တစ်ခုသောဘဝ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ၁။ဘူမိ (ဘုံ) ၂။ဇာတိ (ဇာတ်) ၃။ သမ္ပယုတ္တဓမ္မ (ယှဉ်ဘက်တရား) ၄။ သင်္ခါရ နှင့် ၅။ အာရုံ ဟူသော အချက် ၅ ချက်အားဖြင့်တူကြ၏။

**ဥပမာ**

၁။ ပဋိသန္ဓေစိတ်က ကာမပဋိသန္ဓေစိတ်ဖြစ်လျှင် ဘဝင် စုတိစိတ်တို့သည်လည်း ကာမဘဝင် ကာမစုတိစိတ်တို့ သာဖြစ်ကြသည်။ (ဘူမိ)

၂။ ပဋိသန္ဓေစိတ်လည်း ဝိပါက် (အဗျာကတ)ဇာတ်ဖြစ်လျှင်ဘဝင်၊စုတိတို့လည်း ဝိပါက် (အဗျာကတ) ဇာတ်ပင်ဖြစ် သည်။ (ဇာတိ)

၃။ ပဋိသန္ဓေစိတ်က မဟာဝိပါက် ဉာဏသမ္ပယုတ်ဖြစ်၍ စေတသိက် ၃၃ ပါးနှင့်ယှဉ်လျှင် ဘဝင်၊ စုတိစိတ်တို့လည်း ထို့အတူ စေတသိက် ၃၃ ပါးနှင့်သာယှဉ်သည်။ (သမ္ပယုတ္တ)

၄။ ပဋိသန္ဓေစိတ်က အသင်္ခါရိကစိတ်ဖြစ်လျှင် ဘဝင်၊ စုတိစိတ်တို့လည်း အသင်္ခါရိက စိတ်ပင်ဖြစ်သည်။ (သင်္ခါရ)

၅။ ပဋိသန္ဓေစိတ်က ကံနိမိတ်ကို အာရုံပြုလျှင် ဘဝင်၊ စုတိစိတ်တို့သည်လည်း ကံနိမိတ်ကိုပင် အာရုံပြုသည်။ (အာရုံ)

## ဗဟုသုတမှတ်ဘွယ်

## ဝိညာဏဋ္ဌိတိ နှင့် သတ္တာဝါသဘုံကိုးဝ

စိတ်ဝိညာဏ်တို့၏ တည်ပုံကို ဝိညာဏဋ္ဌိတိ ဟုခေါ်၏။ သတ္တဝါတို့၏ဘုံဌာနကို သတ္တာဝါသ ဟုခေါ်၏။ ထိုတွင် ဝိညာဏဋ္ဌိတိ (၇)ပါး သတ္တာဝါသ (၉)ပါး ရှိလေသည်။

**ဝိညာဏဋ္ဌိတိ (၇)ပါးတို့ကား**

၁။ နာနတ္တကာယ နာနတ္တသညီ ။ ။ နတ်တို့သည်လည်းကောင်း လူတို့သည်လည်းကောင်း အချို့သော ဝိနိပါတိက အသုရာ တို့သည်လည်းကောင်း ခန္ဓာကိုယ်အားဖြင့် အနိမ့် အမြင့် အပိန်အဝ အမဲအရွှေစသည်ဖြင့် ကိုယ်အနေအထား ကွဲပြားခြင်း ပဋိသန္ဓေ အားဖြင့်လည်း သုဂတိအဟိတ် ဒွိဟိတ် တိဟိတ်စသည်ဖြင့် အမျိုးမျိုးရှိခြင်းကြောင့် နာနတ္တ ကာယ နာနတ္တသညီတို့မည်၏။

၂။ နာနတ္တကာယ ဧကတ္တသညီ ။ ။ အပါယ်လေးဘုံသားတို့သည် ကိုယ်အားဖြင့်မတူကြ ပဋိသန္ဓေသညာအား ဖြင့်ကား ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေချည်းတည်း။ ပထမဈာန် ဗြဟ္မာတို့လည်း ကိုယ်အားဖြင့်မတူကြ ပဋိသန္ဓေအားဖြင့် ပထမဈာန်ဝိပါက် ချည်းသာတည်း။ ထို့ကြောင့် နာနတ္တကာယ ဧကတ္တသညီ တို့မည်၏။

၃။ ဧကတ္တကာယ နာနတ္တသညီ ။ ။ ဒုတိယဈာန်ဘုံ၌ ဗြဟ္မာတို့သည် ကိုယ်အနေအားဖြင့်တူကြ၏။ ပဋိသန္ဓေသ ညာအားဖြင့်ကား ဒုတိယဈာန်ဝိပါက်နှင့် တတိယဈာန်ဝိပါက်ဟု နှစ်မျိုးကွဲပြား၏။ ထို့ကြောင့် တူသော ကိုယ်ကာယရှိ၍ ပဋိသန္ဓေ အားဖြင့်မတူသော ဧကတ္တကာယ နာနတ္တသညီ ပုဂ္ဂိုလ်များဖြစ်ကြသည်။

၄။ ကေတ္တကာယ ကေတ္တသညီ ။ ။ ဒုတိယစျာန်မှအထက်ရူပဗြဟ္မာတို့သည် မိမိဆိုင်ရာဘုံ၌ ရုပ်ချင်းလည်းတူ ပဋိသန္ဓေသညာချင်းလည်းတူရကား တူသော ကိုယ်လည်းရှိကြ၊ တူသော ပဋိသန္ဓေသညာလည်းရှိကြသော ကေတ္တကာယ ကေတ္တသညီ တို့မည်၏။

နာနတ္တကာယ နာနတ္တသညီ စသောထို (၄)မျိုး၌ အောက် အရူပ (၃)ဘုံသားတို့ကိုထည့်လျှင် ဝိညာဏဋ္ဌိတိ (၇) ပါးဖြစ်၏။

ထို (၇)ပါးတို့၌ အသညသတ်နှင့် နေဝသညာနာသညာယတန ဟူသော ဘဝင်္ဂကိုထည့်လျှင် သတ္တာဝါသ-သတ္တ ဝါတို့၏နေရာ ဘုံကိုးဝဖြစ်သည်။ (သင်္ဂြိုဟ်ဘာသာဋီကာ၊ဇိနာလင်္ကာရဋီကာ)

## ၃။ ကမ္မစတုက္က

ကုသိုလ် အကုသိုလ်စေတနာကို ကံ ဟုခေါ်သည်။ ထိုကံ ၄ မျိုးအပေါင်းကို ကမ္မစတုက္ကဟုခေါ်၏။

၁။ ကိစ္စစတုက္က = ကံတို့၏လုပ်ငန်းဆောင်ရွက်ပုံ အားဖြင့်ပြားသောကံ ၄ ပါး။

၂။ ပါကဒါန ပရိယာယစတုက္က = အကျိုးပေးပုံ အလှည့်အကြိမ်အားဖြင့် ပြားသောကံ ၄ ပါး။

၃။ ပါကကာလစတုက္က = အကျိုးပေးရာအချိန်ကာလအားဖြင့်ပြားသောကံ ၄ ပါး။

၄။ ပါကဌာနစတုက္က = အကျိုးပေးရာဘုံဌာနအားဖြင့်ပြားသောကံ ၄ ပါး။

### (၁) ကိစ္စစတုက္က

ဖြစ်စေခြင်း၊ ထောက်ပံ့ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း လုပ်ငန်းဆောင်ရွက်မှု ကိစ္စနှင့်စပ်၍ ကံ ၄ မျိုးပြား၏။

(၁) ဇနကကံ= ပဋိသန္ဓေအခါ၌ဖြစ်စေ၊ ပဝတ္တိအခါ၌ဖြစ်စေ၊ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်စသော အကျိုးတို့ကို မိမိကိုယ်တိုင်ဖြစ်စေနိုင်သော ကုသိုလ် အကုသိုလ် စေတနာ။

(၂) ဥပတ္ထမ္ဘကကံ = ကိုယ်တိုင်အကျိုးမပေးနိုင်သော်လည်း ဇနကကံ အကျိုးပေးခွင့် ရစေရန်နှင့် အကျိုးပေးခွင့်ရ ပြန်ကလည်း အကျိုးပေးထက်သန်စေရန် အကျိုးများ ကြာရှည်တည်တံ့စေရန် ထောက်ပံ့ပေးသော ကုသိုလ် အကုသိုလ်ကံစေတနာ။

(၃) ဥပပီဠကကံ = ဇနကကံ အကျိုးပေးခွင့် မရစေရန်လည်းကောင်း၊ အခွင့်ရပြန်လျှင်လည်း အကျိုးပေးမထက် သန်စေရန်လည်းကောင်း ကပ်၍ နှိပ်စက်တတ်သော ကုသိုလ် အကုသိုလ်ကံစေတနာ။

(၄) ဥပဃာတကကံ = နိုက်စက်ရုံတွင်မက ဇနကကံကို လုံးဝ အကျိုးမပေးနိုင်အောင်၊ ပေးပြီးသောအကျိုးများကို လည်း ပြတ်သွားစေရန် သတ်ဖြတ်တတ်သော ကုသိုလ် အကုသိုလ်စေတနာ။

## (၂) ပါကဒါနပရိယာယစတုက္က

အကျိုးပေးရာအနေဖြင့်အလှည့်ကျ အကျိုးပေးတတ်သောအားဖြင့် ကံသည် ၄ မျိုးပြားပြန်၏။

(၁) ဂရုကံ = ဒုတိယဘဝ၌အကျိုးပေးမြဲသော၊ အားကြီးသော၊ ကောင်း (မဟဂ္ဂုတ်ကံ)၊ မကောင်း (ပဉ္စာနန္တရိယ ကံ- အမေသတ်ခြင်း၊ အဖေသတ်ခြင်း၊ ရဟန္တာသတ်ခြင်း၊ သံဃာအသင်းခွဲခြင်းနှင့် ဘုရားရှင်၏ ကိုယ်၌ထိခိုက်အ နာတရဖြစ်အောင်လုပ်ခြင်း) ကံစသည်တို့၏ အဆုံး ဇောစေတနာ။ (နိယတမိစ္ဆာဒိဋ္ဌိကံကိုလည်း ဂရုကံ၌ထည့် သွင်းကြသည်)

(၂) အာသန္နကံ = သေခါနီးမှပြုသော၊ သေခါနီးမှပြုသည်မဟုတ်သော်လည်း ရေးကပြုဖူး၍ သေခါနီးမှအမှတ်ရကာ အဟောင်းပေါ်လာသော ကုသိုလ် အကုသိုလ် စေတနာ။

(၃) အာစိဏ္ဏကံ = နေ့ရှည်ရက်ရှည် စွဲမြဲစွာပြုသော၊ ကုသိုလ်၊ အကုသိုလ်စေတနာနှင့် တစ်ကြိမ်ပြုလုပ်ခဲ့မိသော်လည်း အမြဲမပြတ် အောက်မေ့ အပ်သော၊ ကုသိုလ် အကုသိုလ်စေတနာ။

(၄) ကဋတ္တာကံ = ရှေ့ကံသုံးပါးမှလွတ်သော၊ အပရာပရိယကံဟောင်းနှင့် ယခုဘဝ၌ ရံခါပြုလုပ်သော သာမည ကုသိုလ်၊ အကုသိုလ်စေတနာ။

## (၃) ပါကကာလစတုက္က

အကျိုးပေးရာကာလနှင့်စပ်၍လည်း ကံ ၄ ပါးပြားရသည်။

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက်ဘဝ၌ပင်အကျိုးပေးသောကံ (ပထမဇောစေတနာ)။

(၂) ဥပပဇ္ဇဝေဒနီယကံ = ဒုတိယဘဝ၌အကျိုးပေးမြဲသော သတ္တမဇောစေတနာ။

(၃) အပရာပရိယဝေဒနီယကံ = တတိယဘဝမှစ၍ နိဗ္ဗာန်မရမီကာလအတွင်း အကြောင်းတိုက်ဆိုင်မှ အကျိုး ပေးသော အလယ်ဇော ၅ ချက်စေတနာ။

(၄) အဟောသိကံ = ကာလလွန်၍လည်းကောင်း၊ အရဟတ္တမဂ်ဖြင့် တဏှာ အကြောင်းရင်းကို ပယ်သဖြင့် အကြောင်းချို့တဲ့ကာ အကျိုးပေးခွင့် မရသောကံ။

## ဒါန၏ ဒိဋ္ဌဓမ္မအကျိုးပေးရာအင်္ဂါ

၁။ ဝတ္ထုသမ္ပဒါ (အနာဂါမ် ရဟန္တာဟူသောအလှူခံဝတ္ထုနှင့်ပြည့်စုံခြင်း)
၂။ စေတနာသမ္ပဒါ (စေတနာထက်သန် ခြင်း)
၃။ ပစ္စယသမ္ပဒါ (တရားသဖြင့်ရှာဖွေ၍ရအပ်သော လှူဖွယ်ဝတ္ထုပြည့်စုံခြင်း)
၄။ ဂုဏာတိရေကသမ္ပဒါ ( အလှူခံက၊ နိရောဓသမာပတ်မှထပြီးကာစဖြစ်ခြင်း)

**မှတ်ချက်။** ။ အကုသိုလ်ကံ ဒိဋ္ဌဓမ္မအကျိုးပေးရာ၌ ပြည့်စုံရမည့်အင်္ဂါများကား အကျူးလွန်ခံဖက်မှ အနာဂါမ်၊ ရဟန္တာဖြစ်ခြင်း၊ အကျူးလွန်ခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှထခြင်းနှင့် ကျူးလွန်သည့်ပုဂ္ဂိုလ်ဖက်မှ စိတ်ယုတ်မာရှိခြင်းနှင့် ကျူး လွန်ခြင်းတို့ဖြစ်သည်။

## (၄) ပါကဌာနစတုက္က

(၁) အကုသိုလ်ကံ ၁၂ ပါး = အပါယ် ၄ ဘုံအကျိုးပေး။
(၂) ကာမကုသိုလ်ကံ ၈ ပါး = ကာမသုဂတိ၌အကျိုးပေး။
(၃) ရူပကုသိုလ်ကံ ၅ ပါး = ရူပဘုံ၌အကျိုးပေး။
(၄) အရူပကုသိုလ်ကံ ၄ ပါး = အရူပဘုံ၌အကျိုးပေး။

## (၁) အကုသိုလ်ကံ

ကံ၏ဖြစ်ရာ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရတည်းဟူသော ကမ္မဒွါရအစွမ်းအားဖြင့် အကုသိုလ်ကံသည် ကာယကံ ဝစီကံ မနောကံ ဟုသုံးမျိုးပြား၏။

### ကာယကံ ၃ ပါး

၁။ ပါဏာတိပါတ = သူ့အသက်သတ်မှု။
၂။ အဒိန္နာဒါန = သူ့ဉစ္စာခိုးမှု။
၃။ ကာမေသုမိစ္ဆာစရ = သူ့အိမ်ရာပြစ်မှားမှု။

## ပါဏာတိပါတကံမြောက်ကြောင်း အင်္ဂါ (၅) ပါး

၁။ သက်ရှိသတ္တဝါဖြစ်ခြင်း။ ၂။ သက်ရှိသတ္တဝါဟုသိခြင်း။ ၃။ သတ်လိုစိတ်ရှိခြင်း။ ၄။ သတ်ခြင်း နှင့် ၅။ သေခြင်း တို့တည်း။ထိုအကြောင်းငါးပါးစုံမှ ကံမြောက်သည်။

## အဒိန္နာဒါနကံမြောက်ကြောင်း အင်္ဂါ (၅) ပါး

၁။ သူတစ်ပါးဥစ္စာဖြင်းခြင်း ၂။ သူတစ်ပါးဥစ္စာဟုသိခြင်း ၃။ ခိုးလိုသည့်စိတ်ရှိခြင်း ၄။ ခိုးယူခြင်း နှင့် ၅။ ခိုးယူမှု အထမြောက်ခြင်း။

## ကာမေသုမိစ္ဆာစာရကံမြောက်ကြောင်း အင်္ဂါ (၄)ပါး

၁။မကျူးလွန်အပ်သောမိန်းမဖြစ်ခြင်း ၂။ မှီဝဲလိုစိတ်ရှိခြင်း ၃။ လုံ့လပြုခြင်း နှင့် ၄။ သာယာခြင်းတို့တည်း။

### ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်မှတ်သားဖွယ်

ကာမေသု=ကာမဂုဏ်တရားတို့၌၊ မိစ္ဆာစာရ=မှားယွင်းစွာကျင့်ခြင်းဟုအနက်ထွက်သည်။ သိလွယ်အောင် မြန် မာမှုပြုလိုက်သောအခါသူ တစ်ပါးသားမယားကို ပစ်မှားကျူးလွန်ခြင်း ဖြစ်သွားသည်။ မသွားလာမကျူးလွန်ထိုက်သော မိန်းမ နှစ်ဆယ်ရှိသည်။

*မကျူးလွန်ရသော မိန်းမနှစ်ဆယ်မှာ ၁။မိခင်အုပ်ထိန်းသော မိန်းမ၊ ၂။ဖခင် အုပ်ထိန်းသော မိန်းမ၊ ၃။မိဘနှစ်ပါးလုံး အုပ်ထိန်းသော မိန်းမ၊ ၄။မောင်ကြီး, မောင်ငယ် အုပ်ထိန်းသော မိန်းမ၊ ၅။အစ်မ, ညီမ အုပ်ထိန်းသော မိန်းမ၊ ၆။ဆွေမျိုးသားချင်း အုပ်ထိန်းသော မိန်းမ ၇။အမျိုးအနွယ် အုပ်ထိန်းသော မိန်းမ၊ ၈။တရားကျင့်ဖော် အုပ်ထိန်းသော မိန်းမ၊* ဤရှစ်ယောက်သော မိန်းမတို့ကား အပျိုများဖြစ်သည်။ သူတို့၏ ကာမကို ပိုင်ဆိုင်သူမရှိ၊ စောင့်ရှောက်သူသာရှိ၏။ ထို့ကြောင့် ယောကျ်ားတစ်ပါးတို့နှင့် ကျူးလွန် ပျော်ပါးလျှင် ထိုအမျိုးသမီးရှစ်ယောက်တို့မှာ ကာမေသုမိစ္ဆာစာရမဖြစ်။ ကျူးလွန်သော ယောကျ်ားမှာသာ ကာမေသုမိစ္ဆာစာရ ဖြစ်သည်။

ဆက်လက်ဖော်ပြမည့် မိန်းမ (၁၂) ယောက်တို့သည်ကား ကာမပိုင် ယောကျ်ား ရှိသော အအိုများဖြစ်သည် ယင်းတို့ကား-

*၉။ကိုယ်ဝန်တည်ကတည်းကမှတ်သားသိမ်းဆည်းခံရသောမိန်းမ ၁၀။ဤမိန်းမကို သွားလာလျှင် ဒဏ်သင့်စေဟု မင်းမိန့်ထုတ်ထားသော မိန်းမ ၁၁။ဥစ္စာဖြင့် ဝယ်ယူပေါင်းသင်း နေသော မိန်းမ။ ယောကျ်ား တစ်ယောက်ယောက်က တစ်ပတ်ဖြစ်စေ၊ တစ်လဖြစ်စေ*

*ငွေပေး၍ ပျော်ပါးနေသော ပြည်တန်ဆာမကို ဆိုလိုသည်။ ထိုရက်ထိုလအတွင်း တစ်ခြား ယောကျာ်းတစ်ပါးသူနှင့် ပျော်ပါးလျှင် ထိုပြည်တန်ဆာမရော၊ ပျော်ပါးသောယောကျာ်းပါ ကာမေသုမိစ္ဆာစာရဖြစ်သည်။ ၁၂။အလိုတူ၍ ပေါင်းသင်းနေသော မိန်းမ၊ ၁၃။ဥစ္စာပေး၍ ပေါင်းသင်းနေ သောမိန်းမ၊ ၁၄။အဝတ်တန်ဆာပေး၍ ပေါင်းသင်းနေသော မိန်းမ၊ ၁၅။လူကြီးစုံရာနှင့် လက်ထပ်ပေါင်းသင်းနေ သောမိန်းမ၊ ၁၆။ထင်းခွေ၊ ရေခပ် လုပ်ကိုင်နေသော မိန်မအား ထိုအလုပ်ကို မလုပ်စေဘဲ ပေါင်းသင်းနေသော မိန်းမ၊ ၁၇။မယားပြုထားသောမိန်းမ၊ ၁၈။ မယားပြုထားသော အလုပ်သမ၊ ၁၉။ မယားအဖြစ် ပေါင်းသင်းနေသော သုံ့ပန်းမိန်းမ၊ ၂၀။ခေတ္တငှားရမ်း ပေါင်းသင်းနေသောမိန်းမတို့ ဖြစ်သည်။*

ယင်းမိန်းမ (၁၂) ယောက်တို့သည် ကာမပိုင် ယောကျ်ားများ ရှိကြ သောကြောင့် ယောကျ်ားတစ်ပါးနှင့် ပျော်ပါးလျှင် နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရ ဖြစ်သည်။ မသွားလာ ကောင်းသော မိန်းမ နှစ်ဆယ်ကိုသာ ဟောကြာပြီး မသွားလာကောင်းသော ယောကျ်ား နှစ်ဆယ်ကို အဘယ့်ကြောင့် မဟောသနည်း။

အဖြေကား ကာမေသုမိစ္ဆာစာရကံကို မိန်းမတို့ ဦးဆောင်ကျူးလွန်၍ မဖြစ်နိုင်ပဲ ယောကျာ်းတို့ကဦးဆောင်ကျူးလွန်မှ ဖြစ်နိုင်သောကြောင့်ပေတည်း။ကာမေသုမိစ္ဆာစာရကံ ထိုက်ရန် အင်္ဂါလေးချက်ရှိသည်။

ယင်းတို့ကား *(၁) မသွားလာအပ်သောမိန်းမနှစ်ဆယ်ဖြစ်ခြင်း။ (၂) ထိုမိန်းမ၌ မှီဝဲလိုစိတ်ရှိခြင်း။ (၃)လုံ့လပြုခြင်း၊ (၄) သာယာခြင်းတို့ ဖြစ်ပေသည်။*

ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်လျှင် ချစ်ခင်သူ ပေါများမည်။ ပစ္စည်း လေးပါး လာဘ်လာဘပေါများမည်။ စည်း စိမ်ဥစ္စာ ချမ်းသာမည်။ မြင့်မြတ်သော ယောကျာ်းသာ ဖြစ်ရမည်။ အမျိုးမြတ်သာ ဖြစ်ရမည်။ ရုပ်ရည်ချောမော လှပမည်။ လက္ခဏာ ဣန္ဒြေနှင့် ပြည့်စုံမည်။ စိတ်အေးချမ်းသာစွာ နေရမည်။ ချစ်သောသူနှင့် ပေါင်းသင်းရမည် ဟူသော ကောင်းကျိုးများကိုခံစားရမည်။

## မိန်းမဖြစ်ရခြင်း အကြောင်းနှစ်ခု

ဘုရားအလောင်းကို ဇနီးမယားအဖြစ်နှင့် ပါရမီဖြည့်ချင်သောကြောင့် ယသောဓရာသည် အမျိုးသမီးဘဝကိုသာ ဆုတောင်းခဲ့သည်။ ထိုကဲ့သို့ မိမိဆုတောင်း စိတ်ညွှတ်မှုကြောင့် မိန်းမဘဝ ရောက်ကြရသည်။ ကာမေသုမိစ္ဆာစာရကံ ဖောက်ဖျက်မှု

ကြောင့်လည်း မိန်းမဘဝရောက်ကြရသည်။ ဒုတိယ အကြောင်းကြောင့် မိန်မဘာဝ ရောက်ကြသူ ပိုများသည်။

အမျိုးသားများ မခံစားရဘဲ အမျိုးသမီးများသာ သီးခြားခံစားရသည့် အာဝေဏိကဒုက္ခများ ရှိ၏။ ယင်းတို့ကား ဥတုပန်းပွင့်ရခြင်း၊ ကိုယ်ဝန် ဆောင်ရခြင်း၊ မီးဖွားရခြင်း၊ သျှောင်နောက် ဆံထုံးပါ ဟူသော စကားအတိုင်း ခင်ပွန်း နောက်သို့လိုက် နေရခြင်း၊ ယောကျ်ားတို့၏ ကာမအလိုကို လိုက်ပေးရခြင်း တို့ ဖြစ်ပေသည်။ ထို့ကြောင့် အမျိုးသမီးများ အမျိုးသာဘဝသို့ ရောက်လိုကြလျှင် ဒါန, သီလ, ကုသိုလ်ပြုသောအခါ ယောကျာ်းဘဝကို ဆုတောင်း ကြရမည်။ မိမိလင်ယောကျာ်းကို ရိုသေမြတ်နိုးစွာ ပြုစုပေးရမည်။ နာရဒဇာတ်တော် ဒေသနာအရ အမျိုးသားများသည် ဘဝဆက်တိုင်း အမျိုးသား ဘဝသို့သာ ရောက်လိုလျှင် သူတစ်ပါးသမီး၊ မယားများကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရမည် ဖြစ်သည်။

## သိသလိုလို မသိသလိုလိုနဲ့ ကျူးလွန်နေသော အပြစ်များ

မိန်းကလေးများ နှင့် ယောကျာ်းလေးများ မသိသလိုလို သိသလိုလိုနဲ့ ကျူးလွန်နေသော အပြစ်များသည် ကြာလေ ဆိုးရွားလာလေဟု ထင်မြင်မိ ပါသည်။ ထို့သို့ ပြုမူခြင်းများသည် သိရဲ့နဲ့ လုပ်တာလား မသိလို့များ လုပ်နေကြ တာလားဟု စဉ်းစားမရ ၍ မေထုန်မှုကိစ္စများနဲ့ ပတ်သက်သော သိသင့်သော အကြောင်းအရာများကို အနည်းငယ် တင်ပြ ပေးလိုက်ပါသည်။ အိမ်ထောင် ရှိပြီးသူများက ကျန်တစ်ပါးသူနဲ့ ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရ ကံထိုက်၍ အပြစ် ရှိတယ်ဆိုတာ သိကြပေ လိမ့်မည်။ သိရက်နဲ့ မိုက်တာသာ ဖြစ်ပေမည်။ အိမ်ထောင်မပြုသေးသူများ မေထုန်အကျင့်ကို ပြုကျင့်တာသည် အပြစ်မရှိဟု မှတ်ထင်နေသူများလဲ ရှိပေလိမ့်မည်။ ထို့ကြောင့် ထိုသို့သော သူများအတွက် တင်ပြပေးပါမည်။

ကာမေသုမိစ္ဆာစာရကံတွင် မပြစ်မှားကောင်းသော မိန်းမ(၂၀)ဆိုတာ ရှိပါတယ်။ ထိုအထဲတွင် အမိ၊ အဖ၊ မိဘ နှစ်ပါး၊ အကိုမောင်၊ အမညီမ၊ ဆွေမျိုး၊ အမျိုးအနွယ်၊ သူငယ်ချင်းများ အုပ်ထိန်းသော မိန်းမ(၈)ယောက်အား ကျူးလွန်သော ယောကျ်ား၌ ကာမေသုမိစ္ဆာစာရ အပြစ်ထိုက်၍ ကျူးလွန်ခံရသော မိန်းကလေးမှာ အပြစ်မ ထိုက်ပါ။ သို့သော် တစ်ချို့သော ယောကျ်ားလေးများက ပြောပေလိမ့်မည်။ မိန်းကလေးက

သဘောတူ၍ ပြုကျင့်တာ အပြစ်မရှိဟု၊ တရားဝင် စောင့်ရှောက်သူများ၏ ခွင့်ပြုချက်မရဘဲ ကာမကို ယူခြင်းကြောင့် အပြစ်ရှိပေသည်။နှစ်ဦးသဘောတူဖြစ်၍ သာအပြစ်နည်းပါသည်။

ထိုသို့မဟုတ်ဘဲ မိန်းကလေးဘက်ကလည်း သဘောမတူဘဲ ကျူးလွန်လျှင် ထိုသူသည် အပြစ်များစွာ ထိုက်ပေသည်။ သီလရှိသော မိန်းကလေးကို ကျူးလွန်မိလျှင် ပို၍ အပြစ်များပါသည်။ ထို့ကြောင့် ရှေးဆရာကြီးများက "မိန်းမ နှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊ မအိပ်လေရာ" မိန်းမများက ခေါ်အိပ်သည့်တိုင် မိမိကိုယ်ပိုင်မှတစ်ပါး မိန်းမ(၂၀)နဲ့ မအိပ်ကြဖို့ ဆုံးမခဲ့ခြင်း ဖြစ်ပေသည်။

မိန်းကလေးများက သူတို့၏ကာမကို မည်သူကမျှ တရားဝင်စောင့်ရှောက်သူများထံမှ လာမတောင်းထားသေးပါက သူတို့ကိုယ်ပိုင် ဖြစ်နေသေး၍ အပြစ်မရှိခြင်း ဖြစ်ပေသည်။ စောင့်ရှောက်သူများထံမှ တရားဝင်တောင်းပြီးသော စေ့စပ်ပြီးသော မိန်းကလေးများသည် တစ်ပါးသောယောကျ်ားနဲ့ ဖောက်ပြန်ပါက အပြစ်ရှိပေသည်။ ကာမကို ကိုယ်မပိုင်သော ကြောင့်တည်း။ အခုခေတ်လူငယ်များ မသိ၍ ကျူးလွန်မိမှာ စိုးသောကြောင့် တင်ပြပေးလိုက်ခြင်း ဖြစ်ပေသည်။ တကယ်တော့ ကာမဂုဏ်စိတ်ဟာ မိမိရဲ့စိတ်ထိန်းနိုင်မှုပေါ်မှာ မူတည်ပါပေသည်။ တဏှာကို ပယ်သတ် နိုင်သော ရဟန္တာ မဖြစ်သေးသမျှ ပုထုဇဉ်လူသားတိုင်းတွင် ထိုစိတ်များရှိပေသည်။ ထိုတွင် စိတ်ထိန်းနိုင်မှု နှင့် မထိန်းနိုင်မှုသာ ကွာပေလိမ့်မည်။ စိတ်ထိန်းနိုင်သောသူသည် အပြစ်မရှိ၍ ဒုက္ခ မရောက်ပေ။ စိတ်မထိန်းနိုင်သူသည် ယခုဘဝတွင်လည်း ဒုက္ခတွေ့၊ နောင်ဘဝတွင်လည်း ဆင်းရဲပေလိမ့်မည်။

## ဝစီကံ (၄) ပါး

၁။ မုသာဝါဒ = မုသားပြောမှု

၂။ ပိသုဏဝါစာ = ကုန်းတိုက်ကာ မိတ်ခွဲမှု

၃။ ဖရုသဝါစာ = ကြမ်းတမ်းသောစကားကိုပြောဆိုမှု

၄။ သမ္ဖပ္ပလာပ = အနှစ်သာရမရှိ အဓိပ္ပါယ်မဲ့သောစကားကိုပြောခြင်း

## မုသာဝါဒကံမြောက်ခြင်းအင်္ဂါ (၄)ပါး

၁။ မမှန်ကန်သောအကြောင်းဖြစ်ခြင်း ၂။အမှားကိုသိစေလိုခြင်း

၃။ လိမ်လည်ခြင်းနှင့် ၄။ အလိမ်ခံရသူက အမှားကိုအမှန်ဟုထင်ခြင်းတို့တည်း။

**ပိသုဏဝါစာကံမြောက်ခြင်းအင်္ဂါ (၄)ပါး**

၁။ ချစ်ခင်ညီညွတ်နေသူများဖြစ်ခြင်း ၂။ ကွဲပြားစေလိုသောစိတ်ရှိခြင်း
၃။ ကွဲပြားအောင်လုံ့လပြုခြင်းနှင့် ၄။ ကွဲပြားခြင်းတို့တည်း။

**ဖရုသဝါစာကံမြောက်ခြင်းအင်္ဂါ (၃)ပါး**

၁။ အဆဲခံရသူရှိခြင်း ၂။ စိတ်ဆိုးနေခြင်း ၃။ဆဲခြင်း။

**သမ္ဖပ္ပလာပကံမြောက်ခြင်းအင်္ဂါ (၃)ပါး**

၁။ အနှစ်မရှိသောစကားကိုပြောလိုခြင်း ၂။ အနှစ်မရှိသောစကားကိုပြောခြင်း နှင့် ၃။ သူတစ်ပါးယုံကြည်ခြင်း။

**မနောကံ (၃)ပါး**

၁။ အဘိဇ္ဈာ = သူတစ်ပါးဥစ္စာကိုမတရားရယူလိုခြင်း။
၂။ ဗျာပါဒ = သူတစ်ပါးသေကြေ ပျက်စီးစေရန်ကြံစည်ခြင်း
၃။ မိစ္ဆာဒိဋ္ဌိ = မှားသောအယူရှိခြင်း

**အဘိဇ္ဈာဖြစ်ခြင်းအင်္ဂါ (၂)ပါး**

၁။ သူတစ်ပါးဥစ္စာဖြစ်ခြင်း ၂။ မတရားယူလိုခြင်း။

**ဗျာပါဒဖြစ်ခြင်းအင်္ဂါ (၂) ပါး**

၁။ သတ္တဝါဖြစ်ခြင်း ၂။ သေကြေပျက်စီးစေလိုခြင်း

**မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းအင်္ဂါ (၂) ပါး**

၁။ အယူ အမြင် မှားခြင်း ၂။ ထိုအယူမှာ အမြင်မှားကို အမှန်ဟုထင်နေခြင်း

ဤကာယကံ ၃ ပါး ဝစီကံ ၄ ပါးနှင့် မနောကံ ၃ ပါးတို့ကို အပါယ်ရောက်ကြောင်း မကောင်းသော လမ်းဖြစ်သောကြောင့် အကုသလကမ္မပထတရား ၁၀ ပါးဟုခေါ်သည်။ မကောင်းသော စရိုက် (အကျင့်)များဖြစ်သောကြောင့်လည်း ဒုစရိုက်ဟုခေါ်သည်။ ထို ဒုစရိုက် ၁၀ ပါးကို ကိုယ်တိုင်လုပ်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ ဟူသော ၄ ပါး ဖြင့် မြှောက်ပွားက ဒုစရိုက် ၄၀ ရသည်။

## *မလှူသင့်သောအရာများ (သို့)အပါယ်လားကြောင်း ဒါန=ပေးလှူခြင်း (၁၀) မျိုး*

၁။ သေရည် အရက် မူးယစ်ဆေးဝါးလှူဒါန်းမှု ၂။ ပွဲလမ်းသဘင်အလှူ ၃။ ကာမဂုဏ် ခံစားရန် မိန်းမအလှူ ၄။သားဖေါက်ရန် နွားလားအလှူ ၅။ ရာဂပွားစေရန် ပန်းချီဆေးရေး အလှူ ၆။ လက်နက်အလှူ ၇။အဆိပ်အလှူ ၈။သံခြေချင်းအလှူ ၉။ ကြက် ဝက် အလှူ ၁၀။ လိမ်ညာမှုကို ဖြစ်စေတတ်သော ချိန်ခွင်စသည်ကို လှူဒါန်းမှု။

## အလှူခံပုဂ္ဂိုလ်နှင့် ရနိုင်သောအကျိုးများ

ဒါနပြုလုပ်ရာတွင် တိရစ္ဆာန်တစ်ကောင်အား အစာကျွေးမွေးသော ကုသိုလ်ကံကြောင့် ဘဝပေါင်း (၁၀၀) အကျိုး ရနိုင်သလို၊ အာယု-အသက်ရှည်ခြင်း၊ ဝဏ္ဏ-အဆင်းလှခြင်း၊ သုခ-ချမ်းသာခြင်း၊ ဗလ-ခွန်အားကြီးမားခြင်းနှင့် ပဋိဘာန-ထိုးထွင်းသိနိုင်ခြင်း အကျိုး ငါးပါးတို့ကို ရနိုင်ပါသည်။ ထို့အတူ သီလမရှိသူကို လှူက ဘဝပေါင်း (၁၀၀၀) သီလရှိသူကို လှူက ဘဝပေါင်း တစ်သိန်း၊ ဈာန်ရသူကိုလှူက ဘဝပေါင်း ကုဋေတစ်သန်း၊ အရိယာရှစ်ယောက်နှင့် ဘုရား၊ ပစ္စေကဗုဒ္ဓါတို့ကို လှူက ဘဝပေါင်း အသင်္ချေနှင့် အသင်္ချေအနန္တ အကျိုးရနိုင်လေသည်။

## ကံမြောက်ကြောင်း မူလအရင်းခံတရားများ

ပါဏာတိပါတ ဖရုသဝါစာ ဗျာပါဒတို့ကား ဒေါသမူလ(ဒေါသစိတ်) တို့ကြောင့်ဖြစ်သည်။ ကာမေသုမိစ္ဆာစရာ အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိတို့ကား လောဘမူလ (လောဘစိတ်) တို့ကြောင့်ဖြစ်သည်။ အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏဝါစာ၊ သမ္ဖပ္ပလာပ တို့ကား ရံခါ လောဘမူလ (လောဘစိတ်) ကြောင့်ဖြစ်သလို ရံခါ ဒေါသမူလ (ဒေါသအရင်းခံ)ကြောင့် ဖြစ်သည်။

## (၂) ကာမာဝစရကုသိုလ်ကံ

(က) ကမ္မဒွါရ၏အစွမ်းအားဖြင့် ကာယကံ ဝစီကံ မနောကံ ဟု ၃ ပါးအပြားရှိ၏။ ကာယကံ ၃ ပါး ဝစီကံ ၄ ပါး၊ မနောကံ ၃ ပါး ပေါင်း ၁၀ ပါသောတရားတို့ကို ကုသလကမ္မပထတရား (သုစရိုက်) ၁၀ ပါး ဟုခေါ်၏။

(ခ) ဒါန၊ သီလ၊ ဘာဝနာတို့၏အစွမ်းအားဖြင့် ၃ ပါးပင်ပြား၏။

(ဂ) စိတ္တုပ္ပါဒ်၏အစွမ်းဖြင့် ကာမကုသိုလ်ကံ ၈ ပါးပြား၏။

## ပုညကြိယာဝတ္ထု (၁၀)ပါး

ကောင်းသောအကျိုး၏ တည်ရာဖြစ်၍ ပြုသင့်ပြုထိုက်သော ကောင်းမှုကုသိုလ် ၁၀ ပါးကို ပုညကြိယာဝတ္ထု ၁၀ ပါးဟုခေါ်သည်။ (ပုည-ကောင်းမှု၊ ကြိယ-ပြုသင့်ပြုထိုက်သော၊ ဝတ္ထု-တည်ရာ)

၁။ ဒါန = စွန့်ကြဲ ပေးကမ်းလှူဒါန်းမှု
၂။ သီလ = ၅ ပါး ၈ ပါး စသောရှောင်သီလများနှင့် မိဘဝတ္တရား စသည် တို့ကိုဆောင်မှု
၃။ ဘာဝနာ = သမထ ဝိပဿနာ ဘာဝနာပွားများမှု
၄။ အပစာယန = မိမိကိုယ်ကိုနှိမ့်ချကာ ဂုဏ်ကြီးသူများကို ရိုသေလေးစားမှု
၅။ ဝေယျာဝစ္စ = သူတစ်ပါးကုသိုလ်ကိစ္စ၌ ပါဝင်လုပ်ကိုင်ပေးမှု
၆။ ပတ္တိဒါန = မိမိ၏ကုသိုလ်ကို သူတပါးအားအမျှပေးမှု
၇။ ပတ္တာနုမောဒန = သူတစ်ပါး ပြုလုပ်သောကုသိုလ်ကောင်းမှုကို သာဓုခေါ်ဆိုမှု (ဝမ်းမြောက်ခြင်း)
၈။ ဓမ္မဿဝန = တရားတော်ကိုရိုသေစွာနာကြားမှု
၉။ ဓမ္မဒေသနာ = တရားဆွေးနွေးမှု တရားဟောကြားမှု
၁၀။ ဒိဋ္ဌိဇုကမ္မ = ကံကိုသာယုံကြည်၍ ဖြောင့်မတ်သောအယူရှိမှု

## ရူပ ကုသိုလ်ကံ (၅) ပါး

၁။ ရူပါဝစရကုသိုလ်ကံသည် ဈာန်ကုသိုလ်ဖြစ်၍ အလွန်နူးညံ့သိမ်မွေ့လှသဖြင့် မည်သည့်ဝိညတ်ကိုမျှ မဖြစ်စေနိုင်၍ ကာယဒွါရ ဝစီဒွါရတို့၌ မဖြစ် မနောဒွါရ၌သာ ဖြစ်သောကြောင့် မနောကံသာဖြစ်၏။
၂။ ဒါန သီလ ဘာဝနာ ၃ မျိုးလည်းမရှိ၊ ဘာဝနာ တစ်မျိုးသာဖြစ်၏။
၃။ မနောကံ ဘာဝနာမယဟုဆိုသော်လည်း ကာမာဝစရကုသိုလ် မနောကံ ဘာဝနာမယမျိုး မဟုတ်၊ အပ္ပနာသို့ ရောက်သော မနောကံ-ဘာဝနာမယ မျိုးသာ ဖြစ်၏။
၄။ ယှဉ်သောဈာန်အင်္ဂါ (၅)မျိုးပြားခြင်းကြောင့် ရူပကုသိုလ်ကံလည်း ၅ မျိုးပြားရပေ၏။

## အရူပါဝစရကုသိုလ်ကံ

ရူပါဝစရကုသိုလ်ကံကဲ့သို့ပင် အပ္ပနာသို့ရောက်သော မနောကံ ဘာဝနာမယမျိုးသာ ဖြစ်၏။ ကောင်းကင်ပညတ် စသောအာရုံအားဖြင့် ၄ မျိုး ပြားခြင်းကြောင့် အရူပကုသိုလ်ကံလည်း ၄ မျိုးပြားရပေသည်။

# ကာမကံတို့၏ အကျိုးပေးရာ ဘုံဌာနများ

| ကာမကံ (၂၀) ပါး | အခါ | ဘုံဌာန | အကျိုးဝိပါက်စိတ် |
|---|---|---|---|
| (၁) အကုသိုလ်ကံ ဥဒ္ဓစ္စကြည် အကုစေတနာ ၁၁ | ပဋိသန္ဓေ အခါ | အပါယ် ၄ ဘုံ | အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး |
| အကုသိုလ် စေတနာ ၁၂ ပါး | ပဝတ္တိ အခါ | ၁။အပါယ်၄ဘုံ ၂။ကာမသုဂတိ ၇ ဘုံ ၃။အသညသတ် ကြဉ် ရူပ ၁၅ ဘုံ | အကုသလဝိပါက် = ၇ပါး အကုသလဝိပါက် = ၇ပါး ဃာန ဇိဝှါ ကာယကြဉ် အကုသလဝိပါက် = ၄ ပါး |
| (၂)ကာမကုသိုလ်ကံ မဟာကုသိုလ် စေတနာ =၈ ပါး | ပဋိသန္ဓေ အခါ | ကာမသုဂတိ ၇ ဘုံ | အဟိတ်ကုသလဝိပါက ဥပေက္ခာသန္တီ=၁ မဟာဝိပါက်=၈ ပါး ပေါင်း ၉ ပါး |
| မဟာကုသိုလ် စေတနာ=၈ ပါး | ပဝတ္တိ အခါ | ၁။ ကာမသုဂတိ ၇ဘုံ ၂။အပါယ် ၄ ဘုံ ၃။အသညသတ် ကြဉ် ရူပ ၁၅ ဘုံ | အဟိတ်ကုသလ ဝိပါက်=၈ ပါး မဟာဝိပါက် = ၈ပါး ပေါင်း ၁၆ ပါး အဟိတ်ကုသလ ဝိပါက်=၈ ပါး ဃာန ဇိဝှါ ကာယကြဉ် အဟိတ် ကုသ လ ဝိပါက်=၅ ပါး |

**မှတ်ချက်**။ ။ ဥဒ္ဓစ္စစေတနာ အပါယ်ပဋိသန္ဓေမပေးနိုင်ခြင်းအကြောင်းကား၊ ဥဒ္ဓစ္စသဟဂုတ်စိတ်၌ လောဘ ဒေါသ မပါ၊ ဒိဋ္ဌိ၊ မာနနှင့် ကွာသော မွစ္စရိယတို့လည်းမယှဉ်ကြ၊ ဘုရား တရား စသည်အပေါ်မှာ ယုံမှားမည့် ဝိစိကိစ္ဆာ လည်း မဖက်၊ **ထက်မြက်သောစေတသိက်** တစ်ခုမျှမယှဉ်သောကြောင့် ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ယှဉ်သော စေတနာသည် ပဋိသန္ဓေ အကျိုးကိုဆောင်လျက်တစ်ဘဝမထူထောင်နိုင်သောကြောင့်တည်း။ (ဘာသာဋီကာအလို) **တနည်း။** ။ သောတာပတ္တိမဂ်က ပယ်ထိုက်သောတရားတို့တွင် မပါဝင်သောကြောင့် ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပဋိသန္ဓေအကျိုးကိုမပေးနိုင်။ (အဋ္ဌသာလိနီ အလို)

## တိဟိတ် ဒွိဟိတ် ကုသိုလ်အခွဲ

ပြခဲ့သော ကာမာဝစရကုသိုလ်သည် တိဟိတ် ကုသိုလ် ဒွိဟိတ် ကုသိုလ် ဟုနှစ်မျိုးရှိ၏။ ဉာဏသမ္ပယုတ် မဟာ ကုသိုလ်စိတ် (၄)ပါးတွင် တစ်ပါးပါးဖြင့် ပြုအပ်သော ကုသိုလ်သည် တိဟိတ်ကုသိုလ်မည်၏။ အလောဘ အဒေါသ အမောဟ ဟိတ် ၃ ပါးနှင့် ယှဉ်သောကုသိုလ် ဟုဆိုလိုသည်။ ဉာဏဝိပ္ပယုတ် မဟာကုသိုလ်စိတ် (၄)ပါးတွင် တစ်ပါးပါးဖြင့်ပြုအပ်သော ကုသိုလ်သည် ဒွိဟိတ်ကုသိုလ်မည်၏။ အမောဟ မပါပဲ အလောဘ အဒေါသဟိတ်နှစ်ပါး နှင့်သာ ယှဉ်သော ကုသိုလ်ဟု ဆိုလိုသည်။ ထိုတွင် ကုသိုလ်ပြုရာ၌ ကံနှင့် ကံ၏အကျိုးကို ယုံကြည်သော ကမ္မဿကတာဉာဏ် သည် အရေးကြီး ၏။

ရုပ်နာမ်တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တဟုရှုတတ်သော ဝိပဿနာဉာဏ် ဖြစ်လျှင် သာ၍ထက်မြက်၏။ ထို့ကြောင့် ကုသိုလ်ပြုစဉ်အခါ၌ ကမ္မဿကတာ ဉာဏ်ဖြစ်စေ ဝိပဿနာဉာဏ်ဖြစ်စေ ဉာဏ်ပါလျှင် တိဟိတ်ကုသိုလ်ဖြစ်သည်။ ထိုကဲ့သို့နားလည်သော ဉာဏ်မပါလျှင် (ကလေးသူငယ်၊ လူရိုင်း စသူတို့ပြုသလို အမှတ်တမဲ့ပြုလျှင်) ဒွိဟိတ် ဖြစ်တော့၏။

## ဥက္ကဋ္ဌ ဩမက ကုသိုလ်အခွဲ

ထိုတိဟိတ် ဒွိဟိတ်၌ ပုဗ္ဗစေတနာနှင့် အပရစေတနာများလည်း ရှိရလေသည်။ ချဲ့ဦးအံ့။ လှူဒါန်း ပေးကမ်းတော့မည်ဟု ကြံစည်သည်မှစ၍ မလှူခင် ပုဗ္ဗစေတနာ အခိုက်တွင် တချို့မှာ အလွန်ထက်သန်၏။ ကုသိုလ်နှင့်စပ်သောဇောတွေ များစွာဖြစ်နေ၏။ ကုသိုလ်ပြုပြီး အထမြောက်ပြီးနောက် အပရစေတနာ အခိုက်မှာလည်း လွန်စွာ အားရ၏။ ပြုခဲ့ပေပြီဟု ဝမ်းမြောက်လျှက်ရှိ၏။ ထိုကုသိုလ်မျိုးသည် ရှေ့ရော နောက်မှာ ကုသိုလ်တွေ ခြံရံလျှက်ပါသောကြောင့်လွန်စွာအားရှိ၏။ဥက္ကဋ္ဌ - မြင့်မြတ်သော ကုသိုလ်ဟုခေါ်ရ သည်။

တိဟိတ်ဖြစ်လျှင် တိဟိတ်ဥက္ကဋ္ဌကုသိုလ် ဒွိဟိတ်ဖြစ်လျှင် ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ် ဟုခေါ်၏။ တချို့မှာ ပုဗ္ဗစေတနာအခိုက်၌ ဝမ်းမြောက်ဝမ်းသာ မရှိ၊ နှမြောတွန့်တိုခြင်း တစ်စုံတစ်ရာအတွက် မကျေမနပ်ဖြစ်ခြင်း၊ မိမိ၏ ဂုဏ်သတင်း ကြီးစေလိုခြင်း စသော အကုသိုလ်စိတ်တွေ ရှေ့သွားလျက်ရှိ၏။ ကုသိုလ်ပြုပြီးနောက် အပရစေတနာ အခိုက် လည်း ပြုမိတာ မှားလေခြင်း စသည်ဖြင့် နှလုံးမသာယာ ဖြစ်ရ၏။ ထိုကုသိုလ်မျိုး၌ ရှေ့ရော နောက်မှာ အကုသိုလ် ခြံရံလျက် ပါသောကြောင့် များးစွာအားမရှိချေ။ ဩမက ကုသိုလ် အညံ့စားဖြစ်ရလေ၏။ ထိုကုသိုလ်မျိုးကို တိဟိတ်ဩမက ဒွိဟိတ်ဩမက ဟု ခေါ်ဆိုရလေသည်။

## ဥက္ကဋ္ဌုက္ကဋ္ဌ (မြတ်သထက်မြတ်) စသည်အခွဲ

တစ်နည်းခွဲပြဦးအံ့။ ပုဗ္ဗစေတနာအခိုက်၌ ကုသိုလ်အကုသိုလ်ဖြစ်ပုံမှာ ရှေ့အတိုင်း ပင်တည်း။ ကုသိုလ်ပြုပြီး နောက်အချိန်အနည်းငယ် ကာလကြာသော အပရစေတနာ အခိုက်၌ ထိုကုသိုလ်နှင့်စပ်လျက် ကုသိုလ်ထပ်ဖြစ် လျှင် ဥက္ကဋ္ဌကုသိုလ် အကုသိုလ် ထပ်ဖြစ်လျှင် ဩမကကုသိုလ်ဟု ခေါ်နိုင်ပြီ။ ထို့နောက် ရက်ပေါင်းလပေါင်း အ တော်ကြာ သောအခါ ထိုကုသိုလ်ကို သတိရလေတိုင်း အလွန်အမင်း ဝမ်းမြောက်ခြင်းဖြစ်အံ့၊ ဤကဲ့သို့ ကုသိုလ်စိတ် တစ်ဖန်ထပ်၍ အာသေဝနရလျှင် မူလက ဥက္ကဋ္ဌကုသိုလ်သည် အလွန်မြင့်မြတ်ပြီးလျှင် ဥက္ကဋ္ဌုက္ကဋ္ဌ အဖြစ်သို့ ရောက်၏။

မူလက ဩမကကုသိုလ်သည် အတော်အတန် မြင့်လာသဖြင့် ဩမကုက္ကဋ္ဌ အဖြစ်သို့ ရောက်ရ၏။ ထိုသို့ မဟုတ်ပါပဲ ကုသိုလ်ပြုပြီးနောက် ရက်လ အတော်ကြာသောအခါ ကုသိုလ်ပြုမိတာ မှားလေခြင်း ဟု နှလုံးမသာမှုဖြစ်အံ့၊ ထိုနှလုံး မသာမှုက မူလကုသိုလ်ကို ပြန်၍ အားသေးအောင် ပြုသောကြောင့် မူလကုသိုလ်သည် ဥက္ကဋ္ဌဖြစ်လျှင် ဥက္ကဋ္ဌောမကအဖြစ်သို့ ကျဆင်း၏။ မူလက ဩမကဖြစ်နေလျှင် သာ၍ ညံ့သွားသဖြင့် ဩမကောမက အဖြစ်သို့လျော့ကျရလေ၏။

ထို့ကြောင့် ကုသိုလ်တစ်မျိုးလျှင် ၁။ ဥက္ကဋ္ဌ ၂။ ဥက္ကဋ္ဌုက္ကဋ္ဌ ၃။ဥက္ကဋ္ဌောမက ဟု လည်းကောင်း၊ ၁။ ဩမက ၂။ ဩမကုက္ကဋ္ဌ ၃။ဩမကောမကဟုလည်းကောင်း ခွဲပြနိုင်သည်။ ဆက်ဦးအံ။ ထို ဥက္ကဋ္ဌစသော ကုသိုလ်များ၌ ဆန္ဒ ဝီရိယ စိတ္တ ဝီမံသခေါ် ပညာတို့ထက်သန်လျှင် ထက်သန်သလောက် အကျိုး ပေး၏။ ညံ့လျှင်ညံ့သလောက် အကျိုးလျော့၏။ ထို့ပြင် ပုဗ္ဗစေတနာအခိုက်၌ အကုသိုလ်ခြံရံ၍ အပရစေတနာ အခိုက်၌ ကုသိုလ်ခြံရံသောကုသိုလ်၊ ပုဗ္ဗစေတနာအခိုက်၌ ကုသိုလ်ခြံရံ၍ အပရစေတနာအခိုက်၌

အကုသိုလ်ခြံရံသော ကုသိုလ်များလည်းရှိသေး၏။ ထိုစေတနာများအတွက် သတ္တိအမျိုးမျိုး ထွက်နိုင်ပုံကို စဉ်းစားကာ အကောင်းဆုံးကုသိုလ်ဖြစ်အောင် ကြိုးစားသင့်ပါသည်။

## တိဟေတုကမောမကံ ဒွိဟေတုကမုဗ္ဗဋ္ဌ = တိဟိတ်ဩမက ဒွိဟိတ်ဥက္ကဋ္ဌဖြစ်ပုံ

မောဟသည် ထိုင်းမှိုင်းဖျင်းအ ဇစ္စန္ဓ စသော မကောင်းကျိုး၏ အကြောင်းတည်း။ ဉာဏ်ကား ထိုမောဟ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် ဉာဏသမ္ပယုတ် တိဟိတ်ကုသိုလ်သည် ဩမကဖြစ်၍ ညံ့နေစေကာမူ ဇစ္စန္ဓ စသော အဟိတ်ပဋိသန္ဓေ အကျိုးကိုတော့ မပေး ဒွိဟိတ်ပဋိသန္ဓေ အကျိုး ကိုသာပေးသည်။ ဒွိဟိတ် ဉာဏဝိပ္ပယုတ် ကုသိုလ်ကံများလည်း ပင်ကိုက ဉာဏ်နှင့်မယှဉ်သည့်အတွက် ဉာဏ်ပါသော တိဟိတ်ပဋိသန္ဓေ အကျိုးကိုမပေးနိုင်၊ ထို့ကြောင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်လည်း ဒွိဟိတ် ပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်သည်။ (ဒွိဟိတ်ဩမကကုသိုလ်လည်း ညံ့ဖျင်းသော ဒွိဟိတ်ကုသိုလ် ဖြစ်ရကား ဒွိဟိတ် ပဋိသန္ဓေအကျိုးကိုမျှ မပေးနိုင်ဘဲ အဟိတ်ပဋိသန္ဓေကို သာပေးရတော့သည်)။ (သင်္ဂြိုဟ်ဘာသာဋီကာ)

### အကျိုးပေးရာဘုံဌာနများ

| ကာမ ကုသိုလ်ကံ | အခါ | ဘုံဌာန | အကျိုးဝိပါက် |
|---|---|---|---|
| (၁) တိဟိတ် ဥက္ကဋ္ဌ မဟာကု စေတနာ = ၄ ပါး (ဉာဏ သမ္ပယုတ် ၄ပါး) | ပဋိသနေ္ဓအခါ | ကာမသုဂတိ - ၇ ဘုံ | မဟာဝိပါက်ဉာဏ သမ္ပယုတ် =၄ ပါး |
| | ပဝတ္တိ အခါ | ၁။ ကာမသုဂတိ ၇ ဘုံ | အဟိတ် ကုသလဝိပါက်= ၈ ပါး မဟာဝိပါက် = ၈ ပါး ပေါင်း ၁၆ ပါး |
| | | ၂။ အပါယ် ၄ ဘုံ | အဟိတ်ကုသလဝိပါက် =၈ ပါး |

| | | | |
|---|---|---|---|
| | | ၃။အသညသတ် ကြည့် ရှုပ ၁၅ ဘုံ | ဃာန ၊ဇိဝှါ ၊ ကာယ ကြည် အဟိတ်ကုသလ ဝိပါက် ၅ ပါး |
| (၂) တိဟိတ်သြမက မဟာကုသိုလ် စေတနာ ၄ ပါး။ (မဟာကုသိုလ် ဉာဏသံ ၄ ပါး)နှင့်<br><br>(၃) ဒွိဟိတ်ဥက္ကဋ္ဌ မဟာ ကုသိုလ် စေတနာ ၄ ပါး (မဟာကုသိုလ် ဉာဝိပ် ၄) | ပဋိသနေ္ဓအခါ | ကာမသုဂတိ -၇ ဘုံ | မဟာဝိပါက်ဉာဏဝိပ္ပယုတ်=၄ ပါး |
| | ပဝတ္တိအခါ | ၁။ ကာမသုဂတိ ၇ ဘုံ | အဟိတ်ကုသလဝိပါက် =၈ ပါး<br>မဟာဝိပါက်ဉာဏဝိပ္ပယုတ်=၄ ပါး<br>ပေါင်း ၁၂ |
| | | ၂။ အပါယ် ၄ ဘုံ | အဟိတ်ကုသလဝိပါက် = ၈ ပါး |
| | | ၃။ အသညသတ် ကြည့် ရှုပ ၁၅ ဘုံ | ဃာန၊ ဇိဝှါ ၊ ကာယကြည် အဟိတ်ကုသလ ဝိပါက် ၅ ပါး |
| (၄) ဒွိဟိတ် သြမက မဟာကုသိုလ် စေတနာ ၄ ပါး (မဟာကု ဉာဝိပ် ၄ ပါး) | ပဋိသနေ္ဓအခါ | လူ့ဘုံ ဝိနိပါတိကအသုရာ | အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး |
| | ပဝတ္တိအခါ | ၁။ ကာမသုဂတိ ၇ ဘုံ | အဟိတ်ကုသလဝိပါက်= ၈ ပါး |
| | | ၂။ အပါယ် ၄ ဘုံ | အဟိတ်ကုသလဝိပါက် =၈ ပါး |
| | | ၃။ အသညသတ် ကြည့် ရှုပ ၁၅ ဘုံ | ဃာန ဇိဝှါ ကာယကြည် အဟိတ်ကုသလ ဝိပါက် ၅ ပါး |

## ရူပါဝစရကုသိုလ်ဈာန်တို့၏ ဟီန (ပရိတ္တ) မဇ္ဈိမ ပဏီတ အထူး

ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ ဟူသော ဈာန်နှင့်ယှဉ်ဘက်တရားတို့တွင် တစ်ပါးပါးသည် အဓိပတိ (အကြီးအကဲ)ဖြစ် ရှိးတည်း။ ထိုအဓိပတိ ဖြစ်ထိုက်သော တရားသည် ညံ့နေ လျော့နေလျှင် ဟီန-ပရိတ္တဈာန်ဖြစ်၏။ ထိုအဓိပတိက အလတ်တန်းစားဖြစ်လျှင် မဇ္ဈိမဈာန်ဖြစ်၏။ အဓိပတိက ထက်မြက်နေလျှင် ပဏီတဈာန်ဖြစ်၏။

## မဟဂ္ဂုတ်ကံတို့၏ အကျိုးပေးရာဘုံဌာနများ

| မဟဂ္ဂုတ်ကံ | ဘုံဌာန | အကျိုးဝိပါက် |
|---|---|---|
| (၁) ဟီန (ပရိတ္တ)ပဌမဈာန် ကုသိုလ် | ဗြဟ္မပါရိသဇ္ဇာဘုံ | ပဌမဈာန်ဝိပါက် |
| မဇ္ဈိမ ပဌမဈာန် ကုသိုလ် | ဗြဟ္မပုရောဟိတာဘုံ | ။ |
| ပဏီတ ပဌမဈာန် ကုသိုလ် | မဟာဗြဟ္မာ | ။ |
| (၂) ဟီန ဒုတိယနှင့် တတိယဈာန်ကုသိုလ် | ပရိတ္တာဘာဘုံ | ဒုတိယနှင့် တတိယဈာန်ဝိပါက် |
| မဇ္ဈိမ ။ | အပ္ပမာဏာဘာဘုံ | ။ |
| ပဏီတ ။ | အာဘဿရာဘုံ | ။ |
| (၃) ဟီန စတုတ္ထဈာန် ကုသိုလ် | ပရိတ္တသုဘာ | စတုတ္ထဈာန် ဝိပါက် |
| မဇ္ဈိမ ။ | အပ္ပမာဏာသုဘာ | ။ |
| ပဏီတ ။ | သုဘကိဏှာ | ။ |

| | | |
|---|---|---|
| (၄) သာမည ပဋ္ဌမဈာန်ကုသိုလ် | ဝေဟပ္ဖိုလ်ဘုံ | ပဋ္ဌမဈာန်ဝိပါက် |
| ပဋ္ဌမဈာန်ကုသိုလ် (နာမ်ပျောက်အောင်ရှု) | အသညသတ်ဘုံ | ဇီဝိတနဝကကလာပ်ရုပ် ပဋိသန္ဓေ |
| သဒ္ဓါလွန်(အနာဂါမ်) ပဋ္ဌမဈာန်ကုသိုလ် | အဝိဟာဘုံ | ပဋ္ဌမဈာန်ဝိပါက် |
| ဝီရိယလွန် ။ | အတပ္ပါဘုံ | ။ |
| သတိလွန် ။ | သုဒဿာဘုံ | ။ |
| သမာဓိလွန်။ | သုဒဿီဘုံ | ။ |
| ပညာလွန် ။ | အကနိဋ္ဌဘုံ | ။ |
| (၅) အာကာသာနဉ္စာယတန ကုသိုလ် | အာကာသာနဉ္စာယတနဘုံ | အာကာသာနဉ္စာယတန ဝိပါက် |
| ဝိညာဏဉ္စာယတန ကုသိုလ် | ဝိညာဏဉ္စာယတနဘုံ | ဝိညာဏဉ္စာယတန ဝိပါက် |
| အာကိဉ္စညာယတန ကုသိုလ် | အာကိဉ္စညာယတနဘုံ | အာကိဉ္စညာယတန ဝိပါက် |
| နေဝသညာနာသညာ ယတန ကုသိုလ် | နေဝသညာနာသညာ ယတနဘုံ | နေဝသညာနာသညာ ယတနဝိပါက် |

## ကံနှင့်စပ်၍ မှတ်ဖွယ်

ကံနဲ့ပတ်သက်ပြီးတော့ သိသင့်တာတွေ အများကြီးကျန်ပါသေးတယ်။ သိသင့်သလောက်မသိတော့ တခါတလေ သံသယတောင်ဝင်မိတတ်ကြပါတယ်။ ငါ ကောင်းတာလုပ်လျက်နဲ့ ကောင်းကျိုးဘာလို့မရတာလဲ၊ မကောင်းတာလုပ်ပြီး ကြီးပွားနေသူတွေက ဘာလို့ဒုက္ခမရောက်ရတာလဲ၊ ဒါဆို စိတ်ကောင်းထားရုံနဲ့ ဘဝမှာ ပြည့်စုံဖို့ မလုံလောက်တော့ဘူးပေါ့၊ စတဲ့အတွေးများနဲ့ ချာချာလည် နေတတ်ပြန်ပါတယ်။ တကယ်တော့ ကံ ရဲ့ သဘာဝဟာ နက်နဲလွန်းပါတယ်။ ကံအကြောင်းအကုန်အစဉ် သိဖို့ ဆိုရင်လဲ ကံကုန်အောင် အားထုတ်ထားပြီး သံသရာက လွတ်ဖို့ အဆင်သင့်ဖြစ်နေသူပဲ

ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် သိသင့်သလောက် သိပြီး လုပ်သင့်တာကို လုပ်ရင်း တိကျတဲ့ ကံရဲ့ အကျိုးပေးမှုခံရအောင် လုပ်ခွင့်တော့ လူသားတိုင်းမှာရှိနေပါတယ်။

ကံ ဟာ အလုပ်၊ ကံ ဟာ စေတ နာ၊ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်လောက် သိတာထက် ကံ ဆိုတာဘာလဲ၊ ကံရဲ့ သဘာဝနဲ့ ကံရဲ့ အကျိုးပေး ဆန်းကျယ်ပုံက ဘာတွေလဲ၊ ဘယ်လိုပုံစံနဲ့ အကျိုးပေးပြီး အကျိုးမပေးဘဲရော ဘယ်လိုနေသလဲ၊ စတာတွေကို လေ့လာသိထားဖို့ တကယ်လိုအပ်ပါတယ်။ ကံနဲ့ပတ်သက် ပြီး အပေါ်မှာ ကံ (၁၆) မျိုးကို ဖော်ပြပြီးဖြစ်တာမို့ သိသင့်သလောက်တော့ သိပြီးဖြစ်ပါလိမ့်မယ်။ လူ့ဘဝမှာ ရှင်သန်တုန်း ကောင်းတာလုပ်ပြီး ကောင်းတာပဲ လိုချင်သူများ၊ ဒီဘဝမှာ မရနိုင်ပေမယ့် နောက်ဘဝ နောက်တချိန်မှာ ကောင်းကံနဲ့ပဲ လက်တွဲသွားချင်သူများ၊ ကောင်းကံပဲဖြစ်ဖြစ် မကောင်းကံပဲဖြစ်ဖြစ် ကံဆိုတာရှိနေရင် ဒုက္ခစက်ကွင်းက မလွတ်နိုင်ဘူးလို့ အသိဉာဏ် ထက်မြက်သူများ အတွက် ကံနဲ့ပတ်သက်ပြီး သိသင့်တာလေးတွေကို ဖော်ပြချင်ပါတယ်။

တကယ်တော့ လူ့ဘဝဆိုတာ ဒုက္ခသက်သက်ခံစားနေရတဲ့ အပါယ်ဘုံရဲ့ အထက်၊ သုခသက်သက် စံစားနေကြတဲ့ နတ် ပြဟ္မာတို့ရဲ့ အောက်၊ ဒုက္ခနဲ့ သုခကြားမှာ ရှင်သန်နေတဲ့ သတ္တဝါများမို့ ဒုက္ခသက်သက်လဲ မရှိနိုင်သလို သုခသက်သက်ကိုလဲ မရနိုင်ပါဘူး။ ဒုက္ခ ရောထားတဲ့ သုခကိုပဲ ရရှိကြမှာပါ။ ဒုက္ခအရောများပြီး သုခ အရောနဲတဲ့ ဘဝကို ပိုင်ဆိုင်ရတာဟာ အသိဉာဏ်ကို ဦးစားမပေးခဲ့လို့ပါပဲ။ လူပဲဖြစ်ဖြစ် နတ်ပဲဖြစ်ဖြစ် ဘယ်သတ္တဝါပဲဖြစ်ဖြစ် မွေးဖွားလာဖို့ဆိုရင် ကံဟာအဓိကပါပဲ။ ဒါကတော့ ငြင်းလို့မရတဲ့ အရာတစ်ခုပါ။ ဒါပေမယ့် မကောင်းကံသက်သက်ကို ခံစားရတဲ့ အပါယ်ဘုံသားနဲ့ ကောင်းတာသက်သက် စံစားနေရတဲ့ နတ်ဘုံနဲ့ ပြဟ္မဘုံ သားများမှာ အသိနဲ့ကံကို မြှင့်တင်ဖို့ ဆိုတာ မလွယ်တော့ပါဘူး။

ဘဝကိုမြင့်သထက်မြင့်အောင် လုပ်ပိုင်ခွင့်ဆိုတာဟာ လူသားများရဲ့ လက်ထဲမှာပဲ ရှိပါတယ်။ ပြီးတော့ ဘဝနိမ့်ကျအောင် သတ္တဝါအများ ဒုက္ခရောက်အောင် လုပ်နိုင်စွမ်းဟာလဲ လူသားများရဲ့ လက်ထဲမှာပဲရှိနေပြန်ရော။ ဒါကြောင့် ကောင်းတာနဲ့ပဲ ကြီးပွါးချင်သူဖြစ်ဖြစ် မကောင်းတာနဲ့ပဲ ကြီးပွားချင်သူဖြစ်ဖြစ် လက်လွှတ်လို့မရတဲ့ နိယာမကတော့ ဉာဏ် ဝီရိယ ပယောဂ ကို အချိုးညီစွာအသုံး ချခြင်းပါပဲ။ လူရယ်လို့ ဖြစ်လာတာဟာ ကံက မူရင်းပါ။ ကံမပါပဲ ဖြစ်လာစရာအကြောင်းမရှိပါဘူး။ ဒါပေမယ့် ကံ ပါလာရုံနဲ့ လူသားဟာ လူကောင်း တစ်ယောက် ဖြစ်မလာနိုင်သလို၊ လူဆိုးတစ်ယောက်လဲ ဖြစ်မလာပါဘူး။ တနည်းအားဖြင့်ပြောရမယ်ဆိုရင် လူ့ဘဝဆိုတာ ပြင်မရတဲ့ ရေးပြီးသား

ဝတ္ထုတစ်ပုဒ် မဟုတ်ဘူးဆိုတာပါပဲ။ ပြင်ချင်ရင် ပြင်ခွင့်ရှိပါတယ်။ ဒါပေမယ့် အချိန် တစ်ခုတော့ ပေးရပါလိမ့်မယ်။

တကယ်တော့ လူ့ဘဝကိုရလာတာဟာ အတိတ်ကံကြောင့်ဖြစ်ပေမဲ့ အခုအချိန်မှာ ကြီးပွားချမ်းသာဖို့ဆိုရင် ဉာဏ်၊ ဝီရိယ၊ သတိ လို့ခေါ်တဲ့ ပယောဂကို အသုံးချတတ်ပါမှ ဥစ္စာတိုးတက် ကြီးပွားမှာဖြစ်သလို သက်ရှည်ကျန်းမာမှာပါ။ ဉာဏ်ရှိတဲ့သူဟာ အချိန်ကာလနဲ့ အခြေအနေ အရပ်ရပ်ကို သုံးသပ်တတ်သလို မိုဝဲ ပေါင်းသင်းသင့်တဲ့ သူကိုပါ သိနိုင်တာမို့ အောင်မြင်ဖို့လွယ်ကူပါသတဲ့။

ကံကိုယုံပြီး မီးပုံထဲဆင်းရင်တော့ အသက်ဆုံးရှုံးရုံပဲရှိမှာမို့ အဆင်မပြေ ဖြစ်လာခဲ့ရင် ကံပေါ့လေ စသည်ဖြင့် ကံကိုချည်းရိုးမယ်ဖွဲ့မနေဘဲ၊ အချိန်အခါကို သည်းခံစောင့်ပြီး လုံ့လအားထုတ်သင့်ကြောင်း ဆုံးမခဲ့တာပါ။ ကံပဲလေလို့ ငြိမ်ပြီး မနေသင့်သလို၊ မစဉ်းစားမဆင်ခြင်ဘဲ လုံ့လသက်သက်နဲ့လဲ ဘဝကို မဖြတ်သန်းသင့် ပါဘူး။ အကောင်းဆုံးနည်းလမ်းကတော့ ကံကိုယုံရမှာ ဖြစ်သလို ဘဝအတွက် ကြိုးစားတဲ့ နေရာမှာ ဉာဏ်ကိုလွှာသုံးတတ်ဖို့လဲ မာန်လည်ဆရာတော်ကြီးက မှာကြားခဲ့တာ ဖြစ်ပါတယ်။

**မှတ်ရန်** ။ ။ ”ကံဟု မူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာ အကြောင်း၊ မရိုးကောင်းဟု၊ သူကောင်းရှေးက၊ ဆိုကုန်ကြ၏။

လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်း လည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မရိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့် ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်။ တံငါလက်တွင်း၊ ရောက်လျင်းတုံငြား၊ သုံးကောင်းငါးကို၊ မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့၊ ကံမွဲဉာဏ်နံ့၊ မလုံ့မလ၊ နတ် မ မဘူး၊ အလသမျိုး၊ အကျိုးယွင်းယို၊ အလိုလျော့ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်းမ၍၊ တောင့်တကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏။

အန္တဗာလ၊ လူ့ထိုမျှတို့၊ ကမ္ဗ ဝီရိယ၊ မယုံကြဘူး၊ သိဝမဟော၊ ပရမေသွာ၊ ပြဟ္မာ ဗိဿနိုး၊ ကမ္ဘာစိုးနှင့်၊ တန်ခိုးကြီးမား၊ နတ်ဘုရားတို့၊ ပေးစားဖန်ဆင်း၊ ဖြစ်တုံလျင်းဟု၊ ချွတ်ယွင်းသမှု၊ အမှားရှုသည်၊ တောင်သူ ယူလေ့ ယူလာတည်း” ။

# ၄။ မရဏုပ္ပတ္တိစတုက္က

စုတေခြင်းတို့၏ဖြစ်ပုံကိုပြသော စတုက္ကကို မရဏုပ္ပတ္တိစတုက္က ဟုခေါ်သည်။

## သေခြင်း ၄ မျိုး

၁။ အာယုက္ခယ = အသက်ကုန်၍သေခြင်း။ (မီးစာကုန်)
၂။ ကမ္မက္ခယ = ကံကုန်၍သေခြင်း။ (ဆီခန်း)
၃။ ဥဘယက္ခယ = အသက် ကံ နှစ်ပါးကုန်၍သေခြင်း။ ( မီးစာကုန်၊ဆီခန်း)
၄။ ဥပစ္ဆေဒက = ကံဆိုးဖြတ်ချွေ ရုတ်တရက်သေခြင်း။ ( လေပြင်းတိုက်ခတ်ခြင်း)
**မှတ်ချက်**။ ။ ထို သေခြင်း ၄ မျိုးတို့တွင် ရှေ့ ၃ ပါးကား စုတေချိန်ရောက်မှ သေကြသောကြောင့် ကာလမရဏ ဖြစ်၍ ဥပစ္ဆေဒက သေခြင်းကား အချိန်မရောက်မီ သေသောကြောင့် အကာလမရဏ ဖြစ်သည်။

## သေခါနီးထင်လာသော နိမိတ် (၃) ပါး

သေခြင်း ၄ ပါးတို့အနက် တစ်ပါးပါးသော အကြောင်းကြောင့် သေကုန်သော သတ္တဝါတို့တွင် သေခါနီးကာလ၌ ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ် ဟုဆိုအပ်သော အာရုံ ၃ ပါးတို့တွင် တစ်ပါးပါးသော နိမိတ် အာရုံသည်၊ ကံ၏အစွမ်း ကြောင့် ဒွါရ ၆ ပါးမှ တစ်ပါးပါးတွင် ထိုက်သလိုထင်လာတတ်၏။ ထို့သို့ထင်ရာဝယ် ကံထင်ထိုက်လျှင် ကံ၊ ကမ္မနိမိတ်ထင်ထိုက်လျှင် ကမ္မနိမိတ်၊ ဂတိနိမိတ်ထင်ထိုက်လျှင် ဂတိနိမိတ် ထင်လာသည်။

### ၁။ ကံ

သတ္တဝါတို့သန္တာန်၌ ကံအများအပြားရှိရာဝယ် နောက်ဘဝ၌ ပဋိသန္ဓေ အကျိုးကိုပေးဖို့ရာ အခွင့်သာသော ကုသိုလ်ကံ၊ အကုသိုလ်ကံ တစ်ပါးပါးသည် ကံအများထဲမှ ရွေးရွေး ထွက်ပြူလာသကဲ့သို့ ထင်ပေါ်လာတတ်သည်။ ဤသို့ အကျိုးပေးခွင့်ရ၍ ရွေးရွတည်နေသော၊ ပဋိသန္ဓေကိုဖြစ်စေသော ( ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒ နီယကံ) ကုသိုလ်၊ အကုသိုလ် ဇနကကံသည် ကံမည်၏။ သို့ဖြစ်၍ ထိုကံသည် အတိတ်ကာလ (ဓမ္မာရုံ)ဖြစ်၍ မနောဒွါရ၌ထင်၏။

## ၂။ ကမ္မနိမိတ်

နောက်ဘဝ၌ ပဋိသန္ဓေကိုဖြစ်စေသော ကုသိုလ်၊ အကုသိုလ် ကံပြုစဉ်ကာလက တွေ့ကြုံရသမျှအာရုံများကို ကမ္မ နိမိတ် ဟုခေါ်သည်။ သို့ဖြစ်၍ ကံမြောက်ကြောင်း အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ လက်နက်၊တုတ်၊ဓားစသော ကံ အဆောက်အဦး၊ ကံနှင့်စပ်သမျှ ဝတ္ထုအာရုံ ၆ ပါးသည် ကမ္မနိမိတ်မည်၏။ ဤတွင် အတိတ်ကာလ ကမ္မနိမိတ် (အာရုံ ၆ ပါး)ဖြစ်လျှင် ယထာရဟ- သင့်လျော်သလို ၆ ဒွါရ၌ထင်လာ၏။

## ကမ္မနိမိတ် ၂ မျိုး

ကမ္မနိမိတ်သည် ဥပလဒ္ဓ၊ ဥပကရဏ ဟု ၂ မျိုးရှိ၏။ ထိုတွင် **ဥပလဒ္ဓနိမိတ်ဟူသည်** တိုက်ရိုက်ရအပ်သော ပဓာန အာရုံတည်း။

**ဥပကရဏနိမိတ်ဟူသည်** ကံပြီးမြောက်ဖို့ အဆောက်အဦး အခြံအရံမျှ သာဖြစ်သော အပဓာနအာရုံတည်း။ ဥပမာ = ကျောင်းလှူရာ၌ ကျောင်းကြီးထင်လာလျှင် ဥပလဒဒ္ဓကမ္မနိမိတ်တည်း။ ကျောင်းအသုံးအဆောင်နှင့်တကွ ဆွမ်း၊ သင်္ကန်းစသည် တစ်ခုခု ထင်လာလျှင် ဥပကရဏကမ္မ နိမိတ်တည်း။

## ၃။ ဂတိနိမိတ်

စုတေပြီးနောက် လားရောက်ရာ ဂတိတို့၌ တွေ့ကြုံရလတ္တံ့သော အာရုံများကို ဂတိနိမိတ်ဟုခေါ်၏။ သို့ဖြစ်၍ လားရာဂတိ၊ အမိဝမ်းရေ၊ နတ်သမီး၊ ဗိမာန်၊ ပဒေသာပင်၊ ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီး စသည်တို့သည် ဂတိနိမိတ်တို့တည်း။ ဤဂတိနိမိတ်သည် ပစ္စုပ္ပန်ကာလ အာရုံ ၆ ပါးဖြစ်၍ ယထာရဟ ၆ ဒွါရ၌ထင်၏။

## ဂတိနိမိတ် ၂ မျိုး

ဂတိနိမိတ်သည် တိုက်ရိုက် ရထိုက် ရောက်ထိုက်သော အရပ်သည် **ဥပလဘိတဗ္ဗမည်၏**။ ထိုရောက်ရာအရပ်၌ တွေ့ကြုံခံစားရမည့် အသုံးအဆောင်တွေသည် **ဥပဘောဂမည်၏**။ ထိုတွင် လူ့ဘုံသွားမည့်သူ၌ ကမ္ဗလာအနီကဲ့ သို့ နီသောအဆင်းရှိသော အမိဝမ်းရေ ထင်လာလျှင် ဥပလဘိတဗ္ဗဂတိနိမိတ်တည်း။ အခြားဆိုင်ရာ တစ်ခုခု ထင်လာလျှင် ဥပဘောဂတည်း။ နတ်ပြည်သွားမည့်သူ၌ မိမိရမည့် ဘုံဗိမာန်သည် ဥပလဘိတဗ္ဗ၊ နတ်သမီး ပဒေသာပင် စသည်တို့သည် ဥပဘောဂတည်း။ ငရဲသွားမည့်သူ၌ ငရဲဘုံသည် ဥပလဘိတဗ္ဗ၊ ခွေး၊ ကျီး၊ လင်းတစသည် တို့သည် ဥပဘောဂတည်း။

**မှတ်ရန်။ ။** သေခါနီး၌ နတ်သမီး ဗိမာန်စသည်ကို သာယာမှုသည် စွဲလမ်းမှုစသည်ကို ဖြစ်စေတတ်သောကြောင့် အပါယ်ကိုရောက်ဖို့ရန် အကြောင်းဖြစ်လေသလောဟု ထင်တတ်ကြ၏။ သို့သော် ထင်လာသော ကုသိုလ်ကံနှင့် နတ်သမီး ဗိမာန်ကို သာယာမှု တဏှာသည် အပါယ်ရောက်ဖို့ရန် အကြောင်းမဟုတ်၊ ကုသိုလ်ကံ အခွင့်သာအောင်၊ လမ်းညွှန်သူပမာ ဖြစ်ပေါ်လာသော အထောက်အပံ့သာဖြစ်၏။ ထို့ကြောင့် နတ်သမီး စသည်ဖြင့် အာရုံ ထင်လာမှုသည် အပါယ်ကိုမရောက်စေနိုင်။

## စုတေခါနီးကာလ စိတ်အစဉ်ဖြစ်ပုံ

စုတေခါနီးကာလ၌ စိတ်အစဉ်သည် ထင်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၍ ရလတ္တံ့သော ဘဝသစ်ကို ညွတ်၍နေလေသည်။ ထိုဘဝသစ် သည်လည်း စင်ကြယ်သော ကုသိုလ်ကံ၊ ညစ်နွမ်းသော အကုသိုလ်ကံတို့အားလျော်စွာ သုဂတိ ဒုဂ္ဂတိဘဝများကို ရနိုင်ပေ၏။ ဘဝသစ်ကိုစိတ်ညွတ်၍နေခြင်း အစီအစဉ်သည် ဖြည်းဖြည်းနေးနေး စုတေသူအတွက်သာ ဖြစ်နိုင်သည်။ တချို့ လတ်တလော ချက်ချင်း စုတေရသူတို့မှာ မဖြစ်နိုင်။ ကျောက်ပြင်ပေါ်၌ နားနေသော ယင်ငယ်တစ်ကောင်ကို ကျောက်တုံးနှင့် ဖိသတ်ရာ၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြုသော မနောဒွါရဝီထိဖြစ်သည်။ ထို့နောက် ဒဏ်ချက်က ပြင်းထန်လှသဖြင့် ကာယဒွါရဝီထိဖြစ်၏။ ထို့နောက် ထိုအတိတ် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော တဒနုဝတ္တကမနောဒွါရဝီထိဖြစ်၏။ ထို့နောက် ကံစသော တစ်ပါးပါးကို အာရုံပြုသော မရဏာသန္နဝီထိကျ၍ စုတေ ရတော့ သည်။

ဤကဲ့သို့ အဆောတလျင်စုတေရာ၌ စိတ်အစဉ်သည် ပရိသုဒ္ဓ=စင်ကြယ်မှု၊ ဥပကိလိဋ္ဌ=ညစ်နွမ်းမှု လည်းမထင်ရှား၊ရောက်ရမည့် ဘဝကိုလည်း မကိုင်းညွတ်တော့။ ထို့ကြောင့် များသောအားဖြင့် ပြအပ်သည့်အတိုင်း စိတ်အစဉ်ဖြစ်၏။ အချို့ အဆောတ လျင် စုတေရသူ၌ ထိုသို့ စိတ်အစဉ်ဖြစ်ခွင့်မရ ဟူလို။

## စုတိစိတ်ကျပုံ

အလွန်နီးသော သေခြင်းရှိသော (သေခါနီး) သတ္တဝါတို့အား မရဏာသန္န ဝီထိစိတ်၏ အဆုံး၌လည်းကောင်း၊ မရဏာသန္န ဝီထိနောင် ဘဝ၏အဆုံး၌လည်းကောင်း ပစ္စုပ္ပန်ဘဝမှ ရွေ့လျောခြင်း၏အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏အဆုံး ဖြစ်သော စုတိစိတ်ကျ လေသည်။

# မရဏာသန္နဝီထိ

## ပဥ္စဒွါရဝီထိအတွက်ပုံစံ
## အတိမဟန္တာရုံ ၂ ဝီထိ

တီ၊နႏဒ၊ပဉ္စ၊စက္ခု၊သံ၊သန်၊ဝု၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘ၊စု၊ပဋိ၊သန္ဓေ၊ဘ။
တီ၊ တီ၊နႏဒ၊ပဉ္စ၊စက္ခု၊သံ၊သန်၊ဝု၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊စု၊ပဋိ၊သန္ဓေ၊ဘ။

မရဏာသန္န ပဉ္စဒွါရ အတိမဟန္တာရုံဝီထိ၌ တဒါရုံဘဝင်နောင် စုတိ ၁ ဝီထိနှင့် တဒါရုံနောင် စုတိ ၁ ဝီထိအားဖြင့် ၂ ဝီထိကျသည်။

## မဟန္တာရုံ ၂ ဝီထိ

တီ၊တီ၊တီ၊နႏဒ၊ပဉ္စ၊စက္ခု၊သံ၊သန်၊ဝု၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဘ၊စု၊ပဋိ၊သန္ဓေ၊ဘ။
တီ၊ တီ၊တီ၊တီ၊နႏဒ၊ပဉ္စ၊စက္ခု၊သံ၊သန်၊ဝု၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊စု၊ပဋိ၊သန္ဓေ၊ဘ။

မရဏာသန္န ပဉ္စဒွါရ မဟန္တာရုံဝီထိ၌ ဇောဘဝင်နောင် စုတိ ၁ ဝီထိနှင့် ဇော နောင် စုတိ ၁ ဝီထိအားဖြင့် ၂ ဝီထိကျသည်။

## မရဏာသန္န မနောဒွါရဝီထိ
## ဝိဘူတာရုံ ၂ ဝီထိ

န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘ၊စု၊ပဋိ၊သန္ဓေ။
န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊စု၊ပဋိ၊သန္ဓေ။

မရဏာသန္န မနောဒွါရဝိဘူတာရုံဝီထိ၌ တဒါရုံဘဝင်နောင် စုတိ ၁ ဝီထိနှင့် တဒါရုံနောင် စုတိ ၁ ဝီထိအားဖြင့် ၂ ဝီထိကျနိုင်သည်။

## အဝိဘူတာရုံ ၂ ဝီထိ

န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဘ၊စု၊ပဋိ၊သန္ဓေ။
န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊စု၊ပဋိ၊သန္ဓေ။

မရဏာသန္န မနောဒွါရ အဝိဘူတာရုံဝီထ၌ ဇောဘဝင်နောင် စုတိ ၁ ဝီထိနှင့် ဇောနောင် စုတိ ၁ ဝီထိအားဖြင့် ၂ ဝီထိကျနိုင်သည်။

**မှတ်ချက်။ ။** ထို ၄ ဝီထိတို့တွင် **ကာမဘုံ၌စုတေ၍ ကာမဘုံ၌ပြန်ဖြစ်မည့် ပုဂ္ဂိုလ်မှာ ၄** ဝီထိလုံးပင်ရနိုင်၏။ ကာမဘုံမှစုတေ၍ ပြဟ္မာ့ဘုံသို့ သွားမည့်သူ၊ ပြဟ္မာဘုံအချင်းချင်း သွားမည့်သူ၊ ပြဟ္မာ့ဘုံမှ ကာမဘုံသို့ လာမည်သူတို့ ၌ **တဒါရုံဘဝင်နောင် စုတိကျသော ဝီထိနှင့် တဒါရုံနောင် စုတိကျသော ၂ ဝီထိကိုမရနိုင်။** အဘယ်ကြောင့်ဆိုသော် တဒါရုံတို့မည်သည် ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံ ဖြစ်မှသာ ကျနိုင်သောကြောင့် တည်း။

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

ဘဝဟောင်း၏ စုတိစိတ်အဆုံးသတ် ချုပ်ပြီးသည်၏အခြားမဲ့၌ ကာလမခြားဘဲ ဆက်လက်၍ ပဋိသန္ဓေစိတ် သည်

(၁) အာရုံ = မစုတေမီ ရှေ့အဖို့က မရဏာသန္နဝီထိဇောတို့ယူအပ်သော အာရုံကို ဆက်လက်၍သာ အာရုံပြုသည်။ (မရဏာသန္နဇောက ကံကိုယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်ကလည်း ကံကိုပင် ဆက်လက်အာရုံပြု၊ မရဏာသန္နဇောက ကမ္မနိမိတ်ယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်ကလည်း ကမ္မနိမိတ်ကိုပင် ဆက်လက်အာရုံပြု၊ မရဏာသန္နဇောက ဂတိနိမိတ်ယူခဲ့လျှင် ပဋိသန္ဓေစိတ်သစ်ကလည်း ဂတိနိမိတ်ကိုပင် ဆက်လက်အာရုံပြုသည်)

(၂) မှီရာဝတ္ထု = ကာမဘုံနှင့် ရူပဘုံတို့၌ဖြစ်လျှင် ထိုဘုံတို့၌ မှီရာ ဟဒယဝတ္ထုရုပ်ရှိသောကြောင့် ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုကိုမှီ၍ ဖြစ်သည်။ အရူပဘုံ၌ ဖြစ်လျှင် မှီရာဝတ္ထုရုပ်မရှိသောကြောင့် ပဋိသန္ဓေစိတ်သည် ဝတ္ထုရုပ်ကို မမှီမူ၍သာလျှင်ဖြစ်သည်။

(၃) ဖြစ်ကြောင်း = ပဋိသန္ဓေစိတ်သည် အလိုအလျောက် ဖြစ်ပေါ်လာသည် မဟုတ်။ ပြဟ္မာမင်းကြီးစသည်တို့က ဖန်ဆင်းလိုက်သည်လည်းမဟုတ်။ ရှေးက မိမိပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူသော သင်္ခါရသည် ဖြစ်စေအပ်သော အကျိုးဝိပါက်သာလျှင်ဖြစ်သည်။ သို့ဖြစ်၍ (၁) ဘဝသစ်၌ အပြစ်မမြင်အောင် ဖုံးလွှမ်းတတ်သော **အဝိဇ္ဇာအခြံအရံ၊** (၂) ဘဝသစ်၌ ညွှတ်ကိုင်းသော **တဏှာအရင်းခံလျက်၊** (၃) ဘဝသစ်၌ ပစ်ချအပ်သော **ကုသိုလ်၊ အကုသိုလ် (ဇနက)ကံဟုဆိုအပ်သော ကံ-သင်္ခါရ** တည်းဟူသော အကြောင်းသုံးပါးကြောင့် သတ္တဝါများ ပဋိသန္ဓေနေကြရသည်။

(၄) ရှေ့သွားခေါင်းဆောင်ဖြစ်ခြင်း = ပဋိသန္ဓေစိတ်၌ စိတ်ချည်းတစ်ခုတည်း ဖြစ်သည်မဟုတ်၊ ဖဿ ဝေဒနာ သညာအစရှိသော ယှဉ်ဘက် စေတသိက်များလည်း

ခြံရံလျက်ပါသည်။ ဤတွင် ပဋိသန္ဓေစိတ်သည် ထို အတူတကွဖြစ်ဘက် တရားတို့၏ တည်ရာဖြစ်ခြင်းကြောင့် ပဋိသန္ဓေစိတ်ကို ထို ဖဿစသော တရားအပေါင်း၏ ရှေ့သွား ခေါင်းဆောင်ဟု ဆိုကြသည်။

(၅) ဖြစ်ခြင်း၏အစွမ်း = ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်၍ ပေးတတ်သောကြောင့် ပဋိသန္ဓေ ဟု ခေါ်ကြသည်။ သို့ဖြစ်၍ ပဋိသန္ဓေစိတ်သည် ဘဝဟောင်းနှင့် ဘဝသစ်ကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်တတ်သည်၏ အစွမ်းအားဖြင့် ဘဝသစ်၌ ဥပါဒ်လျှင် ဥပါဒ်ခြင်း တည်လေသည်။ ( ဘဝဟောင်းမှာ ဥပါဒ်ခဲ့၍ ဋ္ဌီခဏကျမှ ဘဝသစ်၌ တည်သည်မဟုတ်၊ ဥပါဒ်လျှင် ဥပါဒ်ခြင်း ဘဝသစ်၌ တည်သည်ဟူလို)

## ကာမပဋိသန္ဓေစိတ်၏အာရုံ

စုတေခါနီး၌ စိတ်အားလုံးပင် ခပ်လျော့လျော့ ရှိရကား၊ ဇောများလည်း အဟုန် မပြင်းလှသဖြင့် ၇ ကြိမ် မကျ၊ ၅ ကြိမ်သာ စောကုန်ကြ၏။ ထို့ကြောင့် မရဏာ သန္နဝီထိ၌
(၁) ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ်၊ဂတိနိမိတ်) ထင်လာလျှင် ထိုအာရုံများသည် ၁၇ ချက်မျှ အသက်ရှည်သောကြောင့် အာရုံမချုပ်မီ စုတေဖို့ရာ အကြောင်းရှိ၏။ ထိုအခါ ဘဝသစ် ပဋိသန္ဓေ ဘဝင်စိတ်တို့သည်လည်း ပစ္စုပ္ပန် အာရုံကိုရအပ်၏။
(၂) ထို ပစ္စုပ္ပန်အာရုံများ (ကမ္မနိမိတ်၊ ဂတိနိမိတ်) တို့သည် ချုပ်သွားပြီးလျှင်သော် လည်းကောင်း၊ အတိတ်ဖြစ်သော (ကံ၊ကမ္မနိမိတ်) အာရုံများဖြစ်လျှင်သော်လည်းကောင်း ဘဝသစ်ပဋိသန္ဓေစိတ် ဘဝင်စိတ်တို့သည် အတိတ် (ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်) အာရုံ တို့ကိုသာအာရုံပြုအပ်လေသည်။

## ကာမပဋိသန္ဓေစိတ်၏အာရုံ

| မရဏာသန္နဇောယူအပ်သော အာရုံ | ထင်သော ဒွါရ | ကာမပဋိသန္ဓေစိတ်- အာရုံ | ဘဝင်စိတ် -အာရုံ |
|---|---|---|---|
| (၁) အတိတ်ကံ=ဓမ္မာရုံ | မနောဒွါရ | အတိတ်ကံ | အတိတ်ကံ |
| (၂)အတိတ် ကမ္မနိမိတ် = အာရုံ ၆ ပါး | မနောဒွါရ | အတိတ်ကမ္မနိမိတ် | အတိတ်ကမ္မနိမိတ် |
| ပစ္စုပ္ပန်ကမ္မနိမိတ်=အာရုံ ၆ ပါး | ၆ ဒွါရ (ယထာရဟ) | မချုပ်သေးလျှင် ပစ္စုပ္ပန် ကမ္မ နိမိတ် | မချုပ်သေးလျှင် ပစ္စုပ္ပန်ကမ္မနိ မိတ် |
| | | ချုပ်ပြီးလျှင် အတိတ်ကမ္မ နိမိတ် | ချုပ်ပြီးလျှင် အတိတ် ကမ္မနိ မိတ် |
| (၃) ပစ္စုပ္ပန် ဂတိနိမိတ် | ၆ ဒွါရ (ယထာရဟ) | မချုပ်သေးလျှင် ပစ္စုပ္ပန် ဂတိ နိမိတ် | မချုပ်သေးလျှင် ပစ္စုပ္ပန် ဂတိနိ မိတ် |
| | | ချုပ်ပြီးလျှင် အတိတ် ဂတိနိ မိတ် | ချုပ်ပြီးလျှင် အတိတ် ဂတိနိ မိတ် |

## ရူပ အရူပ ပဋိသန္ဓေစိတ်၏အာရုံ

၁။ ရူပပဋိသန္ဓေစိတ်၏အာရုံ = ကာလဝိမုတ်ဖြစ်သော ပညတ် ကမ္မနိမိတ်။

၂။ အရူပပဋိသန္ဓေစိတ်၏အာရုံ = ကာလဝိမုတ်ဖြစ်သော ပညတ် ကမ္မ နိမိတ်၊ မဟဂ္ဂုတ်ကမ္မ နိမိတ်။

၃။ အာကာသာနဉ္စာယတန ပဋိသန္ဓေ = ကာလဝိမုတ် ကောင်းကင်ပညတ် ကမ္မနိမိတ်။

၄။ ဝိညာနဉ္စာယတန ပဋိသန္ဓေ = အတိတ် အာကာသာနဉ္စာယတနကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ်။

၅။ အာကိဉ္စညာယတန ပဋိသန္ဓေ = ကာလဝိမုတ် နတ္ထိဘောပညတ် ကမ္မနိမိတ်။

၆။ နေဝသညာနာသညာယတန ပဋိသန္ဓေ = အတိတ် အာကိဉ္စညာယတန ကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ်။

၇။ အသညသတ်ဘုံသားတို့၌ကား = ဇီဝိတနဝက ကလာပ်သည်သာလျှင် ပဋိသန္ဓေ ဖြစ်ပေသည်။

ထို့ကြောင့် အသညသတ် ဘုံသားတို့သည် ရုပ်ပဋိသန္ဓေရှိသူတို့မည်၏။ အရူပဘုံသားတို့ကား နာမ်လျှင် ပဋိသန္ဓေရှိသူတို့မည်၏။ ကြွင်းသော ဘုံသားတို့ကား အစုံ ပဋိသန္ဓေ ရှိသူတို့ မည်၏။

**စုတိနောင် ပဋိသန္ဓေနောင်းပုံ**

| စုတေရာဘုံ | စုတိစိတ် | ပဋိသန္ဓေနေရာဘုံ | ပဋိသန္ဓေစိတ် |
|---|---|---|---|
| အပါယ် ၄ ဘုံ | ဒုဂ္ဂတိအဟိတ် စုတိ ၁ ပါး | ကာမ -၁၁ ဘုံ | ဒုဂ္ဂတိအဟိတ် ပဋိ=၁<br>သုဂတိအဟိတ် ပဋိ=၁<br>ဒွိဟိတ်ပဋိသန္ဓေ=၄<br>တိဟိတ် ပဋိသန္ဓေ=၄<br>ပေါင်းကာမပဋိသန္ဓေ -၁၀ ပါး |
| လူ့ဘုံ၊ စာတုမဟာရာဇ် ဘုံ | သုဂတိ အဟိတ်-၁<br>ဒွိဟိတ် စုတိ -၄ | ကာမ- ၁၁ ဘုံ | ကာမပဋိသန္ဓေ- ၁၀ ပါး |
| ကာမသုဂတိ -၇ ဘုံ | တိဟိတ် စုတိ -၄ ပါး | အပါယ် - ၄ ဘုံ<br>ကာမသုဂတိ - ၇ ဘုံ<br><br>အသညသတ် - ဘုံ | ဒုဂ္ဂတိအဟိတ် ပဋိ=၁ ပါး<br>သုဂတိ အဟိတ် ပဋိ= ၁<br>ဒွိဟိတ် ပဋိ= ၄<br>တိဟိတ် ပဋိ =၄<br>ဇီဝိတနဝကရုပ် - ၁ |

| | | | |
|---|---|---|---|
| | | ကြွင်း ရူပ ၁၅ ဘုံ<br>အရူပ ၄ ဘုံ<br>ပေါင်း ၃၁ ဘုံ | ရူပ ပဋိ =၅<br>အရူပ ပဋိ = ၄<br>ပေါင်း ပဋိသန္ဓေစိတ် ၂၀ |
| အသညသတ်ဘုံ | အသညသတ်ရုပ် စုတိ | ကာမသုဂတိ<br>၇ ဘုံ | ဒွိဟိတ် ပဋိ =၄<br>တိဟိတ် ပဋိ =၄<br>ပေါင်း သဟိတ် ပဋိ =၈ |
| ရူပ ၁၅ ဘုံ | ရူပစုတိ ၅ ပါး | ကာမသုဂတိ ၇ ဘုံ<br>အသညကြဉ် ရူပ ၁၅ ဘုံ<br>အရူပ ၄ ဘုံ<br>ပေါင်း ၂၆ ဘုံ | ဒွိဟိတ် ပဋိ =၄<br>တိဟိတ် ပဋိ =၄<br>ရူပ ပဋိ =၅<br>အရူပ ပဋိ =၄<br>ပေါင်း ပဋိသန္ဓေ ၁၇ ပါး |
| အာကာသာနဉ္စာ ဘုံ | အာကာ စုတိ ၁ | ကာမသုဂတိ ၇ ဘုံ<br>အရူပ ၄ ဘုံ | တိဟိတ် ပဋိ = ၄<br>အရူပ ပဋိ = ၄ |
| ဝိညာဏဉ္စာဘုံ | ဝိညာ စုတိ ၁ | ကာမသုဂတိ<br>၇ ဘုံ<br>အကာကြဉ်<br>အရူ ၃ ဘုံ | တိဟိတ် ပဋိ =၄<br><br>အကာကြဉ် အရူပ ပဋိ =၃ |
| အာကိံ ဘုံ | အာကိံ စုတိ ၁ | ကာမသုဂတိ<br>၇ ဘုံ<br>အကာ၊<br>ဝိညာကြဉ်<br>အရူပ ၂ ဘုံ | တိဟိတ် ပဋိ =၄<br>အကာ၊ ဝိညာကြဉ် အရူပ<br>ပဋိ ၂ |
| နေဝ ဘုံ | ဝေစုတိ | ကာမသုဂတိ<br>၇ ဘုံ<br>နေဝ ၁ ဘုံ | တိဟိတ် ပဋိ = ၄<br>နေဝ ပဋိ = ၁ |

**မှတ်ချက်။** ။ (၁) ရူပပြဟ္မာများသည် စုတေခဲ့သော် အားထုတ်ခဲ့သော ဈာန်အစွမ်းကြောင့် အပါယ် ၄ ဘုံ ပဋိသန္ဓေနှင့် ကာမသုဂတိ ၇ ဘုံ၌ သုဂတိအဟိတ် ပဋိသန္ဓေတို့မဖြစ်နိုင်ပါ။ ဒွိဟိတ်နှင့် တိဟိတ် ပဋိသန္ဓေသာဖြစ် နိုင်သည်။ ရရှိထားသော ဈာန်နှင့် အထက်အထက် ဈာန်အားလျော်စွာ မူရင်း ပြဟ္မာဘုံနှင့် အထက်အထက် ရူပ အရူပပြဟ္မာဘုံများ၌ ပဋိသန္ဓေနေနိုင်ကြသည်။ (အသညသတ်ဘုံ၌ကား ပဋိသန္ဓေမနေကြပါ။)

(၂) အရူပပြဟ္မာများသည်လည်း စုတေခဲ့သော် အားထုတ်ခဲ့သော ဈာန်အစွမ်းကြောင့် အပါယ် ၄ ဘုံသို့ကျရောက်ခြင်းမရှိ။ ကာမသုဂတိဘုံ၌ ပဋိသန္ဓေနေရာ၌လည်း အဆင့်မြင့် အရူပ ပဉ္စမဈာန်အစွမ်းကြောင့် တိဟိတ် ပဋိသန္ဓေသာဖြစ်နိုင်သည်။ အောက်အောက် ရူပဈာန်နှင့် အရူပဈာန်များကို အားမထုတ်ကြသောကြောင့် ရူပဘုံ နှင့် အောက်အောက် အရူပဘုံများ၌မဖြစ်ကြ။ မိမိဘုံ၌ကား ပြန်၍ဖြစ်နိုင်ကြသည်။

**(၃) ပြဟ္မာ့ဘုံသို့ရောက်ပြီးသော အရိယာတို့ကား ကာမဘုံ၌ပြန်၍ မဖြစ်တော့ပါ။ ပြဟ္မာ့ဘုံများ၌လည်း မိမိဘုံ အပါအဝင် အထက်ပြဟ္မာ့ဘုံများ၌သာဖြစ်နိုင်၏။ အောက်ဘုံသို့ပြန်၍မဆင်းတော့ပါ။**

**(၄) သုဒ္ဓါဝါသ ပြဟ္မာများကား မိမိဘုံ၌ပင် ပြန်၍မဖြစ်တော့ဘဲ အထက်ဘုံ များ၌သာ ဖြစ်နိုင်ကြ၏။ အကနိဋ္ဌ ပြဟ္မာကား အထက်ဘုံမရှိတော့သဖြင့် မိမိဘုံ၌ပင် ဇကန်ရဟန္တာ ဖြစ်ကာ ပရိနိဗ္ဗာန်စံကြရ၏။**

**(၅) ဝေဟပ္ဖိုလ်နှင့် နေဝသညာနာသညာယတနဘုံတို့မှ အရိယာများမှာလည်း ရဟန္တာမဖြစ်သေးပါက မိမိဘုံ၌ သာထပ်၍ဖြစ်နိုင်၏။ အခြားလားရာဘုံမရှိတော့ပေ။**

## ဘဝသီသ= ဘဝ၏ အမြင့်ဆုံး ၃ ဘုံ (ဘဝဂ်)

၁။ ဝေဟပ္ဖိုလ်ဘုံသည် သုဒ္ဓါဝါသကြဉ်သော ရူပဘုံများတွင် သီသ (ဦးထိပ်) တည်း။

၂။ အကနိဋ္ဌဘုံသည် သုဒ္ဓါဝါသဘုံများတွင် သီသတည်း။

၃။ နေဝသညာနာသညာယတနဘုံသည် အရူပဘုံများတွင် သီသတည်း။

## ဘဝင်နှင့် စုတိစိတ်ဖြစ်ပုံ

တစ်ဘဝ၌ အစဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ် ချုပ်သည်၏အခြားမဲ့မှစ၍ ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေကိစ္စတပ်သော စိတ်သည်ပင်လျှင် ဘဝ၏ဖြစ်ကြောင်းအဖြစ်ကြောင့် ဘဝင်အစဉ်ဟု ဆိုအပ်သောစိတ်သည် (ဝီထိစိတ်တို့

မဖြစ်သောအခါများ၌) စုတိစိတ်တိုင်အောင် မြစ်ရေအလျင်စီးသကဲ့သို့ မပြတ်မစဲဖြစ်၏။ ဘဝ၏အဆုံး၌လည်း ရွေ့လျော့ခြင်း၏ အစွမ်းအားဖြင့် စုတိစိတ်သည်ဖြစ်၏။

## သံသရာစက်လည်ပုံ

စုတိစိတ်ချုပ်ပြီးသည့်နောက်၌လည်း အသစ်သစ်သော ပဋိသန္ဓေအစ ရှိကုန်သော စိတ်တို့သည် ရထား၌တပ် ထားအပ်သော ဘီး၏လည်ပုံကဲ့သို့ အစဉ်အတိုင်းသာလျှင် အဆက်ဆက်လည်ရန်ဖြစ်ကြလေ၏။ ဤ ပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ဘဝင်၊ ဝီထိ၊ စုတိစိတ်တို့သည် အစဉ်အတိုင်း အဆက်ဆက် လည်၍ဖြစ်သကဲ့သို့ ဘဝတစ်ပါး၌ လည်း ဤအတိုင်းပင်လည်၍ ရဟန္တာ မဖြစ်မချင်း ဖြစ်ကြလေသည်။

## သံသရာစက်ပြတ်ပုံ

သံသရာစက်ပြတ်ရန်ကား ပညာရှိသူတို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး ကောင်းသောအကျင့်ရှိသည်ဖြစ်၍ ထိုဝဋ္ဋတရားတို့၏ မမြဲခြင်းသဘောကို ဝိပဿနာဉာဏ်ဖြင့် ထင်စွာသိအောင် ဆင်ခြင် အားထုတ်သည်ရှိသော် ရွေ့လျော့ခြင်း မရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အမှန်သိခြင်းကြောင့် နှောင်ဖွဲ့တတ်သော တဏှာကို မဂ်ဖြင့်အကြွင်းမဲ့ဖြတ်တောက်နိုင်ပြီးလျှင် ခပ်သိမ်းသော ဝဋ္ဋဆင်းရဲတို့၏ ငြိမ်းရာ နိဗ္ဗာန်သို့ ဧကန်ရောက်ရတော့၏။

# *ဗဟုသုတမှတ်ဖွယ်*

၃၁ ဘုံဝယ် အရိယာပုဂ္ဂိုလ်များဖြစ်ခြင်းမရှိသောဘုံများမှာ ၁။ အပါယ် ၄ ဘုံ ၂။ အသညသတ်ဘုံ တို့ဖြစ်သည်။ ပုထုဇဉ်လုံးဝမရှိသောဘုံမှာ သုဒ္ဓါဝါသ ၅ ဘုံ၊ နှစ်မျိုးလုံးရှိသောဘုံမှာ ကာမသုဂတိ ၇ ဘုံ၊ အသညသတ်ကြဉ် ရူပ ၁၀ ဘုံနှင့် အရူပ ၄ ဘုံ တို့ဖြစ်သည်။ အရိယာ ပုထုဇဉ် နှစ်မျိုးလုံး မရနိုင်သောဘုံ မရှိနိုင်။

၃၁ ဘုံတွင် သက်တမ်းမမြဲသော ပုဂ္ဂိုလ်များမှာ အပါယ် ၄ ဘုံသား၊ လူ့ဘုံ (တောင်ကျွန်းသားများ)နှင့် ဘုမ္မဖိုးနတ် များဖြစ်ပါသည်။

၃၁ ဘုံသားတို့တွင် အသညသတ်ဗြဟ္မာသည် ရုပ်သက်သက် ပဋိသန္ဓေနေသူ မည်၏။ အရူပဗြဟ္မာတို့ကား နာမ်ပဋိသန္ဓေနေသူများတည်း။ ရုပ်နာမ်အစုံပဋိသန္ဓေနေသူ တို့ကား ကာမ ၁၁ ဘုံသားနှင့် အသညသတ်ကြဉ် ရူပ ၁၅ ဘုံသားတို့ဖြစ်သည်။

## လူသေလူသာဖြစ် ဟူသောဝါဒမမှန်

စုတိနောင် ပဋိသန္ဓေနောင်းပုံအရ လူ၏ စုတိစိတ် (၉)ပါးတွင် ၁။ သုဂတိအဟိတ် ၁ ပါးနောင် ကာမပဋိသန္ဓေ ၁၀ ပါးနောင်း၍ ကာမ ၁၁ ဘုံ၌လည်းကောင်း၊ ၂။ ဒွိဟိတ်စုတိ ၄ ပါးနောင် ကာမပဋိသန္ဓေ ၁၀ ပါးနောင်း၍ ကာ မ ၁၁ ဘုံ၌လည်းကောင်း၊ ၃။ တိဟိတ်စုတိ ၄ ပါးနောင် ပဋိသန္ဓေ ၂၀ ပါးနောင်း၍ ၃၁ ဘုံလုံး၌လည်းကောင်း ပဋိသန္ဓေနေနိုင်သောကြောင့် လူသေ လူသာဖြစ်ဟူသောဝါဒ မမှန်ပါ။

## ဈာန်မရတာချင်းတူပါလျက် ဘဝအစ ပထမဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်းမတူရခြင်းမှာ

တိဟိတ်ဥက္ကဋ္ဌမဟာကုသိုလ်စေတနာ၄ပါး (မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်) သည် ပဋိသန္ဓေအခါ ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄ ပါးကို ဖြစ်စေ၏။ တိဟိတ် ဩမက မဟာကုသိုလ်စေတနာ ၄ ပါး (မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄ ပါး)၊ ဒွိဟိတ် ဥက္ကဋ္ဌမဟာကုသိုလ်စေတနာ ၄ ပါး (မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး)တို့သည် ပဋိသန္ဓေအခါ ကာမသုဂတိ ၇ ဘုံ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး ကိုဖြစ်စေ၏။ ဒွိဟိတ် ဩမကမဟာကုသိုလ်စေတနာ ၄ ပါး (မဟာကုသိုလ် ဉာဏဝိပ္ပယုတ်စိတ် ၄ ပါး) သည် ပဋိသန္ဓေအခါ လူ့ဘုံ ဝိနိပါတိက အသုရာဘုံတို့၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁ ပါးကိုဖြစ်စေ၏။ ထို့ကြောင့် ဈာန်မရတာချင်းတူပါလျက် မဟာကုသိုလ် စေတနာ၏ တိဟိတ် ဒွိဟိတ် ဥက္ကဋ္ဌ ဩမကဟူ၍ကွဲ ပြားသောကြောင့် ဘဝအစဦးဆုံးဖြစ်သော ပဋိသန္ဓေစိတ်ချင်း မတူရခြင်း ဖြစ်ပါသည်။

## သန္ဓေကန်းသူနှင့် သန္ဓေမကန်းသူအထူး

သန္ဓေကန်းသူသည် ဒွိဟိတ်ဩမကကံကြောင့် ဘဝအစ ပဋိသန္ဓေအခါ၌ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁ ပါးဖြင့် လူဖြစ်လာ၏။

သန္ဓေမကန်းသူသည် တိဟိတ် ဥက္ကဋ္ဌကံ၊ တိဟိတ်ဩမကကံ၊ ဒွိဟိတ်ဥက္ကဋ္ဌကံ တို့ကြောင့် ဘဝအစပဋိသန္ဓေအခါ၌ မဟာဝိပါက်စိတ် ၈ ပါးမှ တစ်ပါးပါးဖြင့်လူဖြစ်လာ၏။

## အသညသတ်ဘုံသို့ရောက်ရန်နည်းလမ်းကား

ရူပပဉ္စမစျာန်ကို ရပြီးသော ကာမဘုံသား ပုထုဇဉ်သည် အမှတ်သညာရှိနေ (စိတ်စေတသိက်ရှိနေ) သောကြောင့်သာ စားချင် သောက်ချင် လိုချင်မှု စသော အကုသိုလ်များဖြစ်ရသည်။ ရုပ်ခန္ဓာချည်းနေလျှင် အပြစ်တစ်စုံတစ်ရာ မရှိဘဲ၊ အေးမြ ငြိမ်းချမ်းဘွယ် ရှိသည်ဟူသော သညာစေတသိက် နှင့်တကွ စိတ်၊ စေတသိက် အားလုံးအပေါ်မှာ များစွာ အပြစ်မြင်လျက် ပဉ္စမစျာန်ကိုပင် ထပ်ကာထပ်ကာ ဝင်စား၏။ ထိုအခါ ပဉ္စမစျာန်စိတ်သည် သညာကို စက်ဆုပ်သော သညာဝိရာဂဘာဝနာ အဖြစ်သို့ ရောက်၏။ ထိုပုဂ္ဂိုလ် စုတေလျှင် သူ့အလိုကျ သညာမရှိသော အသညသတ်ဘုံသို့ ရောက်ရလေသည်။

## နှုတ်ဖြင့်သူတစ်ပါးသတ်ခိုင်းသော ပါဏာတိပါတကံကို ဝစီကံဟုမခေါ်နိုင်ကြောင်း

ဝစီကံဟူသည် ဝစီဝိညတ်ဖြစ်သော ဝစီဒွါရ၌ များသောအားဖြင့် ဖြစ်တတ်သောကံကို ခေါ်ခြင်းဖြစ်သည်။ ယခုအခါ ပါဏာတိပါတကံသည် ကာယဒွါရ ဝစီဒွါရ ဒွါရ ၂ ပါးလုံး၌ဖြစ်နိုင်သော်လည်း ကာယဝိညတ်ဖြစ်သော ကာယဒွါရ၌ များသော အားဖြင့် ဖြစ်တတ်သော ကံဖြစ်သောကြောင့် နှုတ်ဖြင့် သူတစ်ပါးသတ်ခိုင်းသော ပါဏာတိပါတကံ ကို ဝစီကံဟု မခေါ်နိုင်ပါ။

## ဒုစရိုက် (၁၀) ပါးတွင် မပါဝင်သော်လည်း အရက်သေစာသောက်စားခြင်းသည် အပြစ်ရှိကြောင်း

အရက်သေစာ သောက်စားခြင်းသည် ရသာရုံဟုဆိုအပ်သော ကာမဂုဏ် တို့၌ များယွင်းသော ခံစားမှုအကျင့်ဖြစ်၍ ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော ကာမဂုဏ် တို့၌ များယွင်း သောအကျင့်ဖြစ်သော ကာမေသုမိစ္ဆာစာရ ဒုစရိုက်နှင့်အလားတူ အကျိုးဝင်သောကြောင့် အပြစ်ရှိသည်ဟု မှတ်ရမည်။

ပဋိသန္ဓေ = ဘဝဟောင်းနှင့် ဘဝသစ်ကိုပြတ်တောက်မသွားအောင် ဆက်စပ်ပေးခြင်း သဘော။

ဘဝင် = ရရှိပြီးသားဘဝကို တည်တံ့အောင် စောင့်ရှောက်ပေးသော သဘော၊ ဘဝ၏ အစိတ်အပိုင်း။

## ဘဝင်ဖြစ်ပုံကို ဥပမာဆောင်ကာဖော်ပြရသော်

ပဋိသန္ဓေတည်နေပြီးသော သတ္တဝါတို့မှာ ပဋိသန္ဓေစိတ်ချုပ်ပြီးသည်၏ အခြားမဲ့မှစ၍ ထိုပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်နှင့် အလားတူသော စိတ်သည်ပင် စုတိစိတ်ဖြစ်သည့်တိုင်အောင် (ပဋိသန္ဓေစိတ်နှင့် ဝီထိစိတ်တို့အကြား၌) ဝီထိစိတ် မဖြစ်ခဲ့သော် ဘဝင်ကိစ္စတပ်လျက် မြစ်ရေအလျဉ်ကဲ့သို့ ဘဝတစ်လျှောက်လုံး အဆက်မပြတ် အထပ်ထပ် ဖြစ်ပေါ်နေသည်။ ဤသို့ ဖြစ်ပေါ်နေသောစိတ်သည် ဘဝ၏အကြောင်းဖြစ်သောကြောင့် တနည်း ဘဝမပြတ်အောင် ဆက်စပ်ပေးတတ်သော ကြောင့် ဘဝင်စိတ် မည်ပါသည်။

## စုတိ = ရရှိပြီးသောဘဝမှ လျှောကျပျက်စီး၊သေဆုံးခြင်းသဘော။

အဘိဓမ္မာသဘောအရ လူတစ်ယောက်သေဆုံးခြင်းဆိုသည်မှာ၊ သေရဖို့ အလွန်နီးကပ်နေသော သတ္တဝါအား ဝီထိစိတ်၏ အဆုံး၌ဖြစ်စေ၊ ဘဝင်စိတ်အကုန်၌ ဖြစ်စေ၊ လက်ရှိပစ္စုပ္ပန်ဘဝ၏ အဆုံးသတ်ဖြစ်သော စုတိစိတ်ဖြစ်ပေါ် လာပြီးနောက် ချုပ်ပျက်သွားပါသည်။ ယင်းသို့ ချုပ်ပျက်သွားခြင်းကို စုတေသည်၊ သေသည်ဟု ဆိုရခြင်း ဖြစ်သည်။

ယခုဘဝသေပြီး နောက်ဘဝမရှိ ဟုအယူသည်းသူတို့၏ဝါဒကို ဝီထိမှတ်ပိုင်းဖြင့် သုံးသပ်ပြရသော်

(၁) စုတိစိတ် ချုပ်ပြီးနောက် (ရဟန္တာမဖြစ်သေး၍ ဘဝဇာတ် မသိမ်းသေးလျှင်) ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ဟူသော စိတ်တို့သည် ရထား၌ တပ်ထားအပ်သော စက်ဘီး၏လည်ပုံကဲ့သို့ ဆက်ကာဆက်ကာ မပြတ်ဖြစ်ပြန်သည်ဟူ၍လည်းကောင်း၊ (၂) ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၊ ဘဝင်၊ ဝီထိ၊ စုတိများ ဆက်ကာဆက်ကာဖြစ်ကြသကဲ့သို့ နောက်ဘဝ၌လည်း ဤနည်းအတိုင်း (နိဗ္ဗာန်မရောက်မချင်း) ဖြစ်ပြန်လေသည်ဟူ၍လည်းကောင်း ဤ သဘောတရား ဟောထားချက်ကို ထောက်ဆသောအားဖြင့် ယခုဘဝသေပြီး နောက်ဘဝ မရှိဟူသော အယူသည်းသူတို့၏ဝါဒကို ပယ်သင့်ပါသည်။

## စုတေခါနီးဖြစ်သောစိတ်

စုတေခါနီးကာလ၌ စိတ်အစဉ်သည် ထင်လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်ပါးပါးကိုအာရုံပြု၍ ရလတ္တံ့သော ဘဝသစ်ကိုညွှတ်၍ နေလေသည်။ ဤစိတ်အစဉ်မှာ ကုသိုလ်ကံက အကျိုးပေးတော့မည်ဖြစ်လျှင် ကောင်းသော အာရုံ ထင်လာသောကြောင့်

ထိုအာရုံကို အာရုံလျှက် ဖြူစင်သောစိတ် (ကုသိုလ်စိတ်)အစဉ်ဖြစ်နေ၏။ အကုသိုလ်ကံက အကျိုးပေးတော့မည် ဖြစ်လျှင် မကောင်းသောအာရုံထင်လာသောကြောင့် ထိုအာရုံကို အာရုံပြုလျက် ညစ်နွမ်းသောစိတ် (အကုသိုလ်စိတ်) အစဉ်ဖြစ်နေ၏။ ထို့ကြောင့် စုတေခါနီး ကာလ၌ စိတ်အစဉ်သည် ဖြူစင်သောစိတ်၊ ညစ်နွမ်းသောစိတ် နှစ်မျိုးလုံးမှ တစ်မျိုးမျိုး ဖြစ်နိုင်သည်။

**သိပ္ပံပညာရှင်များက လူသည် မျောက်သတ္တဝါမှ ဆင်းသက်လာသည် ဟုဆိုလေရာ ယင်းအယူအဆကို အဘိဓ မ္မာရှုထောင့်မှ သုံးသပ်ပြရသော်**

မျောက်သတ္တဝါ၏ ပဋိသန္ဓေစိတ် = အကုသလဝိပါက်ဥပေက္ခာသန္တီရဏစိတ်
လူစဉ်မမီသူ လူသား၏ ပဋိသန္ဓေစိတ် = အဟိတ်ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်
လူပီသသူ လူသား၏ ပဋိသန္ဓေစိတ် =မဟာဝိပါက် ၈ ပါးတို့တွင်တစ်ပါးပါး။ ဤသို့ မျောက်သတ္တဝါနှင့် လူသားတို့ ပဋိသန္ဓေစိတ်ချင်း မတူကွဲပြား ကြသောကြောင့် သိပ္ပံပညာရှင်တို့အယူအဆသည် မှားယွင်းပါသည်။

**အထူးမှတ်ရန်**။ ။ မောဟမူ ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁ ပါးသည် ပဝတ္တိအကျိုးကိုသာ ပေးနိုင်သည်။ ကျန် အကုသိုလ် ၁၁ ပါးကား ပဋိသန္ဓေ ပဝတ္တိအကျိုးနှစ်ပါးလုံးကို ဖြစ်စေနိုင်သည်။

## စိတ်ပျံ့လွင့်နေ၍ အကုသိုလ်လုပ်မိသော အရှုံး အပါယ်ဘုံမရောက်နိုင်ကြောင်း

ဥဒ္ဓစ္စကြဉ်သော အကုသိုလ် ၁၁ ပါးသည် ပဋိသန္ဓေအခါ အပါယ် ၄ ဘုံ၌ အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါးကိုဖြစ်စေ၏ ဟုဆိုသောကြောင့် စိတ်ပျံ့လွင့်နေသူ အရှုံးသည် အပါယ်မရောက်နိုင်။

## ကံ ကမ္မနိမိတ် ဂတိနိမိတ်နှင့် တရားကိုယ်အရကောက်

အကျိုးပေးခွင့်ရ၍ ရှေးရှုတည်နေသော ပဋိသန္ဓေကိုဖြစ်စေသော ဥပပဇ္ဇဝေဒနိယ အပရာပရိယဝေဒနိယကံ အရ ကုသိုလ်၊ အကုသိုလ် ဇနကကံကို တရားကိုယ် ကောက်ရသည်။ (ကံ)

ကမ္မနိမိတ် = ကံမြောက်ကြောင်း အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်၊ လက်နက်၊ တုတ်၊ ဓား စသော ကံအဆောက်အဦး ကံနှင့်စပ်သမျှ ဝတ္ထုအာရုံ ၆ ပါးကို တရားကိုယ် ကောက်သည်။

ဂတိနိမိတ် = လားရာဂတိ အမိဝမ်းရေ နတ်သမီးဘုံဗိမာန် ဥယျာဉ် ပဒေသာပင် ငရဲအိုး ငရဲထိန်း ငရဲမီးလျှံ စသည် ပစ္စုပ္ပန်အာရုံ ၆ ပါးကို တရားကိုယ် ကောက်ရသည်။

## သေပြီးနောက် ၇ ရက် အိမ်၌တွက်ကပ်နေသည်ဆိုသော စကားမမှန်ကြောင်း

ဘဝမပြတ်သေးသမျှ သတ္တဝါတို့ ဘဝဟောင်းအပြတ်တွင် ဘဝသစ်ကို ဆက်စပ်၍ ပေးတတ်သော ပဋိသန္ဓေစိတ်သည် ဘဝဟောင်းနှင့် ဘဝသစ်ကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်တတ်သည်အစွမ်းဖြင့် ဘဝသစ်၌ ဥပါဒ်လျင် ဥပါဒ်ချင်း တည်သောကြောင့် သေပြီးနောက် ၇ ရက် အိမ်၌တွယ်ကပ်နေသည် ဟူသောစကားမမှန်ပါ။

**လူတို့သေခါနီးကာလ၌ အာရုံနိမိတ်ထင်ခြင်းသည်** အကြီးအကျယ် ဝေဒနာ ခံစားရမှုကြောင့်ဖြစ်သည်ဟုဆိုက မမှန်ပါ။ အဘိဓမ္မာသဘာဝဖြင့် ဝေဖန်ပြရသော် = သတ္တဝါတို့သည် မိမိတို့ပြုခဲ့သော ကုသိုလ်၊ အကုသိုလ်ကံများ ရှိရာဝယ် ပဋိသန္ဓေ အကျိုးကိုပေးရန် အခွင့်သာသော ကံတစ်ပါးပါးသည် သေခါနီးကာလ၌ ဒွါရ ၆ ပါးတို့မှ တစ်ပါးပါးတွင် ထိုက်သလို ထင်လာတတ်ပါသည်။ စုတေခါနီးကာလ၌ စိတ်အစဉ်သည် ထိုထင်ထာလာသော ကံ ကမ္မနိမိတ် ဂတိနိမိတ် တစ်ပါးပါးကို အာရုံပြု၍ ရလတ္တံ့သော ဘဝသစ်ကို ညွှတ်၍နေရလေသည်။ ထိုဘဝသစ်သည်လည်း စင်ကြယ်သော ကုသိုလ်ကံ ညစ်နွမ်းသော အကုသိုလ်ကံတို့အားလျော်စွာ သုဂတိ ဒုဂ္ဂတိ ဘဝများ ကိုရနိုင်ပေ၏။ ထို့ကြောင့် လူတို့သေခါနီးကာလ၌ အာရုံနိမိတ်ထင်ခြင်းသည် မိမိတို့ပြုခဲ့သော ကုသိုလ် အကုသိုလ်ကံကြောင့် သာလျှင်ဖြစ်ပါသည်။

## စေတနာတိုင်း ကံ မမည်ကြောင်း

ကံဟူသည် ထိုထိုဘုံဌာနများ၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ပေးစေနိုင်ပါသည်။ ဤသို့အကျိုးပေးနိုင် သော ကံများတွင် အကုသိုလ်စေတနာ (၁၂)ပါး၊ ကာမကုသိုလ်စေတနာ (၈)ပါး၊ ရူပကုသိုလ်စေတနာကံ (၅)ပါး၊ အရူပကုသိုလ်စေတနာ (၄)ပါးသာပါဝင်၍ လောကုတ္တရာကုသိုလ်စေတနာ (၄)ပါး မပါဝင်သောကြောင့်တည်း။

***ဝီထိမုတ်ပိုင်းပြီး၏***

# ရုပ်ပိုင်း

## *ရုပ်ပိုင်းမာတိကာ (၅)မျိုး*

၁။ ရူပ သမုဒ္ဒေသ = ရုပ်ကိုအကျဉ်းအားဖြင့်ပြခြင်း
၂။ ရူပ ဝိဘာဂ = ရုပ်ကိုဝေဘန်ပြခြင်း
၃။ ရူပ သမုဋ္ဌာန = စက္ခုဒသက အစရှိသောရုပ်ကလာပ်တို့၏ ဖြစ်ကြောင်းကိုပြခြင်း
၄။ ရူပ ကလာပ = စက္ခု အစရှိသောရုပ်အပေါင်းကို အပေါင်းအစည်းအားဖြင့်ပြခြင်း နှင့်
၅။ ရူပ ပဝတ္တိက္ကမ = ဘဝ ကာလ သတ္တဝါအပြားအားဖြင့် ရုပ်တို့၏ဖြစ်စဉ်ကိုဝေဘန်ခြင်းအားဖြင့် (၅)မျိုးရှိသည်။

## ရူပသမုဒ္ဒေသ = ရုပ်ကို အကျဉ်းအားဖြင့်ပြခြင်း

### *မဟာဘုတ် (၄)ပါး*

၁။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဟုဆိုအပ်သော ဘူတရုပ် (၄) ပါး

### *ဥပါဒါရုပ် (၂၄)ပါး*

၂။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဟုဆိုအပ်သော ပသာဒရုပ် (၅) ပါး
၃။ ရုပ် အဆင်း (ဝဏ္ဏ) အသံ(သဒ္ဒ)၊ အနံ့(ဂန္ဓ) အရသာခံမှု(လျှာ-ရသ)၊ ပထဝီ၊ တေဇော၊ ဝါယော၊ ဟုဆိုအပ်သော (ဖောဋ္ဌဗ္ဗရုပ်) ဂေါစရရုပ် (၇)ပါး။
၄။ ယောကျ်ား၊ မိန်းမ ဟုဆိုအပ်သော ဘာဝရုပ် (၂) ပါး
၅။ ဟဒယဝတ္ထုရုပ် (၁) ပါး
၆။ ဇီဝိတရုပ် (၁) ပါး
၇။ အာဟာရရုပ် (၁) ပါး

**မှတ်ချက်။** ။ အထက်ပါ ရုပ် (၁၈)ပါးတို့ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရား ၄ ပါးတို့ ဖြစ်စေအပ်၊ ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်ဟူ၍၎င်း၊ ထိုရုပ်တို့သည် ခက်မာခြင်းစသော သဘောတရား ကိုယ်စီရှိကြသဖြင့် သဘာဝရုပ် ဟူ၍၎င်း၊ တစ်ဖန် ဥပါဒ်၊ ဇရာ၊ အနိစ္စတာ ဟူသော သင်္ခတလက္ခဏာ တို့နှင့် တကွ ဖြစ်သောကြောင့် သလက္ခဏရုပ် ဟူ၍၎င်း၊ ဖေါက်ပြန်ခြင်းသဘောရှိသောကြောင့် ရူပရုပ်

ဟူ၍၎င်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာယဉ် ၃ပါးသို့တင်ကာ သုံးသပ် ထိုက်သောကြောင့် သမ္မသနရုပ် ဟူ၍၎င်း ခေါ်ပါသည်။

၈။ အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ် (၁) ပါး

၉။ ကာယဝိညတ်၊ ဝစီဝိညတ် ဟုဆိုအပ်သော ဝိညတ်ရုပ် (၂) ပါး

၁၀။ ကာယဝိညတ်၊ ဝစီဝိညတ် ရုပ်၏ လျင်မြန်မှု (လဟုတာ)၊ နူးညံ့မှု (မုဒုတာ)နှင့် အလုပ်၌ပါဝင်မှု (ကမ္မညတာ) ပေါင်း (၅) ပါးကို ဝိကာရရုပ်ဟုခေါ်သည်။

၁၁။ ရုပ်၏ ရှေ့ရှုကပ်ရောက်ခြင်း (ဥပစယ)၊ တည်ရှိခြင်း (သန္တတိ)၊ ဆွေးမြေ့အိုမင်းခြင်း (ဇရတာ)၊ မမြဲခြင်း (အနိစ္စတာ) တို့ကို လက္ခဏရုပ် ဟုခေါ်သည်။ (၄) ပါး

(ရုပ်(၂၈) ပါးရှိတို့တွင် ဇာတိရုပ် သည် တစ်ပါးတည်းဖြစ်သော်လည်း ဥပစယ ၊ သန္တတိ ဟုအမည် ၂ မျိုးရသော ရုပ်တည်း)

ပရိစ္ဆေဒရုပ် (၁) ပါး၊ ဝိညတ်ရုပ် (၂) ပါး၊ ဝိကာရရုပ်(၃) ပါး၊ လက္ခဏရုပ် (၄) ပါး၊ ပေါင်း (၁၀) ပါး တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း ၄ပါးတို့ မဖြစ်စေအပ်၊ မပြီးစေအပ်သောကြောင့် အနိပ္ဖန္နရုပ်၊ ကိုယ်ပိုင် သဘောတရား မရှိသဖြင့် အသဘာဝရုပ်၊ သင်္ခတလက္ခဏာ နှင့်တကွ မဖြစ်သောကြောင့် အလက္ခဏရုပ်၊ ဖေါက်ပြန်ခြင်းသဘောမရှိသောကြောင့် အရူပရုပ်၊ လက္ခဏာယဉ် ၃ ပါးသို့တင်ကာ မသုံးသပ် ထိုက်သောကြောင့် အသမ္မသနရုပ် ဟူ၍အမည်ရကြသည်။

## ရူပဝိဘာဂ (ရုပ်ကိုဝေဘန်ခြင်း)

၁။ ပသာဒရုပ် (၅) ပါးတို့သည် အဇ္ဈတ္တိကရုပ်မည်၏။ (ထိုရုပ်တို့သည် ခန္ဓာကိုယ်အား ကျေးဇူးများ၍ သတ္တဝါတို့ အချစ်ဆုံးဖြစ်သော ရုပ်တို့တည်း။) ကျန် ရုပ်များသည် ဗာဟိရ-အပြင်ရုပ်တို့မည်၏။

၂။ ပသာဒရုပ် (၅) ပါး၊ ဟဒယဝတ္ထုရုပ် (၁) ပါး တို့ကို ဝတ္ထုရုပ် (ဝိညာဏဓာတ် ၇ ပါးတို့၏ မှီရာရုပ်) ဟုခေါ် သည်။ ကျန်ရုပ်များကား အဝတ္ထုရုပ်တို့တည်း။

၃။ ပသာဒရုပ် (၅) ပါး၊ ဝိညတ်ရုပ် (၂) ပါး တို့သည် ပဉ္စဒွါရာဝီထိ စိတ်စေတသိက်တို့ဖြစ်ရာနှင့် ကာယကံ၊ ဝစီကံ တို့ဖြစ်ရာ ဖြစ်သောကြောင့် ဒွါရရုပ် မည်၏။ ကျန်ရုပ်များကို အဒွါရရုပ်ဟုခေါ်သည်။

၄။ ပသာဒရုပ် (၅) ပါး၊ ဘာဝရုပ် (၂) ပါး နှင့် ဇီဝိတရုပ် (၁) ပါး တို့ကို ပဉ္စဝိညာဏ်စိတ်၊ လိင်၊ ကမ္မဇရုပ်တို့ကို မိမိတို့ ဆိုင်ရာ၌ အစိုးရသောကြောင့် ဣန္ဒြိယရုပ် ဟုခေါ်သည်။ ကျန်ရုပ်များကား အနိန္ဒြိယရုပ်တို့တည်း။

၅။ ပသာဒရုပ် (၅) ပါး၊ ဂေါစရရုပ် (၇) ပါးတို့သည် ရုန့်ရင်းကြမ်းတမ်းသည် အဖြစ်ကြောင့် ဉာဏ်ဖြင့်ကြည့်လျှင် ထင်လွယ်မြင်လွယ်သောကြောင့်၎င်း ဉာဏ်နှင့်နီးကပ်သည်၏ အဖြစ်သို့ ရောက်သောကြောင့်၎င်း သန္တိကေရုပ်၊ အာရုံ အာရမ္မဏိကအားဖြင့် ထိခိုက်ခြင်းနှင့်တကွ ဖြစ်သောကြောင့်လည်း သပ္ပဋိဃရုပ်မည်၏။ ကျန်ရုပ်များကား သုခုမရုပ်၊ ဒူရေ ရုပ်၊ အပ္ပဋိဃရုပ်တို့ မည်၏။

၆။ ကံကြောင့်ဖြစ်သောရုပ် (၁၈) ပါးတို့သည် တဏှာ၊ ဒိဋ္ဌိတို့ကပ်ရောက်သော ကံက ၎င်း၏အကျိုးဟုစွဲယူအပ်သောကြောင့် ဥပါဒိန္နရုပ် အမည်ရကြသည်။ ကျန်ရုပ်များကား အနုပါဒိန္နရုပ် တို့တည်း။

၇။ မျက်စိဖြင့် မြင်ကောင်းသော ရူပါရုံကို သနိဒဿန ရုပ်ဟုခေါ်ကာ ကျန်ရုပ်များကို မျက်စိဖြင့် မမြင်ကောင်းသော ကြောင့် အနိဒဿနရုပ် ဟုခေါ်သည်။

၈။ အာရုံကိုယူတတ်ပြီး အာရုံကိုယူရာဌာနဖြစ်သော ပသာဒရုပ် (၅) ပါးတို့ကို ဂေါစရဂ္ဂါဟိကရုပ် ဟုခေါ်၍ ကျန်ရုပ် များကို အဂေါစရဂ္ဂါဟိကရုပ် ဟုခေါ်သည်။

၉။ မဟာဘုတ် (၄) ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ပေါင်း ရုပ် (၈) ပါးတို့သည် တခုစီကွဲသွားအောင် ခွဲမရသောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏။ ကျန်ရုပ်များကား ဝိနိဗ္ဘောဂရုပ် များတည်း။

**မှတ်ချက်။** ။ အထက်ဖေါ်ပြပါ ရုပ်ရေတွက်နည်းသည် (၂) မျိုးစီ ရေတွက်ရသောကြောင့် **ဒုဝိဓနည်း** ဟု ခေါ်ရသည်။ ရုပ် (၂၈) ပါးတို့ကို တစ်မျိုးတည်း အားဖြင့်လည်း ရေတွက်နိုင်သည်။ တစ်မျိုးတည်း အားဖြင့် ရေတွက်နည်း ကို **ဧကဝိဓနည်း** ဟုခေါ်သည်။

## ရေတွက်ပုံကား

| | | |
|---|---|---|
| အဟေတုက | = | အလောဘ စသောယှဉ်ဘက်ဟိတ် မရှိသောကြောင့် အဟေတုက မည်၏။ |
| သပ္ပစ္စယ | = | ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းနှင့်တကွ ဖြစ်သောကြောင့် သပစ္စယမည်၏။ |
| သာသဝ | = | အာသဝေါတရားလေးပါးတို့၏ အာရုံဖြစ်သောကြောင့် သာသဝမည်၏။ |
| သင်္ခတ | = | ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်း တရားတို့က ပြုပြင်စီရင်အပ်သောကြောင့် သင်္ခတ မည်၏။ |

လောကိယ = ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင် သောကြောင့် လောကိယမည်၏။

ကာမာဝစရ = ကာမတဏှာ၏ အာရုံပြုရာ ကျင်လည်ကျက်စားရာ ဖြစ်သောကြောင့် ကာမာဝစရမည်၏။

အနာရမ္မဏ = စိတ်၊ စေတသိက်တို့ကဲ့သို့ အာရုံကိုမယူနိုင်သောကြောင့် အနာရမ္မဏ မည်၏။

အပ္ပဟာတဗ္ဗ = အကုသိုလ်၊ ကိလေသာတို့ကဲ့သို့ ပယ်ဖို့ရာမဟုတ်၊ ပယ်၍လည်း မဖြစ်နိုင်သောကြောင့် အပ္ပဟာ တဗ္ဗ မည်၏။

**အထူးမှတ်ရန်** ။ ရုပ် (၂၈) ပါးတို့တွင် အာကာသဓါတ်သည် ပရမတ် အစစ်မဟုတ်၊ ရုပ်ကလာပ် ၂ ခုဖြစ် ပေါ်လာ သည့်အခါအလိုလိုပေါ်လာသော ပညတ်မျှသာတည်း။ ထို့ပြင် လဟုတာစသောရုပ်များလည်း စိတ်ချမ်းသာသောအခါ၊ ဥတုသာယာသောအခါ၊ အာဟာရမျှတသောအခါတို့၌ ဖြစ်ပေါ် လာတတ်သော ထူးခြားသော အမူအရာ ထူးမျှသာ ဖြစ်သောကြောင့် ရုပ်အစစ်မဟုတ်ကြ။ ဥပစယ စသော လက္ခဏရုပ် (၄) ပါးတို့ကိုလည်း ရန်သူရုပ်များဟု ခေါ်ကြသေး သည်။ (ဥပမာ) ထိုရုပ် (၄) ပါးတို့သည် ပူးပေါင်း၍ လူတစ်ယောက်ကို လုပ်ကြံ သတ်ဖြတ်ရာ၌ ပထမလူက စတင်ခေါ် ဆောင်လာ၏ (ဥပစယ) ၊ ဒုတိယလူက သတ်လိုရာဌာနရောက်အောင် ဆက်လက် ခေါ်ဆောင်၏ (သန္တတိ)၊ တတိယ လူက ချည့်နဲ့အောင်နှိပ်စက် ရိုက်နက်၏ (ဇရတာ)၊ စတုတ္ထလူက အသေသတ်လိုက်၏ (အနိစ္စတာ)။ ထို့အတူ ထိုရုပ်လေးပါးတို့က နှိက်စက်သတ်ဖြတ် နေသောကြောင့် ရန်သူရုပ် ဟုခေါ်ရသည်။

## ရူပသမုဋ္ဌာန

ရုပ်တို့ကို ဖြစ်စေသော အကြောင်းများနှင့်၊ ရုပ်ဖြစ်ပုံကို ပြသောအခန်းကို ရူပသမုဋ္ဌာန ဟုခေါ်သည်။

## ရုပ်ဖြစ်ကြောင်းတရား (၄) ပါး

၁။ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်

၂။ စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်

၃။ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် နှင့်

၄။ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ် ဟူ၍ ရုပ်ဖြစ်ကြောင်း (၄) ပါးရှိသည်။

၁။ ရုပ်ကိုဖြစ်စေသော ကံ (၂၅) ပါး = ကမ္မပထမြောက်သော အကုသိုလ်ကံ ၁၂ ပါး၊ မဟာကုသိုလ်ကံ ၈ ပါးနှင့် ရူပါဝစရကုသိုလ်ကံ ၅ ပါး တို့ဖြစ်ကြ၏။ အကုသိုလ်ကံ ၁၂ ပါးဟူသည်မှာ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော စေတနာ စေတသိက်တို့တည်း။ ကုသိုလ်ကံဟူသည်မှာ ကုသိုလ်စိတ်တို့၌ယှဉ်သော စေတနာ စေတသိက်တို့ တည်း။
၂။ ရုပ်ကိုဖြစ်စေသော စိတ် (၇၅) ပါး = ဒွေပဉ္စဝိညာဏ် ၁၀ ပါးနှင့် အရူပဝိပါက် ၄ ပါး ကြဉ်သော ကျန်စိတ်တို့ တည်း။

## အရူပ ဝိပါက်က ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

အရူပဝိပါက်သည် အရူပဘုံ၌သာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်၍ဖြစ်၏၊ ထိုအရူပဘုံကား ရုပ်ကို စက်ဆုပ်သော ဗြဟ္မာတို့၏နေရာပေတည်း၊ သို့အတွက် ထိုအရူပဘုံဝယ် ရုပ်ကိုဖြစ်စေဖွယ်မလိုသောကြောင့် အရူပဝိပါက်များသည် ရုပ်ကို မဖြစ်စေကြပါ။

## ပဉ္စဝိညာဏ်တို့ ရုပ်ကိုမဖြစ်စေကြောင်း

ဈာနင် မဂ္ဂင် ဟိတ်နှင့်မယှဉ်သည့်အတွက် စိတ်အင်္ဂါအားနည်းသောကြောင့် ဒွေပဉ္စဝိညာဏ် (၁၀)တို့ ရုပ်ကိုမဖြစ် စေနိုင်ပါ။

**မှတ်ချက်။** ။ အရူပဝိပါက် ၄ ပါး၊ ဒွေပဉ္စဝိညာဏ် ၁၀ သာမက ပဋိသန္ဓေစိတ် နှင့် ရဟန္တာတို့၏ စုတိစိတ်များလည်း ရုပ်ကိုမဖြစ်စေနိုင်။ သို့သော် ထိုစိတ်များသည် ပဋိသန္ဓေကိစ္စနှင့် ရဟန္တာတို့၏ စုတိကိစ္စတပ်ခိုက်၌သာ ရုပ်ကိုမဖြစ်စေနိုင်၊ ဘဝင်ကိစ္စနှင့် ပုထုဇဉ် သေက္ခတို့၏ စုတိကိစ္စတပ်ခိုက်မှာ ရုပ်ကိုဖြစ်စေ နိုင်သေးသောကြောင့် အရူပဝိပါက် ၄ ပါးနှင့် ဒွေပဉ္စဝိညာဏ် ၁၀ ကိုသာကြဉ်သည်။

## ပဋိသန္ဓေစိတ်၏ ရုပ်ကိုမဖြစ်စေနိုင်ခြင်းအကြောင်း

၁။မှီရာ ဟဒယဝတ္ထု၏ အားနည်းခြင်း ၂။တည်တည် တံ့တံ့ မရှိသေးခြင်း ၃။ပုရေဇာတ စသော အကြောင်းအထောက်အပံ့ ချို့တဲ့ခြင်း ၄။ဘဝသစ်၌ ရောက်ခါစ အာဂန္တုမျှသာဖြစ်ခြင်း နှင့် ၅။စိတ္တဇ ရုပ်တို့တည်ဖို့ရာ အကြောင်းကို ကမ္မဇရုပ်များက ယူထားခြင်း။ ဤအကြောင်းများကြောင့် ပဋိသန္ဓေစိတ်ဟူသမျှ ရုပ်ကိုမဖြစ်စေနိုင်ပါ။

ထိုစိတ် (၇၅)ပါးတို့တွင် အပ္ပနာဇော ၂၆ ပါးတို့သည် ဣရိယာပုထ်ကို လည်း ခိုင်ခံ့စေ၏။

မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉ ပါးနှင့် အဘိညာဉ်ဒွေ ဟူသော စိတ် ၃၂ ပါး တို့သည် ရုပ်သာမည ကိုဖြစ်စေခြင်း၊ ဣရိယာပုထ်ကို ထောက်ပံ့ခြင်းအပြင် ဝိညတ်ရုပ် ၂ ပါးကိုလည်း ဖြစ်စေနိုင်၏။ ဤတွင် ဒေါမနဿဇော ၂ ပါးတို့ သည် ညည်းညူငိုကြွေးခြင်း ကိုလည်း ဖြစ်စေနိုင်ကြ၏။ သောမနဿဇော ၁၃ ပါး တို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေ နိုင်ကြ၏။

## ပြုံးရယ်သောစိတ်များ

ဘုရားနှင့် ရဟန္တာတို့သည် ဟသိတုပ္ပါဒ်စိတ် ၁ ပါးနှင့် မဟာကြိယာ သောမနဿစိတ် ၄ ပါး၊ ပေါင်း ၅ ပါး နှင့် ပြုံးကြသည်။

သေက္ခပုဂ္ဂိုလ်တို့သည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် သောမနဿဇော ၂ ပါး၊ မဟာကုသိုလ် သောမနဿဇော ၄ ပါး ပေါင်း စိတ် ၆ မျိုးဖြင့် ရယ်ကြသည်။

ပုထုဇဉ်တို့သည် လောဘမူသောမနဿ ၄ ပါး၊ မဟာကုသိုလ် သောမနဿ ၄ ပါး ပေါင်း စိတ် ၈ ပါး တို့ဖြင့် ရယ် ကြသည်။

**မှတ်ချက်။** ။ မနောဓာတ် ၃ ပါး၊ တဒါရုံ ၁၁ ပါး၊ ရူပဝိပါက် ၅ ပါး၊ ပေါင်း ၁၉ ပါးတို့သည် ရုပ်သာမညကိုသာဖြစ်စေ သည်။

## အလင်္ကာကျမ်းလာ ရယ်ခြင်း (၆)မျိုး

၁။ မျက်စိပွင့်ရုံမျှပြုံးရယ်ခြင်းသည် သိတ။
၂။ သွားအနည်းငယ်မျှပေါ်ရုံ ပြုံးရယ်ခြင်းသည် ဟသိတ။
၃။ သာယာသော အသံထွက်အောင် ပြုံးရယ်ခြင်းသည် ဝိဟသိတ။
၄။ ပခုံးလှုပ်အောင် ရယ်ခြင်းသည် ဥပဟသိတ။
၅။ မျက်ရည်ထွက်အောင်ရယ်ခြင်းသည် အပဟသိတ။
၆။ လက်ခြေအင်္ဂါကို ပစ်လွှဲ၍ ရယ်ခြင်းသည် အတိဟသိတ။

ထိုခြောက်ပါးတို့တွင် နှစ်ခုတွဲအလိုက် အမြတ်၊ အလတ်စား နှင့် ယုတ်ညံ့သူတို့ ရယ်နည်းဟု ပညာရှင်များ ဆိုကြကုန်၏။

ခပ်သိမ်းသော ရုပ်ကလာပ်တို့၌ပါရှိသည့် သီတဥတုနှင့် ဥဏှဥတုဟု ခေါ်သော တေဇောဓာတ်သည် ရုပ်ကို ဖြစ်စေသော ဥတုတည်း။

အဇ္ဈတ္တနှင့်ဗဟိဒ္ဓ ခပ်သိမ်းသော ရုပ်ကလာပ်တို့၌ ပါရှိသည့် ဩဇာဓာတ်သည် ရုပ်ကိုဖြစ်စေသော အာဟာရ တည်း။

## ရုပ်ဖြစ်ပုံ

၁။ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့သည် **ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍** ခဏတိုင်း၊ ခဏတိုင်း မပြတ်မလပ်ဖြစ် ပေါ်ကြ၏။

၂။ စိတ်ကြောင့်ဖြစ်သော **စိတ္တဇရုပ်တို့သည် ပဋိသန္ဓေစိတ်နောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏ မှစ၍** စိတ်တို့၏ ဥပါဒ်ခိုက်၌ဖြစ်ပေါ်ကြ၏။

၃။ ဥတုကြောင့်ဖြစ်သော ရုပ်ကို ဥတုဇရုပ်ဟုခေါ်၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကမ္မဇရုပ်တွင် တေဇောဓါတ် ပါ၏။ ထိုတေဇောသည် **ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်ကိုဖြစ်စေ၏။**

ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ် နှင့် အာဟာရဇရုပ်တိုင်း၌ ဥတုဇတေဇောဓာတ် ပါဝင်လျက်ရှိရာ ထိုဥတုသည် ဥပါဒ်ပြီးနောက်၌ ဌီအခိုက်သို့ရောက်လျှင် ဥတုဇရုပ်ကို ဖြစ်စေ၏။ ထို့သို့ဖြစ်စေရာ၌ စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အစီအစဉ် အတိုင်း ခဏမစဲ ရုပ်ကို ဖြစ်စေ၏။

အဇ္ဈတ္တသန္တာန်၌ ဥတုဇရုပ်များဖြစ်ပေါ်သည့်နည်းတူ ဗဟိဒ္ဓသန္တာန်၌လည်း ဥတုဇရုပ်များဖြစ်ပေါ်ကြ၏။

၄။ အာဟာရကြောင့်ဖြစ်သော ရုပ်ကို အာဟာရဇရုပ်ဟုခေါ်သည်။

အဝိနိဗ္ဘောဂရုပ် ၈ ပါးတို့တွင် ဩဇာဓာတ်ပါဝင်သဖြင့် ဩဇသည် ရုပ်ကလာပ်တိုင်း၌ ရှိ၏။ **သို့သော် အဇ္ဈတ္တဩဇသည် အစားအစာတွင်ပါရှိသော ဗဟိဒ္ဓဩဇနှင့် ပေါင်းဆုံပြီးမှ အာဟာရဇရုပ်ကိုဖြစ်စေနိုင်၏။**

**ဩပပါတိကနှင့် သံသေဒဇသတ္တဝါတို့သည်** ပဋိသန္ဓေနေပြီးနောက် တစ်စုံတစ်ခုသော စားဖွယ်ကို (အယုတ်သဖြင့် မိမိတံတွေးကို) စားမျိုသောအခါ ဝမ်းတွင်း၌ ပါစကတေဇောဓာတ်မီးဖြင့် ထိုအစာကိုပေါင်းနွေးရ၏။ ထို့နောက် အစာတွင်ပါသော ဩဇာဓာတ်သည် သွေးနှင့်အတူ ခန္ဓာကိုယ်အနှံ့ပျံ့နှံ့သွား၏။ ထိုအခါ ခန္ဓာကိုယ်အနှံ့ရှိ အဇ္ဈတ္တဩဇနှင့်ထိတွေ့၍ **ရုပ်၏ ဌီသို့ရောက်သောအခါမှ** စတင်ကာ ထိုအတွင်းအပ ဩဇတို့ သည် ခဏမစဲ အာဟာရဇရုပ်တို့ကိုဖြစ်စေ၏။

**ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေတည်ပြီးနောက် တစ်သတ္တာဟ (၇ ရက်) နှစ်သတ္တာဟ** ခန့်ကြာလျှင် မိခင် စားမျိုလိုက်သော အစားအစာတို့မှတစ်ဆင့်

ဖြစ်ပေါ်လာသည့် ဩဇာဓာတ်သည် သွေးနှင့်အတူ လှည့်ပတ်လာရာမှ သန္ဓေသားလောင်း၏ ကိုယ်၌ပျံ့နှံ့၏။ ထိုပျံ့နှံ့သော ဗဟိဒ္ဓဩဇနှင့် ပင်ကိုရှိရင်းဖြစ်သည့် အဇ္ဈတ္တဩဇတို့ ပေါင်းဆုံမိသည်မှ **ရုပ်၏ငြီသို့ရောက်သောအခါ** အာဟာရဇရုပ်တို့ဖြစ်ပေါ်ကြ၏။ ထိုသို့ဖြစ်ရာ၌ အတွင်း အပဩဇတစ်စုံလျှင် အာဟာရဇရုပ်ကလာပ်တစ်ခုကျ စိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် အစီအစဉ်အတိုင်း ခဏမစဲ ဖြစ်ပေါ်၏။

## ရုပ်အမျိုးအစားများ

အကြောင်းတစ်ပါးကြောင့်ဖြစ်သောရုပ်ကို ဧကန်ရုပ်၊ တစ်ပါးထက်ပိုသော အကြောင်းတို့ကြောင့် ဖြစ်သော ရုပ်ကို အနေကန်ရုပ် ဟုခေါ်၏။

၁။ ကမ္မဇရုပ် (၁၈)ပါး = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဣန္ဒြိယရုပ် ၈ ပါး၊ ဟဒယဝတ္ထုနှင့် ပရိစ္ဆေဒရုပ်တို့တည်း။ ထိုရုပ်တို့ အနက် ပသာဒရုပ် ၅ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဇီဝိတရုပ် ၁ ပါး ဟုဆိုအပ်သော ဣန္ဒြေရုပ် ၈ ပါးနှင့် ဟဒယဝတ္ထုရုပ် ၁ ပါး၊ ပါင်း ၉ ပါးသည် **ကမ္မဇဧကန်ရုပ်များ**ဖြစ်ကြ၏။

၂။ စိတ္တဇရုပ် ၁၅ ပါး = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ဝိညတ်ရုပ် ၂ ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ်။ ထိုရုပ်တို့တွင် ဝိညတ်ရုပ် ၂ ပါးတို့သည် **စိတ္တဇရုပ်ဧကန်ရုပ်များဖြစ်ပြီး** ကျန် ၁၃ ပါးတို့သည် စိတ္တဇ အနေကန် ရုပ်များ ဖြစ်သည်။

၃။ ဥတုဇရုပ် ၁၃ ပါး = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ် တို့သည် ဥတုဇ အနေကန် ရုပ်များဖြစ်ကြသည်။

၄။ အာဟာရဇရုပ် ၁၂ ပါး = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ ပရိစ္ဆေဒရုပ် တို့သည် အာဟာရဇရုပ်၊ အနေကန်ရုပ်များဖြစ်သည်။

၅။ ဧကဇရုပ် ၁၁ ပါး = ကမ္မဇဧကန်ရုပ် ၉ ပါး၊ စိတ္တဇဧကန်ရုပ် ၂ ပါးတို့သည် အကြောင်းတစ်ပါးကြောင့်သာဖြစ်သောရုပ်တို့တည်း။

၆။ ဒွိဇရုပ် ၁ ပါး = သဒ္ဒရုပ် ၁ ပါးသာလျှင် စိတ်နှင့် ဥတုအကြောင်း ၂ ပါးတို့ကြောင့်ဖြစ်၏။ စကားသံ၊ အသက်ရှူ သံ၊ စသည်တို့သည် စိတ္တဇသဒ္ဒရုပ်ဖြစ်၏။ မိုးသံ၊ လေသံ၊ ခေါင်းလောင်းသံ၊ ကားသံ၊ ကက်ဆက်သံစသည်တို့နှင့် ဝမ်းတွင်းရှိလေသံတို့သည် ဥတုဇသဒ္ဒရုပ်များ ဖြစ်ကြ၏။

၇။ တိဇရုပ် ၃ ပါး = စိတ်၊ ဥတု၊ အာဟာရတို့ကြောင့်ဖြစ်သော လဟုတာဒိရုပ် ၃ ပါးတို့တည်း။

၈။ စတုဇရုပ် ၉ ပါး = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ပရိစ္ဆေဒရုပ် ၁ ပါး၊ ပေါင်း ၉ ပါးသော ရုပ်တို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့တည်း။

**မှတ်ချက်။** ။ လက္ခဏရုပ် ၄ ပါးတို့သည် နိပ္ဖန္နရုပ်တို့၏ ဖြစ် တည် ပျက် သဘောမျှသာဖြစ်သောကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်း ၄ ပါးမှ လွတ်သောရုပ်တို့တည်း။ ထို့ကြောင့် ၎င်းစိတ် တို့ကို **နကုတောစိ** (အကြောင်းကင်းသော) ရုပ်ဟုလည်းခေါ်ကြသေးသည်။

## ၄။ ရူပကလာပ

ရုပ်တို့၏ပေါင်းစပ်ဖွဲ့စည်းပုံပြခြင်းကို ရူပကလာပ ဟုခေါ်သည်။

ဆိုင်ရာရုပ်များပူးတွဲပေါင်း၍ ဖြစ်ပေါ်လာသောရုပ်အဖွဲ့အစုတစ်ခုကို ရုပ်ကလာပ် ၁ ခု ဟုခေါ်သည်။

## ရုပ်ကလာပ်တို့၏ လက္ခဏာ

၁။ ဧကုပ္ပါဒ = အတူတကွဖြစ်ခြင်း

၂။ ဧကနိရောဓ = အတူတကွချုပ်ပျက်ခြင်း

၃။ ဧကနိဿယ = တူသောမှီရာရှိခြင်း

၄။ သဟဝုတ္တိ = ခွဲခြား၍မရအောင် ပေါင်းရောနေခြင်း

ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား ၄ ပါးတို့ကြောင့် ဖြစ်ပျက်နေသော ရုပ်ကလာပ် အမျိုးအစားများမှာ ကမ္မဇကလာပ် ၉ စည်း၊ စိတ္တဇကလာပ် ၆ စည်း၊ ဥတုဇကလာပ် ၄ စည်းနှင့် အာဟာရဇကလာပ် ၂ စည်း၊ ပေါင်း ၂၁ စည်းရှိသည်။

## ၁။ ကမ္မဇကလာပ် ၉ စည်း

၁။ စက္ခုဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ စက္ခုပသာဒ

၂။ သောတဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ သောတပသာဒ

၃။ ဃာနဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ဃာနပသာဒ

၄။ ဇိဝှါဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ဇိဝှါပသာဒ

၅။ ကာယဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ကာယပသာဒ

၆။ ဣတ္ထိဘာဝဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ ဣတ္ထိဘာဝရုပ်

၇။ ပုမ္ဘာဝဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ပုမ္ဘာဝရုပ်

၈။ ဟဒယဒသကကလာပ် =အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊ဟဒယရုပ်

၉။ ဇီဝိတနဝကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဇီဝိတရုပ်၊

## ၂။ စိတ္တဇကလာပ် ၆ စည်း

၁။ သုဒ္ဓဋ္ဌကကလာပ် = စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈ ပါး အစု
၂။ ကာယဝိညတ္တိနဝကကလာပ် =အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ကာယဝိညတ်
၃။ ဝစီဝိညတ္တိသဒ္ဒဒသကကလာပ် =အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဝစီဝညတ်၊ သဒ္ဒရုပ်
၄။ လဟုတာဒိဧကာဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး
၅။ ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ပါး၊ ကာယဝိညတ်၊ လဟုတာဒိရုပ် ၃ ပါး
၆။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ဝစီဝိညတ်၊ သဒ္ဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး။

## ၃။ ဥတုဇကလာပ် ၄ စည်း

၁။ သုဒ္ဓဋ္ဌကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊
၂။ သဒ္ဒနဝကကလာပ် =အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ်
၃။ လဟုတာဒိဧကာဒသကကလာပ် =အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး
၄။ သဒ္ဒလဟုတာဒိဒွါဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ သဒ္ဒရုပ်၊ လဟုတာဒိရုပ် ၃ ပါး

## ၄။ အာဟာရဇကလာပ် ၂ စည်း

၁။ သုဒ္ဓဋ္ဌကကလာပ် =အဝိနိဗ္ဘောဂရုပ် ၈ ပါး၊
၂။ လဟုတာဒိဧကာဒသကကလာပ် =အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ လဟုတာဒိရုပ် ၃ ပါး

## အဇ္ဈတ္တ ဗဟိဒ္ဓ ရုပ်ကလာပ်ခွဲပုံ

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ရုပ်ကလာပ် ၂၁ စည်းလုံး ရနိုင်၏။ အထီးသတ္တဝါ၌ ဣတ္ထိဘာဝဒသက ကလာပ်ကို မရထိုက်။ အမသတ္တဝါ၌ ပုမ္ဘာဝဒသကကလာပ်ကို မရထိုက်။ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသူ၊ နားပင်းသူ တို့တွင် သက်ဆိုင်ရာ ဒသကကလာပ် ကို မရထိုက်။

ဗဟိဒ္ဓသန္တာန်၌ ဥတုဇသုဒ္ဓဋ္ဌကကလာပ်နှင့် ဥတုဇသဒ္ဒနဝကကလာပ် ၂ စည်းကိုသာ ရ၏။ သစ်ပင်၊ တောတောင်၊ မြေ၊ ရေ၊ လေ၊ မီး၊ အလောင်းကောင် စသည် တို့သည် ဥတုဇသုဒ္ဓဋ္ဌကကလာပ် ချည်းသာဖြစ်၏။ သစ်ပင်၊ သစ်ကိုင်းများ ကြိတ်ခတ်သံ၊ တံခါးခေါက်သံ၊ မိုးခြိမ်းသံ၊ ရေဒီယိုသံ စသည်တို့မှာ ဥတုဇသဒ္ဒနဝကကလာပ်များဖြစ်သည်။

**အထူးမှတ်ချက်။** ။ အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒရုပ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားသာဖြစ်၍ လည်းကောင်း၊ လက္ခဏရုပ် ၄ ပါးတို့သည် ရုပ်ကလာပ်တို့၏ ဖြစ်၊ တည်၊ ပျက် အမှတ်လက္ခဏာမျှသာဖြစ်၍ လည်းကောင်း ကလာပ်ဖွဲ့စည်းရာတွင် မပါဝင်ကြ။

# ၅။ ရူပ ပဝတ္တိက္ကမ

ရုပ်တို့၏ဖြစ်ပုံ ပျက်ပုံအစဉ်ကိုပြရာအပိုင်းသည် ရူပပဝတ္တိက္ကမမည်၏။

## ပုဂ္ဂိုလ် ၄ မျိုး (ယောနိ = အမျိုးဇာတ် ၄ ပါး)

(၁) သံသေဒဇ = ဝါးပင်၊ ကြာပင်၊ လမုပင်၊ ရေပုပ်၊ ရွံ့ညွန်စသော ငြိကပ်တွယ်ရာအရပ် (အညို) ၌စွဲ၍ဖြစ်သော သတ္တဝါမျိုး။ ဥပမာ။ ပဒုမဝတီ၊ ခြင်၊ ပိုးလောက်စသော သတ္တဝါများ။

(၂) ဩပပါတိက (ဥပပါတ်) = ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘွားခနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် ထင်ရှားဖြစ်သော သတ္တဝါမျိုး။ ဥပမာ။ ကမ္ဘာဦးလူများနှင့် နတ် ဗြဟ္မာများ။

(၃) ဇလာဗုဇ = သားအိမ်၌ဖြစ်သောသတ္တဝါမျိုး။ ဥပမာ။ လူ၊ ကြောင်၊ ခွေးစသော သတ္တဝါများ။

(၄) အဏ္ဍဇ = ဥခွံ၌ဖြစ်သော သတ္တဝါမျိုး။ ဥပမာ။ ကြက်၊ ငှက်စသောသတ္တဝါများ။

**မှတ်ချက်။** ။ ၎င်း ဇလာဗုဇနှင့် အဏ္ဍဇသတ္တဝါ ၂ မျိုးလုံးသည် အမိဝမ်း၌ ကိန်းအောင်း၍ ပဋိသန္ဓေနေကြရသောကြောင့် ဂဗ္ဘသေယျ သတ္တဝါ ဟုခေါ်ကြသည်။ သို့ဖြစ်၍ ယောနိ အမျိုးဇာတ်အလိုက် ပုဂ္ဂိုလ်အမျိုးအစားကို ၄ မျိုး ဟူ၍ လည်း ကောင်း၊ ၃ မျိုး ဟူ၍လည်းကောင်း မှတ်သားကြ၏။

## ပုဂ္ဂိုလ်နှင့် အမျိုးဇာတ်ယှဉ်တွဲပုံ

၁။ ဘုမ္မစိုးကြီးသော ကျန် ကာမနတ်၊ ဗြဟ္မာ၊ နိဇ္ဈာမတဏှိက (မီးသရဲ) ပြိတ္တာ၊ ငရဲဘုံသားများ၌ ဥပပါတ် ပဋိသန္ဓေ ၁ မျိုးသာရသည်။

၂။ ဘုမ္မစိုးနတ်၊ လူ၊ တိရစ္ဆာန်၊ နိဇ္ဈာမတဏှိကပြိတ္တာမှတပါး ကြွင်းသော ပြိတ္တာတို့သည် ယောနိ=အမျိုးဇာတ် ၄ မျိုး လုံးရနိုင်သည်။

# ပဋိသန္ဓေအခါ ရုပ်ဖြစ်စဉ်

သံသေဒဇနှင့် ဥပပါတ်သတ္တဝါတို့အား ပဋိသန္ဓေအခါ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ၊ ဝတ္ထုဒသကတည်းဟူသော ကလာပ် ၇ စည်းတို့သည် ဥက္ကဋ္ဌနည်း= အလွန်ဆုံးအားဖြင့် တပြိုင်နက် ထင်ရှားစွာ ဖြစ်ပေါ်ကြ၏။ အကုသိုလ်ကံကြောင့် အာယတနချို့တဲ့သူတို့၌ စက္ခု၊ သောတ နှင့် ဘာဝဒသက ကလာပ်တို့ချို့နိုင်၏။

ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေ ကလလရေကြည် တည်သောအခါ၌ ကာယ၊ ဘာဝ၊ ဝတ္ထုဒသက ဟူသော ကလာပ်စည်း ၃ ခုနှင့် ရုပ် အစုပေါင်း ၃၀ တို့ တပြိုင်နက် ထင်ရှားစွာဖြစ်ပေါ်၏။ တစ်ခါတစ်ရံ အကုသိုလ်ကံ နိုပ်စက်သဖြင့် ဘာဝဒသကချို့တဲ့နိုင်၏။ ထိုအခါ ကလာပ် ၂ စည်းနှင့် ရုပ် ၂၀ တို့သာဖြစ်သည်။

ပဋိသန္ဓေအခါ မရနိုင်သောရုပ်တို့ကား သဒ္ဒရုပ်၊ ဝိကာရရုပ် ၅ ပါး၊ ဇရတာ၊ အနိစ္စတာရုပ် ဟူ၍ ပေါင်း ၈ ပါး တို့တည်း။

## ဂဗ္ဘသေယျက သတ္တဝါတို့ သတ္တာဟအလိုက် ရုပ်ဖြစ်ပေါ်ပုံ

| သတ္တာဟ | ရုပ် | ရက်ပေါင်း |
|---|---|---|
| ၁ | ကလလရေကြည် | ၇ ရက် |
| ၂ | အမြှုပ် | ၇ ရက် |
| ၃ | သားတစ် | ၇ ရက် |
| ၄ | အစိုင်အခဲ | ၇ ရက် |
| ၅ | ခက်မငါးဖြာ | ၇ ရက် |
| ၆ | ခက်မရင့်မာ | ၇ ရက် |
| ၇ | ခက်မရင့်မာ | ၇ ရက် |
| ၈ | ခက်မရင့်မာ | ၇ ရက် |
| ၉ | ခက်မရင့်မာ | ၇ ရက် |
| ၁၀ | ခက်မရင့်မာ | ၇ ရက် |
| ၁၁ | စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါဒသက ကလာပ်များ | ၇ ရက် |

**ဆောင်ပုဒ်။** ။ ရေ၊ မြှုပ်၊ ခဲ၊ တစ်၊ ခက်မဖြစ်၊ ရင့်လင့်ငါးသတ္တာ၊ စက် သော ယာ ဇီ ဤလေးလီ ဖြစ်ပြီ ဆယ့်တစ်မှာ။

**မှတ်ချက်။** ။ ကလလရေကြည်ဟူသည် ယခုဖွားစဖြစ်သော သိုး၏အမွေး (သို့) ဟိမဝန္တာတော၌ သိမ်မွေ့သော ဇာမဏီမည်သော သားကောင်၏ အမွေးတစ်ချောင်းကို ကြည်လင်သောဆီ၌နှစ်၍ ဆယ်ယူသောအခါ အမွေးဖျား၌ ကပ်ငြိနေသော ဆီပေါက် ပမာဏရှိ၏။ ယင်းသေးငယ်သော ကလလရေကြည်၌ ကမ္မဇကလာပ်စည်း ရုပ် ပေါင်း (၃၀) နှင့် ပဋိသန္ဓေစိတ်၊ စေတသိက်၊ ခန္ဓာငါးပါးတို့သည် အတူတကွဖြစ်ကုန်၏။ နပုံးတို့အား ဘာဝဒသက ကလာပ်ကို မရနိုင်။

## ရူပဘုံသား ပဋိသန္ဓေအခါ ရုပ်ကလာပ်ဖြစ်ပုံ

အသညသတ်ကြဉ် ရူပဘုံ (ဥပပါတ် ပုဂ္ဂိုလ်ဖြစ်သောကြောင့်) ယာန၊ ဇိဝှါ ကာယ၊ ဘာဝဒသက ကလာပ်များကြဉ် သော (၁) ဇီဝိတနဝကကလာပ် (၂) စက္ခုဒသကကလာပ် (၃) သောတဒသကကလာပ် (၄) ဝတ္ထုဒသကကလာပ် ပေါင်း ကမ္မဇကလာပ် (၄) စည်းဖြစ်ကြသည်။

**မှတ်ချက်။** ။ ဒသက ကလာပ်အသီးသီးတွင် ဇီဝိတနဝက ကလာပ်ပါဝင်ပြီး ဖြစ်သော်လည်း တစ်ကိုယ်လုံးပျံ့နှံ့၍ နေနိုင်သော ကမ္မဇရုပ်များဖြစ်သော ကာယပသာဒ ဘာဝ ဇီဝိတရုပ် များအနက် ကာယနှင့်ဘာဝရုပ်များ လုံးဝ မရသောကြောင့် တစ်ကိုယ်လုံး ပျံ့နှံ့နိုင်ကြောင်း ရုပ်အဖြစ် ဇီဝိတရုပ်ကို အဓိကထားယူရသဖြင့် ဇီဝိတနဝက ကလာပ် ရနိုင်သည်။

ကာမဂုဏ်ကိုစက်ဆုပ်ရွံရှာသောကာမဝိရာဂဘာဝနာ အစွမ်းဖြင့် ယာန၊ ဇိဝှါ၊ ကာယ၊ ဘာဝရုပ်များကိုပယ်ထား သောကြောင့်လည်း ဒသကကလာပ် (၅) စည်းမရနိုင်။

***အသညသတ်ဘုံ (ဥပပါတ်ပုဂ္ဂိုလ်) ၌ ဇီဝိတနဝက ကလာပ် (၁) စည်းသာရ၏။***

**မှတ်ချက်။** ။ နာမ်တရားမှန်သမျှကိုပယ်ခွါထားသော ပြဟ္မာများဖြစ်သဖြင့် စိတ်၊ စေတသိက်တို့ အမှီပြုဖြစ်နိုင်စရာ ဝတ္ထုများ (ပသာဒရုပ်နှင့် ဟဒယရုပ်=၆ပါး) လည်းမရ၊ ဘာဝရုပ်လည်းမရခြင်းကြောင့် ဇီဝိတနဝက ကလာပ် (၁) စည်း သာရ၏။

| ဘုံ (ပုဂ္ဂိုလ်) | ကမ္မဇ ကလာပ်-၉ | စိတ္တဇ ကလာပ်-၆ | ဥတုဇ ကလာပ်-၄ | အာဟာရဇ -၂ | ပေါင်း |
|---|---|---|---|---|---|
| ကာမဘုံသား သံသေဒဇ ဥပပါတ် ဂဗ္ဘသေယျက | ဇီဝိတနဝကနှင့် ဘာဝကလာပ်-၁ခုကြဉ်သော (၇)စည်း | ၆ စည်း | ၄-စည်း | ၂-စည်း | ၁၉ |
| ကမ္ဘာဦးလူ ဥပပါတ်ပုဂ္ဂိုလ် | ဘာဝဒသက ကလာပ်ကြဉ် ၆-စည်း | ၆-စည်း | ၄-စည်း | ၂-စည်း | ၁၈ |
| အသညသတ် ကြဉ် ရူပဘုံသား | ဃာ၊ဇိ၊ကာ၊ ဘာဝကြဉ် ၄-စည်း | ၆-စည်း | ၄-စည်း | | ၁၄ |
| အသညသတ် ဘုံသား | ဇီဝိတနဝက ကလာပ် ၁-စည်း | | သဒ္ဒကြဉ် ၂-စည်း | | ၃ |
| ဗဟိဒ္ဓသတ္တာနှ်၌ အရာဝတ္ထု အလောင်း ကောင် | | | လဟုတာ ကြဉ် ၂-စည်း | | ၂ |

## ပဝတ္တိအခါရနိုင်သောရုပ်များ

## ကာမဘုံသား (ကျားမ)

မဟာဘုတ် = ၄ ပါး။ ပသာဒရုပ် = ၅ ပါး။ ဂေါစရရုပ် =၄ ပါး။ ဘာဝရုပ်=၁ (မိမိသက်ဆိုင်ရာ)။ ဟဒယရုပ်=၁။ ဇီဝိတရုပ် =၁ ပါး။ အာဟာရရုပ် = ၁ ပါး။ ပရိစ္ဆေဒရုပ် =၁ ပါး။ ဝိညတ်ရုပ် =၂ ပါး။ လဟုတာဒိရုပ် = ၃ ပါး။ လက္ခဏာရုပ်= ၄ ပါး။ ပေါင်း ရုပ် ၂၇ ပါး ဖြစ်နိုင်သည်။

ကမ္ဘာဦးလူ ဥပပါတ် ပုဂ္ဂိုလ်များ ဖြဟ္မာ့ပြည်မှစုတေခဲ့သောကြောင့် ဘာဝရုပ်များ မရသဖြင့် ဘာဝရုပ် ၂ ပါးကြဉ် သော ရုပ်ပေါင်း ၂၆ ပါးရ၏။

အသညသတ်ကြဉ် ရူပ ၁၅ ဘုံသားတို့သည် ဃာန၊ ဇိဝှါ၊ ကာယပသာဒရုပ် ၃ ပါး နှင့် ဘာဝရုပ် ၂ ပါး ကြဉ် သော ရုပ် ၂၃ ပါးရ၏။

## အသညသတ်ကြဉ် ရူပ ၁၅ ဘုံ၌ ဃာနစသည်ကိုမရထိုက်ကြောင်း

၁။ ဃာနပသာဒရှိခြင်းကြောင့် နမ်းရှုချင်စိတ်ဖြစ်၏။
၂။ ဇိဝှါပသာဒရှိခြင်းကြောင့် စားသောက်ချင်စိတ်ဖြစ်၏။
၃။ ကာယပသာဒရှိခြင်းကြောင့် တို့ ထိ ချင်စိတ်ဖြစ်၏။
၄။ ဘာဝရုပ်ရှိခြင်းကြောင့် မေထုန်အမှုကိုပြုလို၏။

ဤသို့ ဃာနစသော ရုပ်ကလာပ်တို့သည် ကာမစိတ်ကို တိုးပွါးစေတတ် ကုန်၏။ ရူပဘုံကလည်း ကာမဂုဏ်ကို စက်ဆုပ်သော ပြဟ္မာတို့၏နေရာတည်း။ ထို့ကြောင့် ဃာန စသော ရုပ်ကလာပ်များ မရထိုက်။

မှတ်ချက်။ ။ ဘုရားဖူး တရားနာခြင်းစသော ကျေးဇူးများသော ဌာနလည်း ရှိသေးသောကြောင့် စက္ခု၊ သောတ၊ ဒသက ကလာပ်များရထိုက်သည်။ ဘာဝရုပ်များမရှိသော်လည်း ရူပပြဟ္မာတို့၏ပုံစံမှာ ယောကျ်ားကဲ့သို့ပင်တည်း။

**ဆောင်။ ။** ကာမစိတ်ဓာတ်၊ ပွါးစေတတ်သဖြင့်၊ ဃာ ဇီ ကာယ၊ ဘာဝနှစ်ထွေ၊ ပြဟ္မာ့ပြည်၊ မှတ်လေ မရထိုက်။

## အာဟာရဇကလာပ်များမရခြင်းအကြောင်း

လူတို့သည် တစ်စုံတစ်ခု၌ ပီတိဖြစ်နေသောအခါ ဘာကိုမျှမစားပဲ နေနိုင်ကြ သကဲ့သို့ ပြဟ္မာများသည် မိမိတို့ဈာန်၌ နှစ်သက်ခြင်းပီတိဖြင့် တင်းတိမ်ကာ အစာမစားပဲ နေနိုင်ကြသည်။ သို့ဖြစ်၍ ပြဟ္မာတို့၌ အတွင်းအဇ္ဈတ္တသန္တာန်မှာ ဩဇာ ရှိသော်လည်း ခဲဖွယ်ဘောဇဉ် အာဟာရကို စားမျိုခြင်းမရှိရကား ဗဟိဒ္ဓဩဇာ နှင့် ပူးပေါင်းရခြင်း မရှိသော ကြောင့် အာဟာရဇ ရုပ်ကလာပ်များကို မရကြ။

အသညသတ်ဘုံသား၌ သဒ္ဒရုပ်ကြဉ် မဟာဘုတ် =၄ ပါး၊ ဂေါစရုပ် = ၃ ပါး၊ ဇီဝိတရုပ် =၁ ပါး၊ အာဟာရရုပ် ၁ ပါး၊ ပရိစ္ဆေဒရုပ် =၁ ပါး၊ လဟုတာဒိရုပ် =၃ ပါး၊ လက္ခဏရုပ် = ၄ ပါး၊ ပေါင်း ၁၇ ပါးဖြစ်၏။

တစ်နည်း။ ။ အဝိနိဗ္ဘောဂရုပ် =၈ ပါး၊ ဇီဝိတရုပ် =၁ ပါး၊ လဟုတာဒိရုပ် =၃ ပါး၊ ကလာပ်ဝိမုတ်ရုပ် (ပရိစ္ဆေဒ ၁ နှင့် လက္ခဏရုပ် =၄) ပေါင်း ရုပ် ၁၇ ပါး တို့တည်း။

**ဆောင်။ ။** အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်၊ သုံးဝလဟု တာဒိရှ၍၊ စတုလက္ခဏာ၊ အာကာသာ၊ ပေါင်းပါ ဆယ့်ခုနစ်။

**မှတ်ချက်။ ။** အရူပဘုံ၌ကား ရူပဝိရာဂဘာဝနာအစွမ်းကြောင့် ရုပ်လုံးဝမဖြစ်။

## အခါအားလျော်စွာရနိုင်သောရုပ်များ

၁။ ပဋိသန္ဓေအခါ ရနိုင်သမျှရုပ်ပေါင်း = ၂၀ ရှိ၏။ ပဋိသန္ဓေအခါ မရနိုင်သောရုပ်များကား သဒ္ဒရုပ်=၁၊ ဝိညတ်ရုပ် ၂၊ လဟုတာဒိရုပ်=၃၊ ဇရတာ၊ အနိစ္စတာ ပေါင်း ၈ ပါး တို့တည်း။

၂။ ပဝတ္တိအခါ၌ ရုပ် ၂၈ ပါးလုံးရနိုင်၏။

၃။ စုတိအခါ၌ရုပ် ၂၁ ပါးသာရ၏။ စုတိအခါမရနိုင်သောရုပ်များကား သဒ္ဒရုပ် ၁၊ ဝိညတ်ရုပ် ၂၊ လဟုတာဒိရုပ် ၃၊ ဥပစယ ၁၊ ပေါင်း ၇ ပါးတို့တည်း။

## စတုဇရုပ်ဖြစ်စဉ်

ပဝတ္တိကာလ၌ ရုပ် ၄ မျိုးတို့သည် မီးလျှံ၊ ရေအလျဉ်တို့ကဲ့သို့ အဟောင်းကွယ်ပျောက် အသစ်ရောက်လျက် မပြတ်မစဲဖြစ်ကြ၏။

## အကြောင်း ၄ ပါးကြောင့် ရုပ်တို့ဖြစ်စဉ်ကား

၁။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဉပါဒ်အခိုက်မှစ၍ ခဏတိုင်း၊ ခဏတိုင်းဖြစ်ကြ၏။

၂။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဉပါဒ်အခိုက်မှစ၍ စိတ်တို့၏ ဉပါဒ်တိုင်း ဉပါဒ်တိုင်းဖြစ်၏။

၃။ ဉတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ ခဏမစဲ ဖြစ်ကြ၏။

၄။ အာဟာရဇရုပ်တို့သည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ၊ နှစ်သတ္တာဟာ လွန်၍ မိခင်စားမျိုသည့် အစာအာဟာရမှဖြစ်သော ဩဇာ၏ ကိုယ်အင်္ဂါအတွင်း ပျံ့နှံ့သည့်အခါမှစ၍ ခဏမစဲဖြစ်ကြ၏။ သံသေဒဇ နှင့် ဥပပါတ် သတ္တဝါတို့အား မိမိမျိုအပ်သော သလိပ်တံတွေး (သို့မဟုတ်) အာဟာရမှဖြစ်သည့် ဩဇာ၏ ကိုယ်အင်္ဂါ အတွင်း ပျံ့နှံ့သောအချိန်မှစ၍ အာဟာရဇရုပ်တို့ခဏမစဲ ဖြစ်ကြကုန်၏။

## တစ်ဘဝ၌ ရုပ် ၄ မျိုးတို့ချုပ်ပုံအစဉ်

၁။ ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် ပြိုင်၍ချုပ်သဖြင့် စုတိစိတ်မှ ပြန်၍ရေသော် ၁၇ ချက်မြောက် စိတ်၏ဥပါဒ်၌ ကမ္မဇရုပ် နောက်ဆုံးချုပ်၏။ သို့ဖြစ်၍ ၁၇ ချက်မြောက် စိတ်၏ ဌီ မှစ၍ ကမ္မဇရုပ်သစ်မဖြစ်တော့။

၂။ စိတ္တဇရုပ်တို့သည် စုတိစိတ်၏ ဥပါဒ်၌ နောက်ဆုံးဖြစ်သဖြင့် စုတိနောက် ခဏငယ် ၄၈ ချက် (စိတ္တက္ခဏ ၁၆ ချက်) ကြာမှချုပ်၏။

၃။ အာဟာရဇရုပ်တို့သည် စုတိစိတ်၏ ဘင် အထိနောက်ဆုံးဖြစ်နိုင်သဖြင့် စုတိနောက် ခဏငယ် ၅၀-ချက် (စိတ္တက္ခဏ ၁၆ ချက်ကျော်ကျော်) ကြာမှချုပ်၏။ ဗဟိဒ္ဓမှ မျိုအပ်သောအစာအာဟာရလည်းရှိစေ၊ အဇ္ဈတ္တ အာဟာရနှင့် ပူးပေါင်းမိသည်လည်း ဖြစ်စေ၊ ဝိညာဏ်အထောက်အပံ့ ရသည်လည်းဖြစ်စေ၊ ဤအကြောင်းသုံးပါး ညီညွတ်လျှင် အာဟာရဇရုပ်များဖြစ်ကြ၏။ ထို့ကြောင့် အာဟာရဇရုပ်တို့သည် စုတိစိတ်၏ ဘင် တိုင်အောင် ဖြစ်ကြ၏။

၄။ ဥတုဇရုပ်တို့သည် ဥပပါတ် ပုဂ္ဂိုလ်တို့အား မျက်စိတမှိတ် လျှပ်တပြက် အတွင်း၊ အချင်းခပ်သိမ်း ရုပ်ခန္ဓာ ကွယ်ပျောက်၏။ ဂဗ္ဘသေယျက နှင့် သံသေဒဇ ပုဂ္ဂိုလ်တို့အား ကမ္ဘာ့မြေစာအထိ အဆင့်ဆင့်ဖြစ်၍ ချုပ်၏။

ဥတုဇရုပ်ကလာပ် တစ်ခုစီတွင်ပါရှိသော တေဇောဓာတ်သည် ရုပ်၏ဌီအချိန်၌ ခဏငယ်တိုင်း ဥတုဇရုပ်သစ်ကို ဖြစ်စေနိုင်သဖြင့် ဥတုဇရုပ်များသည် စုတေပြီးသည့် နောက်၌လည်း ဆက်ကာဆက်ကာ ဖြစ်ပျက်သွားကြ၏။ သို့အတွက် အလောင်းကောင် သည် ဥတုဇရုပ်များ၏ အစုအဝေးသာဖြစ်၏။ အလောင်းကောင် ပုပ်ပွ ဆွေးမြေ့၍ အရိုးစု ဖြစ်သည့်တိုင်အောင် ဥတုဇရုပ်ကလာပ်တို့ ဆက်ကာဆက်ကာ ဖြစ်ရစ်နေကြပေလိမ့်မည်။

## သေခြင်းသတ်မှတ်ပုံ

၁။ အာယု (ရုပ်သက်=ဇီဝိတရုပ်၊ နာမ်သက်=ဇီဝိတိန္ဒြေစေတသိက်)

၂။ ဥသ္မာ (ကိုယ်ငွေ့=ကမ္မဇတေဇော)

၃။ ဝိညာဏ (စိတ်)

ဤသုံးပါးတို့သည် တစ်ပြိုင်နက်ချုပ်လျှင် အသက်ကုန်သည်၊ စုတေသည်၊ သေဆုံးပြီဟု သတ်မှတ်နိုင်သည်။ တစ်ဘဝအတွက် ရုပ်သက်၊ နာမ်သက်တို့ တစ်ပြိုင်နက် အပြီးသတ်ချုပ်သည်ကိုပင် အသက်ကုန်သည်၊ စုတေသည်ဟု ခေါ်စမှတ် ပြုကြသည်။

**မှတ်ချက်။** ။ ကမ္မဇရုပ်ကလာပ်များတွင် အမြဲပါဝင်သော ဇီဝိတရုပ်သည် တကွဖြစ်ဖက် ကမ္မဇရုပ်များကို စောင့်ရှောက်သောကြောင့် ရုပ်သက် မည်၏။ စိတ်တိုင်း၌ယှဉ်သော ဇီဝိတိန္ဒြေစေတသိက်သည်လည်း တကွဖြစ်ဖက် နာမ်တရားများကို စောင့်ရှောက် သောကြောင့် နာမ်သက် မည်၏။

## ရုပ်သံသရာလည်ပုံ

ဤသို့ ပစ္စုပ္ပန်ဘဝ၌ ရုပ်လေးမျိုးတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုအစပြု၍ ဖြစ်ကြသကဲ့သို့၊ သေလွန်ပြီး ဘဝတစ်ပါး၌လည်း အသစ်အသစ်သော ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုအစပြု၍ ဖြစ်ကြပြန်လေ၏။

## နိဗ္ဗာန်

သတ္တဝါတို့ကို သံသရာဝဋ်၌ ချုပ်တတ်၊ မြှေးယှက်တတ်သောကြောင့် ဝါန မည်သော တဏှာမှ ထွက်မြောက် သည်၏အဖြစ်ကြောင့် နိဗ္ဗာန် မည်၏။ (**နိ-မရှိ၊ ဝါန-တဏှာ**)

နိဗ္ဗာန်သည် တဏှာမှကင်းလွတ်၍ တဏှာမှမရောယှက်ဘဲတည်သကဲ့သို့ မိမိသို့ဆိုက်ရောက်အောင် အားထုတ်သော ပုဂ္ဂိုလ်ကိုလည်း ထိုတဏှာမှ လွတ်ကင်းစေ၏။ ထို့ကြောင့် နိဗ္ဗာန်သည် တဏှာမှ ကင်းလွတ်ရာဌာန၊ ဘဝသံသရာမှ လွတ်မြောက်ရာ ဌာဖြစ်၏။ နိဗ္ဗာန်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုနိုင်သော ပရမတ်တရား အစစ်ပေတည်း။

## နိဗ္ဗာန်ကို ဝါနတော နိက္ခန္တံ (နိဗ္ဗာန်ကို တဏှာမှ ထွက်မြောက်ရာ) ဟု မိန့်ဆိုရကြောင်း

လောက၌ ရှိသမျှ ပုထုဇဉ်သေက္ခတွေသည်၊ တဏှာ၏ ဆက်သွယ်မှုကြောင့် အရာရာ၌ အဆက်မပြတ်ဘဲရှိ၏။ သတ္တဝါတို့ သန္တာန်၌ သံသရာကို ချဲ့ထွင် တတ်သည့်အတွက်၊ ပပဉ္စ အမည်ရသော တရားတို့သည် ဒိဋ္ဌိ၊ မာန၊ တဏှာ ဟု သုံးမျိုးရှိ၏။ သက္ကာယဒိဋ္ဌိခေါ်သော ဒိဋ္ဌိသည် ခန္ဓာငါးပါး အပေါ်၌ အထည်ကိုယ်အမာခံ အနစ်သာရ ဟူသော အတ္တသည် ကေန်ရှိ၏ ဟုစွဲလမ်း၏။ မာနက ထိုအတ္တကိုပင် ငါ၊ ငါ ဟုမှတ်ထင်နေ၏။ ငါတတ်သည် ငါ မြတ်သည် ဟု အထင်အမြင်ကြီး၏။ ထို ဒိဋ္ဌိ၊ မာန အရင်းခံမှုကြောင့် မိမိ၏ရုပ်နာမ်တရားတွေကို အားရပါးရ တဏှာဖြင့် စွဲလမ်း၏။ အတ္တသမံ

ပေမံ နတ္ထိ ဟူသည်နှင့်အညီ မိမိထက် ပိုမို၍ မည်သူ့ကိုမျှ မချစ်နိုင်ကြ၊ မိမိကို ချစ်ခင်မှုကြောင့် မိမိအား ကျေးဇူးပြုနေသူ သို့မဟုတ် ကျေးဇူးပြုလိမ့်မည်ဟု ထင်ရသူတို့အပေါ်မှာ မခွဲနိုင် မခွါ ရက်အောင်စွဲမက် ဆက်သွယ်ရ ပြန်တော့၏။

မိမိကိုယ်နှင့်တကွ အဆက်အသွယ်ဟူသမျှတို့အပေါ်မှာ မခွဲနိုင် မခွါရက်နိုင်အောင် ရာသက်ပန် တည်နေပြီး နောက်၊ စုတေခါနီးသို့ ရောက်သောအခါ တွယ်တာဖွယ်အဖုံဖုံ၌ အာရုံကြောမပြတ်တပြတ်မှာပင်တဏှာနုသယ က ဘဝအသစ်ကိုရော်ရမ်း ယှက်မြေးလျက် ဆက်ပေးပြန်၏။ ထိုကဲ့သို့ တဏှာနုသယ က ညွှန်ပြသည့်ဘဝ၌ ရောက်၍ မျှမကြာခင် ဘဝနိကန္တိက လောဘဇောခေါ်သော တဏှာက ရအပ်ပြီးစ အတ္တဘောကို မက်မော တွယ်တာပြီးလျှင် ယခင်နည်းတူ ဘဝသစ်ထူထောင်လေတော့၏။ ဤသို့ တဏှာက အရာရာဝယ် ဆက်သွယ်နေမှုမှာလည်း ဒိဋ္ဌိနှင့် မာနတို့က အားပေး အားမြှောက်ထောက်ပံ့ ကူညီနေသည့်အတွက်ဖြစ်ရကား ဤတရားသုံးပါး တို့သည် သံသရာကို ချဲ့ထွင်ရေး၌ လေးလေးနက်နက် ဆောက်ရွက်နေသော တရားဆိုးများတည်း။

ရုပ်၊ နာမ်၊ ခန္ဓာ၏ ချုပ်ငြိမ်းရာ လွန်စွာအေးမြသော ဓာတ်တစ်မျိုးမှာ အခါခပ်သိမ်း အရောင်အဝါ ယှက်၍ တလက်လက် တောက်ပသကဲ့သို့ အလွန့်အလွန် မြင့်မြတ်ရကား အပုပ်အစပ်၌ နားလေ့ရှိသော ယင်သတ္တဝါတို့သည် အလျှံတရဲရဲ သံတွေခဲ၏အပါး၌ မကပ်မနား ဝံ့သကဲ့သို့ ထို့အတူ အလွန့်အလွန် မြင့်မြတ်သော အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်၌ တဏှာဟူသော အယုတ်တမာတရားလည်း မနား မကပ်ဝံ့တော့ပြီ။ ထို့ကြောင့် နိဗ္ဗာန်ကို ဝါနတော နိက္ခန္တံ = တဏှာစက်ကွင်းမှ ရှင်းရှင်းကြီး လွတ်မြောက်သောတရားဟု မိန့်ဆိုရ ပေသည်။

## နိဗ္ဗာန်မည်ပုံ

၁။ လပြည့်ဝန်းကို မျက်စိဖြင့် မြင်ရသလို၊ နိဗ္ဗာန်ကို မဂ်၊ ဉာဏ်လေးပါးတည်းဟူသော ဓမ္မစက္ခုဖြင့် ဒိဋ္ဌမြင်အပ် မျက်မှောက်ပြုအပ်၏။

၂။ မဂ်၊ ဖိုလ်၊ ဂေါတြဘူ၊ ဝေါဒါန်၊ အာဝဇ္ဇာန်း၊ ပစ္စဝေက္ခဏာဇောတို့၏ အာရုံဖြစ်၏။

၃။ လောကုတ္တရာဓာတ်ဖြစ်၍

၄။ တဏှာ၏အာရုံပြုခြင်း မခံရသောတရားဖြစ်၏။

ဤသဘောတရားများနှင့်ပြည့်စုံသော သဘောသည် နိဗ္ဗာန်တည်း။ နိဗ္ဗာန်သည် ငြိမ်းအေးခြင်း သန္တိလက္ခဏ စသော မိမိ၏သဘော လက္ခဏာ ၁ပါး သာရှိ၏။

## ပရိယာယ်အားဖြင့် နိဗ္ဗာန် (၂)မျိုးပြားရပုံ

ခန္ဓာရှိမှု၊ မရှိမှုအားဖြင့် နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ဟု ၂ မျိုးပြား၏။

၁။ သဥပါဒိသေသ နိဗ္ဗာန် = ဝိပါက်၊ ကမ္မဇရုပ် ခန္ဓာကြွင်းလျက် ခံစားအပ် အာရုံပြုအပ်သော ကိလေသနိဗ္ဗာန်၊ ဒိဋ္ဌဓမ္မိက နိဗ္ဗာန်သည် သဥပါဒိသေသ နိဗ္ဗာန်မည်၏။ (သောတာပန်မှစ၍ ရဟန္တာတိုင်အောင် ခန္ဓာထင်ရှားရှိ လျက် အာရုံပြုအပ်သော နိဗ္ဗာန်)

၂။ အနုပါဒိသေသ နိဗ္ဗာန် = ဝိပါက်၊ ကမ္မဇရုပ် ခန္ဓာအကြွင်းမရှိ အဆုံးစွန် ပရိနိဗ္ဗာန်စံမှုဖြစ်သော ခန္ဓနိဗ္ဗာန်၊ သမ္ပရာယိက နိဗ္ဗာန်တို့သည် အနုပါဒိသေသ နိဗ္ဗာန်မည်၏။ (ဘုရား၊ ရဟန္တာ ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ရအပ်သောနိဗ္ဗာန်)

## အခြင်းအရာအားဖြင့် နိဗ္ဗာန် (၃)မျိုးပြားပုံ

၁။ သုညတ နိဗ္ဗာန် = ရာဂ စသောကြောင့်ကြဖွယ် ပလိဗောဓ အမျိုးမျိုးမှ ကင်းငြိမ်း သုဉ်းဆိတ်သော နိဗ္ဗာန်သည် သုညတနိဗ္ဗာန်မည်၏။

၂။ အနိမိတ္တ နိဗ္ဗာန် = ရာဂနိမိတ်စသော ဘေးရန်အပေါင်းနှင့် မဆက်ဆံသောနိဗ္ဗာန်သည် အနိမိတ္တ နိဗ္ဗာန်မည် ၏။

၃။ အပ္ပဏိဟိတ နိဗ္ဗာန် = အာသာ၊ တဏှာ စသော တောင့်တမှု ပူပန်မှုတို့နှင့် မဆက်ဆံသော နိဗ္ဗာန်သည် အပ္ပဏိဟိ နိဗ္ဗာန် မည်၏။

## နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ

၁။ အစ္စုတံ = စုတေရွေ့လျော သေဆုံးမှုသဘော မရှိသောတရား။

၂။ အစ္စန္တံ = စုတိဟူသော အဆုံးအပိုင်းအခြားမှလွန်မြောက်သော တရား။

၃။ အသင်္ခတံ = ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားတို့ဖြင့် ပြုပြင်စီရင်ခြင်းမခံရသော တရား။

၄။ အနုတ္တရံ = မိမိထက်လွန်မြတ်သောတရား မရှိသောတရား။

၅။ ပဒံ = အရိယာတို့သာ ရောက်သင့်ရောက်အပ်သော တရား။

# ဗဟုသုတမှတ်ဖွယ်

ရုပ် ၂၈ ပါးကို ရုပ်အစစ် ၁၈ ပါး၊ ရုပ်အတု ၁၀ ပါးအားဖြင့်မှတ်သားရမည်။ ရုပ်အစစ် ၁၈ ပါးတို့မှာ မဟာဘုတ် ၄ ပါး၊ ပသာဒရုပ် ၅ ပါး၊ ဂေါစရရုပ် ၄ ပါး၊ ဘာဝရုပ် ၂ ပါး၊ ဟဒယရုပ် ၁ ပါး၊ ဇီဝိတရုပ် ၁ ပါး နှင့် အာဟာရရုပ် ၁ ပါး အားဖြင့် ၁၈ ပါးတို့တည်း။ ရုပ်အတု ၁၀ ပါးတို့မှာ ပရိစ္ဆေဒရုပ် ၁ ပါး၊ ဝိညတ်ရုပ် ၂ ပါး၊ လဟုတာဒိရုပ် ၃ ပါး၊ လက္ခဏာရုပ် ၄ ပါးတို့တည်း။ (ပရမတ္ထတရားများတွင် အတုအယောင်ရှိ မရှိ အဘိဓမ္မာ အမြင်ဖြင့် စစ်တမ်းထုတ်ပြပါဟု မေးပါကလည်း ဤအတိုင်းပင်ဖြေရမည်။ ရုပ်အတုမှာ ပညတ်ရုပ်တည်း၊ ရုပ်အစစ်မှာ ပရမတ်တည်း)

## တေဇောအကြောင်း== တေဇောဟူသည်

(၁) ပရမတ်ရုပ် (နိပ္ဖန္န) ၁၈ ပါးအနက် ချမ်းအေးမှု၊ ပူနွေးမှု မီးနှစ်ပါးဟု ဆိုအပ်သော တေဇောဓာတ်ဖြစ်ပါသည်။

(၂) ကြီးကျယ်ထင်ရှားသော မဟာဘုတ်ရုပ် ၄ ပါးအနက် တစ်ပါး အပါ အဝင်လည်း ဖြစ်သည်။

(၃) ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော ရုပ်ဖြစ်ကြောင်းတရား ၄ ပါး လုံးကြောင့် ဖြစ်သော စတုဇရုပ် လည်း ဖြစ်သည်။

(၄) ၎င်းကိုယ်တိုင်ကလည်း ဥတု မည်သောကြောင့် မိမိငြီသို့ရောက်တိုင်း ဥတုဇရုပ်တို့ကို ဖြစ်စေနိုင်သည်။

(၅) မည်သည့် ရုပ်၌ဖြစ်စေ မကွေမကွာ ပေါင်းစု၍ ခွဲခြားမရသော (အဝိနိဗ္ဘောဂ) ရုပ်ထဲ၌ လည်း ပါဝင်ပါသည်။

အာပေါဓာတ်ကိုထိတွေ့လို့မရနိုင်။ အကြောင်းမှာ အာပေါဓာတ်သည် အလွန် သိမ်မွေ့သည့်အတွက် တွေ့ထိ၍ မရကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံအဖြစ် မပါဝင်ဘဲ ကြဉ်ထားသော ရုပ်ဖြစ်သောကြောင့်တည်း။

အဆီအနှစ်များသောအစာသည် (က) ကာမဘုံသား အဇ္ဈတ္တ အာဟာရရုပ်ကို (ခ) အဇ္ဈတ္တ ဗဟိဒ္ဓ အာဟာရနှစ် ပါးအချင်းချင်း ငြီသို့ရောက်၍ ရောနှောမိချိန်၌ (ဂ) ကာမဘုံ တွင် ပဝတ္တိအခါ အဇ္ဈတ္တသန္တာန်၌ ခဏတိုင်း၊ ခဏတိုင်း အာဟာရဇအဋ္ဌကလာပ်ရုပ် ကိုဖြစ်စေ၏။

## ရေနှင့်မီးခွဲခြားလို့မရကြောင်း

ရေဟူသော အာပေါဓာတ်လွန်သည့် ရုပ်တရားတို့၌ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ မီးဟူသော တေဇောဓာတ်လွန်ကဲ သည့် ရုပ်တရားတို့၌လည်း အဝိနိဗ္ဘောဂရုပ် ၈ ပါး ပါဝင်နေပြီး၊ ထိုတရားတို့မှာ တစ်ခုနှင့်တစ်ခု ခွဲခြားမရသော ရုပ်များ ဖြစ်သော ကြောင့်တည်း။

## သစ်ပင်ရှင်သန်နေသည်ကို ကလာပ်စည်းအားဖြင့်ဝေဖန်ခြင်း

သစ်ပင်ဟူသည် သက်မဲ့ ဗဟိဒ္ဓဖြစ်သည်။ ထို့ကြောင့် သစ်ပင်တစ်ပင် ရှင်သန်နေခြင်းကို ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ ကလာပ်စည်းအားဖြင့် ဝေဖန်ရပါက သစ်ပင်၌ ပါဝင်ဖွဲ့စည်းထားသော ရုပ်များမှာ အဝိနိဗ္ဘောဂရုပ် ၈ ပါးဖြစ်သော မဟာဘုတ် ၄ ပါး ဝဏ္ဏ၊ ဂန္ဓ ၊ရသ၊ ဩဇာတို့ဖြစ်ပြီး၊ ကလာပ်စည်းအားဖြင့် ဥတုဇသုဒ္ဓဋ္ဌကလာပ်စည်း အနေဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသည်။ ဤရုပ် ၈ ပါးတို့သည် ဥတုဟူသော အကြောင်းကြောင့် ရုပ်တို့၏အစဆုံး ဖြစ်ပေါ်မှု ပြည့်စုံအောင်၊ တိုးတက်၍ ဖြစ်ပေါ်မှုဟူသော ဥပစယ သဘောနှင့် ပြည့်စုံပြီးနောက် ဆက်လက်၍အစဉ်မပြတ်ဖြစ်ပေါ်မှုဟူသော သန္တတိသဘော - ဤဇာတိသဘာဝများ ဖြစ်ပွားနေခြင်းဖြင့်သာလျှင် သစ်ပင်သည် ရှင်သန်နေခြင်း ဖြစ်သည်။

## ကမ္ဘာဦးလူများနှင့် နတ်ပြဟ္မာတို့ ပဋိသန္ဓေအခါ ရနိုင်သောရုပ်ကလာပ်တို့မှာ

ကမ္ဘာဦးလူများ၌ ဘာဝဒသကကလာပ် ၂ စည်းကြဉ်သော ကမ္မဇကလာပ် ၇ စည်း။ နတ်တို့၌ ဇီဝိတနဝက ကလာပ်၊ မဆိုင်သော ဘာဝရုပ်ကြဉ်သော် ကမ္မဇကလာပ် ၇ စည်း။ အသညသတ်ကြဉ် ရူပပြဟ္မာများ၌ ဇီဝိတနဝက ကလာပ်၊ စက္ခု၊ သောတ၊ ဝတ္ထုဒသကကလာပ် ၃ စည်း။ ပေါင်း ကမ္မဇကလာပ် ၄ စည်း။ အသညသတ် ပြဟ္မာများ၌ ဇီဝိတနဝကကလာပ် ၁ စည်း။ အရူပပြဟ္မာများ၌ မည်သည့်ရုပ်ကလာပ်တို့မျှ မရပါ။

**ကလလရေကြည်၏အရကို** (၁) ကာယဒသကကလာပ် ၁ စည်း၊ (၂) ဘာဝဒသကကလာပ် ၁ စည်း၊ (၃) ဝတ္ထု ဒသကကလာပ် ၁ စည်း အားဖြင့် ကလာပ်စည်း ပေါင်း ၃ စည်း၊ ရုပ်အားဖြင့် ၃၀ ကိုကောက်ရမည်။

လူ့ခန္ဓာကိုယ်ရှိ ရုပ်ဝတ္ထုများအနက် **လူနှင့်အတူသေသောရုပ်ကား** = ကမ္မဇရုပ်တည်း၊ လူသေပြီးမှ သေသော ရုပ်ကား =စိတ္တဇရုပ်နှင့် အာဟာရဇ ရုပ်တို့တည်း။ လူပင်သေသော်လည်း မသေဘဲဆက်လက်ဖြစ်နေဆဲ ရုပ်ကား ဥတုဇရုပ်ဖြစ်သည်။

**ကောင်းကင်ခေါ်မှတ် အာကာသဓာတ်သည်** အကြောင်းမဲ့တရား ဖြစ်သည်ဟု ဆိုလျှင်မမှန်ပါ။ အကြောင်းမှာ အာကာသဓာတ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်း ၄ ပါးကြောင့်ဖြစ်သော စတုဇရုပ် ဖြစ်သောကြောင့်ဖြစ်သည်။

## ဗြဟ္မာ့ပြည်၌ ယောကျာ်း၊ မိန်းမ မရှိကြောင်း

ရူပဗြဟ္မာများ၌ လူသားတို့ကဲ့သို့ ဗြဟ္မာယောကျာ်း၊ မိန်းမဟူ၍ လိင်အားဖြင့် ခွဲခြားမှုမရှိပါ။ ရူပဗြဟ္မာများသည် ကာမဂုဏ်ကို လွန်စွာစက်ဆုပ်ရွံရှာသဖြင့် ကာမရာဂ ဘဝနာ၏ အစွမ်းဖြင့် ဘာဝရုပ် ၂ ပါးကို ပယ်ထားသောကြောင့် ဖြစ်သည်။

**လူတစ်ယောက် သေသည်ဟု သတ်မှတ်ရန်မှာ** (၁) အာယုခေါ်သော အသက် (ရုပ်ဇီဝိတ နှင့် နာမ်ဇီဝိတ) (၂) ဥသ္မာဟုခေါ်သောကိုယ်ငွေ့တေဇော (၃) ဝိညာဏဟု ခေါ်သော ဝိပါက်စိတ်၊ ဤသုံးပါးသော တရားတို့ တစ်ပြိုင်နက် ချုပ်သည်ကို စုတေသည်၊ သေသည် ဟုသတ်မှတ်ပါသည်။

## စက်ရဟတ်ပမာ ရုပ်တရားများ လည်ပတ်ဖြစ်ပေါ်နေပုံ

၁။ ကမ္မဇရုပ်များသည် ဤပစ္စုပ္ပန်ဘဝအစ၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှအစပြု၍ ပဋိသန္ဓေ ပဝတ္တိအခါ ခဏတိုင်း၊ ခဏတိုင်း မြစ်ရေအယဉ်ကဲ့သို့ သက်ရှိတို့၏ သန္တာန်၌ ဖြစ်၏။

၂။ စိတ္တဇရုပ်များသည် ပဋိသန္ဓေနောင် ပထမဘဝင်၏ ဥပါဒ်မှစ၍ စိတ်၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်းဖြစ်၏။

၃။ ဥတုဇရုပ်များသည် ပဋိသန္ဓေ၏ ဌီခဏမှစ၍ ပဝတ္တိအခါ မိမိဌီသို့ရောက်ရာ ခဏတိုင်း ဖြစ်၏။

၄။ အာဟာရဇရုပ်များသည် အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ အာဟာရ ၂ ပါးအချင်းချင်း ဌီသို့ရောက်ပြီး ရောနှောမိချိန်မှ စ၍ဖြစ်၏။

ဤသို့အားဖြင့် ပစ္စုပ္ပန်ဘဝ၌ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်း တရားတို့ကြောင့်ဖြစ်သော ရုပ် ၄မျိုး တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ အကြောင်းတရားများ မချုပ်ဆုံးသေးသရွေ့ အသစ်၊ အသစ် ဆက်ကာ ဆက်ကာ ဖြစ်ကြသကဲ့သို့ သေလွန်ပြီး ဘဝတစ်ပါး၌လည်း အကြောင်းတရား ၄ ပါးကြောင့် ဖြစ်သော ရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုအစပြု၍ ဖြစ်ပေါ်ကြပြန်လေသည်။ ဤသို့ဖြင့် (ရဟန္တာမဖြစ်သေးသရွေ့) ဘဝမပြတ်သေးသမျှ ကာလပတ်လုံး၊ ရုပ်တရားများ ဖြစ်ခွင့်

ရသော ဘုံဌာနတိုင်း၌ ဘဝသစ် ပဋိသန္ဓေကို စွဲ၍ ရုပ်တရားများသည် စက်ရဟတ်ပမာ လည်ပတ် ဖြစ်ပေါ်နေသည်။

**လောကလူသား အသုံးများသည့် "ကံတရားပေါ့"** ဟူသော စကားအပြော ကို တရားသဘောသို့ သွင်းပြရသော်...

ကုသိုလ်၊ အကုသိုလ်၊ စေတနာတို့ကို ကံဟူ၍ သတ်မှတ်ခေါ်ဆို ကြသည်။ သို့ဖြစ်၍ အကုသိုလ် စေတနာ ၁၂ ပါး၊ ကာမကုသိုလ် စေတနာ ၈ ပါး၊ ရူပကုသိုလ် စေတနာ ၅ ပါး၊ အရူပကုသိုလ် စေတနာ ၄ ပါး၊ လောကုတ္တရာ ကုသိုလ်စေတနာ ၄ ပါး တို့သည် ကံတရားများဖြစ်ကြသည်။

ဤတွင် (၁) အကုသိုလ်စေတနာ ၁၂ ပါး၊ ကာမကုသိုလ်စေတနာ ၈ ပါးတည်း ဟူသော ကာမကံသည် ကာမ ၁၁ ဘုံသို့ ပဋိသန္ဓေ ပဝတ္တိအကျိုးပေးသည်။ (၂) ရူပ ကုသိုလ်စေတနာ ၅ ပါး၊ အရူပကုသိုလ်စေတနာ ၄ ပါးတည်း ဟူသော မဟဂ္ဂုတ် ကံသည် ရူပ၊ အရူပပြဟ္မာ ဘုံ (၂၀) ဌာနများသို့ ပဋိသန္ဓေ ပဝတ္တိအကျိုးကိုပေးသည်။ (၃)လောကုတ္တရာကုသိုလ် တည်းဟူသောမဂ်ကုသိုလ်စေတနာမှာမူ ဘုံဌာနများသို့ ပဋိသန္ဓေပဝတ္တိ အကျိုးပေးနိုင်ခြင်း မရှိပါ။ ဤကံတရားများအနက် ရုပ်တရား (ကမ္မဇရုပ်) များကိုဖြစ်စေနိုင်သော ကံမှာမူ နာနာက္ခဏိက (အတိတ်) အကုသိုလ်၊ ကာမကုသိုလ်၊ ရူပကုသိုလ် စေတနာ ၂၅ ပါးသာတည်း။

## ပရမတ္ထတရားများသည် ၄ ပါးထက်အပိုမရှိနိုင်ကြောင်း

ရုပ်ပိုင်းနိဂုံးချုပ်၌စိတ်လည်းကောင်း၊စေတသိက်လည်းကောင်း၊ ရုပ်လည်းကောင်း၊ နိဗ္ဗာန်လည်းကောင်း ဤသို့လျှင် ပရမတ္ထတရားကို လေးပါးအပြား အားဖြင့်သာလျှင် ဘုရားရှင်တို့သည် ထင်ရှားပြတော်မူကုန်၏ ဟူသော ဖေါ်ပြချက်ကြောင့် ၄ ပါး ထက် အပိုမရှိနိုင်ပါ။

## တရားရှာကိုယ်မှာတွေ့ ဟူသောစကားမှန်ကြောင်း

ကိုယ်တည်းဟူသော ခန္ဓာကိုယ်သည် ရုပ် ၂၈ ပါးဖြင့်ဖွဲ့စည်းထားပါသည်။ ထိုရုပ် ၂၈ ပါးမှ နိပ္ဖန္နရုပ် ၁၈ ပါး သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃ ပါးနှင့်တကွဖြစ်၍ ဝိပဿနာရှု၍ ရသော သလက္ခဏရုပ်၊ သမ္မသနရုပ်များ ဖြစ်သောကြောင့်တည်း။

# ရုပ်ပိုင်းပြီး၏

# သမုစ္စည်းပိုင်း

စိတ္တံ၊ စေတသိကံ၊ ရူပံ၊ နိဗ္ဗာနမိတိ သဗ္ဗထာ ဟူသော ခေါင်းစဉ် မာတိကာအတိုင်း စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ကို အကျယ်ပြပြီး ဖြစ်သောကြောင့် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို အဆုံးသတ်မည်ဆိုလျှင် အဆုံးသတ်နိုင်သော်လည်း ၊ထိုပရမတ္ထတရားတို့ကို သဘောတူချင်း ပေါင်းသင်းစုစည်းလျက် တစ်နည်းအားဖြင့် ဆက်ပြလိုသောကြောင့် ဒွါသတ္တတိဝိဓာ အစရှိသောဂါထာဖြင့် သမုစ္စည်းပိုင်းကို မိန့်ဆိုတော်မူသည်။

စိတ် ၁ ပါး၊ စေတသိက် ၅၂ ပါး၊နိပ္ဖန္နရုပ် ၁၈ ပါး၊ နိဗ္ဗာန် ၁ ပါး၊ပေါင်း (၇၂)ပါး အပြားရှိကုန်သော သဘောတရားတို့ကို ပေါင်းစု၍ ရသင့်သည့်အားလျော်စွာ ပြဆိုခြင်းသည် သမုစ္စယ-သမုစ္စည်းမည်၏။ ထို (၇၂) ပါးသော တရားတို့သည်ပင် သီးခြား အထည်ကိုယ်ဝတ္ထုများရှိကြသော သဘောတရားများ ဖြစ်ကြသောကြောင့် ဝတ္ထုဓမ္မာ အမည်ရကြသေးသည်။ ၎င်းအပြင်ထိုတရားတို့ကို ပရမတ်အစစ် တရားများဟုလည်း အမည်ပေးကြသည်။

**မှတ်ချက်။** ။ ရုပ် (၂၈)ပါးရှိသော်လည်း နိပ္ဖန္နရုပ် ၁၈ ပါးကိုသာယူရခြင်းကား အာကာသ စသော အနိပ္ဖန္နရုပ်တို့သည် အထည်ကိုယ်ဝတ္ထုရကောင်းသော ဝတ္ထုရုပ်အစစ်၊ ပရမတ္ထ အစစ် မဟုတ်ကြသောကြောင့်ဖြစ်သည်။

သမုစ္စည်းပိုင်းကို မာတိကာ အစဉ်အားဖြင့်

၁။ အကုသလ သင်္ဂဟ = အကုသိုလ်ဇာတ်အားဖြင့်တူသော သဘောရှိကုန်သော အာသဝေါ စသော တရားတို့ကို တစ်ပေါင်းတည်းပြု၍ ပြဆိုရာဖြစ်သော သင်္ဂဟ။
၂။ မိဿက သင်္ဂဟ = ကုသိုလ်၊အကုသိုလ်၊အဗျာကတဖြစ်သော တရားတို့ကို ရောနှောသိမ်းယူပြဆိုရာ ဖြစ်သော သင်္ဂဟ။
၃။ ဗောဓိပက္ခိယ သင်္ဂဟ = ဗောဓိဉာဏ်ရခြင်း၏ အကြောင်းဖြစ်ကုန်သော သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်စသော တရားတို့ကိုတစ်ပေါင်းတည်း သိမ်းယူရာဖြစ်သော သင်္ဂဟ။
၄။ သဗ္ဗသင်္ဂဟ = အလုံးစုံသော ပရမတ္ထတရားမှန်သမျှတို့ကို တစ်ပေါင်းတည်း သိမ်းယူပြဆိုရာ ဖြစ်သောသင်္ဂဟ ဟူ၍ (၄) မျိုးပြဆိုသည်။

## အကုသလ သင်္ဂဟ

အကုသလ သင်္ဂဟာ၌လည်း ၁။ အာသဝ (၄) ပါး၊ ၂။ ဩဃ (၄) ပါး၊ ၃။ ယောဂ (၄) ပါး၊ ၄။ ဂန္ထ (၄)ပါး၊ ၅။ ဥပါဒါန် (၄) ပါး၊ ၆။ နီဝရဏ (၆) ပါး၊ ၇။ အနုသယ (၇) ပါး၊ ၈။ သုတ္တန်၌လာသော သံယောဇဉ် (၁၀) ပါး၊ အဘိဓမ္မာ၌လာသော သံယောဇဉ် (၁၀) ပါး နှင့် ၊ ၉။ ကိလေသာ (၁၀) ပါး အားဖြင့် ဝေဘန်ပြဆိုသည်။

## ၁။ အာသဝမည်ပုံ

အနာမှ ပြည်ယိုစီးသကဲ့သို့ စက္ခုဒွါရစသည်တို့မှ ရူပါရုံစသည်တို့၌ ယိုတတ်သော ကြောင့် အာသဝမည်၏။ တနည်း= ကြာမြင့်စွာထုံအပ် စိမ်ထားအပ်သော စိမ်ရည် အရက် သည် သောက်သုံးသူ သတ္တဝါတို့ကို မူးယစ် စေသကဲ့သို့ လောဘစသော တရားတို့သည် လည်း သတ္တဝါတို့ကို အမြဲမူးယစ်စေသောကြောင့် အာသဝ မည်၏။

## အာသဝ (၄) ပါး

(၁) ကာမာသဝ = ကာမဘုံ၌တပ်တတ်ကုန်သော ကာမဂုဏ် (၅) ပါးနှင့်စပ်သော ရာဂဟုဆိုအပ်သော လောဘ စေတသိက်သည် ကာမာသဝ မည်၏။

ကာမာသဝဟူသည် ကာမဘုံ၌ တပ်မက်ကုန်သော ကာမဂုဏ် (၅) ပါးနှင့်စပ်သော ရာဂဟုဆိုအပ်သော လောဘစေတသိက်သည် ကာမာသဝ၊ကာမဂုဏ်အာရုံတွေကို လိုချင်တောင့်တသည့်၊ ကာမဂုဏ်အာရုံတွေမှ ငြိကပ်တွယ်တာသည့် လောဘကို ကာမာသဝ ဟုခေါ်သည်။

(၂) ဘဝါသဝ = ရူပ၊အရူပဘုံ၌ကပ်တတ်သော လောဘစေတသိက်သည် ဘဝါသဝ မည်၏။

ဘဝါသဝဟူသည် ဤနေရာတွင် ဘဝအရ ကာမဘဝကို မယူရ။ ရူပဘဝ၊ အရူပဘဝကိုယူ၍ ရူပဘုံ၊ အရူပဘုံတို့၌ ကပ်ငြိတွယ်တာတပ်သော လောဘစေတသိက် တည်း။ ရူပဘုံ၊အရူပဘုံတို့၌ ကပ်ငြိတွယ်တာသည်ဟုဆိုသဖြင့် ရူပဈာန်၊အရူပဈာန်ကို တွယ်တာသည့် သဘောဖြစ်သောကြောင့် ဘဝါသဝပင်။

(၃) ဒိဋ္ဌာသဝ = (၆၂) ပါးသော မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌာသဝ မည်၏။

ဒိဋ္ဌာသဝဟူသည် မြဲ၏ဟုယူသော သဿတဒိဋ္ဌိ၊ သေပြီးလျှင်ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ၊ကမ္ဘာကြီးကို ဖန်ဆင်းရှင်က ဖန်ဆင်း၏ဟု ယူခြင်းစသော မှားယွင်းသည့် အယူအားလုံးပင်တည်း။ ဒိဋ္ဌိစေတသိက်ကို ယူရသည်။

(၄) အဝိဇ္ဇာသဝ = သစ္စာ ၄ ပါး၊ ပုဗ္ဗန္တ၊အပရန္တ၊ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ပါးသော တရားတို့ကို ဖုံးလွှမ်း တတ်သော မောဟသည် အဝိဇ္ဇာသဝ မည်၏။

အဝိဇ္ဇာဟူသည် မောဟစေတသိက်တည်း။ မောဟသည်လည်း သစ္စလေးပါး၊ ပုဗ္ဗန္တ=ရှေ့ဖြစ်သောလွန်ခဲ့သည့် ဘဝတွေကဖြစ်ခဲ့သည့် ခန္ဓာများ၊ အပရန္တ = အနာဂတ် တွင်ဖြစ်မည့်ခန္ဓာများ၊ ပုဗ္ဗန္တာပရန္တ ရှေ့နောက်တွင်ဖြစ်မည့်ခန္ဓာများနှင့်ပဋိစ္စသမုပ္ပါဒ်တရား တို့ကိုဖုံးလွှမ်းတတ်သော အဝိဇ္ဇာပင် ဖြစ်သည်။

## လောဘ၊ဒိဋ္ဌိ၊ မောဟတို့ စိမ်ရည်အရက်နှင့်တူပုံ

ဤလောက၌ ကြာမြင့်စွာထုံအပ် စိမ်ထားအပ်သော အရက်၊စိမ်ရည်သည် သုံးစွဲ သောက်စားသူဟူသမျှကို မူးယစ်စေကုန်၏။ သောက်စားမိလျှင် အကောင်းအဆိုး အကျိုးအပြစ်ကို မမြင်နိုင်ဘဲ တမူးထဲမူးကာ ထင်မိထင်ရာကို ပြုလျှက် အမှုဒုက္ခ အမျိုးမျိုးကို တွေ့ကြရတော့၏။ အမှုဒုက္ခ မတွေ့ရစေကာမူ ပညာရှိသူတော်ကောင်းတို့၏ အထင်အမြင်သေးခြင်းကိုကား မုချခံရတော့ သကဲ့သို့ ထို့အတူ ပုထုဇဉ်တို့၏ ခန္ဓာကိုယ်ဆိုး အရက်အိုးဝယ် အနတဂ္ဂသံသရာ၌ ကြာမြင့်စွာထုံအပ်သော လောဘ၊ဒိဋ္ဌိ၊မောဟ တို့သည်လည်း မိမိတို့ ထကြွလာသောအခါ မိမိကိန်းရာ ပုထုဇဉ်သတ္တဝါကို တွေဝေယစ်မူး၍ အရူးဖြစ်စေကုန်၏။

ထို လောဘ၊ ဒိဋ္ဌိ၊ မောဟ ဟူသော အာသဝေါတရားစုကြောင့် မကောင်းမှု ဒုစရိုက်တွေကိုပင် အကောင်းထင်လျှက် ခင်ခင်မင်မင် ပြုနိုင်ကြကုန်၏။ ထိုဒုစရိုက်မှုတွေကြောင့် ပုထုဇဉ်အများသည် အပါယ်လေးပါး၌ စုဝေးကြရကုန်၏။ တကယ်ဒုက္ခနှင့် မတွေ့ရစေကာမူ သူတော်စင်တို့၏ အထင်အမြင်သေးခြင်းကိုကား ဧကန်မုချ ခံကြရတော့သည်။ ထို့ကြောင့် လောဘ၊ဒိဋ္ဌိ၊မောဟတို့သည် ကြာမြင့်စွာထုံအပ်သော စိမ်ရည် အရက်များနှင့် အလားတူ ကြသည်။

## လောဘစသည်တို့သာ အာသဝ အမည်ရ၍ မာန စသည်တို့ အာသဝ အမည်မရခြင်းအကြောင်း

ငါ၊ ငါ့ဥစ္စာဟု စွဲလမ်းခြင်းအားဖြင့် ဘဝဂ်၊ဂေါတြဘူတိုင်အောင် ပျံ့နှံ့ပုံ၊ မူးယစ်ခြင်း ၏အစွမ်းဖြင့် စိမ်ရည်၊အရက်နှင့်တူပုံက လောဘ၊ ဒိဋ္ဌိ၊ မောဟ တို့အပေါ်၌သာ ထင်ရှား သောကြောင့် မာနစသည်တို့ အာသဝ အမည်မရကြခြင်း ဖြစ်သည်။

## ၂။ ဩဃမည်ပုံ

မဟာသမုဒ္ဒရာအတွင်း၌ရှိသော ဝဲဩဃကြီးများသည် မိမိဝဲဩဃ အတွင်းသို့ ကျရောက်သမျှသော သတ္တဝါတို့ကို အတင်းနစ်၍ သတ်တတ်သကဲ့သို့ ကာမောဃစသော ဩဃကြီး (၄)ပါးတို့သည် မိမိတို့နှင့်ဆက်ဆံသမျှသော သတ္တဝါတို့ကို သံသရာထဲ၌ အတင်းနစ်၍ သတ်တတ်ကုန်၏။ ကူးမြောက်ခြင်းငှါ ခဲယဉ်းကုန်၏။ ထို့ကြောင့် ကာမောဃ စသောတရားတို့သည် ဩဃမည်၏။

## ၃။ ယောဂမည်ပုံ

ထမ်းပိုးခွင်၌ မြင်းတို့ကိုလည်းကောင်း၊ နွားတို့ကိုလည်းကောင်း တပ်၍ က ထားသကဲ့သို့ ယောဂလေးပါးတို့သည် သတ္တဝါတို့ကို ဝဋ္ဋဒုက္ခ ဘဝစက်ယန္တရားကြီး၌ တပ်၍ထားတတ်ကုန်သောကြောင့် ယောဂမည်၏။ ယောဂသဒ္ဒါသည် အစေးဖြင့် ကပ်၍စပ်ထားသကဲ့သို့ ယှဉ်စပ်ခြင်းအနက်ကို ဟော၏။ သတ္တဝါတို့ကို ဝဋ္ဋဆင်းရဲ၌ ယှဉ်စပ်ကပ်ထားသောတရားဟုဆိုလိုသည်။

**မှတ်ချက်။** ။ *၁။ ကာမောဃ၊ ၂။ ဘဝေါဃ၊ ၃။ ဒိဋ္ဌောဃ၊ ၄။ အဝိဇ္ဇောဃ ဟုဆိုအပ်သော ဩဃလေးပါးနှင့် ၁။ကာမယောဂ၊ ၂။ ဘဝယောဂ၊ ၃။ ဒိဋ္ဌိယောဂနှင့်၊ အဝိဇ္ဇာယောဂ ဟုဆိုအပ်သော ယောဂလေးပါးတို့ကိုလည်း အာသဝလေးပါးနှင့် တရားကိုယ် အားဖြင့်လည်းကောင်း၊ သရုပ်အားဖြင့် လည်းကောင်း အတူတူဟုမှတ်ရန်။*

## ၄။ ဂန္ထမည်ပုံ

ရစ်ပတ်ချည်နှောင်တတ်သောကြောင့် ဂန္ထဟုခေါ်သည်။ လက်ထိပ် စသော အနှောင်အဖွဲ့ကဲ့သို့ နာမကာယနှင့် ရူပကာယကို မကွဲပြားအောင် ဖွဲ့တတ်ခြင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဘဝအဆက်မပြတ်အောင် ဖွဲ့တတ်ခြင်း၊ ဘဝတစ်ပါး၏ စုတိနှင့် ဘဝတစ်ပါး၏ပဋိသန္ဓေကို ဘဝအဆက်မပြတ်စေခြင်းငှါ ဖွဲ့တတ်၊ စပ်တတ်သောကြောင့် လောဘစသော တရားတို့သည် ကာယဂန္ထမည်၏။

## ဂန္ထ (၄) ပါး

၁။ အဘိဇ္ဈာကာယဂန္ထ = အလုံးစုံသော တဏှာ။

၂။ ဗျာပါဒကာယဂန္ထ = အလုံးစုံသော ဒေါသ

၃။ သီလဗ္ဗတပရာမာသကာယဂန္ထ = အကြောင်းမဟုတ်သော နွားအလေ့ အကျင့်၊ ခွေးအလေ့ အကျင့်စသည်များသည် ဝဋ္ဋဒုက္ခမှလွတ်ကြောင်း မဂ်ပင်တည်းဟု မှားယွင်းသော အလေ့ဆိုး၊အကျင့်ဆိုးကိုပင် အမှန်ဟု ထင်မှတ် သုံးသပ်တတ်သော ဒိဋ္ဌိစေတသိက်။

၄။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ = မိမိယူထားပြီးသော မိစ္ဆာအယူကို ငါ၏ အယူသာ မှန်၏။ အခြားတစ်ပါးသော အယူများသည် အမှားသာတည်းဟူ၍ ပြင်းပြင်းထန်ထန် အယူသန်မှု။

## အဘိဇ္ဈာကာယဂန္ထ နှင့် ဗျာပါဒကာယဂန္ထ

ဝီထိမုတ်ပိုင်း အကုသလကမ္မပထတရားတွင်ပါသော အဘိဇ္ဈာသည် သူတစ်ပါး စည်းစိမ်ကို မတရားလိုချင်သော လောဘအကြမ်းစားတည်း။ ဤ၌ကား မိမိဥစ္စာကို ဖြစ်စေ၊ သူများဥစ္စာကိုဖြစ်စေ၊တရားသည်ဖြစ်စေ၊ မတရားသည် ဖြစ်စေ လိုချင်မှု လောဘ ဟူသမျှ ကို အဘိဇ္ဈာကာယဂန္ထ ဟုခေါ်၏။ ထို့ကြောင့် ပြဟ္မာတို့၏ မိမိဥယျာဉ် ဗိမာန် စသည်၌ နှစ်သက်သည်ကိုပင် အဘိဇ္ဈာဟုဆိုရသည်။ ဗျာပါဒသည်လည်း အကုသလကမ္မပထ ဗျာပါဒနှင့်မတူ၊ အကုသလကမ္မပထ၌ သူတစ်ပါး၏ သေကြေ ပျက်စီးမှုကို လိုလားသော ဒေါသအကြမ်းစားသည် ဗျာပါဒမည်၏။ ဤ၌ကား ဒေါသ ဟူသမျှကိုပင် ဗျာပါဒကာယဂန္ထ ဟု ခေါ်သည်။

## သီလဗ္ဗတပရာမာသ

ဘုရားစသော သူတော်စင်များကို မဆည်းကပ်ဘဲ သံသရာမှ လွတ်မြောက်ခြင်းကို လည်း အလိုရှိကြသော အချို့လူတို့သည် ငါတို့သန္တာန်၌ ရှေးကပြုမိ ခဲ့သော အကုသိုလ်တွေ ရှိချေသေး၏။ ထိုအကုသိုလ်များသည် ယခုဘဝ၌ အလုံးစုံ အကျိုးပေးပြီး ဖြစ်အောင် အကြွေးဆပ်လျက် နောက်ထပ် အကုသိုလ်မပြုလျှင် ကိလေသာ မှလည်း စင်ကြယ်၊ သံသရာမှလည်း လွတ်မြောက်ဖွယ်ရှိသည် ဟုစဉ်းစားမိကြလေသည်။

ထိုသို့ စဉ်းစားမိသည့်အားလျော်စွာ ရှေးကအကုသိုလ်အပြစ်ဒဏ်ကို ယခုဘဝ၌ ခံသောအားဖြင့် တချို့က နွားတို့၏အလေ့ နွားတို့၏အကျင့်ကို ကြိုးကြိုးစားစားကျင့်၏။ အဝတ်မဝတ်ဘဲနေ၏။ သွားသောအခါ၌လည်း နွားလို လေးဘက်ထောက်၍သွား၏။ စားလျှင်လည်း နွားလိုစား၏။ အိပ်လျှင်လည်း နွားလိုအိပ်၏။အလေးအပေါ့ စွန့်ရာ၌လည်း နွားအတုကိုယူ၍ ဦးချို နှင့် အမြီးကိုပင် တပ်ထားလိုက်သေး၏။ တချို့က ခွေးကျင့်ကျင့်၏။ ခွေးတို့၏အလေ့ကိုသာယာ၏။ထိုကဲ့သို့ အကျင့်ဆိုး အလေ့ဆိုးကိုပင် ကိလေသာမှ စင်ကြယ်၊သံသရာမှ လွတ်မြောက်လွယ်ကြောင်း အကျင့်ကောင်းတစ်ခုဟု စွဲလမ်း မှတ်ထင်လေသည်။ တချို့ကား ထိုအကျင့်များဖြင့် နတ်ရွာသုဂတိ ရနိုင်၏ဟု အယူရှိကြ ၏။ ထိုကဲ့သို့ အလေ့အကျင့်ဆိုးကိုပင် အမှန်ဟုမှားမှားယွင်းယွင်း သုံးသပ် ထင်မှားခြင်းဒိဋ္ဌိ သည် သီလဗ္ဗတပရာမာသ မည်၏။

## ဣဒံသစ္စာဘိနိဝေသ

အယူမှားကြီးကို ယူထားပြီးလျှင် ငါ့အယူသာမှန်၏၊ ကျန်သမျှအယူတွေ အမှားချည်းပဲဟု စွဲစွဲမြဲမြဲ သက်ဝင်နေမှု၊ ကိုယ့်အယူကို ကျေနပ်နေမှုဖြစ်သော ဒိဋ္ဌိစေတသိက် တည်း။

သီလဗ္ဗတပရာမာသဒိဋ္ဌိသည် မိစ္ဆာအယူကိုယူမိသော်လည်း ငါ့အယူသာ အမှန်၊ ကျန်သမျှအလွဲဟုမစွဲလမ်း၊ ကျန်အယူများလည်း သူ့နည်းနှင့်သူမှန်မှာပဲ ဟု သမစိတ္တ သဘောမျှ၏။ ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိကား ထိုကဲ့သို့မဟုတ်၊ ကျန်သမျှအယူတွေ အမှားချည်းပဲဟု သဘောထား၍ မိမိအယူ၌ စွဲမြဲလေသည်။ ထို့ကြောင့် ဤဂန္ထအားဖြင့် ခွဲခြားရာ၌ သီလဗ္ဗတပရာမာသဒိဋ္ဌိမှတစ်ပါးသော မိစ္ဆာအယူသည် ဣဒံသစ္စာဘိနိဝေသ၌ ပါဝင်၏ ဟု နိက္ခေပကဏ္ဍ ပါဠိတော်၌ ဆိုသည်။

## သီလဗ္ဗတပရာမာသ နှင့် ဣဒံသစ္စာဘိနိဝေသ အထူး

နွားအကျင့်၊ခွေးအကျင့်စသည်တို့ဖြင့် ကိလေသာမှ စင်ကြယ်စေသည်၊ သံသရာမှ လွတ်မြောက်စေ၏ဟု မှားယွင်းသော အကျင့်ဆိုးတို့ကို မှန်သည်ဟု ထင်မှတ်သုံးသပ် တတ်သော ဒိဋ္ဌိ-အယူသည် သီလဗ္ဗတပရာမာသ မည်၏။

ထိုမှားယွင်းသောအယူသည်သာလျှင်အမှန်၊ကျန်အယူမှန်သမျှသည် အမှားချည်း ဟုသာ ထိုအမှားကို ထပ်မံ၍ ပြင်းပြင်းထန်ထန် စွဲမြဲမှုသည် ဣဒံသစ္စာဘိနိဝေသ မည်၏။
**မှတ်ချက်။ ။** ဗုဒ္ဓသာသနာသည်သာ မှန်၏၊အခြားဘာသာများကား အမှားဟု ယူခြင်းကား အယူမှားကို ထပ်မံစွဲ မြဲခြင်းမျိုးမဟုတ် မှန်ကန်သောအယူကို ခိုင်မြဲစွာယူခြင်းမျှသာတည်း။

## ၅။ ဥပါဒါန်

ဖားကို မြွေဖမ်းသောအခါ မလွှတ်ဘဲ စွဲစွဲမြဲမြဲ ဖမ်းယူထားသကဲ့သို့ မိမိဆိုင်ရာအာရုံ ၌ စွဲစွဲမြဲမြဲယူတတ်သောတရား ကို ဥပါဒါန်ဟုခေါ်သည်။

## ဥပါဒါန် (၄) ပါး

၁။ ကာမုပါဒါန် = ဝတ္ထုကာမတို့၌ ပြင်းပြစွာ စွဲလမ်းတပ်မက်သော တဏှာ။
၂။ ဒိဋ္ဌုပါဒါန် = အလုံးစုံသော ဒိဋ္ဌိ။
၃။ သီလဗ္ဗတုပါဒါန် = နွားတို့၏သီလ နွားတို့၏အကျင့်များသည် သံသရာမှ စင်ကြယ်ကြောင်းပင်တည်းဟု စွဲမြဲ ယူသော ဒိဋ္ဌိ။
၄။ အတ္တဝါဒုပါဒါန် = ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမစသောအားဖြင့် မှောက်မှောက်မှားမှား အထင်မှားသော သက္ကာယဒိဋ္ဌိ။

ဤ အတ္တဝါဒုပါဒါန် အယူရှိနေသူသည် ရုပ်နာမ်တရားတို့၏ အနတ္တဖြစ်ပုံကို သဘောမကျနိုင်။ အတ္တရှိသည်ဟုသာ ပြောဆိုလေ့ရှိ၏။ ပုထုဇဉ်အများတို့ စွဲလမ်းထင်မှား အပ်သော ထိုအတ္တသည် ပရမအတ္တ၊ ဇီဝအတ္တဟု နှစ်မျိုးရှိသည်။ ပရမအတ္တဟူသည် ကမ္ဘာလောကကြီးနှင့် သတ္တဝါတွေကို စီမံဖန်ဆင်းနိုင်သူဟု စွဲလမ်းထင်မှားအပ်သော အတ္တတည်း။ ဇီဝအတ္တကား သတ္တဝါတစ်ယောက်ယောက်၏ အသက်ဟုစွဲလမ်းထင်မှား အပ်သော အတ္တတည်း။

## ဒိဋ္ဌိတစ်မျိုးတည်းကို တရားအမျိုးမျိုးဖွဲ့ဆိုရသည့်အကြောင်း

သီလဗ္ဗတပရာမသဒိဋ္ဌိသည် နွား၊ ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာ မှ စင်ကြယ်ကာ သံသရာမှ လွတ်မြောက်လွယ်၏ ဟုယူ၏။ ဣဒံသစ္စာဘိနိဝေသဒိဋ္ဌိသည် ဤ ငါ၏ အယူသာမှန်၏၊ ကျန်အယူတွေ အမှားချည်းဟု စွဲမြဲစွာယူ၏။ အတ္တဝါဒုပါဒါနဒိဋ္ဌိ သည် အတ္တရှိ၏ဟုယူ၏။ ဤသို့ စွဲယူပုံ အခြင်းအရာ ကွဲပြားသောကြောင့် တရားကိုယ် အားဖြင့် ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင် အမည်မျိုးမျိုး တပ်၍ဆိုရသည်။

## ၆။ နီဝရဏ

ဈာန်၊ဝိပဿနာ၊ မဂ်စသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ကုသိုလ်စိတ်ကို တားမြစ်တတ်သောကြောင့် လောဘ စသောတရားတို့သည် နီဝရဏမည်၏။

## နီဝရဏ (၆)ပါး

၁။ ကာမစ္ဆန္ဒနီဝရဏ = ကာမဂုဏ်ငါးပါး၌ လွန်လွန်ကဲကဲ သာယာတပ်မက်သော ရာဂနှင့် ရိုးရိုးတပ်မက်တတ်သောလောဘ။ ထို့ကြောင့် တရားထိုင်ကောင်းတာကို နှစ်သက်ခြင်း သည်လည်း နီဝရဏဖြစ်တတ်သည်။
၂။ ဗျာပါဒါနီဝရဏ = အလုံးစုံသော ဒေါသ။
၃။ ထိန မိဒ္ဓနီဝရဏ = ထိန မိဒ္ဓနှစ်ပါးစုံ။
၄။ ဥဒ္ဓစ္စ၊ကုက္ကုစ္စနီဝရဏ = ဥဒ္ဓစ္စ၊ကုက္ကုစ္စ နှစ်ပါးစုံ။
၅။ ဝိစိကိစ္ဆာနီဝရဏ = ဝိစိကိစ္ဆာ စေတသိက်။
၆။ အဝိဇ္ဇာနီဝရဏ = မောဟစေတသိက်။

## တရားကိုယ်နှစ်ပါး နီဝရဏ တစ်ခု

ထိနနှင့်မိဒ္ဓသည် ကိစ္စအားဖြင့် လည်းကောင်း၊ ဖြစ်ကြောင်းအားဖြင့် လည်းကောင်း ၊ဆန့်ကျင်ဘက်အားဖြင့်လည်းကောင်းတူကြ၏။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စလည်း ကိစ္စ၊ ဖြစ်ကြောင်း၊ ဆန့်ကျင်ဘက်အားဖြင့်တူကြကုန်၏။ ထို့ကြောင့် တရားကိုယ် နှစ်ပါးစီကို နီဝရဏ တစ်ခု တည်း ဟောတော်မူသည်။ ထိန၊ မိဒ္ဓနှစ်ပါးလုံးသည် ထိုင်းမှိုင်းခြင်း သဘောတရားများ ဖြစ်၍ မိမိတို့ယှဉ်ရာ စိတ္တုပ္ပါဒ်ကိုထိုထိုအမှု၌ တွန့်ဆုတ်အောင် ပြုတတ်ကြ၏။ ထို့ကြောင့် ထိုနှစ်ပါးစုံသည် ယှဉ်ရာစိတ္တုပ္ပါဒ်ကို တွန့်ဆုတ်အောင်ပြုခြင်း ကိစ္စအားဖြင့် သဘောတူ၏။ ဤ နှစ်ပါးလုံးပင် ပျင်းရိမှုကြောင့် ဖြစ်တတ်ရကား ဖြစ်ခြင်း၏ အကြောင်းအားဖြင့်လည်း တူ၏။ ထိုနှစ်ပါးလုံးပင် ထက်မြက်သော ဝီရိယနှင့် ဆန့်ကျင် ဘက်ဖြစ်၏။ ထိန၊ မိဒ္ဓဖြစ်လာသောအခါ ထက်သန်သော ဝီရိယများ ဆုတ်ယုတ် ပျက်ပြားရိုးပင် ဖြစ်၏။ ဤသို့ ဆန့်ကျင်ဘက် အားဖြင့်လည်း တူကြသည်။

ဥဒ္ဓစ္စ၊ ကုက္ကုစ္စနှစ်ပါးတွင် ဥဒ္ဓစ္စက မငြိမ်သက်ခြင်း၊ကုက္ကုစ္စက နောင်တ တစ်ဖန် ပူပန်ခြင်းသဘောဖြစ်၍ နှစ်ပါးလုံးပင် မငြိမ်သက်ခြင်းကိစ္စအားဖြင့် တူမျှကြ၏။ ဉာတိဗျသန (ဆွေမျိုးပျက်စီးမှု)၊ ဘောဂဗျသန ( စည်းစိမ်ပျက်စီးမှု)၊ ရောဂဗျသန (အနာရောဂါဖြစ်မှု)၊ သီလဗျသန (သီလပျက်စီးမှု)၊ ဒိဋ္ဌိဗျသန (အယူပျက်စီးမှု)၊ ဤ ဗျသနငါးခုတွင် တစ်ခုခုကြောင့် ထိုဥဒ္ဓစ္စ၊ ကုက္ကုစ္စတို့ ဖြစ်တတ်ရကား ဖြစ်ကြောင်းအားဖြင့်လည်း တူမျှ၏။ ထိုနှစ်ပါးစုံသည် သမထဟုခေါ်အပ်သော သမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို ဥဒ္ဓစ္စ၊ ကုက္ကုစ္စ တို့ဖြစ်လာလျှင် စိတ်ဓာတ်များ တည်တည်ကြည်ကြည်မရှိတော့ပြီ။ ဤသို့ ဆန့်ကျင်ဘက်အားဖြင့်လည်း တူကြသည်။

## ၇။ အနုသယ

သတ္တဝါတို့၏ ခန္ဓာအစဉ်၌ အမြဲမပြတ် ကိန်းဝပ်လျက်ပါနေသော ကိလေသာဓာတ် ကို အနုသယဟုခေါ်သည်။ **ချဲ့ဦးအံ့**။ ။ အသီး သီးမည့် သရက်ပင်၌ အသီး သီးစေတတ် သော ဓာတ်သတ္တိသည် သရက်စေ့ဝယ် အညှောက် ထွက်သည်ကစ၍ ပင်လုံး၊ အခက်၊ အရွက်၊ အညွန့်တို့၌လည်း ပါ၏။ ဤသို့ အသီးသီးစေတတ်သော ဓာတ်သတ္တိ သည် သရက်ပင် တစ်ပင်လုံး၌ အစအဆုံး ကိန်းဝပ်နေသကဲ့သို့ ထို့အတူ အနုသယဟု ခေါ်အပ်သော ကိလေသာဓာတ်သည်လည်း ကလလရေကြည်တည်ခါစဝယ် ပဋိသန္ဓေစိတ် ၊စေတသိက်နှင့် ကလာပ်သုံးစည်း၌လည်း ပါရှိ၏။ ထို့နောက် တစ်ဘဝလုံး အဆက်ဆက် ရုပ်အစဉ် နာမ်အစဉ်မှာလည်း ပါရှိ၏။

ရဟန္တာမဖြစ်သေးသမျှ ကုသိုလ်ကောင်းမှု ပြုနေတုန်း၊ ကမ္မဋ္ဌာန်းအားထုတ်နေတုန်းမှာလည်းထိုကိလေသာဓာတ်သတ္တိတွေ အပြည့်အနက် ပါရှိနေ၏။ တစ်ဘဝကုန်၍ စုတိစိတ်ဖြစ်တုန်းမှာလည်း ပါရှိ၏။ နောက်ဘဝ ပဋိသန္ဓေအသစ်မှာလည်း ဆက်လက်ပါရှိလေ၏။ အရူပဘုံ၌ နာမ်တရားချည်း ပဋိသန္ဓေနေသော်လည်း ထိုအရူပဘုံ နာမ်အစဉ်မှာလည်း ပါရှိ၏။ အသညသတ်ဘုံ၌ ရုပ်ချည်းနေသော်လည်း အသညသတ် ရုပ်အစဉ်မှာလည်း ပါရှိ၏။ ထို့ကြောင့် အစဉ်တစိုက် ရုပ်၊ နာမ်ခန္ဓာ အစဉ်၌ ကိန်းဝပ် တည်နေတတ်ကုန် ဟု ဆိုရပေသည်။

## ကိလေသာ (၃) မျိုး

အနုသယဓာတ်ကို နားလည်ဖို့ရာ အခိုက်အတန့် (၃)မျိုးအားဖြင့် ကိလေသာ (၃)မျိုး နာမည်ရပုံကို မှတ်သားရာ၏။ ကိလေသာသည် ၁။ အနုသယကိလေသာ ၂။ ပရိယုဋ္ဌာနကိလေသာ နှင့် ၃။ ဝီတိက္ကမကိလေသာဟု (၃)မျိုး ရှိ၏။

အနုသယကိလေသာဟူသည် ဥပါဒ်၊ဌီ၊ဘင် အထင်အရှားမဟုတ်ဘဲ ခန္ဓာအစဉ်၌ အမြဲကိန်းဝပ်ပါနေသော ကိလေသာ၏ ဓာတ်သတ္တိတည်း။ ပရိယုဋ္ဌာနကိလေသာကား ဥပါဒ်၊ဌီ၊ဘင် အားဖြင့် အထင်အရှား ထကြွလာသော ကိလေသာတည်း။ ထို ပရိယုဋ္ဌာန ကိလေသာ ဖြစ်ရုံမျှဖြင့်ကိုယ်ထိလက်ရောက်ဖေါက်ပြန်ကျူးလွန်မှုမရှိသေးချေ။ ဝီတိက္ကမ ကိလေသာကား စိတ်ထဲ၌ ထကြွရုံတွင်မကဘဲ လောဘအလျောက်၊ ဒေါသ အလျောက် ကိုယ်မှု၊ နှုတ်မှု လုပ်ရှားလျက် ဖေါက်ပြား ကျူးလွန်တတ်သော ကိလေသာ တည်း။

## ကိလေသာပယ်ကြောင်း

ပြခဲ့သော ကိလေသာ သုံးမျိုးတို့တွင် ဝီတိက္ကမကိလေသာ မဖြစ်နိုင်အောင် သီလဖြင့် တားမြစ်ရ၏။ ပရိယုဋ္ဌာန ကိလေသာ မဖြစ်အောင် သမာဓိဖြင့် (ထိုအာရုံ၌ စိတ်မဝင်စားအောင် သမာဓိတရားဖြင့်) တားမြစ်ရ၏။ အနုသ ယကိလေသာကိုကား ဆိုင်ရာ မဂ်ဖြင့်သတ်မှ အကြွင်းမဲ့ဖြတ်နိုင်သည်။ ဤ စကားအရ မဂ်ဖြင့် မပယ်အပ်သေးသည်ဖြစ်၍ ခန္ဓာကိုယ်၌ ကိန်းဝပ်တည်ရှိသော ကိလေသာဓာတ်ကို အနုသယ ခေါ်သည် ဟု မှတ်ပါ။

## အင်အားကြီးမှ အနုသယခေါ်

မဂ်ဖြင့်မပယ်အပ်သေးသော ကိလေသာတိုင်းလည်း ခန္ဓာအစဉ်မှာ ကိန်းဝပ် ပါရှိမည်မဟုတ်၊အားအင်ကြီးမားသော ကိလေသာအချို့သာ ခန္ဓာအစဉ်၌ကိန်းဝပ် ပါရှိနိုင်

မည်။ သို့အတွက် အားအင်နည်းပါးသော ထိန စသည် တို့မှာ ခန္ဓာအစဉ်၌ ကိန်းဝပ်မရှိမည် မဟုတ်သောကြောင့် (ကိန်းဝပ်နေသော်လည်း) အနုသယဟုမခေါ်ထိုက်။

## အနုသယ (၇) ပါး

၁။ ကာမရာဂါနုသယ=ကာမတရားတို့၌သာယာနှစ်သက်တတ်သောလောဘ စေတသိက်

၂။ ဘဝရာဂါနုသယ = မဟဂ္ဂုတ်ကုသိုလ်ဝိပါက်တို့၌ နှစ်သက်တတ်သော လောဘ စေတသိက်။

၃။ ပဋိဃာနုသယ = ဒေါသစေတသိက်။

၄။ မာနာနုသယ = မာနစေတသိက်။

၅။ ဒိဋ္ဌာနုသယ = ဒိဋ္ဌိစေတသိက်။

၆။ ဝိစိကိစ္ဆာနုသယ = ဝိစိကိစ္ဆာစေတသိက်။

၇။ အဝိဇ္ဇာနုသယ = မောဟစေတသိက်။

## ၈။ သံယောဇဉ်

သံယောဇဉ်ကြိုးဟု ခေါ်ဝေါ်ရိုးရှိသည့်အတိုင်း ကြိုးဖြင့် ချည်နှောင်ထားသကဲ့သို့ မိမိကိန်းရာသတ္တဝါတို့ကို သံသရာဝဋ်မှ မလွတ်ရအောင် ချည်နှောင်တတ်သောတရားကို သံယောဇဉ်ဟုခေါ်သည်။

| သံယောဇဉ် (၁၀)ပါး | |
|---|---|
| **သုတ္တန်နည်း** | **အဘိဓမ္မာနည်း** |
| ၁။ ကာမရာဂ သံယောဇဉ် | ၁။ ကာမရာဂ သံယောဇဉ် |
| ၂။ ရူပရာဂ သံယောဇဉ် | ၂။ ဘဝရာဂ သံယောဇဉ် |
| ၃။ အရူပရာဂ သံယောဇဉ် | ၃။ ပဋိဃ သံယောဇဉ် |
| ၄။ ပဋိဃ သံယောဇဉ် | ၄။ မာန သံယောဇဉ် |
| ၅။ မာန သံယောဇဉ် | ၅။ ဒိဋ္ဌိ သံယောဇဉ် |
| ၆။ ဒိဋ္ဌိ သံယောဇဉ် | ၆။ သီလဗ္ဗတပရာမာသ သံယောဇဉ် |
| ၇။ သီလဗ္ဗတပရာမာသ သံယောဇဉ် | ၇။ ဝိစိကိစ္ဆာ သံယောဇဉ် |
| ၈။ ဝိစိကိစ္ဆာ သံယောဇဉ် | ၈။ ဣဿာ သံယောဇဉ် |
| ၉။ ဥဒ္ဒစ္စ သံယောဇဉ် | ၉။ မစ္ဆရိယ သံယောဇဉ် |
| ၁၀။ အဝိဇ္ဇာ သံယောဇဉ် | ၁၀။ အဝိဇ္ဇာ သံယောဇဉ် |

ပုထုဇဉ်သန္တာန်၌သံယောဇဉ်ကြိုး ၁၀ ချောင်းရှိ၏။ထိုတွင်ကြိုး ၅ ချောင်းမှာ ကာမဘုံ ၌ ဆက်သွယ်၍၊ အခြားကြိုး ၅ ချောင်းက အထက်ပြဟ္မာ့ဘုံ ၌ ဆက်သွယ်လျက် ရှိ၏။ ချဲ့ဦးအံ့။ ။ ကာမရာဂ၊ ပဋိဃ၊ဒိဋ္ဌိ၊သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာ ဤ ၅ ချောင်းသည် ကာမဘုံအတွက် ဆက်သွယ်ထားသော ကြိုးများတည်း။ ကာမရာဂသည် ကာမဂုဏ်အာရုံ၌ လိုလားနှစ်သက်၏။ ဤကာမရာဂ အနုသယဓာတ် မပြတ်သေးသမျှ ပြဟ္မာ့ပြည်၌ နေရသော်လည်း ဈာန်အရှိန် ပြတ်လျှင် ကာမနှောင်ကြိုး တင်းမှုကြောင့် ကာမဘုံသို့သာ ဆင်းသက် ခဲ့ရလိမ့်မည်။

ပဋိဃသံယောဇဉ်လည်း ပြဟ္မာ့ပြည်မှာ ဒေါသမရှိသည့်အတွက် ကာမဘုံ ဘက်က ဖွဲ့ဆက်ထားသော ကြိုးတည်း။ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ နှင့် ဝိစိကိစ္ဆာကင်းလျှင် သောတာပန်ဖြစ်၏။ ထို သံယောဇဉ်များမကင်း၍ သောတာပန်မဖြစ်သေးသမျှ အပါယ်လေးပါး တိုင်အောင်ပင် ဆွဲချဦးမည်သာ။ ထို့ကြောင့် ဤကြိုး ၅ချောင်းကို**သြရမ္ဘာဂိယ= အောက် ကာမဘုံအတွက်ဖြစ်သော သံယောဇဉ်**ဟုခေါ်သည်။

ဒိဋ္ဌိ၊သီလဗ္ဗတပရာမာသနှင့် ဝိစိကိစ္ဆာတို့ကို သောတာပတ္တိမဂ်ဖြင့် ဖြတ်၍ ကာမရာဂ၊ ပဋိဃတို့ကို အနာဂါမိမဂ်ဖြင့် ဖြတ်ပြီးနောက် သံသရာမှ လွတ်မြောက်ပြီလားဟု ဆိုလျှင် မလွတ်မြောက်နိုင်သေး။ ရူပရာဂက ရူပဘုံ၌ ဆက်သွယ်၍ အရူပရာဂက အရူပဘုံ၌ဆက်သွယ်ပြီးလျှင် မာန၊ ဥဒ္ဓစ္စနှင့် အဝိဇ္ဇာတို့ကလည်း ထို ပြဟ္မာ့ဘုံ၌ ဆက်သွယ်လျက်ပင်ရှိသေး၏။ ထို့ကြောင့် ထိုကြိုး ၅ ချာင်းကို ဥဒ္ဓံဘာဂိယ= အထက် ပြဟ္မာ့ဘုံအတွက် ဖြစ်သော သံယောဇဉ် ဟုခေါ်၏။ ရဟန္တာဖြစ်မှသာ ထို **ဥဒ္ဓံဘာဂိယကြိုး** ၅ ချောင်းကို အကြွင်းမရှိအောင် ဖြတ်၍ သံသရာဝဋ်မှ လွတ်ခွင့် ရနိုင်ကြသည်။

## သုတ္တန်နည်းနှင့်အဘိဓမ္မာနည်းအားဖြင့်ထူးခြားပုံ

တရားကိုယ်အားဖြင့် သုတ္တန်နည်း၌ လောဘ၊ဒေါသ၊မာန၊ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟ ဟူသော တရားကိုယ် (၇) ပါး၊ အဘိဓမ္မာနည်း၌ ဥဒ္ဓစ္စ မပါဝင်ဘဲ ဣဿာ၊ မစ္ဆရိယဟု တရားကိုယ် (၈) ပါးဖြစ်သည်။

## ယောဂ၊ဂန္ထ၊သံယောဇဉ် အထူး

ဤသုံးမျိုးသည် သတ္တဝါများကို ဝဋ်ဆင်းရဲမှ မလွတ်အောင် တစ်မျိုးစီ ယှဉ်စပ်ဖွဲ့နှောင်တတ်သဖြင့် သဘောတူ သကဲ့သို့ ရှိသော်လည်း အဝေးဘုံဘဝသို့ ရောက်စေကာမူ မိမိဘုံသို့ ပြန်ရောက်လာအောင် ကြိုးဖြင့်ဆွဲထားသကဲ့သို့ ဆွဲချည်ဖွဲ့နှောင် တတ်သော သဘောသည် သံယောဇဉ်မည်၏။

သံကွင်းချင်း ဖွဲ့ဆက်သကဲ့သို့ စုတိ၊ပဋိသန္ဓေ၊ ပဋိသန္ဓေ၊ စုတိအားဖြင့် ရုပ် နာမ် အပေါင်း ကို ဖွဲ့ဆက်တတ်သော သဘောသည် ဂန္ထမည်၏။

သစ်စေးဖြင့် ကပ်သကဲ့သို့ ဝဋ္ဋဒုက္ခ၌ မိမိကိန်းရာသတ္တဝါကို ယှဉ်စပ် ကပ်ထား တတ်သော သဘောသည် ယောဂ မည်၏။

## ၉။ ကိလေသာ

ကိလေသာမီးဟု ဆိုရိုးရှိသည့်အတိုင်း ယှဉ်ဖက်စိတ်ကိုလည်းကောင်း၊ မိမိကိန်းရာ သတ္တဝါကိုလည်းကောင်း ပူလောင်စေတတ်သောလောဘ စသည်ကို ကိလေသာ ဟု ခေါ်သည်။

၁။ လောဘ

၂။ ဒေါသ

၃။ မောဟ

၄။ မာန

၅။ ဒိဋ္ဌိ

၆။ ဝိစိကိစ္ဆာ

၇။ ထိန

၈။ ဥဒ္ဓစ္စ

၉။ အဟိရိက

၁၀။ အနောတ္တပ္ပ

## တရားကိုယ်ကောက်နည်း

အကုသလသင်္ဂဟ တစ်ခုလုံးအတွက် တရားကိုယ်ကောက်ပုံ အတိုချုပ် မှာ ကာမသဒ္ဒါ၊ ဘဝသဒ္ဒါ၊ အဘိဇ္ဈာသဒ္ဒါ တို့ကိုတွေ့လျှင် လောဘကို တရားကိုယ် ကောက်ပါ။ သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒုသဒ္ဒါ တို့ကိုတွေ့လျှင် ဒိဋ္ဌိကို တရားကိုယ်ကောက်ပါ။ ဗျာပါဒ သဒ္ဒါကိုတွေ့လျှင် ဒေါသကို တရားကိုယ် ကောက်ပါ။ ကျန် တရားကိုယ်များမှာ အမည်အတိုင်းပင် တရားကိုယ် ကောက်ရမည်။

## ကိလေသာမမည်သောအကုသိုလ်များ

၁။ ဣဿာ ၂။ မစ္ဆရိယ ၃။ ကုက္ကုစ္စ ၄။ မိဒ္ဓတို့တည်း

## (၁၅၀၀) ကိလေသာ ရေတွက်ပုံ

စိတ် ၁ ခု၊ စေတသိက် ၅၂ ခု (နာမ် တေပည်း=နာမ် ၅၃ ပါး)၊ နိပ္ဖန္နရုပ် ၁၈ ခု၊ လက္ခဏရုပ် ၄ ခု၊ ပေါင်း ၇၅ ပါးရှိ သည်။ ၎င်း (၇၅) ပါးကို သန္တာန်နှစ်ဖြာဖြစ်သော အဇ္ဈတ္တ-မိမိသန္တာန်၊ ဗဟိဒ္ဓ-သူတပါးသန္တာန် ဖြင့်မြှောက်က (၁၅၀) ပါးရ၏။ ထိုရလာသည့် (၁၅၀) ကို ကိလေသာ (၁၀)ပါးဖြင့် မြှောက်ပွားက ကိလေသာ (၁၅၀၀) ဖြစ်၏။

**ဆောင်ပုဒ်။** ။ *နာမ် တေပည်း၊ရုပ် နိပ္ဖန်၊လက္ခဏာ ရုပ်လေး၊ သန္တာန် နှစ်ဝ မြှောက်ဆင့်က၊ တစ်ရာငါးဆယ်ရေး၊ ယင်းကိုတစ်ခါ ကိလေသာ၊မြှောက်ပါ တစ်ထောင့်ငါးရာရေး။*

## တဏှာအစစ် (၁၀၈) ရေတွက်ပုံ

ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ သုံးပါးကိုတည်၍ အာရုံ (၆) ပါးဖြင့် မြှောက်က (၁၈)ပါး ရ၏။ ၎င်း (၁၈)ပါး ကို ပစ္စုပ္ပန်၊အတိတ်၊အနာဂတ် ကာလသုံးပါးနှင့် မြှောက်က (၅၄)ပါးရသည်။ ထို (၅၄)ပါးကို မိမိသန္တာန်၊ သူတပါး သန္တာန်ဖြစ်သော အဇ္ဈတ္တ၊ ဗဟိဒ္ဓ သန္တာန် ၂ ပါးဖြင့်မြှောက်က တဏှာပေါင်း (၁၀၈)ပါးဖြစ်သည်။ ၎င်းကိုပင် တဏှာ အစစ် တစ်ရာ့ရှစ် ဟုဆိုကြသည်။

**ဆောင်ပုဒ်။** ။ *တဏှာသုံးတန်၊တည်ထားပြန်၊အာ၊ကာ၊သံ နှင့် မြှောက်၊ တဏှာအစစ်၊ တစ်ရာ့ရှစ်၊ဖြစ်၏ ကိုယ်မှာ ရောက်။*

**အထူးမှတ်ရန်။ ။ ကိလေသာမမည်သော အကုသိုလ်တရားများကား ၁။ဣဿာ ၂။ မစ္ဆရိယ ၃။ ကုက္ကုစ္စ နှင့် ၄။မိဒ္ဓတရားတို့ဖြစ်သည်။**

## မိဿက သင်္ဂဟ

မိဿက သင်္ဂဟ၌ (၁) ဟိတ် ၆ ပါး (၂) ဈာနင် ၇ ပါး (၃) မဂ္ဂင် ၁၂ ပါး (၄) ဣန္ဒြေ ၂၂ ပါး (၅) ဗိုလ် ၅ ပါး (၆)အဓိပတိ ၄ ပါး (၇) အာဟာရ ၄ ပါးအားဖြင့် ဝေဘန်ပြဆိုသည်။

## ၁။ ဟိတ်

အာရုံ၌ မိမိနှင့် ယှဉ်ဖေါ်ယှဉ်ဖက်ဖြစ်ကုန်သော ပစ္စယုပ္ပန် အကျိုးတရား တို့ကို ကောင်းစွာတည်တံ့စေတတ်သော အကြောင်းတရားသည် ဟိတ်မည်၏။ ၎င်း ဟိတ်တရားတို့သည် သစ်မြစ်နှင့်တူကုန်၏။ သစ်မြစ်တို့သည် ပင်စည်ကို ကြီးပွားခိုင်ခံ့ တည်တံ့စေကုန်သကဲ့သို့ ဟိတ် ၆ ပါးတို့သည် မိမိနှင့် ယှဉ်ဖေါ်ယှဉ်ဖက် ဖြစ်ကုန်သော စိတ်၊ စေတသိက် တရားတို့ကို အာရုံ၌ မြဲစွဲတည်တံ့ခိုင်ခံ့ ကြီးပွား စေကုန်၏။

## ဟိတ် ၆ ပါး

၁။ လောဘ၊ ၂။ ဒေါသ၊ ၃။ မောဟ၊ ၄။ အလောဘ၊ ၅။ အဒေါသ ၊ ၆။ အမောဟ ဟူ၍ ဟိတ် ၆ ပါးရှိသည်။

## ၂။ ဈာနင်

ကောင်းသောအာရုံ၌ဖြစ်စေ၊ မကောင်းသောအာရုံ၌ဖြစ်စေ၊ စူးစူးစိုက်စိုက် စွဲစွဲမြဲမြဲ ကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။

## ဈာနင် ၇ ပါး

၁။ ဝိတက် = ဝိတက်ယှဉ်သည့်စိတ် ၅၅ ပါး၌ရှိသော ဝိတက်။
၂။ ဝိစာရ = ဝိစာရယှဉ်သည့် စိတ် ၆၆ ပါး၌ရှိသော ဝိစာရ။
၃။ ပီတိ = ပီတိယှဉ်သည့်စိတ် ၅၁ ပါး၌ရှိသော ပီတိ။
၄။ ဧကဂ္ဂတာ = ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သောစိတ် ၇၉ ပါး၌ရှိသော ဧကဂ္ဂတာ။
၅။ သောမနဿ = သောမနဿသဟဂုတ်စိတ် ၆၂ ပါး၌ရှိသည့် သောမနဿဝေဒနာ။
၆။ ဒေါမနဿ = ဒေါသမူဒွေး၌ရှိသည့် ဒေါမနဿဝေဒနာ။
၇။ ဥပေက္ခာ = ဒွေပဉ္စဝိညာဏ် ၁၀ မှ ဥပေက္ခာသဟဂုတ်စိတ် ၈ ပါးကြဉ်သော ဥပေက္ခာသဟဂုတ်စိတ် ၄၇ ပါး၌ ရှိသည့် ဥပေက္ခာဝေဒနာ။

## ၃။ မဂ္ဂင်

ခရီးလမ်းကို မဂ္ဂဟူ၍ဆိုသည်။ စိတ်၏ ဖြောင့်ဖြောင့်သွားရန်၊ ကောက်ကောက်ကွေ့ကွေ့သွားရန် ခရီးစဉ်သည်လည်း မဂ်မည်၏။ အကုသိုလ် မဂ္ဂင်သည် အပါယ်သို့လားကြောင်းဖြစ်၍ ကုသိုလ်မဂ္ဂင်သည် နတ်ရွာသုဂတိ၊ နိဗ္ဗာန်ချမ်းသာသို့ ရောက်ခြင်း၏အကြောင်းဖြစ်သောကြောင့် ခရီးကောက်၊ ခရီးဖြောင့် နှစ်ပါးတို့၏ အင်္ဂါအဆောက်အဦး တို့သည် မဂ္ဂင်မည်ကုန်၏။

## မဂ္ဂင် ၁၂ ပါး

၁။ သမ္မာဒိဋ္ဌိ = ကောင်းစွာသိမှု။ မဟာကုသိုလ် ၈ ပါး၊မဟာကြိယာ ၈ ပါးနှင့် အပ္ပနာစိတ် ၂၆ ပါး၌ရှိသော ပညာ။
၂။ သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်မှု။ မဟာကုသိုလ် ၈ ပါး၊မဟာကြိယာ ၈ ပါးနှင့် အပ္ပနာစိတ် ၂၆ ပါး၌ရှိ သော ဝိတက်။

၃။ သမ္မာဝါစာ = ကောင်းစွာပြောဆိုမှု။ မဟာကုသိုလ် ၈ ပါး၊လောကုတ္တရာ ၈ ပါး၌ရှိသော သမ္မာဝါစာ။
၄။ သမ္မာကမ္မန္တ = ကောင်းစွာပြုလုပ်မှု။ မဟာကုသိုလ် ၈ ပါး၊လောကုတ္တရာ ၈ ပါး၌ရှိသောသမ္မာကမ္မန္တ ။
၅။ သမ္မာအာဇီဝ = ကောင်းစွာအသက်မွေးမှု။ မဟာကုသိုလ် ၈ ပါး၊လောကုတ္တရာ ၈ ပါး၌ရှိသော သမ္မာအာဇီဝ။
၆။ သမ္မာဝါယာမ= ကောင်းစွာအားထုတ်မှု။ မဟာကုသိုလ် ၈ ပါးမဟာကြိယာ ၈ ပါး၊ အပ္ပနာ ၂၆ ပါး၌ရှိသော ဝီရိယ။
၇။ သမ္မာသတိ = ကောင်းစွာအောက်မေ့မှု။ မဟာကုသိုလ် ၈ ပါးမဟာကြိယာ ၈ ပါး၊ အပ္ပနာ ၂၆ ပါး၌ရှိသော သတိ။
၈။ သမ္မာသမာဓိ = ကောင်းစွာတည်ကြည်မှု။ မဟာကုသိုလ် ၈ ပါးမဟာကြိယာ ၈ ပါး၊ အပ္ပနာ ၂၆ ပါး၌ရှိသော ဧကဂ္ဂတာ။
၉။ မိစ္ဆာဒိဋ္ဌိ = မှားယွင်းစွာသိမြင်မှု။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၌ရှိသော ဒိဋ္ဌိ။
၁၀။မိစ္ဆာသင်္ကပ္ပ = မှားယွင်းစွာကြံစည်မှု။ အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော ဝိတက်။
၁၁။မိစ္ဆာဝါယာမ = မှားယွင်းစွာ အားထုတ်မှု။ အကုသိုလ်စိတ် ၁၂ ပါး၌ရှိသော ဝီရိယ။
၁၂။မိစ္ဆာသမာဓိ = မှားယွင်းစွာ တည်ကြည်မှု။ ဝိစိကိစ္ဆာဂကြဉ်သော အကုသိုလ်စိတ် ၁၁ ပါး၌ယှဉ်သည့် ဧကဂ္ဂ တာ။

## သမ္မာဒိဋ္ဌိ

ဤ သမ္မာဒိဋ္ဌိသည် လောကီသမ္မာဒိဋ္ဌိ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိဟု နှစ်မျိုးရှိ၏။ လောကီသမ္မာဒိဋ္ဌိလည်း ကမ္မဿ ကတာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိဟု နှစ်မျိုး ရှိပြန်သည်။ ထိုတွင် ကုသိုလ်၊အကုသိုလ်ကံတို့၏ အကျိုးပေးဟန်ကို ယုံကြည်သဖြင့် သတ္တဝါဟူသမျှ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြသည်ဟု သိတတ်သောဉာဏ်သည် ကမ္မဿကတာဟူသော သမ္မာဒိဋ္ဌိတည်း။ ပုညကိရိယာဝတ္ထု (၁၀)ပါးတွင် ဒိဋ္ဌိဇုကမ္မခေါ်သော ပုညကိရိယာဝတ္ထုတည်း။ ရုပ်နာမ်တရားတို့၌ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို သိသောဉာဏ်သည် ဝိပဿနာ သမ္မာဒိဋ္ဌိမည်၏။ ဤ ဝိပဿနာ သမ္မာဒိဋ္ဌိကား သဘာဝဓမ္မကို နားလည်သောအချို့ပုဂ္ဂိုလ်၌သာ တည်၏။ လောကုတ္တရာမဂ်ဖိုလ်နှင့်ယှဉ်သော (မဂ္ဂင်ရှစ်ပါး၌ပါသော) ဉာဏ်သည် လောကုတ္တရာသမ္မာဒိဋ္ဌိမည်၏။

## သမ္မာသင်္ကပ္ပ

ကောင်းသောအကြံအစည် ဟူသော ဤသမ္မာသင်္ကပ္ပသည်လည်း နေက္ခမ္မသင်္ကပ္ပ၊ အဗျာပါဒသင်္ကပ္ပ၊ အဝိဟိံသသင်္ကပ္ပဟု သုံးမျိုးရှိ၏။

ပဥ္စမဈာန်နှင့်ယှဉ်သော ဝိတက်၊ ရှင်၊ ရဟန်း၊ သီလရှင်ပြုလုပ်ဖို့ရန် ကြံစည်မှု ဝိတက်၊နိဗ္ဗာန်ကို အာရုံပြုသော ဝိတက်၊ ဝိပဿနာဉာဏ်နှင့်ယှဉ်သော ဝိတက်၊ အချုပ်အားဖြင့် ကုသိုလ်၌ယှဉ်သမျှ ဝိတက် ဤအားလုံးကို နေက္ခမ္မသင်္ကပ္ပ ဟု ခေါ်နိုင် သည်။ သို့သော် အဗျာပါဒ၊ အဝိဟိံသအတွက် သီးခြားလာဦးမည်ဖြစ်၍ထို အဗျာပါဒ၊ အဝိဟိံသမှ ကြွင်းသမျှ အပြစ်ကင်းသော အကြံကောင်းကိုသာ နေက္ခမ္မသင်္ကပ္ပ ဟုမှတ်ပါ။ မေတ္တာနှင့်ယှဉ်သော ကြံစည်မှုသည် အဗျာပါဒ သင်္ကပ္ပမည်၏။ ဗျာပါဒခေါ်သော ဒေါသ၏ဆန့်ကျင်ဘက် ဖြစ်သော အကြံဟူလို။ ကရုဏာနှင့်ယှဉ်သော ကြံစည်မှုသည် အဝိဟိံ သသင်္ကပ္ပမည်၏။ သတ္တဝါကို ညှင်းဆဲလိုသော ဝိဟိံသ၏ ဆန့်ကျင်ဘက် ဖြစ်သောအကြံ တည်း။

## မိစ္ဆာသင်္ကပ္ပ

များယွင်းသော အကြံအစည်ဟူသော မိစ္ဆာသင်္ကပ္ပသည်လည်း ကာမဝိတက် (ကာမဂုဏ်ကို ကြံစည်သော လောဘနှင့် ယှဉ်သော ဝိတက်) ဗျာပါဒဝိတက် (သူတစ်ပါးတို့ သေကြေပျက်စီးဖို့ရန် ကြံစည်သော ဒေါသနှင့် ယှဉ်သော ဝိတက်) ဝိဟိံသဝိတက် (သူတစ်ပါး သေကြေအောင် မဟုတ်ဘဲ ညှင်းဆဲနှိပ်စက်လိုသော ဒေါသနှင့်ယှဉ်သော ဝိတက်)အားဖြင့် သုံးပါးပြား၏။

## ၄။ ဣန္ဒြေ

သမ္ပယုတ်တရားတို့ကို အစိုးရသောကြောင့် ဣန္ဒြေမည်၏။ အစိုးရဟူသည်ကား မိမိတို့၏ ဆိုင်ရာဆိုင်ရာ ဌာန ကိစ္စတို့၌ သမ္ပယုတ် တရားတို့ကို မိမိအလိုသို့ လိုက်စေခြင်း၊ မိမိသဘောအတိုင်း ဖြစ်ရခြင်းကို ဆိုလိုသည်။

## ဣန္ဒြေ (၂၂) ပါး

၁။ စက္ခုပသာဒရုပ်သည် စက္ခုန္ဒြေ
၂။ သောတပသာဒရုပ်သည် သောတိန္ဒြေ
၃။ ဃာနပသာဒရုပ်သည် ဃာနိန္ဒြေ
၄။ ဇိဝှါပသာဒရုပ်သည် ဇိဝှိန္ဒြေ
၅။ ကာယပသာဒသည် ကာယိန္ဒြေ

၆။ ကာယိန္ဒြိယဘာဝရုပ်သည် ကာယိန္ဒြေ
၇။ ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေ
၈။ ရုပ်ဇီဝိတ၊နာမ်ဇီဝိတ ၂ ပါးသည် ဇီဝိတိန္ဒြေ
၉။ စိတ်တခုယုတ် ကိုးဆယ်သည် မနိန္ဒြေ
၁၀။ သုခဝေဒနာသည် သုခိန္ဒြေ
၁၁။ ဒုက္ခဝေဒနာသည် ဒုက္ခိန္ဒြေ
၁၂။ သောမနဿဝေဒနာသည် သောမနဿိန္ဒြေ
၁၃။ ဒေါမနဿဝေဒနာသည် ဒေါမနဿိန္ဒြေ
၁၄။ ဥပေက္ခာဝေဒနာသည် ဥပေက္ခိန္ဒြေ
၁၅။ သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေ
၁၆။ ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေ
၁၇။ သတိစေတသိက်သည် သတိန္ဒြေ
၁၈။ ဧကဂ္ဂတာစေတသိက်သည် သမာဓိန္ဒြေ
၁၉။ လောကီဉာဏသမ္ပယုတ်စိတ် ၃၉ပါး၌ယှဉ်သော အမောဟစေတသိက်သည် ပညိန္ဒြေ
၂၀။ သောတာပတ္တိမဂ်၌ယှဉ်သောအမောဟစေတသိက်သည် အနညာတညဿာမီတိန္ဒြေ
၂၁။ အထက်မဂ်သုံးပါး၊ အောက်ဖိုလ် သုံးပါး၌ယှဉ်သော အမောဟ စေတသိက်သည် အညိန္ဒြေ
၂၂။ အရဟတ္တဖိုလ်၌ယှဉ်သော အမောဟ စေတသိက်သည် အညာတာဝိန္ဒြေ

ဤ ဣန္ဒြေ (၂၂)ပါးတို့တွင် သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ ၅ ပါးတို့သည် တရားကိုယ်အားဖြင့် ဝေဒနာစေတသိက် တစ်ပါးသာဖြစ်၏။ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာ တာဝိန္ဒြေ ၄ ပါးတို့သည် တရားကိုယ်အားဖြင့် ပညာစေတသိက် တစ်ခုသာတည်း။ နာမ် ဣန္ဒြေ ၈ ပါး၊ ရုပ် ဣန္ဒြေ ၈ ပါးဖြစ်၏။

## အနညာတညဿာမီတိန္ဒြေစသော ဣန္ဒြေ သုံးပါးအထူး

ရှေ့ဦးစွာ သစ္စာရတရားတို့ကို လက္ခဏာရေးသုံးပါးသို့တင်ကာ နှလုံးသွင်းသည် မှစ၍ မသိအပ်သေးသော သစ္စာလေးပါးတရားတို့ကို မသိလျှင် ငါမနေ၊ သိအောင် ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်အား ထိုကြိုးစားမှု မငြိမ်းမစဲမီ ပင်လျှင် သောတာပတ္တိမဂ်ကို ရဆဲဖြစ်သော သောတာပန်ပုဂ္ဂိုလ်၏ ပညိန္ဒြေသည် အနညာတညဿာမီတိန္ဒြေ မည်၏။

သောတာပတ္တိမဂ်ဖြင့် သိအပ်ပြီးသော သစ္စာလေးပါး၊နိဗ္ဗာန်တရားတို့ကို အဖန်ဖန် အဆင့်ဆင့်ထပ်၍ သိသောကြောင့် အထက်မဂ် သုံးပါး၊အောက်ဖိုလ် သုံးပါး၌ရှိသော ပညိန္ဒြေသည် အညိန္ဒြေမည်၏။

သိမှုကိစ္စအပြီးသို့ရောက်သော ရဟန္တာပုဂ္ဂိုလ်၏ ပညိန္ဒြေသည် အညာတာဝိန္ဒြေ မည်၏။

## ဣန္ဒြေ (၂၂) ပါးကို ဘုံအားဖြင့် ဝေဘန်ခြင်း

စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ ဣတ္ထိဘာဝ၊ပုမ္ဘာဝ၊သုခ၊ဒုက္ခ၊ဒေါမနဿ ဤ ဣန္ဒြေ (၁၀)ပါးတို့သည် ကာမဘုံ၌ ဖြစ်ကုန်၏။ မနိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဤ (၈)ပါးသော ဣန္ဒြေတို့သည် ဘုံ (၄)ပါး၌ဖြစ်ကုန်၏။ သောမနဿိန္ဒြေသည် ကာမ၊ ရူပ၊ လောကုတ္တရာ သုံးဘုံ၌ဖြစ်ကုန်၏။ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ၊ ဤ ဣန္ဒြေ (၃)ပါးတို့သည်ကား လောကုတ္တရာဘုံ၌သာ အကျုံးဝင်၏။

## ၅။ ဗိုလ်

ကြံ့ခိုင်မြဲမြံသောကြောင့် ဗိုလ်မည်၏။ လောက၌ ဗိုလ်အခေါ်ခံရသော လူတို့သည် ထိုထိုကိစ္စကိုပြုလုပ်ရာ၌ မယိမ်းမယိုင် မြဲခိုင်ကြသကဲ့သို့ ထို့အတူ သဒ္ဓါစသောတရား သည်လည်း ယုံကြည်ခြင်းစသောကိစ္စ၌ မယိမ်းမယိုင် မြဲခိုင်ကြသဖြင့် ဗိုလ်ဟူသော အမည်ကိုရကြသည်။

## ခိုင်မြဲခြင်း နှစ်မျိုး

ယခုလောက၌ အချို့ဗိုလ်သည် ရန်သူနှင့်တွေ့သော်လည်း မရွှေ့မယိုင် ကြံ့ကြံ့ခိုင်လျက် ပြိုင်ဘက်ရန်သူကိုပင် ဖြိုဖျက်နိုင်ကြ၏။ အချို့ဗိုလ်များကား မိမိဘာသာ နေတုန်းက ခိုင်မြဲသော်လည်း ရန်သူနှင့် ရင်ဆိုင်တွေ့လျှင်တရွှေ့ရွှေ့ လှုပ်ရှားလျက် ဆုတ်သွားတတ်ကြလေသည်။ ထို့အတူ ဗိုလ်အမည်ခံ တရားများတွင် ကုသိုလ်တရား တို့သည် ဆန့်ကျင်ဘက် အကုသိုလ်တို့ကြောင့် မလှုပ်ရှားဘဲ ခိုင်မြဲရုံသာမက အကုသိုလ် များကိုပင် ပယ်ရှားနိုင် သော ပဟာယကသတ္တိရှိကြသည်။ အကုသိုလ်တွင်ပါဝင်သော ဝီရိယ၊ အဟိရိက၊ အနောတ္တပ္ပတို့ကား မိမိတို့နှင့် အတူဖြစ်ဖက်တရားတို့၌သာ ခိုင်မြဲခြင်း သဘောရှိ၍ ဆန့်ကျင်ဘက်တရားတို့ကို ပယ်ရှားနှိမ်နင်းနိုင်သော သတ္တိ မရှိချေ။

## ဗိုလ် (၉) ပါး

၁။ သဒ္ဓါဗိုလ် ၊ ၂။ ဝီရိယဗိုလ် ၊ ၃။ သတိဗိုလ် ၊ ၄။ သမာဓိဗိုလ် ၊ ၅။ ပညာဗိုလ် ၊ ၆။ ဟိရိဗိုလ် ၊ ၇။ ဩတ္တပ္ပဗိုလ် ၈။ အဟိရိကဗိုလ် ၊ ၉။ အနောတ္တပ္ပဗိုလ်

## ၆။ အဓိပတိ

မိမိနှင့် ဆက်သွယ်လျက် တကွဖြစ်ဖက်တရားတို့ကို လွှမ်းမိုးအုပ်ချုပ် အရှင်သခင် လုပ်ပြီးလျှင် တကွဖြစ်ဖက် တရားစုကို ထိုထိုကိစ္စ၌ မိမိအလိုကျ လိုက်ပါ စေနိုင်သော တရားကို အဓိပတိ ဟုခေါ်သည်။

## အဓိပတိ (၄)ပါး

၁။ ဆန္ဒာဓိပတိ = သာဓိပတိဇော ၅၂ ခု၌ရှိသော ဆန္ဒစေတသိက် (သာဓိပတိဇော ဟူသည် ဇောကိစ္စတပ်သော စိတ် ၅၅ ပါးတို့တွင် မောဟမူစိတ် ၂ ပါးနှင့် ဟသိတုပ္ပါဒ် ကြဉ်သော ဇောများကိုဆိုလိုသည်)

၂။ ဝီရိယာဓိပတိ = သာဓိပတိဇော ၅၂ ခု၌ရှိသော ဝီရိယစေတသိက်

၃။ စိတ္တာဓိပတိ = သာဓိပတိဇော ၅၂ ခု

၄။ ဝီမံသာဓိပတိ = တိဟိတ်ဇော ၃၄ ခု၌ရှိသော ပညာစေတသိက်

## အဓိပတိ နှင့် ဣန္ဒြေ အထူး

အဓိပတိအစိုးရပုံသည် ပြည့်ရှင်မင်း အစိုးရပုံနှင့်တူ၏။ ပြည့်ရှင်မင်းသည် မိမိ တစ်ပါးတည်းရှိသဖြင့် မိမိ၏ တိုင်းပြည်ကိစ္စ၌ သူတစ်ပါးအလိုသို့ မလိုက်ရဘဲ မှူးမတ် အားလုံးတို့ကသာ ပြည့်ရှင်မင်း၏အလိုသို့ လိုက်ကြရသကဲ့သို့ ထို့အတူ အဓိပတိ တရားများလည်း တကွဖြစ်ဖက် စေတသိက်တည်းဟူသော တိုင်းပြည်တွင် တစ်ပါး တည်းသာ အဓိပတိတပ်၏။ ထိုအဓိပတိတပ်သော တရားသည် အခြားစေတသိက်များ အလိုသို့ မလိုက်ရ။ စိတ်၊ စေတသိက်များကသာ အဓိပတိတရား၏ အလိုသို့လိုက်၍ ဆောက်ရွက်ကြ ရသည်။

ဣန္ဒြေ အစိုးရပုံကား မှူးမတ်များ အစိုးရပုံနှင့်တူ၏။ ယခု မြန်မာပြည်၌ ပြည်ထဲရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ သစ်တောရေးဝန်ကြီး၊ ပညာရေးဝန်ကြီး စသည်ဖြင့်ရှိရာတွင် ပြည်ထဲရေးကိစ္စ၌ အခြားဝန်ကြီးများက ပြည်ထဲရေး ဝန်ကြီး၏ အလိုအတိုင်း သဘောတူရ၏။ ပြည်ထဲရေးကိစ္စ၌ ပြည်ထဲရေးဝန်ကြီးသာ အုပ်စိုးနိုင်သည်။ ထိုပြည်ထဲရေးဝန်ကြီးလည်း ဘဏ္ဍာရေးစသော ကိစ္စများ၌ ဘဏ္ဍာရေးစသော ဝန်ကြီး၏ အလိုသို့ လိုက်ရသည်။ ထို့အတူ တကွဖြစ်ဖက် တရားစု၌ ဣန္ဒြေထိုက်သော တရားနှစ်ပါး သုံးပါးစသည်ပါလျှင် မိမိဆိုင်ရာကိစ္စ၌သာ မိမိအစိုးရ၍ အခြားကိစ္စ၌ အခြား ဣန္ဒြေ၏ အလိုသို့ လိုက်ပါရသည်။

## ၇။ အာဟာရ

မိမိဆိုင်ရာ အကျိုးတရားကို ဆောင်တတ်သောတရားကို အာဟာရ ဟုခေါ်၏။ ဆောင်ဟူသည် ဖြစ်ခြင်း၊ ထောက်ပံ့ပေးခြင်းတည်း။

## ဆောင်ပုံ

၁။ ကဗဠီကာရ အာဟာရသည် ဩဇဋ္ဌမကရုပ်ကိုဆောင်၏။
၂။ ဖဿာဟာရသည် ဝေဒနာသုံးပါးကိုဆောင်၏။
၃။ မနောသဉ္စေတနာဟာရသည် သုံးပါးသောလောက၌ ပဋိသန္ဓေကိုဆောင်၏။
၄။ ဝိညာဏာဟာရသည် မိမိနှင့်အတူတကွဖြစ်သော နာမ်၊ရုပ်တို့ကိုဆောင်၏။

## အာဟာရ (၄)ပါး

၁။ ဩဇာရုပ်သည် ကဗဠီကာရ အာဟာရမည်၏။
၂။ ဖဿစေတသိက်သည် ဖဿ အာဟာရမည်၏။
၃။ စေတနာစေတသိက်သည် မနောသဉ္စေတနာဟာရမည်၏။
၄။ စိတ်တစ်ခုယုတ်ကိုးဆယ်သည် ဝိညာဏာဟာရမည်၏။

## ဤတရားလေးပါးသည်သာ အာဟာရမည်ရပုံ

ယခုမျက်မြင်အားဖြင့် အစာအဟာရသည် ခန္ဓာကိုယ်အား အလွန်ကျေးဇူးများသည့်အတွက် ကဗဠီကာရစသော လေးပါးသာ အာဟာရအမည်ရ၍ ဟိတ်စသော ပစ္စည်းတရားများမှာ ဆိုင်ရာ ပစ္စယုပ္ပန်ကို ဆောင်ရွက်ကြသော်လည်း ခန္ဓာကိုယ်၌ ကဗဠီကာရ အာဟာရစသော လေးပါးလောက် ကျေးဇူးမများသဖြင့် အာဟာရအမည် မရကြချေ။

## ကဗဠီကာရကဆောင်ပုံ

အစာအာဟာရကိုမှီ၍ အသက်ရှည်ရကုန်သော ကာမဘုံသားတို့သည် ရှေးရှေးကံကြောင့် လူ့ထံ၊ နတ်ပြည်၌ ဖြစ်ကြရသော်လည်း ကံချည်းသက်သက် မတည်တံ့ နိုင်၊ ကဗဠီကာရအာဟာရဟူသော အစာကိုစားရမှသာ အသက်ဆုံးတိုင်တည်တံ့နိုင်၏။ ထို့ကြောင့် ကဗဠီကာရအာဟာရသည် တစ်ဘဝအတွက် သတ္တဝါ တို့အား အထူးကျေးဇူး များ၏။

## ဖဿာဟာရဆောင်ပုံ

သံသရာ၌ ကျင်လည်ရသောသတ္တဝါတို့၏ ဘဝဆက်ရှည်ရာမှာ ဖဿာဟာရ ဟူသော အတွေ့သာ အချုပ်အခြာဖြစ်၏။ ဖဿမဖြစ်လျှင် ဝေဒနာလည်းမဖြစ်နိုင်၊ဝေဒနာ မဖြစ်က တဏှာလည်း မရစ်ဝဲနိုင်တော့သဖြင့် သံသရာ ပြတ်စဲရုံသာရှိ၏။ ယခုမှာကား ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေ့ရှုမိရာဝယ် ဖဿဟူသော အတွေ့ဓာတ် ဖြစ်ပေါ်လာသဖြင့် ဖဿပစ္စယာ ဝေဒနာ ဟူသည့်အတိုင်း တောင့်တမှု တဏှာများ တိုးပွားလျက် ထိုအရသာ မျိုးကို ရနိုင်ဖို့ အကြောင်း ကောင်းကောင်းဆိုးဆိုး ကံအမျိုးမျိုးကို ပြုသဖြင့် သံသရာ ဝင်္ကြွေးတက်၍ ဘဝဆက်ရှည်ရပြန်သည် ထို့ကြောင့် သံသရာတွင် ခန္ဓာ အစဉ်ရှည်ဖို့ရာ ဖဿာဟာရက ဆောင်သည်ဟု ဆိုရပေသည်။

## မနောသဉ္စေတနာနှင့် ဝိညာဏာဟာရတို့ဆောင်ပုံ

မနောသဉ္စေတနာဟာရဟူသော ကုသိုလ်၊ အကုသိုလ် သင်္ခါရကလည်း သင်္ခါရပစ္စယာ ဝိညာဏံ ဟူသည့်အတိုင်း နောက်နောက်ဘဝ၌ ပဋိသန္ဓေကစ၍ ဝိပါက်ဝိညာဏ်ဖြစ်ဖို့ရန် အမြဲစီမံသဖြင့် သန္တာန်အစဉ်တည်ဖို့ရာ မည်မျှလောက် ကျေးဇူးများသည်ကို မစဉ်းစားဘဲ နားလည်နိုင်၏။ ဝိပါက် ဝိညာဏ်ဟူသော ဝိညာဏာဟာရကလည်း ဝိညာဏပစ္စယာ နာမရူပံ ဟူသည့်အတိုင်း နာမ်ရုပ်တရားများကို တိုးပွားစေလျက် ခန္ဓာအစဉ်မပျက်အောင် ဆောင်ရွက်ထား ပြန်၏။

## အာဟာရလေးပါးကို ဘုံ၊ပုဂ္ဂိုလ်အားဖြင့် ဝေဘန်ခြင်း

ကာမဘုံ၌ အာဟာရ ၄ ပါးလုံးကိုရ၏။ အသညသတ်ကြဉ် ရူပဘုံ၊အရူပဘုံတို့၌ ကဗဠီကာရအာဟာရမှတပါး အာဟာရ ၃ ပါးကိုရ၏။ အသညသတ်ဘုံ၌ ပစ္စယာဟာရ ကိုရသည်။ အသညသတ် ပြဟ္မာတို့အား မိမိရအပ်ပြီးသော ပဉ္စမဈာန်သည်ပင်လျှင် အာဟာရဖြစ်၍ ပစ္စယာဟာရကို ရသည်ဟုဆို၏။ ပုဂ္ဂိုလ်အားဖြင့် သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ ဟုဆိုခြင်းကြောင့် အလုံးစုံသော ပုထုဇဉ်၊အရိယာတို့မှာရကြသည်။

## ဈာနင်၊ဗိုလ်၊မဂ္ဂင်၊ ဣန္ဒြေ ကိစ္စမတပ်သော တရားများ

**အနညာတညဿာမီတိန္ဒြေ** ။ ။ "သံသရာဝယ် တစ်ရံတစ်ခါမျှ မသိအပ်ဘူးသေးသော နိဗ္ဗာန်တရားကို သိအောင် ပြုအံ့" ဤသို့သော အဇ္ဈာသယဖြင့် ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်နေသော ယောဂီပုဂ္ဂိုလ်၏သန္တာန်မှာ ဖြစ်ပေါ်လာသော ဉာဏ်သည် ပထမဆုံး

ရအပ်သော သောတာပတ္တိမဂ်ဉာဏ်တည်း။ ထို့ကြောင့် သောတာပတ္တိမဂ် ဉာဏ်ကို အနညာတညဿာမီတိန္ဒြေ ဟုခေါ်ဝေါ်အပ်သည်။

**အညိန္ဒြေ** ။ ။ သောတာပတ္တိမဂ် သိအပ်ပြီးသော သစ္စာလေးပါးကိုပင် ထပ်၍သိတတ်သော ဣန္ဒြေဖြစ်သော ကြောင့် အထက်မဂ် ၃ ပါး၊ အောက်ဖိုလ် ၃ ပါးနှင့် ယှဉ်သော အလယ်ဉာဏ် ၆ ပါးကို အညိန္ဒြေဟုဆိုရသည်။

**အညာတာဝိန္ဒြေ** ။ ။အရဟတ္တဖိုလ်နှင့်ယှဉ်သော ဉာဏ်သည် အညာတာဝိန္ဒြေမည်၏။

**ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ န လဗ္ဘန္တိ** ။ ။ ဒွေပဉ္စဝိညာဏ် ၁၀ ၌ ဈာနင် တရားကို များနှင့် နာမည်ချင်းတူသော ဝေဒ နာ၊ဧကဂ္ဂတာတို့ ယှဉ်သော်လည်း ထိုဝေဒနာ ဧကဂ္ဂတာ တို့သည် ဒွေပဉ္စဝိညာဏ်နှင့် ယှဉ်ခိုက်မှာ ဈာနင် အမည် မရထိုက်။

**အဝီရိယေသု ဗလာနိ န လဗ္ဘန္တိ** ။ ။ ယခုလောက၌ လုံ့လဝီရိယ ထက်ထက် မြက်မြက်ဖြင့် သွက်သွက်လက် လက် ရှိသူကိုသာ ဗိုလ် ဟုခေါ်၍၊ ဝီရိယကင်းလျက် ပျင်းတင်းတင်း အညံ့စားကို ဗိုလ် ဟုခန့်ထားခြင်း မရှိသကဲ့သို့၊ ထို့အတူ ဝီရိယမပါလျှင် ဘယ်တရားမဆို ဗိုလ် ဟုမခေါ်ထိုက်၊ထို့ကြောင့် ဝီရိယမယှဉ်ရာ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ တို့၌ ဗိုလ်တရားများပါဝင်သော ဧကဂ္ဂတာယှဉ်သော်လည်း ထို ဧကဂ္ဂ တာ သည် ဗိုလ်ဟု အမည်မရချေ။

**အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ** ။ ။ ရေသောက်မြစ်နှင့်တူသော ဟိတ်မပါလျှင် ဆိုင်ရာ အာရုံကို ယူမှု၌ အမြစ်စွဲနေသလို ခိုင်မြဲမည်မဟုတ်ချေ။ မခိုင်မြဲ၍ အပေါ်ယံ မျှသာ ဖြစ်သောတရားကို သုဂတိ၊ ဒုဂ္ဂတိသွားကြောင်း ကောင်း၊ မကောင်းသောလမ်း ဟု မဆိုထိုက်။ ထို့ကြောင့် အဟိတ်စိတ်များဝယ် မဂ္ဂင်တရားကိုယ်နှင့် အလားတူသော ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာတို့ ထိုက်သလို ယှဉ်ကြသော်လည်း မဂ္ဂင်အမည်ကိုမရကြချေ။

**ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ မဂ္ဂိန္ဒြိယ ဗလဘာဝံ န ဂစ္ဆတိ။** ။ ဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် တည် ကြည်ပါတယ် ဟုဆိုရသော်လည်း ယုံမှားသံသယများသော ဝိစိကိစ္ဆာက အာရုံပေါ်၌ စွဲစွဲမြဲမြဲ မရှိသောကြောင့် ထိုဝိစိကိစ္ဆာနှင့် ယှဉ်ရသည့်အတွက်

ကေဂ္ဂတာလည်း အာရုံ၌ မစွဲမြဲနိုင်။ ဥပါဒ်၊ဌီ၊ဘင်အားဖြင့် ခဏတ္တယ အခိုက် အတန့်မျှသာ တည်ရတော့၏။ ထို့ကြောင့် မဂ္ဂင်၊ ဈာန်ငြ်၊ ဗိုလ် အဖြစ်သို့မရောက်ဘဲ သာမာန် ကေဂ္ဂတာ မျှသာ ဖြစ်ရလေသည်။

**ဒွိဟေတုကတိဟေတုကဇဝနေသွေဝ** ။ ။ လောကီဝိပါက်စိတ်တို့သည် ရှေးကံကြောင့် ဖြစ်ရကား ဗျာပါရရှိသော စိတ်များမဟုတ်ကြ၊ဗျာပါရကင်းမဲ့လျှင် အဘယ်မှာ အဓိပတိ ခေါ်လောက်သော အကြီးအချုပ်ဖြစ်ထိုက်ပါအံ့နည်း။ ဖိုလ်ဝိပါက်များကား မဂ်အားလျော်စွာ ကိလေသာအပူငွေ့များကို တစ်ဖန် ငြိမ်းစေရသော ပဋိပ္ပဿဒ္ဓိနဗျာပါရ ရှိ ကြ၏။ထို့ကြောင့် ဇောတို့၌သာ အဓိပတိ ရထိုက်သည်။

ဇောတို့တွင်လည်း အဟိတ်ဇော (ဟသိတုပ္ပါဒ်) နှင့် ဧကဟိတ်ဇော (မောဟမူဒွေ) တို့လည်း ထက်သန်လာအောင် ပြုပြင်၍မရနိုင်သောကြောင့် ဧကဟိတ်ဇော၊ အဟိတ်ဇော တို့၌ အဓိပတိမရထိုက်ဘဲ ဒွိဟိတ်ဇော၊တိဟိတ် ဇောတို့၌သာ အဓိပတိ ရထိုက်ပေသည်။

**ယထာသမ္ဘဝံ ဧကတောဝ**။ ။ ဒွိဟိတ်ဇောတို့၌ အဓိပတိအမည်ခံသောတရားသည် စိတ်၊ဆန္ဒ၊ဝီရိယ ဟု သုံးပါးရှိ၍၊ တိဟိတ်ဇောတို့၌ ပညာနှင့်တကွသုံးပါးရှိသည်။ သို့သော် တိုင်းပြည်တစ်ပြည်မှာ ပြည့်ရှင်မင်းတစ်ပါးသာ ရှိရသကဲ့သို့ တကွဖြစ်ကြသော စိတ်၊ စေတသိက်များတွင်လည်း အဓိပတိ ရွေးကောက် ထိုက်သော တရားကား တစ်ပါးသာ ရှိရမည်။ အထက်သန်ဆုံးတရားသည် အဓိပတိဖြစ်ထိုက်သကဲ့သို့ ဝါသနာ အားလျော်စွာ ပုဗ္ဗာဘိသင်္ခါရဖြင့် ကူမအပ်သော တရားသည် အထက်သန်ဆုံး ဖြစ်ထိုက်သည်။

## ဗောဓိပက္ခိယ သင်္ဂဟ

သစ္စာလေးပါးကို သိတတ်သော မဂ်ဉာဏ်သည် ဗောဓိ ဟုအမည်ရ၏။ ထို ဗောဓိဟူသော မဂ်ဉာဏ်၏ အသင်း အပင်း၌ဖြစ်ကုန်သော သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ဗောဇ္ဈင် ၇ ပါးနှင့် မဂ္ဂင် ၈ပါး တရားတို့သည် ဗောဓိပက္ခိယတရားမည်ကုန်၏။ ထိုဗောဓိပက္ခိယ တရားအပေါင်းကို သိမ်းယူ၍ ပြရာ ဖြစ်သော စကားအပေါင်းသည် ဗောဓိပက္ခိယ သင်္ဂဟမည်၏။

## ၁။ သတိပဋ္ဌာန်

မိမိဆိုင်ရာအာရုံ၌ လွှန်လွှန်ကဲကဲ စွဲမြဲစွာတည်သော သတိအထူးကို သတိပဋ္ဌာန် ဟု ခေါ်၏။

## သတိပဋ္ဌာန် (၄) ပါး

၁။ ကာယာနုပဿနာ သတိပဋ္ဌာန် = ခန္ဓာကိုယ်၌ တနည်း ဆံပင်၊မွေးညှင်းစသော ၃၂ ပါးသော ကောဋ္ဌာသ၌ အသုဘအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး။

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် = ဝေဒနာတို့ကို ဒုက္ခအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုမှတ်သော သတိ အထူး။

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန် = စိတ်တို့ကို အနိစ္စအခြင်းအရာထင်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအ ထူး။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန် = သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ ဟူသည့် တရားဓမ္မများကို အနတ္တအခြင်းအရာ ထင်လာအောင် အဖန်ဖန်ရှုမှတ်သော သတိအထူး။

## တရားကိုယ်

သတိပဋ္ဌာန် ၄ ပါးလုံး၏ တရားကိုယ်သည် မဟာကုသိုလ် ၈ ပါး၊ မဟာကြိယာ ၈ ပါး၊ အပ္ပနာဇော ၂၆ ပါး၊ ပေါင်း ၄၂ ပါးသော စိတ်တို့၌ယှဉ်သည့် သတိစေတသိက်ဖြစ်၏။

## သတိပဋ္ဌာန် ၄ ပါးကွဲပြားခြင်းအကြောင်း

သတိပဋ္ဌာန် ၄ ပါးတို့၏ တရားကိုယ်သည် သတိတစ်ပါးတည်း ဖြစ်သော်လည်း (၁) အာရုံက ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဟု ၄ မျိုးကွဲပြားခြင်း၊ (၂) ထိုအာရုံများ၌ အသုဘ၊ ဒုက္ခ၊ အနိစ္စ၊ အနတ္တဟုရှုဆင်ခြင်ပုံ အခြင်းအရာက ၄ မျိုးကွဲပြားခြင်း၊ (၃) သုဘ၊ သုခ၊ နိစ္စ၊ အတ္တ ဟုထင်မှားမှုကိုပယ်ခွါခြင်း ကိစ္စက ၄ မျိုးကွဲပြားခြင်းတို့ကြောင့် သတိပဋ္ဌာန် ၄ ပါးကွဲပြားရသည်။

## ၂။ သမ္မပ္ပဓာန်

သမ္မပ္ပဓာနဟူသော အမည်သည် ဝီရိယ၏ အမည်တည်း။ အကြော၊ အခြင်၊ အရိုး၊ အရေကြွင်းစေ၊အသွေးအသား ကုန်ခန်းစေ၊ အသက်ပင်သေစေဟူ၍ ရဲရဲဝံ့ဝံ့ ဆိုခဲ့ပြီးသော စိတ် ၄၂ ပါး၌ရှိသော (ဝါ) လောကုတ္တရာစိတ် ၈ ပါး၌ ရှိသော ဝီရိယစေတသိက်သည် သမ္မပ္ပဓာန် မည်၏။

## သမ္မပ္ပဓာန် (၄)ပါး

၁။ **ဉပ္ပန္နာနံ ပါပကာနံ ပဟာနာယဝါယာမော** ။ ။ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်းငှါ အားထုတ်ခြင်း။

၂။ **အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယဝါယာမော** ။ ။ မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အားထုတ်ခြင်း။

၃။ **အနုပ္ပန္နာနံကုသလာနံ ဉပ္ပါဒါယဝါယာမော** ။ ။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အား ထုတ်ခြင်း။

၄။ **ဉပ္ပန္နာနံကုသလာနံ ဘိယျောဘာဝါယဝါယာမော** ။ ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို အလွန်ပြန့်ပွား စေခြင်းငှါ အားထုတ်ခြင်း။

## သမ္မပ္ပဓာန် ၄ ပါးပြားရခြင်းအကြောင်း

တရားကိုယ်အားဖြင့် ဝီရိယ တစ်ပါးတည်း ဖြစ်သော်လည်း ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းကိစ္စ၊ မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းကိစ္စ၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းကိစ္စ နှင့် ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစေခြင်းကိစ္စ ဟူ၍ ဝီရိယ၏ကိစ္စ ၄ မျိုးပြားသောကြောင့် သမ္မပ္ပဓာန် ၄ ပါးပြားရသည်။

## ၃။ ဣဒ္ဓိပါဒ်

ဈာန်၊ မဂ်၊ ဖိုလ်ရအောင် အားထုတ်သဖြင့် ထိုဈာန်၊ မဂ်၊ ဖိုလ်များ ထမြောက်လာမှု၊ ပြီးစီးပြည့်စုံမှုကို ဣဒ္ဓိဟုခေါ်၏။ ထိုဈာန်၊ မဂ်၊ ဖိုလ်ကိုရဖို့ရန် အခြေခံဖြစ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ ဝီမံသ ဟူသော အဓိပတိ ၄ ပါးတို့သည် ဣဒ္ဓိပါဒ် မည်၏။

## ဣဒ္ဓိပါဒ် (၄) ပါး

၁။ ဆန္ဒိဒ္ဓိပါဒ် = ကုသိုလ်စိတ် ၂၁ ပါး၌ရှိသည့် ဆန္ဒစေတသိက်။

၂။ ဝီရိယိဒ္ဓိပါဒ် = ကုသိုလ်စိတ် ၂၁ ပါး၌ရှိသည့် ဝီရိယစေတသိက်။

၃။ စိတ္တိဒ္ဓိပါဒ် = မဟာကုသိုလ် ၈ ပါး၊မဟဂ္ဂုတ် ကုသိုလ် ၉ ပါး၊လောကုတ္တရာ ကုသိုလ် ၄ ပါးဟူသည့် ကုသိုလ် စိတ် ၂၁ ပါး။

၄။ ဝီမံသိဒ္ဓိပါဒ် = ကုသိုလ်စိတ် ၂၁ ပါး၌ယှဉ်သော ပညာ။

## ၄။ က္ခန္ဓ (၅) ပါး နှင့် ၅။ ဗိုလ် (၅) ပါး

၁။ သဒ္ဓိန္ဒြေ = မဟာကုသိုလ်၊မဟာကြိယာ စိတ် ၁၆ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့၌ ရှိသော သဒ္ဓါ။

၂။ ဝီရိယိန္ဒြေ = မဟာကုသိုလ်၊မဟာကြိယာ စိတ် ၁၆ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့၌ ရှိသော ဝီရိယ။

၃။ သတိန္ဒြေ = မဟာကုသိုလ်၊မဟာကြိယာ စိတ် ၁၆ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့၌ ရှိသော သတိ။

၄။ သမာဓိန္ဒြေ = မဟာကုသိုလ်၊မဟာကြိယာ စိတ် ၁၆ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့၌ ရှိသော သမာဓိ။

၅။ ပညိန္ဒြေ = မဟာကုသိုလ်၊မဟာကြိယာ စိတ် ၁၆ ပါး၊ အပ္ပနာဇော ၂၆ ပါးတို့၌ ရှိသော ပညာ။

## က္ခန္ဓ နှင့် ဗိုလ်အထူး

စိတ်ကို အစိုးတရပိုင်နိုင်သောကြောင့် က္ခန္ဓမည်၏။ တစ်စုံတစ်ခုသော တရားဖြင့် မလှုပ်မရှား ခိုင်ခံ့သောကြောင့် ဗိုလ် မည်၏။ တရားကိုယ် တစ်ပါးတည်းပင်ဖြစ်သော်လည်း သတ္တိ၊ဂုဏ်ကွဲပြားသောကြောင့် က္ခန္ဓ၊ဗိုလ်ဟု ၂ ပါး ကွဲပြား၏။

## ဈာန်ရ အရိယာပုဂ္ဂိုလ်များမဖြစ်နိုင်သော ဗောဓိပက္ခိယတရားများကား

(က) ဈာန်ရ အောက်အောက်အရိယာပုဂ္ဂိုလ်များဖြစ်က မဖြစ်နိုင်သော ဗောဓိပက္ခိယ တရားများမှာ မိမိတို့ရရှိပြီး အောက်အောက် မဂ်၊ ဖိုလ်၊ တရားတို့ ရရှိခြင်း၏အခြေခံ အကြောင်းတရားများဖြစ်သည့် ၁။ဆန္ဒိဒ္ဓိ ပါဒ်၊ ၂။စိတ္တိဒ္ဓိပါဒ်၊ ၃။ဝီရိယိဒ္ဓိပါဒ် နှင့် ၄။ ဝီမံသိဒ္ဓိပါဒ် ဟူသော ဣဒ္ဓိပါဒ် ၄ ပါးတို့ ထပ်မံ ပွားများရန် မလိုသော ကြောင့် မဖြစ်နိုင်ပါ။

(ခ) ဈာန်ရ ရဟန္တာဖြစ်က အထက်ပါ ဣဒ္ဓိပါဒ် ၄ ပါးအပြင် သမ္မပ္ပဓာန် ၄ ပါးတို့လည်း မဖြစ်နိုင်ပါ။

## ၆။ ဗောဇ္ဈင်

သတိ၊ပညာစသော တရား (၇)ပါးတို့သည် လေးပါးကုန်သော အရိယသစ္စာတို့ကို ထိုးထွင်း၍ သိတတ်၏။ ထိုတရား အပေါင်းသည် ဗောဓိမည်၏။ ထို တရားအပေါင်း ဟု ဆိုအပ်သော ဗောဓိ၏အကြောင်း အင်္ဂါအစိတ်တို့သည် ဗောဇ္ဈင်မည်၏။

## ဗောဇ္ဈင် (၇) ပါး

၁။ သတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိကြောင်းဖြစ်သော အောက်မေ့မှု။
၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိကြောင်းဖြစ်သော ဆိုင်ရာ တရားများကို စီစစ်တတ်သည့် ပညာ။
၃။ ဝီရိယသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိကြောင်းဖြစ်သော အားထုတ်မှု။
၄။ ပီတိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိကြောင်းဖြစ်သော နှစ်သက်၊ ရွှင်လန်းမှု ပီတိ။
၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိကြောင်းဖြစ်သော ငြိမ်းအေးမှု ပဿဒ္ဓိ။
၆။ သမာဓိသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိကြောင်းဖြစ်သော တည်ကြည်မှု ဧကဂ္ဂတာ။
၇။ ဥပေက္ခာသမ္ဗောဇ္ဈင် = သစ္စာလေးပါးကို သိကြောင်းဖြစ်သော လစ်လျူရှုမှု တတြမဇ္ဈတ္တတာ။

## တရားကိုယ်

အထက်ပါ ဗောဇ္ဈင် ၇ ပါးတို့၏ တရားကိုယ်များမှာ မဟာကုသိုလ် ၈ ပါး၊ မဟာကြိယာ ၈ ပါး၊ အပ္ပနာဇော ၂၆ ပါး ပေါင်း ၄၂ ပါးသောစိတ်တို့၌ ယှဉ်ကြသည့် ၁။ သတိ၊ ၂။ ပညာ၊ ၃။ ဝီရိယ၊ ၄။ ပီတိ၊ ၅။ ကာယပဿဒ္ဓိနှင့် စိတ္တ ပဿဒ္ဓိ ၆။ ဧကဂ္ဂတာ၊ ၇။ တတြမဇ္ဈတ္တတာ စေတသိက်များဖြစ်ကြ၏။

## ၇။ မဂ္ဂင် (၈) ပါး

၁။ သမ္မာဒိဋ္ဌိ = ပညာ
၂။ သမ္မာသင်္ကပ္ပ = ဝိတက်
၃။ သမ္မာဝါစာ = သမ္မာဝါစာ
၄။ သမ္မာကမ္မန္တ = သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝ = သမ္မာအာဇီဝ
၆။ သမ္မာဝါယာမ = ဝီရိယ
၇။ သမ္မာသတိ = သတိ
၈။ သမ္မာသမာဓိ = ဧကဂ္ဂတာ

**မှတ်ချက်။** ။ ထိုမဂ္ဂင် (၈) ပါးတို့၏ တရားကိုယ်စိတ်များမှာ မဟာကုသိုလ် ၈ ပါး၊ မဟာကြိယာ ၈ ပါး၊ အပ္ပနာဇော ၂၆ ပါး၊ ပေါင်း ၄၂ ပါးသောစိတ်တို့၌ ယှဉ်ကြသည့် ဆိုင်ရာစေတသိက်များကိုကောက်ရမည်။

## တရားကိုယ်ကောက်ပုံ

သတိပဋ္ဌာန်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်တို့၏ တရားကိုယ်ကောက်ရာ ဌာနဖြစ်သော ဇော ၄၂ ပါးသော စိတ်တို့ အားဖြင့်တူညီကြ၏။ သမ္မပ္ပဓာန်နှင့် ဣဒ္ဓိပါဒ်တို့၏ တရားကိုယ်ကောက်ရာဌာနဖြစ်သော စိတ်တို့သည် ကုသိုလ် စိတ် ၂၁ ပါးအားဖြင့် တူညီကြ၏။

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့သည် ပညာမဂ္ဂင်မည်၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ နှင့် သမ္မာအာဇီဝတို့သည် သီလမဂ္ဂင်မည်၏။ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိ တို့သည် သမာဓိမဂ္ဂင်မည်၏။ ထို့ကြောင့် မဂ္ဂင် ၈ ပါး ကျင့်စဉ်တရားကို သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားဟု လည်းခေါ်သည်။

## တရားကိုယ်များကို ဖြစ်ရာဌာနဖြင့် ဝေဘန်ခြင်း

၁။ ဝီရိယ ၉ ဌာန = သမ္မပ္ပဓာန် ၄ ပါး၊ဝီရိယိဒ္ဓိပါဒ်၊ ဝီရိယိန္ဒြေ၊ ဝီရိယဗိုလ်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ သမ္မာဝါယာမဂ္ဂင်တို့တည်း

၂။ သတိ ၈ ဌာန = သတိပဋ္ဌာန် ၄ ပါး၊ သတိန္ဒြေ၊ သတိဗိုလ်၊သတိသမ္ဗောဇ္ဈင်၊ သမ္မာသတိ မဂ္ဂင် တို့တည်း။

၃။ သမာဓိ ၄ ဌာန = သမာဓိန္ဒြေ၊ သမာဓိဗိုလ်၊ သမာဓိသမ္ဗောဇ္ဈင်၊ သမ္မာသမာဓိ မဂ္ဂင် တို့တည်း။

၄။ ပညာ ၅ ဌာန = ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိ မဂ္ဂင် တို့တည်း။

၅။ သဒ္ဓါ ၂ ဌာန = သဒ္ဓိန္ဒြေ၊သဒ္ဓါဗိုလ်

## သဗ္ဗသင်္ဂဟ

စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန် ဟူသော ပရမတ်တရားအားလုံးကို သိမ်းကျုံးပြရာ ဖြစ်သောသင်္ဂဟသည် သဗ္ဗသင်္ဂဟ မည်၏။

## ၁။ ခန္ဓာ (၅) ပါး

ခန္ဓ သဒ္ဒါသည် အစုအပုံ ဟူသော အနက်ကိုဟော၏။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ဒူရ၊သန္တိက အားဖြင့် များပြားလှသော ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့ကို ၅ စု၊ ၅ ပုံ၊စုပုံ ထားခြင်းကို ခန္ဓာ (၅)ပါးဟုခေါ်၏။

၁။ ရူပက္ခန္ဓာ = ရုပ် ၂၈ ပါးတို့၏ အပေါင်းအစု

၂။ ဝေဒနာက္ခန္ဓာ = ဝေဒနာတို့၏ အပေါင်းအစု

၃။ သညာက္ခန္ဓာ = သညာတို့၏အပေါင်းအစု

၄။ သင်္ခါရက္ခန္ဓာ=ဝေဒနာ၊သညာမှကြွင်းသော စေတသိက်၅၀တို့၏ အပေါင်း အစု

၅။ ဝိညာဏက္ခန္ဓာ = စိတ် အကျဉ်း ၈၉ ပါး၊အကျယ် ၁၂၁ ပါးတို့၏ အပေါင်းအစု

## ဝေဒနာ သညာကို ခန္ဓာသီးခြား ဖွဲ့ရပုံ

ဝဋ္ဋတရားတို့၌ သာယာအပ်သောတရား၊ ထိုသာယာအပ်သောတရား၌ အရသာ ပေါ်အောင် သွင်းလောင်း၊ ထည့်ခပ်အပ်သောတရား၊ ဤနှစ်ပါးကို သီးခြားပြလိုသော ကြောင့် ဝေဒနာနှင့် သညာကို သီးခြားခန္ဓာဖွဲ့ ရသည်။

## ဥပမာနှင့် ရှေ့နောက်အစီအစဉ်

ဤခန္ဓာငါးပါးတွင် ရူပက္ခန္ဓာသည် ထမင်း၊ဟင်းလျာထည့်ဖို့ စားခွက်နှင့် တူ၏။ ထို့ကြောင့် ရူပက္ခန္ဓာကို ဦးစွာပြရသည်။ ဝေဒနာက္ခန္ဓာသည် စားဖွယ်နှင့် တူ၏။ သညာက္ခန္ဓာကား ဟင်းလျာနှင့်တူသည်။ ထို့ကြောင့် ပန်းကန်၊ခွက် နှင့်တူသော ရူပက္ခန္ဓာ၏ အခြားမဲ့၌ ထမင်းနှင့်တူသော ဝေဒနာက္ခန္ဓာကိုပြပြီးလျှင်၊ ထို့နောက် ဟင်းလျာ နှင့်တူသော သညာက္ခန္ဓာကိုပြသည်။ သင်္ခါရက္ခန္ဓာသည်ပြုစီမံတတ်သည့်အတွက်ချက်ပြုတ်ကျွေးမွေးသူ နှင့် တူ၏။ ထို့ကြောင့် ထမင်း၊ ဟင်းလျာများကိုပြပြီးနောက် ချက်သူကို ပြသည်။ ဝိညာဏက္ခန္ဓာကား စားသောက် သူနှင့် တူ၏။ ထို့ကြောင့် ထည့်စရာနှင့်တကွ ချက်သူက ချက်ထား၍ ထမင်း၊ဟင်းလျာပြည့်စုံသည့်နောက် စားသောက်သူ ဝိညာဏက္ခန္ဓာ ကို ပြသည်။

## ၂။ ဥပါဒါနက္ခန္ဓာ

ဥပါဒါန်တရား (လောဘနှင့် ဒိဋ္ဌိ)တို့၏ အာရုံဖြစ်သော ခန္ဓာကို ဥပါဒါနက္ခန္ဓာဟု ခေါ်၏။ ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာသည် လောကီစိတ်များ၊ ထိုစိတ်နှင့်ယှဉ်သော စေတသိက်များနှင့် ရုပ်တရားများဖြစ်ကြ၏။ လောကုတ္တရာစိတ် တို့မပါဝင်ချေ။

## ဥပါဒါနက္ခန္ဓာ (၅)ပါး

၁။ ရူပုပါဒါနက္ခန္ဓာ = ရုပ် ၂၈ ပါးတို့၏ အပေါင်းအစု

၂။ ဝေဒနုပါဒါနက္ခန္ဓာ = လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သော ဝေဒနာတို့၏ အပေါင်းအစု

၃။ သညုပါဒါနက္ခန္ဓာ = လောကီစိတ် ၈၁ ပါးနှင့်ယှဉ်သော သညာတို့၏ အပေါင်းအစု

၄။ သင်္ခါရက္ခန္ဓာ = ဝေဒနာ၊သညာမှကြွင်းသော စေတသိက် ၅၀ တို့၏ အပေါင်းအစု

၅။ ဝိညာဏက္ခန္ဓာ = လောကီစိတ် ၈၁ ပါးတို့၏ အပေါင်းအစု

## ခန္ဓာ ၂ မျိုးဟောရခြင်း အကြောင်း

လောကီဖြစ်စေ၊ လောကုတ္တရာဖြစ်စေ ခန္ဓာဖွဲ့၍ ရကောင်းသမျှသော တရားများ အားလုံးကို သိမ်းကျုံးလျက် ပြ တော်မူခြင်းငှါ ပထမ ခန္ဓဒေသနာကို ဟောတော်မူသည်။

ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသောအခါ၌ကား လောကုတ္တရာခန္ဓာများကို အာရုံပြု၍ မစီးဖြန်းရပါ။ ဝဋ်ဒုက္ခတရားများကို အာရုံပြု၍ စီးဖြန်းပါမှ အနိစ္စ၊ဒုက္ခ၊အနတ္တသဘော ထင်မြင်နိုင်သည်။ သို့အတွက် ဝိပဿနာရှုမှတ်ရန် အလို့ငှါ လောကီတရားများ သက်သက်ကို ခန္ဓာဖွဲ့လျက် ဒုတိယ ဥပါဒါနက္ခန္ဓ ဒေသနာကို ဟောတော်မူ၏။

## နိဗ္ဗာန်သည် ခန္ဓဝိမုတ်

နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်သဖြင့် ကာလဝိမုတ် ဖြစ်၏။ အဇ္ဈတ္တ၊ ဗဟိဒ္ဓဟု ၂ မျိုး မကွဲပြားဘဲ ခန္ဓာကိုယ်ပြင်ပ၌ တည်သောကြောင့် ဗဟိဒ္ဓ တစ်မျိုးသာရှိ၏။ သြဠာရိက၊သုခုမ ဟူ၍ ၂ မျိုး မကွဲပြားဘဲ သိမ်မွေ့သောကြောင့် သုခုမ တစ်မျိုးသာဖြစ်၏။ ဟီန၊ပဏီတဟု ၂ မျိုး မကွဲပြားဘဲ ပဏီတ တစ်မျိုးသာ ဖြစ်၏။ ဒူရေ၊သန္တိကေ ဟု ၂မျိုး မကွဲပြားဘဲ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေ တစ်မျိုးသာရှိ၏။ ဤသို့ ဆိုင်ရာဌာန၌ ၂ မျိုးမရ၊ တစ်မျိုးစီသာရ သောကြောင့် နိဗ္ဗာန်ကို ဘေဒါဘာဝ- အကွဲအပြားမရှိဟု ဆိုသည်။

ဗဟိဒ္ဓ၊သုခုမ၊ပဏီတ၊ ဒူရ ဟူသော ၄ မျိုးကား အချင်းချင်း ကွဲပြားကြသည် မဟုတ်။ ဗဟိဒ္ဓနိဗ္ဗာန်သည်ပင် သုခုမ လည်းဖြစ်၏။ ပဏီတလည်း ဖြစ်၏။ ဒူရလည်းဖြစ်၏။ ဤသို့လျှင် နိဗ္ဗာန်၌ အကွဲအပြားမရှိသဖြင့် နိဗ္ဗာန်ကို ခန္ဓာ မဖွဲ့ထိုက်ပါ။

## ၃။ အာယတန (၁၂) ပါး

အာယတန သဒ္ဒါသည် အကြောင်း ဟူသောအနက်ကိုဟော၏။ စိတ်၊ စေတသိက်တို့သည် ရူပါရုံ၊ စက္ခုပသာဒစ သည်တို့ကို အကြောင်းပြု၍ ဖြစ်ပေါ်ကြ၏။ ထို့သို့ စိတ်၊ စေတသိက်တို့ဖြစ်ပေါ်ကြောင်းဖြစ်သော တရားများကို အာယတန ဟုခေါ်၏။

| အတွင်း အဇ္ဈတ္တိကာယတန ၆ ပါး | အပြင် ဗာဟိရာယတန ၆ ပါး |
|---|---|
| ၁။ စက္ခာယတန= စက္ခုပသာဒ | ၇။ ရူပါယတန = ရူပါရုံ (အဆင်း) |
| ၂။ သောတာယတန =သောတပသာဒ | ၈။ သဒ္ဒါယတန = သဒ္ဒါရုံ (အသံ) |
| ၃။ ဃာနာယတန = ဃာနပသာဒ | ၉။ ဂန္ဓာယတန = ဂန္ဓာရုံ ( အနံ့) |
| ၄။ ဇိဝှါယတန = ဇိဝှါပသာဒ | ၁၀။ ရသာယတန = ရသာရုံ (အရသာ) |
| ၅။ ကာယာယတန = ကာယပသာဒ | ၁၁။ ဖောဋ္ဌဗ္ဗာယတန = ဖောဋ္ဌဗ္ဗာရုံ (ပထဝီ၊တေဇော၊ဝါယော) |
| ၆။ မနာယတန = စိတ်အကျဉ်း ၈၉။ စိတ် အကျယ် ၁၂၁ ပါး | ၁၂။ ဓမ္မာယတန = စေတသိက် ၅၂ပါး၊ သုခုမရုပ် ၁၆ ပါး နိဗ္ဗာန် |

## ၄။ ဓာတ် (၁၈) ပါး

မိမိသဘောကိုဆောင်တတ်သော တရားကို ဓာတ်ဟုခေါ်၏။ စက္ခု၊ သောတ စသော တရားတို့သည် မိမိသဘော အတိုင်း တည်ရှိကြပြီး မိမိဆိုင်ရာ သဘောကို ဆောင်ရွက်နိုင်ကြ၏။ ထို့ကြောင့် ဓာတ် ဟု အမည်ရသည်။

| ဒွါရ ၆ ပုံ (အခံဓာတ်) | အာရုံ ၆ တန် (အတိုက်ဓာတ်) | ဝိညာဏ် ၆ သွယ် (အပွင့်ဓာတ်) |
|---|---|---|
| ၁။ စက္ခုဓာတ် | ၇။ ရူပဓာတ် | ၁၃။ စက္ခုဝိညာဏဓာတ် |
| ၂။ သောတဓာတ် | ၈။ သဒ္ဒဓာတ် | ၁၄။ သောတဝိညာဏဓာတ် |
| ၃။ ဃာနဓာတ် | ၉။ ဂန္ဓဓာတ် | ၁၅။ ဃာနဝိညာဏဓာတ် |
| ၄။ ဇိဝှါဓာတ် | ၁၀။ ရသဓာတ် | ၁၆။ ဇိဝှာဝိညာဏဓာတ် |
| ၅။ ကာယဓာတ် | ၁၁။ ဖောဋ္ဌဗ္ဗဓာတ် | ၁၇။ ကာယဝိညာဏဓာတ် |
| ၆။ မနောဓာတ် | ၁၂။ ဓမ္မဓာတ် | ၁၈။ မနောဝိညာဏဓာတ် |

## အာယတန ဓာတ်အပြားဖြစ်ပုံ

ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး ပြားသောကြောင့် အာယတန ၁၂ ပါး ပြားကုန်၏။ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး ထိုဒွါရ၊ အာရုံကိုမှီ၍ဖြစ်သော ဝိညာဏ်ခြောက်ပါး စဉ်ပြားသောကြောင့် ဓာတ် ၁၈ ပါးပြားကုန်၏။

## သစ္စာလေးပါး

သစ္စာသည် မှန်ကန်ခြင်း အနက်ကိုဟော၏။ ဒုက္ခဟူ၍ ဟောထားသော ရုပ်၊ နာမ်တရားတို့သည် ဧကန်အမှန် ဒုက္ခဖြစ်၏။ သမုဒယဟု ဟောထားသော တဏှာသည်လည်း အမှန်ပင် ဒုက္ခ၏အကြောင်းဖြစ်၏။ နိရောဓဟု ဟောထားသော ဒုက္ခချုပ်ငြိမ်းခြင်း နိဗ္ဗာန်သည်လည်း အမှန်ပင် ဒုက္ခ၏ချုပ်ရာအမှန်ပင်ဖြစ်၏။ မဂ္ဂသစ္စာဟု ဟောထားသော နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်သည် အမှန်ပင် နိဗ္ဗာန်ရောက်ကြောင်း အကျင့်မှန်ပေ၏။

တစ်ဖန် ဤ သစ္စာလေးပါးတို့သည် အရိယာပုဂ္ဂိုလ်များသာ ပိုင်ပိုင်နိုင်နိုင် သိအပ်သောကြောင့် အရိယသစ္စာလေးပါးဟုလည်း အမည်ရ၏။ ဤ သစ္စာလေးပါးတွင် ဒုက္ခနှင့် သမုဒယသစ္စာတို့သည် လောကီသစ္စာများ ဖြစ်ကြသည် နိရောဓနှင့် မဂ္ဂသစ္စာတို့ကား လောကုတ္တရာသစ္စာတို့တည်း။

သံသရာ၌ဖြစ်ရသော ရုပ်၊ နာမ်ဟူသမျှသည် ဒုက္ခတရားချည်းသာတည်း။ ထို့ကြောင့် ဒုက္ခသစ္စာသည် သံသရာ၌ ဖြစ်ရခြင်းတည်းဟူသော ပဝတ္တိသစ္စာ ဖြစ်၏။ မကောင်းသော အကျိုးသစ္စာလည်းဖြစ်၏။ သမုဒယသစ္စာသည် ထိုသံသရာ ဒုက္ခဟူသမျှ၏ ဖြစ်ရခြင်းအကြောင်းရင်း ပဝတ္တိဟေတုသစ္စာတည်း၊ မကောင်းသော အကြောင်းသစ္စာလည်းဖြစ်သည်။

နိရောဓသစ္စာသည် သံသရာဒုက္ခ၏ ချုပ်ငြိမ်းရာ နိဝတ္တိသစ္စာတည်း။ ကောင်းသော အကျိုးသစ္စာဖြစ်၏။ မဂ္ဂသစ္စာသည် ထိုနိဝတ္တိသို့ ရောက်ကြောင်း နိဝတ္တိဟေတုသစ္စာ ဖြစ်၏။ကောင်းသောအကြောင်း သစ္စာလည်းဖြစ်သည်။

ဤသစ္စာလေးပါးဖြင့် မကောင်းသော အကျိုး၊ အကြောင်း၊ ကောင်းသော အကျိုး၊ အကြောင်းများ စုံလင်ပြီဖြစ် သောကြောင့် ဤသစ္စာလေးပါးထက် ပို၍လည်းကောင်း၊ ယုတ်လျော့၍လည်းကောင်း ဟောတော်မမူဘဲ အဆူဆူသော ဘုရားရှင်တို့ ဤလေးပါးကိုသာ ဟောတော်မူမြဲဖြစ်ပေသည်။

အရိယာသစ္စာလေးပါးကို ကောင်းစွာသိမြင်သောသူသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။ ခန္ဓာ ၅ ပါး၊အာယတန ၁၂ ပါး၊ဓာတ် ၁၈ ပါးတို့ကို ထင်မြင်အောင် ဝိပဿနာရှုပွားခြင်းသည် အရိယာသစ္စာလေးပါး ကို မြင်သိလာရန်အတွက် ဖြစ်၏။

ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ဖြစ်ပုံကို သစ္စာလေးပါးဖြင့် သေချာပိုင်ပိုင် မြင်နိုင်စေရန် သစ္စာဒေသနာကို ဟောတော်မူခြင်းဖြစ်သည်။

## သစ္စာ (၄) ပါး

၁။ လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်သော စေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါး၊ ဤတေဘူမက ဖြစ်သော ဝဋ္ဋတရား သည် ဒုက္ခသစ္စာမည်၏။

၂။ ဒုက္ခ၏အကြောင်းဖြစ်သော တဏှာဟူသော လောဘစေတသိက်သည် သမုဒယသစ္စာမည်၏။

၃။ ဒုက္ခ၊သမုဒယနှစ်ပါးတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ နိရောဓသို့ရောက်ကြောင်း မဂ်စိတ်လေးပါး၌ရှိသော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

## သစ္စဝိမုတ်

မဂ်စိတ္တုပ္ပါဒ် ၂၉ ပါး၊ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးတို့သည် သစ္စာလေးပါး၌ မပါဝင်သဖြင့် သစ္စဝိမုတ်မည်၏။ မဂ်စိတ်လေးပါးကို လက္ခဏာတူသဖြင့် တစ်ပါးတည်းပြု၍ ၎င်းနှင့်ယှဉ်သော စေတသိက် ၂၈ ပါးကိုပေါင်းသော် မဂ်စိတ္တုပ္ပါဒ် ၂၉ ဖြစ်၏။ မဂ္ဂင်တရားကိုယ် ၈ ပါးကို မဂ္ဂသစ္စာယူ၍ စေတသိက် ၂၈ ပါးဖြစ်သည်။ ဖိုလ်စိတ် ၄ ပါးကို လက္ခဏာတူသဖြင့် တစ်ပါးတည်းပြု၍ ၎င်းနှင့်ယှဉ်သော စေတသိက် ၃၆ ပါးကို ပေါင်းသော် ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးဖြစ်၏။

## ခန္ဓာစသော ဒေသနာလေးမျိုးဟောရကျိုး

နာမသမ္မူဠ္ဍ၊ ရူပသမ္မူဠ္ဍ၊ နာမရူပသမ္မူဠ္ဍ ပုဂ္ဂိုလ်သုံးမျိုးလုံးကိုပင် သိမ်းကျုံးချီးမြှောက်တော်မူလိုသောကြောင့် ဘုရားရှင်သည် ခန္ဓစသော ဒေသနာတော် အရပ်ရပ်ကို အထပ်ထပ် ဟောတော်မူသည်။

ခန္ဓဒေသနာတော်သည် နာမ်တရားကို လေးမျိုး ခွဲခြားလျက် ဟောထားသဖြင့် ထိုနာမသမ္မူဠ္ဍ ပုဂ္ဂိုလ်များနှင့် အထူး သင့်မြတ်ပေသည်။ အာယတနဒေသနာတော်ကား

ရုပ်တရားများကို ဆယ်ပါးနှင့် ဓမ္မာယတနစိတ်တိုင်အောင် ခွဲခြား ဟောပြသဖြင့် ရုပ်တရားကို နားမလည်နိုင်ကြသော ရူပသမ္မူဠ္ဍ ပုဂ္ဂိုလ်များနှင့် အထူးသင့်မြတ်ပေ သည်။ ဓာတုဒေသနာတော်မှာ ရုပ်၊ နာမ်နှစ်ပါးလုံးကိုပင် နားလည်စေလို၊ ချီးမြှောက်တော်မူလို သည့်အတွက် ပရမတ္ထတရားကို ခန္ဓာစသော ဒေသနာတော်များဖြင့် အထပ်ထပ် ဟောတော်မူရပေသည်။ ထို့နောက် ခန္ဓာ၊ အာယတန၊ ဓာတ်တို့၏ ဖြစ်ပုံကို လေးစုံသော သစ္စာဖြင့် သေချာပိုင်ပိုင် သိမြင်နိုင်မှသာ ကျေးဇူးများလှသောကြောင့် သစ္စာဒေသနာကို အဆုံးက အုပ်၍ နိဂုံးချုပ်ရပေသည်။

**သမုစ္စည်းပိုင်းပြီး၏**

# ပစ္စည်းပိုင်း

စိတ်၊ စေတသိက်၊ ရုပ် ၊နိဗ္ဗာန်တရားတို့ကို သဘောတူချင်း ပေါင်းသင်း စုစည်းရာ သမုစ္စယသင်္ဂဟကို ပြပြီး၍၊ ယခုအခါ၌ ထိုသဘာဝဓမ္မတို့၏ အကြောင်း အကျိုးဆက်သွယ်နေပုံကိုလည်းကောင်း၊ အကျိုးတရားများဖြစ်လောက်အောင် အကြောင်းတရားတို့၌ သတ္တိစွမ်းပကား ရှိပုံကိုလည်းကောင်း ပြလိုသော အရှင်အနုရုဒ္ဓါသည် ယေသံ သင်္ခတဓမ္မာနံ အစရှိသော ဂါထာဖြင့် ပစ္စည်းပိုင်းကို ပြဆိုသည်။

ပရမတ္ထတရားလေးပါးတို့ကို သဘောတူချင်း ပေါင်းစု၍ သမုစ္စည်းပိုင်း၌ ပြဆိုခဲ့ပြီးနောက် ထိုသဘာဝဓမ္မတို့သည် ဣဿရနိမ္မာနစသော တန်ခိုးရှင်တို့ ဖန်ဆင်း၍ ပေါ်လာသည်မဟုတ်၊ အကြောင်းကင်း၍ ပေါ်လာသည်လည်းမဟုတ်၊ အကြောင်း အကျိုး ဆက်သွယ်နေပုံကို လည်းကောင်း၊ အကျိုးတရားများ ဖြစ်လောက်အောင် အကြောင်းတရားတို့၌ သတ္တိစွမ်းပကားရှိပုံကိုလည်းကောင်း ဤ ပစ္စည်းပိုင်း၌ ထိုက်သည့် အားလျော်စွာ ပြဆို၏။

## ပစ္စည်းနှင့် ပစ္စယုပ္ပန်

ပစ္စယ-ပစ္စည်း = ဆိုင်ရာ အကျိုးများ၏ အကြောင်းတရား။ ပစ္စယုပ္ပန္န- ပစ္စယုပ္ပန် = အကြောင်းတရားကြောင့် ဖြစ်သော အကျိုးတရား။ ပစ္စည်း တရားတို့က ပစ္စယုပ္ပန်တရားတို့ကို ကျေးဇူးပြုသည်ဆိုရာ၌

(၁) မဖြစ်သေးသော ပစ္စယုပ္ပန် = အကျိုးတရားကိုဖြစ်စေခြင်း

(၂) ဖြစ်ပြီးသော ပစ္စယုပ္ပန်=အကျိုးတရားကိုတည်တံ့ခိုင်မြဲအောင်ထောက်ပံ့ခြင်းကို ဆိုလို၏။

## ကျေးဇူးပြုနည်း (၂) မျိုး

အဝိဇ္ဇာပစ္စယာ သင်္ခါရာသည် အဝိဇ္ဇာဟူသော ပစ္စည်းတရားကြောင့် သင်္ခါရဟူသည့် ပစ္စယုပ္ပန်တရားဖြစ်သည်ကိုပြ၏။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် နည်းသည် ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့၏ အကြောင်း အကျိုးဆက်နွယ်မှုကိုသာ ပြသည်။ မည်သည့် ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူသော ပစ္စယသတ္တိ အထူးကို မပြချေ။ ထိုနည်းကို ပဋိစ္စသမုပ္ပါဒ်နည်း ဟုခေါ်သည်။

ပဋ္ဌာန်းပါဠိတွင် ဟေတူ ဖြင့် ပစ္စည်းကိုပြ၏။ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စရူပါနံ ဖြင့် ပစ္စယုပ္ပန် ကိုပြ၏။ ဟေတုပစ္စယေနဖြင့် ဟေတုပစ္စယ သတ္တိကို

ပြ၏။ ထိုနည်းကို ပဋ္ဌာန်းနည်းဟုခေါ်သည်။ ထို့ကြောင့် ပဋ္ဌာန်းနည်းသည် ပစ္စည်း၊ ပစ္စယုပ္ပန် တို့ကို သာမက ပစ္စယသတ္တိထူး ကိုပါ ထုတ်ဖော်ပြ၏။

## ပဋိစ္စသမုပ္ပါဒ်နည်း

| ပစ္စည်း | ပစ္စယုပ္ပန် |
|---|---|
| ၁။ အဝိဇ္ဇာ (မောဟစေတသိက်) | သင်္ခါရ (အကုသိုလ် ၁၂ ၊ မဟာကုသိုလ် ၈၊ ရူပကုသိုလ် ၅၊ အရူ ပကုသိုလ် ၄၊ပေါင်း ၂၉ ပါး) |
| ၂။ သင်္ခါရ (ပဋိသန္ဓေအခါ၊ပဝတ္တိ အခါတို့၌ ဥဒ္ဓစ္စနှင့် အဘိညာဉ်တို့ ကိုကြဉ်၍ လောကီကုသိုလ်၊ အကု သိုလ်စေတနာ) | ဝိညာဏ (ပဋိသန္ဓေဝိညာဏ် ၁၉ ပါး၊ ပဝတ္တိဝိညာဏ် လောကီ ဝိပါက် ၃၂ ပါး) |
| ၃။ ဝိညာဏ (စိတ် ၈၉ ပါး) | နာမ၊ရူပ (နာမအရ စေတသိက် ၅၂၊ ရူပအရ ကမ္မဇရုပ် ၁၈) |
| ၄။ နာမ၊ရူပ (နာမအရ လောကီ ဝိပါက် ၃၂ ပါး နှင့် ယှဉ်သောစေတ သိက် ၃၅၊ ရူပအရ ကမ္မဇရုပ် ၁၈) | သဠာယတန (အဇ္ဈတ္တိကာယတန ၆ ပါး) |
| ၅။ သဠာယတန (အာယတန ၁၂) | ဖဿ (လောကီဝိပါက် ၃၂ ပါးနှင့်ယှဉ်သော ဖဿ) |
| ၆။ ဖဿ (လောကီဝိပါက် ၃၂ ပါး နှင့်ယှဉ်သော ဖဿ ၃၂ ပါး) | ဝေဒနာ( လောကီဝိပါက် ၃၂ ပါးနှင့်ယှဉ်သော ဝေဒနာ) |
| ၇။ ဝေဒနာ (လောကီစိတ် ၈၁ ပါး ရှိ ဝေဒနာ) | တဏှာ(ရူပတဏှာ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ဖောဋ္ဌဗ္ဗ ၊ဓမ္မတဏှာ) |
| ၈။ တဏှာ (အားနည်းသော လောဘ) | ဥပါဒါန (အားကြီးသော လောဘ) |
| ၉။ ဥပါဒါန (ဥပါဒါန် ၄ ပါး) | ဘဝ (ကမ္မဘဝ၊ဥပပတ္တိဘဝ) |
| ၁၀။ ဘဝ (ကမ္မဘဝ) | ဇာတိ (လောကီဝိပါက် ၃၂၊ ထိုနှင့်ယှဉ်သော စေတသိက် ၃၅၊ ကမ္မဇရုပ် ၁၈ ပါး၌ရှိသော ဖြစ်ခြင်း ဥပါဒ်) |
| ၁၁။ ဇာတိ | ဇရာ၊မရဏ၊သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမ နဿ၊ဥပါယာသ |

# အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ

## အဝိဇ္ဇာ

သစ္စာလေးပါး၌လည်းကောင်း၊ ရှေ့အစွန်းဟုဆိုအပ်သော ပုဗ္ဗန္တ ၊ နောက်အစွန်းဟုဆိုအပ်သော အပရန္တ ၊ ရှေ့ နောက်အစွန်းဟု ဆိုအပ်သော ပုဗ္ဗန္တာပရန္တ ၊ ပဋိစ္စသမုပ္ပါဒ်တို့၏ အကြောင်း အကျိုးဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်၊ ဤရှစ်ရပ်သော တရားတို့၌ ဖုံးလွှမ်းတတ်သော မောဟစေတသိက်သည် အဝိဇ္ဇာမည်၏။

## အဝိဇ္ဇာ အမျိုးမျိုး

ကုသိုလ်၊အကုသိုလ်မှန်းကိုမျှ မသိအောင်ဖုံးလွှမ်းထားသော အဝိဇ္ဇာသည် အလွန်ထူပိန်းသော အဝိဇ္ဇာတည်း။ ကုသိုလ်၊ အကုသိုလ်မှန်းသိတတ်၍ အကုသိုလ် အချက်ပေါ်လာလျှင် မတော်ပါတကားဟု ရှောင်ရှားတတ်၊ ကုသိုလ် ဟူသမျှကို ပြုတတ်လျှင် အဝိဇ္ဇာ အတော်ပါးလှပ်လေပြီ။ သို့သော် အဝိဇ္ဇာ ကင်းဖို့အရေးမှာ များစွာဝေးပါသေးသည်။ သောတာပန်၊ သကဒါဂါမ် ၊ အနာဂါမ် အဖြစ်ရောက်၍ သစ္စာလေးပါးစသည်ကို ထွင်းဖေါက်သိမြင်နိုင်သော်လည်း အဝိဇ္ဇာမှာ ပါးသည်ထက် ပါးရုံသာ ရှိသေး၏။ ရဟန္တာအဖြစ်ကျမှ အဝိဇ္ဇာအားလုံး ကင်းလေသည်။

## အဝိဇ္ဇာကင်းသော်လည်း အကုန်မသိနိုင်

အဝိဇ္ဇာကင်း၍ ရဟန္တာဖြစ်သောအခါ လောကီ၊ လောကုတ္တရာအားလုံးကို ကုန်စင်အောင် သိပြီဟု မမှတ်ရ၊ သိသင့်၊ သိထိုက်သလောက် သစ္စာလေးပါးစသည်ကို သိခြင်းသည်သာလျှင် လိုရင်းတည်း။ ရဟန္တာ ဖြစ်သော်လည်း ပဋိသမ္ဘိဒါပတ္တရဟန္တာ မဟုတ်လျှင် ပိဋကကို တမင်သင်ယူမှ တတ်နိုင်သည်။ ပိဋကတတ်သော်လည်း သူတစ်ပါး၏ အဇ္ဈာသယကို ကျနစွာမသိ၊ အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသော ဘုရားရှင်သာလျှင် သိဖွယ်အားလုံးကို ကုန်စင်အောင် သိမြင်တော်မူနိုင်သည်။ ထိုကဲ့သို့ လောကီ လောကုတ္တရာ အားလုံးကို ကုန်စင်အောင် မသိခြင်းမှာ အဝိဇ္ဇာ၏ ဖုံးလွှမ်းမှုမဟုတ်၊ မိမိဉာဏ်၏ သတ္တိအားနည်းမှုသာဖြစ်သည်။

## သင်္ခါရ

အကျိုးဝိပါက်ဖြစ်သော ရုပ်၊ နာမ် သင်္ခတတရားစုကို ပြုစီမံတတ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာ သည် သင်္ခါရမည်၏။

## သင်္ခါရ (၃)ပါး

ထို စေတနာသည်လည်း ၁။ ပုညာဘိသင်္ခါရ၊ ၂။ အပုညာဘိသင်္ခါရ ၊ ၃။ အာနေဉ္ဇာဘိသင်္ခါရဟု သုံးမျိုးပြားသည်။ ထိုတွင် ကာမကုသိုလ်စေတနာ ၈ ပါး၊ ရူပကုသိုလ်စေတနာ ၅ ပါး၊ ဤကုသိုလ်စေတနာ ၁၃ ပါး သည် ကောင်းသော ဝိပါက်နာမက္ခန္ဓာကဋတ္တာ ရုပ်တို့ကို ဖြစ်စေတတ်၊ ပြုပြင် စီရင်တတ်သောကြောင့် ပုညာဘိသင်္ခါရ မည်၏။

အကုသိုလ်စေတနာ ၁၂ ပါးသည် မကောင်းသော ဝိပါက် နာမက္ခန္ဓာကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်၊ ပြုပြင်စီရင် တတ်သောကြောင့် အပုညာဘိသင်္ခါရမည်၏။

အရူပကုသိုလ်စေတနာ ၄ ပါးသည် မတုန်လှုပ်တတ်သော အရူပဘဝကို ပြုပြင်စီရင်တတ်သောကြောင့် အနေ ဥ္စာဘိသင်္ခါရမည်၏။

**တနည်း**

၁။ ကာယဝိညတ်ဟု ဆိုအပ်သော ကာယဒွါရကြောင့် ဖြစ်ကုန်သော ကာမကုသိုလ် စေတနာ ၈ ပါး၊ အကုသိုလ် စေတနာ ၁၂ ပါး၊ ဤ ၂၀ သော ကာယကံစေတနာ အပေါင်းသည် ကာယသင်္ခါရမည်၏။

၂။ ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရကြောင့်ဖြစ်သော ဆိုအပ်ပြီးသော ၂၀ သော ဝစီကံစေတနာ အပေါင်း သည် ဝစီသင်္ခါရမည်၏။

၃။ ဝိညတ် ၂ ပါးကိုမဖြစ်စေမူ၍ မနောဒွါရ၌သာဖြစ်သော အကုသိုလ်စေတနာ ၁၂ ပါး၊ မဟာကုသိုလ်စေတနာ ၈ ပါး၊ မဟဂ္ဂုတ်ကုသိုလ်စေတနာ ၉ ပါး၊ ဤစေတနာ ၂၉ ပါးသည် စိတ္တသင်္ခါရမည်၏။

## အဝိဇ္ဇာသည် သင်္ခါရအားကျေးဇူးပြုပုံ

အဝိဇ္ဇာသည် သစ္စာလေးပါးကို မသိမမြင်သောကြောင့် မျက်စိကန်းသူနှင့် တူ၏။ သံသရာခရီးလမ်း၌ ကျင်လည်ရာ တစ်ခါတစ်ရံ ပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရ တည်းဟူသော မြေမှန်ကိုနင်းမိ၏။ တစ်ခါတစ်ရံ အပုညာ ဘိသင်္ခါတည်းဟူသော

ဆူးပြောင့်ခလုတ်ကို နင်းမိ၏။ ထို့ကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရသုံးပါးဖြစ်သည်ဟုဆို သည်။

အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်သည် ဆိုရာ၌ ကျေနပ်ဖွယ်ရှိ၏။ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံမှာ ရုပ်၊ နာမ်ခန္ဓာကို ရရှိနေသမျှ ဇာတိ၊ ဇရာ၊ မရဏမကင်း၊ ဝိပရိဏာမဒုက္ခနှင့် မုချတစ်နေ့ တွေ့ရမည်။ ထိုဒုက္ခတွေကို သတိရသော်လည်း ပြောပလောက်သော ဒုက္ခဟုမထင်ဘဲ အဝိဇ္ဇာက ထိုဒုက္ခတွေကို ကာကွယ်ပေးထားသဖြင့် ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ကို အားပါးတရပြုမိကြ၏။ အဝိဇ္ဇာကင်း၍ ရဟန္တာဖြစ်သည့်အခါ ပြုသမျှကောင်းမှုတွေသည် ပုညာဘိသင်္ခါရအမည်မရဘဲ ကြိယာမျှသာဖြစ်ရတော့၏။

အဝိဇ္ဇာမကင်းသေးခင် ပြုသမျှကောင်းမှုကား ဝဋ္ဋနိဿိတ (သံသရာတွင် ကျင် လည်) ဖြစ်ဖြစ် ဝိဝဋ္ဋနိဿိတ (သံသရာမှလွတ်လို) ဖြစ်ဖြစ် ကြိယာ အမည်မရနိုင်။ အဝိဇ္ဇာနယ်ပယ်က မလွတ်သေးသမျှ ပုညာဘိသင်္ခါရ အမည်ရလေသည်။

## အဝိဇ္ဇာကို အစထား၍ ဟောရကြောင်း

ကိလေသဝဋ်၊ကမ္မဝဋ်၊ဝိပါကဝဋ်တည်းဟူသော ဝဋ်သုံးပါး၏ ပြဌာန်းသော အကြောင်းရင်းဖြစ်သောကြောင့် အဝိဇ္ဇာကို အစထား၍ မြတ်စွာဘုရားဟောတော်မူသည်။ (အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော)

# သင်္ခါရပစ္စယာ ဝိညာဏံ

အဝိဇ္ဇာပစ္စယာ သင်္ခါရ ပုဒ်၌ သင်္ခါရအရ အလုံးစုံသော လောကီကုသိုလ်၊ အကုသိုလ်စေတနာ ၂၉ ပါးကို အကုန်ယူ၏။ သင်္ခါရပစ္စယာ ဝိညာဏံပုဒ်၌ သင်္ခါရအရ ပဋိသန္ဓေအခါ ဥဒ္ဓစ္စစေတနာ၊ပဝတ္တိအခါတို့၌ အဘိညာဏ်စေတနာကြဉ်၍ ကြွင်းသော လောကီကုသိုလ်၊ အကုသိုလ် စေတနာများကိုသာ ယူရမည်။ ဝိညာဏပုဒ်အရ ဘုံသုံးပါး၌ဖြစ်သော ပဋိသန္ဓေဝိညာဏ် ၁၉ ပါး၊ ပဝတ္တိဝိညာဏ် လောကီဝိပါက် ၃၂ ပါး ကိုသာ ဤပဋိစ္စသမုပ္ပါဒ်အရာ၌ ယူရမည်။

## ပဋိသန္ဓေအစွမ်းဖြင့် ကျေးဇူးပြုပုံ

ပုညာဘိသင်္ခါရကြောင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ပါး၊ မဟာဝိပါက် ၈ ပါး၊ ရူပဝိပါက် ၅ ပါး၊ ဤ ၁၄ ပါးသော ဝိညာဏ်ဖြစ်၏။

ဥဒ္ဒစ္စစေတနာကြဉ်သော အပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁ ခုသာဖြစ်၏။ ဥဒ္ဒစ္စကား ပဝတ္တိဝိညာဏ်ကိုဖြစ်စေနိုင်၏။ အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပဝိပါက် ဝိညာဏ် ၄ ခုသာဖြစ်သည်။ ထိုတရားတို့ကိုပေါင်းသော် သင်္ခါရသုံးပါးကြောင့် ပဋိသန္ဓေဝိညာဏ် ၁၉ ပါးဖြစ်၏။

## ပဝတ္တိအစွမ်းဖြင့် ကျေးဇူးပြုပုံ

ကာမာဝစရကုသိုလ် ပုညာဘိသင်္ခါရ ၈ ခုကြောင့် အဟိတ်ကုသလဝိပါက် ၈ ပါး၊ မဟာဝိပါက် ၈ ပါး၊ ပေါင်း ၁၆ ပါး ဖြစ်၏။ ရူပါဝစရကုသိုလ် ပုညာဘိသင်္ခါရ ၅ ခုကြောင့် ရူပါဝစရဝိပါက် ၅ ခုဖြစ်၏။ ပုညာဘိသင်္ခါရကြောင့် အကုသလဝိပါက် ၇ ပါးဖြစ်၏။ အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပါဝစရဝိပါက် ၄ ပါးဖြစ်၏။

# ဝိညာဏပစ္စယာ နာမရူပံ

သင်္ခါရပစ္စယာဝိညာဏံပုဒ်၌ ဝိညာဏအရ ပဋိသန္ဓေဝိညာဏ် ၁၉ ပါး၊ ပဝတ္တိဝိညာဏ် လောကီဝိပါက် ၃၂ ပါးကို ယူ၏။ ကံ၏ အကျိုးတရားဖြစ်သောကြောင့် ဝိပါက်ဝိညာဏ်ကိုသာယူရသည်။ ဝိညာဏပစ္စယာ နာမရူပံ၌ ဝိညာဏအရကို အလုံးစုံသော စိတ် ၈၉ ပါးကိုယူ၏။ နာမရူပံပုဒ်၌ နာမအရကို ဝေဒနာအစရှိသော ခန္ဓာ ၃ ပါး၊ စေတ သိက် ၅၂ ပါးကိုယူအပ်၏။ ရူပံအရ ကမ္မဇရုပ် တနည်း စတုသမုဋ္ဌာနိက ရုပ်ကိုယူအပ်၏။

## ဝိညာဏ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ

ပဋိသန္ဓေဝိညာဏ်သည် ပဋိသန္ဓေ နာမ်ရုပ်အား ကျေးဇူးပြု၏။ ပဝတ္တိဝိညာဏ်သည် ပဝတ္တိရုပ်နာမ်အား ကျေးဇူးပြု၏။ **ကျေးဇူးပြုပုံကား** ။ ။ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါ ပဋိသန္ဓေဝိပါက်စိတ် ၁၅ ပါး၊ စေတသိက် ၃၅ ပါး၊ ကာယဒသက၊ ဝတ္ထုဒသက၊ ဘာဝဒသက ဟုဆိုအပ်သော ကမ္မဇကလာပ် ၃ စည်းတို့သည် တစ်ပြိုင်နက်ဖြစ်၏။ ပဋိသန္ဓေဝိညာဏ်စိတ်သည် မိမိနှင့်အတူတကွဖြစ်သော စေတသိက်၊ နာမ်နှင့် ကမ္မဇရုပ်တို့အား ကျေးဇူးပြု၏ဟု ဆိုလိုသည်။ ပဝတ္တိအခါ ကုသိုလ်စိတ် စသည်ဖြစ်ရာ၌ ထိုကုသိုလ်စိတ်နှင့် အတူတကွ စေတသိက် ၃၈ ပါး၊ စိတ္တဇ ရုပ်တို့ဖြစ်၏။ ကုသိုလ်စိတ်ဝိညာဏ်သည် မိမိနှင့်အတူဖြစ်သော စေတသိက်နာမ်နှင့် စိတ္တဇရုပ်တို့အား ကျေးဇူးပြု၏။ စတုဝေါကာရဘုံ၌ ပဋိသန္ဓေ၊ ပဝတ္တိ ၂ ပါးလုံးပင် လေးပါးသော အရူပ ဝိပါက်ဝိညာဏ်သည် စေတသိက် ၃၀ တည်းဟူသော နာမ်တရားအား ကျေးဇူးပြု၏။

## နာမရူပပစ္စယာ သဠာယတနံ

နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်ဆိုရာဝယ် နာမ်ရုပ်အဖြစ် လောကီဝိပါက် ၃၂ ပါး၌ယှဉ်ကြသော စေတသိက် ၃၅ ပါး (စေတသိက်နာမ်ခန္ဓာ ၃ ပါး)နှင့် ကမ္မဇရုပ် ၁၈ ပါးတို့ကိုပင် ကောက်ယူရမည်။
သဠာယတနအဖြစ် စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနောယတန တည်းဟူသော အဇ္ဈတ္တိကာယတန ၆ ပါးကိုယူရမည်။ ပထမအာယတန ၅ ပါးသည် စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ များဖြစ်ကြသဖြင့် ရုပ်အကြည်ဓာတ်များဖြစ်ကြ၏။ ထို့ကြောင့် ပဋ္ဌဝေါကာရဘုံတို့၌သာဖြစ်ပေါ်နိုင်ကြ၏။

မနောယတနတွင် လောကီဝိပါက်စိတ် ၃၂ ပါးကိုသာ ကောက်ယူရမည်။ ဝိညာဏ်ကြောင့် စေတသိက်နာမ်ဖြစ်ပြီး စေတသိက်နာမ်ကြောင့် မနောယတန ဟူသော ဝိညာဏ်ဖြစ်ရကား စိတ်နှင့် စေတသိက်တို့သည် အညမညသတ္တိ ဖြင့် ကျေးဇူးပြုကြ၏။

## သဠာယတနပစ္စယာ ဖဿော

သဠာယတနအရ အဇ္ဈတ္တိကာယတန ၆ ပါး၊ ဗာဟိရာယတန ၆ ပါး၊ပေါင်း အာယတန ၁၂ ပါးလုံးကိုယူအပ်၏။ ဖဿအရ လောကီဝိပါက် ၃၂ ပါးနှင့် ယှဉ်သော ဖဿစေတသိက် ၃၂ ပါးကိုယူရမည်။ ထိုတွင် စက္ခုဝိညာဏ်ဒွေ ၌ယှဉ်သော ဖဿစေတသိက်သည် စက္ခုသမ္ဖဿ၊ ထို့အတူ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ကြွင်းသော လောကီဝိပါက် ၂၂ ပါးနှင့်ယှဉ်သော ဖဿစေတသိက်သည် မနောသမ္ဖဿမည်၏။ ဒွေပဋ္ဌဝိညာဏ် ၁၀ မှကြွင်းသော စိတ် ၇၉ ပါး၌ယှဉ်သော ဖဿစေတသိက်သည် မနောသမ္ဖဿဟုလည်း ယူသေးသည်။ ဤ၌ ဝဋ္ဋကထာဖြစ်၍ လောကီဝိပါက် ၃၂ ပါး၌ရှိသော ဖဿကိုသာ ကောက်ယူသင့်သည်။

## ဖဿပစ္စယာ ဝေဒနာ

ဖဿကြောင့် ဝေဒနာဖြစ်သည်ဆိုရာဝယ် ဖဿအဖြစ် လောကီဝိပါက်စိတ် ၃၂ ပါး၌ယှဉ်သော ဖဿစေတသိက် ကိုကောက်ယူရမည်။ ဝေဒနာအရ ထိုလောကီဝိပါက်စိတ် ၃၂ ပါး၌ယှဉ်သော ဝေဒနာ စေတသိက်ကို ကောက်ယူရမည်။

စက္ခုသမ္ဖဿကြောင့် စက္ခုသမ္ဖဿဇာဝေဒနာဖြစ်၏။ထို့အတူ ကျန်သော ဝေဒနာ တို့ကိုလည်းနည်းတူမှတ်လေ။

## ဝေဒနာပစ္စယာ တဏှာ

ဖဿပစ္စယာဝေဒနာ၌ ဝေဒနာ၏အရကို လောကီဝိပါက် ၃၂ ပါး၌ရှိသော အကျိုးဝေဒနာကိုသာ ကောက်ခဲ့၏။ ဝေဒနာပစ္စယာ တဏှာ၌ကား အကြောင်းဝေဒနာ ဖြစ်၍ တဏှာကိုဖြစ်စေနိုင်သောဝေဒနာတို့ကို ကောက်ယူ သင့်သောကြောင့် လောကီစိတ် ၈၁ ပါး၌ရှိသော ဝေဒနာ ၈၁ ပါးကိုယူရမည်။ တဏှာ၏အရကား ရူပတဏှာ၊သဒ္ဒ တဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာအားဖြင့် ၆ ပါးဖြစ်သည်။ တဏှာအရ လောဘ စေတသိက် ပင်တည်း။

## တဏှာပစ္စယာ ဥပါဒါန်

တဏှာ၏ အရအားနည်းသော လောဘသည် တဏှာ၊ အားကြီးသော လောဘသည် ဥပါဒါန်မည်၏။ တဏှာ ကြောင့် ဥပါဒါါဖြစ်သည်ဆိုရာ၌ တဏှာသည် ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာတို့ဖြစ်ကြ၏။ ဥပါဒါန်သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒုပါဒါန်တို့တည်း။

ဤတွင် ကာမုဒါဒါန်သည် ကာမဂုဏ်၌ ပြင်းထန်စွာ စွဲလမ်း တပ်မက်သော တဏှာလောဘဖြစ်၏။ သို့ဖြစ်၍ အကြောင်းတဏှာနှင့် အကျိုးကာမုပါဒါန်တို့ ထူးခြားပုံကို မှတ်သားရမည်။

၁။ အချင်းချင်းတောက်ဆ၍ ရေးကျပြီး အားသေးသောလိုချင်တပ်မက်မှုသည် တဏှာ ဖြစ်၏။ နောက်ကျ၍ အားကြီးသော တပ်မက်မှုသည် ဥပါဒါန်ဖြစ်၏။

၂။ ကေစိဆရာတို့က တစ်စုံတစ်ခုသော အာရုံကို မရသေးခင် လိုချင်တပ်မက်မှုသည် တဏှာမည်၏။ ရရှိပြီးနောက် စုံစုံမက်မက် နှစ်သက်စွဲလမ်းမှုသည် ကာမုပါဒါန်မည်၏။

၃။ ထို့ပြင် တဏှာသည် အလိုနည်းမှု၏ ဆန့်ကျင်ဘက်ဖြစ်၏။ ကာမုပါဒါန်သည် တင်းတိမ်ရောင့်ရဲမှု၏ ဆန့်ကျင်ဘက်ဖြစ်၏။

၄။ တဏှာသည် တောင့်တမှု၊ ရှာဖွေမှု ဒုက္ခအစု၏ အကြောင်းရင်းဖြစ်၏။ ကာမုပါဒါန် သည် ရရှိထားသော အာရုံကို ကြောင့်ကြရမှု၊ စောင့်ရှောက်ရမှု ဒုက္ခအစု၏ အကြောင်းရင်း ဖြစ်သည်။

ကျန် ဥပါဒါန်သုံးမျိုးတို့၏တရားကိုယ်မှာ အယူလွဲမှု ဒိဋ္ဌိဖြစ်၏။ အတ္တဝါဒုပါဒါန်သည် အတ္တရှိ၏ဟုစွဲယူသော သက္ကာယဒိဋ္ဌိဖြစ်၏။ သီလဗ္ဗတုပါဒါန်သည် ခွေးအကျင့်၊ နွားအကျင့် စသည်တို့ဖြင့် သံသရာမှ လွတ်မြောက်နိုင်၏ဟု စွဲလမ်းသော ဒိဋ္ဌိဖြစ်၏။ ဒိဋ္ဌုပါဒါန်မှာ ကျန်အယူလွဲမှု ဒိဋ္ဌိအမျိုးမျိုးဖြစ်၏။

မိမိကိုယ်ကို တဏှာဖြင့် ခင်မင်တွယ်တာနေမှုကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်၏။ မိမိကိုယ်ကို ခင်မင်တွယ်တာမှု ကြောင့်ပင် နောင်ဘဝ၌ ချမ်းသာဖို့ရန် ရည်မှန်းလျက် ခွေးအကျင့်၊နွားအကျင့်တို့ကိုကျင့်၏။ ဒိဋ္ဌုပါဒါန်ဟူသောဒိဋ္ဌိများကိုလည်းတဏှာကြောင့်သာ ကောင်းနိုးရာရာ ထင်သည်တို့ကို ယူမှားမိခြင်းဖြစ်၏။

## ကာမုပါဒါန်ကြောင့် ဘဝနှစ်မျိုးဖြစ်ပုံ

ပုထုဇဉ်တို့၏စိတ်သည် အရှုံးပမာ ထင်မိထင်ရာ စွဲမိစွဲရာ စွဲလမ်းလေ့ရှိကြ၏။ အကြောင်းအကျိုးသင့် မသင့်ကို နှိုင်းချင့်တတ်သူမှာ လွန်စွာနည်းပါးကြ၏။ ထို့ကြောင့် ကာမုပါဒါန်အစွမ်းအားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာကို ရရှိလို၍ ထိုထို ကံကို စီမံပြုလုပ်ကြရာဝယ် တချို့မှာ မသမာသော ဆရာတို့၏ဟောပြောချက်ကြောင့် သားကောင်သတ်၍ ယဇ်နတ်ပူဇော်ခြင်းစသော ဒုစရိုက် အကုသိုလ်ကံကို စီမံမိကြ၏။ ယခုဘဝမှာပင် ကာမချမ်းသာကို ခံစားလို၍ တစ်ယောက်နှင့်တစ်ယောက် သတ်ဖြတ် လုယက်ခြင်းစသော မကောင်းမှု ဒုစရိုက်အမျိုးမျိုးကို ပြုကြ၏။ ထို အကုသိုလ်ကမ္မဘဝ ကြောင့် အပါယ်ဘုံ၌ ဥပပတ္တိဘဝဖြစ်ရလေသည်။

တချို့ကား ဆရာသမားကောင်းတို့၏ ထုံးဟောင်း လမ်းမှန်အကျ ကာမာဝစရ ကုသိုလ်ကံကို တဖန်အားထုတ်မိကြသဖြင့် ကမ္မဘဝပြုတုန်းက မျှော်လင့်ချက်အတိုင်း လူဘုံနတ်ရပ်၌ ကောင်းမြတ်သော ဥပပတ္တိဘဝကို ရကြသည်။ တချို့ကား ရူပ၊ အရူပဘုံ ဝယ် ကာမဘုံထက်ပင် ချမ်းသာဖွယ် ပေါ်များသေး၏ဟု ကြားဖူး၍ဖြစ်စေ၊ တွေးထင်ချက် ဖြင့် ဖြစ်စေ ထိုချမ်းသာကို ခံစားလိုသော ကာမုပါဒါန်အတွက် ရူပ၊ အရူပဈာန်ဟူသော ကမ္မဘဝကို အားထုတ်ကြ၍ ရူပ၊ အရူပဘုံ၌ ဥပပတ္တိဘဝဟူသော ဝိပါက်ကမ္မဇရုပ်များ ဖြစ်ကြရသည်။ ဤသို့ ကာမုပါဒါန် ကြောင့် ကမ္မဘဝ ဥပပတ္တိဘဝ နှစ်မျိုးလုံးဖြစ်နိုင်သည်။

## ဒိဋ္ဌုပါဒါန်စသည်ကြောင့် ဘဝနှစ်မျိုးဖြစ်ပုံ

ဥစ္ဆေဒဒိဋ္ဌိအယူရှိသူ တချို့သည် ငါ၏အတ္တသည် ကာမသုဂတိ၊ ရူပ၊ အရူပဘုံတို့၌ ပြတ်စဲလျှင် ကောင်းသော ပြတ်စဲခြင်းပေတည်း ဟု ဥစ္ဆေဒဒိဋ္ဌိဟူသော ဒိဋ္ဌုပါဒါန် အရင်းခံ၍ ထိုဘုံများသို့ ရောက်ဖို့ရန် ကုသိုလ်ကမ္မဘဝကို ပြုစီမံ၏။ သဿတဒိဋ္ဌိ အယူရှိသူ တချို့သည် ငါ၏ အတ္တသည် ကာမသုဂတိ၊ရူပ၊အရူပဘုံတို့၌ ဖြစ်ရလျှင် ကေန် ချမ်းသာခွင့် ရလိမ့်မည် ဟု အတ္တဝါဒုပါဒါန် အရင်းခံလျက် ထိုဘုံများသို့ရောက်ဖို့ရန် ကံကိုပြု၏။

သီလဗ္ဗတုပါဒါန် အယူရှိသူတချို့သည် ယခု ငါကျင့်နေသော အလေ့အကျင့်ကို နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ ကျင့်ရလျှင် လွယ်လွယ်ကူကူ ပြည့်စုံပေလိမ့်မည် ဟု သီလဗ္ဗတုပါဒါန် အရင်းခံလျက် ထိုဘုံများသို့ ရောက်ဖို့ရန် ကံတစ်ခုခုကို ပြု၏။ ထိုသို့ပြုရာ၌ လမ်းမှန်ကျင့်မိလျှင် ရည်ရွယ်ရင်း သုဂတိဘုံ၌ ဥပပတ္တိဘဝဖြစ်၍ လမ်းလွဲကျင့်မိလျှင် အပါယ်ဘုံ၌ ဥပပတ္တိဘဝ ဖြစ်ရသည်။ ဤသို့ ဒိဋ္ဌိအမျိုးမျိုးကြောင့် ကမ္မဘဝ ဥပပတ္တိဘဝဟူသော ဘဝနှစ်မျိုး ဖြစ်ရပြန်သည်။

## ဥပါဒါနပစ္စယာ ဘဝေါ

ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဆိုရာဝယ် ဥပါဒါန်သည် အထက်၌ ဖော်ပြခဲ့ပြီးသော ဥပါဒါန် ၄ ပါးပင်တည်း။ ဘဝ၏ အရကား ကမ္မဘဝ၊ဥပပတ္တိဘဝ ၂ ပါးရ၏။ ဖြစ်ပေါ်တတ်၊ ကြီးပွားတတ်သောကြောင့် ဘဝမည်၏။

ချမ်းသာအမျိုးမျိုး၊ ဆင်းရဲအမျိုးမျိုးတို့၏ ဖြစ်ပေါ်ခြင်း၊ ကြီးပွားခြင်း၏အကြောင်း ဖြစ်သော လောကီကုသိုလ်၊အကုသိုလ်တို့နှင့်ယှဉ်သော စေတနာ ၂၉ ပါးသည် ကမ္မဘဝမည်၏။ ထင်ရှားစွာဖြစ်ပေါ်လာတတ်သော လောကီ ဝိပါက် ၃၂ ပါး၊စေတသိက် ၃၅ ပါး၊ကမ္မဇရုပ် ၁၈ တို့သည် ဥပပတ္တိဘဝမည်၏။

## သင်္ခါရနှင့် ဘဝအထူး

အတိတ်ဘဝ၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏။ ယခုပစ္စုပ္ပန်ဘဝ၌ ဖြစ်သော စေတနာသည် ကမ္မဘဝမည်၏။ တနည်း- စေတနာသက်သက်သည် သင်္ခါရ မည်၏။ စေတနာသည်လည်းကောင်း၊ စေတနာနှင့်ယှဉ်သော စေတနာ သမ္ပယုတ်ဖြစ်သော သံသရာ၌ကျင်လည်တတ်သော အဘိဇ္ဈာစသော တရားအပေါင်းသည် လည်းကောင်း ဘဝမည်၏။

## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ကာမုပါဒါန်ကြောင့် ဒုစရိုက်ပြု၏။ ထိုဒုစရိုက်စေတနာသည် ကမ္မဘဝမည်၏။ ထိုအကုသိုလ်ကမ္မဘဝကြောင့် ငရဲဘုံစသည်တို့၌ လားရ၊ရောက်ရ၏။ ထိုဒုဂ္ဂတိဘဝ၌ ပဋိသန္ဓေဝိပါက်ဖြစ်မှုသည် ဥပပတ္တိဘဝ မည်၏။ ဤသို့ အကုသိုလ်ကံဟူသော ကမ္မဘဝနှင့် ဒုဂ္ဂတိဘဝဟူသော ဥပပတ္တိဘဝသည် ကာမဂုဏ်၌လွန်စွာ စွဲလမ်းမှု ကြောင့်ဖြစ်သောကြောင့် ဘဝဖြစ်၏ဟုဆိုရ၏။

လူ့ဘုံ၊ နတ်ဘုံ၌ သာယာစွဲလမ်းခြင်းကြောင့် သုစရိုက်ကုသိုလ်ကံကို ပြုလုပ် အားထုတ်၏။ ထို ကုသိုလ်ကံသည် ကမ္မဘဝမည်၏။ ထိုကံသည် ဖြစ်စေအပ်သော လူ၊ နတ် ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာသည် ဥပပတ္တိဘဝမည်၏။

အကုသိုလ်ကမ္မဘဝ ပြုမိလေသောကြောင့် အပါယ် ၄ ဘုံ၌ အပါယ်ခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝ အမျိုးမျိုးတို့သည် ဖြစ်ပေါ်ပြန်ကုန်၏။ ကုသိုလ်ကမ္မဘဝကို ပြုမိလေသောကြောင့် ကာမသုဂတိ ၇ ဘုံ၌ ကာမသုဂတိခန္ဓာ ဟုဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည် ဖြစ်ပေါ်ရ ပြန်ကုန်၏။ ရူပါဝစရဘုံ၌ ဗြဟ္မာခန္ဓာဟု ဆိုအပ်သော ဥပပတ္တိ ဘဝ အမျိုးမျိုးသည်လည်း ဖြစ်ပေါ်ပြန်ကုန်၏။ အရူပ ၄ ဘုံတို့၌ အရူပ ဗြဟ္မာခန္ဓာဟုဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည်လည်း ဖြစ်ပေါ်ရ ပြန်ကုန်၏။ ဤသို့ ဘဝ ၂ ပါး၏ ဖြစ်ပွားဆက်လက်နေမှုသည်လည်း အပြင်းအထန် စွဲလမ်းသော ဥပါဒါန်ကြောင့်သာဖြစ်ရ၏။ ထို့ကြောင့် ဥပါဒါန်ကြောင့် ဘဝဖြစ်သည် ဟုဆိုရလေသည်။

## ဘဝပစ္စယာ ဇာတိ

ဘဝကြောင့် ဇာတိဖြစ်သည်ဆိုရာ၌ ဘဝအရ ကမ္မဘဝကိုပင်ယူရမည်။ ကမ္မဘဝသည် လောကီကုသိုလ်၊ အကု သိုလ်စိတ် ၂၉ ပါးတို့၌ ယှဉ်ကြသော စေတနာကံ ၂၉ ပါးတို့ဖြစ်ကြ၏။

ဇာတိအရမူ လောကီ ဝိပါက်စိတ် ၃၂ ပါး၊ ၎င်းစိတ်တို့၌ ယှဉ်ကြသော စေတသိက် ၃၅ ပါးနှင့် ကမ္မဇရုပ် ၁၈ ပါး တို့၏ ဖြစ်ခြင်း ဥပါဒ်ကို ကောက်ယူရမည်။ ဤသို့ ကောက်ယူသည့်အခါ အဟိတ်ပဋိသန္ဓေ ၂ ပါး၊ မဟာဝိပါက် ပဋိသန္ဓေ ၈ ပါး၊ ရူပါဝစရပဋိသန္ဓေ ၆ ပါး၊ အရူပါဝစရပဋိသန္ဓေ ၄ ပါး၊ပေါင်း ပဋိသန္ဓေ ၂၀ တို့ ပါဝင်ကြ၏။ ထို့အပြင် ပဝတ္တိအခါ၌ဖြစ်ကြသော ဝိပါက်စိတ်၊ စေတသိက်များ နှင့် ကမ္မဇရုပ် တို့လည်း ပါဝင်ကြ၏။

## ဇာတိပစ္စယာ ဇရာ၊မရဏ၊သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿုပါယာသာ သမ္ဘဝန္တိ

ဇာတိသည် ဥပပတ္တိဘဝ၏ ပထမဦးဆုံး ဥပါဒ်ခြင်း (ဝါ) ပဋိသန္ဓေနေခြင်းဖြစ်၏။ ဥပပတ္တိဘဝသည် ထိုထိုဘုံ၌ ဖြစ်ကြသော ဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များဖြစ်ကြ၏။

ဇာတိကြောင့် အိုခြင်း၊ သေခြင်း မရဏ၊ စိုးရိမ်ပူပန်ခြင်း သောက၊ ငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း ဒုက္ခ၊ စိတ်ဆင်းရဲခြင်း ဒေါမနဿနှင့် ပြင်းစွာ ပူဆွေးခြင်း ဥပါယာသတို့ဖြစ်ပေါ်ကြ၏။

ဇရာသည် လောကီဝိပါက်စိတ် ၃၂ပါး၊ဎင်းတို့၌ယှဉ်ကြသော စေတသိက်၃၅ ပါးနှင့် ကမ္မဇရုပ်တို့၏ ရင့်ခြင်း (ဋ္ဌီ) ဖြစ်၏။ သတ္တဝါတို့၏ အရွယ်မှဆုတ်ယုတ်ခြင်း၊ ရင့်ရော်၊ အိုမင်းခြင်း ပင်တည်း။

မရဏသည် လောကီဝိပါက်စိတ် ၃၂ပါး၊ ဎင်းတို့၌ယှဉ်ကြသော စေတသိက်၃၅ပါး နှင့် ကမ္မဇရုပ်တို့၏ ပျက်စီးခြင်း (ဘင်)ဖြစ်၏။ သတ္တဝါတို့၏ ဇီဝိတိန္ဒြေကင်း၍ သေဆုံးခြင်း ပင်တည်း။

သောကသည် ဝမ်းနည်းခြင်း၊ စိုးရိမ်ခြင်း၊ ပူပန်ခြင်းဖြစ်၏။ တရားကိုယ်မှာ ဒေါသမူဒွေ၌ယှဉ်သော ဒေါမနဿဝေဒနာဖြစ်၏။ ဆွေမျိုး၊ ဉာတိ၊ ပစ္စည်းဥစ္စာ စသည်တို့ ပျက်စီးမှုကြောင့် စိတ်နှလုံး၏ ပူပန်ခြင်း ပင်တည်း။

ပရိဒေဝသည် တစ်စုံတစ်ခု ပျက်စီးမှုကြောင့် တမ်းတငိုကြွေးခြင်းဖြစ်၏။ တရားကိုယ်မှာ စိတ္တဇဝိပလ္လာသသဒ္ဒရုပ် ဖြစ်၏။ စိတ်ကြောင့်ဖြစ်သော ဖေါက်ပြန်သည့် အသံရုပ်ပင်တည်း။

ဒုက္ခသည် ကိုယ်ဆင်းရဲမှုဖြစ်၏။ တရားကိုယ်မှာ ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်စိတ်နှင့် ယှဉ်သောဝေဒနာ စေတသိက်ဖြစ်၏။

ဒေါမနဿသည် စိတ်ပင်ပန်းဆင်းရဲမှု၊နှလုံးမသာ မယာမှုဖြစ်၏။ တရားကိုယ်မှာ ဒေါသမူဒွေ၌ယှဉ်သော ဝေဒနာ ဖြစ်၏။

ဥပါယာသသည် သောက၊ပရိဒေဝတို့ထက် လွန်ကဲသော အသံမျှ မထွက်နိုင်အောင် ရှိုက်ကြီး၊ ငင်ကြီးဖြစ်ကာ အတွင်းဆွေးဆွေးခြင်း၊ပြင်းစွာဆင်းရဲ ပင်ပန်းခြင်း၊နစ်မျောခြင်းဖြစ်၏။ တရားကိုယ်မှာ ဒေါသမူဒွေ၌ယှဉ်သော ဒေါသ ပင်တည်း။

## အကျိုးရင်းနှင့် အကျိုးဆက်

ဇာတိရှိလျှင် မည်သည့်ဘဝ၌မဆို ဇရာ၊ မရဏတို့ ကေန်မုချရှိ၏။ ထို့ကြောင့် ဇရာ၊ မရဏသည်မုချ အကျိုး၊ အကျိုးရင်းပင်ဖြစ်၏။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာယတည်းဟူသော တရားငါးပါးတို့ သည် ပြဟ္မာ့ပြည်၌မရှိကြ၊ နတ်ပြည်၌ အချို့မရှိ၊ လူ့ပြည်၌လည်း ဇာတိဖြစ်ပြီး မကြာခင် သေဆုံးသူတို့မှာ သောကစသော တရားအချို့ဖြစ်ခွင့်မရ။ သို့အတွက် သောကစသည့် တရားစုသည် ဇာတိ၏မုချ အကျိုးမဟုတ်၊ ဇာတိနှင့်ဆက်သွယ်၍ ဖြစ်တတ်သော အကျိုးဆက်မျှသာတည်း။

## ပဋိစ္စသမုပ္ပါဒ်တရားတော်၏ သိမှတ်ဖွယ်ရာများ

### ၁။ အင်္ဂါ ၁၂ ပါး

ပဋိစ္စသမုပ္ပါဒ်တရားတော်၌ အင်္ဂါသည် ၁၂ ပါးရှိသည်။ ၎င်းတို့မှာ
၁။ အဝိဇ္ဇာ ၂။ သင်္ခါရ ၃။ ဝိညာဏ် ၄။ နာမ်ရုပ် ၅။ သဠာယတန ၆။ ဖဿ ၇။ ဝေဒနာ ၈။ တဏှာ ၉။ ဥပါဒါန် ၁၀။ဘဝ ၁၁။ ဇာတိ ၁၂။ ဇရာ မရဏ တို့တည်း။

### ၂။ အခွန့် (ကာလ)သုံးပါး

အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်ကာလဖြစ်သည်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ကမ္မဘဝတို့ကား ယခု တွေ့ကြုံရသော ပစ္စုပ္ပန်ကာလဖြစ်၏။ ဇာတိနှင့် ဇရာ၊မရဏတို့ကား အနာဂတ်ကာလ ဖြစ်သည်။

သတ္တဝါတစ်ဦးသည် အတိတ်ဘဝ၌ သံသရာ၏အပြစ်ကို မမြင်နိုင်အောင် အဝိဇ္ဇာဖုံးလွှမ်းသဖြင့် ကုသိုလ်သင်္ခါရ စသည်တို့ကို ပြုခဲ့မိ၏။ ထို့ကြောင့် အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်အခွန့် (ကာလ)ဖြစ်၏။

အတိတ်ကပြုခဲ့သော ကုသိုလ်၊ အကုသိုလ် သင်္ခါရတို့ကြောင့် ယခုပစ္စုပ္ပန် ဘဝ၌ ပဋိသန္ဓေကာလမှစ၍ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ဖြစ်ကြ၏။ ထို့ကြောင့် ဤတရား ၈ ပါးတို့သည် ပစ္စုပ္ပန်အခွန့် (ကာလ)ဖြစ်၏။

ယခုဘဝ၌ ကမ္မဘဝဟူသော ကုသိုလ်၊ အကုသိုလ်ကံတို့ကို ပြုစီမံပြန်ရကား နောက်အနာဂတ်ဘဝတွင် ဇာတိနှင့် ဇရာ၊မရဏတို့ဖြစ်ကြရ၏။ သို့ဖြစ်၍ ဇာတိနှင့် ဇရာ၊မရဏတို့သည် အနာဂတ်အခွန့် (ကာလ)ဖြစ်၏။

### ၃။ အခြင်းအရာ (၂၀)

အတိတ်အကြောင်း အခြင်းအရာ ၅ ပါး ॥ ॥ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
ပစ္စုပ္ပန်အကျိုး အခြင်းအရာ ၅ ပါး ॥ ॥ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။
ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ၅ ပါး ॥ ॥ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။
အနာဂတ်အကျိုး အခြင်းအရာ ၅ ပါး ॥ ॥ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

အဝိဇ္ဇာနှင့် သင်္ခါရတို့သည် အတိတ်အခွန့်တရားများ ဖြစ်ကြ၏။ ထို ၂ ပါးတို့တွင် အဝိဇ္ဇာသည် ကိလေသာ ၁၀ ပါး၌ပါဝင်သဖြင့် ကိလေသာဝဋ် တရားဖြစ်သည်။ တဏှာနှင့် ဥပါဒါန် တို့သည်လည်း ကိလေသာဝဋ်တရားများ ဖြစ်ကြ၏။ ထိုသို့ ကိလေသာဝဋ် ချင်း

တူနေခြင်းကြောင့် အဝိဇ္ဇာကို ယူလိုက်သောအခါ တဏှာနှင့် ဥပါဒါန်တို့လည်း ပါဝင်လာကြ၏။

တစ်ဖန် သင်္ခါရသည် ကမ္မဝဋ်ဖြစ်၏။ ကမ္မဘဝသည်လည်း ကမ္မဝဋ်ပင်တည်း။ ထိုသို့ ကမ္မဝဋ်ချင်းတူသောကြောင့် အတိတ်ဘဝ၌ သင်္ခါရကို ယူလိုက်သည့်အခါ ကမ္မဘဝကိုလည်း မကင်းကောင်းသောနည်းအားဖြင့် ယူပြီးဖြစ် တော့၏။ သို့ဖြစ်၍ အတိတ်ဘဝ၌ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဟူသော အကြောင်း ၅ ပါးကို ရသည်။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် အတိတ်ကံကြောင့် ဖြစ်ကြသော ပစ္စုပ္ပန်အကျိုး ၅ ပါးဖြစ် ကြ၏။

ပစ္စုပ္ပန်အခွန့်၌ တဏှာ၊ဥပါဒါန်၊ကမ္မဘဝ ဟူသော အကြောင်း ၃ ပါးတို့သည် တိုက်ရိုက်လာသည်။ ထို ၃ ပါးကို ယူလိုက်သောအခါ အထက်၌ ဆိုခဲ့သည့် မကင်းကောင်းသောနည်းအရ အဝိဇ္ဇာနှင့် သင်္ခါရတို့ကိုလည်း ယူပြီးဖြစ်တော့၏။ သို့အတွက် ပစ္စုပ္ပန်ဘဝ၌ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဟူသည့်အကြောင်း ၅ ပါးကိုရပြန်၏။

အနာဂတ်အခွန့်၌ ဇာတိနှင့်ဇရာမရဏတို့ကို ဖော်ပြထား၏။ ဇာတိ၌ တရားကိုယ် သီးခြားမရှိ။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့၏ ဖြစ်ခြင်း ဥပါဒ်ကိုပင် ဇာတိဟုယူရ၏။ ထို့အတူ ဇရာ၊မရဏတို့သည် ထိုတရား ၅ ပါးတို့၏ ရင့်ခြင်း ဌီနှင့် ပျက်ခြင်း ဘင်တို့ဖြစ်ကြ၏။ ထို့ကြောင့် အနာဂတ် အကျိုးအဖြစ် ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ တို့ကိုပင်ယူရသည်။

သို့ဖြစ်၍ အတိတ်ဘဝ၌ အကြောင်း ၅ ပါး၊ ပစ္စုပ္ပန်ဘဝ၌ အကျိုး ၅ ပါး၊ တစ်ဖန် ပစ္စုပ္ပန်ဘဝ၌ အကြောင်း ၅ ပါး၊ အနာဂတ်ဘဝ၌ အကျိုး ၅ ပါး ဟူသော အခြင်းအရာ ၂၀ ကိုရ၏။

## ၄။ အစပ် (၃) ပါး

ပဋိစ္စသမုပ္ပါဒ်အင်္ဂါများကို လေ့လာသောအခါ အကြောင်းတရား၏ အဆုံးနှင့် အကျိုးတရား စသည် တစ်စပ်၊ အကျိုး တရား၏ အဆုံးနှင့် အကြောင်းတရား၏အစသည် တစ်စပ်၊ တစ်ဖန် အကြောင်းတရား၏ အဆုံးနှင့် အကျိုးတရား ၏အစသည် တစ်စပ် ဟူ၍ အစပ် ၃ ပါးရှိ၏။

အတိတ်အကြောင်းဖြစ်သော သင်္ခါရအဆုံးနှင့် ပစ္စုပ္ပန်အကျိုး၏ အစဖြစ်သော ဝိညာဏ်တို့တစ်စပ်။ ပစ္စုပ္ပန်အကျိုး၏ အဆုံးဖြစ်သော ဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း၏

အစဖြစ်သော တဏှာတို့တစ်စပ်။ ပစ္စုပ္ပန်အကြောင်း၏ အဆုံး ဖြစ်သော ကမ္မဘဝနှင့် အနာဂတ်အကျိုး၏ အစဖြစ်သော ဇာတိတို့တစ်စပ် အားဖြင့် အစပ် (၃)ပါးရှိလေသည်။

## ၅။ အလ္ဟာ (၄)ပါး

အတိတ်ဘဝအကြောင်း ၅ ပါးတစ်လ္ဟာ၊ ပစ္စုပ္ပန်အကျိုး ၅ ပါး တစ်လ္ဟာ၊ ပစ္စုပ္ပန်ဘဝအကြောင်း ၅ ပါး တစ်လ္ဟာ နှင့် အနာဂတ် ဘဝအကျိုး တစ်လ္ဟာ အားဖြင့် အလ္ဟာ (၄)ပါးရှိသည်။

## ၆။ ဝဋ်သုံးပါး

ဝဋ်ဟူသည် စက်ဘီးများချာချာလည်သကဲ့သို့ လည်ပတ်ခြင်း အဓိပ္ပါယ်ကိုပြသည်။ ထို့ကြောင့် အကြောင်းကြောင့် အကျိုး၊ အကျိုးကြောင့် အကြောင်း စသည်ဖြင့် အကြောင်း၊ အကျိုးမပြတ်ဘဲ ဆက်ကာ၊ ဆက်ကာ ဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်တရားကို ဝဋ် ဟု ခေါ်သည်။ ထို ဝဋ်သည်လည်း ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်အားဖြင့် သုံးပါး အပြား ရှိသည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် ကိလေသာတရားများဖြစ်သောကြောင့် ကိလေသဝဋ်မည်၏။ ကမ္မဘဝနှင့် သင်္ခါရတို့သည် ကံတရားသက်သက် ဖြစ်သောကြောင့် ကမ္မဝဋ်မည်၏။ ဥပပတ္တိဘဝဟူသော ဘဝတစ်စိပ်နှင့် ဝိညာဏ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏတို့သည် ကံ၏ အကျိုးတရားများဖြစ်သောကြောင့် ဝိပါက ဝဋ်မည်၏။

ကိလေသဝဋ်ရှိလျှင် ကမ္မဝဋ်မုချဖြစ်၏။ ကမ္မဝဋ်ရှိလျှင်လည်း ဝိပါကဝဋ် အမြဲဖြစ်၏။ ဝိပါကဝဋ်ဟု ဆိုအပ်သော ဝေဒနာရှိလျှင် တဏှာစသော ကိလေသဝဋ် ဖြစ်ပြန်သည်။ ဤသို့ အကြောင်းအကျိုးဆက်စပ်လျက် လည်ပတ်နေသောတရားတို့ကို ဝဋ် ဟုခေါ်သည်။

ပဋိစ္စသမုပ္ပါဒ်စက်သည် အတိတ်ဘဝအကြောင်းမှစ၍ ပစ္စုပ္ပန်ဘဝ အကျိုး ဖြစ်သည့်တိုင်အောင် အရှေ့ပိုင်းတစ်စက်၊ ပစ္စုပ္ပန်ဘဝအကြောင်းမှစ၍ အနာဂတ်ဘဝ အကျိုးတိုင်အောင် နောက်ပိုင်းတစ်စက်အားဖြင့် စက် ၂ မျိုးရှိ၏။ ထိုတွင် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ကား ရှေ့ပိုင်း တစ်စက်ဖြစ်၏။ ထိုစက်၌ အဝိဇ္ဇာသည် အရင်းမူလအစဖြစ်၏။ တစ်ဖန် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏတို့ကား နောက်ပိုင်းတစ်စက် ဖြစ်၏။ ဤစက်၌ တဏှာသည် အရင်းမူလ အစဖြစ်။ ထို့ကြောင့် ဝဋ်မြစ် ၂ ပါးတို့သည် အဝိဇ္ဇာနှင့် တဏှာတို့ ဖြစ်ကြသည်။

## စက်ရဟတ်ပျက်ကိန်း

သစ်ပင်တစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံး ပျက်စီးရသကဲ့သို့ ထို့အတူ သံသရာတွင် စည်ပင်နေသည့် သတ္တဝါဟုခေါ်ဆိုအပ်သော ရုပ်နာမ်ခန္ဓာ သစ်ပင်ကြီး၌ အဝိဇ္ဇာ၊ တဏှာဟူသည့် ရေသောက်မြစ် ၂ ခုကို အရဟတ္တမဂ်လက်နက်ဖြင့် ဖျက်ဆီးလိုက်သောအခါ ရုပ်နာမ်သံသရာကြီး အပြီးသတ် ချုပ်ငြိမ်းလေတော့၏။

## အဝိဇ္ဇာ၏အကြောင်း

အာသဝေါတရားလေးပါးတို့ကြောင့် အဝိဇ္ဇာဖြစ်ရကား အဝိဇ္ဇာ၏ အကြောင်းကို အာသဝဟုမှတ်ရမည်။ လောက၌ နေ့စဉ် လူအများ သေဆုံးနေကြသည်ကို ကြားသိရသော်လည်း သောက၊ ပရိဒေဝတို့မဖြစ်မိ။ မိမိနှင့် အလွန်အကျွမ်းဝင် ချစ်ခင်သော လူတစ်ယောက် သေဆုံးလျှင်ကား သောက၊ ပရိဒေဝ အလွန်အမင်းဖြစ်ကြရ၏။ ဤကား ခင်မင်တွယ်တာမှု လောဘတည်း ဟူသော ကာမာသဝကြောင့် သောကစသည်တို့ ဖြစ်ခြင်းပင် တည်း။

အလွန်ခမ်းနားကြီးကျယ်သော ဘုံ၊ ဗိမာန်များ၌ ကာလရှည်ကြာ စံမြန်နေရသော နတ်၊ ပြဟ္မာများသည် ဘဝါသဝဖြင့် နှစ်သက်အားနေကြ၏။ ဘုရားရှင်၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့်စပ်သော တရားစကားကို ကြားကြရသည့်အခါ မိမိတို့၏ဘဝ မမြဲသည်ကို တွေးမိ၍ လွန်စွာထိတ်လန့်ကြောက်ရွံ့လျက် ဒေါသမူစိတ်နှင့် ဒေါမနဿဝေဒနာတို့ ဖြစ်ကြရ၏။

ရုပ်ဟူသည် ငါတည်း၊ ငါ၏ရုပ်တည်းဟု ဒိဋ္ဌာသဝဖြင့်စွဲလမ်းနေသူသည် ရုပ် ဖေါက်ပြန်ပြောင်းလဲသောအခါ သောကစသည်ဖြစ်ရ၏။ သဘောမှန်ကို မသိမြင်နိုင်သည့် အဝိဇ္ဇာတည်းဟူသော အမှောင်တရားကြောင့်သာ သတ္တဝါ တို့သည် သောကစသည် ဖြစ်ကြရ၏။ ပရိဒေဝဟူသော ငိုကြွေးခြင်းသည် အဝိဇ္ဇာ မကင်းသည့် သူတို့၌သာ ဖြစ်လေ့ ရှိသည်။ ဒုက္ခဖြစ်သည့်အခါ စိတ်မချမ်းသာဘဲ ဒေါသမူစိတ်ဖြစ်ပြီး စိတ်ဆင်းရဲခြင်းဟူသော ဒေါမနဿ ဖြစ်ရ၏။

တစ်ဖန် ဒေါသမူ၊ လောဘမူ၊ မောဟမူစိတ်တို့၌ မောဟမူဟူသည့် အဝိဇ္ဇာတရား အမြဲယှဉ်တွဲလျက်ဖြစ်ပေါ်နေရာ မသိမိုက်မဲမှု အဝိဇ္ဇာကြောင့် သောက၊ ပရိဒေဝ စသည် ဖြစ်ပေါ်ကြပြီး သောက၊ ပရိဒေဝတို့ ဖြစ်ပေါ်လျှင် အဝိဇ္ဇာ ယှဉ်တွဲပါလာပြန်၏။ ရှေးရှေး အဝိဇ္ဇာသဝဖြစ်ခြင်းကြောင့် သောကစသည်နှင့်အတူ နောက်နောက် အဝိဇ္ဇာတို့ ဖြစ်ခြင်းပင်တည်း။ သို့ဖြစ်၍ အရင်းစစ် အမြစ်မြေက ဟူသည်နှင့်အညီ အာသဝေါတရား ၄

ပါး ကြောင့် သောက၊ ပရိဒေဝစသည်တို့ဖြစ်ပေါ်ကြပြီး သောကစသည်ဖြစ်ပေါ်သောအခါ အဝိဇ္ဇာ သည်လည်း ပါဝင်လာတော့၏။ ထို့ကြောင့် အဝိဇ္ဇာ၏အကြောင်းသည် အာသဝေါတရား ၄ ပါးဖြစ်သတည်း။

## *ပဋိစ္စသမုပ္ပါဒ်တရားတော်*

တိရစ္ဆာန်၊ လူ၊ နတ်၊ပြဟ္မာ အပါအဝင် သက်ရှိသတ္တဝါအားလုံးဟာ ချမ်းသာအစစ် မဟုတ်ပဲ ချမ်းသာအစစ်လို့ထင်တာ လူဖြစ်ချင် နတ်ဖြစ်ချင် ချမ်းသာအစစ် လွတ်မြောက်မှုကို မသိလို့ ချမ်းသာလို့ထင်ရာမြင်ရာဖြစ်တဲ့ ပြဟ္မာ ဖြစ်ချင်မှုတွေဟာ မှားယွင်းတဲ့ အတွေးတွေဆိုတာမသိလို့ (အဝိဇ္ဇာ) ကောင်းတာရော မကောင်းတာကိုပါ လုပ်မိ ပြောမိ တွေးမိ (သင်္ခါရ= အကုသိုလ် ကာမကုသိုလ် ရူပကုသိုလ် နဲ့ အရူပကုသိုလ် ဖြစ်စေခြင်း) ပြီးသားဖြစ်သွားရော။ ကံရဲ့သဘာဝအတိုင်း လုပ်ပြီးဆိုတာနဲ့ ပျောက်ပျက် သွားခြင်း မရှိတော့ပဲ လုပ်တဲ့အတိုင်း အကျိုးပေးဖို့ ရှိလာပါတော့တယ်။ ကံကိုလုပ်လိုက်တဲ့ အတွက် ကံနဲ့ ပတ်သက်ရာစိတ်(ဝိညာဏ်) တွေပါ ဖြစ်ပေါ်လာရပါ တော့တယ်။ စိတ်ဖြစ်ပြီ ဆိုရင်တော့ ရုပ်နဲ့နာမ်ဟာ ကောင်းတာကိုရော ဆိုးတာကိုပါ လုပ်ဖို့ ဝန်မလေးတော့ပါဘူး။

ကိုယ့်ရဲ့ရုပ်မှာပါဝင်တဲ့မျက်စိနား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တွေဟာ (သဠာယတန = အတွင်း အာယနတ ခြောက်ပါး) သူရဲ့ တွဲဖက် ဖြစ်တဲ့အပြင် အာယတန ခြောက်ပါးဖြစ်တဲ့ ရုပ်၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိမှု၊ တွေးမှုတွေကိုရှာဖွေ (ဖဿ) တော့တာပါပဲ။ ရှာဖွေတွေ့ရှိပြီးရင် ဒီအတိုင်း ရပ်မသွားပဲ ကောင်းတယ် ဆိုးတယ် (ဝေဒနာ) ဆိုပြီး သတ်မှတ်ခံစားချက်တွေနဲ့ ကောင်းရင်စွဲလမ်း (တဏှာ)၊ မကောင်းရင်စိတ်ဆိုး (တဏှာ)၊ ပြီး ထပ်လုပ် တုန့်ပြန် (ဥပါဒါန်)မှုတွေဟာ နောက်ဘဝကို ဖြစ်စေမဲ့ ကံ (ကမ္မဘဝ) ကိုစုနေတာနဲ့တူနေတာမို့ ကံရှိရင် နောက်ဘဝဆိုတာ (ဇာတိ) ထပ်လာရ ပြန်ပါတော့တယ်။ ဘဝကိုထပ်ရပြီဆိုရင် ဝမ်းနည်းမှု ပူဆွေးမှု ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ တွေအပြင် အိုမှု၊ နာမှု၊ သေမှုတွေပါ မဖြစ်မနေ ကပ်ပါလာရ တော့တာပါပဲ။

ဒီတရားတော်မှာ အဓိကခေါင်းဆောင်တွေကတော့ အသိမှားမှုဖြစ်တဲ့ အဝိဇ္ဇာနဲ့ စွဲလမ်းမှု မကျေနပ်မှုကိုဖြစ် စေတဲ့တဏှာတို့ပါပဲ။ အတိတ် နေ့ရက်တွေက အသိမှားလို့ ကံလုပ်မိပြီး ဒုက္ခနဲ့ရင်းထားတဲ့ ခန္ဓာကိုယ်ကို ရရှိထားတဲ့အချိန်မှာ အသိမှန်ပြီး စွဲလမ်းမှု မကျေနပ်မှုမရှိတော့ဘူးဆိုရင် ဒုက္ခထပ်လာဖို့ဆိုတာမဖြစ်နိုင်တော့ပါဘူး။

ဒီတရားအားလုံးဟာ သူ့ရဲ့အကြောင်းဆက် အကျိုးဆက်အတိုင်း သွားနေတဲ့ အ တွက် ရုပ်နဲ့နာမ်သာရှိပြီး ငါဆိုတာလုံးဝရှာဖွေတွေ့ရှိစရာမရှိပါဘူး။ ခံစားတာဟာ ဝေဒနာရဲ့

အလုပ်ဖြစ်ပြီး စွဲလမ်းတာဟာ တဏှာရဲ့အလုပ်သာ ဖြစ်တယ်လို့ အသိမှန်နဲ့ သတိကို ထောက်ကန်ထားရင် ငါဆိုတာ ပျောက်သွားမှာဖြစ်သလို သူ၊ ငါမနော တရားသဘော သက်သက်သာ ဖြစ်နေပါလားလို့ မှန်ကန်တဲ့အသိ (ဝိဇ္ဇာ)ဝင်လာရင် ကံဖြစ်စရာအကြောင်း မရှိတော့ပါဘူး။ ကံသေပြီဆိုတော့ ဘဝလဲဆုံးပြီပေါ့။ ဘဝဆုံးရင် ဒုက္ခလဲ အဆုံးသတ် သွားရတာပါပဲ။

ဒါကလဲအကြောင်းအကျိုးဆက်သဘာဝကိုနားလည်ရုံနဲ့တင်ဒိဋ္ဌိ(သူလုပ်တယ်၊ သူပြောတယ်၊ငါလုပ်တယ်ငါပြောတယ်၊ ငါ့သားသမီးခံစားရတယ်၊ ငါခံစားရတယ်စတဲ့ မှားယွင်းတဲ့အတွေးအမြင်)ရပ်သွားတာမို့အပါယ်လေးဘုံကိုရောက်စရာအကြောင်းမရှိတော့ ပါဘူး။ ဒါဟာဗုဒ္ဓကို ယုံကြည်သူများ တရားအားမထုတ်ခင် ပထမဆုံး အသိကနေတဆင့် ရရှိနိုင်တဲ့ ကောင်းမွန်တဲ့ အကျိုးတရားပါပဲ။ တကယ်တော့ အတိတ်က မှားယွင်းတဲ့ အတွေးကြောင့် ရရှိခဲ့တဲ့ ရုပ် နဲ့ နာမ်ကို သူ ငါမစွဲပဲ(တဏှာဖြုတ်) အသိမှန်ကန်စွာနဲ့ ကံပြတ်ရာလုပ်ငန်းကို ဆက်လုပ်သွားဖို့ပါ။

ဗုဒ္ဓရဲ့လမ်း ညွှန်ချက်ဟာလဲ ကံထပ်ဖို့ မဟုတ်ဘဲ ကံပြတ်ဖို့သာ ဖြစ်ပါတယ်။ ကံပြတ်မှ နောက်တစ်ခါပြန်လည်မွေးဖွားခြင်းဇာတိ ရပ်မှာမို့ ဝမ်းနည်း ပူဆွေး အိုမင်း ဟောင်းနွမ်း သေမင်းရဲ့ဝန်ကို တစ်ခါထပ်ထမ်းစရာ မလိုတော့ဘူးပေါ့။ ပဋိစ္စသမုပ္ပါဒ်တရား ကိုသာသိရင် တရားသဘောကို ကောင်းကောင်းသိတော့တာမို့ ဘဝပြတ်ရာအလုပ်ဖြစ်တဲ့ ဝိပဿနာအလုပ်ကို မလုပ်ပါနဲ့ တားတာတောင်မရတော့ဘဲ ဆက်ဆက်လုပ်နေတော့မှာပါ။

## စွဲလို့ လန်းရတာ

လုပ်တိုင်း၊ ပြောတိုင်း၊ တွေးတိုင်း ကံဖြစ်နေမယ်ဆိုရင် ဒုက္ခက လွတ်ကော လွတ်တော့မှာတဲ့လားလို့ တွေးကောင်း တွေးနိုင်ပါတယ်။ လုပ်လို့ကံဖြစ်တယ် ဆိုတာကတော့ မှန်ပါတယ်။ ဒါပေမယ့် ကံအကြီး၊ အသေးကွာပြီး အကျိုးပေး၊ မပေး ဖြစ်လာရပါတယ်။ ပြီးတော့ ကံအကျိုး ရလာတယ်ဆိုတာကလဲ အသုံးမတတ်လို့ပါ။ အသိမှားခဲ့တာကြောင့် ကာမ ကောင်းမှုကိုလုပ်ရင်း လူဖြစ်လာတဲ့သူတစ်ယောက်ဟာ စိတ် (ဝိညာ-အကျိုး) နဲ့ နာမ်၊ ရုပ်ကို ပိုင်ဆိုင်ရတော့တာမို့ အတွင်းအာရုံခြောက်ပါးဖြစ်တဲ့ မျက်စိစသည်နဲ့ (သဠာယတန) အပြင် အာရုံခြောက်ပါးကို တွေ့ထိ (ဖဿ) ရတော့မှာပါ။

တွေ့ထိမှတော့ ကောင်းတယ်၊ မကောင်းဘူး စတဲ့ ခံစားမှု (ဝေဒနာ) ကတော့ ပေါ်ကို ပေါ်ရပါလိမ့်မယ်။ ခံစားမှုကို သုံးတယ်လို့ပြောရင်လဲ ရနိုင်ပါတယ်။ သုံးရုံသာ သုံးပြီး မစွဲခဲ့ဘူးဆိုရင် အရိယာတို့ သုံးသလို ဖြစ်ရတာကြောင့် စွဲ (တဏှာ) စရာမရှိတော့တာမို့

လန်းစရာ (ဥပါဒါန်) အကြောင်းမရှိတော့ပါဘူး။ မလန်းတော့ဘူးဆိုရင် ဘဝမှာလဲ မပန်း (ကမ္မဘဝ)ရတော့ဘူးဆိုပါတော့။ ပုထုဇဉ်လူသားနဲ့ သတ္တဝါအများဟာ သုံးပြီးနောက် စွဲခဲ့တာမို့ လန်းရင်းနဲ့ ပန်းကြရတာပါ။ မြင်စရာ၊ကြားစရာ တစ်ခုခုကိုတွေ့ပြီး လိုချင်စရာ၊ နှစ်သက်စရာ အဖြစ်နဲ့လက်ခံတာ သို့မဟုတ် မကျေနပ်စရာ သဘောမကျစရာအနေနဲ့ တုန်ပြန်တာဟာ သုံး (ဝေဒနာ) တယ်လို့ခေါ်ပါတယ်။

ကြိုက်သလောက် သုံးနိုင်ပေမယ့် နောက်ထပ်ဖြစ်ဖို့ အားထုတ်မယ်၊ မကျေနပ်လို့ တုန့်ပြန် မယ်ဆိုရင် ဒါကို စွဲတယ် (တဏှာ =လူဖြစ်ချင်၊ နတ်ဖြစ်ချင်၊ ချမ်းသာချင်လို့ ဒါနစတဲ့လောကီကုသိုလ်ကို ထပ်လုပ်ရင်လဲ တဏှာလို့ ခေါ်ပါတယ်)လို့ပြောရတာပါ။ စွဲပြီဆိုရင်တော့ လန်း(ဥပါဒါန်) မှာ သေချာနေပါပြီ။ လန်းရင်တော့ ပန်း(ကမ္မဘဝ) ကိုပန်းရတော့မယ်ဆိုတာ သိထား လိုက်ပါတော့။ ဒါကြောင့် သုံးပါ မစွဲစေချင်ပါဘူး။ ကောင်းတာရော၊ ဆိုတာမှာပါပေ့ါ။ တနည်းအားဖြင့် ကံ စကားနဲ့ပြောရမယ်ဆိုရင် ဇနကကံ ဖြစ်ပါစေ။ ဥပတ္ထမ္ဘက ထောက်ပံ့ပေးတဲ့ကံမျိုး၊ အာစိဏ္ဏကံ-အကျင့်လို ဖြစ်နေတာမျိုး မဖြစ်ပါစေနဲ့။ စွဲသွားမှာစိုးလို့ပါ။ သုံးတာချင်းအတူတူ အရိယာတွေက မစွဲတာကြောင့် ဒုက္ခကင်းဝေးပြီး နေနိုင်ပေမယ့်လို့ ပုထုဇဉ်များ ဒုက္ခနဲ့ နပန်းလုံးနေရတာဟာ သုံးရင်းနဲ့ စွဲမိလို့ လန်းပြီး ပန်းသွားရတာပါ။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို တကယ်နားလည်ခဲ့မယ်ဆိုရင် ဘဝမှာ နေထိုင်ရင်း ကုသိုလ်လုပ်တာလဲ တိကျသွားသလို အကုသိုလ်လုပ်တဲ့နေရာမှာလဲ ပေ့ါသွား ပါတော့ တယ်။ ဒါကြောင့် အကြောင်းအကျိုးဆက်ပြတဲ့ ဒီတရားတော်ကို ကောင်းကောင်း နားလည်ထားသင့်ပါတယ်။ အများကြားဖူးပြီးသားဖြစ်နိုင်မယ့် မိုးကုတ်ဆရာတော်ကြီးရဲ့ ***မူလ နှစ်ဖြာ၊ သစ္စာ နှစ်ခု၊ လေးခု အလ္လာ၊ အင်္ဂါ တစ်ဆယ့်နှစ်ပါး တရားကိုယ်များနှင့်၊သုံးပါး အစပ်၊ နှစ်ရပ် မူလ၊ ဝဋ္ဋ သုံးဝနှင့်၊ကာလ သုံးဖြာ၊ ခြင်းရာ နှစ်ဆယ်၊ ဤ ရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်သိစေအပ်သည် သံသရာမှ လွတ်ကြောင်း တည်း*** ဆိုတဲ့ ကဗျာလေးနဲ့မှတ်သားမယ်ဆိုရင်လဲ လွယ်ကူပါတယ်။

## အင်္ဂါ တစ်ဆယ့်နှစ်ပါး

ဒီတရားတော်ကို မှတ်သားမယ်ဆိုရင် အရေးကြီးဆုံးက အင်္ဂါ (၁၂) ပါးကို မှတ်သားထားရုံပါပဲ။ အင်္ဂါ (၁၂) ပါးဆို တာ ၁။ အဝိဇ္ဇာ၊ ၂။ သင်္ခါရ၊ ၃။ ဝိညာဏ်၊ ၄။နာမ်ရုပ်၊ ၅။ သဠာယတန၊ ၆။ ဖဿ၊ ၇။ ဝေဒနာ၊ ၈။ တဏှာ၊ ၉။ဥပါဒါန်၊ ၁၀။ ကမ္မဘဝ၊ ၁၁။ ဇာတိ၊ ၁၂။ ဇရာ၊မရဏ တို့ပါ။

## မူလ နှစ်ဖြာ ၊ နှစ်ရပ် မူလ

အပင်တစ်ပင်ပေါက်ဖို့ဆိုတာ မျိုးစေ့မရှိဘဲမဖြစ်နိုင်သလို ပေါက်ပြီးသား အပင်ဟာလဲ အမြစ်မရှိဘဲ အပင်မရှင်သန်နိုင်ပါဘူး။ ဒီတရားတော်မှာ မျိုးစေ့၊ အမြစ်ကို မူလ လို့ ခေါ်ပါတယ်။ မူလဆိုတာ အရင်းအမြစ်ဆိုတဲ့အဓိပ္ပါယ် ရပါတယ်။ အင်္ဂါ (၁၂) ပါးထဲမှာ ဒီဘဝအတွက် သက်ရှိသတ္တဝါဖြစ်လာဖို့ အတိတ်က မူလဖြစ်တဲ့ အဝိဇ္ဇာဟာ အရေးကြီးတဲ့ အခန်းကဏ္ဍကနေပါဝင်ပါတယ်။ အသိမှား(အဝိဇ္ဇာ) နဲ့လုပ်ခဲ့တဲ့ မကောင်းမှု ကောင်းမှု အားလုံးဟာ ဘဝအသစ်ကို ဖန်တီးပေးနေတာကြောင့်ပါ။ ဒီဘဝမှာလဲ အသိမှန်မရဘဲ အသိမှား (အဝိဇ္ဇာ) ဦးစီးပြီး လုပ်တဲ့ မကောင်းမှု ကောင်းမှုပေါ်မှာ နှစ်သက် ကျေနပ် စွဲလန်း (တဏှာ)နေဦးမယ်ဆိုရင် နောက်ဘဝအတွက် မျိုးစေ့ချတာနဲ့ တူပြန်ရော။ ဒီဘဝဖြစ်ဖို့ မျိုးစေ့နဲ့ တူတဲ့ အဝိဇ္ဇာ (အသိမှား) နောက်ဘဝထပ်ဖြစ်ဖို့ မျိုးစေ့နဲ့ တူတဲ့ တဏှာ (စွဲလန်းမှု) တို့ကို ဘဝဖြစ်ဖို့ အကြောင်းတရားများဖြစ်တာကြောင့် မူလ နှစ်ဖြာ လို့ဆိုတာပါ။

## သစ္စာ နှစ်ခု

ဓမ္မစကြာတရားတော်မှာ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂရယ်လို့ သစ္စာလေးပါး ရှိကြောင်း ဘုရားရှင်ဟောကြားခဲ့ပါတယ်။ သစ္စာလေးပါးရှိပေမယ့်လို့ အကြောင်း အကျိုး တစ်တွဲစီ တွဲလိုက်ရင် ၂ တွဲပဲ ရှိတော့တာပါ။ ဒီသစ္စာကို လည်သစ္စာ (ဒုက္ခ၊ သမုဒယ) တစ်တွဲနဲ့ လွတ်သစ္စာ (နိရောဓ၊မဂ္ဂ) တစ်တွဲလို့မှတ်သား နိုင်ပါတယ်။ ဘဝမပြတ်ပဲ အဆက်ဆက်ဖြစ်နေတာဟာ လွတ်သစ္စာကြောင့် မဟုတ်ဘဲ လည်သစ္စာကြောင့်သာ ဖြစ်ပါတယ်။ လည်သစ္စာ သာရှိနေဦးမယ်ဆိုရင် ဘဝမှာ မကြုံချင်တဲ့ ဒုက္ခတွေကို ကြုံနေရဦးမှာပါပဲ။ ဒီလိုကြုံရတာဟာ အကြောင်းကိုဖြစ်တဲ့ သမုဒယ သစ္စာကိုလုပ်ခဲ့လို့ပါ။ အသိဦးစီးတာမဟုတ်ဘဲ မသိကိုသာဦးစီးပြီး ကံတွေကို ဖန်နေဦးမယ်ဆိုရင် တော့ လည်သစ္စာ နဲ့ ဘဝကိုဖြတ်သန်းရဦးမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲ။

## လေးခု အလွှာ၊ သုံးပါး အစပ်၊ ခြင်းရာ နှစ်ဆယ်၊ ကာလသုံးဖြာ

ပဋိစ္စသမုပ္ပါဒ် တရားတော်အရ အကြောင်းနဲ့ အကျိုးကြောင့် လည်သစ္စာကို စွဲကိုင်ပြီး သံသရာမှာ လည်နေရတယ် ဆိုတာ သိပြီးဖြစ်မှာပါ။ ဒါကြောင့် အင်္ဂါ တစ်ဆယ့် နှစ်ပါးထဲက အကြောင်းတရားများဖြစ်တဲ့ အဝိဇ္ဇာ၊ သင်္ခါရ (အတိတ်အကြောင်း) နဲ့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ (အနာဂတ်အကြောင်း) ကို ထုတ်ကြည့်လိုက်မယ်ဆိုရင် အကြောင်းတ ရား ငါးပါးရပါတယ်။ တကယ်လို့ အတိတ်ကို ဦးတည်မယ်ဆိုရင် ခေါင်းဆောင်က အဝိဇ္ဇာ

ဖြစ်လာမှာပါ။ အနာဂတ်ကို ဦးတည်မယ်ဆိုရင်တော့ တဏှာပေါ့။ ကျန်တာတွေက နောက်လိုက် အကြောင်းတရားတွေပါ။ ပြီးတော့ အကျိုးတရား များကိုပါ သိထားဖို့ လိုပါတယ်။

အင်္ဂါ တစ်ဆယ့်နှစ်ပါးထဲမှာပါတဲ့ အကျိုးတရားများကတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ပဲဖြစ်ပါတယ်။ အကျိုးတရား ငါးပါးပေါ့။ အဲဒါကို လေးခုအလွှာနဲ့ ကြည့်မယ်ဆိုရင် အတိတ်အကြောင်းတစ်လွှာ (အဝိဇ္ဇာ၊သင်္ခါရ) ပစ္စုပ္ပန်အကျိုးတစ်လွှာ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ပစ္စုပ္ပန်မှာ အကျိုးကို အသိ (ဝိဇ္ဇာ)နဲ့မသိပဲ အသိမှား(အဝိဇ္ဇာ) နဲ့ သုံးခဲ့မယ်ဆိုရင် ပစ္စုပ္ပန်မှာ ဖြစ်လာမယ့် ပစ္စုပ္ပန်အကြောင်းတစ်လွှာ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) တိုးလာတာမို့ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ်အကျိုး (ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ) တစ်လွှာကိုပါ ထပ်ထည့်ရ ပြန်ပါတယ်။ ဒါကြောင့် အလွှာလေးပါးဖြစ်ရတော့တာပါ။

အလွှာလေးပါးဖြစ်လာတဲ့အတွက် အတိတ်အကြောင်း အဆုံးဖြစ်တဲ့ သင်္ခါရနဲ့ ပစ္စုပ္ပန် အကျိုးအစဖြစ်တဲ့ ဝိညာဏ်တို့ စပ်မိရပါတော့တယ်။အဲဒီလိုပဲ ပစ္စုပ္ပန် အကျိုးအဆုံး ဖြစ်တဲ့ ဝေဒနာနဲ့ ပစ္စုပ္ပန်အကြောင်းအစဖြစ်တဲ့ တဏှာတို့ပါ ဆက်စပ်မိသွားရော။ ဒီ့အပြင် ပစ္စုပ္ပန်မှာ အကြောင်းတိုးလာတာကြောင့် ပစ္စုပ္ပန်အကြောင်း အဆုံးဖြစ်တဲ့ ကမ္မဘဝ (ဘဝဟောင်း) နဲ့ အနာဂါတ်အကျိုးအစ ဖြစ်တဲ့ ဇာတိတို့ပါ စပ်မိသွားရပါတော့တယ်။ ဒါကြောင့် အသိမှားကိုသာ အသုံးပြုနေဦးမယ်ဆိုရင် အစပ်သုံးပါး ဟာလဲ ခွဲလို့မရပဲ ဆက်ဆက်ပြီး စပ်နေရတော့တာပါ။

အစပ်သုံးပါး အလွှာလေးပါး ဖြစ်လာရတော့ ခြင်းရာလဲ (၂၀)ဖြစ် ရပါတော့တယ်။ ဖြစ်လာရပုံက အတိတ်အကြောင်းတစ်လွှာမှာ အခြင်းအရာ ငါးပါး (အဝိဇ္ဇာ၊သင်္ခါရ၊ တဏှာ၊ဥပါဒါန်၊ကမ္မဘဝ = အဝိဇ္ဇာခေါင်းဆောင် တဏှာ နောက်လိုက်) ရှိသလို ပစ္စုပ္ပန် အကျိုးတစ်လွှာမှာလဲ အခြင်းအရာ ငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ရှိပါတယ်။ ပြီးတော့ ပစ္စုပ္ပန် အကြောင်းတစ် လွှာမှာလဲပဲ အခြားအရာငါးပါး (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ= တဏှာခေါင်းဆောင်) ပါဝင်နေသလို အနာဂတ် အကျိုး တစ်လွှာမှာ လဲပဲ အခြင်းအရာငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ပါဝင်နေတာမို့ အခြင်းအရာလေးပါး (အလွှာလေးပါး) ကို ပေါင်းလိုက် တော့ အရေအတွက်အားဖြင့် (၂၀)ရပါတယ်။ ဒါကို ခြင်းရာ (၂၀)လို့ဆိုတာပါ။ ဒီ အလွှာစတာ ကို ကာလအနေနဲ့ ပြန်ကြည့်မယ်ဆိုရင် အတိတ်၊ ပစ္စုပ္ပန် ၊အနာဂတ်ရယ်ဆို ပြီး သုံးပါးပဲရှိတာမို့ မိုးကုတ်ဆရာတော်ကြီးက ကာလသုံးဖြာ လို့စပ်ဆိုခဲ့ပါတယ်။

## ဝဋ္ဋသုံးဝ

သံသရာလည်နေရတာကို ဝဋ္ဋလို့ခေါ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ ပါဝင်တဲ့ ဝဋ္ဋဆိုတာက အင်္ဂါအားဖြင့် (၁၂)ပါးရှိတဲ့ တရားကိုပဲပြောတာပါ။ ဝဋ္ဋဟာ သုံးမျိုးရှိပါတယ်။ ဒါတွေကတော့ ညစ်နွမ်းတဲ့စိတ်ကြောင့်ဖြစ်တဲ့ ကိလေသဝဋ္ဋ၊ စိတ်ညစ်နွမ်းပြီဆိုရင် သံသရာက မလွတ်သေးသရွေ့ အမှားဖြစ်ဖြစ် အမှန်ဖြစ်ဖြစ် လုပ်နေဦးမယ်၊ ကမ္မဝဋ္ဋ ကံ (အကြောင်း)ကို လုပ်မိပြီဆိုရင် အကျိုးခံရတော့မှာမို့ ဝိပါကဝဋ္ဋရယ်လို့ သုံးပါးဖြစ်ပါတယ်။ ဒါကို အင်္ဂါ(၁၂)ပါးနဲ့ ညှိမယ်ဆိုရင် အတိတ်အကြောင်းဖြစ်တဲ့ အဝိဇ္ဇာနဲ့ ပစ္စုပ္ပန်အကြောင်းဖြစ်တဲ့ တဏှာ၊ ဥပါဒါန် တို့ဟာ ကိလေသာဝဋ္ဋဖြစ် လာပါတယ်။ဘာဖြစ်လို့လဲဆိုတော့ အသိမှားမှု (အဝိဇ္ဇာ)နဲ့ လုပ်မိလုပ်ရာ၊ စွဲမိစွဲရာ (တဏှာ၊ဥပါဒါန်)ဖြစ်ရတာကြောင့်ပါ။ ဒါဟာ သံသရာမှာ လည်စေတဲ့ အကြောင်းရင်းစစ်စစ်ပါပဲ။

အသိမှားပြီး စွဲမိစွဲရာဖြစ်ပြီဆိုရင်တော့ အလုပ်လဲမှား (သင်္ခါရ) အစွဲလဲမှား (ကမ္မဘဝ) ရတော့တာပါ။ ဒါကြောင့် ကမ္မဝဋ္ဋဆိုတာ သင်္ခါရနဲ့ကမ္မဘဝတို့ကို ဆိုလိုတာပါ။ ကံအကြောင်း ရှိပြီဆိုမှတော့ အကျိုးတရားကတော့ ကျိန်းသေကို လာတော့မှာ။ ဒါကြောင့် အင်္ဂါ (၁၂)ပါးထဲမှာကျန်တဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာမရဏတို့ဟာ အကျိုးအနေနဲ့ရလာတဲ့ ဝိပါကဝဋ္ဋတွေပါ။

တရားချစ်ခင် သူတော်စဉ်များအနေနဲ့ သံသရာကနေ တကယ် လွတ်ချင်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်တရားတော်အတိုင်း အကြောင်းတရားများကို ဖြစ်စေမယ့် မူလနှစ်ဖြာထဲက အသိမှားမှု အဝိဇ္ဇာကို ဝိဇ္ဇာအဖြစ် ပြောင်းလဲ နိုင်အောင်ကြိုးစားရပါလိမ့်မယ်။ အဝိဇ္ဇာ အသိမှားမှုသည် ဝိဇ္ဇာ အသိမှန်သို့ ဆိုတဲ့အတိုင်း အမှားကနေ အမှန်ကို ပြောင်းလဲနိုင်ပြီဆိုရင် သစ္စာနှစ်ခုအဖြစ် လည်သစ္စာကိုသာ ယူရမယ့်အခြေအနေမှ လွတ်သစ္စာ (နိရောဓ၊ မဂ္ဂ) ကိုသာယူရမယ့် အခြေအနေကို ပိုင်ဆိုင်ခွင့်ရတော့မှာပါ။ လွတ်သစ္စာကို သာပိုင်ပြီဆိုရင် အလွှာတွေကွာပြီး အစပ် တွေပြတ်ကာ အခြင်းအရာတွေ ကာလတွေမရှိတော့ပဲ ကိလေသာဝဋ္ဋ ကျွတ်ပြီလို့ ပြောလို့ရပါတော့တယ်။ တကယ်တော့ ကိလေသာဝဋ္ဋဆိုတာ အသိမှား (အဝိဇ္ဇာ)ကို လက်ကိုင်ထားသူ တစ်ယောက်ရဲ့ နာမည်ခွဲတစ်ခုပါပဲ။

## ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ဆင်ခြင်ရန် နည်း (၄) မျိုး

ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို လေးရပ်သောနည်းဖြင့် အသီးသီး ဆင်လိုက်သောအခါ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိတော့ကြောင်း ကောင်း

ကောင်းကြီး သိမြင်လျက် သဿတ၊ ဥစ္ဆေဒစသော ဒိဋ္ဌိတို့မှ ကင်းစင်စေနိုင် သောကြောင့် ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်းနှင့် ဧဝံဓမ္မတာနည်းဟူသော နည်းလေးတန်ဖြင့် ဆင်ခြင်ရာ၏။

## ဧကတ္တနည်း

သန္တာန်အစဉ် အမျှင်မပြတ် တစ်စပ်တည်း တစ်ဆက်တည်းဟု သိရသောနည်းသည် ဧကတ္တနည်းမည်၏။ ဤ ဧကတ္တနည်းအရ မျိုးစေ့မှ အညောက် ထွက်၍ သစ်ပင်ကြီး အဖြစ်သို့ ရောက်အောင် သန္တာန်အစဉ် အမျှင်မပြတ် သကဲ့သို့ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ ရှေးရှေးသင်္ခါရကြောင့် ယခုဘဝ ဝိညာဏ်အသစ်ဖြစ်၏ စသည်ဖြင့် အစဉ်မပြတ် ဆက်စပ်နေပုံကို ဆင်ခြင်သောအခါ ဤဘဝ ဤသတ္တဝါ ဤခန္ဓာအစဉ်သည် ဤဘဝဆုံးလျှင် ပြတ်၏၊ နောက်ဘဝ နောက်သတ္တဝါ နောက်ခန္ဓာ တစ်မျိုးဖြစ်ပြန်၏ဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိ သည် အလိုအလျောက် ကင်းပျောက် တော့၏။

## နာနတ္တနည်း

သန္တာန်အစဉ် အမျှင်မပြတ်သော်လည်း အဝိဇ္ဇာ၏သဘောက တစ်မျိုး၊ သင်္ခါရ သဘောက တစ်မျိုး၊ ဤသို့ စသည်ဖြင့် သဘောလက္ခဏာချင်း ကွဲလွဲကြသည်ဟု သိရသောနည်းသည် နာနတ္တနည်းမည်၏။ ဤနာနတ္တနည်းအရ အဝိဇ္ဇာနှင့် သင်္ခါရတို့မတူပုံ၊ သင်္ခါရနှင့် ဝိညာဏ်တို့ မတူပုံ၊ အသစ် အသစ်အကြောင်းနှင့် အသစ်အသစ်အကျိုးတို့ တစ်မျိုးပြီး တစ်မျိုးဖြစ်ပုံကို ဆင်ခြင်လိုက်သောအခါ မပျက်မစဲ အမြဲတည်သည်ဟု ယူမှားသော သဿတ ဒိဋ္ဌိသည် အလိုအလျောက် ကင်းပျောက် တော့၏။

## အဗျာပါရနည်း

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရာ၌ ငါသည် သင်္ခါရကို ဖြစ်စေမည် ဟု အဝိဇ္ဇာဝယ် ကြောင့်ကြဗျာပါရမရှိ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာ၌လည်း ငါသည် ဝိညာဏ်ကို ဖြစ်စေမည်ဟု သင်္ခါရဝယ် ကြောင့်ကြဗျာပါရမရှိ၊ ဤသို့စသည်ဖြင့် အကျိုးတရားကို ဖြစ်စေဖို့ အရေး၌ အကြောင်းတရားစုဝယ် ကြောင့်ကြဗျာပါရ မရှိပုံကို သိရသောနည်းသည် အဗျာပါရနည်းမည်၏။ ဤနည်းအရ ဆင်ခြင်လိုက်သောအခါ အကြောင်းတရား၊ အကျိုး တရားတို့ ဘာသိဘာသာ ဖြစ်နေပုံကို သိမြင်ရသဖြင့် ဤကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတွေကို ထာဝရဘုရားစသူတို့က ဖန်ဆင်းပေး နေသည် ဟူသော ဣဿရနိမ္မာန ဝါဒသည်လည်းကောင်း၊ မိမိခန္ဓာကိုယ်တွင်း၌ ထိုထိုအမှုကို ပြုလုပ်တတ်၊ ခံစားတတ်သော

အတ္တရှိ၏ ဟု စွဲလမ်းတတ်သော အတ္တဝါဒသည်လည်းကောင်း အလိုအလျောက် ကင်းပျောက် တော့၏။

## ဧဝံဓမ္မတာနည်း

ဤသို့ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရစသော အကျိုးများ ဖြစ်ရခြင်းသည် ထုံးစံဓမ္မတာပင်တည်း ဟု သိရသောနည်းသည် ဧဝံဓမ္မတာနည်းမည်၏။ ဤနည်းအရ ဆင်ခြင်သောအခါ ချိုဆိမ့်သော နို့ရည်ကြောင့် ချဉ်သောနို့ဓမ်းဖြစ်ရခြင်း၊ နမ်းကြောင့် ဆီဖြစ်ရခြင်း၊ ကြံကြောင့် ကြံရည်ဖြစ်ရခြင်းများသည် ထုံးစံဓမ္မတာပင်ဖြစ်၍ သဲမှ ဆီမထွက်နိုင်၊ ကြံမှ နို့ရည်မထွက်နိုင်ခြင်းများသည် ဓမ္မတာပင်ဖြစ်သကဲ့သို့၊ ထို့အတူ အဝိဇ္ဇာကြောင့် သင်္ခါရသာဖြစ်ခြင်း၊ သင်္ခါရလည်း အဝိဇ္ဇာကြောင့်သာဖြစ်ခြင်း၊ တစ်စုံတစ်ခု အကြောင်းမရှိဘဲ ဘာသိဘာသာ မပေါ်လာ နိုင်ခြင်း၊ မဆိုင်သော အကြောင်းကြောင့်လည်း မဆိုင်သော အကျိုးများ မဖြစ်နိုင်ခြင်းသည် ဓမ္မတာပင် ဖြစ်သည်တကားဟု စဉ်းစားလိုက်သောအခါ အာလုံးသောတရားမှာ ဆိုင်ရာ အကြောင်းမကင်း ဟုသိတတ်သော သဟေတုကအယူ ပေါ်လာရကား အကြောင်းမဲ့ သက်သက်ဖြစ်တတ်သည်ဟု ယူမှားသော အဟေတုကဒိဋ္ဌိနှင့် ကုသိုလ်၊ အကုသိုလ်ကို ပြုသော်လည်း ပြုရာမရောက်၊ အကျိုးမရ နိရတ္ထကသာ ဟု ယူမှားသော အကိရိယဒိဋ္ဌိများ သည် အလိုအလျောက် ကင်းပျောက်တော့၏။

## တိုက်တွန်းချက်

ဗုဒ္ဓဘာသာဝင်ဖြစ်၍ အရာရာ၌ စဉ်းစားလေ့ရှိသူတို့သည် "ကမ္ဘာလောကကြီးသည် အချိန်ကျလျှင် ပျက်စီး၏၊ ပျက်ပြီးနောက် ကမ္ဘာပြုမိုးရွာသည်ကစ၍ တစ်ဖန်ဖြစ်ပေါ်လာ၏" ဟူသော ကျမ်းစာအရ ဖြစ်ချည် ပျက်ချည် အတည်မကျပုံကို ယုံကြည်နိုင်ကြသော်လည်း "ဘယ်တုန်းကစ၍ ဖြစ်ခဲ့ပါလိမ့်မည်နည်း" ဟု တစ်ဆင့် စဉ်းစားလေ့ရှိကြပြန်၏။ သတ္တဝါများအတွက် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ စသည်ကို ယုံကြည်နိုင်သော်လည်း ဘယ်တုန်းက စခဲ့ပါလိမ့်မည်နည်း ဟူ၍ကား စဉ်စားလျက်ပင်တည်း။ ထိုကဲ့သို့ စဉ်းစား၍ မဆုံးဖြတ်နိုင်သောအခါ ကမ္ဘာလောကကြီးနှင့် သတ္တဝါတွေသည် အကြောင်းမဲ့ သက်သက် ဖြစ်တတ်၏၊ ဖြစ်ဖို့ရန်မှာ အကြောင်းမရှိဟူသော အဟေတုက ဒိဋ္ဌိတွင်းသို့ တချို့သက်ဆင်းကြလေသည်။ တချို့ကား ဖန်ဆင်းတတ်သူ တစ်ယောက် ယောက်တော့ ကေန်ရှိဦးမှာပဲ ဟူသော ဣဿနိမ္မာနဝါဒကို သဘောကျသလိုရှိပြန်၏။

ဗုဒ္ဓဘာသာကျမ်းစာများ၌ မိမိဉာဏ်မပိုင်၍ မကြံနိုင်သော လောက အကြောင်းအရာ ကမ္ဘာ၏ဖြစ်ပုံကို မကြံလေနဲ့၊ ကြံဖန်များလျှင် အသိဉာဏ် အမှန်မရက ရူးသွပ်တတ်

သည် ဟု မိန့်မှာတော်မူသည်။ ထို့ကြောင့် ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံကိုသာ နည်းလေးဖြာ ဖြန့်ခင်း၍ သန့်ရှင်းအောင် အထပ်ထပ် စဉ်းစားလျှင် ထိုသံသရာ၊ ထို ကမ္ဘာလောကကြီးနှင့် မိမိခန္ဓာအစဉ်၏ အစမရှိကြောင်းကို ကောင်းကောင်း ရှင်းပါလိမ့်မည်။ ဤပဋိစ္စသမုပ္ပါဒ်ကို ရှင်းလင်းစွာ မထွင်းဖေါက်နိုင်သေးဘဲ သံသရာမှ ထွက်မြောက်နိုင်သူကား အိပ်မက်ထဲမျှ မရှိခဲ့ကြဘူးပါချေ။ သို့အတွက် သံသရာမှ မြန်စွာထွက်မြောက်ဖို့ရာ ဤဘဝစက်ဝိုင်းကို ကသိုဏ်းရှုသလို အထပ်ထပ် ကြည့်ရှု ဆင်ခြင်၍ အားထုတ်ကြပါကုန်။ ( ***တောင်ဖြို့ မဟာဂန္ဓာရုံဆရာတော်***)

# ပဋ္ဌာန်းနည်း

ပဋ္ဌာန ဟူသောပုဒ်ကိုစွဲ၍ ပဋ္ဌာန်းဟု ခေါ်ဆိုကြသည်။ အထူးထူး အပြားပြား များစွာကုန်သော ပစ္စည်းတို့၏ ဖြစ်ရာဖြစ်သောကြောင့် ပဋ္ဌာန်းမည်၏။

**တစ်နည်း။** ကုသိုလ်စသော သင်္ခတတရားတို့ကို ဟေတုပစ္စည်း အစရှိသည်တို့၏ အစွမ်းဖြင့် ဝေဘန်ရာဖြစ်သော ကြောင့် ပဋ္ဌာန်းမည်၏။

ပဋ္ဌာန်းနည်းကို ပစ္စည်း-အကြောင်း၊ ပစ္စယုပ္ပန်-အကျိုးနှင့် ပစ္စသတ္တိ-ပစ္စည်း၏ စွမ်းဆောင်မှု တို့ဖြင့်ဝေဘန်သည်။

## ပစ္စည်း

အကျိုးတရားများ ဖြစ်ပေါ်အောင် ၊ ဖြစ်ပြီး တရားကို တည်တံ့နိုင်မြဲအောင် ကျေးဇူးပြုတတ်သော စိတ်၊စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်ဟုဆိုအပ်သော အကြောင်းတရားများကို ပစ္စည်းဟုခေါ်သည်။

ပစ္စယသဒ္ဒါသည် ဥပကာရက အနက်ရှိ၏။ ဥပကာရက ဆိုသည်ကား ကျေးဇူးပြုတတ်သည်၊ ထောက်ပံ့ချီးမြှောက်တတ်သည်ဟုဆိုလိုသည်။ ကျေးဇူးပြု ဆိုသည်မှာ မိမိထင်ရှားရှိနေခဲ့လျှင် မိမိနှင့်စပ်ဆိုင်သော တရားတို့သည် မဖြစ်ပေါ် သေးလျှင်လည်း ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်ပြီးလျှင်လည်း တည်တန့် နိုင်ကြကုန်၏။ တည်ပြီးသော တရားတို့သည်လည်း အဆင့်ဆင့် ကြီးပွား စည်ပင်ရန် အခြေအနေသို့ ရောက်ကြကုန်၏။ ထိုသဘောမျိုးကို ကျေးဇူးပြုမှုဟု ဆိုသည်။

## ပစ္စယုပ္ပန်

အကြောင်းကြောင့် ဖြစ်ရသော စိတ်၊ စေတသိက်၊ ရုပ်ဟူသော အကျိုးသင်္ခတတရားများ ကို ပစ္စယုပ္ပန်ဟုခေါ်သည်။

## ပစ္စယသတ္တိ

ထင်ရှားမဖြစ်ပေါ်သေးသော်လည်း ဖြစ်စွမ်းနိုင်၊ပြုစွမ်းနိုင်၏ဟူသော သဘောသတ္တိကို ပစ္စယသတ္တိဟုခေါ်သည်။

## ပဋ္ဌာန်း (၂၄) ပစ္စည်းနှင့် အဓိပ္ပါယ်များ

## ၁။ ဟေတုပစ္စည်း

အမြစ်သဖွယ် ကျေးဇူးပြုတတ်သောတရားသည် ဟေတုမည်၏။ ရေသောက်မြစ်သည် သစ်ပင်အား အစဉ်ကြီးပွား၍ စည်ကားအောင် ကျေးဇူးပြုဘိသကဲ့သို့ ဟိတ် ၆ပါး အကြောင်းတရားတို့သည် အတူတကွဖြစ်သော စိတ်၊ စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား ကြီးပွားခိုင်မြဲစေရန်အကြောင်းမူလသတ္တိဖြင့်ကျေးဇူးပြုတတ်၏။

## ဟေတုပစ္စည်းကို ကိုဟောရခြင်းအကြောင်း

အဆိပ်ပင်၌ အဆိပ်မြစ် မသေမပြတ်နိုင်သောကြောင့် အဆိပ်ပင် အဆိပ်ခက် အစရှိသည် ပြန့်ပွါးလေသကဲ့သို့ လောဘ ဒေါသ အစရှိသော အမြစ်မူလ ဟိတ်တရားကို မပယ်နိုင်ကြ၍ ခန္ဓာငါးပါးတည်းဟူသော သံသရာအဆိပ်ပင်ကြီး သီးပွင့် စည်ပင်၍ နေလေ၏။ ခန္ဓာငါးပါးတည်းဟူသော သံသရာဝန်ကိုကြောက်သော အမျိုးသားတို့သည် လောဘ အစရှိသော ဟိတ်တရားတို့ကိုပယ်ရှားရမည် စသည်ဖြင့် အာဏတ္တိ=တိုက်တွန်းမှုကို ပြတော်မူလို၍ ဟေတုပစ္စည်းကိုဟောတော်မူသည်။

## ၂။ အာရမ္မဏပစ္စည်း

အာရုံဖြစ်၍ ကျေးဇူးပြုတတ်သောတရား။ ကြိုးတန်း၊တောင်ဝှေးတို့သည် အားအင်ချိနဲ့သော သူတို့အား ဆွဲကိုင်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အာရုံ ၆ ပါးတို့သည် စိတ်၊စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကြ၏။

## *အာရမ္မဏပစ္စည်းကိုပေါဟရခြင်းအကြောင်း*

ကာမဂုဏ်ငါးပါး အာရုံခြောက်ပါး ၌ တွယ်တာမကင်း မက်မောခြင်း မကင်းနိုင်ကြသောကြောင့် သံသရာဒုက္ခကိုဖြစ်စေဆဲ၊ ဖြစ်စေလတံ့သော စိတ် စေတသိက် အစဉ်မပြတ်ဖြစ်၍ သံသရာစက်ရဟတ် မပြတ်နိုင်သည်၊ သံသရာစက်ရဟတ် ပြတ်လိုသော အမျိုးကောင်းသားသည် လောကီကာမဂုဏ် အာရုံခြောက်ပါးကို တားမြစ်၍ လောကုတ္တရာ နိဗ္ဗာန်အာရုံကို အလွန်စုံမက်တောင့်တအပ်သည်ဟု ပြတော်မူလို၍ အာရမ္မဏပစ္စည်း ကို ပေဟာတော်မူသည်။

## ၃။ အဓိပတိပစ္စည်း

စကြဝတေးမင်းသည် အထွတ်အထိပ် အချုပ်အခြာ အာဏာတန်ခိုးဖြင့် တစ်ပါးသူတို့၏ ကြီးစိုးခြင်းကိုတားမြစ်၍ နိုင်ငံသားအပေါင်းတို့အား မိမိအလိုသို့ လိုက်ပါစေကာ ရှေ့ဆောင်အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အာရမ္မဏာဓိပတိ ပစ္စည်း နှင့် သဟဇာတာဓိပတိပစ္စည်း တို့သည် ပစ္စယုပ္ပန် တရားတို့အား မိမိအလိုသို့ လိုက်ပါစေ၍ ရှေ့ဆောင်ပြီး အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုမှုကို အဓိပတိပစ္စယသတ္တိ ဟု ခေါ်၏။

## အဓိပတိ ပစ္စည်းကို ပေဟာရခြင်းအကြောင်း

နီလမက္ခိကဟု ဆိုအပ်သော ယင်ညိုတို့သည် စတုမဓုအရသာကို ပယ်ရှား၍ စဏ္ဍာနိကရသဟုဆိုအပ်သော တစီးပွက် တစီးတွင်း၌သာလျှင် အလွန်အလေးအမြတ် ပျော်ပိုက်နှစ်သက်သကဲ့သို့ လောဘပြဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမဂုဏ် ငါးပါး အာရုံခြောက်ပါး၌သာလျှင် အလေးအမြတ်ပြုတတ်သည်။ ယင်း လောဘကိုနာနာသတ်မှ အပါယ်ဒုက္ခစသည် ပြတ်နိုင်သည်။ ကာမာဝစရ ကုသိုလ်သည်လည်း အဆိပ်နှင့်ရောသော ဘောဇဉ်ကို စုံမက်စားမှားသော လူမိုက်ကဲ့သို့ ဇာတိဒုက္ခ စသောဘေးကို ဖြစ်စေတတ် သော လောကီကုသိုလ်ကို အလေးအမြတ်ပြုတတ်သည်။ ယင်းကုသိုလ်ဟု ဆိုအပ်သော အဘိသင်္ခါရမာရ်ကိုလည်း အလျင်ဖြတ်မှ ခန္ဓာဝန် ဒုက္ခပြတ်နိုင်မည်။

လောကုတ္တရာတရားသည်ကား နိဗ္ဗာန်ကိုသာ အလေးအမြတ် ပြုတတ် သည်။ ဘေးကင်းရာ နိဗ္ဗာန်ကိုအလိုရှိသောအမျိုးသားတို့သည် လောကုတ္တရာ မဂ်ဖိုလ်ကိုသာ လွန်စွာ ရအောင် အားထုတ်ရမည် ဟု ပြတော်မူလို၍ အာရမ္မဏာဓိပတိပစ္စည်း ကို ပေဟာတော်မူသည်။

ရာဂနှင့်စပ်သော အမှု ဝတ္ထု အာရုံအလွန်အလိုရှိတတ်သော ဆန္ဒ ၊ ထိုအာရုံ၌ အားကြီးစွာညွတ်ခြင်းတည်းဟူသော စိတ္တ၊ ထိုအာရုံ၌လွန်စွာအားထုတ်ခြင်း တည်းဟူသော ဝီရိယတို့သည် ကြီးကဲလွှမ်းမိုး အစိုးရခြင်းဖြင့် တိုက်တွန်းနိုးဆော် သောကြောင့် လောဘ ဒေါသ အကုသိုလ် ကိလေသာတို့ နှိပ်စက်၍ ဒုစရိုက် ကိုပြုမှားမိသဖြင့် အပါယ်ကဝဋ်ဒုက္ခ၌ နစ်မွမ်း၍ သံသရာ ခါးပန်း မသတ်နိုင်ကြသည်။ ထိုယုတ်မာသောအာရုံ၌ စုံမက်တတ်သော ဆန္ဒအစရှိသည် ကို အသုဘသညာ မရဏာဿတိကမ္မဋ္ဌာန်း စသည်ဖြင့်နှိပ်ကွပ်ဆုံးမ၍ ကာယဒုစရိုက်အစရှိသည်မှ ကြဉ်ရှောင်သဖြင့် ကောင်းမြတ်သောအကျင့်မြတ် ပဋိပတ် အာရုံ၌ လွန်စွာအလိုရှိခြင်းတည်းဟူသော ဆန္ဒလွန်စွာ ညွတ်ခြင်းတည်း ဟူသော စိတ္တ အားထုတ်ခြင်း တည်းဟူသော ဝီရိယ ပညာဖြင့် အဆင့်ဆင့် ဆင်ခြင်ခြင်းတည်းဟူသော ဝီမံသတရားတို့ကို လွန်စွာအားကြီးအောင်ပြု၍ ကာယသုစရိုက် အစရှိသော ကုသိုလ် ကမ္မပထတရားကို အားထုတ်ကျင့်ဆောင်မှသာလျှင် အပါယ်ဘေး ကင်းနိုင်ရာ သည် ဟု ပြတော်မူလို၍ သဟဇာတာဓိပတိ ပစ္စည်းကို ဟောတော်မူသည်။

## အဓိပတိပစ္စည်း (၂) မျိုး

၁။ အာရုံအဖြစ်စိုးမိုးခြင်း (အလေးအမြတ်ပြုအပ်သောအာရုံ ၆ ပါး) အာရမ္မဏာဓိ ပတိ။
၂။ ဖြစ်ဖက်တရားတို့အပေါ်စိုးမိုးခြင်း (အဓိပတိ ၄ ပါး) သဟဇာတာဓိပတိ။

## ၄။ အနန္တရပစ္စည်း

ဧကရာဇ်ဘုရင်၏ နတ်ရွာလားခြင်းသည် သားကြီးရတနာအား မင်းအဖြစ် ဘိသိက်ခံခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဖြစ်သော စိတ်၊စေတသိက်တို့သည် နောက်နောက် အခြားမဲ့ဖြစ်ကြသည့် စိတ်၊ စေတသိက် တို့အား အနန္တ ရသတ္တိဖြင့် ကျေးဇူးပြုကြ၏။

## အနန္တရပစ္စည်းဟောရခြင်းအကြောင်း

အရဟတ္တမဂ်ဖြင့် အာသဝေါတရားတို့ကို အကြွင်းမဲ့ မပယ် မဖြတ်ခြင်းကြောင့် စုတိ၏အခြားမဲ့ ဤဘဝသစ်၌ ပဋိသန္ဓေ နေရပြန်သည်။ ဘဝသစ်၌ အရဟတ္တမဂ်ဖြင့် ကိလေသာကို အကြွင်းမဲ့မပယ်မဖြတ် အမှတ်မဲ့ ပေါ့ဖျင်း၍ နရက်ချောက်သို့ ကျရသည်နှင့်တူသော ပဋိသန္ဓေ အသစ်တစ်ဖန် နေရပြန်သဖြင့် ပထမဘဝင် အစရှိသော နာမက္ခန္ဓာ အစဉ်မပြတ်ဖြစ်၍ တစ်ဖန် စုတိပြန်လျက် သေစမဆုံး ပဋိသန္ဓေနေခြင်း

အစရှိသော ဝဋ်ဆင်းရဲကင်းလိုသော အမျိုးကောင်းသားတို့သည် အရဟတ္တမဂ်ဖြင့် အာသဝေါတရားတို့ကို အကြွင်းမဲ့ ပယ်ဖြတ်၍ ပစ္စိမစုတိစိတ်ဖြင့် ဘဝအဆုံးသတ် နိဗ္ဗာနဓာတ်သို့ ရောက်အောင်ကြံဆောင် အားထုတ်ကြကုန်လော့ဟု တိုက်တွန်းခြင်းကို ပြတော်မူလို၍ အနန္တရပစ္စည်းကို ဟောတော်မူသည်။

## ၅။ သမနန္တရပစ္စည်း

ဧကရာဇ်မင်း၏ အရည်ဝါသီတောရပ်မှီ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ရှေ့ရှေ့ဖြစ်သော စိတ်၊ စေတသိက်တို့သည် နောက်နောက် အခြားမဲ့ဖြစ်ကြသည့် စိတ်၊ စေ တသိက်တို့အား ကောင်းစွာ အခြားမရှိဘဲ ကျေးဇူးပြုကြကုန်၏။

## သမနန္တရပစ္စည်းကို ဟောရခြင်းအကြောင်း

သမနန္တရပစ္စည်းမှာ အနန္တရပစ္စည်းနှင့် အနက်သဘောအထူးမရှိ ဝေနေယျျွှာ သယဖြင့်သာ သဒ္ဒါပြား၍ ပရိယာယ်တစ်ပါးဖြင့် ဟောတော်မူသည်။

## ၆။ သဟဇာတပစ္စည်း

ဆီမီးသည် မိမိတောက်သည်နှင့် တပြိုင်နက် အရောင်အလင်းကို အတူတကွ ဖြစ်စေသကဲ့သို့ အကြောင်းတရားတို့ ဖြစ်ပေါ်လာကြသည်နှင့် တပြိုင်နက် အကျိုးတရားတို့ အား တပြိုင်နက် အတူတကွဖြစ်ပေါ်လာအောင် ကျေးဇူးပြုမှုကို သဟဇာတပစ္စယသတ္တိဟု ခေါ်သည်။

### သဟဇာတပစ္စည်း (၅)မျိုး

၁။ စိတ်၊စေတသိက်တရားတို့သည် အချင်းချင်း သဟဇာတ။

၂။ စိတ်၊စေတသိက်နှင့် စိတ္တဇရုပ်တို့သည် သဟဇာတ။

၃။ မဟာဘုတ်ရုပ်တို့သည် အချင်းချင်း သဟဇာတ။

၄။ မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည် သဟဇာတ။

၅။ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်း သဟဇာတအားဖြင့် (၅)မျိုးရှိသည်။

## သဟဇာတရုပ် (နာမ်နှင့်တကွဖြစ်သောရုပ်)

သဟဇာတရုပ်သည်

၁။ ပဝတ္တိအခါ စိတ်တို့နှင့်တကွဖြစ်သော စိတ္တဇရုပ်

၂။ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့် အတူတကွဖြစ်သော ကမ္မဇရုပ်ကို ဆိုလိုသည်။

## သဟဇာတပစ္စည်းကို ဟောရခြင်းအကြောင်း

ကာမဂုဏ်ငါးပါး အာရုံခြောက်ပါး တရားတို့၌ပျော်ပါးခံစားခြင်း ဝေဒနက္ခန္ဓာဖြစ်သောကြောင့်သာလျှင် သညာက္ခန္ဓာအစရှိသော ခန္ဓာလေးပါး ရုပ်နာမ်တရားဖြစ်ပွားလေသည်။ နိစ္စသညာ သုခသညာ အတ္တသညာ နိစ္စဒိဋ္ဌိ နိပ္ပါပုါရသာဖြစ်သော အနိစ္စဒုက္ခ အနတ္တ အစုမျှသာဖြစ်သော ခန္ဓာငါးပါးအာရုံခြောက်ပါး၌ မုဋ္ဌိတဖြစ်၍ တွေဝေ မိန်းမောသဖြင့် သတ္တသညာဇီဝသညာ စသော သညာဝိပလ္လာသတရား ဖြစ်ပွားကြကုန်၍ ဝေဒနက္ခန္ဓာ အစရှိသော ခန္ဓာ အာယတန ဓာတ်အစဉ်မပြတ် ဖြစ်သဖြင့် သံသရာရဟတ် အပြတ်နိုင်ကြလေသည်။

ကာမဂုဏ်ငါးပါး အာရုံခြောက်ပါး၌ ခံစားခြင်း ဝေဒနက္ခန္ဓာ ပြတ်မှ သညာက္ခန္ဓာ စသည် ပြတ်နိုင်မည်။ သတ္တသညာဇီဝသညာ စသော သညာဝိပလ္လာသပြတ်မှ သင်္ခါရက္ခန္ဓာ စသော ခန္ဓာလေးပါး ရုပ်နာမ်တရား ပြတ်နိုင်မည်။ ခန္ဓာဝန်ကို လွှန်နိုင်မှသာလျှင် သံသရာဝဋ်ကင်းငြိမ်းမည်ဟု ပြတော်မူလို၍ သဟဇာတပစ္စည်းကို ဟောတော်မူသည်။

## ၇။ အညမညပစ္စည်း

သစ်သားသုံးခွ တိဒဏ္ဍသည် အချင်းချင်း တစ်ချောင်းသည် တစ်ချောင်းအား ထောက်ပံ့ခိုင်စေခြင်းငှါ အပြန်အလှန် ကျေးဇူးပြုသကဲ့သို့ အချင်းချင်းအပြန်အလှန် ကျေးဇူးပြုမှုကို အညမညပစ္စသတ္တိဟုခေါ်သည်။

### အညမညပစ္စည်း (၃) မျိုး

၁။ စိတ်၊စေတသိက်တရားတို့သည် အချင်းချင်း အညမည။

၂။ မဟာဘုတ်ရုပ်တို့သည် အချင်းချင်း အညမည၊

၃။ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်း အညမညအားဖြင့် (၃)မျိုးရှိသည်။

## အညမညပစ္စည်းကို ဟောရခြင်းအကြောင်း

က္ကဋ္ဌာရုံ အနိဋ္ဌာရုံကိုခံစားတတ်သော သုခ ဒုက္ခ ဥပေက္ခာဝေဒနာဖြစ်၍ ထိုအာရုံ၌ အမှတ်ပြု၍ သိတတ်သောသညာက္ခန္ဓာဖြစ်သည်။ ထိုအာရုံ၌ အမှတ်ပြု၍ သိတတ်သော သညာက္ခန္ဓာအစရှိသည်ဖြစ်၍ ထိုအာရုံ၌ ခံစားခြင်း ဝေဒနာက္ခန္ဓာ စသည်ဖြစ်သည်။

ထို နာမက္ခန္ဓာလေးပါးတို့သည် ခိုးသားလေးယောက်တို့ကဲ့သို့ တစ်ပါးသည် တစ်ပါးအားမှီရာပစ္စည်းပြု၍ သတ္တဝါတို့အား ဇာတိ ဇရာစသော ဘေးကိုဖြစ်စေလျက် ညှင်းဆဲနှိပ်စက်တတ်သည်။

ထို ခန္ဓာလေးပါးကိုအကြွင်းမဲ့ပယ်ဖြတ်မှ ဇာတိ ဇရာစသောဘေးဒုက္ခပြတ်နိုင်မည်။ မဟာဘုတ်လေးပါးသည်လည်း ဘီလူးမ လေးယောက်ကဲ့သို့ မိန်းမ ယောက်ျား ငါ သူတစ်ပါး ထင်ရှားမရှိပဲလျက် ထင်ရှားရှိသကဲ့သို့လှည့်စားသဖြင့် တစ်ပါးသည် တစ်ပါးအား မှီရာပြု၍ သတ္တဝါတို့ကိုဖျက်ဆီး တတ်သည်။ ထိုမဟာဘုတ် ရူပက္ခန္ဓာ၌ တပ်ခြင်းကင်းမှ သံသရာဘေး ကင်းနိုင်ရာသည်။ ကင်းအောင်ပြုလော့ဟု တိုက်တွန်းနှိုးဆော် ခြင်းကိုပြတော်မူလို၍ အညမညပစ္စည်းကို ဟောတော်မူသည်။

### သဟဇာတပစ္စည်းနှင့် အညမညပစ္စည်းအထူး

အတူတကွဖြစ်၍ကျေးဇူးပြုသောပစ္စည်းသည် သဟဇာတ၊ အတူတကွ လည်းဖြစ်၊ အချင်းချင်းလည်း အပြန်အလှန် ကျေးဇူးပြုသောပစ္စည်းသည် အညမည ဤသို့ထူးသည်။

### အညမညပစ္စည်းမည်ပုံ

စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးဟူသော နာမ်တရားတို့သည်လည်းကောင်း၊ မဟာဘုတ် ၄ ပါး ဟူသော ရုပ်တရားသည် လည်းကောင်း၊ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာ ၄ ပါး နှင့် ဟဒယဝတ္ထုရုပ်ဟူသော ရုပ်နာမ်တို့သည်လည်းကောင်း သစ်သား ၃ ချောင်း ထောက်ကို ထောင်၍ထားရာ မလဲမပြိုအောင်အချင်း ချင်းကျေးဇူးပြုသကဲ့သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောကြောင့် အညမညပစ္စည်းမည်၏

## ၈။ နိဿယပစ္စည်း

လေနှင့်လူသည် အချင်းချင်းမှီရာ ဖြစ်သကဲ့သို့လည်းကောင်း၊ မြေကြီးသည် သစ်ပင်များနှင့် သတ္တဝါတို့၏ မှီရာ ဖြစ်သကဲ့သို့လည်းကောင်း ပစ္စယုပ္ပန်တရားတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုကို နိဿယပစ္စယ သတ္တိ ဟုခေါ်၏။

## နိဿယပစ္စည်း (၅)မျိုး

၁။ စိတ်၊ စေတသိက်တို့သည် အချင်းချင်း နိဿယ။

၂။ စိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်တို့သည် နိဿယ။

၃။ မဟာဘုတ်ရုပ်တို့သည် အချင်းချင်း နိဿယ။

၄။ မဟာဘုတ်နှင့် ဉပါဒါရုပ်တို့သည် နိဿယ။

၅။ ဝတ္ထုရုပ်ခြောက်ပါးနှင့် ဝိညာဏဓာတ် ၇ ပါးတို့သည် နိဿယအားဖြင့် (၅) မျိုး ရှိသည်။

## နိဿယပစ္စည်းကို ဟောရခြင်းအကြောင်း

အာရုံခြောက်ပါး ဝတ္ထုရုပ်ခြောက်ပါးတို့သည် အဆိပ်ပင်တို့၏တည်ရာ ဉယျာဉ်မြေနှင့်တူကုန်သည်။ ပဋိသန္ဓေအစရှိသော အဗျာကတ တရားတို့သည် အမြင်ဆိုးရွား ခါးစပ်သော အရသာရှိသော မူးယစ်စေတတ်သော သစ်ပင်နှင့် တူကုန်သည်။ လောဘမူ ဒေါသမူ အစရှိသော အကုသိုလ်ဇော နာမက္ခန္ဓာ တို့သည် စားဆဲ စားပြီးသည်မှအခြားမဲ့၌ ဒုက္ခကို ဖြစ်စေတတ်သော စပ်ခါးသော အဆိပ်ပင်နှင့် တူကုန်သည်။ မဟာကုသိုလ်ဇောစသော လောကီ ကုသိုလ်ဇော နာမက္ခန္ဓာတို့သည် စားဆဲ၌ချိုမြိန်သော အရသာကိုဖြစ်စေလျက် စားပြီးသည်မှ အခြားမဲ့၌ လတ်တလော သေစေတတ်သော အဆိပ်ပင်နှင့် တူကုန်သည်။

အကြင်မျှလောက်သော ကာလပတ်လုံး ဉယျာဉ်စောင့်သော လူမိုက်သည် အဆိပ်ပင်တို့၏ ပေါက်ရောက်ရာ အဆိပ်ခင်းမြေ၌ မိုးရေသွန်းခြင်း နွားချေးလောင်းခြင်း ပေါင်းသင်ခြင်း အစရှိသည်ဖြင့် ပြုပြင်၏၊ အကြင်မျှလောက်သော ကာလပတ်လုံး အဆိပ်ပင်တို့သည် ပွားများကုန်၏၊ ထိုမျှလောက်သော ကာလပတ်လုံး အဆိပ်သီးကို စားမှားသဖြင့် ပျက်စီးသူတို့ အပိုင်းအခြားမရှိကုန်။

ဤနည်းအတူ အဆိပ်ပင်တို့ရောက်ရာ ဉယျာဉ်မြေနှင့်တူသော ခန္ဓာငါးပါးစွဲလမ်းရာ မှီရာ အာရုံခြောက်ပါး ဝတ္ထုရုပ် ခြောက်ပါးတို့၌ စွဲလမ်းခြင်း မိန်းမောခြင်း မကင်းသရွေ့ ကာလပတ်လုံး ခန္ဓာငါးပါး ရုပ်နာမ်တရား ဖြစ်ပွါး၍ ဝဋ္ဋဆင်းရဲမှ မထမြောက်နိုင်ကုန်၊ ဝဋ္ဋဆင်းရဲမှ ထမြောက်လိုသော အမျိုးသားတို့သည် လောကီအာရုံခြောက်ပါး ဝတ္ထုရုပ်ခြောက်ပါး စသည်တို့၌ စွဲလမ်းခြင်း စသည်ကို မပြုအပ်ကုန်၊ လောကမှ လွတ်မြောက်ရာ လောကုတ္တရာ တရားမြတ် ကိုသာလျှင် ကောင်းစွာ ကြပ်ကြပ်အားကိုးအပ် မှီဝဲအပ်သည်ဟု ပြတော်မူလို၍ နိဿယပစ္စည်းကို ဟောတော်မူသည်။

## ၉။ ဥပနိဿယပစ္စည်း

မိုးရေသည် မိမိကို မှီကုန်သော သစ်ပင်၊ သတ္တဝါတို့အား အားကြီးသော မှီရာဖြစ်သကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဥပနိဿယသတ္တိ ဟုခေါ်၏။

### ဥပနိဿယပစ္စည်း (၃) မျိုး

၁။ အာရုံအဖြစ် အားကြီးသောမှီရာ အာရုံ ၆ ပါး = အာရမ္မဏူပနိဿယ

၂။ အခြားမဲ့ဆက်တိုက်ဖြစ်၍ အားကြီးသောမှီရာ စိတ်၊ စေတသိက် = အနန္တရူပနိဿယ။

၃။ ပင်ကိုယ်ပကတိသဘောအားဖြင့် အားကြီးသောမှီရာ = ပကတူပနိဿယအားဖြင့် (၃)မျိုးရှိသည်။

### ကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုပုံ

၁။ ရာဂအစရှိသော အကုသိုလ်တရားများ

၂။ သဒ္ဓါအစရှိသော ကုသိုလ်တရားများ

၃။ ကာယိကသုခ

၄။ ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ဥတု၊ နေရာစသော တရားများသည် (အဇ္ဈတ္တ၊ ဗဟိဒ္ဓ) သန္တာန်၌ ကုသိုလ်၊ အကုသိုလ်တရားတို့အားလည်းကောင်း၊ ဖလဝဖြစ်သော (အားကြီးသော) ကုသိုလ်ကံ၊ အကုသိုလ်ကံ အကြောင်းတရားတို့သည် ဝိပါက်၊ နာမက္ခန္ဓာ အကျိုးတရား အားလည်းကောင်း ပကတူပနိဿယဖြင့် ကျေးဇူးပြု၏။

### ဥပနိဿယပစ္စည်းကိုပောာရခြင်းအကြောင်း

အဏုမြူမျှသော မီးပွားသည် တရွေ့ရွေ့ကြီးပွားသဖြင့် မြို့ရွာ နိဂုံး တောင်ကြီး တောကြီးတို့ကိုလောင်စာ၏အဖြစ်သို့ ရောက်စေနိုင်သကဲ့သို့ အနည်းငယ်သော ကာမရာဂမီးသည် တရွေ့ရွေ့ကြီးပွားသဖြင့် အဆုံးမရှိ မဟာအဝီစိနိရယဘေး တို့ကို ဖြစ်စေတတ်သည်။ ထို့ကြောင့် အနည်းငယ်သော နူနာကို လွန်စွာကြောက်အပ် သကဲ့သို့ အနည်းငယ်သော ကာမရာဂ စသည်ကိုသော်လည်း လွန်စွာကြောက်အပ်သည် ဟူ၍ လည်းကောင်း၊ အနည်းငယ်သော မိုးရေမိုးပေါက်သည် တရွေ့ရွေ့ ကျဖန်များဖြင့် ထုံး အိုင် ကန် ချောင်း မြစ် သမုဒ္ဒရာ တို့ကိုဖြည့်စွမ်းစေနိုင်သကဲ့သို့ အနည်းငယ်သော ဒါနစသော

ကုသိုလ် တရား သည်လည်း အဆင့်ဆင့်ပွားသဖြင့် နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာကို ဖြည့်စွမ်းနိုင်စေသည်။

ထို့ကြောင့် အနည်းငယ်သော ဒါနစသော ကုသိုလ်ကိုသော်လည်း လွန်စွာ နှစ်သက်ပွားများအားထုတ်အပ်သည် ဟူ၍လည်းကောင်း၊ ယင်းသို့ အားထုတ် အပ်သော ဒါန သီလ အစရှိသည်ကို အာရုံပြု၍လည်း ငါကား အလှူကြီးရှင်တည်း ငါကား သီလရှိသောသူတည်း စသည်ဖြင့် မာနတက်ပွားတတ်သည် မာနတက်ပွားက ကောဓ အစရှိသော ယုတ်မာသောအကုသိုလ်တရား ဖြစ်ပွား၍ အပါယ်လားတတ်သည်။

အပါယ်လားမည်မှ ကြောက်၍ပြုအပ်သော ဒါန သီလ စသည်ကို အမှီပြု၍ အပါယ်လားကြောင်း မကောင်းမှုကိုမဖြစ်စေရာ ဟူ၍လည်းကောင်း၊ သဒ္ဓါတရားရှိမှ သီလကိုဖြည့်စွမ်းနိုင်မည် သီလဖြူစင်မှ နှလုံးရွှင်လန်းခြင်း ဖြစ်သည်၊ နှလုံးရွှင်လန်းမှ ဝမ်းမြောက်ခြင်း ပါမောဇ္ဇဖြစ်သည်၊ ပါမောဇ္ဇဖြစ်မှ နှစ်သက်ခြင်း ပီတိဖြစ်သည်၊ ပီတိဖြစ်မှ ကိုယ်စိတ်ငြိမ်းခြင်း ပဿဒ္ဓိဖြစ်သည်၊ ပဿဒ္ဓိဖြစ်မှ သုခဖြစ်သည်၊ သုခဖြစ်မှ သမာဓိကို ရရာသည်၊ သမာဓိကိုရမှ ယထာဘူတဉာဏ်ဖြစ်နိုင်သည်၊ ယထာဘူတဉာဏ်ဖြစ်မှ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ် ဖြစ်နိုင်သည်၊ နိဗ္ဗိဒါဉာဏ်ဖြစ်မှ သမ္မသနဉာဏ်ဖြစ်သည်၊ သမ္မသနဉာဏ်ဖြစ်မှ ဝိပဿနာဉာဏ်ဖြစ်နိုင်သည်၊ ဝိပဿနာဉာဏ်ဖြစ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည်၊

ထို့ကြောင့် မဂ် ဖိုလ် နိဗ္ဗာန်ကို အလိုရှိသော အမျိုးကောင်းသားသည် သဒ္ဓါတရားကိုပွားအောင်ပြုအပ်၏၊ သဒ္ဓါတရား ပွားများခြင်းအကြောင်း သုတ္တန်ဓမ္မကို လေ့လာဆောင်ရွက်အပ်၏၊ သဒ္ဓါတရားပွားများစေတတ်သော သပ္ပုရိသူပနိဿယ ကလျာဏမိတ္တပုဂ္ဂိုလ်တို့ထံ မှီဝဲဆည်းကပ်အပ်၏ စသည် ဖြင့်လည်းကောင်း ပြတော်မူလို၍ ဥပနိဿယပစ္စည်းကိုဟောတော်မူသည်။

## ၁၀။ ပုရေဇာတပစ္စည်း

ကမ္ဘာဦးအခါ၌ဖြစ်ကြသော နေ၊ လတို့သည် မိမိတို့ထင်ရှားရှိခိုက် အလင်းကို မှီကုန်သော သတ္တဝါတို့အား ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ ရှေး၌ဖြစ်နှင့်ပြီး နောက်၌ဖြစ်ကြသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုကို ပုရေဇာတပစ္စယသတ္တိ ဟုခေါ်၏။

## ပုရေဇာတပစ္စည်းကို ဟောရခြင်းအကြောင်း

လောကီကာမဂုဏ် အာရုံခြောက်ပါးသည် ဝတ္ထုရုပ်ခြောက်ပါးတို့၌ မက်မောခြင်း အသာဒ ကင်းစေရမည်၊ လောကုတ္တရာ နိဗ္ဗာန်အာရုံကိုသာ စုံမက်မြတ်နိုးအပ်သည် ဟု ပြတော်မူလို၍ အာရမ္မဏပုရေဇာတ ဝတ္ထုပုရေဇာတ ပစ္စည်းကို ဟောတော်မူသည်။

## ၁၁။ ပစ္ဆာဇာတပစ္စည်း

ငှင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်းစေတနာသည် နောက်မှဖြစ်၍ ရှေး၌ ဖြစ်နှင့်ပြီးသော ခန္ဓာကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုမှုကို ပစ္ဆာဇာတပစ္စယသတ္တိဟုခေါ်၏။

### နာမ်တရားသည် ရုပ်တရားအား ပစ္ဆာဇာတပစ္စည်းဖြင့်ကျေးဇူးပြုပုံ

ပဋိသန္ဓေမှ ဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ပါးကြဉ်သော ပထမ ဘဝင် အစရှိသော နောက်နောက်သော စိတ် ၈၅ ပါး၊ စေတသိက် ၅၂ ပါး၊ နာမက္ခန္ဓာ ၄ ပါး နာမ်ပစ္စည်းတရားသည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဖြစ်၍ ရုပ်၏ ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ ရုပ်ပစ္စယုပ္ပန်တရား အား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

## ပစ္ဆာဇာတပစ္စည်းကို ဟောရခြင်းအကြောင်း

နောက်နောက်သော နာမက္ခန္ဓာလေးပါတို့မှ အထောက်အပံ့ ရသောကြောင့် ရှေးရှေးသော ရူပက္ခန္ဓာဖြစ်ရသည်၊ နာမက္ခန္ဓာ၌ တပ်မက်ခြင်း ဖြစ်ပွားခြင်းစသည်ကင်းမှ ရူပက္ခန္ဓာဖြစ်စ ပြတ်နိုင်မည်၊ ဤမှာဖက်ကမ်းကို စွန့်မှ ဟိုမှာဖက်ကမ်းသို့ ရောက်မည်ဟူသကဲ့သို့ ခန္ဓာဝန်ကိုလွှန်မှ နိဗ္ဗာန်သို့ ရောက်လိမ့်မည်၊ ခန္ဓာဝန်ကို လွှန်အောင်ပြုကြလေဟု တိုက်တွန်းမှုကို ပြလိုသောကြောင့် ပစ္ဆာဇာတပစ္စည်း ကို ဟောတော်မူသည်။

## ၁၂။ အာသေဝနပစ္စည်း

ရှေးရှေး၌ ထုံအပ်သော နံ့သာသည် နောက်နောက်၌ ထုံအပ်သည့် နံ့သာအား အဆင်းအနံ့ လွန်စွာတိုးပွားစေလျက် ခိုင်မြဲစွာဖြစ်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ လည်း ကောင်း၊ ရှေ့ရှေ့ ကျမ်းဂန်သင်ကြားခြင်းသည် နောက် နောက်၌ ကျမ်းဂန် သင်ကြားခြင်း

ကို လွယ်ကူထက်သန်အားရှိအောင် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ထို့အတူ နောက် နောက်ဇော တို့အား ထက်သန်အားရှိအောင် အထုံအဟုန်ပေးသည့် အနေဖြင့် ရှေ့ ရှေ့ဇောတို့၏ ကျေးဇူးပြုမှုကို အာသေဝနပစ္စယသတ္တိဟုခေါ်၏။

## အာသေဝနပစ္စည်းကို ဟောရခြင်းအကြောင်း

ရှေးရှေးသော အကုသိုလ်ဇောကြောင့် နောက်နောက်သော အကုသိုလ် ဇော အားကြီးသည်၊ ထို့ကြောင့် ဒုတိယဘဝ စသည်၌ အပါယ်ဒုက္ခကို ဖြစ်စေနိုင်သည်၊ ရှေးရှေးသော ကုသိုလ်ဇောကြောင့် နောက်နောက်သော ကုသိုလ်ဇော တို့သည် အားကြီး သဖြင့် ဒုတိယဘဝစသည်၌ လူ့ဘုံနတ်ရပ် သုဂတိသို့ ကပ်၍ မရဏမင်းနိုင်ငံသို့ လိုက်ကြ ရလေသည်၊ ရှေးရှေးသော ဝိပဿနာဇောကြောင့် နောက်နောက်သော ဝိပဿနာဇော အားကြီး၍ မဂ် ဖိုလ် နိဗ္ဗာန်ကိုရလေသည်၊ မဂ် ဖိုလ် နိဗ္ဗာန်ကို ရကြောင်း ဖြစ်သော ဝိပဿနာကိုသာ လွန်စွာပွားအပ်သည်ဟု ပြတော်မူလိုသည်ဖြစ်၍ အာသေဝနပစ္စည်း ကို ဟောတော်မူသည်။

## ၁၃။ ကမ္မပစ္စည်း

ကောင်းစွာသိုမှီးသိမ်းဆည်း စီရင်ထားသော မျိုးစေ့သည် အညွှန့်အညောက်နှင့် တကွ အပင်သစ်ကို ဖြစ်စေသကဲ့သို့ ဝိပါက်၊ နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်တို့ဖြစ်ဖို့ရန် မျိုးစေ့အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် ကမ္မပစ္စယသတ္တိ မည်၏။

## ကမ္မပစ္စည်းကို ဟောရခြင်းအကြောင်း

အကုသိုလ်ကံသည် လတ်တလောသေစေတတ်သော ပြင်းထန်သော အဆိပ်ကဲ့သို့ လတ်တလော အပါယ်ဘေးကိုဖြစ်စေတတ်သည်၊ လောကီ ကုသိုလ်ကံသည် တရွေ့ရွေ့သေစေတတ်သော အဆိပ်ကဲ့သို့ သုဂတိသို့ သွေးဆောင် ဖြားယောင်းလျက် တရွေ့ရွေ့ အပါယ်ဒုက္ခကို ဖြစ်စေနိုင်သည်၊ လောကုတ္တရာ မဂ်ကုသိုလ်သည်သာလျှင် လောကမှထွက်မြောက်ရာ ဖလသမာပတ်ကို ဖြစ်စေလျက် နိဗ္ဗာန်သောင်ကမ်း ကပ်လို သော အမျိုးကောင်းသားတို့သည် သောတာပတ္တိမဂ် အစရှိသော လေးပါးသော မဂ်ဉာဏ်၏ အကြောင်း ပဋိပတ္တိတရားကို အားထုတ်အပ်သည် ဟုပြတော်မူလိုသည် ဖြစ်၍ ကမ္မပစ္စည်းကို ဟောတော်မူသည်။

## ၁၄။ ဝိပါကပစ္စည်း

ချမ်းအေးသောလေသည် ချမ်းအေးသည့် အရိပ်၌နေသောသူအား ချမ်းငြိမ်းစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ကြိယာဗျာပါရ ကင်းစေ၍ မေးမိုန်ငြိမ်သက်စွာ ဖြစ်စေသောအဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိပါကပစ္စယသတ္တိဟုခေါ်၏။

## ဝိပါကပစ္စည်းကို ဟောရခြင်းအကြောင်း

လောကီဝိပါက်နာမက္ခန္ဓာတို့တွင် အကုသလဝိပါက်နာမက္ခန္ဓာရခြင်းသည် ဆားကန်တွင်း၌ နစ်၍သေသောသူနှင့်တူ၏၊ ကာမာဝစရကုသလ ဝိပါက်နာမက္ခန္ဓာကို ရခြင်းသည် ချမ်းအေးသောရေ၌ နစ်၍သေရသောသူနှင့်တူ၏၊ ရူပဝိပါက် အရူပဝိပါက်နာမက္ခန္ဓာကို ရခြင်းသည် စတုမဓုခွက်၌နစ်၍ သေသော ပျားပိတုန်းနှင့် တူလေသည်၊ လောကုတ္တရာ ဝိပါက်ဟုဆိုအပ်သော ဖလသမာပတ်ကို ဝင်စားခြင်းသည် ချိုမြိန်သော စတုမဓုရေကိုသောက်၍ ကမ်းတစ်ဖက်သို့ ရောက်သောသူနှင့် တူလေသည်၊ ထို့ကြောင့် လောကီဝိပါက် နာမက္ခန္ဓာ၌ တွေဝေမိန်းမောစွဲလမ်းတပ်မက်ခြင်းကို ကင်းစေ၍ လောကုတ္တရာ ဖလသမာပတ်ဖြင့် နိဗ္ဗာန်သောင်ကမ်းကပ်အောင် အားထုတ်အပ်သည်၊ အားထုတ်ကြကုန်ဟု တိုက်တွန်းလို၍ ဝိပါကပစ္စည်းကိုဟောတော်မူသည်။

## ၁၅။ အာဟာရပစ္စည်း

မိဘတို့သည် သားသမီးတို့ကို ဖြစ်ထွန်းလာစေပြီးနောက် စောင့်ရှောက် ထောက်ပံ့ ထမ်းဆောင်ထားသကဲ့သို့ လည်းကောင်း၊ အိမ်အိုကို ထောက်ကန်ထားသော ကျားတိုင်တို့သည် အိမ်အိုအား ခိုင်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့လည်းကောင်း ပစ္စယုပ္ပန်တရားတို့အား ဖြစ်စေခြင်း၊ ထက်သန်အားကောင်းအောင် စောင့်ရှောက်၊ ထောက်ပံ့ ထမ်းဆောင်ခြင်း ကိစ္စတို့ဖြင့် ကျေးဇူးပြုမှုကို အာဟာရပစ္စယသတ္တိ ဟုခေါ်၏။

### အာဟာရပစ္စည်း (၂) မျိုး

၁။ ကဗဠီကာရာဟာရသည် ရုပ် အာဟာရ ရူပကာယကိုထောက်ပံ့သည်။

၂။ဖဿ၊စေတနာ၊ဝိညာဏ်တို့သည် နာမ်အာဟာရ တကွဖြစ်သော နာမ် ရုပ်တို့အား ထောက်ပံ့သည်။

## အာဟာရပစ္စည်းကို ဟောရခြင်းအကြောင်း

ကိလေသာ၏ ဝဋ္ဋဂါကာမဂုဏ် အာရုံခြောက်ပါး၌ တွေ့ခြင်းသဘော ရှိသော ဖဿာဟာရစသည်လည်း အရေထူအရေပါးကိုလှစ်ခွါ၍ ထားအပ်သော နွားတို့၌ မည်သည့်အရပ်အလပ်မရှိ ယင်ငယ်တစ်ကောင်မျှ အနားမခံနိုင်အောင် နာကျင်ခြင်းဒုက္ခကိုခံရသကဲ့သို့၊ မည်သည့်အာရုံကိုမဆို ထိုထိုအာရုံဟူသမျှ၌ပင် ထိခိုက်၍ ရာဂ ဒေါသ အစရှိသော အကုသိုလ်ကိလေသာ ခန္ဓာငါးပါး ရုပ်နာမ်တရား ဖြစ်ပွါး၍ အဆုံးမရှိ ကြီးမားစွာသော သံသာရာဝဋ်ဒုက္ခမှ မထွက်မြောက်နိုင်ကုန်၊ သံသရာဝဋ်မှ ထွက်မြောက်လိုသော အမျိုးကောင်းသားတို့သည် ကာမဂုဏ်ငါးပါး အာရုံခြောက်ပါး ဟူသမျှ၌ တွေ့ထိခြင်းသဘော လက္ခဏာရှိသော ဖဿာဟာရအစရှိသည်၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေ၍ သမ္မသနဉာဏ် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်အောင် အားထုတ်အပ်သည်ဟု ပြတော်မူလို၍ အာဟာရပစ္စည်းကို ဟောသည်။

## ၁၆။ ဣန္ဒြိယပစ္စည်း

နိုင်ငံတစ်နိုင်ငံ၌ တိုင်းရေးပြည်ရေးကိစ္စများကို ခွဲဝေစီမံအုပ်ချုပ်ကြသော ဝန်ကြီးများသည် မိမိနှင့် ဆိုင်သောကိစ္စ ရပ်များ၌ အခြားဝန်ကြီးများနှင့် ပြည်သူ တို့အား မိမိ၏ အလိုသို့ လိုက်ပါစေ၍ အစိုးရသည်အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိအလိုသို့ လိုက်ပါစေ၍ အစိုးရသည်အဖြစ်ဖြင့် ကျေးဇူး ပြုမှုကို ဣန္ဒြိယပစ္စယ သတ္တိဟု ခေါ်၏။

## ဣန္ဒြိယပစ္စည်း (၃)မျိုး

၁။ ပသာဒရုပ် ၅ ပါးတို့သည် ဝိညာဏ် ၅ ပါးတို့အား ပုရေဇာတိန္ဒြိယ။

၂။ ရုပ်ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့အား ရူပဇီဝိတိန္ဒြိယ။

၃။ နာမ် ဣန္ဒြေတို့သည် ဖြစ်ဖက် ရုပ်နာမ်တို့အား သဟဇာတိန္ဒြိယ အားဖြင့် ဣန္ဒြိ ယပစ္စည်း (၃) မျိုးရှိသည်။

## ဣန္ဒြိယပစ္စည်းကို ဟောရခြင်းအကြောင်း

စက္ခုစသော ဣန္ဒြေခြောက်ပါးကို မြို့တံခါးခြောက်ပေါက်ကဲ့သို့ မှတ်အပ်၏၊ ကိုယ်တွင်းသန္တာန်၌ရှိသော သဒ္ဓါ သီလ အစရှိသော သူတော်ကောင်းတရားကို မြို့တွင်းရှိ ဥစ္စာဘဏ္ဍာတို့ကဲ့သို့ မှတ်အပ်၏၊ လောဘ ဒေါသ မောဟ အစရှိသော အကုသိုလ် ကိလေသာ ဆယ်ပါးတို့ကို ခိုးသားကြီးတို့ကဲ့သို့ မှတ်အပ်၏၊ မြို့တံခါး ခြောက်ပေါက်ကို

လုံ့ခြုံစွာ စောင့်ရှောက်မှ ခိုးသားကြီး ဆယ်ယောက်တို့ နောက်ယှက်ခြင်း ခွင့်မရသည်ဖြစ်၍ မြို့တွင်းရှိ ဥစ္စာဘဏ္ဍာတို့သည် အမြဲ တည်သကဲ့သို့၊ စက္ခုစသောခြောက်ပါးသော ဣန္ဒြေတို့ကို ထိန်းသိမ်းစောင့်ရှောက်မှ သဒ္ဓါသီလ အစရှိသော သူတော်ကောင်း ဥစ္စာတို့သည် ကိုယ်တွင်းသန္တာန်၌ အမြဲတည်နိုင်ရာသည်

အလုံးစုံ ကောင်းမကောင်း ဟူသမျှတို့သည် ထိုခြောက်ပါးသော ဣန္ဒြေတို့ကိုမှီ၍ ဖြစ်လေသည်။ ထို့ကြောင့် အကုသိုလ်မကောင်းမှုကိုပယ်ရှား၍ ကုသိုလ်တရားကို အားထုတ်ဖြည့်စွမ်းလိုသော ပုဂ္ဂိုလ်သည် ထိုစက္ခုစသော ခြောက်ပါးသော ဣန္ဒြေတို့ကို ကောင်းစွာထိန်း သိမ်းစောင့်ရှောက်အပ်၏၊ စောင့်ရှောက်ကြလေဟု တိုက်တွန်းလို၍ ဣန္ဒြိယ ပစ္စည်းကိုဟောတော်မူသည်။

## ၁၇။ ဈာနပစ္စည်း

တောင်ဖျား၊ သစ်ပင်ဖျားသို့တက်ပြီး ကြည့်သောသူသည် အဝေးအနီး အရပ်တို့ကို မြင်ခြင်းဟူသည့် အကျိုးကျေး ဇူးကိုရသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အာရုံသို့ ရှေးရှု စူးစိုက်ပြီး ရှုစေသည့်အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဈာနပစ္စယသတ္တိဟုခေါ်၏။

## ဈာနပစ္စည်းကို ဟောရခြင်းအကြောင်း

လောဘ ဒေါသ အစရှိသည်တို့၏အစွမ်းအားဖြင့် ကိလေသာ၏ အာရုံကာမဂုဏ် ဒုစရိုက်တရားတို့ကိုပြုမှား၍ အပါယ်လားကြကုန်သော သူတို့၏ အရင်းမူလတရားကား ထိုမကောင်းသော ဒုစရိုက်အာရုံ၌ အဖန်တလဲလဲ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်ကို ကြံခြင်း၊ ထိုမကောင်းမှု ဒုစရိုက်အာရုံ၌ အဖန်တလဲလဲ ဝိစာရအစွမ်းဖြင့် သုံးသပ်ခြင်း အဆိပ်ရောက်သော ပျားသကာကို စားမှားသောသူကဲ့သို့ အထင်အမှတ် မှားသဖြင့်မကောင်းသော အာရုံ၌ပီတိ၏အစွမ်းအားဖြင့်နှစ်သက်ခြင်း ချမ်းသာတစ်ခုကို အာရုံပြု၍ ရှုခြင်းဧကဂ္ဂတာ၏ အစွမ်းဖြင့် ထိုအာရုံ၌ မတုန်မလှုပ် သက်ဝင် တည်ကြည်ခြင်း ဟု ဆိုအပ်သော အကုသိုလ်ဈာနင်္ဂါးပါးတို့သည် ရှေ့ဆောင်အပ် ကုန်သည် ဖြစ်၍ တိမိရ အစရှိသော ငါးကြီးတို့သည် မဟာသမုဒ္ဒရာ၌ ကျက်စားမြူးတူးခွင့်ကိုရသကဲ့သို့ လောဘ ဒေါသ စသော အကုသိုလ် ကိလေသာတို့ ကျက်စားမြူးတူးခွင့်ကိုရ၍ အရပ်လေးမျက်နှာမှ တစ်ခဲနက် လိမ့်၍ လာသော ကျောက်တောင်ကြီးသည် သတ္တဝါဟူသမျှကို မှုန့်မှုန့်ညက် ညက် ပျက်စီးစေနိုင်သကဲ့သို့ အဆုံးမရှိကြီးမားစွာသော အပါယိက သံသရာဒုက္ခကို ဖြစ်စေနိုင်သည် ဖြစ်ရကား ထို ကာမဝိတက်စသော မိစ္ဆာဈာနင်တရားငါးပါးတို့ကို

ပယ်ရှား၍ လောကီ လောကုတ္တရာသမာဓိကို ဖြစ်စေတတ်သော ကသိုဏ်းစသော အာရုံရှိသော အပ္ပနာဈာန်အင်္ဂါငါးပါးတို့ကိုသာ ကောင်းစွာအားထုတ်အပ်သည်ဟု ပြတော်မူလို၍ ဈာနပစ္စည်းကို ဟောသည်။

## ၁၈။ မဂ္ဂပစ္စည်း

ဤမှာဘက်ကမ်းမှ ထိုမှာဘက်ကမ်းသို့ ကူးသွားသောသူသည် ဤမှာဘက်မှ လွတ်မြောက်ကြောင်းဖြစ်သကဲ့သို့ လည်းကောင်း၊ ထိုမှာ ဘက်ကမ်းမှ ဤမှာဘက်ကမ်းသို့ ကူးလာသောသူသည် ထိုမှာဘက်ကမ်းမှ လွတ်မြောက်ကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း လက်ရှိဘဝမှ သုဂတိ သို့မဟုတ် ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်းမဂ်ဖြစ်၍ ထွက်မြောက်ရန် ကျေးဇူး ပြုမှုကို မဂ္ဂပစ္စယသတ္တိဟုခေါ်၏။

## မဂ္ဂပစ္စည်းကို ဟောရခြင်းအကြောင်း

မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပအစရှိသော အကုသိုလ် မဂ္ဂင်တရားလေးပါးသည် ယူဆောင် ဆွဲငင်အပ်သည်၏ အဖြစ်ကြောင့်အကုသိုလ်တရားဖြစ်ပွား၍ သံသရာ ဤမှာဖက်မှ မထမြောက်ကြသည်၊ သမ္မာဒိဋ္ဌိ အစရှိသော ကုသိုလ် မဂ္ဂင်တရား ရှစ်ပါးသည် ယူဆောင် ခေါ်ငင်အပ်သည်၏ အဖြစ်ကြောင့် ကုသိုတရားဖြစ်ပွား၍ သံသရာ ထိုမှာဖက်ကမ်းသို့ လှမ်းရောက်နိုင်ကြသည်။ သံသရာ ထိုမှာဖက် ကမ်းသို့ လှမ်းရောက်လိုသော အမျိုးကောင်းသားတို့သည် အကုသိုလ် မဂ္ဂင် တရားကိုပယ်ရှား၍ ကုသိုလ်မဂ္ဂင်တရားကို ပွားများအားထုတ် အပ်သည်၊ အားထုတ်ကြလော့ဟု တိုက်တွန်းလို၍ မဂ္ဂပစ္စည်းကို ဟောတော်မူသည်။

## ၁၉။ သမ္ပယုတ္တပစ္စည်း

နှမ်းဆီ၊ထောပတ်၊ပျားရည်၊သကာဟူသော စတုမဓုလေးပါးသည် ဝဲ၊ ယာ၊ ရှေ့၊ နောက်၊ ထက်၊ အောက်၊ တွင်း၊ ပြင် ရွေးချယ်မရအောင် ရောနှောသမနေသကဲ့သို့ တစ်ခုတည်းဖြစ်ခြင်း၊ချုပ်ခြင်းရှိအောင် အတူတကွ ယှဉ်ခြင်းဖြင့် ကျေးဇူးပြုမှုကို သမ္ပယုတ္တပစ္စယသတ္တိ ဟု ခေါ်၏။

## သမ္ပယုတ္တပစ္စည်းကို ဟောရခြင်းအကြောင်း

လောကီနာမက္ခန္ဓာတရားလေးပါးတို့သည် သဘောတူတိုင်ပင် ပေါင်းဖက်၍ မြို့ရွာကို ဖျက်ဆီးတတ်သော သူခိုးလေးယောက်ကဲ့သို့ အချင်းချင်း သဘောတူ ပေါင်းယှဉ်

၍ သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခ ဒုက္ခာဒုက္ခ ဟုဆိုအပ်သောတေဘူမကဝဋ္ဋဒုက္ခကို ပွားစေတတ်သည်ဖြစ်ရကား ထိုကုသိုလ် အကုသိုလ် ဝိပါက် ကိရိယာ လောကီနာမက္ခန္ဓာ ဟူသမျှကို အနိစ္စ ဒုက္ခ အနတ္တ သဘောသာတည်းဟု ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန် ဆင်ခြင်၍ လောကုတ္တရာ နာမက္ခန္ဓာဟုဆိုအပ်သော မဂ်ဖိုလ်တရားကိုသာ အားထုတ်အပ် သည် ဟု ပြလို၍ သမ္ပယုတ္တပစ္စည်းကို ဟောတော်မူသည်။

## ၂၀။ ဝိပ္ပယုတ္တပစ္စည်း

ခြောက်ပါးသော အရသာတို့သည် အချင်းချင်း မနီးနော မရောပြွမ်းသော အားဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ရွှေမကိုင်၌ စီခြယ်ထားသော ရတနာကျောက်မျက် တို့သည် ရွှေနှင့်အချင်းချင်း မရောယှက်ကြသကဲ့သို့ လည်းကောင်း ထို့အတူ နာမ်ရုပ်တရား တို့သည် အချင်းချင်း မှီတွယ်ဖွဲ့စပ်၍ ဖြစ်ကြငြား သော်လည်း ကေုပ္ပါဒစ သည်ဖြစ်အောင် တစ်လုံးတစ်ဝတည်း မရောယှက်သည် အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိပ္ပယုတ္တပစ္စယသတ္တိ ဟုခေါ်၏။

### ဝိပ္ပယုတ္တပစ္စည်း (၃)မျိုး

၁။ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည်လည်း ကောင်း၊ စိတ်၊ စေတသိက်တို့နှင့် စိတ္တဇရုပ်တို့သည်လည်းကောင်း သဟဇာတဝိပ္ပ ယုတ္တ။

၂။ နောက်နောက်ဖြစ်သောစိတ်၊ စေတသိက်တရားတို့နှင့် ရှေ့ရှေ့ဖြစ် သော ရူပကာယသည် ပစ္ဆာဇာတဝိပ္ပယုတ္တ။

၃။ ဝတ္ထုရုပ် ၆ ပါးနှင့် ဝိညာဏဓာတ် ၇ ပါးတို့သည် ပုရေဇာတဝိပ္ပယုတ္တ။

## ဝိပ္ပယုတ္တပစ္စည်းကို ဟောရခြင်းအကြောင်း

အဆိပ်ပင်၌ အဆိပ်မြစ်သည် အဆိပ်သီး၏ အကြောင်းဖြစ်ငြား သော်လည်း မူလဖလအားဖြင့် အကြောင်းအကျိုးကွဲပြားသကဲ့သို့ ပဥ္စဝေါကာရနာမက္ခန္ဓာသည် မိမိမူကား နာမ်တရားဖြစ်လျက် တစ်ဆယ့်တစ်ပါးသော မီးတို့၏ လောင်စာရူပက္ခန္ဓာကို ပွားစေတတ်သည် ဖြစ်ရကား တစ်ဆယ့်တစ်ပါးသော မီးတို့၏ လောင်စာ ရူပက္ခန္ဓာမှ လွတ်လိုသော သံသာရဘီရုက ပုဂ္ဂိုလ်သည် ကာမချမ်းသာ လူချမ်းသာ နတ်ချမ်းသာဟူ၍ သမုတ်အပ်သော ပဥ္စဝေါကာရနာမက္ခန္ဓာကို လွန်စွာကြောက်အပ်သည်၊ လည်ရေးသုံးဆင့်

ရှိသော အဆိပ်ထန်သောမြွေကို ကိုင်မိသောယောကျ်ားကဲ့သို့ လျင်စွာလွှတ်အပ်သည်ဟု ပြလိုသည်ဖြစ်၍ ဝိပ္ပယုတ္တပစ္စည်းကို ဟောတော်မူ သည်။

## ၂၁။ အတ္ထိပစ္စည်း

ဟိမဝန္တာတောင်မင်းသည် မိမိကိုမှီ၍ ဖြစ်ကြသော သစ်ပင်ပန်းပင် စသည်တို့အား ရှင်သန်ပြန့်ပွားစေခြင်းငှါ မိမိ ထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ပြည့်ရှင်မင်းသည် သား၊ မယားမှစ၍ တိုင်းသူပြည်သားအပေါင်းတို့အား ထက်သန်အားရှိအောင် မိမိအသက်ရှင်စဉ် မိမိထင်ရှားတည်နေခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ပစ္စယုပ္ပန်တရားတို့အား ထက်သန်အားရှိအောင် ထင်ရှားစွာ တည်ရှိသည် အဖြစ်ဖြင့် ကျေးဇူးပြု မှုကို အတ္ထိပစ္စယသတ္တိဟုခေါ်၏။

### အတ္ထိပစ္စည်း (၅) မျိုး (အဝိဂတ ၅ မျိုး)

၁။ အတူတကွဖြစ်၍ ထင်ရှားရှိနေသော သဟဇာတသည် သဟဇာတတ္ထိ

၂။ ရှေးကဖြစ်ခဲ့ပြီးသော ထင်ရှားရှိနေသော ပုရေဇာတသည် ပုရေဇာတ တ္ထိ။

၃။ နောက်မှဖြစ်ပေါ်ပြီး ထင်ရှားရှိနေသော ပစ္ဆာဇာတသည် ပစ္ဆာဇာတတ္ထိ

၄။ ထောက်ပံ့ခြင်းဖြင့် ထင်ရှားရှိနေသော အာဟာရသည် အာဟာရတ္ထိ။

၅။ အစိုးရခြင်းဖြင့် ထင်ရှားရှိနေသော ဣန္ဒြိယသည် ဣန္ဒြိယတ္ထိ အားဖြင့် (၅) မျိုးရှိသည်။

### အတ္ထိပစ္စည်းကို ဟောရခြင်းအကြောင်း

ခြင်္သေ့ သစ်ကျား သားရဲ ဘီလူးတို့သည် ထူထဲလှသော တောတောင်ချောက်ကမ်းပါးကို မှီလျက် သတ္တဝါတို့ကိုနှိပ်စက်ဖျက်ဆီးသကဲ့သို့ အလုံးစုံသော အကုသိုလ်ကိလေသာတို့သည် ဝဋ္ဋဒုက္ခအာရုံအစရှိသော စွဲလမ်းရာ မိမိတို့ အကြောင်းတရား ထင်ရှားရှိ၍သာလျှင် သတ္တဝါတို့ကိုဖျက်ဆီးနိုင်သည်၊ အကုသိုလ် ကိလေသာတို့ နှိပ်စက်ခြင်းမှ ကင်းလိုသော အမျိုးကောင်းသားတို့သည် လောကီကာမဂုဏ်အာရုံခြောက်ပါး ဝဋ္ဋခြောက်ပါး ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ တွယ်တာမက်မောခြင်းကို မဖြစ်စေရာ၊ မြင်းမိုရ်တောင်မင်းကို အမှီရသော မြက် သစ်ပင်တို့သည် ယာခုတ်တောင်ထွင် အစရှိသော ဖျက်ဆီးသူ ဘေးရန် ကင်းသကဲ့သို့ လောကုတ္တရာ နာမက္ခန္ဓာ အမှီထင်ရှားရှိသော သူသာလျှင် အလုံးစုံသော ဘေးဒုက္ခမှ ကင်းနိုင်ရာသည်ဟု ပြလိုသည်ဖြစ်၍ အတ္ထိပစ္စည်းကို ဟောတော်မူသည်။

## ၂၂။ နတ္ထိပစ္စည်း

ညဉ့်၏ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်မှောင် ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဘုရင်မင်းမြတ်၏ နတ်ရွာစံခြင်းသည် မိမိသားကြီးအား ဘုရင်ဖြစ်ခွင့်ကို အပ်နှင်းသကဲ့သို့လည်းကောင်း မိမိချုပ်ငြိမ်း၍ မရှိခြင်းဖြင့် ကျေးဇူးပြုမှုကို နတ္ထိပစ္စယသတ္တိဟုခေါ်၏။

## ၂၃။ ဝိဂတပစ္စည်း

နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ် သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို ဝိဂတပစ္စယသတ္တိ ဟုခေါ်၏။

## ၂၄။ အဝိဂတပစ္စည်း

မဟာသမုဒ္ဒရာသည် မိမိကိုမှီကြကုန်သော ငါး၊ လိပ်၊ မကာရ်း စသည်တို့အား ပီတိ၊ သောမနဿပွားစေခြင်းငှါ မိမိ၏ မကင်းသည်အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏အဖြစ်ဖြင့် ကျေးဇူးပြုမှုကို အဝိဂတ ပစ္စယသတ္တိဟု ခေါ်၏။

## နတ္ထိပစ္စည်း ဝိဂတပစ္စည်း အဝိဂတပစ္စည်းတို့ကို ဟောရခြင်းအကြောင်း

နတ္ထိ ဝိဂတမှာ အနန္တ ရပစ္စည်းနှင့်သဘောအတူတူပင်။ အဝိဂတ ပစ္စည်း မှာလည်း အတ္ထိပစ္စည်းနှင့် မထူးပြီ။ ဝေနေယျဇ္ဈာသယအားဖြင့် သဒ္ဒါပြား၍ ဟောတော်မူသည်။

## နတ္ထိနှင့် ဝိဂတအထူး

ဥပါဒ်၊ ဋီ၊ ဘင်ချုပ်ပြီး၍ ကင်းဆိတ်မှုသဘောသည် နတ္ထိသဘောတည်း။ ချုပ်ခါမျှဖြစ်သော သဘောသည် ဝိဂတ သဘောတည်း။

## အတ္ထိနှင့် အဝိဂတအထူး

ပရမတ္ထသဘာဝ ခဏိကပစ္စုပ္ပန် မဖောက်မပြန် မိမိသဘော ထင်ရှား ရှိနေသည် အဖြစ်ဖြင့် ကျေးဇူးပြုမှုသည် အတ္ထိသဘောဖြစ်သည်။ ပရမတ္ထ သဘောမကင်း၊ ချုပ်ခြင်းသို့ မရောက်သေးသောသဘောဖြင့် ကျေးဇူးပြုမှုသည် အဝိဂတသဘောဖြစ်သည်။

## အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယအထူး

အလေးအမြတ်ပြုအပ်သည်၏ အဖြစ်မျှဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိ ပစ္စည်း မည်၏။ အလေးပြုအပ်သည်၏ အဖြစ်တွင် လွန်ကဲ အားကြီးသော အကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပနိဿယပစ္စည်း မည်၏။

## အနန္တရနှင့် အနန္တရူပနိဿယအထူး

မိမိတို့၏အခြားမဲ့၌ လျောက်ပတ်သော စိတ္တုပ္ပါဒ်ကိုဖြစ်စေခြင်း၌ စွမ်းနိုင်သော သတ္တိရှိသောတရားသည် အနန္တရ ပစ္စည်းမည်၏။ အားကြီးသော အကြောင်း၏အစွမ်းဖြင့် ကျေးဇူးပြုခြင်း၌ စွမ်းနိုင်သောသတ္တိသည် အနန္တရူပနိဿ ယပစ္စည်းမည်၏။

## နိဿယနှင့် ဥပနိဿယအထူး

သာမညဖြစ်သော မှီရာအကြောင်းသည် နိဿယပစ္စည်းမည်၏။ ဝိသေသ ဖြစ်သော အားကြီးသော မှီရာဖြစ်သောအကြောင်းတရားသည် ဥပနိဿယပစ္စည်း မည်၏။ **ဥပမာ။** ။ သလေးထမင်းဖြစ်ရန် အကြောင်းများတွင် ထမင်းချက်သမား၊ ထမင်းအိုး၊ ထင်းမီးစသော အကြောင်းတို့ သည် နိဿယပစ္စည်းမျှသာဖြစ်ကုန်၏။ သလေးမျိုးစေ့၊ သလေးစပါး၊ လယ်ခင်း၊ မိုးရေတို့သည်သာလျှင် ထမင်း၏ ဥပနိဿယပစ္စည်း ဖြစ်နိုင်ကြ ကုန်၏။ သလေးမျိုးစေ့ စသည်တို့ကြောင့်သာ ထမင်းချက်သမားနှင့် ထမင်းအိုး စသည်တို့ သည် သလေးထမင်းဖြစ်အောင် အစွမ်းထုတ်နိုင်ကြကုန်၏။

## ကေဇကာယ၊ဒွိဇကာယ၊တိဇကာယ၊စတုဇကာယ

ပဋိသန္ဓေစိတ်၏ ဥပ္ပါဒက္ခဏ၌ဖြစ်သော ကမ္မဇရုပ်သည် ကေဇကာယ မည်၏။ ပဋိသန္ဓေစိတ်၏ ဌီကာလ၌ဖြစ်သော ကမ္မဇ၊ ဥတုဇရုပ်သည် ဒွိဇကာယမည်၏။ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပ္ပါဒက္ခဏ၌ဖြစ်သော ကမ္မဇ ဥတုဇ၊စိတ္တဇရုပ်သည် တိဇကာယမည်၏။ အာဟာရဇရုပ်ဖြစ်ပေါ်သောအခါ ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာဟာရဇရုပ် သည် စတုဇရုပ်မည်၏။

## ၂၄ ပစ္စည်းကို ကာလသုံးပါးဖြင့် ဝေဘန်ခြင်း

ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၅) ပစ္စည်း တို့သည် ပစ္စုပ္ပန်ကာလတစ်ပါး၌ဖြစ်၏။

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ(၅)ပစ္စည်းတို့သည် အတိတ်ကာလ တစ်ပါးတည်း၌သာဖြစ်၏။ ဤ(၂၀)သော ပစ္စည်းတို့သည် ကာလတစ်ပါး တည်း၌သာ ဖြစ်သောပစ္စည်းမည်၏။

သဟဇာတကမ္မပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ဖြစ်၍၊ နာနာက္ခဏိက ကမ္မပစ္စည်းသည် အတိတ်ကာလ၌ဖြစ်သောကြောင့် ကမ္မပစ္စည်းသည် ကာလနှစ်ပါး၌ ဖြစ်သော ဒွေကာလိက ပစ္စည်းမည်၏။

အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ဤသုံးပစ္စည်းတို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူသော ကာလသုံးပါး၌ ဖြစ်ကုန်သောကြောင့် တေကာလိက ပစ္စည်း မည်ကုန်၏။ နိဗ္ဗာန်၊ ပညတ် နှစ်ပါးတို့သည် ကာလသုံးပါးမှ လွတ်သော တရားမည်ကုန်၏။

## ပစ္စည်းအကျဉ်း (၆)မျိုး

ပဋ္ဌာန်းပစ္စည်း ၂၄ ပါးတို့ကို သဘောတူရာ ပေါင်းစုလျှင် ပစ္စည်း (၆) မျိုးရ၏။

၁။ နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း (၆)ပါး။ နာမ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသော ပစ္စည်း တို့သည် အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတတို့ဖြစ်ကြ၏။

၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်း (၅) ပါး။ နာမ်ဖြစ်၍ နာမ်ရုပ် ၂ ပါးအား ကျေးဇူးပြုကြသော ပစ္စည်းတို့သည် ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါကတို့ဖြစ်ကြ၏။

၃။ နာမ်သည် ရုပ်အားသာကျေးဇူးပြုသော ပစ္စည်း (၁) ပါး။ နာမ်ဖြစ်၍ ရုပ်အားသာလျှင် ကျေးဇူးပြုသောပစ္စည်းသည် ပစ္ဆာဇာတပစ္စည်း ဖြစ်၏။

၄။ ရုပ်သည် နာမ်အားကျေးဇူးပြုသော ပစ္စည်း (၁)ပါး။ ရုပ်ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသောပစ္စည်းသည် ပုရေဇာတပစ္စည်း ဖြစ်၏။

၅။ နာမ်၊ရုပ်၊ပညတ်တို့သည် နာမ်အားကျေးဇူးပြုသော ပစ္စည်း (၂) ပါး။ နာမ်၊ရုပ်၊ပညတ် ဖြစ်၍ နာမ်အားသာလျှင် ကျေးဇူးပြုသော ပစ္စည်းတို့သည် အာရမ္မနှင့် ဥပနိဿယ တို့ဖြစ်ကြ၏။

၆။ နာမ်ရုပ် ၂ ပါးက နာမ်ရုပ် ၂ ပါးအား ကျေးဇူးပြုသော ပစ္စည်း (၉) ပါး။ နာမ်ရုပ် ၂ ပါးစုံဖြစ်၍ နာမ်ရုပ် ၂ ပါးစုံ အားကျေးဇူးပြုသောပစ္စည်းတို့သည် အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ ၊ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတပစ္စည်းတို့ ဖြစ်ကြ၏။

# ပစ္စည်း (၆)မျိုး ကျေးဇူးပြုပုံ

## ၁။ နာမ်သည် နာမ်အား ကျေးဇူးပြုပုံ

အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်၊စေတသိက်တို့သည် အကြောင်းကို စွဲ၍ ဖြစ်ကုန်သော စိတ်၊ စေတသိက်တို့အား အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

ရှေးရှေးသော ဇောတို့သည် နောက်နောက်ဖြစ်သော ဇောတို့အား အာသေဝနပစ္စည်း ၏ အစွမ်းဖြင့် ကျေဇူးပြုကြ၏။

အတူတကွဖြစ်ကြကုန်သော စိတ်၊ စေတသိက်တို့သည် အချင်းချင်းအား သမ္ပယုတ္တပစ္စည်း၏အစွမ်းဖြင့် ကျေးဇူး ပြုကြ၏။

## ၂။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုပုံ

ဟိတ်၊ဈာနင်၊မဂ္ဂင်တို့သည် အတူတကွဖြစ်ကြကုန်သော နာမ်ရုပ်တို့အား ဟေတု၊ ဈာန၊ မဂ္ဂပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

တကွဖြစ်သော စေတနာသည် တကွဖြစ်သော နာမ်ရုပ်တို့အား လည်းကောင်း၊ အသီးသီးသော ခဏတို့၌ ဖြစ်ကြသော စေတနာတို့သည် ကံကြောင့်ဖြစ်သော နာမ်ရုပ်တို့အားလည်းကောင်း ကမ္မပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြု၏။

ဝိပါက်၊ နာမက္ခန္ဓာတို့သည် အချင်းချင်းအားလည်းကောင်း၊ အတူတကွ ဖြစ်ကုန်သော ရုပ်တို့အားလည်းကောင်း ဝိပါကပစ္စည်းဖြင့် ကျေးဇူးပြုကြ၏။

## ၃။ နာမ်သည် ရုပ်အား ကျေးဇူးပြုပုံ

နောက်နောက်၌ ဖြစ်ကုန်သော စိတ်၊စေတသိက်တို့သည် ရှေ့ရှေ့၌ ဖြစ်ကုန်သော ရူပကာယအား ပစ္ဆာဇာတ ပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြု၏။

## ၄။ ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ

ဝတ္ထုရုပ် ၆ ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ် ၇ ပါးတို့အား လည်းကောင်း၊ အာရုံ ၅ ပါးတို့သည် ပဉ္စဝိညာ ဏဝီထိတို့အားလည်းကောင်း ပုရေဇာတပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

## ၅။ ပညတ်၊ နာမ်ရုပ်က နာမ်အား ကျေးဇူးပြုပုံ

အာရမ္မဏပစ္စည်းသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံနှင့် ဓမ္မာရုံတို့ ဖြစ်ကြ၏။ ဤအာရုံတို့သည် စိတ်၊ စေတသိက်တို့အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုကြ၏။

ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ ဟု သုံးမျိုးပြားသည်။ ထိုသုံးပါး တို့တွင် အလေးဂရုပြုအပ်သော အာရုံသည်ပင်လျှင် အာရမ္မဏူပနိဿယပစ္စည်းမည်၏။ အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်၊စေတသိက် တို့သည် အနန္တရူပနိဿယပစ္စည်းမည်၏။

ပကတူပနိဿယပစ္စည်းကား များလှ၏။ ရာဂအစရှိသော အကုသိုလ် တရားတို့သည် လည်းကောင်း၊ သဒ္ဓါအစရှိကုန်သော ကုသိုလ်တရားတို့သည် လည်းကောင်း၊ ကာယိက သုခသည် လည်းကောင်း၊ ကာယိက ဒုက္ခသည် လည်းကောင်း၊ ပုဂ္ဂိုလ်သည် လည်း ကောင်း၊ ဘောဇဉ်သည်လည်းကောင်း၊ ဥတုသည်လည်းကောင်း၊ ကျောင်း အိပ်ယာ နေရာတို့သည်လည်းကောင်း ပကတူပနိဿယပစ္စည်း များဖြစ်ကြပြီး ထိုက်သည့် အား လျော်စွာ အဇ္ဈတ္တသန္တာန်၊ ဗဟိ ဒ္ဓသန္တာန်တို့၌ နောင်ဖြစ်ပေါ်လာကြမည့် အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာတို့အား ဥပနိဿယသတ္တိဖြင့် ကျေး ဇူးပြုကြ၏။

## ၆။ နာမ်ရုပ် ၂ ပါးက နာမ်ရုပ် ၂ ပါးအား ကျေးဇူးပြုပုံ

အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသော ပစ္စည်း (၉)မျိုးတို့သည် ထိုက်သည့်အားလျော်စွာ (၉)ပစ္စယသတ္တိတို့ဖြင့် နာမ်ရုပ်တို့အား ကျေးဇူးပြုကြကုန်၏။

ဤတွင် အဓိပတိပစ္စည်းသည် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိဟူ၍ ၂ မျိုး ပြား၏။ အာရမ္မဏာဓိပတိဟူ သည်မှာ သာမန်အာရုံ၊ အလေးဂရုပြုအပ်သော အာရုံ ၂ ပါး တို့တွင် အာရုံမပြုလျှင် မနေနိုင်လောက်အောင် စိတ်ကိုဆွဲဆောင် နိုင်သော ဂရုကတအာရုံ မျိုးဖြစ်၏။

သဟဇာတာဓိပတိပစ္စည်း ၄ ပါးတို့သည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အား သဟဇာတာဓိပတိပစ္စည်းအစွမ်း ဖြင့် ကျေးဇူးပြုကြ၏။

သဟဇာတာဓိပတိပစ္စည်းတို့သည် စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ စတုဇမဟာဘုတ် ၄ ပါး၊ ပဋိသန္ဓေ ၁၅ ပါးနှင့် ဟဒယဝတ္ထုတို့ ဖြစ်ကြ၏။

စိတ်၊ စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ တကွဖြစ်သော ရုပ်တို့အား လည်းကောင်း သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုကြ၏။

မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဉပါဒါရုပ်တို့အား လည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာတို့သည် အချင်းချင်းအား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ ၏။

အညမညပစ္စည်းတို့သည် စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါး၊ စတုဇမဟာဘုတ် ၄ ပါး၊ ပဋ္စဝေါကာရပဋိသန္ဓေ ၁၅ ပါးနှင့် ဟဒယဝတ္ထုတို့ပင်ဖြစ်ကြ၏။

စိတ်၊ စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ မဟာဘုတ် ၄ ပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ ဟဒယဝတ္ထုနှင့် ဝိပါက်နာမက္ခန္ဓာ တို့သည် အချင်းချင်းအားလည်းကောင်း အညမညသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

နိဿယပစ္စည်းတို့သည် သဟဇာတနိဿယနှင့် ပုရေဇာတနိဿယ ဟူ၍ ၂ မျိုးပြား၏။ သဟဇာတနိဿယ ပစ္စည်းတို့သည် မဥ္စိမာယုကပသာဒ ၅ ပါး၊ ပဋိသန္ဓေစိတ် စသည့် ရှေ့ရှေ့အနန္တရစိတ်နှင့်အတူ ဉပါဒ်သော ဟဒယဝတ္ထု၊ နိရောဓသမာပတ်မှ ထသည့်အခါ ရှေ့စိတ္တက္ခဏတစ်ချက်စာကာလ၌ဖြစ်သော ဟဒယဝတ္ထုမရဏာသ န္နအခါ စုတိစိတ်မှ အထက် ၁၇ ချက်မြောက်သော စိတ်နှင့်အတူ ဉပါဒ်သော ဟဒယဝတ္ထုတို့ ဖြစ်ကြ၏။

၁။ စိတ်၊ စေတသိက်တို့သည် အချင်းချင်းအားလည်းကောင်း၊ ၂။ မဟာဘုတ် ၄ ပါး တို့သည် အချင်းချင်းအား လည်းကောင်း၊ ၃။ ဝတ္ထုရုပ် ၆ ပါးတို့သည် ဝိညာဏဓာတ် ၇ ပါးတို့အားလည်းကောင်း နိဿယပစ္စယသတ္တိဖြင့် အသီးအသီး ကျေးဇူးပြုကြကုန်၏။

အာဟာရပစ္စည်းသည် ရုပ်အာဟာရနှင့် နာမ်အာဟာရဟူ၍ ၂ မျိုးရှိ၏။ ရုပ်အာဟာရသည် အဇ္ဈတ္တစတုဇသြဇာ နှင့် စားသောက်မျိုးသွင်းအပ်သည့် အစာအာဟာရ ၌ ပါရှိသော ဗဟိဒ္ဓသြဇာဖြစ်၏။ နာမ်အာဟာရမှာ ဖဿ၊ စေတနာနှင့် ဝိညာဏ် တို့ ဖြစ်ကြ၏။

အလုပ်အကျွေးပြုအပ်သော ရုပ်အာဟာရသည် ဤရူပကာယအား လည်းကောင်း၊ နာမ်အာဟာရတို့သည် တကွဖြစ်ကုန်သော နာမ်ရုပ်တို့အား လည်းကောင်း အာဟာရပစ္စယသတ္တိဖြင့် အသီးသီးကျေးဇူးပြုကုန်၏။

ဣန္ဒြိယပစ္စည်း၏ကျေးဇူးပြုပုံမှာ ၁။ ပသာဒရုပ် ၅ ပါးတို့သည် ပဉ္စဝိညာဏ်တို့အား လည်းကောင်း၊ ၂။ ရူပဇီဝိတိ န္ဒြေသည် ဥပါဒိန္န (ကမ္မဇ)ရုပ်တို့အားလည်းကောင်း၊ ၃။ နာမ် ဣန္ဒြေ ၈ ပါးတို့သည် အတူတကွဖြစ်ကုန်သော နာမ်ရုပ်တို့အားလည်းကောင်း ဣန္ဒြိယ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

နာမ်ဣန္ဒြေ ၈ ပါးမှာ နာမ်ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိနှင့် ပညာတို့တည်း။

ဝိပ္ပယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံမှာ ။ ။ ၁။ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုသည် ဝိပါက်ခန္ဓာအားလည်းကောင်း၊ စိတ် စေတသိက်တို့သည် တကွဖြစ်သော ရုပ်တို့အား လည်းကောင်း သဟဇာတဝိပ္ပယုတ္တပစ္စည်း ၏ အစွမ်းအားဖြင့် ကျေးဇူးပြုကြ၏။

၂။ ။ နောက်နောက်၌ဖြစ်ကုန်သော စိတ်၊ စေတသိက်တို့သည် ရှေးရှေး၌ဖြစ်ကုန်သော ဤရူပကာယအား ပစ္ဆာ ဇာတဝိပ္ပယုတ္တ ပစ္စည်း၏အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

၃။ ။ ဝတ္ထုရုပ် ၆ ပါးတို့သည် ပဝတ္တိအခါ၌ ဝိညာဏဓာတ် ၇ ပါးတို့အား ပုရေဇာတဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းဖြင့် ကျေးဇူးပြုကြ၏။

အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့ကား ရှေး၌ပြခဲ့သော သဟဇာတမျိုး၊ ပုရေဇာတမျိုး၊ ပစ္ဆာဇာတမျိုး၊ ကဗဠီကာရ အာဟာရမျိုးနှင့် ရူပဇီဝိတိန္ဒြေတို့တည်း။ ဤပစ္စည်းတို့သည် ထိုက်သည့်အားလျော်စွာ နာမ်ရုပ်တို့အား အတ္ထိပစ္စယသတ္တိ တို့ဖြင့် ကျေးဇူးပြုကြ၏။

## ပစ္စည်းအကျဉ်းချုပ်

၂၄ ပစ္စည်းအားလုံးသည် အာရမ္မဏ၊ဥပနိဿယ၊ကမ္မ၊အတ္ထိ ၄ ပစ္စည်းတို့ တွင်ပါဝင်သည်။

## ပညတ္တိဝိဘာဂ (ပညတ်အားဖြင့် ဝေဘန်ခြင်း)

ပညတ်ဆိုသည်မှာ ပရမတ်အားဖြင့် ထင်ရှားရှိသော နာမ်တရား၊ ရုပ်တရားကို ဖယ်ထား၍ ပရမတ်အားဖြင့် ထင်ရှားမရှိသော ပရမတ် အတုအယောင်သဘောမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းမျိုးကို ပညတ်ဟုခေါ်ဆိုသည်။

ထိုပညတ်သည် ခေါ်ဝေါ်အပ်သော အနက်ဒြပ်ဟုဆိုအပ်သော အတ္ထပညတ်၊ ခေါ်ဝေါ်ကြောင်းဖြစ်သော အမည် သညာ သဒ္ဒါ ဝေါဟာရဟုဆိုအပ်သော သဒ္ဒပညတ်ဟု ၂ မျိုးပြား၏။

အတ္ထပညတ်သည် သူတစ်ပါးကိုနားလည်အောင် ပြောပြအပ်၊ သိစေအပ်သော အကြောင်းအရာအနက် ဒြပ်များ ဖြစ်ကြ၏။ ထို အနက်ဒြပ်ဟူသည်မှာ စိတ်၌ ထင်လာသမျှသော အကောင်အထည် ဝတ္ထုများပင် တည်း။

သဒ္ဒပညတ်သည် စကားသံဖြစ်၏။ ပါဠိစကားသံ၊ မြန်မာစကားသံ၊ အင်္ဂလိပ် စကားသံ၊ ထိုထိုစကားသံ (သဒ္ဒ)ဟူသ မျှသည် မိမိတို့ဘာသာ အလျောက် ဆိုလိုရာ အနက်ဒြပ်၊ အထည်ဝတ္ထုတစ်ခုခုကို အမျိုးမျိုး၊အစားစား အားဖြင့် သိစေသည် ချည်းဖြစ်၏။ ဤသို့ အပြောအားဖြင့် သိစေအပ်သောကြောင့် စကားသံကို သဒ္ဒပညတ်ဟုခေါ်၏။

## အတ္ထပညတ်အကျယ်

၁။ **သဏ္ဌာန ပညတ်** ။ ။ မဟာဘုတ် (ဗဟိဒ္ဓ အဋ္ဌကလာပ်ရုပ်အစုတို့ကို ဤနေရာ၌ မဟာဘုတ်ဟုမှတ်)တို့၏ ပေါင်းစုတည်နေပုံ အခြင်းအရာ (ဝါ) မဟာဘုတ်တို့၏ တွဲယှက်တည်နေပုံ အစဉ်သဏ္ဌာန်ကိုစွဲ၍ သမုတ်ထားအပ်သော အမည်ပညတ်များကို သဏ္ဌာနပညတ် ဟုခေါ်၏။ သမူဟပညတ် ဟုလည်းခေါ်၏။

**ဥပမာ။** ။ မဟာဘုတ်တို့၏ ပြန့်ကျယ်ပြားချပ်လျက် တွဲယှက်တည်နေပုံ အခြင်းအရာကို အာရုံပြု၍ ဤအရာ သည် ဘူမိ (မြေကြီး) ဟု အမည်သမုတ်အပ်၏။ မဟာဘုတ်တို့ တွဲယှက်ကာ မို့မောက်မတ်စောက်စွာ စုပုံတည်နေသော အခြင်းအရာကို အာရုံပြု၍ ဤအရာသည် ပဗ္ဗတ (တောင်)ဟု အမည်သမုတ်အပ်၏။

၂။ ။ **သဏ္ဍာန ပညတ်** ။ ။ မဟာဘုတ်များ အစဉ်အဆက်တွဲယှက်ကာ ပေါင်းစုတည်နေဟန်ပုံသဏ္ဍာန်ကိုစွဲ၍ သမုတ်ထားအပ်သော အမည်ပညတ်များကို သဏ္ဍာနပညတ်ဟုခေါ်၏။ သမူဟပညတ်ဟုလည်း ခေါ်သေးသည်။

**ဥပမာ**။ ။ ဂေဟ (အိမ်) ရထ (ရထား) သကဋ (လှည်း) ဂါမ (ရွာ) ဃဋ (အိုး) ပဋ (ပုဆိုး)စသည်။

၃။ ။ **သတ္တ ပညတ်** ။ ။ ခန္ဓာငါးပါး အပေါင်းအစုဖြစ်ကြသည့် သတ္တဝါများကိုစွဲ၍ သမုတ်ထားအပ်သော အမည် ပညတ်များကို သတ္တပညတ်ဟုခေါ်၏။

**ဥပမာ**။ ။ ပုရိသ (ယောက်ျား) ဣတ္ထိယ (မိန်းမ) ပုဂ္ဂလ (ပုဂ္ဂိုလ်) စသည်။

၄။ ။ **ဒိသာ ပညတ်** ။ ။ နေ၊ လ၊ နက္ခတ်တို့၏ အသွားအလာကိုစွဲ၍ ထိုဂြိုဟ်နက္ခတ်တို့ ရှေ့ဦးစွာ ထွက်ပေါ်လာသော အရပ်ကို ပုဗ္ဗဒိသာ = ပုရတ္ထိမဒိသာ (အရှေ့အရပ်) ဟုလည်းကောင်း၊ ထိုဂြိုဟ်နက္ခတ်တို့ နောက်ဆုံးဖြစ်ရာအရပ်ကို ပစ္ဆိမဒိသာ (အနောက်အရပ်) ဟုလည်းကောင်း၊ လက်ယာဘက်အရပ်ကို ဒက္ခိဏဒိသာ (တောင်အရပ်) ဟုလည်းကောင်း၊ လက်ဝဲဘက်အရပ်ကို ဥတ္တရဒိသာ (မြောက်အရပ်)ဟု လည်းကောင်း ပညတ်ထားကြ၏။ ဤသို့ အရပ်မျက်နှာနှင့်ပတ်သက်သော အမည်ပညတ် များကို ဒိသာပညတ်ဟုခေါ်၏။

၅။ ။ **ကာလပညတ်** ။ ။ အချိန်ကာလကိုစွဲ၍ သတ်မှတ်ထားသည့် အမည်ပညတ်များကို ကာလပညတ်ဟုခေါ်၏။

**ဥပမာ**။ ။ ပုဗ္ဗဏှ (မနက်ပိုင်း)၊ မဇ္ဈန္ဟ (နေ့လည်ပိုင်း)၊ အပရဏှ (ညနေပိုင်း) စသည်။

ဥတုရာသီကိုစွဲ၍ သမုတ်ထားသော ပညတ်များကို ဥတုပညတ်ဟုခေါ်၏။

၆။ ။ **အာကာသပညတ်** ။ ။ မဟာဘုတ်ရုပ်ကလာပ်တို့ ထိစပ်ခြင်းမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေပုံကို အာရုံပြု၍ သမုတ်ထားသည့် အမည်ပညတ်များကို အာကာသပညတ်ဟုခေါ်၏။

**ဥပမာ**။ ။ ဂုဟာ (ဂူ)၊ လေဏ (လိုဏ်)၊ဆိဒ္ဒ (အပေါက်)။

၇။ ။ **ကသိဏ ပညတ်** ။ ။ လွန်ကဲသော မဟာဘုတ်၏ အာရုံကိုစွဲ၍ ပထဝီဓာတ်လွန်ကဲသော ရုပ်ကလာပ် မြေ အဝန်းကို ပထဝီ ကသိဏ (မြေကသိုဏ်း)၊ အာပေါဓာတ် လွန်ကဲသော ရုပ်ကလာပ်ရေအယဉ်ကို အာပေါကသိဏ (ရေကသိုဏ်း) စသည်ဖြင့် ပညတ်ထားကြ၏။ ဤအမည်ပညတ်များကို ကသိဏပညတ်ဟုခေါ်၏။

ကမ္မဋ္ဌာန်းဘာဝနာ အစဉ်ထူးကိုစွဲ၍ ပညတ်ထား၍ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် တို့ကို နိမိတ္တပညတ် ဟုခေါ်၏။

**မှတ်ချက်**။ ။ အတ္ထပညတ်အစုသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိပါ။ ပရမတ္ထတရားတို့ကိုစွဲ၍ ထင်ယောင်မြင် ယောင်ဖြစ်လာသော စိတ်၊ စေတသိက်တို့၏ အာရုံမျှသာဖြစ်၏။ စိတ္တုပ္ပါဒ်၌ထင်လာသော အခြင်းအရာ အရိပ်အယောင်မျှသာ ဖြစ်သည်။

## သဒ္ဒပညတ်အကျယ်

ဘာသာစကားအမျိုးမျိုး၏ စကားသံတို့သည် သဒ္ဒပညတ်ချည်းဖြစ်ကြ၏။ သဒ္ဒပညတ်ဟူသမျှသည်လည်း နာမ၊ နာမကမ္မ၊နာမဓေယျ၊ နိရုတ္တိ၊ဗျဉ္ဇန၊ အဘိလာပ ဟုအမည် ၆ မျိုးရ၏။ လူတစ်ဦးက အမည် ၆ မျိုးရသကဲ့သို့တည်း။

၁။ **နာမ မည်ပုံ** ။ ။ နာမသဒ္ဒါသည် အနက်သို့ညွတ်တတ်၏ (ဝါ) မိမိထံသို့ အနက်ကို ညွတ်လာစေတတ်၏ ဟု အဓိပ္ပါယ်ရ၏။

**ပုံစံ**။ ။ ဘူမိ သဒ္ဒါသည် မြေကြီး ဟူသောအနက်ကို ဟောစွမ်းနိုင်၏။ ထို့သို့ ဟောစွမ်းနိုင်သော သတ္တိရှိသည့်အားလျော်စွာ မြေကြီးဟူသည့်အနက်ကို ဟောဖို့ရာ အမြဲညွတ်နေသကဲ့သို့ ဖြစ်၏။ ထို့အပြင် ထိုသို့ဟောစွမ်းနိုင်သော သတ္တိရှိသည့်အားလျော်စွာ ဘူမိသဒ္ဒါသည် မြေကြီး ဟူသောအနက်ကို မိမိ၏ ဟောနက်အဖြစ်ဖြင့် အမြဲ ကိုင်းညွတ်လာစေသကဲ့သို့ ရှိ၏။ ထို့ကြောင့် ဘူမိ သည် နာမ ဟူသောအမည်ကို ရ၏

၂။ **နာမကမ္မ မည်ပုံ** ။ ။ ထို ဘူမိ ဟူသော သဒ္ဒါသည်ပင် အရေးပါအရာရောက်သည့် ရှေးပညာရှိတို့ သမုတ်အပ် သော အမည်နာမဖြစ်ခြင်းကြောင့် နာမကမ္မ ဟုအမည်ရပြန်၏။

၃။ **နာမဓေယျ မည်ပုံ** ။ ။ ထို ဘူမိ ဟူသော သဒ္ဒါနာမသည်ပင် ပညာရှိတို့ ပညတ်တင်ထားအပ်သောကြောင့် နာ မဓေယျ မည်ပြန်သည်။

၄။ **နိရုတ္တိ မည်ပုံ** ။ ။ ထို ဘူမိ ဟူသော သဒ္ဒါနာမသည်ပင် မရွတ်ဆိုမီ တိမ်မြုပ်ငုတ်လျှိုးနေသောအဖြစ်မှ ထုတ် ဖေါ်၍ ရွတ်ဆိုအပ်သောကြောင့် နိရုတ္တိ မည်၏။

၅။ **ဗျဉ္ဇန မည်ပုံ** ။ ။ ထို ဘူမိ ဟူသော သဒ္ဒါနာမသည် အနက်ကို ထင်ရှားစွာ ပြတတ်သောကြောင့် ဗျဉ္ဇန မည်၏။

၆။ **အဘိလာပ** မည်ပုံ ။ ။ ထို ဘူမိ ဟူသော သဒ္ဒါနာမသည်ပင် ဝဒ္ဓနပုဂ္ဂိုလ်တို့က အနက်ကို ရေးရှု၍ ရွတ်ဆိုအပ် သောကြောင့် အဘိလာပ မည်၏။

## ဝိဇ္ဇမာနစသည့် သဒ္ဒပညတ် ၆ မျိုး

သဒ္ဒပညတ်သည် ဝိဇ္ဇမာနပညတ်စသည်အားဖြင့်လည်း ၆ မျိုးရှိ၏။

၁။ **ဝိဇ္ဇမာန ပညတ်** ။ ။ ပညတ်အပ်သော အနက်ဒြပ် အတ္ထပညတ်က ပရမတ္ထအားဖြင့် ထင်ရှားရှိလျှင် ထိုအနက် ဒြပ် အတ္ထပညတ်ကို သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်သည် ဝိဇ္ဇမာန ပညတ်မည်၏။
**ပုံစံ** ။ ။ ရူပ၊ စိတ္တ၊ စေတသိက၊ ဝေဒနာ၊ သညာစသည်။

၂။ **အဝိဇ္ဇမာန ပညတ်** ။ ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ်အတ္ထပညတ်ကို သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်သည် အဝိဇ္ဇမာန ပညတ်မည်၏။
**ပုံစံ**။ ။ တောင်၊ ကျောင်း၊ အိမ်၊ ဂူ စသည်။

၃။ **ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်** ။ ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ် အတ္ထပညတ်နှင့် ထင်ရှားမရှိသည့် အနက်ဒြပ် အတ္ထပညတ်ကို ရောစပ်၍သိစေကြောင်း ဖြစ်သည့် သဒ္ဒပညတ်ကို ဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဟုခေါ်၏။
**ပုံစံ**။ ။ ဆဠဘိညာ= အဘိညာဉ်ခြောက်ပါးကိုရရှိသူ၊လောဘ လူသား၊ ရာဂကွန်ယက်၊ မောဟအမှောင် စသည်။

၄။ **အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်** ။ ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ် အတ္ထပညတ်နှင့် ထင်ရှားရှိ သည့် အနက်ဒြပ် အတ္ထပညတ်ကို ရောစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို အဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်ဟုခေါ်သည်။
**ပုံစံ**။ ။ ဣတ္ထိသဒ္ဒ (မိန်းမ အသံ)၊ ဣတ္ထိရူပံ (မိန်းမအဆင်း)၊ ပုရိသသဒ္ဒ (ယောကျာ်းအသံ) စသည်။

၅။ **ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ်** ။ ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဒြပ် အတ္ထပညတ် ၂ ခုကိုတွဲစပ်၍ သိ စေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို ဝိဇ္ဇမာနေန ဝိဇ္ဇမာန ပညတ် ဟုခေါ်သည်။
**ပုံစံ**။ ။ စက္ခု ဝိညာဏ၊ သောတ ပသာဒ၊ ရူပတဏှာ စသည်။

၆။ **အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်** ။ ။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ် အတ္ထပညတ် ၂ ခုကို တွဲစပ်၍ သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညတ်ဟုခေါ်၏။
**ပုံစံ**။ ။ ရာဇပုတ္တ (ဘုရင့်သား)၊ သေဋ္ဌိပုတ္တ (သူဌေးသား)၊ ရုပ်ရှင်မင်းသား ၊ ဇာတ်မင်းသမီး စသည်။

## ပညတ် ၂ မျိုးကို သိရာ၌ ဝီထိဖြစ်ပုံ (နွား ဟူသော အက္ခရာ တစ်လုံးအတွက်)

၁။ နွား ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ပထမ သောတဒွါရဝီထိ ဖြစ်၏။
၂။ လွန်လေပြီးသောအတိတ် နွား ဟူသော သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရဝီထိ အစဉ်သို့ လိုက်သော တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်၏။
၃။ နွား ဟူသော နာမပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရဝီထိ ဖြစ်၏။
၄။ နွား ၏ ခန္ဓာပဥ္စက ဒြပ် အတ္ထပညတ်ကို အာရုံပြု၍ သုဒ္ဓမနောဒွါရဝီထိ ဖြစ်၏။ ဤသို့ လေးဝီထိကျပြီးမှ နွား ဟူသော အက္ခရာတစ်လုံးအတွက် အနက်ကိုသိရ၏။
**မှတ်ချက်**။ ။ အက္ခရာ ၂ လုံး၊ ၃ လုံးစသော သဒ္ဒါများ၌ အက္ခရာ ၁ လုံးလျှင် ၂ ဝီထိကျတိုးသွား၍ နောက်ဆုံး နာမပညတ်ကို အာရုံပြုသော မနောဒွါရဝီထိ ၁ ဝီထိ၊ အတ္ထပညတ်ကို အာရုံပြုသော သုဒ္ဓမနောဒွါရ ၁ ဝီထိ၊ ပေါင်း ၂ ဝီထိထပ်၍ ထည့်ရမည်။
အက္ခရာ ၁ လုံး = ၄ ဝီထိ ။ အက္ခရာ ၂ လုံး = ၆ ဝီထိ ။အက္ခရာ ၃ လုံး =၈ ဝီထိ ဖြစ်၏။

## အနက်သိခြင်းအကြောင်း ၂ ပါး

၁။ သောတဝိညာဏ်၏ အာရုံလည်းဖြစ်ရမည်။
၂။ ရှေးရှေးအခါက လောကဝေါဟာရဖြင့် မှတ်သားထားဖူးသည်လည်း ဖြစ်ရမည်။ ဤအကြောင်း ၂ ပါးစုံမှ သိမှု ဖြစ်၏။

## သစ္စာ ၂ ပါး

၁။ ပရမတ္ထသစ္စာ = သဘောလက္ခဏာ အသီးသီး ရှိကြသော စိတ်၊စေတသိက်၊ရုပ်၊နိဗ္ဗာန်။
၂။ သမုတိသစ္စာ = သဘောမှန်မဟုတ်သော်လည်း လူအများ သမုတ်ကြ၍ အမှန်ပြုကာ ပြောဆိုကြသော ပညတ်ဟူသမျှတည်း။

## ပစ္စည်းပိုင်းပြီး၏

# ကမ္မဋ္ဌာန်းပိုင်း

ရှစ်ပါးသော အပိုင်းအခန်းတို့ဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားကိုလည်းကောင်း၊ စိတ်၊ စေတသိက်၊ရုပ်တို့၏ အကျိုး အကြောင်း ဆက်သွယ်နေပုံကိုလည်းကောင်း ပိုင်းခြားသိစေပြီး၍ ယခုအခါ ထိုရုပ်နာမ်ကို ဟုတ်မှန်စွာ သိပြီးသော ပုဂ္ဂိုလ်တို့အတွက် ကမ္မဋ္ဌာန်း အစီအရင်ကို ညွှန်ပြတော်မူလိုသော အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် သမထဝိပဿနာနံ အစရှိသော ပဋိညာဉ်ကို မိန့်တော်မူလျက် ကမ္မဋ္ဌာန်းပိုင်းကို ပြဆိုသည်။

## သမထ

မဟာကုသိုလ်နှင့် ရူပကုသိုလ်ပဥ္စမဈာန်၌ရှိသော သမာဓိတရားသည် ကာမစ္ဆန္ဒ နီဝရဏ စသော ကိလေသာတို့ကို ငြိမ်းစေတတ်သောကြောင့် သမထမည်၏။ ဒုတိယဈာန် စသည်၌ရှိသော သမာဓိကား ကိလေသာကိုလည်း ငြိမ်သက်စေဖွယ်မလို၊ စိတ်ကိုလည်း ငြိမ်သက်စေဖွယ်မလိုရကား ဝိတက်စသော ရုန့်ရင်းသော ဈာန်အင်္ဂါကို ငြိမ်းစေ တတ်သော ကြောင့်သာ သမထအမည်ရသည်။

## ဝိပဿနာ

အထူးထူး အပြားပြားသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟူသော အခြင်းအ ရာအားဖြင့် ရှုတတ်သော မဟာကုသိုလ်၊ မဟာကြိယာစိတ်၌ ယှဉ်သော ဉာဏ်အထူးသည် ဝိပဿနာမည်၏။

## ဘာဝနာ

လွန်စွာအကျိုးများသဖြင့် မိမိတို့၏သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သော တရားကို ဘာဝနာဟုခေါ်၏။

## သမထဘာဝနာ

ကုသိုလ်တရားနှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ မဖြစ်ပေါ်နိုင်အောင် ပိတ်ပင်တားဆီး တတ်သော နီဝရဏတရားတို့ကို လည်းကောင်း၊ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတည်းဟူသော အောက်ဈာန် အင်္ဂါများကိုလည်းကောင်း ငြိမ်သက်စေနိုင် သည့် သမာဓိကို သမထဘာဝနာ ဟု ခေါ်၏။

တရားကိုယ်မှာ လောကီကုသိုလ်စိတ်တို့နှင့် မဟာကြိယာစိတ်တို့၌ ယှဉ်တွဲ ဖြစ်ပေါ်သော သမာဓိခေါ် ဧကဂ္ဂတာစေတသိက် ဖြစ်၏။

## ဝိပဿနာဘာဝနာ

ဘုံသုံးပါး၌ ထင်ရှားရှိကြသော တေဘူမက ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုမြင်တတ်သည့် ဉာဏ်ကို ဝိပဿနာဘာဝနာဟုခေါ်၏။

တရားကိုယ်မှာ မဟာကုသိုလ်စိတ်နှင့် မဟာကြိယာစိတ်တို့၌ ယှဉ်တွဲ ဖြစ်ပေါ်သော ဉာဏ်ပညာခေါ် ပညိန္ဒြေ စေတသိက်တည်း။

## ကမ္မဋ္ဌာန်း

သမထဘာဝနာ၏ ပွားများအားထုတ်မှု၏ တည်ရာဖြစ်သော ပထဝီ ကသိုဏ်း၊ အာပေါကသိုဏ်းစသည့် အာရုံများသည်လည်းကောင်း၊ ဝိပဿနာ ဘာဝနာ ပွားများအား ထုတ်မှု၏ တည်ရာဖြစ်သော ရုပ်နာမ် အာရုံတို့သည် လည်းကောင်း ကမ္မဋ္ဌာန်းမည်၏။

## ဝိပဿနာကမ္မဋ္ဌာန်း

ရုပ်၊နာမ်တို့၏ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ တည်းဟူသော လက္ခဏာရေးသုံးပါးကို ဝိပဿနာကမ္မဋ္ဌာန်းဟုခေါ်၏။

## သမထကမ္မဋ္ဌာန်း

ကသိုဏ်း ၁၀ ပါး၊ အသုဘ ၁၀ ပါး၊ အနုဿတိ ၁၀ ပါး၊အပ္ပမညာခေါ် ဗြဟ္မဝိဟာရ ၄ ပါး၊ အာရုပ္ပ ၄ ပါး၊ အာဟာရေပဋိကူလသညာ ၁ ပါး၊ စတုဓာတုဝဝတ္ထာန် ၁ ပါး ဟူသည့် ၄၀ သော ကမ္မဋ္ဌာန်းတို့ကို သမထကမ္မဋ္ဌာန်း ဟုခေါ် ၏။

## ၁။ ကသိုဏ်း (၁၀) ပါး

ကမ္မဋ္ဌာန်းရှုသူက အကြွင်းအကျန်မရှိ အလုံးစုံ အကုန်အစင် တစ်ပြိုက်နက် ထင်မြင်အောင် ဆင်ခြင်ကြည့်ရှုအပ်သော အာရုံကို ကသိုဏ်းဟုခေါ်၏။ ကသိုဏ်း ရှုမှတ်သည့်အခါ ကသိုဏ်းဝန်းသည် အချင်း တစ်ထွာနှင့် လက်လေးသစ်ခန့် ရှိသင့်သည်။

၁။ ပထဝီကသိုဏ်း = မြေကသိုဏ်း (မြေသားဒြပ်အဝန်း)

၂။ အာပေါကသိုဏ်း = ရေကသိုဏ်း (သပိတ်ဖုံးစသည်၌ထည့်ထားအပ်သော ရေအဝန်း)

၃။ တေဇောကသိုဏ်း = မီးကသိုဏ်း

၄။ ဝါယောကသိုဏ်း = လေကသိုဏ်း (ဆံပင်ဖျား၊ မြက်ပင်ဖျားတို့ကို လေတိုးဖော့သွားသည့် အခြင်းအရာ)
၅။ နီလ= အညိုရောင် အဆင်းကသိုဏ်း ( အဖြူခံပေါ် အညိုရောင်အဝန်း)
၆။ ပီတ = ရွှေရောင် အဆင်းကသိုဏ်း
၇။ လောဟိတ = အနီရောင် အဆင်းကသိုဏ်း
၈။ ဩဒါတ = အဖြူရောင် အဆင်းကသိုဏ်း ( အမည်းခံပေါ် အဖြူရောင်)
၉။ အာကာသ = ကောင်းကင် ဟင်းလင်းပြင် ကသိုဏ်း (နံရံပေါက်စသည်)
၁၀။အာလောက = အလင်းရောင်ကသိုဏ်း (နံရံပေါက်မှ ဝင်လာသော နေရောင်ကွက်)

## ၂။ အသုဘ (၁၀)ပါး

သေလွန်ပြီးနောက် ဖြစ်ပေါ်လာသော မတင့်တယ်သည့် ကိုယ်ခန္ဓာ၏ ပုံသဏ္ဍာန်ဒြပ် အမျိုးမျိုးကိုအသုဘ ဟုခေါ်သည်။

၁။ ဥဒ္ဓုမာတက = သေလွန်ပြီး ၂ ရက် ၃ ရက်ကြာသည့်အခါ ဖူးဖူးရောင် ပုပ်သဖြင့် စက်ဆုပ်ဖွယ်သော အလောင်းကောင်။
၂။ ဝိနီလက = အနီ၊အဖြူရောစပ်လျက်ညိုမည်းပုပ်ပွနေသောအလောင်း ကောင်။
၃။ ဝိပုဗ္ဗက = ပြည်တစိုစိုပေါက်ကွဲယိုလျက် စက်ဆုပ်ဖွယ်ရာ အလောင်းကောင်။
၄။ ဝိစ္ဆိဒ္ဒက = အထက်အောက် ၂ ပိုင်း ၃ ပိုင်းပြတ်နေသော အလောင်းကောင်။
၅။ ဝိက္ခာယိတက = ခွေး၊ ငှင်းတ၊ ကျီး စသည်တို့ ခဲစားကိုက်ဖြတ်ထားသော အလောင်းကောင်။
၆။ ဝိက္ခိတ္တက = လက်ခြေ၊ ဦးခေါင်း၊ ကိုယ်ခန္ဓာတို့ကို တစ်ကွဲတစ်ပြားစီ ဖရိုဖရဲ ကြဲပစ်ထားသော အလောင်းကောင်။
၇။ ဟတဝိက္ခိတ္တက = ဒါး၊ လှံ၊ လက်နက်တို့ဖြင့် အစိပ်စိပ်အမွှာမွှာ လှီးဖြတ် နိုပ်စက်ထားသော အလောင်းကောင်။
၈။ လောဟိတက = သွေးများထွက်ယိုလျက် တစ်ကိုယ်လုံး သွေးလိမ်းကျံနေသော အလောင်းကောင်။
၉။ ပုဠုဝက = ပိုးလောက်များ ပြည့်နှက်နေသော အလောင်းကောင်။
၁၀။အဋ္ဌိက = အရိုးများသာ စုပေါင်း၍လည်းကောင်း ၊ ပြန့်ကြဲ၍ လည်းကောင်း ကျွင်းကျန်ရစ်သော အလောင်းကောင်။

**မှတ်ချက်။** ။ ဤအသုဘအခြင်းအရာကို သူသေကောင်၌သာရနိုင်သည်မဟုတ် အသက်ရှင်တုန်းမှာလည်း လေဖြန်း၍ ဖောယောင်နေသောအခါ၊ အနာမှ သွေးပြည်ယို ထွက် လိမ်းကျံပေနေသောအခါ၊ သွားရိုးပေါ်သောအခါများ၌ ဥဒ္ဓုမာတက၊ ဝိပုဗ္ဗက၊ လောဟိတက၊ အဋ္ဌိကသဘောများ ရနိုင်ပေသည်။ ပကတိရိုးရာ ခန္ဓာကိုယ်မှာပင် ဆံပင် မွေးညှင်းစသော ကောဋ္ဌာသအစုများကိုလည်းကောင်း၊ အတွင်းက အရိုးတွေကို တိုင်ထူလျက် အသားဖြင့် မွမ်းမံပြီးလျှင် အကြောတည်းဟူသော ကြိမ်နွယ်တို့ဖြင့် ဖွဲ့ကြက် တုပ်နှောင်ကာ အပေါ်ယံအရေးပါးကို တင်လွှမ်းထားသည့်အတွက် ခန္ဓာအိမ်ကြီး ဖြစ်နေပုံ ကိုလည်းကောင်း စဉ်စားဆင်ခြင်၍ အသုဘအခြင်းအရာကို ထင်လာစေ နိုင်ပါသည်။

## ၃။အနုဿတိ (၁၀)ပါး

အဖန်ဖန် အောက်မေ့ဆင်ခြင်မှု (သတိစေတသိက်) ကို အနုဿတိ ဟုခေါ်၏။

၁။ ဗုဒ္ဓါနုဿတိ = ဘုရားရှင်၏ဂုဏ်တော်များကို အထပ်ထပ်ဆင်ခြင်မှု။

၂။ ဓမ္မာနုဿတိ = ပိဋကတရား၊ မဂ်၊ ဖိုလ်တရားများ၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု။

၃။ သံဃာနုဿတိ = အရိယာသံဃာတော်များ၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု။

၄။ သီလာနုဿတိ = မိမိစောင့်ထိန်းထားသော သီလ၏ ဂုဏ်တော်များနှင့် မကျိုး၊ မပေါက်၊ မပြောက်၊ မကျားပုံ တို့ကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၅။ စာဂါနုဿတိ = ရက်ရက်ရောရော မိမိစွန့်ကြဲလှူဒါန်းအပ်သော အလှူဒါန၏ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၆။ ဒေဝတာနုဿတိ = နတ်ပြဟ္မာများကို သက်သေပြု၍ မိမိကုသိုလ်ကောင်းမှုများကို အဖန်ဖန် အောက်မေ့ ဆင်ခြင်မှု။

**မှတ်ချက်။** ။ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သုတ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဟူသော သူတော်ကောင်း တရား တို့နှင့် ပြည့်စုံသူများသည် သေလွန်ကြသည့်အခါ နတ်ပြဟ္မာများ ဖြစ်ကြရ၏။ ငါ့တွင်လည်း ထိုတရားများရှိပေ၏ဟု မိမိ၏ ကုသိုလ် တရားတို့ကို အောက်မေ့အမှတ်ရ နေမှုသည်လည်း ဒေဝတာနုဿတိပင်တည်း။

၇။ ဥပသမာနုဿတိ = နိဗ္ဗာန်၏ဂုဏ်ကျေးဇူးများကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၈။ မရဏာနုဿတိ = မိမိ၏သေခြင်းသဘောကို အဖန်ဖန် တွေးတောအောက်မေ့ ဆင်ခြင်မှု။

၉။ ကာယဂတာသတိ = ဆံပင်၊ မွေးညှင်းစသည့် ၃၂ ကောဋ္ဌာသကို ထင်မြင်အောင် အဖန်ဖန် ကြည့်ရှုအောက် မေ့ဆင်ခြင်မှု။
၁၀။အာနာပါနသတိ = ထွက်သက်၊ ဝင်သက်ကို အောက်မေ့ဆင်ခြင်မှု။

## ဥပသမာနုဿတိ - နိဗ္ဗာန်၏ဂုဏ်ပုဒ်နှင့်စပ်၍မှတ်ဖွယ်

နိဗ္ဗာန်တရားကို ရုပ်ဝိသေသ၊ နာမ်ဝိသေသဟုလည်းကောင်း၊ ခန္ဓာကိုယ်တွင်း၌ အနှစ်အမြဲတေအလား မြဲခိုင်သော နိစ္စတရားရှိ၏၊ ရုပ်နာမ်တရားများ ချုပ်ပျောက်သော အခါ ထိုအနှစ်အမြဲတေသာ အဖတ်တင်ရစ်၏၊ ထိုအနှစ် အမြဲတေအဖြစ်ဖြင့် တည်နေရ ခြင်းသည်ပင် နိဗ္ဗာန်တည်းဟုလည်းကောင်း၊ နိဗ္ဗာန်၌ရုပ်နာမ်မရှိ၍ ခံစားခွင့်မရလျှင် အဘယ်မှာ ချမ်းသာဟု ဆိုနိုင်ပါအံ့နည်းဟု လည်းကောင်း မိမိတို့ထင်ရာ၊ မြင်ရာ ပြောဆို ရေးသားကြ၏။ တစ်စုံတစ်ခုသော အာရုံ၏အကြောင်းကို ထိုအာရုံ ရရှိဖူးသူသာလျှင် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရိုးရှိသကဲ့သို့ နိဗ္ဗာန် ၏အကြောင်းကိုလည်း နိဗ္ဗာန်ရပြီးသော အရိယာတို့သာ ပိုင်နိုင်စွာ သိမြင်နိုင်ပေသည်။ ယခု ပုထုဇဉ်တို့၏ အတွေးဖြင့် လေးနက် သော နိဗ္ဗာန်ကို အမှန် မထိမိနိုင်ရာ။ သို့သော် ကျမ်းဂန်လာ သာဓကယုတ္တိကို ချိန်ဆ၍ ဉာဏ်မြင်သမျှ ရေးပြပါဦးအံ့။

## ရုပ်ဝိသေသမဟုတ်

နိဗ္ဗာန်ဟူသည် စိတ်၊ စေတသိက်၊ ရုပ်ပရမတ်တို့မှ သီးခြားဖြစ်သော ပရမတ်တရား တည်း။ ထို့ကြောင့် ရုပ်၊ နာမ်၊ သင်္ခါရနှင့် လုံးဝဆက်သွယ်ခြင်း မရှိရကား ရုပ်ဝိသေသ၊ နာမ်ဝိသေသ မဟုတ်နိုင်ပါ။ အဇ္ဈတ္တ၊ ဗဟိဒ္ဓနှစ်မျိုးတွင် ဗဟိဒ္ဓါ ဓမ္မာ ဟူသော မာတိကာပုဒ် အရတွင် ပါဝင်သော ဗဟိဒ္ဓတရား ဖြစ်သောကြောင့် ခန္ဓာကိုယ်အတွင်း၌ အနှစ်အမြဲတေအဖြစ်ဖြင့် တည်ရှိသော ဓာတ်မျိုးလည်းမဟုတ်နိုင်ပါ။ နိဗ္ဗာန်သည် ပုဂ္ဂိုလ် သတ္တဝါကဲ့သို့ ခံစားတတ်သော တရားလည်း မဟုတ်။ ရူပ၊ သဒ္ဒစသည်အာရုံ ကာမဂုဏ် ကဲ့သို့ ခံစားအပ်သော တရားလည်းမဟုတ်ရကား နိဗ္ဗာန်၌ ဝေဒယိတသုခ မရှိသည်မှာ အမှန်ပင်တည်း။ သို့သော် ဝေဒယိတသုခထက် အဆပေါင်းများစွာ သာလွန်သော သန္တိသုခ အေးမြ၊ ငြိမ်းချမ်းသော သဘောကား ဧကန်ရှိပေသည်။

**ချဲ့ဦးအံ့။** ခံစားမှုဟူသော ဝေဒယိတသုခသည် ခံစား၊ စံစား၍ ကုန်ကုန်သွားသည့် အတွက် အသစ်အသစ်ရအောင်ထူထောင်ရ၏။ ထိုအသစ်အသစ်ရအောင် ထူထောင်ရသော ဒုက္ခကား ခံစားရသောသုခနှင့် အဆမတန်ချေ။ ထိုဒုက္ခဖြင့် ထူထောင်ပြီးနောက်

ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် မတင်းတိမ်နိုင် ကြသောကြောင့် အပိုအမို အကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခအကြွေးကို အတိုးနှင့်တကွ ဒုက္ခဖြင့်ဆပ်ကြရသည်မှာ တွေးမိတိုင်း ဝမ်းနည်းစရာကြီးပေတည်း။ ထိုကဲ့သို့ ခံစားမှုသုခ နှင့် မရောသော သန္တိသုခသဘောကား ရုပ်၊နာမ်သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြ ငြိမ်းချမ်းခြင်း သဘောပေတည်း။

**ထင်ရှားစေအံ့။** ။ လောကီအာရုံ ကာမဂုဏ်တွေပြည့်စုံလှသော သူဌေးတစ်ယောက်သည် အားရပါးရ အိပ်ပျော်နေစဉ် လောကီအာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသော အခါ အအိပ်ဖျက်ရမည်လားဟု ကြိမ်းဝါး မောင်းမဲမည်သာတည်း။ ထိုသူအိပ်နေစဉ် ခံစားမှု အထင်အရှားမရှိ။ သို့ပါလျှက် ငြိမ်းချမ်းစွာ အိပ်နေရမှုကိုပင် ခံစားမှုသုခတွေထက် နှစ်သက်ပေသေးသည်။ ထိုခံစားမှုမပါသော အိပ်ပျော်မှုသုခကိုပင် အိပ်ရကောင်းလိုက်တာ ဟု အမွှန်းတင်ကြသေး၏။ ရုပ်၊ နာမ်အားလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား မည်မျှလောက် မွန်မြတ် လိမ့်မည်ကို မှန်းဆသင့်တော့သည်။

**ဆက်ဦးအံ့။** ။ အနာဂါမ်၊ ရဟန္တာအရှင်မြတ်တို့သည် ရုပ်၊ နာမ်ခန္ဓာကြီးကို လေးလံလှစွာ သော ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြသဖြင့် ရုပ်၊နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းဖို့ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူကြ၏။ ထိုသမာပတ်အတွင်း၌ ခံစားမှုလုံးဝမရှိ စိတ်၊ စေတသိက်တည်းဟူသော နာမ်တရားနှင့် အချို့ရုပ်များ အသစ်မဖြစ်ကြဘဲ ရပ်စဲနေခြင်း သာတည်း။ ထိုကဲ့သို့ ရုပ်၊ နာမ်အချို့တို့ ချုပ်ငြိမ်းနေခြင်းကိုပင် အင်မတန်သုခကြီးဟု သဘော ရ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူကြသည်။

ထို့ပြင် အသညသတ်၊ အရူပပြဟ္မာတို့၏ အဖြစ်သနစ်ကို စဉ်း စားပြန်လျှင်လည်း သန္တိသုခ အေးမြငြိမ်းချမ်းပုံသည် ထင်ရှားပြန်၏။ အသညသတ်ပြဟ္မာတို့၌ နာမ်တရားမရှိ ခံစားမှုမရှိ၊ ကမ္ဘာ (၅၀၀) ခန့်မျှ နာမ်တရားတို့မှ အေးမြငြိမ်းချမ်းလျက်နေရ၏။ အရူပပြဟ္မာတို့၌ ရုပ်တရားတို့မှ အေးမြငြိမ်းချမ်းလျက်ရှိ၏။ အထက်ဆုံး အရူပပြဟ္မာ သန္တာန်ဝယ် ဖြစ်ခွင့် ရှိနေသော နာမ်တရားသည်ပင် အလွန် နည်းပါးလှချေပြီ။ ရဟန္တာဖြစ်လျှင် မနောဒွါရာဝဇ္ဇာန်း၊ မဟာကြိယာ ၈ ပါး၊ နေဝသညာနာသညာယတန ဝိပါက် ၁ ပါး၊ နေဝသညာနာသညာယတနကြိယာ ၁ ပါး၊ အရဟတ္တဖိုလ်စိတ် ၁ ပါးအားဖြင့် ယှဉ်ဖက်စေတသိက်များ နှင့်တကွ စိတ်ပေါင်း ၁၂ ပါးသာဖြစ်ခွင့်ရှိတော့၏။ ထို ၁၂ ပါးလည်း တစ်ခုစီဖြစ်နေရကား ထိုရဟန္တာပြဟ္မာကြီး၌ ထိုစိတ်ကလေးတစ်ခု နောက်ထပ် မဖြစ်လျှင် ရုပ်နာမ်အားလုံး ချုပ်ငြိမ်းရတော့၏။

ထိုကဲ့သို့ ရုပ်သိမ်းသောအခါ သန္တိသုခ ခေါ်သော နိဗ္ဗာနဓာတ် တရားမြတ်သည် မုချဆတ်ဆတ် ထင်ရှားတော့ လတ္တံ့။ ထိုသန္တိသုခ နိဗ္ဗာနဓာတ်သည် ဘာမျှမရှိသော အဘာဝပညတ် မဟုတ်ပါ။ အများဆိုင် ဘုံတရားကဲ့သို့ တစ်ပါးတည်းလည်း မဟုတ်ပါ။ ကိုယ့်နိဗ္ဗာန်နှင့် ကိုယ်အသီးသီးရှိကြ၏။ ထို့ကြောင့်ပင် အရိယာအရှင်မြတ်တို့ သည် ခန္ဓာကိုယ်ခြုပ် ထင်ရှားရှိစဉ် မိမိတို့နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ် ဝင်စားတော်မူကြပေသည်။ ထို ဖလသမာပတ် ဝင်စားခိုက်ဝယ် နိဗ္ဗာန်ကို အာရုံမှန်းလျက် စိတ်တမ်း၍ နေရခြင်းသည်ပင် အင်မတန် ချမ်းသာ ကြသောဟူ၏။ ထို့ကြောင့် ထေရ၊ ထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းဂါထာများကို ကျူးကာ ကျူးကာဖြင့် ရုပ်နာမ်ခန္ဓာကို အားရပါးရ စွန့်ပစ်ခဲ့ကြပေသည်။ ရဟန္တာအရှင်မြတ်တို့၏ ရုပ်နာမ် စွန့်ကြပုံကို စဉ်းစားလျှင် ရုပ်နာမ်ကို ခင်မင်နေသော ငါတို့လို ပုထုဇဉ်များအတွက် ရှက်ဖွယ်ကြီးပါတကား။ ( ***မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး)***

## နိဗ္ဗာန်၏သဘော

***ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ၊***
***ဧတ္ထ အာပေါ စ ပထဝီ၊ တေဇော ဝါယော န ဂါဓတိ၊***
***ဝိညာဏဿ နိရောဓေန၊ ဧတ္ထေတံ ဥပရုဇ္ဈတိ။***

**ပုထုဇဉ်တို့မမြင်နိုင်။** ။ ဤသုတ္တန်ပါဠိတော်ကို အစဉ်လိုက်၍ စူးစူးစိုက်စိုက် စဉ်းစားသောအခါ နိဗ္ဗာနဓာတ်သည် အထင်အရှား ရှိသော ပရမတ္ထတရားတစ်ပါး ဖြစ်ပေသည် ဟု သိသာ၏။ မိမိသန္တာန်၌ဖြစ်နေသော စိတ်ကိုပင် မိမိကိုယ်တိုင် (စဉ်းစားလေ့မရှိလျှင်) မသိနိုင်ရကား မိမိခန္ဓာကိုယ်တွင်း၌မပါဝင်သော နိဗ္ဗာန်ကို ပုထုဇဉ်တို့ ဉာဏ်ဖြင့် အဘယ်မှာလျှင် သိမြင်နိုင်ပါတော့အံ့နည်း။
**ဝိညာဏံ ။** ။ ထိုသို့ ပုထုဇဉ်တို့ဉာဏ်ဖြင့် မမြင်နိုင်သော်လည်း ထူးသောမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်ကား (မဂ်၊ ဖိုလ် ရသည်နှင့်တစ်ပြိုင်နက်) လှမ်း၍ သိနိုင် မြင်နိုင် လောက် အောင် ထင်ရှားပါသည်။

**အနိဒဿနံ ။** ။ ထိုသို့ထင်ရှားရှိသော်လည်း ပကတိစက္ခုဖြင့်ကား မည်သည့် နည်းနှင့်မျှ မမြင်နိုင်ပါ။တနည်းဆိုရလျှင် ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းအေးမြ၍ မွန်မြတ်လှသော နိဗ္ဗာန်သည် မည်သို့သော ချမ်းသာပုံ အေးမြပုံ မွန်မြတ်ပုံနှင့်တူသည်ဟု ထပ်တူပြဖို့ရာ ဥပမာလည်းမရှိပါ။

**အနန္တံ** ။ ။ စိတ်တစ်ခု၌ စဖြစ်ခြင်းဟူသော ဥပါဒ်အပိုင်း၊ပျက်ခြင်းဟူသော ဘင်အပိုင်း၊မပျက်မီ အခိုက်အတန့်မျှ တည်ခြင်းတည်းဟူသော ဌီအပိုင်းအားဖြင့် သုံးပိုင်း ခွဲခြား၍ ရနိုင်သော်လည်း နိဗ္ဗာန်၌ ထိုကဲ့သို့ ပိုင်းခြားဖို့ရာ အပိုင်းသုံးကန့်မရှိပါ။ ထိုသို့ မရှိပါဘဲ အမြဲသစ်လွင်၍နေပါသည်။

**သဗ္ဗတော ပဘံ** ။ ။ သမုဒ္ဒရာ၌ ဝင်ဖို့ရန် ဆိပ်ကမ်းတွေ အများအပြားရှိသကဲ့သို့ ထို့အတူ သုံးဆယ်ရှစ်ပါး (တစ်နည်းလေးဆယ်) အားဖြင့် များစွာသော ကမ္မဋ္ဌာန်းတရားတွေသည် နိဗ္ဗာန်ဟူသော သမုဒ္ဒရာသို့ ဝင်နိုင်ဖို့အကြောင်း ကောင်းမြတ်သော ဆိပ်ကမ်းတွေပင် ဖြစ်ပါသည်။

**တနည်း** ။ ။ ပကတိစိတ်သည်ပင် ကိလေသာအညစ် မမြေးရစ်သောအခါ အရောင်ဝင်း၍ လင်းနေသလို ထင်ရ သကဲ့သို့ ထို့အတူ နိဗ္ဗာန်၌ ကိလေသာအညစ်တို့ မည့်သည့်အခါမျှ မမြေးရစ်ရကား အမြဲအရောင်ဝင်း၍ လင်းနေသလိုဖြစ်ပါသည်။

**ဧတ္ထ အာပေါ န ဂါဓတိ။** ။ ယခုလောက၌ တွေ့ရသော ရုပ်နာမ်တရားတို့သည် ရုပ်ဖြစ်အောင် နာမ်က ကျေးဇူးပြု၊ နာမ်တည်နိုင်အောင် ရုပ်ကကျေးဇူးပြု၊ ရုပ်အချင်းချင်း၊ နာမ်အချင်းချင်းလည်း ကျေးဇူးပြုသောကြောင့် ဖြစ်ပြီးလျှင်ပျက်၊ ပျက်ပြီးလျှင်လည်း ထပ်၍ဖြစ်နိုင် တည်နိုင်ကြ၏။ နိဗ္ဗာနဓာတ်တရားမြတ်ကြီးကား ရုပ်ဖြစ်အောင်လည်း ကျေးဇူးမပြု၊ နာမ် ဖြစ်အောင်လည်း ကျေးဇူးမပြုသောကြောင့် ဤနိဗ္ဗာန်တရား၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော အရင်းခံဓာတ်ကြီးတို့ မထောက်မမီ မဖြစ် မတည် နိုင်တော့ပါ။

**ဝိညာဏဿ နိရောဓေန** ။ ။ ဘဝဖန်ခါ သံသရာ၌ ပြုခဲ့သမျှ အတန်တန် ကုသိုလ်၊ အကုသိုလ်ကံတို့သည် အရဟတ္တမဂ် ခဏ၌ အဝိဇ္ဇာနှင့် တဏှာကို ပယ်လိုက်သောအခါ ဘဝကိုစီမံရာဝယ် အဖေါ်သဟဲဖြစ်သော အဝိဇ္ဇာ တဏှာအကူအညီကို မရတော့သဖြင့် ဘဝသစ်ကို မစီမံနိုင်ကြတော့။ အသစ်ကံလည်း မဖြစ်တော့ရကား သံသရာစက်ရဟတ် လည်း အဆက်ပြတ်ရလေတော့သည်။ ထို့ကြောင့် ရဟန္တာအရှင်မြတ်တို့သည် ပရိနိဗ္ဗာန် စံတော် မမူမီ ရုပ်နာမ်နှင့်တွဲ၍ ဆင်းရဲ အမျိုးမျိုးကို ခံရပါသော်လည်း (ဘုရားရှင်သည်ပင်

ပရိနိဗ္ဗာန်စံတော်မူခါနီးဝယ် ဝမ်းတော်လားမှု၊ ဩဝါဒပေးရမှုတို့ကြောင့် ကိုယ်တော်၏ ဆင်းရဲမှုဒဏ်ကို ခံရပါသေးသည်) စုတိစိတ်ဉာဏ်တော် ချုပ်သောအခါ.....

**ဇေတ္တေတံ ဥပရုဇ္ဈတိ** ။ ။ ထိုနိဗ္ဗာန်တရားမြတ်၏ အအေးဓာတ်အရှိန်ကြောင့် ရုပ်နာမ်အားလုံး ဆုံးတော်မူရကား ရုပ်နာမ်နှင့်စပ်မှ ဖြစ်ရသောကြောင့် ဒုက္ခအတန်တန်လည်း မီးလျှံ မီးတောက် ငြိမ်းပျောက်သကဲ့သို့ အေးငြိမ်းရ တော့၏။ မီးငြိမ်း ဟူရာ၌ မီးတောက်သည် ငြိမ်းပြီးသောအခါ တစ်စုံတစ်ခုနာမည်တပ်၍ ခေါ်ဝေါ်ပညတ်ဖို့ရာ မကျန်တော့သကဲ့သို့ ထို့အတူ ရုပ်နာမ်ခပ်သိမ်း ကုန်ငြိမ်းသောအခါ ပုဂ္ဂိုလ်ဟုလည်းကောင်း၊ သတ္တဝါဟု လည်းကောင်း၊ ငါဟုလည်းကောင်း၊ သူဟုလည်းကောင်း ခေါ်ဝေါ်ပညတ် နာမည်တပ်ဖို့ရာ တစ်စုံတစ်ခုမျှ မကျန်တော့ ဟုဆိုလိုသည်။ထို့သို့ နာမည်တပ်ဖို့ မကျန်သော်လည်း မအို၊မသေ၊အမြဲတည်နေသော အမြိုက်ဓာတ်ကား သစ်သစ်လွင်လွင် အထင်အရှားပင် တည်ရှိပါသတည်း။ (***သင်္ဂြိုဟ်ဘာသာဋီကာ***)

## မရဏာနုဿတိမှတ်ဖွယ်

ရဟန္တာတို့၏ ဝဋ္ဋဒုက္ခပြတ်ကင်း၍ ပရိနိဗ္ဗာန် စံဝင်ခြင်းဟူသော သမုစ္ဆေဒမရဏ၊ သင်္ခါရတို့၏ ဘင်ခဏဟူသော ခဏိကမရဏ၊ သစ်ပင်သေသည်၊ ပြဒါးသေသည် ဟု ခေါ်ဝေါ်ရာ၌ သစ်ပင်စသည်တို့၏ သေခြင်းဟူသော သမုတိ မရဏ၊ တစ်ဘဝ၌ အကျုံးဝင် သော ဇီဝိတိန္ဒြေအစဉ်၏ ပြတ်စဲခြင်းဟူသော ဇီဝိတိန္ဒြိယုပစ္ဆေဒဟု မရဏလေးမျိုး ရှိ၏။ ထိုတွင် သမုစ္ဆေဒမရဏသည် အများနှင့်မဆိုင် ရဟန္တာများနှင့်သာဆိုင်၏။ ခဏိကမရဏ သည် ဉာဏ်ဖြင့် ဆင်ခြင်၍ ထင်မြင်နိုင်ခဲ၏။ သမုတိမရဏမှာ သံဝေဂဖြစ်ဖွယ်ရာမဟုတ်။ ထို့ကြောင့် ထိုသုံးပါးကို ဤနေရာ၌ မလိုအပ်။ ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏ (သေခြင်း)သာလျှင် အများနှင့်လည်းဆိုင်၊ ထင်မြင်ဖွယ်လည်းရှိ၊ သံဝေဂဖြစ်ခြင်း၏ အကြောင်းလည်းဟုတ် သောကြောင့် ဤဇီဝိတိန္ဒြိယုပစ္ဆေဒမရဏကို အဖန်ဖန်ဆင်ခြင် အောက်မေ့မှုသည် မရဏာနုဿတိ မည်၏။

## မရဏာနုဿတိဆင်ခြင်ပုံ

သူသေကောင်ကို ကြည့်၍ဖြစ်စေ၊ ရှေးရှေးကတွေ့မြင်အပ်ဖူးသော စည်းစိမ်ရှင်ကြီး တို့၏ သေရပုံကို ကြည့်ရှုဆင်ခြင်၍ဖြစ်စေ၊ မရဏံ ဘဝိဿတိ၊မရဏံ ဘဝိဿတိ = ဤကဲ့သို့ သေရဦးလတ္တံ့၊ ဤကဲ့သို့ သေရဦးလတ္တံ့ဟု သေခြင်းသဘောတရားကို အဖန်ဖန်ပွားများရာ၏။ ထိုကဲ့သို့ ပွားများရာ၌ အသင့်အတင့် နှလုံးသွင်းမှုလည်းရှိစေရ

သည်။ မသင့်မတင့် နှလုံးသွင်းမိ၍ သံဝေဂဉာဏ်မပါလျှင် ချစ်ခင်သူတို့ သေရမည်ကို ဆင်ခြင်ရာ၌ စိုးရိမ်သောက ဖြစ်တတ်၍၊ မုန်းသူ၏ သေမည်ကို ဆင်ခြင်ရာ၌ ဝမ်းမြောက် နေတတ်၏။ မမုန်း မချစ်အပ်သူတို့၏ သေခြင်းကို ဆင်ခြင်ရာ၌ သေခြင်းသဘော မထင်နိုင်ဘဲ အမှတ်တမဲ့ ဖြစ်တတ်၍ မိမိသေရမည်ကို ဆင်ခြင်ရာ၌ ကြောက်ရွံ့ ထိတ်လန့်တတ်သည်။သို့ဖြစ်၍ သတိသံဝေဂ ရှေ့သွားဖြင့် အသင့်အတင့် နှလုံးထား၍ မည်သူ၏ သေခြင်းမဆို သေခြင်းသဘောတရားကိုသာ ပွားများဆင်ခြင်ရာ၏။

## ကာယဂတာသတိပွားများပုံ

ကာယသဒ္ဒါသည် အပေါင်းဟူသော အနက်ကိုဟော၏။ ဆံပင်၊ အမွေး စသော (၃၂) ပါးသောအစုအဝေးတို့၏ အပေါင်းတည်း။ ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို ဒွတ္တိံသာကာရကမ္မဋ္ဌာန်းဟုလည်းကောင်း၊ ကောဋ္ဌာသ ကမ္မဋ္ဌာန်း ဟု လည်းကောင်း ခေါ်၏။

ကာယဂတာသတိကမ္မဋ္ဌာန်းပွားလိုသော ယောဂီသည် ဤငါ့ကိုယ်တွင် ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အ စာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်ဟု မြန်မာလို နှုတ်တက်ကျက်၍ ရွတ်ဆိုရာ၏။

## ၄။အပ္ပမညာ (၄)ပါး(သို့) ဗြဟ္မဝိဟာရ

သတ္တဝါတစ်ဦး၌ဖြစ်စေ၊အများ၌ဖြစ်စေ ဤ၍ ဤမျှ ဟု အတိုင်းအတာ ပမာဏ ကန့်သတ်မထားဘဲ သတ္တဝါ ပညတ်၌ ဖြစ်သောတရားကို အပ္ပမညာ ဟုခေါ်၏။

၁။ မေတ္တာ = သတ္တဝါအများကို ကောင်းစားစေလိုခြင်း၊ ချစ်ခင်မြတ်နိုးခြင်း သဘော (အဒေါသစေတသိက်)

၂။ ကရုဏာ = ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခြင်းသဘော (ကရုဏာစေတသိက်)

၃။ မုဒိတာ = သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော (မုဒိတာစေတသိက်)

၄။ ဥပေက္ခာ = သတ္တဝါပညတ်ကို အာရုံပြု၍ ကံစီမံရာဖြစ်ကြ၏ဟု အောက်မေ့ ဆင်ခြင်ကာ လျစ်လျူရှုခြင်း သဘော (တတြမဇ္ဈတ္တတာ စေတသိက်)

အပ္ပမညာ (၄)ပါးတို့တွင် တစ်ပါးပါးဖြင့်နေခြင်းသည် ဗြဟ္မာတို့၏ နေခြင်းနှင့် တူသောကြောင့် အပ္ပမညာ (၄)ပါးကို ဗြဟ္မဝိဟာရ (၄)ပါးဟု လည်းခေါ်၏။ မြတ်သော အကျင့် ဖြစ်၍ ဗြဟ္မစိုရ်တရား (၄)ပါးဟုလည်းခေါ်၏။

အပ္ပမညာတရား (၄)တို့တွင် မေတ္တာပွားခြင်းဘာဝနာအကြောင်းကို သေချာစွာ သိထားသင့်ပေသည်။ မေတ္တာ ဘယ်လိုပို့ရမည်၊ မေတ္တာပို့ရခြင်းကြောင့် ရနိုင်သည့် အကျိုးများလည်း တိကျစွာသိသင့်သည်ဟု ယူဆသော သူတော်ကောင်းများအတွက် မေတ္တသုတ်လာ မေတ္တာပွားနည်းကို အလျင်းသင့်၍ ဖေါ်ပြလိုက်သည်။

## မေတ္တသုတ်လာ မေတ္တာပွားနည်း

မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ အလုပ်ရှင်နဲ့အလုပ်သမား၊ မိတ်ဆွေ အချင်းချင်း စတဲ့ သက်ရှိလူသားများမှာ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်များ အပြန် အလှန် ရှိကြပါတယ်။ ဒါပေမဲ့ ဆက်ဆံမှုနဲ့အတူ အဆင်မပြေမှုများကိုပါ ကြုံတွေ့ လာရ တတ်ပါတယ်။ ဒါတွေဖြစ်တာဟာ တစ်ယောက်နဲ့တစ်ယောက် မေတ္တာခန်းခြောက် လာတာ ကြောင့်ပဲ ဖြစ်ပါတယ်။ မေတ္တာဟာ ရေနဲ့တူတာမို့ ရေထိထားတဲ့အရာအားလုံး လန်းဆန်း နေတတ်ပါတယ်။ ဥပမာ ပန်းတစ်ပွင့်လိုပေါ့။ ရေမထိတဲ့ပန်းဟာ လန်းဆန်းဖို့ထက် ညှိုးနွမ်း မှာက အသေအချာပါပဲ။ လူသားများ ညှိုးနွမ်းပြီး ရုပ်ရည် အဆင်းမလှမပ ဖြစ်လာတာ၊ လုပြီးသားလူများလဲ တဖြေးဖြေးနဲ့ လူအများက အမြင်မကြည်လင်တော့တာ စတဲ့ ဆိုးကျိုးများ ရောက်လာခြင်းဟာ ရေနဲ့တူတဲ့ မေတ္တာခန်းခြောက်လာတာကြောင့်ပါ။

လန်းဆန်းကြည်လင်မျက်နှာရွှင်စေဖို့၊ ရုပ်ရည်အဆင်းလှပစေဖို့၊ မျက်နှာမြင် ချစ်ခင်လာစေဖို့ဆိုရင် မေတ္တာတရားကို လက်ကိုင်ထားရတော့မှာပါ။ အစွမ်းထက်တဲ့ မေတ္တာဖြစ်ပြီး အကျိုးများ အံမခန်းရစေဖို့ ဘုရားရှင်က မေတ္တသုတ်မှာ မေတ္တာပို့သူများ ပြည့်စုံစေရမဲ့အင်္ဂါ၊ မေတ္တာပို့ရမဲ့သူ၊ မေတ္တာပို့ရမဲ့အရပ်၊ မေတ္တာပို့နည်းနဲ့ မေတ္တာအစွမ်းဆိုပြီး အတိအကျဟောခဲ့ပါတယ်။

မေတ္တသုတ်ဆိုတာ အကြောင်းမဲ့ ပေါ်လာတာ မဟုတ်ပါဘူး။ အရာ အားလုံးဟာ အကြောင်းနဲ့အကျိုး ဆက်စပ်နေတာကြောင့် မေတ္တသုတ်ဖြစ် ပေါ်လာရခြင်း အကြောင်းကို လည်း သိထားသင့်ပါတယ်။ မေတ္တသုတ် ဖြစ်ပေါ်လာရတဲ့ အကြောင်းက ဒီလိုပါ။

ဘုရားရှင်ဟာ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံး နေတုန်း ဒေသအစုံမှရောက်လာတဲ့ ရဟန်းငါးရာဟာ ဘုရားရှင် အထံတော်မှာ တရား အားထုတ်ပုံ အားထုတ်နည်းတွေကို ကိလေသာကင်းစင်ပြီး ရဟန္တာဖြစ်လောက်တဲ့

အခြေအနေထိ စနစ်တကျသင်ယူခဲ့ပါတယ်။ သင်ကြားမှု ပြီးလို့ ဝါဆိုခါနီး တောတွင်းမှာ ဝါဆိုမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရဟန်းငါးရာဟာ သာဝတ္ထိမြို့မှ မိုင်ပေါင်း တစ်ထောင့် နှစ်ရာ ဝေးတဲ့နေရာမှာရှိတဲ့ အိမ်ခြေ တစ်ထောင်ရှိတဲ့ ရွာကြီးတစ်ရွာ ကို ရောက်သွားကြပါတယ်။ ရွာကြီးဟာ ဟိမဝန္တာ တောင်နဲ့နီးနေတာမို့ တရားအားထုတ်ဖို့လဲ သင့်တော်တဲ့ နေရာတစ်ခုပါ။ အိမ်ခြေ တစ်ထောင်ရှိတဲ့ရွာကြီးမှာနေတဲ့ သူများဟာ သဒ္ဓါတရားကောင်းကြတာမို့ ရဟန်း ငါးရာကို ဝမ်းသာအားရကြိုဆိုကြပြီး ဝါဆိုဖို့ပါ တောင်းပန်လိုက်ပါတယ်။

ပြီးတော့ ဟိမဝန္တာတောင်နဲ့ စပ်နေတဲ့တောအုပ်ကြီးထဲမှာလဲ တပါးနေ ကမ္မဋ္ဌာန်းကျောင်းငါးရာကိုပါ ဆောက်လုပ်လှူဒါန်းကြပါတယ်။ ဆွမ်းကွမ်း အဆင်ပြေနေတဲ့ အခြေအနေနဲ့ ဆိတ်ငြိမ်တဲ့နေရာလေးက ရဟန်းများကို တရားအားထုတ်ရာ နေရာအဖြစ် ရွေးချယ်ဖို့ ဆွဲဆောင်သလို ဖြစ်နေပြန်ပါ တော့တယ်။ ဒါနဲ့ပဲ ရဟန်းငါးရာဟာ တောကြီးရဲ့ သစ်ပင်တစ်ပင်စီအောက်မှာ နေရင်း တရားကိုစိတ်ချမ်းသာသာနဲ့ အားထုတ် ကြတာပေါ့။ တောစောင့်များ ဖြစ်တဲ့ ရုက္ခစိုးနတ်များဟာ ရဟန်းတွေရဲ့ သီလတန်ခိုးကြောင့် သစ်ပင်ပေါ်မှာ မနေရဲကြတော့ပဲ သစ်ပင်အောက် မှာ သားသမီးများနဲ့ ဆင်းဆင်းရဲရဲ နေကြရပါသတဲ့။ အဲဒီလိုနဲ့ တစ်ဆယ့်ငါးရက်လောက်လဲဖြစ်လာရော ရုက္ခစိုး နတ်များက တွေးမိတာပေါ့။ ရဟန်းများဟာ ခဏလာနေတာတော့မဟုတ်ဘူး။ ကြာရှည်နေမဲ့ပုံပဲ။ ဒီအတိုင်းသာဆို ငါတို့ရဲ့ ဒုက္ခကအဆုံးသတ်နိုင်မယ်မထင်ဘူး။ အမြန်သက်သာအောင် ပုံမှန်အတိုင်းဖြစ်အောင်ဆိုရင် ရဟန်းများကို ပထုတ်တာဟာ အကောင်းဆုံးသော နည်းလမ်းပဲဆိုပြီး ခြောက်လှန့်ဖို့ စီစဉ်ကြပါတော့တယ်။

ရုက္ခစိုးနတ်တွေရဲ့ခြောက်လှန့်မှုအမျိုးမျိုးကြောင့် ပုထုဇဉ်သာဖြစ်သေးတဲ့ ရဟန်းများ ကြောက်လန့်မှုနဲ့အတူ သမာဓိမရခြင်း၊ ချောင်းဆိုး ခေါင်းကိုက် မူးဝေလာခြင်း စတဲ့ ရောဂါတွေကြောင့် ခန္ဓာကိုယ်ပိန်ချုံးလာပါတော့တယ်။ နောက်ဆုံးဘယ်လိုမှ မနေနိုင်တော့တာကြောင့် ဝါတွင်းခရီးမသွားရဆိုတဲ့ ဘုရားရှင်ရဲ့အမိန့်တော်ကိုတောင် ဂရုမစိုက်နိုင်ကြတော့ပဲ ဘုရားရှင်ရှိရာ သာဝတ္ထိကိုပြန်သွားကြပြီး ဘုရားရှင်ကို အကြောင်းစုံ လျှောက်တင်ကြတော့တာပါ။ ပြီးတော့ တခြားသင့်တော်တဲ့နေရာမှာပဲ အားထုတ်ပါရစေတော့လို့ တောင်းဆိုကြပါတော့တယ်။ ဒီရဟန်း ငါးရာဟာ ဒီတောမှာ တရားအားထုတ်မှ တရားရနိုင်မယ်ဆိုတာကိုသိနေတဲ့ ဘုရားရှင်က ဝိပဿနာရဲ့အခြေခံ ရှာန်ရစေရန်၊ အရံအတားအစောင့်အရှောက်ဖြစ်စေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေတ္တာသုတ်ရွတ်ဆိုကာ မေတ္တာစီးဖြန်းနိုင်ကြစေဖို့ မေတ္တာပို့နည်းများကို အသေအချာ သင်ပေးပြီး အရင်တောကိုပဲ ပြန်သွားကြဖို့ ညွှန်ကြားလိုက်ပါ တယ်။

မေတ္တာပြည့်နေတဲ့ ရဟန်းများ တောရွာအပြန်လမ်းမှာ ကြိုဆိုနေသူ များကတော့ အရင်ကခြောက်လှန့်ခဲ့တဲ့ ရုက္ခစိုးနတ်များနဲ့ အခြားအခြားသော နတ်များပါပဲ။ ကြိုဆိုကြရုံသာ မဟုတ်တော့ပါဘူး မေတ္တာရေ ဆွတ်ဖြန်း ပေးမှုကြောင့် ရွှင်လန်းတက်ကြွ ချစ်ခင်စိတ်ဝင်နေကြတဲ့ နတ်များဟာ ကျောင်းတွေမှာတံမျက်စည်းလှည်းပေးကြ၊ သောက်ရေ သုံးဆောင်ရေခပ်ပေးကြ၊ သန့်ရှင်းရေး လုပ်ပေးကြတဲ့အပြင် ဘေးရန်တွေ ရောက်မလာအောင် ကာကွယ်စောင့် ရှောက်ပေးကြပါတော့တယ်။ နတ်ချစ်ဆေးဖြစ်တဲ့ မေတ္တာရဲ့အစွမ်းကြောင့် နတ်များရဲ့ ချစ်ခြင်းကိုခံ လာရတဲ့ ရဟန်းများဟာ ဘေးရန်ကင်းကွာ ကိုယ်ကျန်းမာစိတ်ချမ်းသာကြလို့ ဝါတွင်းသုံးလအတွင်းမှာပဲ ကိလေသာကင်းစင် ရဟန္တာအရှင်သူမြတ်များဖြစ်သွားကြပါတော့တယ်။ ဒါဟာ မေတ္တာရဲ့အစွမ်းကြောင့်ပါပဲ။ ဒါကြောင့် တရားအားထုတ်သူများဟာ နေရာအသစ်ကို ရောက်ရောက် နေရာအဟောင်းမှာနေနေ တရားအားထုတ်တော့မယ်ဆိုရင် နတ်ချစ်မေတ္တာကို အရင်သုံးဆောင်ထားဖို့ လိုအပ်ပါတယ်။ ဒါမှ လိုရာဆန္ဒပြည့်ဝပြီး လွတ်ရာကို ရောက်ကြမှာပါ။

ထိရောက်ပြီး အစွမ်းထက်တဲ့မေတ္တာကိုပို့ရင် ဈာန်တရား မဂ်တရားကို လိုချင်တယ်ဆိုရင်တော့ တရားအားထုတ် သူယောဂီများဟာ မေတ္တာပို့ရင် ပြည့်စုံရမဲ့အင်္ဂါများကို အရင်သိထားသင့်ပါတယ်။ မေတ္တာရဲ့အစွမ်းနဲ့ အာနိသင် အကျိုးများဟာ ဘယ်လောက်များတယ် ဆိုတာ ရေးပြလို့ကုန်နိုင်မယ်မထင်ပါဘူး။ ဒါနထက်မြင့်တယ် သီလထက်မြတ်တယ်ဆိုတာကို အင်္ဂါ (၁၅)ချက်နဲ့ ပြည့်စုံအောင်လုပ်ပြီး မေတ္တာပို့သူများ အသိဆုံးပါပဲ။ ဒါကြောင့်လဲပဲမေတ္တာ ရဲ့အကျိုးကို ဈာန် နဲ့ မဂ်တရားအထိရနိုင်ကြောင်းပြောခဲ့တာပေါ့။ မေတ္တာပို့သူများ ပြည့်စုံရမည့်အင်္ဂါကို မေတ္တသုတ်လာအတိုင်းရှင်းပြရမယ်ဆိုရင်.....

## *ကရဏီယ'မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။*

တကယ့်ကို ငြိမ်သက်ပြီး အေးချမ်းလှတဲ့ နိဗ္ဗာန်ကိုရောက်လိုသူ မျက်မှောက်ပြုလိုသူ၊ ကိုယ့်ဘဝရဲ့ ကြီးပွားတိုးတက်ရေးကို လိုလားသူများဟာ သီလ သမာဓိ ပညာ လို့ဆိုရတဲ့ သိက္ခာသုံးပါးကိုဖြည့်ကျင့်ရမယ်တဲ့။ မေတ္တာ တရားကိုပွားများမဲ့ သူများဟာလဲ တိကျတဲ့ကျင့်ဝတ်များကိုလိုက်နာက မေတ္တာကိုပွားများရမယ်လို့ သင်္ကေ စတဲ့ အင်္ဂါ (၁၅)ချက်နဲ့ပြပေးခဲ့ပါတယ်။

***သက္ကော ဥဇူစ သုဟုဇူ စ၊ သုဝစော စဿ မုဒု အနတိမာနီ။***
***သန္တုဿကောစ သုဘရောစ၊ အပ္ပကိစ္စောစ သလ္လဟုက ဝုတ္တိ။***
***သန္တိန္ဒြိယောစ နိပကောစ၊ အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။***
***နစ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။***

၁။***သက္ကော။*** ။ မေတ္တာပို့နိုင်စွမ်းရှိခြင်း၊ သစ္စာလေးပါးကို ထိုးထွင်း သိမြင် နိုင်အောင် ကျင့်နိုင်ခြင်းကို သက္ကော လို့ဆို ပါတယ်။ အဲဒီလိုကျင့်တဲ့နေရာမှာ စွမ်းဆောင်နိုင်ဖို့အတွက် ပြည့်စုံစေရမဲ့အင်္ဂါများကတော့...........................

၁။မြတ်စွာဘုရားအပေါ်မှာ တကယ့်ကိုယုံကြည်တဲ့ သဒ္ဓါအစစ်ရှိခြင်း ၂။ကျန်းမာသူဖြစ်ခြင်း ၃။လိမ်ညာလှည့်ဖြားတတ်တဲ့ စိတ်မရှိပဲ အမှန်အတိုင်း ပြောဆိုတတ်ခြင်း ၄။တကယ်အားထုတ်မှုရှိခြင်းနဲ့ ၅။ အသိဉာဏ်ရှိခြင်းတို့ပါပဲ။ ဒါကို ဆရာတော်ကြီးများက မှတ်မိ လွယ်အောင် ***ယုံကြည်၊ ကျန်းမာ၊ ဖြောင့်စင်းစွာနဲ့၊ ကောင်းစွာကြိုးစား၊ ပညာများ၊ တရားထိုင်အင်္ဂါ*** လို့စပ်ဆိုခဲ့ ပါတယ်။

၂။***ဥဇူ။*** ။ ရိုးသားဖြောင့်မတ်ခြင်းကို ဥဇု လို့ခေါ်ပါတယ်။ ရိုးသားဖြောင့်မတ်ခြင်းဆိုတာဟာ ပတ်ဝန်းကျင်က လူအထင်ကြီးခံရအောင် သူတော်ကောင်းလို့ချီးမွမ်းခံရအောင် တရားအားထုတ်တာမဟုတ်၊ မေတ္တာပို့တာ မဟုတ်ပဲ တကယ့်ကို တရားသိချင်လို့ တရားအားထုတ်တာ၊ သတ္တဝါအများကို ဘေးရန်ကင်းစေလိုတာ ကိုယ်ကျန်းမာ စိတ်ချမ်းသာ စေချင်တာကြောင့်သာ မေတ္တာပွားတာမျိုးကိုဆိုလိုတာပါ။

၃။***သုဟုဇူစ။*** ။ အထူးရိုးသားဖြောင့်မတ်တာကို သုဟုဇူ လို့ခေါ်ရပါတယ်။ တကယ့်ကိုရိုးသားဖြောင့်မတ်တယ်ဆိုတာ သူများကိုလဲ မလိမ်သလို ကိုယ့်ကိုယ်ကိုလဲ မလိမ်တာကိုပြောတာပါ။ တချို့က လူရှေ့တမျိုး နောက်ကွယ်တမျိုး ပြုမူပြောဆိုတတ်ပါတယ်။ ဒါဟာ တကယ်ရိုးသားတယ်လို့ ပြောလို့မရပါဘူး။ ပြီးတော့ တကယ်ရိုးသားဖြောင့်မတ်သူဟာ အသက်ဘေးနဲ့ ကြုံလာရတယ်ဆိုရင်တောင် အသက်ကိုမငဲ့ပဲ မေတ္တာပို့နိုင်စွမ်းရှိပါတယ်။ ရိုးရိုးဖြောင့်မတ်မှု ဥဇု ကတော့ အသက်ဘေးနဲ့ကြုံရင် ပျက်တတ်ပါတယ်။ ဒါကြောင့် အထူးရိုးသားဖြောင့်မတ်ခြင်း လို့ဆိုရတာပါ။

၄။***သုဝစော။*** ။ ပြောရဆိုရလွယ်ကူတာကို သုဝစ လို့ဆိုပါတယ်။ ဆိုလိုတာ ကတော့ ကိုယ့်ထက်အသက်သိက္ခာ ကြီးသူ၊ ကိုယ်နဲ့တန်းတူ၊ ကိုယ့်အောက် လူများက အမှန်တရားနဲ့ ပြောဆိုဆုံးမလာရင် အလွယ်တကူလက်ခံတတ် တာမျိုးကိုဆိုလိုသလို ကိုယ်တိုင်လဲ ကိုယ့်ဟာကိုယ် ဆုံးမနိုင်သူ ဖြစ်တာကိုဆိုတာပါ။

၅။ ***မုဒု။*** ***။*** နူးညံ့ပျော့ပျောင်းခြင်းတဲ့။ မေတ္တာပို့သူ တရားထိုင်သူများဟာ ခက်ထန်ကြမ်းတမ်းနေလို့မဖြစ်ပါဘူး။ ကိုယ် နှုတ် စိတ် သုံးပါးလုံးနဲ့ ပြုမူ ပြောဆို ကြံစည်တဲ့ နေရာမှာ နူးညံ့ပျော့ပျောင်းနေရမယ်လို့ဆိုလိုတာပါ။

၆။ ***အနတိမာနီ။*** ***။*** မာနမကြီး၊ မထောင်လွှား၊ သူများနဲ့ပြိုင်ဆိုင်လိုမှု မရှိခြင်းတဲ့။ ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့သူနဲ့ ပြိုင်ဆိုင်လိုသူများဟာ မေတ္တာကင်း နေတာမို့ မေတ္တာပို့ တရားအားထုတ်ဖို့မဖြစ်နိုင်တော့ပါဘူး။ မေတ္တာပို့မယ် ဆိုရင် မာနကင်း ပြိုင်ဆိုင်မှုကိုကင်းနေမှဖြစ်တာပါ။

၇။ ***သန္တုဿကော။*** ***။*** ရောင့်ရဲလွယ်ခြင်းတဲ့။

ကိုယ့်မှာ ရှိတာလေးတွေနဲ့ မကျေနပ်နိုင်သူမျိုးမှာ ရအောင် အတင်းအဓမ္မ ရှာဖွေရ၊ ကြောင့်ကြစိုက်နေရ တဲ့အတွက် ရတက်ဗျာပွေ သောကဝေနေရခြင်း၊ တကယ်လို့ ရှာဖွေလို့ စိတ်တိုင်းကျ မရပြန်လျှင်လည်း မကျေမနပ်နဲ့ စိတ်ဆင်းရဲရခြင်း၊ စိတ်ဆိုးဒေါသဖြစ်ရခြင်း၊ ရလာပြန်လျှင်လည်း ဒီထက်ပိုရအောင် ရှာနေရတဲ့ အတွက် ပိုပြီး စိတ်ပူပန်နေရခြင်း စတဲ့ ကိစ္စတွေနဲ့ လုံးချာလည်နေကြရတယ်။ အဲသလို ပုဂ္ဂိုလ်မျိုးမှာ သူတစ်ပါးအပေါ် မေတ္တာထားဖို့, မေတ္တာပို့ဖို့, မေတ္တာပွါးဖို့အရေးက ပိုပြီးဝေးနေတတ်တယ်။

ကိုယ့်မှာ ရသမျှလေးနဲ့၊ ရှိတာလေးတွေနဲ့ပဲ အားရတင်းတိမ်ပြီး ကျေနပ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ ပစ္စည်းထပ်မရလည်း ဘာမှ ပြဿနာမရှိ၊ စိတ်ဆင်းရဲစရာမလို၊ သူများအပေါ်လည်း အပိုစိတ်ဆိုးစရာ ကင်းနေတယ်။ စိတ်မချမ်းသာစရာတွေ ဝေးနေတယ်။ အဲသလို ပစ္စည်းရှာဖွေတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး စိတ်ဆိုးစရာကင်းကာ စိတ်မချမ်းသာစရာတွေနဲ့ ဝေးနေတဲ့အတွက် စိတ်ထဲမှာ အေးချမ်းလျှက် ရှိနေတယ်။ အဲသလို စိတ်အေးချမ်းနေတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဓာတ်ကသာ မေတ္တာဖြစ်ဖို့, မေတ္တာပို့ဖို့ မေတ္တာပွါးဖို့ ပိုလွယ်ကူတဲ့အတွက် ဒီ သန္တုဿကော ကို မေတ္တာဘာဝနာ ပွါးဖို့အတွက် အခြေခံအချက်တစ်ခုအနေနဲ့ မြတ်စွာဘုရားက လမ်းညွှန်တော်မူထားခဲ့ရခြင်း ဖြစ်ပါတယ်။ ဒီ သန္တုဿကနဲ့ မင်္ဂလသုတ်မှာ ဆိုခဲ့တဲ့ သန္တုဋ္ဌီနဲ့က အဓိပ္ပါယ်ချင်း တူပါတယ်။

ဒီနေရာမှာ ရောင့်ရဲတင်းတိမ်ခြင်း=သန္တောသ သုံးမျိုးကို ဗဟုသုတအဖြစ် ဖော်ပြပေးလိုက်ပါတယ်။ နံပါတ် (၁) ယထာလာဘသန္တောသ=ကိုယ့်မှာ ရှိတာလေးတွေနဲ့ပဲ ကျေနပ်နှစ်သက်ပြီး ရောင့်ရဲတင်းတိမ်နေခြင်းမျိုး။ နံပါတ် (၂) ယထာဗလသန္တောသ=ကိုယ့်မှာ ရှိနေတာက ကိုယ့်အတွက် ပိုပြီးကောင်းနေလို့ သူများထံမှာ ကိုယ်နဲ့ သင့်တော်မဲ့ ပစ္စည်းတွေကို လဲလှယ်ပြီး ကိုယ်နဲ့ထိုက်တန်တဲ့ ပစ္စည်းတွေကိုသာ သုံးဆောင်တဲ့အနေနဲ့ ရောင့်ရဲတင်းတိမ်နေခြင်းမျိုး။ (၃)

ယထာသာရုပ္ပသန္တောသ=ကိုယ်ဆီမှာ ရှိနေတဲ့ ပစ္စည်းတွေထဲမှာ ပိုပြီးကောင်းတဲ့ ပစ္စည်းတွေကို သူတစ်ပါးကို ပေးကမ်းလှူဒါန်းပြီး ကိုယ်က ကိုယ့်နဲ့သင့်တော်မဲ့ ပစ္စည်းတွေကိုသာ သုံးဆောင်ပြီး ရောင့်ရဲတင်းတိမ်ကျေနပ်နေခြင်းမျိုး ဆိုတာ ဖြစ်ပါတယ်။

၈။***သုဘရောစ*** ဆိုတာ ဖြစ်ပါတယ်။ဒီ သုဘရ ဆိုတဲ့ ပုဒ်ကို ကျွေးမွေးပြုစုရတာ လွယ်ကူခြင်း၊ သို့မဟုတ် ကျွေးမွေးပြုစုရတာ လွယ်ကူသူ ဆိုပြီး ဘာသာပြန် ရပါတယ်။ တနည်းပြောရမယ်ဆိုရင် ဂျီးမများရဘူးတဲ့။ သာသနာ့နွယ်ဝင် ရဟန်းတွေဖြစ်တဲ့ သူများကို မှီခိုနေရသူ ဖြစ်နေပါရဲ့နဲ့ သူများကျွေးသမျှ၊ ပေးသမျှ၊ လှူသမျှနဲ့ မကျေနပ်နိုင်သူမျိုးကို ဒုဗ္ဘရ=အသက်မွေးရခက်ခဲသူ လို့ ဆိုပါတယ်။ အဲသလို မဟုတ်ပဲ သူများကျွေးသမျှ၊ ပေးသမျှ၊ လှူသမျှနဲ့ ကျေနပ်နေသူမျိုးကိုတော့ အခု ဒီနေရာမှာ ဆိုလိုတဲ့ သုဘရ =အသက်မွေးမြူရ လွယ်ကူသူ ဆိုတာ ဖြစ်ပါတယ်။ တစ်ချို့ လူတွေက ကောင်းမယ်ထင်လို့ ချိုတဲ့ အရသာရှိတဲ့ စားစရာတွေကို လာလှူပေမဲ့ ဟာ ဒါကတော့ ကျုပ် မကြိုက်ဘူးဗျာ၊ ကျုပ်က ချဉ်တာလေးမှ ကြိုက်တာ စတဲ့ ပုံစံနဲ့ ဂဂျီဂဂျောင်များသူ, ဇီဇာ ကြောင်သူ(ဂျီးများသူ) တွေဟာ သုဘရမဖြစ်တဲ့အတွက် အသက်မွေးမြူရဖို့ ခက်တဲ့ ပုဂ္ဂိုလ်လို့ ဆိုပါတယ်။

တစ်ချို့ကျတော့ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ်၊ ချိုတာပဲဖြစ်ဖြစ်၊ ချဉ်တာပဲဖြစ်ဖြစ် သူများတွေ ပေးလာ၊ လှူလာတာကိုပဲ ရသမျှလေးနဲ့ ကျေနပ်စွာနဲ့ သုံးဆောင်ပြီး ကိုယ့်အလုပ် ကိုယ်လုပ်သူမျိုးကို အသက် မွေးရလွယ်ကူသူ=သုဘရ လို့ ဆိုလိုတာပါ။

ဂဂျီဂဂျောင်များသူ၊ ဇီဇာကြောင်သူ(ဂျီးများသူ) တွေဟာ သူများအပေါ်မှာ မေတ္တာစိတ်ဖြစ်ဖို့၊ မေတ္တာပွါးဖို့၊ မေတ္တာထားဖို့ သိပ်ခက်နေတတ်ပါတယ်။ အဲသလို မေတ္တာထားဖို့ ခက်နေသူဟာ တစ်ခြား တရားဘာဝနာ အကျင့် တွေကိုလည်း အားထုတ်ဖို့ ခက်နေပါလိမ့်မယ်။ ဒါ့ကြောင့် မေတ္တာပို့နိုင်ဖို့၊ မေတ္တာစိတ် ထားနိုင်ဖို့အတွက် သုဘရ=ကိုယ့်ကိုယ်ကို အသက်မွေးမြူရ လွယ်ကူသူ ဖြစ်ရမယ်ဆိုတာ မြတ်စွာဘုရားက ဩဝါဒပေးတော်မူခဲ့ ခြင်း ဖြစ်ပါတယ်။

၉။ ***အပ္ပကိစ္စောစ***ဆိုတာ ဖြစ်ပါတယ်။ ဒီပုဒ်ဟာ အပ္ပပုဒ်နဲ့ ကိစ္စောပုဒ် ပေါင်းစပ်ထားတဲ့ပုဒ်တစ်ခုပါ။ အဓိပ္ပါယ်ကတော့ အလုပ်မရှုပ်သူ ကိစ္စနည်းသူ ပါတဲ့။ အလုပ်ကိစ္စတွေနဲ့ ရှုပ်ယှက်ခပ်နေတဲ့ ပုဂ္ဂိုလ်အဖို့ အေးအေးဆေးဆေး မေတ္တာပို့ဖို့, မေတ္တာပွါးဖို့၊ တရားဘာဝနာ ပွါးများအားထုတ်ဖို့ ဆိုတာ လွယ်လွယ် ကူကူနဲ့

မဖြစ်နိုင်ပါဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားရှင်က မေတ္တာပို့မယ့် ပုဂ္ဂိုလ်ရဲ့ အဓိကကျတဲ့ အခြေခံရှေ့ ပြေး ကျင့်စဉ် တစ်ခုအနေနဲ့ အပ္ပကိစ္စော=ကိစ္စနည်းရမယ် ဆိုပြီး မိန့်တော်မူပေးခဲ့တာပါ။

၁၀။ ***သလ္လဟုကဝုတ္တိ***ဖြစ်ပါတယ်။အဓိပ္ပါယ်ကို မေတ္တာဘာဝနာ တကယ် ပွါးတော့မယ့် ပုဂ္ဂိုလ်ဟာ အသက်မွေးမြူရေး ကိစ္စနဲ့ ပတ်သက်ပြီး လွယ်လွယ်ကူကူ ချမ်းချမ်းသာသာ ပေါ့ပေါ့ပါးပါး ဖြစ်ရခြင်း ဆိုပြီး ဘာသာ ပြန်နိုင်ပါတယ်။

ရဟန်းတစ်ပါးပါးပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်တစ်ဦးဦးပဲ ဖြစ်ဖြစ်ပေါ့၊ ပစ္စည်း ဥစ္စာတွေ၊ အသုံးအဆောင် ကိရိယာတွေ အဆမတန် များနေတယ်ဆိုရင် အဲဒီပစ္စည်းဥစ္စာတွေ၊ အသုံးအဆောင် ကိရိယာတွေကို သိမ်းဆည်းနေရ စောင့်ရှောက်နေရ၊ ပြုပြင်စီမံနေရတဲ့အတွက် ကိုယ့်အတွက်လည်း အလုပ်ရှုပ်သလို သူများအတွက်လည်း အလုပ်ရှုပ်စေတဲ့အတွက် အလုပ်တွေ ရှုပ်နေလို့ မေတ္တာပို့ဖို့, မေတ္တာဘာဝနာ ပွါးဖို့အတွက် ခက်ခဲနေမှာ ဖြစ်တယ်။ ဒါ့ကြောင့် တကယ် မေတ္တာပို့မဲ့, မေတ္တာပွါးမဲ့ ရဟန်းပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်ပဲ ဖြစ်ဖြစ်၊ အသက် မွေးမြူရေးကိစ္စမှာ ဖြစ်နိုင်မယ်ဆိုရင် ကောင်းကင်မှာ ပျံသန်းသွားလာနေတဲ့ ငှက်ကလေးတစ်ကောင်လို ပေါ့ပေါ့ပါးပါး၊ လွယ်လွယ် ကူကူ ကိုယ့်ခန္ဓာကို မွေးမြူနေထိုင်နိုင်တာမျိုးကို သလ္လဟုကဝုတ္တိ လို့ ဆိုလိုတာပါ။

၁၁။ ***သန္တိန္ဒြိယောစ*** ဆိုတာ ဖြစ်ပါတယ်။ ငြိမ်သက်သော က္ကန္ဒြေ လို့ ဘာသာပြန်နိုင်ပါတယ်။

ဒါပေမဲ့ ဒီနေရာမှာ တစ်ခု မေးစရာရှိနေတာက အဲဒီ က္ကန္ဒြေဆိုတာ ဘာတွေလဲ ဆိုတာပါ။ အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီး မျက်လုံးရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကျန်တဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေရယ်၊ စိတ်ရယ် ဆိုတဲ့ ဒီ တရားခြောက်မျိုးကို က္ကန္ဒြေလို့ ဆိုရပါတယ်။

အဲဒီ မျက်လုံး စတဲ့ က္ကန္ဒြေတွေကို ဘယ်လို ငြိမ်သက်အောင် လုပ်ရမလဲ ဆိုရင် ကောင်းတဲ့ အာရုံဖြစ်တဲ့ က္ကဋ္ဌာရုံ၊ မကောင်းတဲ့ အာရုံဖြစ်တဲ့ အနိဋ္ဌာရုံစတာတွေနဲ့ တွေ့ကြုံရတဲ့အခါမှာ စိတ်မဖောက်ပြန်ပဲ တည်တည်ငြိမ် ငြိမ် ရှိနေတာမျိုးကိုပဲ ငြိမ်သက်သော က္ကန္ဒြေ လို့ ဆိုလိုပါတယ်။ ဥပမာဆိုပါစို့၊ သိပ်ကို ပြောစရာ မရှိလောက် အောင်ကို ချောမောလှပတဲ့ အမျိုးသမီးကို တွေ့ရတယ်ဆိုရင် အဲဒီ အမျိုးသမီးအပေါ်မှာ ရာဂစိတ်မဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်း စောင့်စောင့်စည်းစည်းနဲ့ နေနိုင်တာမျိုးပါ။ အရမ်းကို စိတ်ပျက်စရာကောင်းလောက်အောင် အရုပ်ဆိုးတဲ့ အမျိုးသမီးမျိုးကို တွေ့ရင် လည်း စိတ်ဆိုး၊ စိတ်ပျက်တာမျိုး မဖြစ်စေပဲ စိတ်ကိုပုံမှန်အတိုင်း မ ဖောက်ပြန်အောင်၊

ဒေါသမဖြစ်အောင် ထားနိုင်၊ ထိန်းနိုင်တာမျိုးကို သန္တိန္ဒြိယော=ငြိမ်သက်သော ဣန္ဒြေရှိကုန်၏လို့ဆိုရပါတယ်။

၁၂။ ***နိပကော စ*** ဆိုတာ ဖြစ်ပါတယ်။ရင့်ကျက်တဲ့ ပညာရှိတဲ့ ပုဂ္ဂိုလ်လို့ မြန်မာပြန်ရပါတယ်။

လောကမှာ အလုပ်လုပ်တဲ့အခါ ကိုယ်လုပ်တဲ့ အလုပ်ကို နားလည်ကျွမ်းကျင်မှု ရှိတဲ့ပုဂ္ဂိုလ်၊ လုပ်သင့်၊ မလုပ်သင့်ဆိုတဲ့ ကာလ၊ ဒေသ စတာတွေနဲ့ နှိုင်းယှဉ်ဝေဖန်တတ်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်လုပ်လိုက်တဲ့ အလုပ်ရဲ့ဖြစ်ပေါ်လာမဲ့ အကျိုးတရားကို တွက်ဆတတ်တဲ့ ပုဂ္ဂိုလ်များကသာ အဲဒီအလုပ်တွေကို ဖြစ်မြောက် အောင်မြင်နိုင် အောင် ပြုလုပ်နိုင်တာပါ။

အဲသလိုပါပဲ၊ တရားဘာဝနာ အားထုတ်တဲ့ အခါမှာပဲဖြစ်ဖြစ်၊ မေတ္တာဘာဝနာ ပွါးများအားထုတ်တဲ့အခါ မှာပဲဖြစ်ဖြစ်၊ ကိုယ်ပြုကျင့်ရမဲ့ ကျင့်စဉ်တွေ၊ ကျင့်နည်းတွေမှာ နားလည်ကျွမ်းကျင်မှု၊ ကိုယ်ကျင့်တဲ့ ကျင့်စဉ် မှန်၊မမှန်ဆိုတာကို နှိုင်းယှဉ်ဝေဖန်နိုင်မှု၊ ကိုယ်ကျင့်တဲ့ ကျင့်စဉ်ရဲ့ ကျင့်လိုက်တဲ့အတွက် ဖြစ်ပေါ်ရရှိလာမဲ့ အကျိုး တရားတွေကို ဆင်ခြင်မြော်မြင်တတ်တဲ့ ပုဂ္ဂိုလ်တွေကသာ အဲဒီ ကျင့်စဉ်တွေကို ကောင်းကောင်းမွန်မွန် ပြုကျင့် နိုင်မှာပါ။ ဒါ့ကြောင့် ဒီနိပကဆိုတဲ့ ရင့်ကျက်တဲ့ ပညာရှိခြင်းဟာ တရားဘာဝနာ အားထုတ်တဲ့ နေရာမှာဖြစ်စေ၊ မေတ္တာဘာဝနာ ပွါးများအားထုတ်တဲ့ နေရာမှာဖြစ်စေ၊ မဖြစ်မနေ လိုအပ်ပြီး အရေးကြီးတဲ့ အခြေခံအချက် တစ် ချက်အနေနဲ့ မြတ်စွာဘုရားရှင်က လမ်းညွှန်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။

နောက်နံပါတ် (၁၃)က ***အပဂဗ္ဘော*** ဆိုတဲ့ ပုဒ်ပါ။မခက်ထန်၊ မကြမ်းတမ်းခြင်း၊ ရိုင်းရိုင်း စိုင်းစိုင်း မဟုတ်ခြင်း၊ ယဉ်ကျေးခြင်း ဆိုပြီးဘာသာပြန်ရပါတယ်။

ဒီနေရာမှာ အပဂဗ္ဘ=မခက်ထန်၊ မကြမ်းတမ်းခြင်း၊ မရိုင်းစိုင်းခြင်း၊ တစ်နည်း အားဖြင့် ယဉ်ကျေးခြင်း ဆိုတာ (၁)ကာယအပဂဗ္ဘ=ကိုယ်အမူအရာ အနေနဲ့လည်း မခက်ထန်၊ မကြမ်းတမ်းခြင်း၊ မရိုင်းစိုင်းခြင်း၊ ကိုယ်အမူအရာ ယဉ်ကျေးခြင်း (၂)ဝစီအပဂဗ္ဘ = နှုတ်ထွက်စကား(နှုတ်အမူအရာ) အနေနဲ့လည်း မခက်ထန်၊ မကြမ်းတမ်းခြင်း၊ မရိုင်းစိုင်း ခြင်း၊ နှုတ်အမူအရာ(နှုတ်ထွက်စကား) ချိုသာယဉ်ကျေးခြင်း၊ (၃) မနောအပဂဗ္ဘ=စိတ်ထား အနေနဲ့လည်း မခက်ထန်၊ မကြမ်းတမ်းခြင်း၊ မရိုင်းစိုင်းခြင်း၊ စိတ်သဘောထား နူးညံ့ ယဉ်ကျေးခြင်း ဆိုပြီး သုံးမျိုး ရှိ ပါတယ်။ အဲဒီ သုံးမျိုးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မျိုးကို အပဂဗ္ဘ လို့ ဆိုလိုတာပါ။

မေတ္တာရဲ့ ပင်ကိုယ်သဘာဝက ယဉ်ကျေးပြီး သိမ်မွေ့နူးညံ့တဲ့ သဘော ဖြစ်နေတဲ့ အတွက် ခက်ထန်၊ ကြမ်းတမ်းပြီး ရိုင်းစိုင်းတဲ့ ပုဂ္ဂိုလ်မှာ တည်ရှိနိုင်ဖို့ မလွယ်ကူပါ။ ယဉ်ကျေးပြီး သိမ်မွေ့နူးညံ့တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာမှ တည်ရှိနိုင်တဲ့အတွက် မေတ္တာဘာဝနာ

ပွါးများတဲ့အခါ ကြိုတင်ပြီး ရှိထားရမဲ့ အဓိကအချက်အနေနဲ့ ဒီ အပဂ္ဂဟ=ယဉ်ကျေးရမယ် ဆိုတဲ့ အချက်ကို မြတ်စွာဘုရားရှင်က နည်းပေးတော်မူခဲ့ရခြင်း ဖြစ်တာပါ။

နောက်နံပါတ် (၁၄) က ***ကုလေသု အနနုဂိဒ္ဓေါ*** ဆိုတာ ဖြစ်ပါတယ်။ ဒီတော့ ကုလေသုအနနုဂိဒ္ဓေါဆိုတဲ့ တစ်ပုဒ်လုံးရဲ့ အဓိပ္ပါယ်ကို ဆွေမျိုးဉာတကာ၊ အိမ်သူအိမ်သား (အမျိုးအနွယ်) တွေမှာ ခင်တွယ်တပ်မက်တဲ့ စိတ်ထား မရှိသူဖြစ်ရခြင်း ဆိုတာ ဖြစ်ပါတယ်။

လူတွေဟာ မိဘဆွေမျိုးတွေမှာ ခင်တွယ်လွန်း၊ တပ်မက် တွယ်တာ လွန်းရင် တစ်နယ်တစ်ကျေး အရပ်ဝေးကို ထွက်ခွါဖို့အတွက် မခွဲနိုင် မခွါရက် ဖြစ်နေတတ်ကြတဲ့ အတွက် ပညာရေး၊ စီးပွါးရေး၊ တိုးတက် ကြီးပွါးရေး တွေအတွက် မဖြစ်နိုင်သလို ရဟန်းတော်များဖက်ကလည်း အလှူရှင် ဒါယကာ၊ ဒါယိကာမတွေအပေါ်မှာ တွယ်တာ ခင်မင်လွန်းတဲ့ စိတ်ရှိနေရင် ရဟန်းတရားကို တိုးပွါးအောင် အားထုတ်ဖို့ မဖြစ်နိုင်ပါ။

ပစ္စည်းဥစ္စာတွေအပေါ်မှာ တပ်မက်တွယ်တာလွန်းတဲ့ ရဟန်းဟာ ဒါယကာ၊ ဒါယိကာမတွေအပေါ်မှာလည်း တွယ်တာတပ်မက်နေတတ်ကြတယ်။ မသင့်တော်တဲ့ လူတွေနဲ့လည်း ရောရောနှောနှော ပေါင်းသင်းဆက်ဆံ နေတတ်ကြတယ်။ အဲသလို ရောနှော ပေါင်းသင်း ဆက်ဆံနေတတ်တဲ့အတွက် လူတွေမှာ ပူဆွေးစရာသောက ကြုံလာလျှင် ရဟန်းကပါ သောကဓာတ် ကူးစက်ခံရကာ လိုက်ပြီး ရောနှောပူဆွေး နေတတ်ခြင်း၊ လူတွေမှာ ဝမ်းသာစရာ ကြုံလာလျှင် ရဟန်းကပါ လိုက်ပြီး ဝမ်းသာနေတတ်ခြင်း စတဲ့ လူ့ကိစ္စတွေမှာ ကြောင့်ကြစိုက်နေရခြင်းမျိုးဟာ တရားအား ထုတ်ဖို့၊ မေတ္တာ ဘာဝနာပွါးဖို့အတွက် အနှောက်အယှက် ဖြစ်စေတတ်ပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားရှင်က မေတ္တာတကယ် ပွါးလိုသူ၊ တရား တကယ် အားထုတ်လိုသူဟာ ကောင်းကင်မှာရှိတဲ့ လမင်းလို၊ အာဂန္တု (ဧည့်သည်)လို ကျင့်သုံးရ မယ်ဆိုတာ နည်းပေးဟောတော်မူခဲ့တာပါ။ လမင်းကြီးက ကောင်းကင်မှာ သွားတဲ့အခါ ဘယ်သူကိုမှ မတွယ်တာ၊ ချစ်ခင် ပေါင်းသင်းခြင်းလည်း မပြုပဲ သွားပေမဲ့ လူတွေက လမင်းကြီးကို မေတ္တာမပျက်၊ ချစ်မြတ်နိုးမှု မပြယ်သလို မေတ္တာဘာဝနာပွါး လိုတဲ့ သင်တို့ရဟန်း ရှင်လူတွေကလည်း လမင်းကြီးလို ကျင့်သုံးနေထိုင်ကြရမယ်။

ဧည့်သည်(အာဂန္တု)တွေကလည်း အိမ်ရှင်တွေ ကျွေးမွေးရင် စားသောက်ပြီး အိမ်ရှင်တွေနဲ့ ပေါင်းသင်းမှု၊ အိမ်ရှင်တွေရဲ့ ကိစ္စတွေကို လိုက်ပါဆောင်ရွက်မှု မပြုပဲ အချိန်တန်ရင် ထွက်ခွါသွားကြသလို ဒါယကာ၊ ဒါယိကာမတွေ လှူလျှင် လက်ခံပြီး ဒါယကာ၊ ဒါယိကာမတွေနဲ့ ရောနှောပေါင်းသင်းဆက်ဆံခြင်းလည်းမပြု၊ ဒါယကာ၊

ဒါယိကာမတွေရဲ့ ကိစ္စကြီးငယ်တွေကို ကြောင့်ကြစိုက်ကာ ဆောင်ရွက်မှုလည်း မပြုပဲ ထွက်ခွါသွားကြ ဆိုပြီး မိန့်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။

နောက် နံပါတ် (၁၅) က ***နစ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ*** ဆိုတဲ့ ဂါထာနစ်ပိုဒ် ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပညာရှိ သူတော်ကောင်းတွေက စွပ်စွဲကဲ့ရဲ့မဲ့ အလုပ်မျိုးမှန်ရင် မည်သည့် အသေးအဖွဲ ကိစ္စလေးတွေကိုမှ မပြုကျင့်ရ လို့ဆိုလိုပါတယ်။ အပြစ်ဆိုတာ သေးတယ် ငယ်တယ် ကြီးတယ် များတယ်လို့ ပညာရှိသူတော်ကောင်းများမှာ မရှိပါဘူး။ အပြစ်မှန်ရင် ကဲ့ရဲ့ထိုက်တာမို့ ဘယ်အပြစ်ပဲ ဖြစ်ဖြစ် မလုပ်ဖို့ တိုက်တွန်းခဲ့တာပါ။

အခုပြောခဲ့ ရေးခဲ့တဲ့ အင်္ဂါ (၁၅)ပါးဟာ မေတ္တာပွားသူ တရား အားထုတ်သူများ လိုက်နာရမဲ့ အရာများပဲဖြစ်ပါတယ်။ မပြည့်စုံတဲ့ အခြေအနေတစ်ခုနဲ့ ပြည့်စုံတဲ့အကျိုးကို ရစေဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ကောင်းပြီး ပြည့်စုံတဲ့အကျိုးကို ရချင်တယ် ဆိုရင်တော့ ပြခဲ့ပြီးတဲ့ အင်္ဂါများကို ပြည့်စုံစေရမှာဖြစ်ပါတယ်။ ဒီအင်္ဂါ (၁၅)ပါးကို အတိုကောက် မှတ်ချင်တယ်ဆိုရင်တော့ အောက်ပါအတိုင်း အလွယ်တကူ မှတ်သားနိုင်ပါတယ်။

*(၁) ကောင်းမြတ်တဲ့ အရာတွေကို ဘယ်လိုနည်းနဲ့ မဆို ကျင့်နိုင်ရမယ်။*

*(၂) ဖြောင့်မတ်တဲ့ ကိုယ်ကျင့်တရား ရှိထားရမယ်။*

*(၃) ဘယ်တော့မှ ကောက်ကျစ်တဲ့ စိတ်ထားမရှိပဲ လုံးဝကို ဖြောင့်မတ်နေရမယ်။*

*(၄) ပညာရှိ သူတော်ကောင်းတွေက ဆိုဆုံးမလာတဲ့အခါ အလွယ်တကူ လိုက်နာနိုင်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်။*

*(၅) ကောင်းမြတ်တဲ့ နေရာတွေမှာ နူးညံ့ပျော့ပျောင်းတဲ့ သူ ဖြစ်ရမယ်။*

*(၆) မာန်မာနတွေကို နှိမ့်ချထားနိုင်သူ ဖြစ်ရမယ်။*

*(၇) ကိုယ့်မှာ တကယ် လက်ရှိ၊ ရှိတဲ့ ပစ္စည်းဥစ္စာလေးတွေနဲ့ပဲ ရောင့်ရဲတင်းတိမ် ကျေနပ်နိုင်သူမျိုး ဖြစ်ရမယ်။*

*(၈) သူများတွေက စောင့်ရှောက်ကျွေးမွေးဖို့၊ ပြုစုဖို့ လွယ်ကူပြီး ဂျီးမများသူ ဖြစ်ရမယ်။*

*(၉) ကိုယ့်ကျင့်ရမဲ့ မေတ္တာဘာဝနာ စတဲ့ ကျင့်ဝတ်တရားတွေအတွက် မလိုလားအပ်တဲ့ အပိုကိစ္စတွေနဲ့ အလုပ် ရှုပ်နေသူမျိုး မဖြစ်စေရ။*

*(၁၀) အသက်မွေးမြူရေး ကိစ္စတွေမှာ ပေါ့ပါးလွယ်ကူသူ ဖြစ်ရမယ်။*

*(၁၁) ကိုယ်၊ နှုတ်စတဲ့ ဣန္ဒြေတွေ တည်ကြည်ငြိမ်သက်သူ ဖြစ်ရမယ်။*

*(၁၂) အပြစ်ကင်းတဲ့ နေရာတွေမှာ ရင့်ကျက်ပြီး ကောင်းကောင်းနားလည် သိမြင် ကျွမ်းကျင်ကာ လိမ္မာတဲ့ ဉာဏ်ပညာရှိသူမျိုး ဖြစ်ရမယ်။*

*(၁၃) ကိုယ်, နှုတ်, စိတ် သုံးပါးစလုံး အချိန်မရွေး ယဉ်ကျေးနေသူ ဖြစ်ရမယ်။*

*(၁၄) ရဟန်းဖြစ်ရင် တကာ, တကာမတွေအပေါ်မှာ ခင်မင်တွယ်တာစိတ် ကင်းသူဖြစ်ရမယ်၊ လူဖြစ်ရင် ဆွေမျိုးဉာတကာ မိတ်ဆွေတွေအပေါ်မှာ တွယ်တာခင်မင်လွန်တဲ့ သူမျိုး မဖြစ်စေရ။*

*(၁၅) ပညာရှိသူတော်ကောင်းတွေက စွပ်စွဲကဲ့ရဲ့မဲ့ အလုပ်မျိုးမှန်ရင် မည်သည့် အသေးအဖွဲကိစ္စလေးတွေကိုမှ မပြုကျင့်ရ။* ဆိုတာတွေ ဖြစ်ပါတယ်။

မေတ္တာပို့သင့် မေတ္တာပို့ရမဲ့သူနဲ့ ပတ်သက်ပြီး မေတ္တသုတ်မှာ ပြထားတာ လေးကိုပါ လေ့လာသိထားစေချင်ပါ တယ်။ ပါဠိကတော့......

*ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝ နဝသေသာ။*

သက်ရှိထင်ရှားဖြစ်တဲ့ ကြောက်တတ်တဲ့သတ္တဝါများဖြစ်တဲ့ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်နဲ့ အနာဂါမ်များကို တသ သတ္တဝါလို့ခေါ်ပါတယ်။ ကိလေသာကင်းပြီးသားမို့ မကြောက်တတ်တဲ့သူများဖြစ်တဲ့ ရဟန္တာများကိုတော့ ထာဝရ ပုဂ္ဂိုလ်များလို့ခေါ်ပါတယ်။

*ဒီဃာဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုက ထူလာ။*

ဒီဃာ ဆိုတာ ခန္ဓာကိုရှည်တဲ့ မြွေ၊ နဂါး၊ ငါး၊ ဖွတ် စတဲ့ သတ္တဝါတွေပါ။ အလံတစ်ရာမက ရာပေါင်းများစွာ ရှည်လျားတဲ့ မဟာသမုဒ္ဒရာထဲမှာ ရှိတဲ့ နဂါး စတဲ့ သတ္တဝါတွေ၊ တစ်ယူဇနာ(တစ်ဆယ့်နှစ်မိုင်)မက ကြီးမားကြတဲ့ ငါး၊ ဖွတ်စတဲ့ အတ္တဘော ကြီးမားတဲ့ သတ္တဝါမျိုးတွေဟာ ဒီဃာ ဆိုတဲ့ စကားလုံးအရ ယူရမဲ့ ရှည်လျားတဲ့ သတ္တဝါမျိုး တွေ ဖြစ်ပါတယ်။

ကြီးမားတဲ့ ခန္ဓာကိုယ်တွေရှိတဲ့ ငါး၊ လိပ်စတဲ့ ရေနေသတ္တဝါများ၊ ဆင်ပြောင်ကြီး စတဲ့ ကုန်းနေ သတ္တ ဝါများ၊ လူမဟုတ်တဲ့ ဘီလူးတွေ၊ နတ်တွေထဲမှာ ဒါနဝ(ဒါနဝေါဘီလူး) လို့ဆိုရတဲ့ အသူရာနတ်၊ ရာဟုနတ် စတဲ့ အာကာသနေ နတ်များကို မဟန္တလို့ ဆိုရတာပါ။

ဒီနေရာမှာ မဇ္ဈဆိုတာက အလယ်အလတ်၊ အကြီးလည်း မဟုတ်၊ အသေးလည်း မဟုတ် လို့ ဆိုလိုတာပါ။ ဒီမဇ္ဈိမာပုဒ်အရ တကယ်ယူရမဲ့ သတ္တဝါတွေက မြင်း၊ ကျွဲ၊ နွား၊ ဝက်စတဲ့ ကိုယ်ခန္ဓာ အတ္တဘော အလတ်စားရှိတဲ့ သတ္တဝါများ ဖြစ်ပါတယ်။

ရသဓာတ်က ပုသော၊ တိုသော၊ ကွသော၊ မနိမ့်မမြင့်ဖြစ်သော၊ လူပု၊ လူတို၊ လူကွ ဆိုတဲ့ မြန်မာအဓိပ္ပါယ်တွေကို ဖော်ပြပေးပါတယ်။ တစ်ခြားဖော်ပြပေးနိုင်တဲ့ အဓိပ္ပါယ်တွေ လည်း အများ ကြီး ရှိပါသေးတယ်။

အဏုက=သေးငယ်လွန်းတဲ့ သတ္တဝါမျိုးကို ပကတိ ရိုးရိုးမျက်လုံးနဲ့ ကြည့်လို့ မမြင်နိုင်၊ ဒိဗ္ဗစက္ခု=နတ် တွေရဲ့ မျက်လုံးလိုမျိုးနဲ့ ကြည့်မှ မြင်နိုင်တယ်လို့ အဋ္ဌကထာ ဆရာတော်က ဖွင့်ဆိုထားပါတယ်။ တစ်နည်းအားဖြင့် မဟန္တဖြစ်တဲ့ သတ္တဝါမျိုးနဲ့ မဖျိုမနဲ့ ထူလမဖျိုမအောက်ထက်တောင် သိမ်မွေ့ သေးငယ်လွန်းတဲ့ သမုဒ္ဒရာ ရေထဲမှာ ဖြစ်လေ့ရှိတဲ့ သတ္တဝါမျိုးနဲ့ သန်းစတဲ့ သတ္တဝါမျိုးကို အဏုက လို့ ဆိုလိုတာပါ။

ထူလအရ ယူရမဲ့ သတ္တဝါတွေဟာ ဝန်းဝိုင်းတဲ့ ကိုယ်ခန္ဓာ ရှိနေ ကြတဲ့ ငါး၊ လိပ်၊ ယောက်သွား၊ ခရု စတဲ့ သတ္တဝါမျိုးတွေ ဖြစ်ပါတယ်။

## *ဒိဋ္ဌာဝါ ယေဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။*

မိမိမျက်စိနဲ့ အရင်က တိုက်ရိုက်မြင်ဘူးတဲ့ သတ္တဝါတွေကို ဒိဋ္ဌလို့ ဆိုလိုတာပါ။ အဒိဋ္ဌဆိုတာက မမြင်ရတဲ့ သတ္တဝါတွေကိုဆိုလိုတာပါ။ အနှစ်ချုပ်အနေနဲ့ သမုဒ္ဒရာရဲ့ ဟိုဖက်ကမ်းတစ်ဖက်၊ တောင်တွေရဲ့ တစ်ဖက် အရပ်၊ စကြာဝဠာရဲ့ ဟို မှာဖက် စတဲ့ နေရာတွေမှာ တည်နေတဲ့ မျက်စိနဲ့ မမြင်ဖူးသေးတဲ့ သတ္တဝါတွေကို အဒိဋ္ဌာ လို့ မှတ်ထား လိုက်ပါ။ ကိုယ်နဲ့ဝေးတဲ့ နေရာမှာနေတဲ့သတ္တဝါတွေကိုတော့ ဒူရေ လို့အဓိပ္ပါယ်ရသလို အနီးမှာ ရှိနေတဲ့ သတ္တဝါများကိုတော့ အဝိဒူရေ လို့ဆိုပါတယ်။

## *ဘူတာဝ သမ္ဘဝေသီဝ၊*

ဘူတအရ နောင်ဖြစ်ရမဲ့ဘဝ မရှိတော့တဲ့ ရဟန္တာများကိုယူရတာမို့ သမ္ဘဝေသီဝ ပါဠိအရ ဘဝအပေါ်မှာ တပ်မက်တွယ်တာနေတဲ့ ဘဝသံယောဇဉ်၊ ဘဝကို လိုချင်နေတဲ့ ဘဝတဏှာမကုန်သေးတဲ့ ပုဂ္ဂိုလ်တွေဆိုတာ ရဟန္တာမှတစ်ပါး ကျန်ပုဂ္ဂိုလ်များ ဖြစ်တဲ့ ပုထုဇဉ်၊ သေက္ခ (ကျင့်ကြံ ကြိုးကုတ် အားထုတ်ဆဲ) ပုဂ္ဂိုလ်အားလုံးကို ယူရပါတယ်။

## မေတ္တာအရင်မပို့သင့်သူများ

ဒါ့အပြင် မေတ္တာအရင်မပို့သင့်သူများကိုလဲ သိထားသင့်ပါသေးတယ်။ မေတ္တာစပြီး မပို့သင့်သူလေးမျိုးမှာ (၁) မချစ်မနှစ်သက်သူ(မုန်းသူ)။ (၂) သိပ်ချစ်ရတဲ့သူ။ (၃) ချစ်လည်း မချစ်၊ မုန်းလည်း မမုန်းသူ၊ (၄) ရန်သူ ဆိုပြီး လေးမျိုးရှိပါတယ်။

(၁) မချစ်မနှစ်သက်သူ(မုန်းသူ)ကို ဘာဖြစ်လို့ မေတ္တာ စပြီး အရင်မပို့သင့်တာလဲ ဆိုရင် မေတ္တာစိတ် ဓာတ်ခံ အားနည်းနေတဲ့ ပုဂ္ဂိုလ်အတွက် မေတ္တာပို့နေပေမဲ့ မေတ္တာစိတ် မဖြစ်ပဲ ဒေါသစိတ် ဖြစ်သွားတတ်လို့ပါ။ မေတ္တာပို့နေရင်းကနေ ဒေါသစိတ်ကို ပြောင်းသွားပြီ ဆိုရင် မေတ္တာရဲ့ ရန်သူစစ်စစ် ဖြစ်သွားပါပြီ။ ဒေါသစိတ် ဖြစ်သွားတော့ မေတ္တာစိတ်ပါ ပျက်စီး သွားနိုင်ပါတယ်။ ဒါ့ကြောင့် မချစ်မနှစ်သက်တဲ့သူ(မုန်းသူ)ကို မေတ္တာစပြီး မပို့ နဲ့လို့ ဆိုထားတာပါ။

(၂) သိပ်ချစ်ရတဲ့သူမှာ ဘာဖြစ်လို့ မေတ္တာ အရင် မပို့သင့်သလဲ ဆိုတာကတော့ နဂို ကတည်းက ကိုယ်သိပ်ချစ်ရတဲ့သူအပေါ်မှာ စစ်မှန်တဲ့ မေတ္တာမဟုတ်ပဲ တဏှာ ရာဂစိတ်ရဲ့ ဓာတ်ခံက မေတ္တာစိတ် ဟန်ဆောင်ပြီး ရှိထားတဲ့ အတွက်ကြောင့်ပါ။ အဲသလို တဏှာရာဂစိတ် အခြေခံထားတဲ့ ကိုယ်သိပ်ချစ်ရတဲ့သူအပေါ် မေတ္တာ အရင်ပို့ရင် နဂိုရှိရင်းစွဲ တဏှာရာဂစိတ်တွေ သိပ်တိုးသွားနိုင်ပါတယ်။ တကယ်လို့ ကိုယ် သိပ်ချစ်ရ တဲ့သူက စိတ်မကောင်းစရာ အခြေအနေမျိုး ကြုံနေတာသိရင် မေတ္တာပို့သူမှာ အေးမြတဲ့ သန့်ရှင်းတဲ့ မေတ္တာစိတ်မဖြစ်ပဲ သောကတွေပွါး စိုးရိမ်စိတ် တွေများပြီး သန့်ရှင်းတဲ့ မေတ္တာစိတ် ပျက်သွားနိုင်လို့ပါ။

(၃) ချစ်လည်းမချစ် မုန်းလည်းမမုန်း(အလယ်အလတ်ဖြစ်)သူကို ဘာဖြစ်လို့ မေတ္တာ အရင်မပို့သင့်တာလဲ ဆိုတာက ကိုယ်က နဂိုကတည်းက ချစ်မြတ်နိုးစိတ် ရှိမထားတော့ တစ်စိမ်းလူတစ်ယောက်ကို ချက်ချင်းကြီး ချစ်မြတ်နိုးစိတ်မွေးပြီး မေတ္တာပို့ဖို့ ဆိုတာ က မေတ္တာဓာတ်ခံ အားနည်းနေသူတွေ အတွက် အခက်တွေ့နေ တတ်လို့ လို့ ဆိုပါ တယ်။

(၄) ရန်သူကို မေတ္တာ အရင် မပို့သင့်တာကတော့ မေတ္တာစပွါးတာ, မေတ္တာစ ပို့တာနဲ့ ရန်သူကို မေတ္တာ ပို့ဖို့အရေးကလည်း နံပါတ်တစ်မှာလို မေတ္တာစိတ်မဖြစ်ပဲ ဒေါသစိတ်တွေ ဖြစ်သွားမှာ စိုးလို့ပါ။

နောက် မေတ္တာ လုံးဝ မပို့သင့်သူနှစ်မျိုးမှာ လိင်မတူသူနဲ့ ကွယ်လွန်သွားသူတွေ ဖြစ်ပါတယ်။ လိင်မတူသူကို မေတ္တာပို့ပါက မေတ္တာစိတ် မဖြစ်ပဲ ရာဂစိတ်ဖြစ်တတ်လို့ပါ။ ကွယ်လွန်သူကို မေတ္တာမပို့သင့်တာက အပ္ပနာဈာန်, ဥပစာရဈာန် မရနိုင်တဲ့ အတွက်

ကြောင့် လို့ ဆိုပါတယ်။ ဒါ့ကြောင့် ဒီပုဂ္ဂိုလ်နှစ်မျိုးကို မေတ္တာမပို့သင့်၊ မေတ္တာ မပွါးသင့် လို့ ဝိသုဒ္ဓိမဂ်မှာ ဖွင့်ဆိုထားတာပါ။

ဒီလိုအကြောင်းတွေကြောင့်လည်း ယနေ့ခေတ်မှာ အဟံ အဝေရော ဟောမိ=ငါ ရန်ကင်းရပါလို၏၊ အဗျာပဇ္ဈော ဟောမိ=စိတ်ချမ်းသာရပါလို၏၊ အနီဃော ဟောမိ=မဆင်းရဲ လိုပါ။ သုခီ အတ္တာနံ ပရိဟရာမိ=ရုပ်, နှစ်ဖြာကို ချမ်းသာလွယ်ကူစွာ ဆောင်ရွက်နိုင်ရပါလို၏ ဆိုပြီး မိမိကိုယ်ကို မိမိ အရင် မေတ္တာပို့နေကြတယ် ဆိုတာကို သဘောပေါက်ရမှာပါ။ ကိုယ့်ဆီမှာ မေတ္တာဓာတ်တွေ ရှိနေမှ သူများကို မေတ္တာဖြန့်ဝေ ပေးလို့ရတယ် ဆိုတဲ့ သဘောမျိုးကို မမေ့သင့်ပါ။ ဒါကြောင့် တစ်ယောက်ယောက်ကို မေတ္တာပို့တယ်၊ မေတ္တာထားတယ်ဆိုတာ အဲသလို ထားနိုင်အောင် ကိုယ့်ဆီမှာ မေတ္တာတွေ များများရှိထားရပါတယ်။ ဒါဟာ အပြောလွယ်သလောက် သိပ်ကိုခက်ခဲတဲ့ကိစ္စမျိုး ပါ။

## *သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။*

ပါဠိက အပေါ်ကပြခဲ့တဲ့သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ လို့ မေတ္တာပို့နည်း ကိုပြတာပါ။

***န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။***
***ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခ မိစ္ဆေယျ။***

ပါဠိကလည်း မေတ္တာပို့နည်းကိုပြတာပါပဲ။ လူသားတွေ တစ်ဦးနဲ့ တစ်ဦး ကောက်ကျစ် စဉ်းလဲပြီး မလိမ်မညာ၊ မလှည့်ပတ်ကြပါနဲ့၊ ဘယ်နေရာပဲ ရောက်ရောက်, ဘယ်သူကိုမဆိုပေ့ါ၊ အထင်မသေးကြပါနဲ့။ ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်း၊ ညှင်းဆဲခြင်း၊ စကားနဲ့ စော်ကားမော်ကား ပြောဆိုဆဲရေးခြင်းမျိုး၊ စိတ်ဆိုးဒေါသနဲ့ ပြောဆိုခြင်းမျိုး မလုပ်ကြပါနဲ့ ဆိုတာ ဖြစ်ပါ တယ်။

ဒါကိုပဲ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးက -

***လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။ အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။ နှိပ်စက်လိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ***

ဆိုပြီး မေတ္တာ ပို့ကဗျာ ရေးပေးခဲ့တာပါ။

***မာတာ ယထာ နိယံ ပုတ္တ- မာယုသာ ဧကပုတ္တ မနုရက္ခေ။***
***ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။***

ဒီဂါထာက သတ္တဝါတွေအပေါ်မှာ မေတ္တာ ဘယ်လိုထားရမလဲ ဆိုတာနဲ့ ပတ်သက်ပြီး မေတ္တာထားပုံ ထားနည်းကို ပိုထင်ရှားအောင် ဥပမာနဲ့ နှိုင်းယှဉ်ပြီး ဖော်ပြ သိစေလိုတဲ့အတွက် မြတ်စွာဘုရားရှင် ဆက်ဟော တော်မူထားခဲ့ခြင်း ဖြစ်ပါတယ်။ မေတ္တာ ပို့တဲ့နေရာ, မေတ္တာပွါးတဲ့ နေရာမှာ တကယ်ထားရမဲ့ စိတ်ထားက သတ္တ ဝါတွေအပေါ်မှာ မိခင်တစ်ယောက်က သားသမီးတွေ အပေါ်မှာ (အထူးသဖြင့် တစ်ဦးတည်းသော သားအပေါ်မှာ) ထားတဲ့ မေတ္တာစိတ်မျိုး ထားပြီး မေတ္တာပို့ရမယ် ဆိုတာကို တိုက်တွန်းလို့, သိစေလို တဲ့အတွက် ဒီဂါထာကို ဟောတော်မူထားခဲ့တာပါ။

ဒီနေရာမှာ တစ်ခု စဉ်းစားစရာရှိတာက ဒီလို မေတ္တာစိတ်ထားတဲ့ နေရာမှာ ဖခင်ရဲ့ မေတ္တာစိတ်နဲ့ မနှိုင်းယှဉ်ပဲ မိခင်တစ်ယောက်က သားသမီးတွေအပေါ်မှာ အထူးသဖြင့် တစ်ဦးတည်းသော သားအပေါ်မှာ ထားတဲ့ မေတ္တာစိတ်မျိုးနဲ့ ဥပမာပေးရသလဲ ဆိုတာပါ။ ဒီကိစ္စကို သပြေကန် ဆရာတော်ဘုရားကြီးက သူ့ရဲ့ပရိတ်ကြီး နိဿယျသစ်ကျမ်းစာမှာ မိခင်တွေဟာ ကိုယ့်သားသမီးလေးတွေကို ကိုးလလွယ်ပြီး ဆယ်လ မွေးဖွါး လာကြတဲ့ အတွက်ရယ်၊ မိခင်ကသာ အမြဲလိုလို နီးနီးကပ်ကပ် ကိုယ်နဲ့မကွာ ယုယပိုက်ထွေး နို့ချို တိုက်ကျွေးပြီး ပြုစုလာခဲ့ရတဲ့ အတွက်ကြောင့်ရယ်၊ ဖခင်ရဲ့ မေတ္တာစိတ်နဲ့စာရင် မိခင်ရဲ့မေတ္တာစိတ်က ပိုပြီးသာလွန်တဲ့ အတွက်ကြောင့်ရယ် ဆိုပြီး ရှင်းပြပေးထားပါတယ်။

## ***ဂါထာတစ်ပုဒ်လုံးရဲ့ ဆိုလိုရင်း အဓိပ္ပါယ်***

မိခင်တစ်ယောက်က မိမိရဲ့ရင်နှစ်သားအရင်းဖြစ်တဲ့ ရှိသမျှ အချစ်မေတ္တာတွေ ပုံအောပြီးချစ်ရတဲ့ တစ်ဦးတည်းသော သားလေးကို အသက်နဲ့လဲပြီး အစဉ်ထာဝရ ကာကွယ် စောင့်ရှောက်ပေးသလိုမျိုးပေ့ါ၊ အဲသလိုပါပဲ သတ္တဝါတွေ အားလုံးအပေါ် မှာလည်း အတိုင်းအတာပမာဏ ဘယ်လောက်ဘယ်ရွေ့ရယ်လို့ သတ်မှတ်ပြလို့ မရနိုင်တဲ့ အကန့်အသတ်မဲ့ မေတ္တာပမာဏတွေနဲ့ မေတ္တာစိတ်ထားပြီး မေတ္တာပို့ပေးရမယ်၊ မေတ္တာ ပွါးများ ရပါ မယ်။

*မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။*
*ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ မသပတ္တံ။*

ဒီဂါထာက မေတ္တာပို့တဲ့ နေရာ, မေတ္တာပွါးတဲ့နေရာမှာ အတိုင်းအတာ အကန့်အသတ်နဲ့ မေတ္တာပို့ရပုံ, မေတ္တာပွါးရပုံကို ရှင်းပြပေးထားခဲ့တော့ ဒီဂါထာက မေတ္တာပို့တဲ့နေရာ, မေတ္တာပွါးတဲ့ နေရာတွေမှာ အတိုင်းအတာ အကန့်အသတ် မထားပဲ စကြာဝဠာ လောကဓာတ်ကြီးတစ်ခုလုံး ပြန့်နှံ့သွားအောင် မေတ္တာပို့ရပုံ, မေတ္တာပွါးရပုံကို ဆက် ရှင်းပြတော်မူလိုတဲ့အတွက် ဟောတော်မူထားခဲ့တဲ့ ဂါထာ ဖြစ်ပါတယ်။

## *အနှစ်ချုပ်အဓိပ္ပါယ်*

အထက်ကို ရုပ်တရားမရှိပဲ နာမ်တရားချည်း သက်သက်နဲ့ နေတဲ့ဘုံ(အရူပဘုံ)၊ အောက်ကိုတော့ ကာမဘုံ၊ အထက်နဲ့အောက် နှစ်ခုကြားဖြစ်တဲ့ အလယ်ကိုတော့ ရုပ်တရားချည်းသက်သက်နဲ့ နေထိုင်ကြတဲ့ ရူပဘုံရယ်လို့ ဆိုရတဲ့ သတ္တလောကကြီး တစ်ခုလုံးမှာ ပိုင်းခြားထားခြင်းဆိုတဲ့ ကန့်သတ်ချက် မရှိတဲ့ မေတ္တာစိတ်ကို အပိုင်းအခြား ကင်းတဲ့ ကျဉ်းမြောင်း ခြင်းမရှိအောင်၊ ဒေါသဆိုတဲ့ အတွင်းရန်သူတွေ မရှိအောင်၊ အနိုင်ကျင့်လို စိတ်နဲ့ နှိပ်စက်ရန်မူလာတတ်တဲ့ အပရန်သူတွေလည်း မရှိအောင် မေတ္တာကို အကြိမ်ကြိမ် ပို့ပါ။ အကြိမ်ကြိမ် ပွါးပါ။

*တိဋ္ဌံ စရံ နိသိန္နောဝ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။*
*ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မ မေတံ ဝိဟာရ မိဓ မာဟု။*

ဒီဂါထာက မေတ္တာပွါးတဲ့ နေရာမှာ, မေတ္တာပို့တဲ့ နေရာမှာ ဘယ်လို ဣရိယာပုထ်နဲ့ ပွါးရမလဲ၊ ရပ်ပြီး ပွါးရမလား၊ ထိုင်ပြီးပဲ ပွါးနေရမလား ဆိုတာကို ခွဲခွဲခြားခြား နားမလည်တဲ့ သူတွေအတွက် မေတ္တာပွါးပုံပွါးနည်းနဲ့ ဒီလို မေတ္တာပို့ပြီး, မေတ္တာပွါးပြီးနေတဲ့သူတွေ အတွက် သိပ်ကို ထူးခြားမြင့်မြတ်တဲ့ နေခြင်းတစ်မျိုးဖြစ်တယ် ဆိုတာကို ချီးကျူးလိုလို့ ဟောတော်မူထားတဲ့ ဂါထာ ဖြစ်ပါတယ်။

ရပ်ပြီးပဲဖြစ်ဖြစ်၊ သွားနေရင်း တန်းလန်းနဲ့ပဲဖြစ်ဖြစ်၊ ထိုင်နေလျှက်နဲ့ပဲ ဖြစ်ဖြစ်၊ လဲလျောင်းအိပ်စက်နေ ရင်းနဲ့ပဲဖြစ်ဖြစ်ပေါ့၊ လုံးဝ အိပ်မငိုက်ပဲ မေတ္တာဈာန်သတိကို စွဲစွဲမြဲမြဲ

ဆောက်တည်ထား ၊ အဓိဋ္ဌာန်ထားရမယ်။ ဒီ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှာ ဒီလို မေတ္တာပို့ပြီး မေတ္တာစျာန်သတိနဲ့ နေထိုင်ခြင်းမျိုးကို ဗြဟ္မဝိဟာရ= ထူးခြားမြင့်မြတ်တဲ့ နေထိုင်ခြင်းမျိုး ဆိုပြီး မြတ်စွာဘုရားရှင်တို့က မိန့်တော်မူထားခဲ့ပါတယ်။

*ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။*
*ကာမေသု ဝိနေယျ ဂေဓံ၊ န ဟိ ဇာတု ဂဗ္ဘ သေယျ ပုန ရေတိ။*

ဒီဂါထာက လောကမှာ မေတ္တာဘာဝနာ ပွါးများပြည့်စုံပြီး အပ္ပနာစျာန်လောက် ရရုံမျှနဲ့ ကျေနပ်မနေကြ ပဲ မေတ္တာစျာန်ကို အခြေခံပြီး အရိယာနယ်မြေဖြစ်တဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာရာနေရာကို ရနိုင်မှသာ သံသရာဝဋ်ဒုက္ခညွှတ်မှ လွတ်မြောက်နိုင်မည်ဖြစ်တဲ့အတွက် မေတ္တာဘာဝနာအဆင့်မှ တစ်ဆင့်တက်ပြီး ဝိပဿနာဘာဝနာအဆင့် ပြောင်းကာ အရိယာပုဂ္ဂိုလ်တွေ ဖြစ်အောင် ကြိုးစားနိုင်စေရန် နည်းညွှန်လမ်းပြပေးတော်မူ လိုတဲ့အတွက် ဟောတော်မူတဲ့ ဂါထာ ဖြစ်ပါတယ်။

## *ဂါထာတစ်ပုဒ်လုံးရဲ့ အဓိပ္ပါယ်*

မေတ္တာစျာန်ရပြီးတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အတ္တဒိဋ္ဌိ အစွဲမရှိအောင် ပြုလုပ်ပြီး လောကုတ္တရာ သီလရှိတဲ့ သောတာပတ္တိမဂ်ဉာဏ်နဲ့ ပြည့်စုံသူဖြစ်ကာ ဝတ္ထုကာမရဲ့ ကာမဂုဏ်တွေမှာ ကိလေသာတွေနဲ့ တွယ်တာနေတာကို အကြွင်းမဲ့ ပယ်ရှားပြီးတဲ့ နောက်မှာ တကယ်ပဲ နောက်တစ်ကြိမ် ဘယ်တော့မှ ပဋိသန္ဓေ မနေရတော့ဘူး။

# မေတ္တာအကျိုး (၁၁)မျိုး

*ယဿာ နဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။*
*ယမှိ စေဝါ´ နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။*
*သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။*

ဒီဂါထာက နှစ်ဂါထာပေါင်းမှ အဓိပ္ပါယ်ပြည့်စုံတဲ့အတွက် အခုလို နှစ်ပုဒ်ပေါင်း တစ်ပုဒ်အနေနဲ့ ရှင်းပြပေး လိုက်ရတာပါ။ ဒီဂါထာနှစ်ဂါထာစလုံးက မေတ္တာသုတ် ရွတ်ဆို

ပွါးများရပုံနဲ့ မေတ္တာသုတ်ကို ရွတ်ဆိုပွါးများကြတဲ့ ပုဂ္ဂိုလ်တွေ ဘယ်သူမဆို မေတ္တာရဲ့ အကျိုးဂုဏ်အင် အာနိသင်(၁၁)မျိုးနဲ့ ပြည့်စုံရပုံကို ရှေးဆရာတော်များက ဂုဏ်ပြုချီးကျူး ဖော်ပြပေးထားခဲ့တဲ့ ဂါထာနစ်ပုဒ် ဖြစ်ပါတယ်။

အဲဒီ မေတ္တာပို့ရ, မေတ္တာပွါးရခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးတရား (၁၁)ပါးကို ဒီဂါထာမှာတော့ (၁) ချမ်းချမ်းသာသာ အိပ်စက်ရခြင်း၊ (၂)အိပ်ပျော်နေစဉ် အတွင်းမှာ လည်း မကောင်းတဲ့ အိပ်မက်ဆိုးတွေကို မမြင်မက်ရခြင်း ဆိုပြီး နှစ်မျိုးလောက်ပဲ ဖော်ပြ ပေးထားကာ ကျန်တာတွေကို အာဒိသဒ္ဒါနဲ့ သိမ်းထား ပါတယ်။(ကျန်တာတွေကို ဆက် မဖော်ပြတော့ပဲ ချန်ထားတာကို အာဒိသဒ္ဒါနဲ့ သိမ်းတယ် လို့ ဆိုတယ်။)

အဲသလို အာဒိသဒ္ဒါနဲ့ သိမ်းထားတဲ့ ကျန်တဲ့ မေတ္တာအကျိုးတွေကတော့ (၃) ချမ်းချမ်းသာသာ အိပ်ရာမှ နိုးထရခြင်း၊ (၄) လူတို့၏ ချစ်ခင်မှုကို ခံရခြင်း၊ (၅) နတ်တို့၏ ချစ်ခင်မှုကိုလည်း ရရှိခြင်း၊ (၆) နတ်တွေရဲ့ စောင့်ရှောက်မှုကို ရရှိခြင်း၊ (၇) အဆိပ်, လက်နက်များ မထိမရောက်ခြင်းနဲ့ မီးများ မလောင်ခြင်း၊ (၈) ကိုယ်, စိတ်နှစ် ပါး တည်ငြိမ် အေးချမ်းခြင်း၊ (၉) မျက်နှာအဆင်း ဝင်းပ, ကြည်လင်နေရခြင်း၊ (၁၀) တွေတွေဝေဝေ မဟုတ်ပဲ အိပ်ချင်နေသူ ပုဂ္ဂိုလ်တစ်ယောက် ကောင်းကောင်း အိပ်ပျော်သွားသလိုမျိုး ချမ်းချမ်းသာသာနဲ့ သေဆုံး ကွယ်လွန်ရခြင်း၊ (၁၁) ပုထုဇဉ်တွေရဲ့ သဘာဝ မလွဲမသေ ဘဝပြောင်း(သေ)ရတဲ့ ဓမ္မတာအရ ဘဝပြောင်း(သေဆုံး) ရပြီးနောက် ချမ်းသာများရာ ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်း ဆိုတာတွေ ဖြစ်ပါတယ်။

အဲဒီ မေတ္တာအကျိုး တစ်ဆယ့်တစ်မျိုးကို မှတ်မိလွယ်စေရန် သပြေကန် ဆရာတော်ဘုရားကြီး က သူ့ရဲ့ ပရိတ်ကြီးနိဿယသစ်ကျမ်းမှာ အောက်ပါအတိုင်း ကဗျာ လင်္ကာစီပြီး ရေးပြထားတာကို ဒီနေရာမှာ ဖော်ပြပေး လိုက်ပါရစေ။ ***"ချမ်းသာအိပ်, နိုး၊ အိပ်မက်ဆိုးကင်း၊ ချစ်ခြင်းလူ, နတ်၊ နတ်စောင့်တတ်လျှက်၊ လက်နက်, ဆိပ်, မီး၊ မရောက်ပြီးခဲ့၊ စိတ်လည်းတည်စွာ၊ မျက်နှာကြည်လင်၊ သေလျှင်မတွေ၊ သေသောအခါ၊ ဗြဟ္မာ့ရွာ၊ လားရာ မေတ္တာကျိုး"*** ဆိုတာတွေ ဖြစ်ပါတယ်။

အခုပြဖေါ်ပြပေးခဲ့တဲ့ မေတ္တာပို့သူများပြည့်စုံရမဲ့ အင်္ဂါနဲ့အတူ မေတ္တာပို့ရမဲ့သူ မေတ္တာပို့နည်းနဲ့ မေတ္တာပို့ ရာအရပ်များကို တိတိကျကျလိုက်နာပြီး မေတ္တာပို့ခဲ့မယ် ကျင့်သုံးခဲ့မယ်ဆိုရင်တော့ မေတ္တာပို့သူများဟာ မေတ္တာ ရဲ့အကျိုးကို လက်ရှိဘဝမှာကို တွေ့ကြုံခံစားရမှာဖြစ်သလို ကိလေသာကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ထိကိုပို့ဆောင်ပေး နိုင်စွမ်း ရှိပါတယ်။ နိဗ္ဗာန်အထိ ရောက်ချင်တယ် ကိလေသာကင်းချင်တယ်ဆိုရင်တော့ အင်္ဂါ (၁၅)ပါးပြည့်အောင် ဖြည့်ပြီးတော့ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဆိုတဲ့ ဣရိယာပုထ် လေးပါး

နဲ့ သတိလေး ထားပြီး မေတ္တာဘာဝနာကိုပွား ရင်း အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ လက္ခဏာရေး သုံးပါးတင်ပြီး ရှုမှတ်သွားမယ်ဆိုရင် မေတ္တာပွားသူများ လိုလားအပ်တဲ့ နိဗ္ဗာန် ဆိုတာ လက်တစ်ကမ်းမှာပါပဲ။ ။

## ၅၂၈ သွယ်မေတ္တာ

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ ဤ (၅) ခုကား မည်သူမည်ဝါ ယောကျ်ား၊ မိန်းမ စသည်ဖြင့် ရည်မှတ်ပိုင်းခြားခြင်းမရှိသောကြောင့် အနောဒိသ ပုဂ္ဂိုလ်မည်၏။ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိ ကာ ဤ (၇)ခုကား မိန်းမ၊ယောကျ်ား၊စသည်ဖြင့် ရည်မှတ်ပိုင်းခြားခြင်း ရှိသောကြောင့် ဩဒိသ မည်၏။ ၎င်း ဩဒိသ၊ အနောဒိသ ၂ ပါးကို ပေါင်းသော် (၁၂) ပါးဖြစ်၏။ ၎င်း (၁၂) ပါးကို တည်၍ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု ၊ သုခီအတ္တာနံ ပရိဟရန္တု ဟူသောအခြင်းအရာ ၄ ပါးနှင့်မြှောက်သော် ၄၈ ပါး ဖြစ်၏။ ဤ ၄၈ ပါးကား အရပ်မျက်နှာနှင့် မစပ်ဘဲပို့သော မေတ္တာတည်း။

အရပ် ၁၀ မျက်နှာနှင့်စပ်၍ ပို့ရာ၌ တစ်မျက်နှာ၊ တစ်မျက်နှာတွင် ၄၈ ပါးစီရသောကြောင့် အရပ် ၁၀ မျက်နှာ၌ ၄၈၀ ဖြစ်၏။ ၎င်း ၄၈၀ ကိုအရပ်မျက်နှာနှင့်မစပ်သော ၄၈ ပါးနှင့်ပေါင်းသော် ၅၂၈ ဖြစ်သည်။

၅။ စားသောက်အပ်သော ခဲဖွယ်၊ ဘောဇဉ်စသည့် အစာအာဟာရတို့၌ စက်ဆုပ်ဖွယ်ဟု ထင်မြင်လာအောင် အောက်မေ့ဆင်ခြင် ရှုမှတ်တတ်သော သညာကို အာဟာရေ ပဋိကူလသညာ ဟုခေါ်၏။

၆။ ခန္ဓာကိုယ်၌ ပထဝီ၊အာပေါ၊တေဇော၊ဝါယောဟူသည့် ဓာတ်ကြီး ၄ ပါးကို ပိုင်းခြားတတ်သော ဉာဏ်သည် စတုဓာတုဝဝတ္ထာန် ဖြစ်၏။

## ၆။ အာရုပ္ပ (၄)ပါး

၁။ အာကာသနဉ္စာယတန
၂။ ဝိညာဏဉ္စာယတန
၃။ အာကိဉ္စညာယတန
၄။ နေဝသညာနာသညာယတန ဈာန်တို့ဖြစ်ရန် ရှုပွားရသော ကမ္မဋ္ဌာန်း ၄ ပါးကို အာရုပ္ပ ၄ ပါး ဟုခေါ်၏။ ဤသို့ လျှင် ကမ္မဋ္ဌာန်းပေါင်း (၄၀) ရှိသည်။

## စရိုက် (၆) ပါး

ပင်ကိုရိုးရာ သူတကာဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များသည့် အမူအရာကို စရိုက်ဟုခေါ်၏။ စရိုက်သည် ၁။ ရာဂစရိုက်၊ ၂။ ဒေါသစရိုက် ၃။ မောဟစရိုက် ၄။ သဒ္ဓါစရိုက် ၅။ ဗုဒ္ဓိ (ပညာ)စရိုက် နှင့် ၆။ ဝိတက်စရိုက်ဟူ၍ စရိုက် (၆)ပါးရှိသည်။

၁။ ရာဂစရိုက်ရှိသူသည် လောကီအာရုံ ကာမဂုဏ်များကို မရှက်မကြောက် လိုက်စား၏။
၂။ ဒေါသစရိုက်ရှိသူသည် နေရာတကာတွင် ရှုးရှူးရှဲရှဲ အမြဲစိတ်တို၏။
၃။ မောဟစရိုက်ရှိသူသည် ထိုင်းမှိုင်းဖျင်းအပြီး အောက်ကျနောက်ကျရှိ၏။
၄။ သဒ္ဓါစရိုက်ရှိသူသည် ရတနာမြတ်သုံးပါးကို လွန်စွာကြည်ညို၏။
၅။ ဗုဒ္ဓိစရိုက်(ပညာ)စရိုက် ရှိသူသည် ထက်မြက်သော ဉာဏ်ပညာဖြင့် အရာရာတွင် စဉ်းစား ဆင်ခြင် လေ့ရှိ၏။ သူများပြောတိုင်းမယုံချေ။
၆။ ဝိတက်စရိုက်ရှိသူသည် အကြံအစည်များပြီး အလုပ်မတွင်ကျယ်ဘဲရှိတတ်၏။

## ပုဂ္ဂိုလ်အမျိုးမျိုးအလိုက် စရိုက်အပြား
## ရာဂါဒိဘေဒေ တိကေ သတ္တ

ရာဂ၊ဒေါသ၊မောဟ သုံးခု၌ တစ်ခုစီအားဖြင့်လည်းကောင်း၊ ထိုက်သလို ရောနှော၍ လည်းကောင်း စရိုက် (၇) မျိုး ရ၏။
၁။ ရာဂစရိုက် ၂။ ဒေါသစရိုက် ၃။ မောဟစရိုက် ၄။ ရာဂဒေါသစရိုက် ၅။ ရာဂမောဟစရိုက် ၆။ ဒေါသမောဟ စရိုက် ၇။ ရာဂ ဒေါသ မောဟစရိုက်တည်း။

ဤသို့ စရိုက်တစ်မျိုးရှိသူ၊နှစ်မျိုးရှိသူစသည်အားဖြင့် ရာဂ၊ ဒေါသ၊ မောဟ နှင့်စပ်၍ ပုဂ္ဂိုလ် (၇)မျိုးပြားသည်။

## သဒ္ဓါဒိဘေဒေ တိကေ သတ္တ

၁။ သဒ္ဓါစရိုက် ၂။ ဗုဒ္ဓိစရိုက် ၃။ ဝိတက်စရိုက် ၄။ သဒ္ဓါဗုဒ္ဓိစရိုက် ၅။ သဒ္ဓါဝိတက်စရိုက် ၆။ ဗုဒ္ဓိဝိတက်စရိုက် နှင့် ၇။ သဒ္ဓါ၊ဗုဒ္ဓိ၊ဝိတက်စရိုက် အားဖြင့် (၇) ပါးပြားသည်။

## ရာဂစရိုက်

ရာဂစရိုက်များသူသည် ဣရိယာပုထ်အားဖြင့် အသွားအလာ အနေအထိုင် ယဉ်ကျေးပျပ်ဝပ် လျောက်ပတ်စံပယ် တင့်တယ်၏။ ကိစ္စအားဖြင့် တံမြက်လှည်းမှု အဝတ်ဖွပ်လျှော်မှု၊ ဆိုးမှု၊ ဝတ်စားတန်ဆာဆင်ယင်မှုလည်း ကျနသေသပ်၏။ ဘောဇဉ်အားဖြင့် အချိုအဆိမ့်အမွှေးအကြိုင်ပျံ့လှိုင်နူးညံ့သော ဘောဇဉ်ကိုနှစ်သက်၏။ ဒဿန စသည် အားဖြင့် အတော်အတန် လှပသာယာသော ရူပါရုံသဒ္ဒါရုံနှင့်တွေ့လျှင် မခွါချင်အောင် ဖြစ်တတ်၏။ ဓမ္မပဝတ္တိ (စိတ်နေစိတ်ထားတရားဖြစ်ပုံ) အားဖြင့် ပရိယာယ်မာယာ များ၏။ ကောက်ကျစ်စဉ်းလဲမှု များ၏။ မာနကြီး၏ လောဘရမ္မက်ကြီး၏။

## ဒေါသစရိုက်

ဒေါသစရိုက်ရှိသူသည် ဣရိယာပုထ်အားဖြင့် နွားရှူးစူးထိုး နဖားကြိုးတင်းသည့်ပုံဟန် လျင်မြန်ရှူးရှား ခြေဖျား ဖြင့်နင်းလျက် ရှန်းရင်းကြမ်းတမ်းသော အသွားအလာ အနေအထိုင် ရှိ၏။ ကိစ္စလုပ်ငန်းကို ပြုလုပ်ရာဝယ် တင့်တယ်သပ်ရပ်ခြင်းမရှိ။ ကြည့်ရှုတိုင်း အဆင်တန်လျက် ချဉ်၊ ငန်၊ စပ်၊ ခါး စူးရှသော အရသာများကိုသာ နှစ်သက် တတ်၏။ မကောင်းမြတ်သော ရူပ၊ သဒ္ဒ စသည့် အာရုံနှင့်တွေ့ကြုံလျှင် ယမ်းပုံတွင် မီးကျသကဲ့သို့ သည်းခံ အောင့်အည်း ချုပ်တည်းခြင်းမရှိဘဲ ဆိုဆဲ ငေါက်ငန်း ကြမ်းတမ်းစိတ်တိုတတ်၏။ ဓမ္မပဝတ္တိ အားဖြင့်ကား ရန်ငြိုးဖွဲ့မှု ဟူသော အာဃာတ၊ ကျေးဇူးသိတတ်ခြင်းကင်းသော မက္ခ၊ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ခြင်းဟူသော ပဠာသ၊ အပြောအဆို အဆုံးမခက်ခြင်းဟူသော ဒုဗ္ဗစ၊ ဤအကုသိုလ်တရားတို့သည် တွေ့ရာကိစ္စ၌ အဖြစ်များ လေသည်။

## မောဟစရိုက်

မောဟစရိုက်ရှိသူကား ဖွတ်ပဒတ်အသွင် မယဉ်ကျေး မှိုင်ငေးပေါ့ပျက် ရှုပ်ယှက်ခတ် အနေအထိုင် အသွားအလာ ဣရိယာပုထ်ရှိ၏။ လုပ်ငန်းကိစ္စ အထွေထွေလည်း ပွေပွေလိမ်လိမ်ပင်တည်း။ စားသောက်ရာ ဌာနဝယ် ဘယ်ဟာကို နှစ်သက်သည်ဟု အမှတ်တရမရှိမိမိအစွမ်းဖြင့် စုံစမ်းနိုင်းချိန်၍ အကောင်းအဆိုး အကြောင်းအကျိုးကို မဆုံးဖြတ်တတ်သဖြင့် အရပ်ရပ်မှာ သူတကာ၏ နောက်လိုက်သာ ဖြစ်သောကြောင့် သူများချီးမွမ်းသူကို မိမိကလည်းရော၍ ချီးမွမ်းတတ်၏။ သူများကဲ့ရဲ့သူကိုလည်း မိမိက ကဲ့ရဲ့တတ်၏။ သတိ ပညာ ကင်းလျက် ထိုင်းမှိုင်း ဖျင်း အ ခြင်းဟူသော ထိန၊ မိဒ္ဓ ပျံ့လွင့်ခြင်းဟူသော ဥဒ္ဓစ္စတို့ဖြင့် ကာလကုန်ရသည်သာ များ၏။

## သဒ္ဓါစရိုက်

ရာဂစရိုက်ရှိသူ၌ ပြခဲ့သော ဣရိယာပုထ်စသော ရှေ့လေးပါးသည် သဒ္ဓါစရိုက်ရှိသူ၌လည်းဖြစ်လေ့ရှိ၏။ သို့သော် သဒ္ဓါစရိုက်ရှိသူ၌ကား ဓမ္မပဝတ္တိအားဖြင့် မာယာစသော အကုသိုလ်များဖြစ်လေ့မရှိဘဲ ကြည်လင်ရွှင်လန်း စွာစွန့်ကြဲပေးကမ်း လှူဒါန်းလေ့ရှိ၏။ ရဟန်းသံဃာကောင်းများနှင့် ဝတ်ကျောင်းဘုရားကို ဆည်းကပ်ကိုးကွယ်ကာ တရားဒေသနာ များကို မှတ်သားနာယူလေ့ရှိသည်။

## ပညာစရိုက်

ပညာစရိုက်ရှိသူ၌လည်း ဣရိယာပုထ်စသော ရှေ့သဘောများမှာ ဒေါသစရိုက်ရှိသူနှင့်တူ၏။ သို့သော် စိတ်တို ခြင်းစသော အပြစ်များနှင့် မရောနှောဘဲ ဆိုဆုံးမလွယ်၏။စားသောက်ဖွယ်အားလုံး၌ မိမိနှင့် သင့်၊မသင့်ကို နှိုင်းချင့်၍ စားသောက်လေ့ရှိ၏။ ဘဝဖန်ခါ သံသရာရေးကို သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်မျှော်ကြည့်၍ ဂတိကောင်းဖို့ရန် ကုသိုလ်ကောင်းမှု အစုစုကို လုံ့လဝီရိယ သန်သန်ဖြင့် မှန်မှန်ကြီး ပြုလေ့ရှိသည်။

## ဝိတက်စရိုက်

ဝိတက်စရိုက်ရှိသူများလည်း မောဟသမားနှင့် ထူးမခြားပင်တည်း။ အကြံတွေများ စကားတွေပေါလျက် ကိစ္စမချောဘဲ မျောနေသည်သာများ၏။ ကောင်းသောလုပ်ငန်း ကုသိုလ်လမ်း၌မူ အစွမ်းအစမရှိ ပျင်းရိရိသာတည်း။ မိမိလို လူ့ပေါက်ပန်းနှင့် ရောပြွမ်း မွေ့လျော်ကာ ထွေရာလေးပါး အကြံများလျက် သက်သက် လူအား လူပိုတွေ သာတည်း။

## စရိုက်ဖြစ်ကြောင်း

လူချင်းတူပါလျက် အဘယ်ကြောင့် စရိုက်အမျိုးမျိုး ကွဲပြားပါလိမ့်မည်နည်း ဟု စဉ်းစားဖွယ်ရှိ၏။ ရှေးဘဝ ကုသိုလ်ကံပြုစဉ်က ထိုထို ဘဝစီးစိမ်ကို လိုလားတောင်းတမှု လောဘခြံရံ၍ ပြုခဲ့လျှင် ထိုကံ အကျိုးပေးရာဘဝ၌ ရာဂစရိုက်များတတ်၏။ ဒေါသခြံရံ၍ ပြုခဲ့လျှင် ဒေါသစရိုက်ရှိတတ်၏။ အသိဉာဏ်နည်းပါးလျက် မောဟကြီးစွာ ဖြင့် ပြုခဲ့လျှင် မောဟစရိုက် ရှိတတ်၏။ ပညာဖြင့် ဆင်ခြင်၍လည်းကောင်း၊ပညာကြီးဖို့ရန် ဆုပန်၍လည်းကောင်း ပညာရေးဆိုင်ရာ ကုသိုလ်များကို ပြုခဲ့လျှင် ထိုကံအကျိုးပေးရာဘဝ၌ ဗုဒ္ဓိစရိုက်ရှိတတ်၏။ သဒ္ဓါထက်သန်စွာဖြင့် ပြုခဲ့လျှင် သဒ္ဓါစရိုက်ရှိတတ်၏။ ကာမဝိတက် စသော မကောင်းသောအကြံ ခြံရံလျက် ကံပြုလျှင် ဝိတက်စရိုက် ရှိတတ်၏။ ဤသို့လျှင် စရိုက်အမျိုးမျိုး ကွဲပြားကြောင်းမှာ ရှေးကံသာလျှင် ပဓာနဖြစ်၍ နောက်နောက်ဘဝ၌

မကောင်းသော စရိုက်များ မပါရအောင် ယခုဘဝကံပြုရာကာလ၀ယ် သဒ္ဓါ၊ပညာခြံရံလျက် ထက်သန်သော ကောင်းမှုများကိုသာ တည်ထောင် အားထုတ်ကြရာသည်။

## ဝါသနာဘာဂီ ဆက်တိုင်းမှီ

မကောင်းသောအရာ၌ ဝါသနာဟူသည် ကိလေသာ၏ သတ္တိတည်း။ ကောင်းသောအရာ၌ ဝါသနာကား သမ္ဘာ ဆန္ဒတည်း။ ထိုဝါသနာများသည် သတ္တဝါတို့ သန္တာန်၌ အနုသယဓာတ်ကဲ့သို့ ဘဝတိုင်းမှာ စွဲကပ်ပါနေတတ်၏။ ထို့ကြောင့် ရှေးကံ အားလျော်စွာ ရာဂစရိုက် အားကြီးနေပါမူ ထိုရာဂအတွက် ယောက်ယက်ခတ်သော ဝါသနာ သည် စိတ်အစဉ်မှာ စွဲထုံလျက်ရှိရကား ထိုစရိုက်ဆိုးကို ယခုဘဝ၌ တရားဖြင့် မနှိမ်ချိုး နိုင်ပါလျှင် ထိုဝါသနာ အထုံစွဲကပ်၍ နောက်ဘဝများသို့ လိုက်ပါသွားတတ်၏။

ဒေါသ၊မောဟ၊ဝိတက်များလည်း ဤနည်းပင်တည်း။ ပညာ စရိုက်ရှိသူ၌လည်း စရိုက်အားလျော်စွာ အခွင့်သာသလောက် ကြိုးစားပါလျှင် ထိုပညာ၏ အထုံဝါသနာ စွဲကပ် လေရကား နောက်နောင်အခါ သံသရာတစ်လျှောက်လုံးပင် ပညာတုံးကြီး ဖြစ်နေတတ်၏။ ဘုရားဆုပန်လျှင် ပညာဓိက၊ သာဝကဆုပန်လျှင် အရှင်သာရိပုတ္တရာတို့ကဲ့သို့ ပညာ ဘက်က တေဒဂ်ရကြသည်မှာ ဝါသနာဘာဂီ က ဆက်တိုင်းမှီ နေသောကြောင့်သာ ဖြစ်၏။ သဒ္ဓါစရိုက်လည်း ဤနည်းပင်တည်း။ ထို့ကြောင့် ယခုဘဝ၌ မကောင်းသော စရိုက်များ ပပျောက်၍ စရိုက်ကောင်းတစ်ခုခု အထမြောက်အောင် ထူထောင်ဖို့ ကြိုးစားသင့်ကြသည်။

## သပ္ပါယဘေဒ

စရိုက်နှင့် ကမ္မဋ္ဌာန်းကို သင့်တင့်လျောက်ပတ်အောင် တွဲစပ်သော အခန်းကို သပ္ပါယဘေဒ ဟုခေါ်၏။

၁။ ရာဂစရိုက်ရှိသူသည်အသုဘ ၁၀ပါးနှင့် ကာယဂတာသတိဟူသော ကမ္မဋ္ဌာန်း ၁၁ ပါး တို့နှင့်လျောက်ပတ် ၏။ ဤကမ္မဋ္ဌာန်းတို့သည် ရာဂမီးကိုငြိမ်းစေနိုင်၏။

၂။ ဒေါသစရိုက်ရှိသူသည် မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဥပေက္ခာဟူသော အပ္ပမညာ ၄ ပါး၊နီလ၊ပီတ၊လောဟိတ၊ ဩဒါတ ဟူသော ကသိုဏ်း ၄ ပါး၊ပေါင်း ၈ ပါးသော ကမ္မဋ္ဌာန်းတို့နှင့် လျောက်ပတ်၏။ ဤကမ္မဋ္ဌာန်းတို့သည် သန့်ရှင်းကြည်လင်သဖြင့် အာရုံပြုသူတို့အား စိတ်ရွှင်လန်းဝမ်းမြောက်စေ၏။

၃။ မောဟစရိုက်နှင့် ဝိတက်စရိုက်ရှိသူတို့သည် အာနာပါနဿတိကမ္မဋ္ဌာန်းနှင့် သင့်လျော်လျောက်ပတ်၏။ မောဟစရိုက်ရှိသူသည် ဝိစိကိစ္ဆာနှင့် ဥဒ္ဒစ္စတို့ အယှဉ် များသဖြင့် စိတ်ပျံ့လွင့် တုန်လှုပ်၏။ ဝိတက်စရိုက်ရှိသူလည်း စိတ်ကူး အကြံအစည် များသဖြင့် စိတ်ပျံ့လွင့်၏။ အာနာပါနဿတိ ကမ္မဋ္ဌာန်းကား ထွက်သက်နှင့် ဝင်သက် တို့ကို အချက်ကျကျလိုက်၍ ရှုမှတ်ရသဖြင့် တုန်လှုပ်ပျံ့လွင့်သည့်စိတ်ကို ချုပ်ထိန်း ဖမ်းဆွဲ ထားနိုင်၏။

၄။ သဒ္ဓါစရိုက်ရှိသူသည် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနု ဿတိဟူသော ကမ္မဋ္ဌာန်း ၆ပါးတို့နှင့် သင့်လျော်၏။ ပင်ကိုက ကောင်းနေသော သဒ္ဓါတရားသည် ဘုရား၊တရား သံဃာစသည့်အာရုံများနှင့် ကြုံတွေ့လျှင် ပို၍ ဖွံ့ဖြိုးတိုးတက် လာဖွယ်ရာရှိ၏။

၅။ ပညာစရိုက်ရှိသူသည် သိမ်မွေ့နက်နဲသော မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စာတုဓာတုဝဝတ္ထာန် ဟူသော ကမ္မဋ္ဌာန်း ၄ပါး နှင့် သင့်လျော် လျောက်ပတ်၏။ ပင်ကိုက စဉ်းစားချင့်ချိန်လေ့ရှိသူသည် သိမ်မွေ့နက်နဲ သော အာရုံနှင့် ကြုံတွေ့လျှင် ပို၍နက်နက်နဲနဲ စဉ်းစားဆင်ခြင်သဖြင့် ဉာဏ်ပညာ တိုးပွား ထက်မြက် လာဖွယ်ရာ ရှိ၏။

၆။ အများနှင့်ဆိုင်သော ကမ္မဋ္ဌာန်းတို့ကား ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ ဝါယောက သိုဏ်း၊ အာကာသကသိုဏ်း၊ အာလောက ကသိုဏ်း နှင့် အာရုပ္ပ ၄ ပါးတို့ဖြစ်ကြ၏။

## စရိုက်နှင့်ကမ္မဋ္ဌာန်းတွဲပုံ

| စရိုက် | သင့်လျော်သောကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|
| ရာဂစရိုက် | အသုဘ ၁၀ ပါး၊ ကာယဂတာသတိ | ၁၁ |
| ဒေါသ | အပ္ပမညာ ၄ ပါး၊ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတကသိုဏ်း | ၈ |
| မောဟ၊ဝိတက် | အာနာပါနဿတိ | ၁ |
| သဒ္ဓါ | ဗုဒ္ဓါနုဿတိ၊ဓမ္မာ၊သံဃာ၊သီလာ၊စာဂါ၊ဒေဝတာနုဿတိ | ၆ |
| ဗုဒ္ဓိ (ပညာ) | မရဏာနုဿတိ၊ဥပသမာ၊အာဟာရေပဋိကူလသညာ ၊စတုဓာတုဝဝတ္ထာန် | ၄ |
| စရိုက် ၆ ပါး | ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊အာကာသ၊ အာလောကကသိုဏ်း၊အာရုပ္ပ ၄ ပါး | ၁၀ |

## ဘာဝနာဘေဒ

ကမ္မဋ္ဌာန်း (၄၀)တို့ကို ဘာဝနာအမျိုးအစားအားဖြင့် ခွဲပြရာကဏ္ဍကို ဘာဝနာဘေဒဟုခေါ်၏။

၁။ ပရိကမ္မဘာဝနာ = ကသိုဏ်းဝန်းစသည့်ကမ္မဋ္ဌာန်းကို အာရုံပြု၍ ပထဝီ၊ ပထဝ စသည်ဖြင့် ရွတ်ဆို၍လည်းကောင်း၊စိတ်ဖြင့်မှန်း၍လည်းကောင်း ရှေးဦးစွာ ပွားများမှုကို ပရိကမ္မဘာဝနာဟုခေါ်၏။ ဤဘာဝနာသည် အထက်အထက်သော ဘာဝနာတို့ဖြစ်ပွားရန် ပြုပေးတတ်၏။

၂။ ဥပစာရဘာဝနာ = ဈာန်၊မဂ်၊ဖိုလ်တရားတည်းဟူသော အပ္ပနာဘာဝနာ၏ အနီးအပါးဖြစ်သည့် ဘာဝနာ ပွားများမှုကို ဥပစာရဘာဝနာဟုခေါ်၏။ ပရိကမ္မဘာဝနာသည်ပင် တဖြည်းဖြည်း ရင့်သန်လာသည့်အခါ ဥပစာရ ဘာဝနာဟုအမည်ရ၏။

၃။ အပ္ပနာဘာဝနာ = ဆိုင်ရာအာရုံ၌စွဲမြဲစွာ သက်ဝင်တည်နေသော ဈာန်၊ မဂ်၊ ဖိုလ်တရားများကို အပ္ပနာဘာဝ နာဟုခေါ်၏။ ဥပစာရဘာဝနာထက် လွန်ကဲ၍ အာရုံ၌စွဲမြဲစွာ သက်ဝင်တည်နေသော ဘာဝနာသည် အပ္ပနာ ဘာဝနာဖြစ်၏။

## ဘာဝနာဖြင့် ကမ္မဋ္ဌာန်းများကို တွဲစပ်ပုံ

| စဉ် | ဘာဝနာ | ကမ္မဋ္ဌာန်း | ပေါင်း |
|---|---|---|---|
| ၁ | ပရိကမ္မဘာဝနာ | ကမ္မဋ္ဌာန်းအားလုံး | ၄၀ |
| ၂ | ပရိကမ္မဘာဝနာနှင့် ဥပစာရ ဘာဝနာ | ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိ အထိ ၈ ပါး၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် | ၁၀ |
| ၃ | အပ္ပနာဘာဝနာ အထိ ဘာဝ နာ သုံးပါးလုံး | ကသိုဏ်း ၁၀ ပါး၊အသုဘ ၁၀၊ အပ္ပမညာ ၄ ပါး၊ အာရုပ္ပ ၄ ပါး၊ ကာယဂတာသတိ၊အာနာပါနဿ တိ | ၃၀ |

# ကမ္မဋ္ဌာန်းများကို စျာန်ဖြင့်ဝေဘန်ပုံ

| စဉ် | ကမ္မဋ္ဌာန်း | ပေါင်း | ရနိုင်သောစျာန် |
|---|---|---|---|
| ၁ | ကသိုဏ်း ၁၀ ပါး၊အာနာပါနသတိ | ၁၁ | ရူပါဝစရစျာန် ၅ ပါးလုံး |
| ၂ | အသုဘ ၁၀ ပါး၊ ကာယဂတာသတိ | ၁၁ | ရူပါဝစရ ပထမစျာန် ၁ ပါး |
| ၃ | မေတ္တာ၊ကရုဏာ၊မုဒိတာ | ၃ | ပထမ၊ဒုတိယ၊တတိယ၊စတုတ္ထစျာန် ၄ ပါး |
| ၄ | ဥပေက္ခာ | ၁ | ရူပါဝစရ ပဥ္စမစျာန် ၁ ပါး |
| ၅ | အာရုပ္ပ | ၄ | အရူပစျာန် ၄ ပါး |

***မှတ်ချက်။*** ။*အသုဘကမ္မဋ္ဌာန်းကိုအားထုတ်က ပထမစျာန်ကိုသာရစေသည်။ အနုဿတိ (၁၀)ပါးတို့တွင် ကာယဂတာသတိ ကမ္မဋ္ဌာန်းသည်လည်း ပထမစျာန်ကိုသာ ရစေသည်။ ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိတိုင်အောင် (၈)ပါးသော အနုဿတိတို့၌ လည်းကောင်း အာဟာရေပဋိကူလသညာ နှင့် စတုဓာတုဝဝတ္ထာန်တို့၌ လည်းကောင်း ဒီကမ္မဋ္ဌာန်း (၁၀)ပါး တို့၌မူ ဥပစာရ သမာဓိမျှကိုသာရနိုင်ပါတယ်။*

*မေတ္တာ ကရုဏာ မုဒိတာ တို့၌ ပထမစျာန် ဒုတိယ၊ တတိယ၊ စတုတ္ထစျာန် များကို သာရနိုင်ပါတယ်။ စတုတ္ထစျာန်ရပြီးသော ယောဂီဟာ ဥပေက္ခာကို ကူးပြောင်းသွားစေလျှင် ပဥ္စမစျာန်ကိုရစေနိုင်ပါတယ်။ ကသိုဏ်းတို့၌ စျာန် (၄)ပါးလုံးရပြီးသော ယောဂီဟာ အာရုပ္ပကမ္မဋ္ဌာန်း (၄)ပါးကို အစဉ်အတိုင်း အားထုတ်ပါက အရူပစျာန် (၄)ပါးကို ရနိုင်ပါတယ်။ အဲဒီစျာန်များကို လေ့လာပွားများရင် အဘိညာဉ်ခေါ်တဲ့ လောကီဉာဏ်ထူးများ ကိုလည်း ရနိုင်ပါသေးတယ်။*

*ဘုရားအစရှိသော အာရုံများသည် ပရမတ်တရားဖြစ်၍ အလွန်နက်နဲ၏။ နက်သောရေ၌ ထောက်၍မမှီသဖြင့် ငြိမ်သက်စွာ လေ့မတည်နိုင်သကဲ့သို့ ဘုရားဂုဏ်တော် စသောအာရုံများ၌လည်း ဝိတက်စသော စျာန်အင်္ဂါတို့ ခိုင်မြဲစွာ မထောက်တည်နိုင်ကြသဖြင့် အပ္ပနာဘာဝနာမရနိုင်။ ထို့ပြင် ဘုရားဂုဏ်တော် စသည်တို့သည် အသချေ်မက အလွန်များ ပြားကုန်၏။ အမျိုးမျိုးအဖုံဖုံ အရသာစုံသော ထိုဂုဏ်တော်များကို ဆင်ခြင်သောအခါ ဂုဏ်တစ်မျိုးတည်း၌ မတင်းတိမ်နိုင်ပဲ*

*တစ်မျိုးပြီးတစ်မျိုး ဆင်ခြင်နေသဖြင့်လည်း အာရုံတစ်မျိုးတည်း၌ ကဲ့သို့ စူးစိုက်ခြင်း မရှိနိုင်၊ ဤသို့လျှင် ပရမတ်အာရုံဖြစ်၍ နက်နဲခြင်း အာရုံကများပြားခြင်းကြောင့် ဗုဒ္ဓါနုဿတိ စသော (၇)ပါး၌ အပ္ပနာဘာဝနာ မရနိုင်၊မရဏာနုဿတိ ပဋိကူလသညာနှင့် ဓာတုဝဝတ္ထာန် တို့အတွက်မှာ ပရမတ်အာရုံဖြစ်၍ နက်နဲသောကြောင့်သာ အပ္ပနာဘာဝနာ မရနိုင် ဟုမှတ်ပါ။*

*အသုဘဆယ်ပါးနှင့် ကာယဂတာသတိ၏ အာရုံတို့သည်ရှုန့်ရင်း ကြမ်းကြုတ် စက်ဆုပ်ဖွယ်အာရုံများတည်း။ ထို့ကြောင့်ကြမ်းတမ်းသောရေမှာ ထိုးဝါးကောင်းကောင်းဖြင့် ထောက်မထားပါလျှင်လှေမတည်နိုင်သကဲ့သို့ ထို့အတူ ထိုစက်ဆုပ်ဖွယ် အာရုံပေါ်သို့ တင်ပေးမည့် ဝိတက်တည်းဟူသော ထိုးဝါးမပါလျှင် စိတ်အစဉ်မတည်နိုင်၊ သို့ဖြစ်၍ အသုဘ စသောအာရုံကို အာရုံပြု၍ ဝိတက်မပါသောဒုတိယဈာန် စသည်တို့မဖြစ်နိုင်။*

## ဂေါစရဘေဒ

နိမိတ်အာရုံကို အခြေခံ၍ ကမ္မဋ္ဌာန်းများကို ခွဲခြားဝေဘန်မှုကို ဂေါစရဘေဒ ဟုခေါ်၏။ နိမိတ်သည် ပရိကမ္မနိ မိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်ဟူ၍ သုံးပါး အပြားရှိ၏။

၁။ ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ၏ အာရုံ၊ကမ္မဋ္ဌာန်းစ၍ စီးဖြန်းသောအခါ အာရုံပြု အပ်သော ပထဝီက သိုဏ်းဝန်းစသည့်အာရုံကို ပရိကမ္မနိမိတ် ဟုခေါ်၏။

၂။ ဥဂ္ဂဟနိမိတ် = မျက်စိဖြင့် တိုက်ရိုက်မကြည့်တော့ဘဲ စိတ်ဖြင့်မှန်း၍ ယူနိုင်သော ပရိကမ္မနိမိတ်ကို ဥဂ္ဂဟနိ မိတ်ဟုခေါ်၏။ ကမ္မဋ္ဌာန်းစီးဖြန်းစအခါ၌ ကသိုဏ်းဝန်း စသည်တို့ကို တိုက်ရိုက်ကြည့်ရှုရသဖြင့် မြင်ရသော အာရုံသည် ပရိကမ္မ နိမိတ်ဖြစ်၏။ ထိုနိမိတ်သည် ရှုမှတ်ဖန်များသောအခါ၌ စိတ်ထဲဝယ် စွဲမြဲလာသဖြင့် မျက်စိကို ပိတ်လိုက်လျှင် ဖြစ်စေ၊ မျက်နှာလွှဲလိုက်လျှင်ဖြစ်စေ ပကတိမြင်ရသကဲ့သို့ပင် ထင်ထင်ရှားရှား ထင်ပေါ်နေ၏။ ဤသို့ထင်ပေါ်လာ သောနိမိတ်သည် ဥဂ္ဂဟနိမိတ် ဖြစ်၏။

၃။ ပဋိဘာဂနိမိတ် = ဥဂ္ဂဟနိမိတ်ကို ဆက်လက်၍ ကမ္မဋ္ဌာန်း ရှုဖန်များလာသောအခါ ထိုနိမိတ်သည် ကြေးမုံအိမ်မှ ကြည်လင်သည့် ကြေးမုံချပ်ကို ထုတ်ယူလိုက်သကဲ့သို့ အလွန်သန့်စင်ကြည်လင်လာ၏။ ဤနိမိတ်သည် မူလစီစဉ်ခဲ့သော ကသိုဏ်းဝန်း စသည်နှင့်တူစွာစိတ်ထဲ၌ထင်ပေါ်လာသော အာရုံဖြစ်၏။ သို့သော် ပရိကမ္မနိမိတ်ထက်

အဆပေါင်းများစွာ ကြည်လင်တောက်ပနေပြီး အပြစ်အနာအဆာ ကင်းစင်နေ၏။ ငြိမ်သက်၏။ ဤနိမိတ်ကို ပဋိဘာဂနိမိတ်ဟုခေါ်၏။

## နိမိတ်နှင့် ကမ္မဋ္ဌာန်းတွဲစပ်ပုံ

| စဉ် | ကမ္မဋ္ဌာန်း | ပေါင်း | ရနိုင်သောနိမိတ် |
|---|---|---|---|
| ၁ | ကမ္မဋ္ဌာန်း အားလုံး | ၄၀ | ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ် (အချို့ကမ္မဋ္ဌာန်းတို့၌ ခွဲ ၍မရ) |
| ၂ | ကသိုဏ်း ၁၀ ၊ အသုဘ ၁၀၊ ကာယဂတာသတိ၊ အာနာပါနဿ တိ | ၂၂ | ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို ခွဲခြား၍ရကောင်း၏။ ပဋိဘာဂနိမိတ်ကိုပါရကောင်း၏။ |
| ၃ | ရှေ့အနဿတိ ၈ ၊အပ္ပမညာ ၄၊ အာရုပ္ပ ၄၊ အာဟာရေပဋိကူလ သညာ၊ စတုဓာတုဝဝတ္ထာန် | ၁၈ | ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ် ၂ပါးကို ပရိယာယ်ဖြင့် ရကောင်း၏။ ပဋိဘာဂနိမိတ်ကိုမရနိုင်။ |

**မှတ်ချက်။** ။ ပဋိဘာဂနိမိတ် မရကောင်းသော ဗုဒ္ဓါနုဿတိစသည်တို့ကား မူလစ၍ စီးဖြန်းကတည်းကပင် စိတ်ဖြင့်မှန်း၍ စီးဖြန်းရ၏။ ထို့ကြောင့် မည်သည့်အခိုက်အတန့်ကို ပရိကမ္မနိမိတ်၊မည့်သည့်အခိုက်အတန့်ကို ဥဂ္ဂဟ နိမိတ်ဟု အတိအလင်း မခွဲခြားနိုင်။ ဂုဏ်တော်စသော အာရုံများစိတ်ထဲ၌ ကောင်းစွာ မထင်ရှားသေးခင် အာရုံ ပြုအပ်သော အာရုံကို ပရိကမ္မနိမိတ်၊ စိတ်ထဲ၌ ကောင်းစွာထင်ရှားလာသောအခါ ပြုအပ်သောအာရုံကို ဥဂ္ဂဟ နိမိတ်ဟု ပရိယာယ်အားဖြင့် ခွဲခြား၍ရကောင်းသည်။

## ၂၆ ဘုံ၌ရနိုင်သော ကမ္မဋ္ဌာန်း

လူ့ဘုံ၌ ကမ္မဋ္ဌာန်း ၄၀ လုံးရ၏။ နတ်ပြည် ၆ ထပ်၌ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ၊အာဟာရေပဋိကူလသညာ ပေါင်း ၁၂ ပါးကြဉ် ၂၈ ပါးသော ကမ္မဋ္ဌာန်းကိုရ၏။ အသညသတ်ကြဉ် ရူပ ၁၅ ဘုံ၌ အသုဘ ၁၀ ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊အာဟာရေပဋိကူလသညာ ပေါင်း ၁၃ ပါးကြဉ် ၂၇ ပါးသော ကမ္မဋ္ဌာန်းကို ရ၏။ အာကာသာနဉ္စာယတနဘုံ၌ အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါးလုံးရ၏။ ဝိညာဏဉ္စာယတနဘုံ၌

အာကာသာနဉ္စာယတ နစျာန်ကြည် ၃ ပါးရ၏။ အာကိဉ္စညာယတနဘုံ၌ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတနစျာန်ကြည် ၂ ပါးရ၏။ နေဝသညာနာသညာယတနဘုံ၌ နေဝသညာနာသညာယတန ၁ ပါးသာရ၏။

## ဘာဝနာနှင့် နိမိတ်တွဲစပ်ပုံ

ပရိကမ္မဘာဝနာသည် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့ကို အာရုံပြု၏။ ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာတို့ သည် ပဋိဘာဂနိမိတ်ကို အာရုံပြုကြ၏။

၁။ ။ ပရိကမ္မနိမိတ်နှင့် ပရိကမ္မဘာဝနာ = တစ်ထွာလက်လေးသစ်ခန့်ရှိသော ပထဝီကသိုဏ်းဝန်းကို မျက်စိပကတိ အနေအထားဖြင့် ကြည့်ရှု၍ ပထဝီ၊ပထဝီ သို့မဟုတ် မြေ၊မြေ ဟုနှုတ်ကရွတ်ဆို၍ဖြစ်စေ မရွတ်ဆိုဘဲ စိတ်ဖြင့်ရှုမှတ်၍ဖြစ်စေ အဖန်ဖန် ပွားများအပ်၏။ ရံခါ မျက်စိကိုမှိတ်၍ ကသိုဏ်းဝန်းအာရုံကို မှန်းဆ၍ ပွားများအပ်၏ ဤသို့ ယူအပ်သော အာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်ပြီး ရှုမှတ်ပွားများမှုကို ပရိကမ္မဘာဝနာ ဟုခေါ်၏။

၂။ ။ ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မဘာဝနာ = ပရိကမ္မနိမိတ်ကို ရှုမှတ်ဖန်များသည့်အခါ ထိုနိမိတ်သည် မျက်စိကိုမှိတ် ထားလျှင်လည်း မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ စိတ်ထဲ၌ထင်ထင်ရှားရှား ထင်ပေါ်လာ၏။ ဤသို့ စိတ် ဖြင့် ကောင်းစွာယူမိသောအာရုံကို ဥဂ္ဂဟနိမိတ် ဟုခေါ်၏။ ဤနိမိတ်ကို ပွားများသော ဘာဝနာသည် ရှေးကထက် သမာဓိ ရင့်ကျက် တည်ကြည် လာသော်လည်း ပရိကမ္မဘာဝနာဟုပင် ခေါ်ဆိုရ၏။

၃။ ။ ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ = ဥဂ္ဂဟနိမိတ်ကို ပရိကမ္မဘာဝနာဖြင့် ဆက်လက်ပွားများပြန်သောအခါ တစ်ချိန်၌ ထိုဥဂ္ဂဟနိမိတ်နှင့် ပုံသဏ္ဍာန် အရွယ်တူသော အာရုံတစ်မျိုးသည် စိတ်၌ငြိမ်သက်စွာတည်လာ၏။ စိတ်ထဲ၌ ကောင်းစွာ သွင်းထားအပ်သကဲ့သို့ တည်ငြိမ်နေ၏။ မပျောက်မပျက် ကွက်ကွက်ကွင်းကွင်း ထင်ပေါ်နေ၏။ ဤကား ပဋိဘာဂနိမိတ်တည်း။ ပဋိဘာဂနိမိတ်ပေါ်လာသည့် အချိန်မှစ၍ ဘာဝနာစိတ်အစဉ်သည် ပရိကမ္မဘာဝနာ အဆင့်ကိုလွန်၍ ဥပစာရဘာဝနာအဆင့် သို့ရောက်လေပြီ။

၄။ ။ ပဋိဘာဂနိမိတ်နှင့် အပ္ပနာဘာဝနာ = ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဆက်လက် အားထုတ်သည့်အခါ ဉာဏ် ပညာ ထက်မြက်သူဖြစ်လျှင် မကြာမတင်ပင် အပ္ပနာဘာဝနာ ဟုခေါ်သော ရူပါဝစရစျာန်ဖြစ်ပေါ်လာ၏။ ဉာဏ်ပညာ မထက်မြက်သူ တို့လည်း

ရအပ်ပြီးသော ပဋိဘာဂနိမိတ်ကို မပျောက်မပျက်အောင် အထူးစောင့်ရှောက်၍ အဆက်မပြတ်ပွားများ အားထုတ်လျှင် အပ္ပနာဘာဝနာ သို့ အနေးနှင့်အမြန်ရောက်ရှိနိုင်၏။

ပထမအကြိမ် အပ္ပနာဘာဝနာသို့ရောက်သော ယောဂီသည် ရူပါဝစရ ပထမဈာန်ကို ရလေပြီ။ (အထက်ပါ ၁ မှ ၄ အထိ စကားစဉ်သည် ပထမဈာန်ကို ရအောင် အားထုတ်မှု ပင်တည်း)။ ရူပါဝစရ ပထမဈာန်ရပြီးသော ယောဂီသည် ထိုဈာန်ကို ငါးတန်သော ဝသီဘော်တို့ဖြင့် အစွမ်းထက်မြက်အောင် လေ့ကျင့်ရ၏။

## ဝသီဘော် (၅) ပါး

၁။ အာဝဇ္ဇန ဝသီဘော် = ဈာန်အင်္ဂါများကို လျင်မြန်စွာ ဆင်ခြင်နိုင်သော စွမ်းရည်။

၂။ သမာပဇ္ဇန ဝသီဘော် = လျင်မြန်စွာ ဈာန်ဝင်စားနိုင်သော စွမ်းရည်။

၃။ အဓိဋ္ဌာန ဝသီဘော် = ဘဝင်စိတ်ကိုလွှမ်းမိုး၍ ဈာန်စိတ်အစဉ်ကို အလိုရှိသမျှ ထိန်းထားနိုင်သောစွမ်းရည်။

၄။ ဝုဋ္ဌာန ဝသီဘော် = ရည်မှန်းထားသော ကာလ အပိုင်းအခြားကို မကျော်လွန်စေဘဲ ဈာန်မှ ထနိုင်သော စွမ်းရည်။

၅။ ပစ္စဝေက္ခဏ ဝသီဘော် = ဈာန်အင်္ဂါတို့ကို လျင်မြန်စွာ အထပ်ထပ် ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဇောစိတ်ဖြင့် ဈာန်အင်္ဂါကို ဆင်ခြင်မှု။

အာဝဇ္ဇနဝသီဘော်မြောက်လျှင် ပစ္စဝေက္ခဏဝသီဘော်လည်းပြီးစီးတော့၏။ အမြန်ဆုံး ဆင်ခြင်နိုင်သော မနောဒွါရာဝဇ္ဇန်း၏ သတ္တိကို အာဝဇ္ဇနဝသီဘော် ဟုဆို၏။ ပစ္စဝေက္ခဏာဇော၏ သတ္တိကို ပစ္စဝေက္ခဏဝသီဘော်ဟုဆို ၏။

ပထမဈာန်၌ ဝသီဘော်နိုင်လာသောအခါ ထိုဈာန်၏ အင်္ဂါများအနက် ဝိတက် သည် ရုန့်ရင်းကြမ်းတမ်းသည်ဟု ထင်မြင်လာ၏။ ဝိတက်သည် ကာမဂုဏ်အာရုံသို့ စိတ်ကို တင်ပေးတတ်သဖြင့် ကာမစ္ဆန္ဒနီဝရဏ ဟူသော ရန်သူ ကိုဖိတ်ခေါ်သကဲ့သို့ရှိ၏။ ဝိတက် မပါသော ဒုတိယဈာန်သည် ပိုငြိမ်သက်၏။

ဤသို့ ဝိတက်ကိုစက်ဆုပ်၍ ဝိတက်ကို ပယ်စွန့်ပြီး ဒုတိယဈာန်သို့ တက်လှမ်း နိုင်အောင် ရည်မှန်းကာ ရရှိထားပြီးသော ပဋိဘာဂနိမိတ်ကိုပင် အာရုံပြုလျက် ဘာဝနာ သုံးပါးကို အစဉ်အတိုင်း ဖြစ်ပေါ်စေ၏။ ဝိတက်ကို စက်ဆုပ်ခြင်းသဘောပါသော ဤ ဘာဝနာအစဉ်သည် ဝိတက္ကဝိရာဂဘာဝနာ ဟုအမည်ရ၏။

ပဋိဘာဂနိမိတ်ကို ပရိကမ္မဘာဝနာဖြင့် ပြန်လည်ပွားများရာ၌ ဝိတက်အပေါ် တပ်မက်တွယ်တာနေသည့် နိကန္တိ တဏှာ ကောင်းစွာ ကင်းကွာ သွားသည့်အခါ

ဒုတိယဈာန်၏ အနီးဥပစာဖြစ်သော ဥပစာရဘာဝနာသို့ ရောက်၏။ ထို့နောက် ဆက်၍အားထုတ်သော် ဝိတက်မပါဘဲ ယခင် ပထမဈာန်တုန်းကထက် ပိုမို သိမ်မွေ့ထက်မြက်သည့် ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်ခေါ် အပ္ပနာဘာဝနာ သို့ရောက်၏။

ထိုနည်းအတူ ဝိစာရကိုပယ်စွန့်၍ တတိယဈာန်သို့လည်းကောင်း၊ ပီတိကိုပယ်စွန့်၍ စတုတ္ထဈာန်သို့လည်းကောင်း သုခကိုလျစ်လျူရှု၍ ပဥ္စမဈာန်သို့ လည်းကောင်း အဆင့်ဆင့်တက်လှမ်းနိုင်သည်။

**မှတ်ချက်။ ။** ဤပြဆိုခဲ့သောအစဉ်သည် ဝိတက်၊ဝိစာရနှစ်ပါးစုံကို တစ်ဆက်တည်း အပြစ်မမြင်နိုင်သော မန္ဒပညယောဂီ၏ ဘာဝနာအစဉ်တည်း။ တိက္ခပညာပုဂ္ဂိုလ် အလိုအားဖြင့် ဝိတက်၊ဝိစာရနှစ်ပါးကို တစ်ပြိုင်နက် လွန်မြောက်၍ ဝိတက်၊ဝိစာရမပါသော ဒုတိယဈာန်ကို ရနိုင်သောကြောင့် ထိုတိက္ခယောဂီတို့အတွက် ရူပါဝစရဈာန် ၄ ပါး သာရသည်။ ငါးပါးရသောနည်းကို ပဥ္စကနည်းဟုခေါ်၍ လေးပါးရသောနည်းကို စတုက္ကနည်း ဟုခေါ်သည်။

## အာရုပ္ပဈာန်တက်ခန်း

ရူပါဝစရ ပဥ္စမဈာန်ကိုအခြေခံ၍ အာရုပ္ပဈာန်သို့တက်လှမ်းရ၏။ ပဥ္စမဈာန်ကို ဝသီဘော်နိုင်အောင် လေ့ကျင့်ပြီးလျှင် ရုပ်ခန္ဓာအပေါ် အပြစ်မြင်၍ အာကာသာနဉ္စာယတနဈာန် (ပထမာရုပ္ပဈာန်)သည် သိမ်မွေ့ငြိမ်သက်လှ၏ ဟု ယုံကြည်ရန် လို၏။ ထို့နောက် အာကာသကသိုဏ်းမှ အပဖြစ်သော ကျန်ကသိုဏ်း ၉ ပါး တို့တွင် တစ်ပါးပါးကို ဘာဝနာဖြင့်ပယ်ခွါ၍ ရအပ်သည့် ကောင်းကင်ပညတ်ကို အာရုံပြုလျက် ရူပဝိရာဂဘာဝနာ ကို ဘာဝနာစဉ်အတိုင်း ပွားများအားထုတ်ရ၏။

ပွားများအားထုတ်ပုံမှာ ကသိုဏ်းဝန်း၏ ပဋိဘာဂနိမိတ်ကို မိမိ အလိုရှိသော အတိုင်းအတာအထိ ဖြန့်ကျက်ထား ပြီးလျှင် ထိုကသိုဏ်းဝန်းကို အာရုံမပြုတော့ဘဲ ထိုကသိုဏ်းဝန်းပျံ့နှံ့ရာ အရပ်ကို အနန္တော အာကာသော= ကောင်းကင်ပညတ်သည် ဥပါဒ် ဘင်အားဖြင့် အဆုံးအပိုင်းအခြားမရှိ ဟုနလုံးသွင်းဆင်ခြင်ရ၏။ ဤသို့ဆင်ခြင်မှုကို ပရိကမ်ပြုသည် ဟုခေါ်၏။

ဤသို့ဆင်ခြင်ရှုမှတ်ဖန်များသော် ထမင်းအိုးဝ၌ ဖုံးအုပ်ထားသော အဝတ်ကို ဆွဲဖွင့် လိုက်သည့်အခါ အဝတ်ကွယ်ပျောက်၍ အိုးဝဟင်းလင်း ပေါ်လာသကဲ့သို့ ထို့အတူ ကသိုဏ်းဝန်းနိမိတ်ကွယ်ပျောက်၍ ထိုနိမိတ်ပျံ့နှံ့ခဲ့ရာ အရပ်တို့၌ ဟင်းလင်းပြင် တနည်း ကောင်းကင်ပညတ်ထင်လာ၏။

ထို ကောင်းကင်ပညတ်ကို ပရိကမ္မဘာဝနာဖြင့် ဆက်လက် ရှုမှတ်၍ ရူပါဝစရပဥ္စမဈာန် အပေါ်၌ နှစ်သက်မှု နိကန္တိ တဏှာကင်းကွာ သွားသောအခါ ဥပစာရဘာဝနာ အဆင့်သို့ရောက်၏။ ထိုကောင်းကင်ပညတ်ကိုပင် ဆက်လက် အာရုံပြု၍ တိုးတက်ကာ အားထုတ်လျှင် အာကာသာနဉ္စာယတနဈာန် အပ္ပနာသို့ရောက်၏။

ထို့နောက် ဒုတိယာရုပ္ပခေါ် ဝိညာဏဉ္စာယတနဈာန်ကို အလိုရှိသော် ပထမအာရုပ္ပဝိညာဏ်ကိုအာရုံပြု၍ ဝိညာဏံ အနန္တံ = ပထမာရုပ္ပဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ ဟုပရိကမ်ပြုရ၏။ ပထမာရုပ္ပဈာန်၌ နိကန္တိတဏှာ ကင်းကွာ သောအခါ ဥပစာရဘာဝနာသို့ရောက်၏။

ထို့နောက်တဖန် ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘော ပညတ်ကိုအာရုံပြု၍ တတိယာရုပ္ပဈာန် အပ္ပ နာသို့လည်းကောင်း၊ တတိယာရုပ္ပဝိညာဏ်ကို အာရုံပြု၍ စတုတ္ထာရုပ္ပဈာန် အပ္ပနာသို့လည်းကောင်း တက်လှမ်း နိုင်ပါသည်။

## လောကီအဘိညာဉ် (၅)ပါး သို့မဟုတ် (၇) ပါး

အလွန်အကျူးအထူးသိတတ်သော ရူပပဥ္စမဈာန်နှင့်ယှဉ်သည့် ဉာဏ်ကို အဘိညာဉ် ဟုခေါ်သည်။

၁။ တစ်ယောက်တည်းဖြစ်လျက် အများကဲ့သို ဖန်ဆင်းနိုင်ခြင်း၊ အများဖြစ်ပါလျက် တစ်ယောက် တည်းကဲ့သို့ ဖန်ဆင်းနိုင်ခြင်း၊ ကောင်းကင်ပျံနိုင်ခြင်း၊ မြေလျှိုးနိုင်ခြင်း စသောတန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓ အဘိညာဉ်။

၂။ အဝေးအနီး အကြီးအသေး အသံဟူသမျှကိုကြားနိုင်တဲ့ ဒိဗ္ဗသောတ အဘိညာဉ်။

၃။ သူတပါးရဲ့စိတ် အကြံအစည်ကို သိနိုင်တဲ့ စေတောပရိယအဘိညာဉ်။ ပရစိတ္တဝိဇာနန အဘိညာဉ်ဟုလည်း ခေါ်သေးသည်။

၄။ ရှေးဘဝများစွာကဖြစ်ခဲ့ဖူးသည်များကို ပြန်လည်သိနိုင်တဲ့ ပုဗ္ဗေနိဝါသ အဘိညာဉ်။

၅။ အဝေး အနီး အကြီး အသေး ရုပ်စသည်ကိုသိမြင်နိုင်တဲ့ ဒိဗ္ဗစက္ခုအဘိညာဉ်။

၆။ ကံအားလျော်စွာ ထိုထိုဘုံများ၌ဖြစ်ရသော သတ္တဝါများကို မြင်နိုင်သည့် ယထာကမ္မူပဂ အဘိညာဉ်။

၇။ နောက်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော အကြောင်းအရာများကို သိနိုင် သည့် အနာဂတံသ အဘိညာဉ်။

**မှတ်ချက်။** ။ အဘိညာဉ် (၅) ပါးကို ရေတွက်သည့်အခါ အမှတ် ၆ နှင့် ၇ အဘိညာဉ် ၂ ပါးကို ဒိဗ္ဗစက္ခုအဘိညာဉ်၌သွင်း၍ရေတွက်ရ၏။ အဘိညာဉ် ၆ ပါးဟု ရေတွက်သည့်အခါ

၁ မှ ၅ အထိဖေါ်ပြပြီးနောက် လောကုတ္တရာ အဘိညာဉ်ဖြစ်သည့် အာသဝက္ခယ အဘိညာဉ်ကို ထည့်ပေါင်းရ၏။

၈။ အာသဝေါတရားလေးပါးတို့ကို ကုန်ခန်းစေနိုင်သော အရဟတ္တမဂ်ဉာဏ်သည် အာသဝက္ခယအဘိညာဉ် မည်၏။

**မှတ်ချက်။** ။ အဘိညာဉ်ရအောင် အားထုတ်သောယောဂီများသည် ရူပပဥ္စမဈာန်ရော အရူပဈာန်များကိုပါ ရရှိမှသာ ထူးခြားသော အဘိညာဉ်ကို ရနိုင်သည်ဟုမှတ်ပါ။

## သမထတရားအားထုတ်ပုံအကျဉ်း

သမထကမ္မဋ္ဌာန်း (၄၀) တို့တွင် ပထဝီ ကသိုဏ်းကိုအားထုတ်လိုသူက ပကတိမြေပြင်ကိုဖြစ်စေ ပြုလုပ်ထားတဲ့ မြေပုံကိုဖြစ်စေ မျက်စိဖြင့်ကြည့်ရှုလျက် မြေ မြေ မြေ လို့ အဖန်ဖန် နှလုံးသွင်းနေရပါမယ်။

## ဥဂ္ဂဟနိမိတ်

အဲဒါကို နှလုံးသွင်းများ လာတဲ့အခါ ကသိုဏ်းနိမိတ်ဟာ မျက်စိ မှိတ်လိုက်ပေမယ့် မျက်စိဖွင့်ကြည့်နေသလို ထင်ရှားမြင်နေရပါလိမ့်မယ်။ အဲဒီလို ပေါ်နေတာကို ဥဂ္ဂဟ နိမိတ် လို့ခေါ်ပါတယ်။ ဥဂ္ဂဟနိမိတ်ပေါ်လာရင် အလိုရှိရာ အရပ်သို့သွားကာ ထိုင်ရင်းဖြစ်စေ ရပ်ရင်းဖြစ်စေ သွားရင်းဖြစ်စေ လျောင်းရင်း ဖြစ်စေ အဲဒီ ဥဂ္ဂဟနိမိတ် ကသိုဏ်းဝန်းကိုပဲ မြေ မြေ လို့စိတ်ဖြင့် အမြဲမပြတ် နှလုံးသွင်း နေရပါတယ်။

## နီဝရဏငါးပါးဖြစ်ပုံနှင့်ပယ်ပုံ

အဲဒီလို နှလုံးသွင်းရှုမှတ်နေတုန်း စိတ်ဟာ တခြားသို့ထွက်သွား တတ်ပါတယ်။ ထွက်သွားပုံမှာ စိတ်ကြိုက်အာရုံ တွေကိုလဲကြံစည် နေတတ်ပါတယ်။ ဒါကို ကာမစ္ဆန္ဒနီဝရဏ လို့ခေါ်တယ်။ စိတ်ပျက် စိတ်ဆိုးတာကိုလည်း ကြံစည် နေတတ်ပါတယ်။ ဒါကိုတော့ ဗျာပါဒနီဝရဏ (နီဝရဏ-ညစ်နွမ်းစေတဲ့ အရာ) လို့ခေါ်ပါတယ်။ အားထုတ်ရမှု အပေါ်တွင် လျော့လျော့ရဲရဲ ဖြစ်လျက် စိတ်ထိုင်းမှိုင်း ပျင်းရိမှုဖြစ်ရင် ထိနမိဒ္ဓနီဝရဏ ဖြစ်တာပါ။ စိတ်မတည်ငြိမ်ဘဲ ပျံ့လွင့်ကာလဲနေတတ်ပါတယ်။ ပြီးတော့ မှားခဲ့ဖူးတဲ့ မကောင်းတဲ့အာရုံကိုတွေးပြီး စိတ်လဲပူပန်နေတတ်ပါတယ်။ ဒါကိုတော့ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ ဖြစ်တယ်လို့မှတ်ပါ။ အားထုတ်ဆဲလုပ်ငန်းအပေါ်မှာ မှန်မှ မှန်ပါ့မလား

အကျိုး မှရှိပါ့မလား တရားထူးရောရနိုင်ပါ့မလား လို့လဲ စဉ်းစားတွေးနေတတ်ပြန်ပါတယ်။ ဒါကိုတော့ ဝိစိကိစ္ဆာနီဝရဏ လို့ခေါ်ပါတယ်။

အဲဒီ နီဝရဏစိတ်များ ဖြစ်ပေါ်လာရင် ပေါ်လာတဲ့အာရုံများကို ဆက်လက် စိတ်မကူးပဲ ဖြစ်ခဲ့ပြီးစိတ်ကို မူလကသိုဏ်းအာရုံတွင်သာ စူးစိုက် ထားလျက် မြေ မြေ မြေ လို့ မပြတ်အမြဲ နှလုံးသွင်းနေရပါမယ်။တကယ်လို့ ကသိုဏ်းအာရုံပျောက်သွားရင်လဲ ပကတိ ကသိုဏ်းဝန်းရှိရာဌာနသို့ သွားပြီး မျက်စိဖြင့် ကြည့်ရှုကာ တဖန် ထပ် ပေါ်မြဲ ထင်ပေါ်လာအောင် နှလုံးသွင်း ရပါမယ်။ တစ်ခါ ဥဂ္ဂဟနိမိတ် ထင်ပေါ်လာပြန်လျှင် အလိုရှိရာ အရပ်ဌာနေ ထိုင်ကာ ရှေ့နည်းအတူ မပြတ်နှလုံးသွင်းနေရပါမယ်။

## ပဋိဘာဂနိမိတ်ထင်ပုံ

အဲဒီလိုနှလုံးသွင်းဖန်များလာတဲ့အခါ အဲဒီကသိုဏ်းဝန်းဟာ မူလကနဲ့ မတူတော့ပဲ အရောင်အဆင်းနှင့်တကွ အလွန်သန့်ရှင်းကြည်လင်စွာ ထင်ပေါ် လာပါလိမ့်မယ်။အဲဒါကို ပဋိဘာဂနိမိတ်လို့ ခေါ်ပါတယ်။

## ဥပစာရသမာဓိ

အဲဒီအချိန်မှာ စိတ်ကလဲ ကာမစ္ဆန္ဒစတဲ့ နီဝရဏတို့ ကင်းစင်လာတယ်။ အဲဒီ ပဋိဘာဂနိမိတ်အာရုံမှာသာ စူးစိုက် တည်ငြိမ်လျက် မပြတ်ဖြစ်နေပါ လိမ့်မယ်။ အဲဒီလိုစိတ်တည်ငြိမ်စွာဖြစ်နေတာကို ဥပစာရသမာဓိ လို့ခေါ်ပါတယ်။

## အပ္ပနာသမာဓိ

ဒီဥပစာရသမာဓိဖြင့် ပဋိဘာဂနိမတ်အာရုံကို မပြတ်နှလုံးသွင်းနေသူရဲ့ စိတ်ဟာ အဲဒီကသိုဏ်းပဋိဘာဂနိမိတ် အာရုံထဲတွင် သက်ဝင်နေသလို တည်ငြိမ်လျက် ဖြစ်နေတာ ကို အပ္ပနာသမာဓိ ဖြစ်နေတယ်လို့ခေါ်ပါတယ်။

## ပထမဈာန်စသည်ဖြစ်ပုံ

ဒီအပ္ပနာသမာဓိဟာ ပထမဈာန် ဒုတိယဈာန် တတိယဈာန် နဲ့ စတုတ္ထဈာန်ဆိုပြီး ၄ ပါးရှိပါတယ်။ အဲဒီ ၄ ပါးထဲက ပထမဈာန်ဆိုတာ ၁။ ဝိတက် ၂။ ဝိစာရ ၃။ ပီတိ ၄။ သုခ ၅။ ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါငါးပါးလုံးထင် ရှားတယ်။ဒါကိုပထမဈာန်လို့ခေါ်ပါတယ်။ ပထမဈာန်ရပြီးတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီဈာန်မှာပါဝင်တဲ့ ဝိတက် နှင့် ဝိစာရ တို့ကို အပြစ်မြင်ပြီး

လွှန်မြောက်အောင် အားထုတ်ရင် ပီတိ၊သုခ၊ဧကဂ္ဂတာ ဆိုတဲ့ ဈာန်အင်္ဂါသုံးပါးထင်ရှား တဲ့ ဒုတိယဈာန်ဖြစ်ပါတယ်။

တဖန် ဆက်လက်ရှုမှတ်နှလုံးသွင်းတဲ့ ပုဂ္ဂိုလ်ဟာ ပီတိ ကိုအပြစ်မြင်ပြီး လွှန်မြောက်အောင် အားထုတ်သဖြင့် သုခ ဧကဂ္ဂတာဆိုပြီး ဈာန်အင်္ဂါ နှစ်ပါးထင်ရှားတဲ့ တတိယဈာန်ဖြစ်ပါတယ်။ တတိယဈာန်ကိုရ ပြီးနောက် ဆက်လက်နှလုံးသွင်းရှုမှတ်တဲ့ ယောဂီဟာ သုခကို အပြစ်မြင်ပြီး အားထုတ်တဲ့အတွက် စတုတ္ထဈာန်ကို ရပါတယ်။ ဒီဈာန်မှာ စိတ်မရွှင်မညှိုး အလယ်အလတ်သဘော ဥပေက္ခာနှင့် ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါ နှစ်ပါး ထင်ရှားပါတယ်။ ဒါဟာ ပထဝီကသိုဏ်းအားထုတ်ပုံနဲ့ ဈာန် (၄)ပါး ဖြစ်ပုံပါပဲ။ကျန်တဲ့ ကသိုဏ်း (၉)ပါးကိုအားထုတ် ပုံများတွင်လဲ အခြေခံအာရုံသာ လဲလှယ် နှလုံးသွင်းပုံ ထူးပါတယ်။ ကျန်တဲ့အရာများဖြစ်တာကတော့ အားလုံး အတူတူပါပဲ။

**မှတ်ချက်။** ။ ဈာန် (၄) ပါးကိုသာပြောခဲ့ရေးခဲ့သည့် အတွက်ကြောင့် စတုက္ကနည်းကို ရည်ရွယ်သည်ဟုမှတ်ပါ။ ဈာန်သည် ပဥ္စကနည်း = ဈာန် ၅ မျိုးနှင့် စတုက္ကနည်း = ဈာန် ၄ မျိုး ဟုရေတွက်နည်း ၂ မျိုးရှိသည်။ စတုက္က နည်းရေတွက်ရာ၌ ပထမဈာန်ကိုရပြီးသော ယောဂီသည် ဒုတိယဈာန်ရအောင် အားထုတ်ရာ၌ ဝိတက် ၁ မျိုး တည်းကိုသာ အပြစ်မြင်သည် မဟုတ်ဘဲ ဝိစာရကိုပါ ပေါင်းလျှက် ဈာန်အင်္ဂါ ၂ ပါးကို အပြစ်မြင်လျှက် ရှုပွားသောကြောင့် ဈာန်သည် လေးမျိုးသာရှိရတော့သည်။ထို့ကြောင့် ဈာန် ၄ မျိုး ဖြင့် ရေတွက်ရသောနည်းကို စတုက္ကနည်း ဟုခေါ်သည်။

## အာနာပါန (ဝင်လေ ထွက်လေရှုမှု) ကမ္မဋ္ဌာန်း အားထုတ်နည်းအကျဉ်း

ဝင်သက်ထွက်သက်ကို အာရုံစိုက်ပြီး တရားအားထုတ်လိုသူများ သိသင့်တဲ့ အချက်က (၄)မျိုးရှိပါတယ်။ မှန်ကန်တဲ့နည်းလမ်းနဲ့ အားထုတ်ရင် လိုရာပန်းတိုင် ကို အမြန်ရောက်နိုင်ပါတယ်။ ဝင်သက်ထွက်သက်ကိုရှုမှတ်လေ့ရှိတဲ့ ယောဂီများ-

နံပါတ် (၁) နှာသီးဖျားမှာဖြစ်စေ အထက်နှုတ်ခမ်းဖျားမှာဖြစ်စေ ထွက်သက် ဝင်သက်တို့ ထိခိုက်ရာ ထင်ရှားရာ တစ်ခုခုမှာ စိတ်ကိုခိုင်မြဲစွာထားပြီး ထွက်တိုင်းဝင်တိုင်း သိအောင် အားထုတ်ရပ့ါမယ်။ တစ်နာရီ နှစ်နာရီ စသည်ဖြင့်တတ်စွမ်းနိုင်သမျှ မိမိရှုရာဌာန မှာ စိတ်ကိုချည်နှောင်ထားပြီး ထွက်သမျှဝင်သမျှကို တစ်ခုမလွှတ် သိမှုပိုင်နိုင်သည့် တိုင်အောင် အားထုတ်သင့်ပါတယ်။ ဒါကိုတော့ ထွက်သက်ဝင်သက်တို့မှာ သတိမြဲမှုကို အားထုတ်နည်း လို့ခေါ်ပါတယ်။

နံပါတ် (၂) အနေနဲ့ရှုမှတ်ရမှာက ထွက်သက်ဝင်သက်မှာ သတိမြဲပြီဆိုရင် မိမိရှုနေတဲ့ ထွက်သက်ဝင်သက်ကို ရှည်ရင်ရှည်မှန်း သိနေရမှာဖြစ်သလို တိုရင်လဲတိုနေမှန်း သိနေဖို့ လိုပါတယ်။ အားထုတ်သူများဟာ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ကြပါဘူး။ ရှည်မှု တိုမှုကို လုံးဝအလွတ်မရှိအောင် အားထုတ်ရပါမယ်။ ထွက်သက် ဝင်သက် အထွက်အဝင် နှေးတာကို ရှည်တယ်လို့ခေါ်ပြီး မြန်တာကိုတော့ တိုတယ်လို့ခေါ်တာပါ။ ဒါကြောင့် နှေးတာ မြန်တာကို သိနေရမယ်လို့ဆိုလိုတာပါ။

နံပါတ် (၃)အနေနဲ့ ရှုမှတ်ရမှာက အတိုအရှည်သိမှုပိုင်ပြီးနောက် နှာသီးဖျားမှ ချက်တိုင်အောင် ကိုယ်ကာယအတွင်းမှာ ထွက်သက်ဝင်သက်တို့ကို အစ အလယ် အဆုံး အကုန်လုံး ထင်ထင်ရှားရှားမြင်အောင်အားထုတ်နည်း ပါပဲ။

နံပါတ် (၄)အနေနဲ့ကတော့ အဲလို အစ အလယ် အဆုံး အကုန်လုံး ထင်ထင်ရှားရှား မြင်လာပြီဆိုရင် ခပ်ကြမ်းကြမ်း ထွက်ဝင်နေတဲ့ ထွက်သက် ဝင်သက်တို့ကို အဆင့်ဆင့် သိမ့်မွေ့သွားအောင် အားထုတ်ရပါမယ်။ ငါ့မှာ ထွက်သက်ဝင်သက် ပျောက်သွားပြီလို့ ထင်ရအောင်ကို အားထုတ်ရမှာပါ။

ထွက်သက်ဝင်သက်ကိုအားထားပြီး တရားအားထုတ်နေတဲ့ ယောဂီဟာ မှတ်ပုံမှတ်နည်းလေးကိုလဲ သိထားသင့် ပါသေးတယ်။ ထွက်သက် ဝင်သက်ကို မှတ်တဲ့နည်းကတော့ သုံးမျိုးရှိပါတယ်။

၁။ဂဏန=သင်္ချာနဲ့ရေတွက်အားထုတ်နည်း

၂။အနုဗန္ဓနာ=အစဉ်ဖွဲ့တွယ်နေအောင်အားထုတ်နည်းနဲ့

၃။ထပနာ=အထူးစိတ်စူးစိုက်ကာ အားထုတ်နည်းဆိုပြီး သုံးမျိုးပါ။

ဂဏနာ=သချာ်နည်းနဲ့ အားထုတ်တဲ့နေရာမှာလဲ (၁) နှေးနှေးရေတွက်နည်းနဲ့ (၂)မြန်မြန်ရေတွက်နည်းဆိုပြီး နှစ်မျိုးပြားပြန်ပါတယ်။ နှေးနှေးရေတွက် အားထုတ်နည်း ဆိုတာက နှာသီးဖျား အထက်နှုတ်ခမ်းဖျား ဌာနနှစ်ခုမှာ တစ်ပါးပါး၌ စိတ်ကိုစူးစိုက်ထားပြီး ထွက်သက် ဝင်သက် ၂ ပါးလုံးကို နှလုံးသွင်းနေတဲ့အခါ အစ၌စိတ်မငြိမ်သေး တဲ့အတွက် ထွက်သက် ဝင်သက်တို့ဟာ အချက်တိုင်း အချက်တိုင်း မထင်ရှားနိုင်။ဒါကြောင့် မထင်ရှား တာကို မရေပဲထင်ရှားတာကိုသာ ရေတွက်ရခြင်းကြောင့် နှေးတဲ့ ရေတွက်နည်းလို့ ခေါ်တာပါ။

အားထုတ်ရင်းရေတွက်တဲ့ အခါမှာ ပထမဦးဆုံး စိတ်ကိုနှာခေါင်းဝမှာ စူးစိုက် ထားပြီး ထွက်သက် ဝင်သက် ၂ ပါးတို့တွင် ထင်ရှားရာ တစ်ခုခုကို တစ် လို့ ရေတွက် ရမှာပါ။ ထွက်သက် ဝင်သက် ၂ ခုလုံး ထင်ရှားတယ် ဆိုရင် ထင်ရှားတဲ့ အတိုင်း ၁ ၊ ၂

စသည်ဖြင့် ဆက်ရေကာရှုမှတ်သွားဖို့ပါပဲ။ ထင်ရှားတဲ့ အချက်ကိုပဲရှုမှတ်ရမှာပါ။ ထွက်သက်ထင်ရှားရင် ၁ လို့မှတ် ပြီး ဝင်သက်မထင်ရှားရင်တော့ ၂ လို့မမှတ်ပဲ ၁ လို့သာ ဆက်မှတ် ရပါမယ်။ ဝင်သက် ထင်ရှားရင်တော့ ၂ လို့ မှတ်ရုံပါ။ ဒီအတိုင်း ထင်ရှားရင် အထက်တက်ပြီး ဂဏန်းကိုဆက်ရေတွက်သွားရုံပါပဲ။ ထင်ရှားတာကိုပဲ ရွေးကောက် မှတ်ရတာမို့ နေးတဲ့ရေတွက်နည်းလို့သုံးရပါတယ်။

၂။ မြန်မြန်ရေတွက်နည်းဆိုတာက ရေတွက်တာများလာလို့ ထင်ရှားတဲ့ အချက်တွေ များလာပါလိမ့်မယ်။ တစ်၊နှစ် စတဲ့ ဂဏန်းဟာလဲ စိပ်စိပ်လာမှာပါ။ထွက်သက်အချက် ဝင်သက်အချက် ထင်ရှားတာပဲဖြစ်တဲ့အခါမှာ တစ်၊နှစ် စတဲ့ ဂဏန်းဟာလဲ မပြတ်မစဲ မြန်ရပါတော့တယ်။ တစ်ခုလေးတောင် သတိမလွတ်စေရပါဘူး။ထွက်သက် ဝင် သက် အစဉ်နဲ့ ဂဏန်းအစဉ်ဟာ ခုန်ကျော်လစ်လတ်မှုမရှိစေရပါဘူး။ တစ်၊နှစ် စတဲ့ ဂဏန်းချမှု ကိုလဲ နှုတ်နဲ့ ရွတ် နေစရာမလိုပါဘူး။ စိတ်နဲ့ရေတွက်နေရင်ပြီးတာပါပဲ။ မရေတွက်ပေမယ့် ရေတွက်တာနဲ့ ထပ်တူ ထွက်သက်ဝင် သက်တို့ရဲ့ဌာနမှာ ထိတိုင်း ထိတိုင်း အသိဟာကပ်နေရပ့ါမယ်။ တရားအားထုတ်နေသမျှ ကာလပတ်လုံး အမှတ်လွတ်သွား တယ်လို့တောင်မရှိစေရပါဘူး။ အမှတ်မလွတ်တော့ဘူးဆိုရင် ရှေ့ဆက်ပြီး အနုဗန္ဓနာနည်း နဲ့ ရှုရပါ မယ်။

အနုဗန္ဓနာနည်းဆိုတာ ရေတွက်ခန်းမှာပြခဲ့တဲ့အတိုင်း ထိရာဌာန၌ စိတ်ကို စူးစိုက်ထားပြီး ထွက်မှုဝင်မှုတိုင်း တစ် ကြိမ်လေးတောင်မလွတ်စေပဲ ထွက်မှုဝင်မှု အစဉ်ဖွဲ့တွယ်လို့နေအောင် အားထုတ်မှုကိုခေါ်တာပါ။ ဒီလိုအား ထုတ်တဲ့နေရာမှာ ပကတိထွက်သက်ဝင်သက်လေးတိုင်းကိုလွန်ပြီး အဆင်းပုံစံ အရောက်အလင်းနဲ့အတူ ဝါဂွမ်း အစုလို လေအယဉ်လို မိုးကြယ်လို ပတ္တမြားလုံးလိုလို ပုလဲလုံးလိုလို ပုလဲသွယ်လိုလို စတဲ့အာရုံတစ်ခုခုထင်လာတဲ့ထိ အားထုတ်ဖို့လိုပါတယ်။ ဒီအာရုံ အားလုံးကို ပဋိဘာဂနိမိတ်လို့ခေါ်ပါတယ်။ အနုဗန္ဓနာနည်းကို ပဋိဘာဂနိမိတ် ထင်တဲ့ထိ အားထုတ်ရမှာဖြစ်ပြီး ပဋိဘာဂနိမိတ်ပညတ်အာရုံ အထူးထင်ရှားစိတ်မြင်မှာ နလုံးသွင်းတဲ့ အတိုင်းဖြစ်ပေါ်တဲ့အခါမှ စွန့်လွှတ်ပြီး ထပနာနည်းနဲ့ဆက်အားထုတ်ရပါမယ်။

ထပနာ အားထုတ်နည်းဆိုတာ ပဋိဘာဂနိမိတ်ဆိုတာ ပညတ် အာရုံဖြစ်လို့ အာရုံ အသစ်လိုပါပဲ။ သဘာဝအစစ်မဟုတ်လို့ ကွယ်ပျောက်လွယ်ပါတယ်။ ကွယ်ပျောက် သွားရင်လဲ တခါထပ်မြင်ရဖို့ခက်ပြန်ရော။ ဒါကြောင့်မို့ ထင်လာမြင်လာတဲ့ ပဋိဘာဂနိမိတ် ကို မကွယ်ပျောက်စေပဲ တစ်နေ့တခြား ထင်ရှားလာအောင် စူးစူးစိုက်စိုက် အားထုတ်တာ ကို ထပနာ အားထုတ်နည်းလို့ ခေါ်ပါတယ်။ ထပနာ နည်းကိုရောက်တဲ့အခါ အသပ္ပါယ-

မသင့်တော်တဲ့နေရာကို ရှောင်ပြီး သပ္ပါယ-သင့်တော်တဲ့နေရာမှာနေရပါတယ်။ မသင့်တော်တဲ့နေရာက (၇)မျိုးရှိ ပါတယ်။ (၁)တရားအားထုတ်လို့အဆင်မပြေတဲ့နေရာ (၂)ဆွမ်းခံရွာ (၃)စကားများမှု (၄)အပေါင်းအဖေါ် (၅)စားစရာ (၆)ဥတု နဲ့ (၇)ဣရိယာပုတ်ပါပဲ။ သင့်တော်တဲ့နေရာလဲ (၇)ပါးရှိတာပါပဲ။တရားအားထုတ်လို့ အဆင်ပြေတဲ့နေရာ စတာပေ့ါ။

ပြီးတော့ အပ္ပနာကောသလ္လ= အပ္ပနာမှာ လိမ်မာကျွမ်းကျင်ကြောင်းလဲ ဆယ်ပါး ရှိပါသေးတယ်။ (၁)ကိုယ်အင်္ဂါနဲ့တကွ အသုံးအဆောင်များသန့်ရှင်းမှု (၂)စက္ခုစတဲ့ ဣန္ဒြေငါးပါးကို ညီညွတ်အောင်ပြုမှု (၃)ထွက်သက် ဝင်သက်ဆိုတဲ့ နိမိတ်မှာ လိမ်မာမှု (၄)တက်ကြွလွန်းသောစိတ်ကို ဖိနှိပ်မှု (၅)ဆုတ်နစ် ပျင်းရိတဲ့ စိတ်ကို အားပေးမှု (၆)ခြောက်သွေ့တဲ့စိတ်ကို ရွှင်စေမှု (၇)ညီညွတ်တဲ့စိတ်ကို လစ်လျူရှုမှု (၈)သမာဓိရှိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲမှု (၉)သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်မှု နဲ့ (၁၀)အပ္ပနာစျာန်ကို ရဖို့ ညီညွတ်တဲ့စိတ်ရှိမှုဆိုပြီး (၁၀)ပါး ရှိတာပါ။ဒီဆယ်ပါးကိုပြည့်စေပြီးတော့ ပဋိဘာဂနိမိတ်မှာ စိတ်ကိုစွဲမြဲအောင်လုပ်ပြီး နေ့ရှည်လများ ရှုတဲ့အနေနဲ့ ရူပဝစရစျာန်ရတဲ့အထိ ပွါးများ နေရ ပါ့မယ်။

ဂဏနာနည်း အနုဗန္ဓနာနည်းနဲ့ ထပနာနည်းရယ်လို့ နည်းသုံးမျိုးတို့ကို အစဉ်အတိုင်း ပွားများဖြစ်ထွန်း၍သွားရာမှာ နိမိတ်သုံးပါး ဘာဝနာသမာဓိ သုံးပါး တို့နဲ့ ခွဲခြားနိုင်ပါသေးတယ်။ ဂဏနာအခန်းမှာထင်မြင်အပ်တဲ့ ထွက်သက်ဝင်သက် အာရုံဟာ ပရိကမ္မနိမိတ်ဖြစ်သလို ပွားများတဲ့ ဘာဝနာသမာဓိလဲ ပရိကမ္မဘာဝနာ သမာဓိ ဖြစ်ပါတယ်။ အနုဗန္ဓနာအခန်းမှာ ထင်မြင်အပ်တဲ့အာရုံဟာ ဥဂ္ဂဟ နိမိတ်ဖြစ်ပြီး ထပနာခေတ်တွင် အပ္ပနာစျာန် မရောက်မီအကြား ပဋိဘာဂနိမိတ်ကို အာရုံပြုပြီးပွားများ သော ဘာဝနာသမာဓိဟာ ဥပစာရဘာဝနာသမာဓိ မည်ပါတယ်။

ထပနာအခန်းမှာ ထင်မြင်တဲ့ပညတ်အာရုံဟာ ပဋိဘာဂနိမိတ်ဖြစ်ပြီး စတုက္ကနည်း အားဖြင့် ပထမစျာန် ဒုတိယစျာန် တတိယစျာန် နဲ့ စတုတ္ထစျာန်လို့ ခေါ်တဲ့ ရူပစျာန်လေးပါး တို့ဟာ အပ္ပနာဘာဝနာ သမာဓိမည်ပါတယ်။ အာနာပါနအလုပ်ကို အားထုတ်ရာမှာ ဂဏနာ အနုဗန္ဓနာအခန်းတွင် ထွက်သက်ဝင်သက် ဆိုတဲ့ ကမ္မဋ္ဌာန်း အာရုံဟာအဆင့်ဆင့် သိမ်မွေ့သွားလို့ ပျောက်ကွယ်သလို ဖြစ်တတ်ပါတယ်။ အဲလိုဖြစ်တဲ့အခါ စိတ်ကို ထိရာဌာန၌ထားမြဲထားပြီး တအားသိမ်မွေ့တဲ့ အဲဒီအာရုံကို အဲဒီ နေရာမှာ ပြန်ရအောင် လုပ်ယူရပ့ါမယ်။ ရအောင်လုပ်ယူလို့အာရုံ ထင်ရှားပြန်ပေါ်ပြီး သည့်နောက် မကြာမီ ပဋိဘာဂနိမိတ် ပေါ်လာပါလိမ့်မယ်။ ဥပစာရစျာန် သို့ ဆိုက်ရောက်မယ်။ နီဝရဏတရား

ငါးပါးကွာပြီး ကာမာဝစရဘာဝနာ ဥပစာရသမာဓိကို ဥပစာရဈာန်လို့ ခေါ်ပါတယ်။
(*လယ်တီဆရာတော်ဘုရားကြီး ရေးသားသော အာနာပါနဒီပနီကို မှီး၍ရေးသည်*)

## ဝိပဿနာကမ္မဋ္ဌာန်း

ဤဝိပဿနာ ကမ္မဋ္ဌာန်းအဖွင့်၌ (၁) ဝိသုဒ္ဓိ ၇ ပါး (၂) လက္ခဏာ ၃ ပါး (၃)အနုပဿနာ (၄) ဉာဏ်စဉ် ၁၀ ပါး (၅) ဝိမောက္ခ ၃ ပါး (၆) ဝိမောက္ခမုခ ၃ ပါးတို့ကိုပြဆို၏။

### *ဝိသုဒ္ဓိ = စဉ်ကြယ်မှု (၇) ပါး*

၁။ သီလဝိသုဒ္ဓိ = စတုပါရိသုဒ္ဓိသီလ၏စင်ကြယ်ခြင်း။
၂။ စိတ္တဝိသုဒ္ဓိ = ဥပစာရသမာဓိ၊အပ္ပနာသမာဓိစိတ်၏ စင်ကြယ်ခြင်း။
၃။ ဒိဋ္ဌိ ဝိသုဒ္ဓိ = နာမ်ရုပ်ကို သိမ်းဆည်းသော ဉာဏ်၏စင်ကြယ်ခြင်း။
၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ = နာမ်ရုပ်တရား ၂ ပါး၏ အကြောင်းတရားကို သိမ်းဆည်းသည် ဖြစ်၍ ၁၆ ပါးသော ယုံမှားခြင်းကို လွန်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်းကို သိမြင်နိုင်သော ဉာဏ်၏စင်ကြယ်ခြင်း။
၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ = ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်ကို သိမ်းဆည်းသောအားဖြင့် မဂ်ဟုတ်သည် မဟုတ်သည်ကို သိမြင်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်း။
၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ = ဥဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမ ဉာဏ်တိုင်အောင် ၉ ပါးသော ဝိပဿနာ ဉာဏ်ဟုဆိုအပ်သော မဂ်တည်း ဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ အကျင့်ဖြစ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း။
၇။ ဉာဏဒဿန ဝိသုဒ္ဓိ = နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်၏ စင်ကြယ်ခြင်း။

## သီလဝိသုဒ္ဓိ

၁။ ရဟန်းတို့မှာ ပါတိမောက်၌လာသော ၂၂၇ ပါးသော သိက္ခာပုဒ်တော် အပေါင်းသည် ပါတိမောက္ခသံဝရသီလ မည်၏။
၂။ စက္ခုစသော ဣန္ဒြေကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။

၃။ မြတ်စွာဘုရားစက်ဆုပ်အပ်သော မိစ္ဆာဇီဝမှုဖြင့်ရသော ပစ္စည်းတို့က ရှောင်ကြဉ်၍ တရားသဖြင့်ရသော ဓမ္မိယ လဒ္ဓကပ္ပိယပစ္စည်း ၄ ပါးတို့ကိုသာ မှီဝဲသုံးဆောင်၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏

၄။ တရားသဖြင့်ရအပ်သော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းသည် ပစ္စယသန္နိဿိ တသီလ မည်၏။ ဤ သီလလေးပါး၏ လုံခြုံပြည့်စုံ စင်ကြယ်မှု သည် သီလဝိသုဒ္ဓိမည်၏။

လူတို့မှာသော်ကား ငါးပါးသီလ၊ရှစ်ပါးသီလ၊ဆယ်ပါးသီလတို့ကို ကောင်းစွာ လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်း ခြင်းသည် ပါတိမောက္ခ သံဝရသီလမည်၏။ ဣန္ဒြိယသံဝရသီလ မှာ ရဟန်းတော်တို့နှင့်တူ၏။ မိစ္ဆာဇီဝအမှုဖြင့်ရသော ပစ္စည်းတို့ကို ရှောင်ကြဉ်၍ ကောင်းသော ကုန်သွယ်ခြင်း စသော တရားသဖြင့်ရသော ပစ္စည်းတို့ကိုသာ မှီဝဲ၍ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။ တရားသဖြင့် ရှာကြံရအပ်သော အဝတ်ပုဆိုးအစာအာဟာရတို့ကို ပဋိကူလသညာ စတုဓာတုဝဝတ္ထာန်တို့ဖြင့် အောက်မေ့ဆင်ခြင်၍ စည်းစိမ်ဥစ္စာဖြင့် မိန်းမောတွေဝေခြင်းသို့မရောက်စေပဲ သုံးဆောင် ခံစား မှီဝဲခြင်းသည် ပစ္စယသန္နိဿိတ သီလမည်၏။

## စိတ္တဝိသုဒ္ဓိ

ဥပစာရသမာဓိ၊အပ္ပနာသမာဓိ ၂ ပါးသည် (ဝါ) သမာဓိ ၂ ပါးနှင့်ယှဉ်သော စိတ်သည် ကာမစ္ဆန္ဒနီဝရဏစသော အညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။ ဝိပဿနာကမ္မဋ္ဌာန်းကို အဟုတ်ကြိုးပမ်းမည့် ယောဂီသည် သမထကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဥပစာရ သမာဓိလောက်ဖြစ်စေ၊ အပ္ပနာသမာဓိသို့ရောက်အောင် ဖြစ်စေ အားထုတ်၍ နီဝရဏတို့မှစင်ကြယ်စေသဖြင့် ဝိပဿနာကမ္မဋ္ဌာန်း အာရုံထိ ရောက်စေနိုင်၏။

## ဒိဋ္ဌိဝိသုဒ္ဓိ

ပရမတ္ထတရားတို့၌ ယောဂီပုဂ္ဂိုလ်များသိဖို့ရန် အမှတ်အသား တစ်မျိုးစီ ရှိကြ၏။ ထိုအမှတ်အသားကို လက္ခဏာ ဟုခေါ်သည်။ ပရမတ္ထတရားတို့၏ ပြုဖွယ်ကိစ္စဟူသော ကိစ္စရသ၊ အကြောင်းစုံညီ၍ ဖြစ်ပုံဟူသော သမ္ပတ္တိရသ ၂ မျိုးသည် ရသမည်၏။ ဉာဏ်အား ရှေးရှုထင်လာသော အခြင်းအရာ အကျိုးတရားသည် ပစ္စုပဋ္ဌာန်မည်၏။ နီးစွာသော အကြောင်းတရားသည် ပဒဋ္ဌာန်မည်၏။

စိတ်၊ စေတသိက်ဟူသော နာမ်နှင့် နိပ္ဖန္နရုပ်တရားတို့ကို လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တင်၍ ဆင်ခြင်လိုက် သောအခါ သိမှုသည်စိတ်၊ ခံစားမှုသည် ဝေဒနာ၊မှတ်သားမှုသည် သညာ၊ ပြုလုပ်အားထုတ်မှုကား သင်္ခါရ၊ ဖေါက် ပြန်တတ်သော ဤခန္ဓာကိုယ်ကြီးကား ရုပ်တည်းဟု သိမြင်ခြင်းသည်ပင် အတ္တစွဲလန်းမှုဟူသော အညစ်အကြေး မှ ကင်းဝေးစင်ကြယ်စေသောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဤသို့ ဆင်ခြင်ဖန် များလျှင် သတ္တဝါမရှိ၊ပုဂ္ဂိုလ်မရှိ၊အတ္တ မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ရုပ်နာမ်သာရှိသည်ဟု မိမိရရ သဘောကျသဖြင့် အတ္တဒိဋ္ဌိ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိနယ်သို့ရောက်လေပြီ။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ကား အဝိဇ္ဇာ သင်္ခါရ ဟေတုစသော အကြောင်းတရားကြောင့်ဖြစ်၏။ ရုပ်ကား ကံစသော အကြောင်းတရား ကြောင့်ဖြစ်၏ဟု ရုပ်နာမ်တို့၏ ဖြစ်ကြောင်းကို ကောင်းကောင်းသိမြင်သောအခါ ရှေးရှေးဘဝတုန်းကလည်း အကြောင်းအားလျော်စွာ ရုပ်နာမ်ခန္ဓာတို့ ဖြစ်ခဲ့လှပြီ။ ရဟန္တာမဖြစ်သေးသမျှ နောက်နောင်ဘဝတို့၌လည်း အကြောင်း အားလျော်စွာ ဖြစ်ကြရလိမ့်ဦးလတံ့ဟု သဘောကျသဖြင့် ၁၆ ပါးသော ယုံမှားမှုများကို လွတ်မြောက်၍ တည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

### ကင်္ခါ = ယုံမှားခြင်း (၁၆) ပါးကား

(၁)ငါသည် လွန်လေပြီးသော ကာလ၌ ဖြစ်ဖူးပြီလော၊ (၂)လွန်လေပြီးသော ကာလ၌ မဖြစ်ဖူးလေသလော (၃)အဘယ်သို့သောသူ ဖြစ်ဖူးလေသနည်း (၄)အဘယ်ပုံ သဏ္ဌာန်ဖြင့် ဖြစ်ခဲ့ပါလိမ့်မည်နည်း (၅)တတိယဘဝက ဘယ်ပုံဖြစ်ခဲ့၍ လွန်ပြီးသော ဒုတိယ ဘဝ၌ ဘယ်လိုဖြစ်ခဲ့ပါလိမ့်မည်နည်းဟု အတိတ်ဘဝအတွက် ယုံမှား ချက် (၅) ပါး အနာဂတ် ဘဝအတွက် (၅) ပါး ပေါင်း ၁၀ ပါးဖြစ်၏။

ပစ္စုပ္ပန်အတွက် ယုံမှားခြင်း ၆ ပါးမှာ (၁) ငါဟုတ်လေသလော (၂)ငါမဟုတ်လေသလော (၃)အဘယ်သို့သော သူသည် ငါဖြစ်လေသနည်း (၄)အဘယ်သို့သော အခြင်းအရာအားဖြင့် ငါဖြစ်လေသနည်း (၅)ဤငါဖြစ်သော သတ္တဝါ အတ္တဘောသည် အဘယ်ဘဝက လာခဲ့လေသနည်း (၆)ထိုအတ္တဘော သည် အဘယ်ဘဝ သို့ လားရလတံ့နည်း။

ကင်္ခါဝိတရဏဝိသုဒ္ဓိသို့ရောက်ပါက သောတာပန် အငယ်စား ဖြစ်သည်။ စူဠသောတာပန် ဟုလည်း ခေါ်သည်။ တရားထူး တရားစစ်ကိုရသေးသည် မဟုတ်၍ သောတာပန်အစစ် မဖြစ်သေးသော်လည်း စူဠသောတာပန်ဟုပင် ခေါ်ရသည်။ သောတာပန်အငယ်စား စူဠသောတာပန်ဖြစ်ပါက သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့နှင့် ပြည့်စုံပြီးဖြစ်၍ ကမ္မထမြောက်သည့် ဒုစရိုက်များကို ပြုကျင့်တော့မည်မဟုတ်ချေ။ ထို့ကြောင့် အရိယာစခန်းသို့ မတက်လှမ်းမီ ကွယ်လွန်သွားလျှင်လည်း သုဂတိဘဝသို့ ကေန်မုချ ရောက်ပေလိမ့်မည်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ရှေးဝိသုဒ္ဓိလေးပါးအခိုက်၌ အနိစ္စ၊ဒုက္ခ၊အနတ္တဟုမရှုသေး သီလဝိသုဒ္ဓိဖြင့် သီလကိုစင်ကြယ်စေခဲ့၍ စိတ္တဝိသုဒ္ဓိ ဖြင့် သမာဓိရအောင် အားထုတ်ခဲ့၏။ ဒိဋ္ဌိဝိသုဒ္ဓိနာမ်ရုပ်တို့ကို ပိုင်းခြား၍ သိစေခဲ့၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ နာမ် ရုပ်တို့၏ အကြောင်းရင်းကို ရှာဖွေခဲ့၏။ ယခုအခါ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ဖို့ရာ အကြောင်းနှင့်တကွသိပြီးသော တေဘူမကနာမ်ရုပ် တို့ကို လက္ခဏာယာဉ် သုံးပါးသို့ တင်၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ဆင်ခြင် တော့သည်။ သုံးသပ် တတ်သော ဉာဏ်ကို သမ္မသနဉာဏ်ခေါ်သည်။

သမ္မသနသည် ကလာပသမ္မသန၊ အဒ္ဓါသမ္မသန၊ သန္တတိသမ္မသန၊ ခဏသမ္မသနဟု ၄ မျိုးရှိ၏။ အတိတ်ဘဝ၌ ဖြစ်သော ရုပ်နာမ် စသည်ဖြင့်မခွဲခြားဘဲ ရူပက္ခန္ဓာ အားလုံး ဝေဒနာက္ခန္ဓာအားလုံးစသည်ဖြင့် ခန္ဓာတစ်ခု တစ်ခုကို အပေါင်းပြု၍ သုံးသပ်ခြင်းသည် ကလာပသမ္မသနမည်၏။ အတိတ်ဘဝ၌ဖြစ်သော ရူပက္ခန္ဓာ ပစ္စုပ္ပန်ဘဝ ၌ ဖြစ်သော ရူပက္ခန္ဓာစသည်ဖြင့် ဘဝခွဲခြား၍ သုံးသပ်ခြင်းသည် အဒ္ဓါသမ္မသနမည်၏။ အအေးရုပ်အစဉ် အပူရုပ်အစဉ် စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်ခြင်းသည် သန္တတိသမ္မသနမည်၏။ ရုပ်အစဉ် တစ်မျိုးတည်း၌ပင် ဥပါဒ်၊ ဌီ၊ ဘင် ဟူသောခဏအားဖြင့်ခွဲ၍ သုံးသပ်ခြင်းသည် ခဏသမ္မသန မည်၏။

## ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ

ဝိပဿနုပက္ကိလေသတို့မှ လွတ်ပြီးသော ယောဂီသည် ဥဒယဗ္ဗယ ဉာဏ်မှစ၍ အနုလောမတိုင်အောင် ဝိပဿနာ ဉာဏ် ၉ ပါးကို အစဉ်အတိုင်း တစ်ဖန်ထူထောင်၍ လက္ခဏာယဉ်သုံးပါးကို ပွားများအားထုတ်ပြန်ရာ ထိုဉာဏ် ၉ ပါးကိုပိုင်သော ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ် ၉ ပါးသည် သိတတ် မြင်တတ် သောကြောင့် ဉာဏဒဿန မည်၏။

ထို ဉာဏဒဿနမည်သော ဝိပဿနာဉာဏ် ၉ ပါးသည်ပင် နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်မြတ် ဖြစ်သောကြောင့် ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိမည်၏။

## ဉာဏဒဿနဝိသုဒ္ဓိ

ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ဆိုသည်မှာ ဝိပဿနာ၏ အထွတ်အထိပ်သို့ ရောက်သော အနုလောမဉာဏ်နှင့်တကွ သင်္ခါရုပေက္ခာဉာဏ်ကို အပါယ် စသည်မှလည်းကောင်း၊ သင်္ခါရနိမိတ်မှလည်းကောင်း ထွက်မြောက်၍ မဂ်သို့ ရောက်ကြောင်း ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ထက်သန် လာသောအခါ သန္တိကရဏကိစ္စဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင်ပေါက်ရောက်၍ မဂ်ဉာဏ်ဖြစ်ပေါ်လာသည်။ ထိုမဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

## လက္ခဏာ = သင်္ခါရတရားတို့၏အမှတ်အသား (၃)ပါး

၁။ အနိစ္စလက္ခဏာ = ရုပ်နာမ်တရားတို့၏ မတည်မြဲခြင်း၊ ပျက်စီးတတ်ခြင်း အမှတ်အသား။

၂။ ဒုက္ခလက္ခဏာ = ရုပ်နာမ်တရားတို့၏ အဆက်မပြတ် ဖြစ် ပျက် ပြောင်းလဲခြင်း ပျက်စီးကုန်ဆုံးခြင်းတို့ဖြင့် နှိပ်စက်ညှင်းပန်းအပ်သော ဆင်းရဲပင်ပန်းခြင်း အမှတ်အသား။

၃။ အနတ္တလက္ခဏာ = ရုပ်နာမ်တရားတို့သည် ဖြစ်မြဲဓမ္မတာအတိုင်း ဖြစ်ပျက် သွားခြင်း၊ ပုဂ္ဂိုလ်တစ်ဦးစီ၏ အလိုသို့မလိုက်ပါခြင်း ၊အနှစ်သာရမရှိခြင်း၊ ငါဟုမှတ်အပ်သည့် အတ္တမရှိခြင်းတည်းဟူသော အခြင်းအရာ အမှတ်အသား။

## အနုပဿနာ (၃) ပါး (သင်္ခါရတရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တဟု အဖန်ဖန် ရှုတတ်သောဉာဏ်)

၁။ အနိစ္စာနုပဿနာ=ရုပ်နာမ်တို့ကို အနိစ္စတည်းဟု အဖန်ဖန်ရှုမှတ်တတ် သောဉာဏ်။

၂။ ဒုက္ခာနုပဿနာ= ရုပ်နာမ်တို့ကို ဒုက္ခတည်းဟု အဖန်ဖန်ရှုတတ်သော ဉာဏ်။

၃။ အနတ္တာနုပဿနာ=ရုပ်နာမ်တို့ကို အနတ္တတည်းဟု အဖန်ဖန်ရှုတတ်သော ဉာဏ်။

## ဝိပဿနာဉာဏ် (၁၀) ပါး ဉာဏ်စဉ် (၁၀) ပါး

၁။ သမ္မသနဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တအားဖြင့် သုံးသပ်သော အစွမ်းဖြင့် ဖြစ် စေသောဉာဏ်။

၂။ ဥဒယဗ္ဗယဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ဖြစ်ခြင်းပျက်ခြင်း ၂ ပါးကို အဖန်တလဲလဲ ရှုသောအစွမ်း ဖြင့်ဖြစ်သောဉာဏ်။

၃။ ဘင်္ဂဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၏ ပျက်ခြင်းတစ်ပါးကိုသာ အဖန်တလဲလဲ ရှုတတ်သောဉာဏ်။

၄။ ဘယဉာဏ် = ပျက်ခြင်း၏အစွမ်းဖြင့်ဖြစ်သော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အလွန်ကြောက်လန့်ဖွယ်ဘေးကြီးဟု အဖန်တလဲလဲ ရှုသောအစွမ်းဖြင့် ဖြစ်သော ဉာဏ်။

၅။ အာဒီနဝဉာဏ် = ဘေးကြီးဟု မြင်အပ်ပြီး၊ထင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသောဉာဏ်။

၆။ နိဗ္ဗိဒါဉာဏ် = အပြစ်ဟုမြင်အပ်ပြီး ထင်အပ်ပြီးသော ခန္ဓာငါးပါး သင်္ခါရတရားတို့၌ ငြီးငွေ့သော အစွမ်းဖြင့် ဖြစ် သောဉာဏ်။

၇။ မုစ္စိတုကမျတာဉာဏ် = ငြီးငွေ့၍ ထိုခန္ဓာငါးပါး သင်္ခါရတရားတို့မှ လွတ်မြောက်ခြင်းငှါ အလိုရှိသည်၏ အစွမ်း ဖြင့် ဖြစ်သောဉာဏ်။

၈။ ပဋိသင်္ခါဉာဏ် = သင်္ခါရတို့မှ လွတ်မြောက်ခြင်း၏ အကြောင်း၏ပြည့်စုံခြင်းငှာ တစ်ဖန် ခန္ဓာငါးပါး သင်္ခါရ တရားတို့ကို သိမ်းဆည်းခြင်းအစွမ်းဖြင့် ဖြစ်သောဉာဏ်။

၉။ သင်္ခါရုပေက္ခာဉာဏ် = ခန္ဓာငါးပါး သင်္ခါရတရားတို့၌ကြောက်ခြင်း နှစ်သက်ခြင်းမှ ကင်းသည် ၏ အစွမ်းဖြင့် လျစ်လျူရှု၍ဖြစ်သောဉာဏ်။

၁၀။ အနုလောမဉာဏ် = အနိစ္စအစရှိသော လက္ခဏာကိုရှုသည်၏အဖြစ်ဖြင့် အောက်၌ဖြစ်သော ဝိပဿနာ ဉာဏ် ၉ ပါးတို့အားလည်းကောင်း၊အထက်၌ ၃၇ ပါးသော ဗောဓိပက္ခိယတရားတို့နှင့်လျော်သော (ဝါ) မဂ်ဖြစ် ခြင်းငှာ လျော်သော ဉာဏ်။

## ဝိမောက္ခ (၃) ပါး

ကိလေသာတို့မှ လွတ်သောမဂ်၊ဖိုလ်တရားကို ဝိမောက္ခဟုခေါ်၏။

၁။ သုညတဝိမောက္ခ = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ အတ္တ မရှိဟု အနတ္တာနုပဿနာဉာဏ် ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်၊ဖိုလ်။

၂။ အနိမိတ္တဝိမောက္ခ = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ နိမိတ္တ ခေါ်ပုံသဏ္ဌာန် မရှိကြောင်းကို အနိစ္စာနုပဿနာ ဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ်၊ဖိုလ်။

၃။ အပ္ပဏိဟိတဝိမောက္ခ = ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ တဏှာပဏိဓိ ခေါ် တောင့်တတတ်သော တဏှာဖြင့် တောင့်တအပ်သည့် သုခ မရှိကြောင်း ဒုက္ခာနုပဿနာဉာဏ်ဖြင့် မြင်သိ၍ ကိလေသာမှ လွတ်မြောက်သော မဂ် ဖိုလ်။

## ဝိမောက္ခမုခ (၃) ပါး

၁။ အနတ္တာနုပဿနာ = သုညတာနုပဿနာမည်သော ဝိမောက္ခမုခ။ ခန္ဓာကိုယ် ရုပ်နာမ်သင်္ခါရ၌ အတ္တမရှိဘဲ သုညချည်းဖြစ်သည်ကို ရှုမြင်တတ်သော အနတ္တာနုပဿနာသည် သုညတာနုပဿနာ မည်သော ဝိမောက္ခမုခ ဖြစ်၏။

၂။ အနိစ္စာနုပဿနာ = အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခ။ ခန္ဓာကိုယ် ရုပ်နာမ်သင်္ခါရ၌ ပုံသဏ္ဌာန်နိမိတ် မရှိကြောင်းကို ရှုမြင်တတ်သော အနိစ္စာနုပဿနာသည် အနိမိတ္တာနုပဿနာ မည်သော ဝိမောက္ခမုခဖြစ်၏။

၃။ ဒုက္ခာနုပဿနာ = အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခ ။ ခန္ဓာကိုယ် ရုပ်နာမ်သင်္ခါရ၌ ချမ်းသာ သုခ မရှိကြောင်းကို ရှုမြင်တတ်သော ဒုက္ခာနုပဿနာသည် အပ္ပဏိဟိတာနုပဿနာမည်သော ဝိမောက္ခမုခ ဖြစ်၏။

## ဝိသုဒ္ဓိနှင့် ဉာဏ်စဉ်ဖြစ်ပုံ

## စိတ္တဝိသုဒ္ဓိဖြစ်ပုံ

ဝင်သက် ထွက်သက် ကိုရှုမှတ်ဖန်များတဲ့အခါ တခြားသို့ ပျံ့လွင့်တဲ့ စိတ်မှာ မရှိသလောက်ပင်ကင်းငြိမ်းနေလိမ့်မယ်။တခြားသို့ စိတ်ထွက်သွားလျှင်လဲ ချက်ချင်းပင် သိနိုင်ပြီး ချက်ချင်းပင် အဲဒီစိတ် ပြတ်စဲသွားလိမ့်မယ်။ တခါတရံ တခြားသို့ စိတ်ဦးလှည့်လိုက်တာကိုပင် ရှုသိနိုင်ပြီး တခြားသို့စိတ်မထွက်တော့ပဲ ရှုမှတ်မြဲပင် တစ်စဉ်တည်း အခြေမပျက် ရှုသိနေနိုင်တာကိုလဲ တွေ့ရပါလိမ့်မယ်။ အဲဒီအခါမှာ ရှုမှတ်ရာ ရှုမှတ်ရာအာရုံ၌ အမှတ်သတိ မှတ်သိ စိတ်ရဲ့ ကပ်ခနဲ ကပ်ခနဲ အံကျကိုက်လျက် တည်တည်နေတဲ့ သမာဓိဟာ ဝိပဿနာခဏိက သမာဓိမည်တယ်။ ကာမစ္ဆန္ဒစတဲ့ နီဝရဏတို့မှကင်းနေတာကြောင့် သမထ လမ်းက ဥပစာရသမာဓိနဲ့လဲညီမျှတယ်။

ပျံ့လွင့်ပြေးသွားတဲ့ အဲဒီနီဝရဏနဲ့ ရောနှောခြင်းမရှိပဲ ရှုသိမှု ဘာဝနာစိတ်ချည်း ရှေ့နောက်တစ်စိတ်တည်း စင်ကြယ်လျက် ရှိတကြောင့် စိတ္တဝိသုဒ္ဓိလဲမည်ပါတယ်။

## နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ

အဲဒီအခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုသိတဲ့ ဖောင်းမှု ပိန်မှုစတဲ့ ရုပ်နာမ်အပေါင်းကို အသိနာမ်နဲ့ရော အခြားရုပ်များ နဲ့ပါမရောယှက်ပဲ သီးသန့် ပိုင်းခြားပြီးသိပါတယ်။ ရှုမှတ်မှု ကြံသိမှု မြင်မှုစတဲ့ နာမ်အပေါင်းကိုလဲ ရုပ်နဲ့ရော အခြားနာမ်များနဲ့ပါ မရောယှက်စေပဲ သီးသန့် ပိုင်းခြားပြီးသိတယ်။ တစ်ကြိမ် တစ်ကြိမ်ရှုမှတ်ခိုက်မှာပင် ကိုယ်နဲ့ ရုပ် အသိစိတ် တခြားစီ ပိုင်းခြားပြီးသိတယ်။ အဲဒီလို နာမ်နဲ့ရုပ်ပိုင်းခြားပြီးသိခြင်းဟာ နာမရူပ ပရိစ္ဆေဒ ဉာဏ် မည်ပါတယ်။

## ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

အဲဒါလိုသိဖန်များတဲ့အခါ ဒီရုပ်ထဲမှာ ဖောင်းမှု ပိန်မှု လှုပ်ရှားမှု စတဲ့ အာရုံကို မသိတတ်တဲ့ရုပ်တရားနဲ့ ရှုသိမှု မြင်သိမှု စတဲ့အာရုံကိုသိတတ်တဲ့ နာမ်တရားရယ်လို့ ဒီရုပ်နာမ်နှစ်မျိုးသာရှိတယ်။ ဒီရုပ်နဲ့နာမ်မှတပါး ပုဂ္ဂိုလ် သတ္တဝါကောင်ဆိုတာမရှိတော့ပြီလို့ သိမြင်သဘောကျတယ်။ရှုမှတ်နေရင်း ဒီလို သဘောကျသွားခြင်းဟာ ဒိဋ္ဌိဝိသုဒ္ဓိ မည် ပါတယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ

ဒီနောက် ဆက်လက်ပြီး အားထုတ်နေရင် ရှုတိုင်း ရှုတိုင်း အကြောင်းအကျိုး ဆက်စပ်ပြီး အဲဒီရုပ်နာမ်များ ဖြစ်ပေါ်နေကြတာကိုလဲ သိမြင်လာတယ်။ သိပုံက ကွေးချင်ဆန့်ချင် လှုပ်ရှားပြုပြင်ချင်ကြတဲ့ စိတ်ကြောင့် ကွေးရုပ်ဆန့်ရုပ် လှုပ်ရှားရုပ် ပြုပြင်ရုပ် များဖြစ်ပေါ်လာကြတာကိုလဲ မျက်မှောက် သိမြင် လာပါတယ်။ အပူအအေးဓာတ် ကြောင့် ပူရုပ် အေးရုပ်များ ပြောင်းလဲ ဖြစ်ပေါ်ကြတာကိုလဲ သိမြင်လာပါတယ်။ အစာအာဟာရ ကြောင့် ရုပ်သစ်များ ဖြစ်ပေါ်ကြတာကိုလဲ မျက်မှောက်တွေ့လျက် သိမြင် သဘောကျတယ်။ ဒါ့ပြင် မျက်စိနဲ့အဆင်း နားနဲ့အသံစတဲ့ တွေ့ ဆုံမှုအကြောင်းများကြောင့် မြင်မှု ကြားမှုစတဲ့ အကျိုးတရားများ ဖြစ်ပေါ်လာကြတာကိုလဲ ရှုမှတ်ရင်း သိမြင်လာ တယ်။

ဖေါင်းမှု ပိန်မှု စတဲ့ရှုမှတ်စရာအာရုံ ရှိတာကြောင့် ရှုသိမှု ဖြစ်ပေါ်လာတာကိုလဲ ရှုမှတ်ရင်း သိမြင်သဘောကျတယ်။ နှလုံးသွင်းမှု ရှိတာကြောင့် ထိုထိုအာရုံများဆီသို့ စိတ်က ရောက်ရောက်သွားတာ ကိုလဲ မျက်မှောက်တွေ့ လျက် သိမြင် သဘောကျတယ်။ ဒါ့အပြင် ကောင်းစားတယ် ချမ်းသာတယ်လို့ ထင်မှားတဲ့ အဝိဇ္ဇာ ကောင်းစား ချမ်းသာချင်

တဲ့ တဏှာများကြောင့် ကြံစည်အားထုတ် ပြုလုပ်နေကြပုံ၊ အဲဒီလို ပြုလုပ်မိရာကိုပင် စွဲလမ်းပြီး စိတ်ဝိညာဉ် အသစ်အသစ်ဖြစ်ဖြစ်နေပုံများကိုလဲ သိမြင် သဘောကျတယ်။ သေခြင်းဆိုတာလဲ ရှုသိရတဲ့ဒီစိတ်မျိုး နောက်ဆုံးပျောက်ကွယ်သွားခြင်း ပင်ဖြစ်တယ်။ ဘဝအသစ်ဖြစ်ခြင်းဆိုတာလဲ မှီရာရုပ်နဲ့အတူ ဒီစိတ်လေးမျိုး အသစ်ဖြစ်ပေါ် လာခြင်းပင် ဖြစ်တယ်လို့ ဒီလိုစသည်ဖြင့်လဲ သိမြင် သဘောကျ တယ်။ ဒီလိုအကြောင်း တရားပါ သိမြင်ခြင်းကို ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်တယ် လို့ခေါ်ပါတယ်။

## ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ပုံ

ဒီလိုအကြောင်းအကျိုးမျှကိုသာ ဆက်စပ်လျက်ဖြစ်နေပုံကို သဘောကျ သိရတဲ့အခါ ရှေးကလဲ ဒီလိုအကြောင်း အကျိုးရုပ်နာမ်မျှသာရှိခဲ့တယ်၊ နောက်လဲ ဒီလိုအကြောင်းအကျိုး ရုပ်နာမ်မျှသာရှိလိမ့်မယ် လို့လဲသိမြင် နားလည် လာပါတယ်။ ဒီလိုသိမြင်တာကို ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်တယ်လို့ခေါ်ပါတယ်။ ဒီလိုအကြောင်းအကျိုး ရုပ်နာမ်မျှသာရှိတယ်လို့ မသိသေးမီက အဲဒီ ရုပ်နာမ်များ ပင်ကိုပင် အတ္တကောင် ငါကောင် လို့ မှတ်ထင်ပြီး ရှေးကလဲ ငါရှိခဲ့လေသလား အခုမှပဲ ငါရှိလာသလား ဒီ ငါဟာသေပြီး နောက်မှာလဲရှိဦးမှာလား လို့တွေးတောယုံမှားမှုမျိုး ဖြစ်ပေါ်နိုင်ပါတယ်။ အခုတော့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်တာကြောင့် အဲဒီလိုယုံမှားမှုမျိုး မဖြစ်တော့ပြီ၊ အဲဒီယုံမှားမှုမျိုးကို လွန်မြောက်သွားပြီလို့ ဆိုလိုပါတယ်။

## သမ္မသနဉာဏ်ဖြစ်ပုံ

ဆက်လက်ပြီးအားထုတ်နေရင် ရှုမှတ်တိုင်း ရှုမှတ်တိုင်းသော ရုပ်နာမ်များဟာ ဖြစ်ပေါ်လာပြီးရင် ပျောက်ပျောက် သွားကြတာကိုသာ တွေ့ရတာကြောင့် မမြဲဘူးလို့လဲ သုံးသပ်ဆင်ခြင်မိတယ်။ ဒါဟာအနိစ္စာနုပဿနာဉာဏ်ပဲဖြစ်ပါတယ်။ ဖြစ်လိုက်ပျက်လိုက်နဲ့ ဖြစ်မှုပျက်မှုက မပြတ် နှိပ်စက်နေတာကိုသာ တွေ့ရတာကြောင့် နှစ်သက်သာယာဖွယ် အားကိုးဖွယ်မရှိ၊ ကြောက်ဖွယ်ကောင်းတဲ့ ဆင်းရဲချည်းပဲ လို့လဲ သုံးသပ် ဆင်ခြင် မိလာတယ်။ ဒါဟာ ဒုက္ခာနုပဿနာဉာဏ်ပဲ ဖြစ်ပါတယ်။ ကိုယ့်အလိုအတိုင်း မဖြစ်ပဲ သူ့ သဘောအတိုင်းသာ ဖြစ်ပျက်နေတာကို တွေ့ရတာကြောင့် အစိုးရတဲ့ အတ္တကောင် ငါကောင် မဟုတ် အနတ္တသဘောတရားချည်းပဲလို့လဲ သုံးသပ်ဆင်ခြင်မိ ပါတယ်။ ဒါဟာ အနတ္တာနုပဿနာဉာဏ် ပဲဖြစ်ပါတယ်။

# နသော ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ

အဲဒီလို သုံးသပ်ဆင်ခြင်လို့ အားရတဲ့အခါ မသုံးသပ်မဆင်ခြင်တော့ပဲ ရှုမှတ်ရုံသာ ရှုမှတ်လျက်ရှိပါတယ်။ အဲဒီအခါ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ရှုမှတ်မိတဲ့ အာရုံရဲ့ အစဖြစ်ပေါ်လာပုံကိုလဲ ရှင်လင်းပြတ်သားစွာ သိတယ်။ အဲဒီ အာရုံရဲ့ တိခနဲတိခနဲ ပြတ်ပြတ်သွားပုံကိုလဲ ရှင်းလင်းပြတ်သွားစွာသိရတယ်။ အလင်းရောင်များ နှစ်သိမ့်ကျေနပ်မှုများ စိတ်အေးချမ်းသာမှုများ ဘုရား တရား သံဃာနဲ့ စပ်တဲ့ကြည်ညိုမှုများ ထက်သန်တဲ့ အားထုတ်လိုမှုများ ဝမ်းသာမှုများ အလွန်လျင်မြန်သန့်ရှင်းတဲ့သိမှုများ ရှုစရာအာရုံတွေကို အလွတ်မရှိအောင် အမှတ်ရလျက် ရှုမှတ် နိုင်မှုများ ကြောက်ကြမစိုက်ရပဲ ရှုမှတ်နိုင်မှုများ ရှုမှတ်ရာ၌ပျော်လျက် နှစ်သက်သာယာမှုများ စတဲ့ထူးခြားတဲ့ တရားများလဲ ဖြစ်ပေါ်လာတတ်ပါတယ်။ဒါကြောင့် ယောဂီဟာ မိမိရဲ့ ဖြစ်ပုံများကို မပြောဘဲ မနေနိုင်လောက်အောင် ဝမ်းသာတက်ကြွနေတတ်ပါတယ်။ တရားထူးရပြီလို့လဲ ထင်မှားနေတတ်ပြန်ပါတယ်။ ဒါဟာ နတဲ့ ဥဒယဗ္ဗယဉာဏ်နဲ့ မဂ်မှား ဖြစ်ပုံပါပဲ။ အဲဒီပေါ်လာတဲ့ ထူးခြားတဲ့ အရာတွေကို ဝိပဿနာညစ်ညူးကြောင်းလို့လဲ ခေါ်ပါ တယ်။

## ***ဝိပဿနာညစ်ညူးကြောင်းတရား (၁၀) ပါး***

၁။ ဩဘာသ = ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုရှင်းလင်းစွာ သိမြင်သောအခါ လွန်စွာစိတ်ကြည်လင်ရကား ကိုယ်မှ အရောင်အလင်းတို့သည် ထွက်ဖြာကုန်၏။

၂။ ပီတိ = အလင်းရောင် သာမကသေး ခုဒ္ဒိကာပီတိစသော ၅ ပါးသော ပီတိမျိုးလည်း ဖြစ်ပေါ်၍ နှစ်သက်၏။

၃။ ပဿဒ္ဓိ = ကိုယ်စိတ် နှစ်ပါးလုံး အေးမြငြိမ်းချမ်းသဖြင့် ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ဖြစ်၏။

၄။ အဓိမောက္ခ = ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင်ဆုံးဖြတ်တတ်သော သဒ္ဓါ တရားလည်း ဖြစ်ပေါ် ၏။ ( သဒ္ဓါလွန်၊ သ မာဓိလွန်ကဲမှု)

၅။ ပဂ္ဂဟ = ဝိပဿနာစိတ်ကို နောက်မဆုတ်အောင် အားပေးချီမြှောက် ထောက်ပံ့တတ်သော ဝီရိယလည်း ဖြစ်ပေါ်၏။ ( ဝီရိယလွန်ခြင်း = သမ္မပ္ပဓာန် ကိစ္စကို ပြီးစေတတ်သော ဝီရိယ)

၆။ သုခ = တစ်ကိုယ်လုံး၌ စိတ္တဇရုပ်တွေကို ပျံ့နှံ့ထုံမွှမ်းစေတတ်သော သုခဝေဒနာလည်းဖြစ်၏။

၇။ ဉာဏ = သွက်လက်လျင်မြန်သော အမြင်သန်သော ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်၏။ ဝရဇိန်ကဲ့သို့ ထက်လွန်းသော ဉာဏ်လွန်ကဲမှု။

၈။ ဥပဋ္ဌာန = မြင့်မိုရ်တောင်ပမာ ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာတည်တံ့သော သတိလည်း ဖြစ်၏။

၉။ ဥပေက္ခာ = အဖြစ်အပျက်ကိုရှုရန် ဗျာပါရမပြုရတော့ဘဲ အသင့်အားဖြင့် ရှုနိုင်သော ဝိပဿနာဉာဏ်နှင့် ယှဉ်သော တတြမဇ္ဈတ္တုပေက္ခာမည်သော ဝိပဿနုပေက္ခာ။ ထိုဖြစ်မှုပျက်မှုကို ဆင်ခြင်လိုသည့်အခါ ဆင်ခြင် နိုင်သော အာဝဇ္ဇနုပေက္ခာဟူသော ဥပေက္ခာ ၂ မျိုးလည်းဖြစ်၏။

၁၀။နိကန္တိ = သြဘာသစသည်တို့ဖြင့်ဖြစ်သော ဝိပဿနာကို သာယာနှစ်သက်နေတတ်သော တဏှာလည်း ဖြစ်၏။

(ဝိပဿနာ ညစ်ညူးကြောင်းတရား ဆယ်ပါးသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်သောအခါတွေ့ရတတ်၏ ထိုညစ်ညူးကြောင်းတရားတို့၌သာ နှစ်သက်နေပါက မဂ်ဉာဏ်လုံးဝမဖြစ်နိုင်တော့ပါ)

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

အလင်းရောင်စသည်များကို တရားထူးမဟုတ်သေးဘူး၊ ပေါ်လာသမျှကို ရှုမှတ်ရုံမျှ မပြတ်ရှုမှတ်နေခြင်းကသာ တရားထူးရရန် ဝိပဿနာ လမ်းမှန်ဖြစ်တယ်လို့လဲ ကျမ်းဂန် ဗဟုသုတအရ ဖြစ်စေ၊ ဆရာတို့ရဲ့ ညွှန်ပြချက်စကားအရဖြစ်စေ ယုံကြည် ဆုံးဖြတ်ရတယ်။ ဒီလိုဆုံးဖြတ်နိုင်တာကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်တယ်လို့ဆိုပါတယ်။

## ရင့်သော ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံ

ဒီလိုဆုံးဖြတ်မိပြီးနောက် ဆက်လက်ရှုမှတ်နေရင် အလင်းရောင် နှစ်သိမ့်အားရမှုစတာတွေဟာတဖြည်းဖြည်း နည်းပါးသွားပါတယ်။သိမှုကလဲ သာပြီး ရှင်းလင်းပြတ်သားလာတယ်။လက်ခြေတစ်ကွေး တစ်ဆန့်အတွင်း ခြေတစ်လှမ်းအတွင်းမှာပင် တစ်နေရာမှ တစ်နေရာသို့မရောက်ပဲ တစ်ရွေ့ချင်း တစ်ရွေ့ချင်း ဖြစ်ပျက်သွားတဲ့ လှုပ်ရှားမှုပေါင်းများစွာတို့ကို တစ်ပိုင်းစီတစ်ပိုင်းစီ ရှင်းလင်းပြတ်သွားစွာသိရတယ်။ဒါဟာ ဥပက္ကိလေသာ-အညစ်အ ကြေးမှလွတ်တဲ့ ရင့်တဲ့ ဥဒယဗ္ဗယဉာဏ်ဖြစ်တာပါပဲ။

## ဘင်္ဂဉာဏ်ဖြစ်ပုံ

အဲဒီ ဥဒယဗ္ဗယဉာဏ်အားကောင်းတဲ့အခါ အသိဟာ ပိုမိုလျင်မြန် လာတယ်။ ဒါကြောင့် အာရုံရဲ့အစဖြစ်မှုထက် အဆုံးပျောက်မှုကိုသာ ပိုမိုထင်ရှားစွာ တွေ့ရတယ်။ ရှုမှတ်ရတဲ့အာရုံများမှာ ကုန်ဆုံးပြီး ပျောက်ပျောက် နေနင့်တာလို့ ထင်ရတတ်တယ်။ လက်ခြေ ခေါင်း ကိုယ်စတဲ့ပုံကိုမတွေ့ရတော့ပဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက် နေတာကိုသာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း တွေ့သိရတယ်။ ရှုသိနေတဲ့စိတ်ကလေးပါ အရှုခံအာရုံနှင့်အတူ ရှေ့နောက် ဆင့်လျက် တစ်ပါတည်းပျောက်ပျောက်သွားတာကို တွေ့ရတယ်။ အဲဒီလို ရှုမှတ်တိုင်း အာရုံရော မှတ်သိစိတ်ပါ ပျောက်သွား တာကိုသိရတာက ဘင်္ဂဉာဏ် တဲ့။

## ဘယဉာဏ်စသည်ဖြစ်ပုံ

ရှုမှတ်တိုင်း ရှုမှတ်တိုင်း အာရုံရောအသိစိတ်ပါ တစ်ပျက်တည်း ပျက်ပျက် နေတာကိုသာ တွေ့ရတာကြောင့် ကြောက်စရာကောင်းတယ်လို့ ထင်မြင်လာ တတ်ပါတယ်။ ဒါဟာ ဘယဉာဏ်ပါပဲ။ မကောင်းဘူးလို့လဲ အပြစ်မြင်လာတတ်တာမို့ အာဒီနဝဉာဏ်လို့လဲခေါ်ပါတယ်။ နှစ်သက်ပျော်မွေ့ဖွယ်မရှိ ပျင်းရိငြီးငွေ့ဖွယ်ပဲ လို့လဲ မြင်လာတတ်ပါတယ်။ ဒါကိုတော့ နိဗ္ဗိဒါဉာဏ်လို့ခေါ်ပါတယ်။ ဒီလို ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ မရှိမှ ကောင်းမယ်လို့ ရုပ်နာမ်ဆင်းရဲများမှ လွတ်မြောက်ရန် မျှော်ကြည့်တဲ့ ဉာဏ်လဲ ဖြစ်လာပါတယ်။ ဒါကိုတော့ မုဉ္စိတုကမျတာဉာဏ်တဲ့။ အဲဒီအခါ လွတ်မြောက် စေရန် အထူးကြောင့်ကြစိုက်ပြီး ရှုမှတ်တဲ့အတွက် အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ရှင်းလင်းစွာ သိမြင်တယ်။ အထူးအားဖြင့် ဒုက္ခသဘောများကို ထင်ရှားစွာ တွေ့ရတတ်ပြန် ပါတယ်။ ဒါက ပဋိသင်္ခါ ဉာဏ်တဲ့။

## သင်္ခါရုပေက္ခာဉာဏ်

အဲဒီ ပဋိသင်္ခါဉာဏ်အားပြည့်တဲ့အခါ ရှုသိမှုဟာ ကြောင့်ကြမစိုက်ရပဲ သူ့အလိုလို ပင် သိလျက် သိလျက် နာရီများလိုသွားနေတယ်။ အကောင်းအဆိုး အာရုံရဲ့သဘော မလိုက်ပဲ သိရုံမျှ သိရုံမျှသာလစ်လျူရှုနေတယ်။ အလွန်ပင် ညင်သာ သိမ့်မွေ့ လှတယ်။ သူ့အရှိန်နဲ့သူ သိလျက် သိလျက်သွားနေပုံမှာ တစ်နာရီ နှစ်နာရီ သုံးနာရီလဲ ကြာသွား တတ်တယ်။ အဲဒါလောက်ကြာသော်လဲ ညောင်းညာ ပင်ပန်းခြင်းက မရှိဘူး။ ဒီလို အကောင်းအဆိုး အာရုံနောက်သို့လဲ မလိုက်ပဲ ကြောင့်ကြလဲ မစိုက်ရပဲ သဘောမှန်ကို သိရုံမျှ၊ သိရုံမျှကြာရှည်စွာ သိသိသွားခြင်းဟာ သင်္ခါရုပေက္ခာဉာဏ် မည်ပါတယ်။

## ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်

ဒီလိုသူ့အရှိန်နဲ့သူ သိလျက် သိလျက် အလိုလိုသွားနေရာထဲက အထူးသွက်လက်လျှင်မြန်တဲ့ အသိလေးများ ဖြစ်ပေါ်လာပြန်ပါတယ်။ အဲဒီ အသိလေးများမှာ ဝုဋ္ဌာနမည်တဲ့ မဂ်ဆီသို့တဟုန်ထိုးတက်သွားတဲ့ ဝုဋ္ဌာနဂါမိနီဝိပ ဿနာဉာဏ်မည်ပါတယ်။

## အနုလောမဉာဏ်

အဲဒီထူးခြားတဲ့ အသိလေးများမှာလဲ ထိုခဏဌ်ဒွါရခြောက်ပါးတွင် ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်အာရုံကိုပင် မမြဲဟူ၍သော်လည်းကောင်း ဆင်းရဲဟူ၍ သော်လည်းကောင်း အစိုးမရဟူ၍လည်းကောင်း သိမြင်လျက်ဖြစ်ပေါ်ပါတယ်။ ထိုတွင် နောက်ဆုံးအကြိမ် အသိမှာ ပရိကံ ဥပစာ အနုလုံ ခေါ်ဇောသုံးခုပါဝင်တဲ့ အနုလောမဉာဏ် မည်ပါတယ်။ ရှေးဝိပဿနာဉာဏ် နောက်မဂ်ဉာဏ်တို့နဲ့ သင့်လျော်စွာ ဖြစ်တဲ့ဉာဏ် လို့ဆိုလိုပါတယ်။

## နိဗ္ဗာန်မျက်မှောက်ပြုပုံ

ရှေးရင့်တဲ့ ဥဒယဗ္ဗယဉာဏ်မှစပြီး ဒီအနုလောမဉာဏ်တိုင်အောင် ဉာဏ်ကိုးပါးအပေါင်းဟာ ပဋိပဒါဉာဏဒဿ နဝိသုဒ္ဓိမည်တယ်။ အဲဒီဉာဏ်ရဲ့ အခြားမဲ့တွင် အသိစိတ်ဟာ ရုပ်နာမ်ဆင်းရဲချုပ်တဲ့ နိဗ္ဗာန်အာရုံသို့ ကျရောက် သွားတယ်။ ဒါဟာ ဂေါတြဘူဉာဏ်ပဲ။ ပုထုဇဉ်အနွယ်ကို ဖြတ်ကာ အရိယာအနွယ်သို့ ဝင်ရောက်သွားတဲ့ဉာဏ် လို့ ဆိုလိုပါတယ်။ ဒီနောက် ထို နိဗ္ဗာန်ကိုပင် မျက်မှောက်တွေ့သိမြင်လျက် သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လာကြတယ်။ ထိုတွင် မဂ်ဉာဏ်ကို ဉာဏဒဿန ဝိသုဒ္ဓိလို့ခေါ်တယ်။ ထိုမဂ်ဖိုလ်ဖြစ်ခိုက်အချိန်မှာ တစ်စက္ကန့်မျှပင် မကြာပေ။ ထို့နောက် ထူးခြားစွာတွေ့သိရတဲ့ မဂ်ဖိုလ်နိဗ္ဗာတို့ကိုပြန်လှည့်ပြီး ဆင်ခြင်မိတယ်။ ဒါဟာ ပစ္စဝေက္ခဏာဉာဏ်ခေါ်တာပါပဲ။

## သောတာပန်ဖြစ်ပုံ

ဒီအစဉ်အတိုင်း ပစ္စဝေက္ခဏာ ဉာဏ်တိုင်အောင် ပြည့်စုံစွာ တွေ့မြင်သူဟာ သောတာပန်အဖြစ်သို့ရောက်သူပဲ။ သောတာပန်ပုဂ္ဂိုလ်မှာ (၁) သက္ကာယဒိဋ္ဌိ-ရုပ်နာမ် အပေါင်းကို အတ္တကောင်လို့ထင်မှတ်ခြင်း (၂) ဝိစိကိစ္ဆာ-ဘုရား တရား သံဃာ အကျင့် သိက္ခာတို့နှင့် စပ်ပြီးယုံမှားခြင်း နဲ့ (၃)သီလဗ္ဗတပရာမာသ-အရိယာမဂ်လမ်း အကျင့်မှ တစ်ပါးသော အလေ့အကျင့်များကို နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းလို့ ယုံကြည်

ယူမှားခြင်း ဆိုတဲ့ သံယောဇဉ်သုံးပါးငြိမ်းတယ်။ ဒါ့အပြင် ငါးပါးသီလလည်း ကျိုးခြင်း ပျက်ခြင်းမရှိပဲ သူ့သဘာဝအတိုင်း လုံခြုံစင်ကြယ်လျက် ရှိတယ်။

ဤသို့ ပုထုဇဉ်ဘဝမှ သောတာပန်အဖြစ်သို့ကူးပြောင်းသွားသော ဝီထိ အစဉ်မှာ လျှင်မြန်လွန်းသောကြောင့် သောတာပန်ဖြစ်သွားသောပုဂ္ဂိုလ်သည် မိမိ ရရှိသွားသော တရားထူးကိုချက်ချင်းမသိနိုင်ဘဲ မိမိရရှိထားသော မဂ်၊ ဖိုလ်ကိုဒင်း မဂ်ဖိုလ်၏ အာရုံကို လည်းကောင်း၊ ပယ်ပြီးသော ကိလေသာကိုလည်းကောင်း၊ ကြွင်းကျန်သော ကိလေသာ များကို လည်းကောင်း ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်ပြန်လည် ဆင်ခြင်မှ သိနိုင်သည်။

# မှတ်သားဖွယ်ရာများ

## ဂေါတြဘူဆိုင်ရာ သိမှတ်ဖွယ်

၁။ လူတန်းစား ခွဲခြားနိုင်သော ကာမဇောစိတ်

၂။ ပုထုဇဉ်ဘဝ၏ နောက်ဆုံးစိတ်

၃။ ပုထုဇဉ်ဘဝနှင့် နိဗ္ဗာန်ကိုအာရုံပြုနိုင်သောစိတ်

၄။ ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ကူးပြောင်းရာကာလ

၅။ ပုထုဇဉ်နှင့် အရိယာတို့၏နယ်ခြားမှတ်တိုင်သဖွယ်ဖြစ်သောစိတ်

၆။ ပုထုဇဉ်နှင့် အရိယာတို့ကို တံတားသဖွယ် ဆက်သွယ်ပေးသောစိတ်

၇။ အနုလောမဉာဏ်နှင့် သောတာပတ္တိမဂ်ဉာဏ်တို့၏ အကြားဖြစ်သော စိတ်

၈။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနှင့် ဉာဏဒဿနဝိသုဒ္ဓိတို့၏အကြားဖြစ် သောစိတ်

၉။ နိဗ္ဗာန်ကိုအာရုံပြုပြီး မဂ်ရှေ့မှနေ၍ နိဗ္ဗာန်ကို ညွှန်ပြခြင်းကြောင့် မဂ်၊ ဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့်တူသောစိတ် (တနည်း) အာဝဇ္ဇန်း အတုစိတ်။

## ဂေါတြဘူစိတ်ဖြစ်ပုံ

ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို လွှမ်းမိုးနိပ်စက် ဖျက်ဆီး၍ အရိယာအနွယ်သို့ ဝင်ရောက်လျက် ဖြစ်ပေါ်လာပါသည်။

## အာဝဇ္ဇန်းအတုစိတ်

ဂေါ်တြဘူစိတ်ကို နိဗ္ဗာန်ကို အာရုံပြုသည့်အတွက် မဂ်ရှေ့မှနေ၍ နိဗ္ဗာန်ကို ညွှန်ပြသောကြောင့် ဂေါ်တြဘူစိတ်ကို မဂ်ဇော၊ ဖိုလ်ဇောတို့၏ ရှေ့သွားဖြစ်သော အာဝဇ္ဇန်းနှင့်တူသောစိတ်၊ အာဝဇ္ဇန်းအတုစိတ်ဟု ဆိုနိုင်ပါသည်။

## ကာမစိတ်က နိဗ္ဗာန်ကိုအာရုံပြုနိုင်ရာကာလ

ဂေါ်တြဘူစိတ်၏တရားကိုယ်မှာ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄ ပါးဟူသော ကာမတိဟိတ်ဇောဖြစ်ပြီး ဂေါ်တြဘူအမည်ရသောအခါ နိဗ္ဗာန်ကိုအာရုံပြု နိုင်ပါသည်။

## ပုထုဇဉ်အနွယ်နှင့် အရိယာအနွယ်တို့၏ ခန္ဓာချင်းထူးခြားမှု

ပုထုဇဉ်အနွယ် = သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမကင်းသေးသော ခန္ဓာအစဉ် ဖြစ်ပြီး အပါယ်လေးပါးမှလည်း မလွတ်မြောက်နိုင်သေး။

အရိယာအနွယ် = သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းသော ခန္ဓာအစဉ်ဖြစ်ပြီး အပါယ်လေးပါးမှလည်း လွတ်မြောက်သည်။

## အနုလောမဉာဏ်နှင့် ဂေါ်တြဘူဉာဏ်အထူး

### အနုလောမဉာဏ် (ပရိကံ၊ဥပစာ၊အနုလုံ)

အာရုံအားဖြင့် သင်္ခါရဓမ္မတို့၏ အနိစ္စ၊ ဒုက္ခစသော လောကီအာရုံ၊ သတ္တိ အားဖြင့် တေဘူမက ရုပ်နာမ်သင်္ခါရတို့၏ အနိစ္စလက္ခဏာစသော လောကီတရား တို့ကို အာရုံပြုသောကြောင့် တပ်မက်မှုကိလေသာ အမှောင်ထုကိုပယ်ခွါနိုင်သော်လည်း နိဗ္ဗာန်ကို အာရုံမပြုနိုင်ပါ။

### ဂေါ်တြဘူဉာဏ်

အာရုံအားဖြင့် နိဗ္ဗာန်ဟူသော လောကုတ္တရာအာရုံ၊သတ္တိအားဖြင့် နိဗ္ဗာန်ကို အာရုံပြုနိုင်သော်လည်း ကိလေသာအမှောင်ထုကို မပယ်ခွါနိုင်ပါ။

## ဝိပဿနာကမ္မဋ္ဌာန်းအကျင့် အထက်တန်းအဆင့်

သင်္ခါရုပေက္ခာဉာဏ် (အရင့်ပိုင်း) နှင့် အနုလောမဉာဏ်သို့ရောက်အောင် အားထုတ်နိုင်သော ယောဂီသည် ( အပါယ်စသည်မှလည်းကောင်း၊ သင်္ခါရအာရုံမှ လည်းကောင်း လွတ်ကင်းထမြောက်လျက် အရိယာမဂ်သို့ရောက်နိုင်သော) ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်အဆင့်သို့ ရောက်ပြီဖြစ်သောကြောင့် ဝိပဿနာကမ္မ ဋ္ဌာန်းအကျင့်တွင် အထက်တန်းအဆင့်သို့ရောက်ရှိပါသည်။

## ဝုဋ္ဌာနဂါမိနီဝိပဿနာ

ဝိပဿနာကျင့်စဉ်တွင် အထွတ်အထိပ်သို့ရောက်သော သင်္ခါရုပေက္ခာ ဉာဏ် (အရင့်ပိုင်း) နှင့် အနုလောမဉာဏ်တို့ကို ဝုဋ္ဌာနဂါမိနီဝိပဿနာဟုခေါ်သည်

## ရင့်ကျက်သော ဝိပဿနာဉာဏ်

သင်္ခါရတို့၌လစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်သည်သာ ဝိပဿနာ အထွတ် အထိပ်သို့ ရောက်နိုင်သောကြောင့် ဝိပဿနာပရိပါကအရ ရင့်ကျက်သော ဝိပဿနာ ဉာဏ်ဟူသည် သင်္ခါရုပေက္ခာဉာဏ် သာဖြစ်သည်။

## ဝုဋ္ဌာန၏တရားကိုယ်

မဂ်တရားမှန်လျှင် သင်္ခါရကိုအာရုံမပြုဘဲ နိဗ္ဗာန်ကိုသာ အာရုံပြုသည့်အတွက် သင်္ခါရအာရုံနိမိတ်မှ ထမြောက်သောကြောင့်လည်းကောင်း၊ မဂ်ရလျှင်ကြာ ရှည်သော သံသရာဝဋ်ခန္ဓာအစဉ်မှ ထမြောက်သောကြောင့်လည်းကောင်း ဝုဋ္ဌာန အရ မဂ်ကိုသာ ယူရမည်။

## ဝိမောက္ခ၏တရားကိုယ်

သံသရာအနှောင်အဖွဲ့မှ ကျွတ်လွတ်သော မဂ်လေးပါး၊ ဖိုလ်လေးပါးသည် ဝိမောက္ခ မည်၏။

## ဝိမောက္ခမုခနယ်

ဝိမောက္ခမုခမည်သော မဂ်၊ ဖိုလ်သို့ဝင်ရာ တံခါးပေါက်သဖွယ်ဖြစ်သော (မဂ်၊ဖိုလ် ၏ အကြောင်းတရားဖြစ်သော) အနုပဿနာသုံးပါး (သင်္ခါရုပေက္ခာဉာဏ် အရင့်ပိုင်း နှင့် အနုလောမဉာဏ်) တို့သည် ဝိမောက္ခမုခနယ်မည်၏။

## အရိယာဖြစ်တော့မည့် ပုထုဇဉ်၏နောက်ဆုံးစိတ်ဖြစ်ပုံ

အနုလောမဉာဏ် အထွတ်အထိပ် အနုလုံအမည်ရသော ဝိပဿနာစိတ်၏ နောက်၌ ဂေါတြဘူမည်သောစိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ပုထုဇဉ်အနွယ်ကို နိပ်စက် လွှမ်းမိုး ကျော်လွှားလျက် ဖြစ်ပေါ်လာပါသည်။

## မဂ်စိတ်ဖြစ်ပေါ်လာပုံ

ဂေါတြဘူစိတ်ချုပ်ပြီးသည်နှင့်တပြိုင်နက် နိဗ္ဗာန်ကိုအာရုံပြုလျက် မဂ်စိတ် သည် (ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကို ပယ်ခွါခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများမှု တစ်စခန်းပြီးစေခြင်း ဟူသော) မဂ် ကိစ္စ လေးချက်ကို တပြိုက်နက်ပြီးစေကာ ဖြစ်ပေါ်လာသည်။

## ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ ကူးပြောင်းပုံ

ဂေါတြဘူစိတ်၏အခြားမဲ့၌ မဂ်စိတ်သည် ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်း စသော ကိစ္စလေးချက်ကို တပြိုက်နက်ပြီးစေလျက် အပ္ပနာဝီထိသို့သက်ဝင်ရောက်ရှိခြင်းသည် ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ကူးပြောင်းပုံဖြစ်သည်။

## မဟာလူသား အရိယာပုဂ္ဂိုလ်များ ဆောင်ရွက်သည့်လုပ်ငန်းစဉ် (ပစ္စဝေက္ခဏာဆင်ခြင်ခြင်း)

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များ မိမိရပြီးသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သော ကိလေသာတို့ကို ဆင်ခြင်ခြင်းအားဖြင့် ပစ္စဝေက္ခဏာ ငါးဝီထိတို့ဖြစ်သည်။ ရဟန္တပုဂ္ဂိုလ်တို့ကား ကြွင်းကျန်သော ကိလေသာ မရှိတော့သောကြောင့် မိမိရပြီးသော မဂ်၊ ဖိုလ်၊နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်ခြင်းအားဖြင့် ပစ္စဝေက္ခဏာ လေးဝီထိတို့ဖြစ်သည်။

## မိမိကိုယ်ကို မိမိ အရိယာဖြစ်မှန်းသိနိုင်

အရိယာပုဂ္ဂိုလ်တို့သည် မိမိရပြီးသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် ပယ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သောကိလေသာတို့ကို ဖြစ်သင့်သလို ပြန်လည်ဆင်ခြင်ကြသောကြောင့် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိနိုင်သည်။

## မဂ်ဖိုလ်ရသည်အထိ ဝိသုဒ္ဓိ (၇)ပါးနှင့် အဆင့်ဆင့်အားထုတ်ရာတွင် ရ ရှိလာသော ဉာဏ်စဉ်များ (ဝိသုဒ္ဓိ ၇ ပါးနှင့် ဉာဏ်စဉ်ဖြစ်ပုံ)

## ဝိပဿနာလုပ်ငန်းမစသေးခင်

၁။သီလဝိသုဒ္ဓိ ၂။ စိတ္တဝိသုဒ္ဓိ ၃။ ဒိဋ္ဌိဝိသုဒ္ဓိ ၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ် သောအခါ (၁) နာမရူပ ပရိစ္ဆေဒဉာဏ် (၂) ပစ္စယပရိဂ္ဂဟဉာဏ် တို့ဖြစ်ပေါ်သည်။ ထိုဉာဏ်တို့ကား ဝိပဿနာဉာဏ်မဟုတ်သေး။

## ဝိပဿနာလုပ်ငန်းအစ (ဝိပဿနာ ဉာဏ်စဉ်အစ)

၅။ မဂ္ဂါမဂ္ဂဉာဏဒဿဒဝိသုဒ္ဓိဖြစ်သောအခါ (၃) သမ္မသနဉာဏ်နှင့် (၄)ဥဒယဗ္ဗယဉာဏ် (ရှေ့ပိုင်း) တို့ဖြစ်သည်။ အန္တ ရာယ်ဆယ်ပါးကြုံကာ မဂ်ဟုတ်သည်၊ မဟုတ်သည်ကို ပိုင်းခြား၍သိသည်။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (ဥဒယဗ္ဗယဉာဏ် နောက်ပိုင်း:) ဖြစ်သောအခါ (၅) ဘင်ဉာဏ် (၆)ဘယဉာဏ် (၇)အာဒီနဝဉာဏ် (၈)နိဗ္ဗိဒါဉာဏ် (၉)မုဉ္စိတု ကမျတာဉာဏ် (၁၀)ပဋိသင်္ခါဉာဏ် (၁၁) သင်္ခါရုပေက္ခာဉာဏ် (အနုအရင့်ဉာဏ်) နှင့် (၁၂) အနုလောမဉာဏ် (ထိုဉာဏ် ၂ ပါးကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟုခေါ်) တို့ ဖြစ်ပေါ်သည်။

## ဝိပဿနာဉာဏ်ပြီးဆုံးခြင်း

(၁၃) ဂေါတြဘူဉာဏ် (ရုပ်နာမ်အပေါ်အာရုံမပြုတော့ဘဲ နိဗ္ဗာန်ကိုအာရုံ ပြုသောဉာဏ်တည်း၊ ဝိပဿနာဉာဏ်ကားမဟုတ်သေး)

၇။ ဉာဏဒဿနဝိသုဒ္ဓိဖြစ်သောအခါ (၁၄)မဂ်ဉာဏ် (၁၅) ဖိုလ်ဉာဏ် (၁၆) ပစ္စဝေက္ခဏာဉာဏ်အားဖြင့် ဝိသုဒ္ဓိ (၇) ပါး ဉာဏ်စဉ် (၁၀) ပါး (ဝိပဿနာ လုပ်ငန်းမစခင် ဉာဏ်စဉ် ၂ ပါး၊ ဝိပဿနာလုပ်ငန်းအစတွင် ဉာဏ်စဉ် ၁၀ ပါးနှင့် ဝိပဿနာအပြီးတွင် ရသော ဉာဏ်စဉ် ၄ ပါးပေါင်းက ဉာဏ်စဉ် ၁၆ ပါး)တို့ဖြစ် သည်။

## သောတာပတ္တိမဂ်၏ မဂ်ကိစ္စ (၄)ချက်

၁။ ပရိညာကိစ္စ =ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဆင်းရဲခြင်း အမှန်သဘော ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း။

၂။ ပဟာနကိစ္စ = သမုဒယသစ္စာ (လောဘ) နှင့်အသင်းအပင်းဖြစ်သော ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ နှင့် ကြွင်းသော အကုသိုလ်များ၏ အပါယ်ဒုက္ခတို့ကို တစ်ချက်တည်းဖြင့် အပြီးတိုင်ပယ်သတ်ခြင်း။

၃။ သစ္ဆိကရဏကိစ္စ = ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ အပါယ်ဒုက္ခတို့ကို အပြီးတိုင်ချုပ်ငြိမ်း ခြင်း တည်းဟူသော နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်း။

၄။ ဘာဝနာကိစ္စ = သောတာပတ္တိမဂ်စိတ်၌ယှဉ်သော မဂ္ဂင်တရားကိုယ် ၈ ပါး တည်းဟူသော မဂ္ဂသစ္စာကိုပွားများမှု ပြီးမြောက်ခြင်းတို့တည်း။

## ဖလသမာပတ်ဝင်စားပုံ

ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်ဟာ မိမိရပြီးတဲ့ မဂ်ဖိုလ်တရားသို့ ရည်သန်ပြီး ဝိပဿနာရှုလျှင် ထိုဖိုလ်သို့ဝင် ရောက်လျက် ငါးမိနစ်၊ ဆယ်မိနစ်၊ နာရီဝက် စသည်ဖြင့် ဖလသမာပတ်၌ တည်နေနိုင်တယ်။ ဝသီဘော်နိုင်နင်းလျှင် အလျင်အမြန်လည်း ဝင်စားနိုင်တယ်။ တစ်နေ့လုံး တစ်ညလုံးသော်လည်း ကြာရှည်စွာ တည်နေနိုင်တယ်။

## သကဒါဂါမ်ဖြစ်ပုံ

မရသေးတဲ့မဂ်ဖိုလ်များသို့ ရောက်ရန် ရည်သန်ပြီး ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို နည်းတူပင် ရှုမှတ်ပါက ဥဒယဗ္ဗယဉာဏ်စတဲ့ ဝိပဿနာဉာဏ် များနည်းတူပင် အစဉ်အတိုင်းဖြစ်ပြီးတော့ ကုန္နေလည်းရင့်ကျက်လျှင် သကဒါဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်ကာ သကဒါဂါမ်အဖြစ်သို့ ရောက်သွားတယ်။ သကဒါဂါမ်မှာ ကြမ်းတမ်းတဲ့ ကာမရာဂနှင့် ဗျာပါဒတို့လည်း ကင်းငြိမ်းသွားတယ်။ ဒါကြောင့် သကဒါဂါမ် ပုဂ္ဂိုလ်ဟာ လူ့ဘုံ နတ်ဘုံများ၌အလွန်ဆုံး နှစ်ဘဝမျှသာဖြစ်ပြီးလျှင် ရဟန္တာဖြစ်ကာ နိဗ္ဗာန်သို့ ဝင်စံရတော့တယ်။

## အနာဂါမ်ဖြစ်ပုံ

အဲဒီသကဒါဂါမ်ပုဂ္ဂိုလ်ဟာလဲ ဖိုလ်ဝင်စားလိုတဲ့အတွက် ဝိပဿနာရှုလျှင် ရပြီးတဲ့ ဖိုလ်သို့ရောက်တယ်။ အထက် မဂ်ဖိုလ်သို့ရောက်ရန် ရည်သန်ပြီး ဝိပဿနာရှုပြန်လျှင် နည်းတူပင် ဝိပဿနာဉာဏ်များဖြစ်ပြီးလျှင် အနာဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်လျှက် အနာဂါမ်အဖြစ် သို့ရောက်သွားတယ်။ အနာဂါမ်မှာ ကာမရာဂနှင့် ဗျာပါဒတို့ လုံးဝကင်းငြိမ်းတယ်။ ဒါကြောင့် အနာဂါမ်ဟာ ကာမဘုံ၌ တစ်ဖန်မဖြစ်တော့ဘူး။ ရူပ အရူပ ပြဟ္မာ့ဘုံတို့ ၌သာဖြစ်ပြီး ထိုဘုံတို့၌ပင် ရဟန္တာဖြစ်ကာ နိဗ္ဗာန်ဝင်စံရတယ်။

## ရဟန္တာဖြစ်ပုံ

အဲဒီ အနာဂါမ်ပုဂ္ဂိုလ်ဟာလဲ ဖိုလ်ဝင်စားလိုသဖြင့် ဝိပဿနာရှုမှတ်လျှင် ရပြီး ဖိုလ်သို့ရောက်တယ်။ အထက်မဂ် ဖိုလ်သို့ရောက်ရန် ရည်သန်ပြီး ဝိပဿနာရှုလျှင် နည်းတူပင် ဝိပဿနာဉာဏ်များ အစဉ်အတိုင်းဖြစ်ပြီးလျှင် အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြင့် နိဗ္ဗာန်ကိုတွေ့မြင်ကာ ရဟန္တာအဖြစ်သို့ ရောက်သွားတယ်။ ရဟန္တာပုဂ္ဂိုလ်မှာ (၁)ရူပ ရာဂ (၂)အရူပရာဂ (၃)မာန (၄)ဥဒ္ဓစ္စ (၅)အဝိဇ္ဇာ ဆိုတဲ့ဒီကြွင်းသံယောဇဉ် ငါးပါးနှင့်တကွ ကိလေသာအားလုံး ကင်းငြိမ်းပါတယ်။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ နောက်တဖန် ဘဝအသစ် ဖြစ်ခြင်းမရှိတော့ဘူး။ ထိုဘဝမှာပင် အသက်အပိုင်းအခြား ကုန်ဆုံးတဲ့အခါ ပရိနိဗ္ဗာန်ဝင်စံရတယ်။ ပရိနိဗ္ဗာန်ဝင်စံပြီးချိန်မှစပြီး ဘဝအသစ်ဖြစ်ပေါ်ခြင်း မရှိတာကြောင့် အိုခြင်း နာခြင်း သေခြင်း စတဲ့ ဆင်းရဲအားလုံးမှ လုံးဝ လွတ်မြောက် လျက်ရှိတော့တယ်။ (ညောင်ကန်အေးဆရာတော်၏ မြတ်ဗုဒ္ဓ ဓမ္မသဘင် စာအုပ်မှ)

သန့်ရှင်း၍ မြေသြဇာကြွယ်ဝသော လယ်မြေ၌ စိုက်ပျိုးကြဲချလိုက်သည့် မျိုးစေ့ဟူသမျှသည် သန်မာထွားကျိုင်းစွာ ပေါက်ပွားရှင်သန်လာကြပြီးလျှင် အသီးအပွင့် များစွာကို ဆောင်သကဲ့သို့ ထို့အတူ ကိလေသာအညစ်အကြေး ကင်းစင်သဖြင့် သန့်ရှင်း မြင့်မြတ်သော အဖြစ်သို့ ရောက်ပြီးသည့် ရဟန္တာအရှင်မြတ်သည် လှူဒါန်းပူဇော်သူတို့အား ကြီးကျယ်သည့် အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေ၏။ ထို့ကြောင့် ရဟန္တာသည် အလှူခံ ပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးအလှူခံဖြစ်တော်မူ၏။

## နိရောဓသမာပတ်

သမာပတ် ၈ ပါးဝင်စားနိုင်သော အနာဂါမ်များနှင့် ရဟန္တာများသာ နိရောဓ သမာပတ်ကို ဝင်စားနိုင်ကြ၏။ နိရောဓသမာပတ်ကို ဝင်စားလိုသော် ရှေးဦးစွာ လောကီပထမဈာန်ကို ဝင်စားပြီးနောက် ထိုဈာန်မှထကာ ထိုဈာန်၌ ပါဝင်သော သင်္ခါရ (စိတ်၊စေတသိက်)တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတင်၍ ဝိပဿနာရှုရ၏။ ထိုနည်းအတူ ဒုတိယဈာန်၊ တတိယဈာန်စသည်ဖြင့် အာကိဉ္စညာယတနဈာန်အထိ အစဉ်အတိုင်း ဈာန်တစ်ခုစီကို ဝင်စားပြီးလျှင် ထိုဈာန်မှထကာ ထိုဈာန်၌ပါဝင်သော သင်္ခါရတရားတို့ကို ဝိပဿနာရှုရ၏။

ထို့နောက် နေဝသညာနာသညာယတနဈာန်ကို မဝင်စားသေးဘဲ ပုဗ္ဗကိစ္စ ၄ ပါးကိုပြုရ၏။ ၎င်းနောက် နေဝ သညာနာသညာယတနဈာန်ကို ဝင်စားရာ အပ္ပနာဇော ၂ ကြိမ်သာဖြစ်ပြီးနောက် စိတ်အစဉ် ပြတ်စဲလေ၏။ ထိုအခါ စေတသိက်များနှင့် စိတ္တဇရုပ် များလည်း ဖြစ်ခွင့်မရှိတော့ဘဲ ချုပ်ငြိမ်းနေကြ၏။ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇ ရုပ်များ ဆက်လက် ဖြစ်ပျက်နေကြ၏။ ထိုသို့ စိတ်၊ စေတသိက် ၊ စိတ္တဇရုပ်တို့ ချုပ်ငြိမ်းနေခြင်း ကိုပင် နိရောဓသမာပတ် ဝင်စားသည် ဟုဆို၏။

ထမင်းအသက် ၇ ရက် ဟူသောစကားနှင့်အညီ လူ့ဘုံ၌ ၇ ရက်ထိသာ နိရောဓ သမာပတ် ကိုဝင်စားနိုင်၏။ အစာမသုံးဆောင်ကြရသော ရူပဗြဟ္မာများမှာ ကြာရှည်စွာ ဝင်စားနိုင်ကြ၏။ အရူပဗြဟ္မာကား ရူပဈာန်ကို မဝင်စားနိုင်ကြသဖြင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ချေ။

အဓိဋ္ဌာန်ခဲ့သည့်အချိန်စေ့ရောက်၍ စိတ်၊ စေတသိက်တို့ ပြန်လည် ဖြစ်ပေါ်ခြင်းကို နိရောဓသမာပတ်မှ ထသည် ဟုဆို၏။ ထိုအခါ အနာဂါမ်ပုဂ္ဂိုလ်၌ အနာဂါမိဖိုလ်စိတ် ၁ ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်၌ အရဟတ္တဖိုလ်စိတ် ၁ ကြိမ်ဖြစ် ပြီးနောက် ဘဝင်ကျပြီးလျှင် မိမိဖိုလ်ကိုပြန်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ ဖြစ်၏။

***ကမ္မဋ္ဌာန်းပိုင်းပြီး***

# အဘိဓမ္မာစာအုပ် ဒုတိယအကြိမ်အတွက် ဓမ္မဒါန ပါဝင်လှူဒါန်းကြသော အလှူရှင်များ

| စဉ် | အလှူရှင်အမည် | စာအုပ် အရေအတွက် |
|---|---|---|
| ၁ | ဆရာ၊ မိဘ တို့အား အမှူးထား၍ ဆရာတော် ဦးဉာဏဝရ | ၅၀ |
| ၂ | အဘိဓမ္မာအသင်းကြီး (စကၤာပူ) မှ သာသနာတော်ကြီးထွန်းကားပြန့်ပွားကြောင်း အထောက်အပံ့ ဖြစ်စေရန် | ၁၀၀ |
| ၃ | မိဘများအား အမှူးထား၍ ကိုရဲကျော်သူ + မမြမြမွန် မောင်လေး ရဲထွန်းအောင် | ၆၀ |
| ၄ | ကျေးဇူးရှင်နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုဖြိုးအေကျော် + မသဥ္ဇာဝင်း မိသားစုနှင့် ညီမများ | ၅၀ |
| ၅ | ကိုသက်နိုင်ဦး၊ မမော်ဇင်၊ ကိုပိုင်စိုးအောင် | ၅၀ |
| ၆ | နှစ်ဖက်သော မိဘများအားအမှူးထား၍ ကိုရန်ပိုင်စိုး+မသက်သက်နွယ် သား ရှိုင်းသက်ပိုင် | ၅၀ |
| ၇ | မိဘနှစ်ပါးအားအမှူးထား၍ သမီးမဝါဝါခိုင်၊ မယုယုခိုင်၊ သားမောင်ဟိန်းခန့် | ၅၀ |
| ၈ | တင်ဇာလင်း | ၅၀ |
| ၉ | ဦးတင်မောင်ကြည် + ဒေါ်လှလှခိုင် မိသားစု | ၅၀ |
| ၁၀ | ကျေးဇူးရှင်များ အမှူးထား၍ မနိုင်နိုင်ထွန်း | ၅၀ |
| ၁၁ | မနန်းဝင်းစန္ဒာ နှင့် မနန်းယွန်းသစ္စာ | ၄၀ |
| ၁၂ | ကျေးဇူးရှင်ဆရာ၊ မိဘတို့အားအမှူးထား၍ ကိုသန့်ဇင် + မသူဇာ | ၄၀ |
| ၁၃ | ဦးသန်းဦး + ဒေါ်သန်းယဉ် မိသားစု | ၃၆ |
| ၁၄ | ကိုအောင်တိုး၊ ကိုသန်းထိုက်အောင်၊ မနွယ်မာဝင်း သူငယ်ချင်းတစ်စု | ၃၆ |
| ၁၅ | ကိုနေလင်း + မတိုးတိုးလွင် သမီးလေး သုသု မိသားစု | ၃၀ |
| ၁၆ | မိဘနှစ်ပါးဖြစ်သော ဦးစိန်ထွန်း နှင့် ဒေါ်သန်းသန်းဝင်းတို့ကို အမှူးထား၍ သမီးမနီလာခိုင် | ၃၀ |
| ၁၇ | ဦးဖိုးဆယ်+ဒေါ်ရှေင် နှင့် သမီး မထွေးထွေး၊ မခင်မြင့်ရီ | ၃၀ |
| ၁၈ | ကျိုင်းတုံမြို့နေကွယ်လွန်သူမိခင် ဒေါ်နန်းဆိုင်အမ်းအား ရည်စူးပြီး ဖခင် ဦးပဏ္ဍိအားအမှူးထား၍ သမီးနန်းခင်ထွေး | ၃၀ |
| ၁၉ | ဦးချော + ဒေါ်သန်းသန်းဝေ မိသားစု | ၃၀ |
| ၂၀ | ရတနာသုံးပါး၊မိဘ၊ဆရာတို့အား အမှူးထား၍ ကိုဟန်ထွန်းအောင်+ မခင်စံပယ်ဖြူ | ၃၀ |
| ၂၁ | ကွယ်လွန်သူ ဦးအောင်လွင်အား ရည်စူး၍ ဇနီး ဒေါ်ပုနန်း၊ သားသမီးများ ကိုစိုးမင်းလတ်၊ ကိုစိုးမင်းအောင် + မစန္ဒာအောင်၊ ကိုစိုးရာဇာ + မကေသီဦး၊ မသီတာအောင် + Mr. Sailendra Rajkarnikar မိသားစု | ၃၀ |
| ၂၂ | ဦးငွေသောင်း+ဒေါ်စိန်မိ သမီး တင်မိုးအိ | ၂၉ |

| | | |
|---|---|---|
| ၂၃ | မနန်းငွေခြည်စု | ၂၆ |
| ၂၄ | ဦးကျော်ဝင်းလှိုင်+ဒေါ်မီမီအောင်၊ သမီး စံထားသဇင်၊ သား ဝေယံထက် မိသားစု | ၂၅ |
| ၂၅ | ရတနာသုံးပါးအား ဦးထိပ်ထား၍ စေတနာရှင်နှစ်ဦး | ၂၂ |
| ၂၆ | ကွယ်လွန်သူ ဦးအုန်းသွင်အား ရည်စူး၍ ဇနီး ဒေါ်မြင့်သီ နှင့် သမီး ဒေါ်တင်တင်မြင့် | ၂၂ |
| ၂၇ | မခင်သန္တာကို | ၂၀ |
| ၂၈ | ဦးထွန်းထွန်း +ဒေါ်သန်းသန်းဝေ တို့အားအမှူးထား၍ သမီး မသင်းသင်းညွန့် | ၂၀ |
| ၂၉ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုကျော်မောင်မောင်ဝင်း + မယဉ်မင်းမြတ် သမီး မခေတ်မွန်ဩ | ၂၀ |
| ၃၀ | ကိုအောင်ကျော်စိုး + မမြယုခိုင် | ၂၀ |
| ၃၁ | မိဘများဖြစ်သော ဦးမောင်မောင်မြ+ဒေါ်ကြည်မြင့် အားအမှူးထား၍ သမီး မနှင်းစန္ဒာမောင် | ၂၀ |
| ၃၂ | ဦးဇော်မင်းသိန်း+ဒေါ်မြင့်မြင့်ရီ မိသားစု | ၂၀ |
| ၃၃ | ဦးအုန်းသွင်+ဒေါ်ခင်ခင်သိန်း မိသားစု | ၂၀ |
| ၃၄ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ခင်အားရည်စူး၍ ကိုတင်ထွဋ်+မဖင်မာအောင် | ၂၀ |
| ၃၅ | နှစ်ဖက် မိဘတို့အား အမှူးထား၍ ကိုဝင်းလွင်+မသီတာအောင် | ၂၀ |
| ၃၆ | ကွယ်လွန်သူ မိဘတို့အား ရည်စူးပြီး ဆရာသမားများအားအမှူးထား၍ သမီး မခင်မြ | ၂၀ |
| ၃၇ | ဒေါက်တာသိန်းအောင် + ဒေါ်သန်းနွဲ့ မိသားစု | ၂၀ |
| ၃၈ | စသန့်ဆွေ + ဒေါ်ဆုနှင်းအိ သားခေတ်ထူးသန့် မိသားစု | ၂၀ |
| ၃၉ | ဆရာ၊မိဘ ကျေးဇူးရှင်များအား အမှူးထား၍ မဝင်းသန္တာ | ၂၀ |
| ၄၀ | ကိုဉက္ကာ + မစန္ဒာ သားသျှင်းသန့်ဉက္ကာ နှင့် မင်းခန့်ဉက္ကာ မိသားစု | ၂၀ |
| ၄၁ | မခင်မြင့်ကြည်နှင့် သမီး Cathy Teo | ၂၀ |
| ၄၂ | ကိုအောင်သူရ + ဒေါ်သန္တာလှိုင် သမီးသန့်ရတနာစင် (ခ) သန်သန် မိသားစု | ၂၀ |
| ၄၃ | မခိုင်ယဉ်မွန်၊ မကေသီသန့်၊ မနွယ်နီအောင် | ၂၀ |
| ၄၄ | မိဘနှစ်ပါး၊ ဆရာသမားများနှင့်ကျေးဇူးရှင်များအားအမှူးထား၍မခိုင်ဇင်ထွေး | ၂၀ |
| ၄၅ | ဦးကျော်မောင် + ဒေါ်မြစိန် မိသားစု | ၂၀ |
| ၄၆ | ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ သမီး မအိကေဖြိုး | ၂၀ |
| ၄၇ | ကိုဝင်းမင်း + မကျော့ကေခိုင် | ၂၀ |
| ၄၈ | ကွယ်လွန်သူ ဖခင်ကြီး ဦးတင်အုန်းအား ရည်စူး၍ ဇနီး ဒေါ်ခင်ဥ၊ သမီး မခင်ဝါဝါတင်၊ မခင်သန္တာတင်၊ သား ကိုထွန်းထွန်းအောင် မိသားစု | ၂၀ |
| ၄၉ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ကျင်တီအား ရည်စူး၍ ခင်ပွန်း ဦးစိုးညွန့်၊ သမီး မစန္ဒာဝင်း၊ မခင်သီတာဝင်း၊ မခင်မာလာဝင်း၊ မစန်းစန်းလှ မိသားစု | ၂၀ |
| ၅၀ | မိဘနှစ်ပါးအား အမှူးထား၍ မအေးသီတာသန့် | ၂၀ |
| ၅၁ | ဘိုးဘွား၊မိဘ၊ဆရာသမားများအား အမှူးထား၍ မချစ်ဖူးငုံ | ၂၀ |

| | | |
|---|---|---|
| ၅၂ | ကွယ်လွန်သူ ဦးအေး၊ ကိုလှမိုး တို့အား ရည်စူး၍ ဒေါ်စန်းကြည် မိသားစု (ခရမ်းမြို့) | ၂၀ |
| ၅၃ | မိဘနှစ်ပါးအား အမှူးထား၍ မောင်ခင်ဇော်သန့်နှင့် မောင်မျိုးသန့် | ၂၀ |
| ၅၄ | မိဘနှစ်ပါးဖြစ်သော ဦးအေးသိန်းနှင့် ဒေါ်အေးကြူတို့ကို အမှူးထား၍ သမီး မခင်မာလာသိန်း | ၂၀ |
| ၅၅ | ကွယ်လွန်သူ ဦးဘိုသိန်းအား ရည်စူးပြီး ဒေါ်အေးအေးလွင်အား အမှူးထား၍ သမီး မသူဇာသိန်း | ၂၀ |
| ၅၆ | ဦးရဲဝင်း + ဒေါ်တင်ရွှေ (မကွေးတိုင်း၊ ချောက်မြို့။) | ၂၀ |
| ၅၇ | ကိုဟန်လင်းအောင် + မကြည်စင်သန့် | ၂၀ |
| ၅၈ | ဦးသိန်းဝင်း + ဒေါ်သန်းသန်းဦး သမီး မခိုင်နီလာဝင်း၊ သား မောင်မြင့်မိုးနိုင် | ၂၀ |
| ၅၉ | ကိုဇော်မင်းထွန်း + မစုနှင်းရည် သမီး မဆုမြတ်သီရိထွန်း | ၂၀ |
| ၆၀ | ကျေးရူးရှင် မိဘနှစ်ပါး၊ဆရာသမားများနှင့် ကျေးရူးရှင်အပေါင်းတို့အား အမှူးထား၍ ကိုဇော်လင်းထွန်း + မသဉ္ဇာဦး | ၂၀ |
| ၆၁ | ကွယ်လွန်သူ (ဦးချို + ဒေါ်ကြင်) (အောင်ကြီး ရုပ်ရှင်ရုံ၊ရေနီမြို့)၊ (ဦးလှရွှေ) + ဒေါ်စန်းစန်း (ဖြူးမြို့) တို့အား ရည်စူး၍ ကိုမင်းမင်းဦး + မဝါဝါမျိုး | ၂၀ |
| ၆၂ | အဖွား ဒေါ်မီမီလိုင် မြေး KAILYN FOO, SCANLETTE NAING | ၂၀ |
| ၆၃ | ဦးစိန်သောင်း+ဒေါ်သင်း သမီး မူယာမင်း | ၂၀ |
| ၆၄ | ကိုအောင်သူရ + မခင်မေမေလတ် မိသားစု | ၂၀ |
| ၆၅ | ကိုမင်းဇော်+ မခိုင်ဇင်၊ သား-မောင်ဝေယံမင်းမင်း မိသားစု | ၂၀ |
| ၆၆ | ကိုနေဝန်းထက်+မနွေးနွေး | ၁၆ |
| ၆၇ | ကိုမြတ်စိုး | ၁၄ |
| ၆၈ | ကျေးရူးရှင် အဘိုး၊အဘွား၊မိဘ၊ဆရာသမားနှင့် အကိုအား အမှူးထား၍ မမီမီသက်နွယ် | ၁၄ |
| ၆၉ | မဖြူဖြူလိုင်နှင့် သူငယ်ချင်းတစ်စု (Ley Choon) | ၁၄ |
| ၇၀ | မဆွေဆွေ | ၁၁ |
| ၇၁ | မဝါဝါမြင့်၊ မတင်သဥ္ဇာလိုင် နှင့် သူငယ်ချင်း | ၁၁ |
| ၇၂ | စေတနာရှင် သူငယ်ချင်းတစ်စု | ၁၁ |
| ၇၃ | မခင်ဘုန်းလွင် | ၁၀ |
| ၇၄ | မချိုချိုရီ | ၁၀ |
| ၇၅ | ဦးလှဌေး + ဒေါ်တင်သိန်း | ၁၀ |
| ၇၆ | ဦးစန်းဝင်း + ဒေါ်အေးအေးမင်း နှင့် သားရဲမင်းဆန်း | ၁၀ |
| ၇၇ | မိဘနှစ်ပါးဖြစ်သော ဦးရဲထွဋ် နှင့် ဒေါ်အေးအေးနွယ်တို့ကို အမှူးထား၍ သားကြီး စိုးမင်းထွဋ် | ၁၀ |
| ၇၈ | ဦးလှအောင် + ဒေါ်ခင်သန်းနွယ် မိသားစု | ၁၀ |
| ၇၉ | ဦးသွင်ဇော်တိုး + ဒေါ်ညိုလေး သမီးမအေးမြမြတိုး | ၁၀ |

| | | |
|---|---|---|
| ၈၀ | Mr. & Ms. Sailendra Rajkarnikar | ၁၀ |
| ၈၁ | ဖြိုးဝေသင်း | ၁၀ |
| ၈၂ | မမေဇင်နင်းအေး | ၁၀ |
| ၈၃ | မနန်းသီတာသိန်း | ၁၀ |
| ၈၄ | မနီနီလှိုင် | ၁၀ |
| ၈၅ | ကိုတင်အောင်ဝင်း+မဇာခြည်ခိုင်ဝင်း သမီး Audrey မိသားစု | ၁၀ |
| ၈၆ | ကိုရဲဝင်းအောင်+မသိမ့်သိမ့်ဌေး သမီး မြတ်သဒ္ဓါကြည် မိသားစု | ၁၀ |
| ၈၇ | ဦးစိန်မြ+ဒေါ်ခင်ဝင်း မိသားစု | ၁၀ |
| ၈၈ | မခင်စိန်ရီ | ၁၀ |
| ၈၉ | နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးစန်းတင်+ဒေါ်ဆွေဆွေသန့် သား သက်ဝေလင်း | ၁၀ |
| ၉၀ | ဦးမောင်မောင်+ဒေါ်လှဲ့လှဲ့ဝင်း သမီး ရွှန်းလဲ့မောင် | ၁၀ |
| ၉၁ | ဦးတင်သိန်း+ဒေါ်အေးအေးမြင့် မိသားစု | ၁၀ |
| ၉၂ | ဦးစိုးအောင်+ဒေါ်စိုးစိုးတို့အား အမှူးထား၍ မဖြူဖြူထန့် | ၁၀ |
| ၉၃ | မိဘတို့အား အမှူးထား၍ မအေးမိမိခိုင် | ၁၀ |
| ၉၄ | ကိုဇေယျာထွန်း+မကြူကြူမြင့်ဦး | ၁၀ |
| ၉၅ | ကျေးဇူးရှင် ဆရာ၊ မိဘများအား အမှူးထားလျက် Helen Ceng နှင့် သမီး Georgina Teo, သား Jonathan Teo မိသားစု | ၁၀ |
| ၉၆ | နှစ်ဖက်သောမိဘများအား အမှူးထားလျက် ကိုဇော်လင်းနိုင် + မဥမ္မာသန့် | ၁၀ |
| ၉၇ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍ မယုယုလွင် | ၁၀ |
| ၉၈ | မိဘနှစ်ပါးအားအမှူးထား၍ သမီး မခင်ယုမေ | ၁၀ |
| ၉၉ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍ ကိုသက်ထွန်း | ၁၀ |
| ၁၀၀ | ဦးမောင်အေး + ဒေါ်ခင်သက်မော် သမီး မနီလာဝင်း | ၁၀ |
| ၁၀၁ | မိဘနှစ်ပါးအားအမှူးထား၍ သား ကိုကျော်စွာအောင် | ၁၀ |
| ၁၀၂ | မိဘနှစ်ပါးအားအမှူးထား၍ သမီး မသွယ်လှိုင်ဝင်း | ၁၀ |
| ၁၀၃ | Mr.Ng Choon Hock | ၁၀ |
| ၁၀၄ | Mr. Chee Kian Seng | ၁၀ |
| ၁၀၅ | ဦးလူပေါ် + ဒေါ်သိန်းလွင် သမီး မသင်းသင်းလှိုင် | ၁၀ |
| ၁၀၆ | Chia Ah Bah + မအိအိခိုင် သမီး Audrey Chia | ၁၀ |
| ၁၀၇ | မိဘနှစ်ပါးအားအမှူးထား၍ မောင်အောင်မိုးအေး | ၁၀ |
| ၁၀၈ | ကွယ်လွန်သူဆွေမျိုးတစုအားရည်စူး၍ မိခင်ဒေါ်မြတင် အမှူးထားကာ ဒေါ်ချိုချိုရီ နှင့် မောင်နမ တစု | ၁၀ |
| ၁၀၉ | နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုဝဏ္ဏလွင် + မမြမြအေး မိသားစု | ၁၀ |
| ၁၁၀ | မယဉ်ယဉ်ပြုံး | ၁၀ |
| ၁၁၁ | မအင်ကြင်းထွန်း | ၁၀ |

| | | |
|---|---|---|
| ၁၁၂ | နိဗ္ဗာန်အထောက်အပံ့အလို့ငှါ ကွယ်လွန်သူမိဘတို့အားရည်စူး၍ သမီး မတင်တင်အေး | ၁၀ |
| ၁၁၃ | အဖဦးသိန်းရွှေ + အမိဒေါ်အေးသီတို့အားအမှူးထား၍ သမီးငြိမ်းငြိမ်းစံ | ၁၀ |
| ၁၁၄ | အဖဦးအောင်ဖေ + အမိဒေါ်ညိမ်းဆွေတို့အားအမှူးထား၍ သား မောင်မျိုးထွန်း | ၁၀ |
| ၁၁၅ | ငြိမ်းမင်းဦး | ၁၀ |
| ၁၁၆ | နှစ်ဖက်မိဘများ အမှူးထား၍ ကိုဇော်မင်းထွန်း + မတင့်အေးခိုင် | ၁၀ |
| ၁၁၇ | ဦးခင်လတ် + ဒေါ်တင်တင်ဝေ သမီး မခင်စန္ဒီထွန်း | ၁၀ |
| ၁၁၈ | မိဘများ အမှူးထား၍ မခိုင်ကျော်ဝင်း ၊ မခိုင်ခိုင်ဝင်း | ၁၀ |
| ၁၁၉ | မိဘများအား အမှူးထား၍ သမီး မဝင်းထက်ထက်လွင် | ၁၀ |
| ၁၂၀ | ဦးစိန်ထွေးအား ရည်စူး၍ ဒေါ်ညွန့်ရွှေ မိသားစု | ၁၀ |
| ၁၂၁ | ဒေါ်စောဆိုင်အား ရည်စူး၍ ဒေါ်ညွန့်ရွှေ မိသားစု | ၁၀ |
| ၁၂၂ | (ဦးမောင်လှ) + ဒေါ်သိန်းသိန်း အမှူးထား၍ သား ကိုသော်တာမိုး | ၁၀ |
| ၁၂၃ | ကိုချစ်ခွန်း | ၁၀ |
| ၁၂၄ | (ဦးကြယ်နီ) + ဒေါ်မြခင် အမှူးထား၍ သမီး မဆွေဇင်မွန် | ၁၀ |
| ၁၂၅ | ဦးမျိုးမြင့် + ဒေါ်အေးအေးသော် သမီး မအေးစုမွန်၊ မအိမ့်ခင်ခင် မိသားစု | ၁၀ |
| ၁၂၆ | မခိုင်ငြိမ်းလင်း | ၁၀ |
| ၁၂၇ | ဆရာမိဘ နှင့် ကျေးဇူးရှင်တို့အား အမှူးထား၍ ကိုညီညီအောင် | ၁၀ |
| ၁၂၈ | မိခင်ကြီး ဒေါ်ကြူကြူ အသက် (၆၆) နှစ်ပြည့် မွေးနေ့ အတွက် ဖခင် ဦးကျော်စိုးအား အမှူးထား၍ ဦးဇော်မင်းထွန်း + ဒေါ်ဆွေဆွေသက် သားကြီး မောင်ကောင်းခန့်ဇော်၊ သမီးငယ် မသီရိဇော် | ၁၀ |
| ၁၂၉ | မိဘနှစ်ပါးအား အမှူးထား၍ မသင်းသင်းလှိုင် | ၁၀ |
| ၁၃၀ | ဦးစန်းမြင့် + ဒေါ်အေးမြ မိဘနှစ်ပါးအား အမှူးထား၍ မလှိုင်လှိုင်နွယ် | ၁၀ |
| ၁၃၁ | မိဘနှစ်ပါးအား အမှူးထား၍ မမေသင်းအေး | ၁၀ |
| ၁၃၂ | အနန္တော အနန္တ ငါးပါး အမှူးထား၍ ဝေယံမင်းထက် + ခင်လင်းလင်းသန့် | ၁၀ |
| ၁၃၃ | အဘိဓမ္မာ တရားတော်များ ပြန့်ပွားရေးအတွက် အထောက်အကူပြုရန် ကိုလှမိုး + မအကၡရာ | ၁၀ |
| ၁၃၄ | မိဘနှစ်ပါးဖြစ်သော ဦးတင်ထွန်း နှင့် ဒေါ်မြကြည်တို့ကို အမှူးထား၍ သမီး မသင်းသင်းလှိုင်၊ မချိုသွယ်ထွန်း | ၁၀ |
| ၁၃၅ | မိဘနှစ်ပါးအား အမှူးထား၍ မထက်ထက်အောင် | ၁၀ |
| ၁၃၆ | ကွယ်လွန်သူ မောင်လေးချစ်ချစ်အား ရည်စူး၍ မညိုညိုဝင်း | ၁၀ |
| ၁၃၇ | ကျေးဇူးရှင်မိဘနှစ်ပါးအား အမှူးထား၍ မနီလာသူရ | ၁၀ |
| ၁၃၈ | မခင်မာသိမ်း | ၁၀ |
| ၁၃၉ | မိခင် ဒေါ်မေမေနွဲ့အား အမှူးထား၍ သား ကိုရာဇာ + မမီ၊ မြေး မောင်မင်းဟိဏ်းခန့် | ၁၀ |
| ၁၄၀ | မိခင် ဒေါ်ခင်မေအေးအား အမှူးထား၍ သမီး မစိုးစန္ဒာ | ၁၀ |

| | | |
|---|---|---|
| ၁၄၁ | ဦးထွန်းရီ + ဒေါ်အေးအေး မိသားစု | ၁၀ |
| ၁၄၂ | ကိုကျော်လွင်ထွန်း + မစုဒါလီ မိသားစု | ၁၀ |
| ၁၄၃ | မသန်းသန်းဝင်း | ၁၀ |
| ၁၄၄ | ဆရာ မိဘများ အမှူးထား၍ ကိုကျော်ဇင်အောင် + မချောသီရိလွင် | ၁၀ |
| ၁၄၅ | နှစ်ဖက်မိဘများ အမှူးထား၍ ကိုတင့်နိုင်ဦး + မအေးစုနန္ဒာလွင် | ၁၀ |
| ၁၄၆ | မိဘနှစ်ပါး အမှူးထား၍ မအေးအေးထွန်း | ၁၀ |
| ၁၄၇ | ကွယ်လွန်သူ မိဘနှစ်ပါးအား အမှူးထား၍ မနှင်းနှင်းအေး | ၁၀ |
| ၁၄၈ | ဦးချစ်သန်း + ဒေါ်ခင်မူလှ | ၁၀ |
| ၁၄၉ | ဦးမြတ်ခင် + ဒေါ်ခင်အေးသန့် သား မောင်ခန့်စည်သူဟိန်း | ၁၀ |
| ၁၅၀ | ဘိုးဘွား၊မိဘများကို ရည်စူး၍ ဦးအေးမောင် (အင်းတော်) | ၁၀ |
| ၁၅၁ | မိဘနှစ်ပါးအား အမှူးထား၍ မအေးအေးသန့် နှင့် မောင်၊နမတစ်စု | ၁၀ |
| ၁၅၂ | မတင်စန်းယု | ၁၀ |
| ၁၅၃ | ကိုဥက္ကာကို + မအိအိချို | ၁၀ |
| ၁၅၄ | မိဘများအား အမှူးထားလျက် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ကျင့်ကြံပွားများ အားထုတ်သည့်အခါ ဆရာကောင်း၊ သမားကောင်းများနှင့် တွေ့ကြုံရပြီး အရှင်ဘုရားများသိသော သစ္စာလေးပါးတရားကို လျင်မြန်လွယ်ကူစွာ ထိုးထွင်းသိမြင်နိုင်ရန် - ဦးဇော် + ဒေါ်ခင်သစ် | ၁၀ |
| ၁၅၅ | မမေသူထက် | ၁၀ |
| ၁၅၆ | ဦးတင့်ဝေ + ဒေါ်ကြူကြူအေး သမီး မစန္ဒာတင့် မိသားစု | ၁၀ |
| ၁၅၇ | ကျေးဇူးရှင် မိဘနှစ်ပါးအား အမှူးထား၍ မမေသူကျော် | ၁၀ |
| ၁၅၈ | မရည်မွန်သောင်း၊ မတင်နီလာအောင် | ၁၀ |
| ၁၅၉ | မိဘနှစ်ပါးအား အမှူးထား၍ မဇင်နွယ်ဝင့်ငွေ | ၁၀ |
| ၁၆၀ | မိဘနှစ်ပါးအား အမှူးထား၍ နန်းဆုလှိုင်မွန် | ၁၀ |
| ၁၆၁ | ကိုဇော်မင်းထွေး | ၁၀ |
| ၁၆၂ | ဦးမျိုးဝင်း + ဒေါ်ဝင်းမြင့် သမီး မဇင်ဇင်အောင် | ၁၀ |
| ၁၆၃ | ကွယ်လွန်သူ ဦးအောင်သန်းအားရည်စူး၍ ဇနီး ဒေါ်ခင်လှလှ နှင့် သမီး မစန္ဒာအောင် | ၁၀ |
| ၁၆၄ | မယမင်းစိုးတင့် | ၁၀ |
| ၁၆၅ | မိဘများအား အမှူးထား၍ ကိုလင်းသီဟ | ၁၀ |
| ၁၆၆ | ဦးသိန်းတန် + ဒေါ်အေးယုသွင် မိသားစု | ၁၀ |
| ၁၆၇ | ဦးဇော်ဝင်း + ဒေါ်ပူပူ မိသားစု | ၁၀ |
| ၁၆၈ | ဒေါ်မြကြည် မိသားစု (တိုက်၁၂၊အခန်း၅၊စက်မှုရိပ်သာ၊၁၂ရပ်ကွက်၊လှိုင်မြို့နယ်) | ၁၀ |
| ၁၆၉ | ဦးကြွယ်ဖံ + ဒေါ်သိန်းရင် သမီး မခင်ဝါဝါ | ၁၀ |
| ၁၇၀ | မိဘနှစ်ပါးအား အမှူးထား၍ သမီး မယဉ်ဝေလွင်၊ သား မောင်တင်ငွေးဝင်း | ၁၀ |
| ၁၇၁ | မိဘနှစ်ပါးအား အမှူးထား၍ သမီး မအေးသီခိုင်အောင် | ၁၀ |

| | | |
|---|---|---|
| ၁၇၂ | ဦးမြအောင်+ဒေါ်ထွေးရီ | ၁၀ |
| ၁၇၃ | နှစ်ဘက်သော မိဘ၊ဆရာ ကျေးဇူးရှင်များအား အမှူးထား၍ ဦးအောင်လှိုင်မိုး+ ဒေါ်တိုးတိုးဝေ၊ သမီး မကဲ့ကော်ခင် မိသားစု | ၁၀ |
| ၁၇၄ | မိခင်ကြီး ဒေါ်ခင်မြမြကြည်အားရည်စူး၍ ကျန်ရစ်သူ မိသားစု | ၁၀ |
| ၁၇၅ | ဦးသိန်းအောင်+ဒေါ်ချိုချိုလွင် | ၁၀ |
| ၁၇၆ | မသီတာမိုး | ၁၀ |
| ၁၇၇ | ဦးခင်မောင်အေး+ဒေါ်မြမြလွင် မိသားစု | ၁၀ |
| ၁၇၈ | မိဘတို့အား အမှူးထား၍ မဆွေဇေဇေထက် | ၁၀ |
| ၁၇၉ | NOBUHAVU ENDO | ၁၀ |
| ၁၈၀ | မိဘတို့အား အမှူးထား၍ မယုမွန်အောင် | ၁၀ |
| ၁၈၁ | ကိုညီညီလွင် | ၁၀ |
| ၁၈၂ | နှစ်ဘက်မိဘတို့အားအမှူးထား၍ ဦးနေမျိုးအောင်+ဒေါ်ခင်မျိုးဝင်း သမီး ရတီနေမျိုး မိသားစု | ၁၀ |
| ၁၈၃ | ကိုဇော်ဝင်း+မဆွေဆွေလင်း သမီး စုနန္ဒာလင်း၊ စုရွှေရည်လင်း | ၁၀ |
| ၁၈၄ | ရတနာသုံးပါး ဦးထိပ်ထား၍ ဓမ္မအလှူ | ၁၀ |
| ၁၈၅ | မောင်ဇင်ကိုကိုအားရည်စူး၍ | ၁၀ |
| ၁၈၆ | ဦးဝင်းမော်အောင် + ဒေါ်မြမြငွေ သမီးမခင်မြတ်သူ | ၁၀ |
| ၁၈၇ | ကိုနှင်းမင်းလတ် + မခင်မာနိုင် | ၁၀ |
| ၁၈၈ | မကွေးမြို့ကံသာ ၁၀လမ်းနေ ကွယ်လွန်သူဖခင်ကြီး ဦးချစ်မောင် အား ရည်စူးပြီး မိခင်ဒေါ်မြစိန်အား အမှူးထား၍ သမီး မဝင်းဝင်းမော် | ၁၀ |
| ၁၈၉ | မိဘဆရာများအားအမှူးထား၍ ကျော်ကျော်နိုင် + နေခြည်ထွန်း | ၁၀ |
| ၁၉၀ | ဦးအောင်စိုး + ဒေါ်ခင်ထားအေး | ၁၀ |
| ၁၉၁ | ဦးတင်အောင် + ဒေါ်သောင်း ၊ သမီး မပပအောင် | ၁၀ |
| ၁၉၂ | မပန်းအိဖြူ မွေးနေ့အလှူ | ၁၀ |
| ၁၉၃ | မကြည်ကြည်မြင့် | ၁၀ |
| ၁၉၄ | ကိုချမ်းမြေ့အောင် | ၈ |
| ၁၉၅ | မိဘနှစ်ပါးအားအမှူးထား၍ သမီးမမွန်မွန်စိုး | ၇ |
| ၁၉၆ | မမီမီဇော် | ၇ |
| ၁၉၇ | မိဘ၊ ဆရာသမား၊ ကျေးဇူးရှင်များအား ရည်စူး၍ မောင်ထက်ကိုကို နှင့် မချို့နွယ်စုလှိုင် မိသားစု | ၆ |
| ၁၉၈ | ဦးခင်မောင်ထွန်း + ဒေါ်မြင့်မြင့်စန်း သားမျိုးမင်းထွန်း Lam Mei Foong | ၆ |
| ၁၉၉ | မဇင်မူယာဝင်း | ၆ |
| ၂၀၀ | မိဘနှစ်ပါးအားအမှူးထား၍ မအေးမြတ်သူနှင့် သား မောင်လက်ျာငြိမ်းချမ်း | ၆ |
| ၂၀၁ | မိဘနှစ်ပါးအားအမှူးထား၍ သမီးမသုန်သုန် | ၆ |
| ၂၀၂ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍ မစိုးစိုးရီ | ၆ |
| ၂၀၃ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍ မောင်ကောင်းဝိုင်းထက် | ၆ |

| | | |
|---|---|---|
| ၂၀၄ | မအေးမြတ်နန္ဒီ နှင့် မိသားစု | ၆ |
| ၂၀၅ | ဦးသောင်းအုပ် + ဒေါ်လှကြည် သမီး မခင်မာကြူ | ၆ |
| ၂၀၆ | မလှလှမော် | ၆ |
| ၂၀၇ | မိဘများအား အမှူးထား၍ မအေးသန္တာ | ၆ |
| ၂၀၈ | မအိစပါယ်ဖြူ | ၆ |
| ၂၀၉ | ဦးသန်းရွှေ + ဒေါ်ခင်မြင့်ရီ မိသားစု | ၆ |
| ၂၁၀ | ဦးလှရွှေ + ဒေါ်စန်းကြည် မိသားစု | ၆ |
| ၂၁၁ | ဦးလှမြင့် + ဒေါ်မြင့်မြင့်ကြည် မိသားစု | ၆ |
| ၂၁၂ | စေတနာရှင် တစ်ဦး | ၆ |
| ၂၁၃ | ဒေါ်ခင်မာလာ မိသားစု | ၆ |
| ၂၁၄ | ဦးကြယ်နီ + ဒေါ်ကြည်ဝင်း မိသားစု | ၆ |
| ၂၁၅ | (ဦးခင်မောင်သိန်း) + ဒေါ်ခင်မာဝင်း မိသားစု | ၆ |
| ၂၁၆ | (ဦးပေါ်ကြိုင်) + ဒေါ်သန်းသန်းစိန် မိသားစု | ၆ |
| ၂၁၇ | ဦးအောင်စိုးမြင့် + ဒေါ်တင်မြင့်ရီ မိသားစု | ၆ |
| ၂၁၈ | ဦးတင်လှိုင် + ဒေါ်ခင်စိန် မိသားစု | ၆ |
| ၂၁၉ | မောင်သော်တာဟန် | ၆ |
| ၂၂၀ | မိဘနှစ်ပါးအား ရည်စူး၍ မဒါလီမေချစ်ဆိုင် | ၆ |
| ၂၂၁ | မသက်မွန်ထွေး | ၆ |
| ၂၂၂ | ကိုဆန်းဝင်း+မခင်စန္ဒာအောင် မိသားစု | ၆ |
| ၂၂၃ | ဦးကျော်လေး + ဒေါ်ထွေးထွေးလှိုင် | ၆ |
| ၂၂၄ | မနုနု | ၆ |
| ၂၂၅ | မခင်မျိုးအေး | ၆ |
| ၂၂၆ | မိဘနှစ်ပါးအားရည်စူး၍ မမေမြတ်သူနှင့်မောင်နှမတစ်စု | ၅ |
| ၂၂၇ | ကိုထွန်းအောင် | ၅ |
| ၂၂၈ | ဦးမောင်မောင်အေး + ဒေါ်ခင်မမ မိသားစု | ၅ |
| ၂၂၉ | မအေးမြတ်ငြိမ်း | ၅ |
| ၂၃၀ | ကိုပြည့်စုံ+ မခိုင်လင်းယု | ၅ |
| ၂၃၁ | ဒေါ်သောင်းမြင့် သမီး မစန်းစန်းသန်း၊ မစန်းစန်းသိန်း | ၅ |
| ၂၃၂ | ဦးသောင်းဟန်+ဒေါ်ဟန်ကြည် မိသားစု | ၅ |
| ၂၃၃ | မဇင်ဇင်ခိုင် | ၅ |
| ၂၃၄ | မောင်အောင်နိုင်ဝင်း | ၅ |
| ၂၃၅ | ကိုမင်းနိုင်သော် + မနုနုဝင်း မိသားစု | ၅ |
| ၂၃၆ | ဦးမြင့်ဦး + ဒေါ်သီတာမြင့် မိသားစု | ၅ |
| ၂၃၇ | နန်းမိုမိုသော် | ၅ |
| ၂၃၈ | ဦးလှအောင်အားရည်စူး၍ ဒေါ်နုနုကြည်၊ မဇာဇာဝင်း၊ မနှင်းနှင်းယု | ၅ |
| ၂၃၉ | ဦးမျိုးမင်းဆွေ + ဒေါ်ဝင်းဝင်းငွေ မိသားစု | ၅ |

| | | |
|---|---|---|
| ၂၄၀ | ကျန်းကွေ့စန် + ဒေါ်မြမြငွေး သား ဟယ်ရီသက်ဘုန်းနိုင် သမီး ကျန်းအန်းချီ | ၅ |
| ၂၄၁ | အနန္တောအနန္တ ငါးပါး အမှူးထား၍ ဦးအဝင်း + ဒေါ်အေးလှိုင် | ၅ |
| ၂၄၂ | မိဘများ အမှူးထား၍ မလှလှဝင်း | ၅ |
| ၂၄၃ | မယဉ်ယဉ်ထိုက် | ၅ |
| ၂၄၄ | မမြတ်မဥ္ဇူမောင်မောင် | ၅ |
| ၂၄၅ | ဦးမြင့်လှိုင် + ဒေါ်ခင်ခင်ဝင်း မိသားစု | ၅ |
| ၂၄၆ | မအိခိုင်ဝင်း | ၅ |
| ၂၄၇ | မဥမ္မာကျော် | ၅ |
| ၂၄၈ | ဦးကျော်ဝင်း + ဒေါ်မာလာရီ မိသားစု | ၅ |
| ၂၄၉ | မောင်စည်သူကျော်ဝင်း + မခိုင်ပြည့်စုံလွင် | ၅ |
| ၂၅၀ | မိဘနှစ်ပါးအား အမှူးထား၍ မစိမ်းနုအေး | ၅ |
| ၂၅၁ | ကွယ်လွန်သူ အဘိုး၊အဘွားများအား ရည်စူး၍ မမေဖြူခင် | ၅ |
| ၂၅၂ | နှစ်ဖက်မိဘများ အမှူးထား၍ ဦးမျိုးမြင့်မောင် + ဒေါ်အေးအေးမော် မိသားစု | ၅ |
| ၂၅၃ | ကွယ်လွန်သူ ဖခင်ကြီး ဦးမြင့်သိန်းအား ရည်စူး၍ သမီး မဇင်မာထွေး | ၅ |
| ၂၅၄ | မအေးစန္ဒာဦး | ၅ |
| ၂၅၅ | မနန်းဆွေ | ၅ |
| ၂၅၆ | မအေးမီဖိုလ် | ၅ |
| ၂၅၇ | မမို့မို့ဇင် | ၅ |
| ၂၅၈ | ကွယ်လွန်သူ ဖခင် ဦးအောင်ကျော်သိန်းအား ရည်စူး၍<br>ဒေါ်နိုင်နိုင်ဝင်းထွန်း မိသားစု | ၅ |
| ၂၅၉ | ကွယ်လွန်သူ ဦးထွန်းကြည်အား ရည်စူး၍ ဒေါ်ကြည်စိန် မိသားစု | ၅ |
| ၂၆၀ | ဒေါ်ယုယုသီ | ၅ |
| ၂၆၁ | ဆရာ၊မိဘ နှင့် ကျေးဇူးရှင်တို့အား အမှူးထား၍ ကိုသောင်းကြည် | ၅ |
| ၂၆၂ | ကွယ်လွန်သူ ဦးမြင့်မော်အား ရည်စူး၍ ဒေါ်သန်းအေး မိသားစု | ၅ |
| ၂၆၃ | စိုင်းဟိန်းလတ်သန်း+အေသွယ်ကျော့ | ၅ |
| ၂၆၄ | ကိုဇော်မျိုးလွင်+မနွယ်နွယ်အောင် | ၅ |
| ၂၆၅ | မဆုရည်အောင်၊မလှယမင်းသွယ် | ၅ |
| ၂၆၆ | နှစ်ဖက်သောမိဘများအား အမှူးထား၍<br>ကိုကျော်ဇေယျာဦး + မဆုမျက်ခြယ်လွင် | ၅ |
| ၂၆၇ | နှစ်ဖက်သောမိဘများအား အမှူးထား၍<br>ကိုကြည်မင်းဟန်ထွေး + မသင်းသင်းဆွေ | ၅ |
| ၂၆၈ | ကိုမျိုးမင်းသိမ်း+မနိုင်နိုင်ကို | ၄ |
| ၂၆၉ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍<br>ကိုစိုးထွဋ်နိုင်+မစန္ဒာဦး | ၄ |
| ၂၇၀ | ကိုမျိုးသန့်နိုင် + မခင်ချိုဦး | ၄ |
| ၂၇၁ | မစုမြတ်ထွေး | ၄ |

| | | |
|---|---|---|
| ၂၇၂ | နိဗ္ဗာန်ရကြောင်း ပါရမီ အထောက်အပံ့အဖြစ်<br>ဦးကျော်သောင်း + ဒေါ်ရှုကြည် | ၄ |
| ၂၇၃ | ကိုမော်စီဦး၊ မနီလာ၊ မလှဲ့လှဲ့မိုး သူငယ်ချင်းတစ်စု | ၄ |
| ၂၇၄ | ကွယ်လွန်သူ (ဦးချို + ဒေါ်ကြင်) (အောင်ကြီး ရုပ်ရှင်ရုံ၊ရေနံမြို့)၊<br>(ဦးလှရွှေ) + ဒေါ်စန်းစန်း (ဖြူးမြို့)တို့အား ရည်စူး၍ အမ မသိန်းသိန်းစိုး နှင့်<br>မောင် ကိုနိုင်လင်းစိုး (မြင့်မြတ်မိုး ကုမ္ပဏီ၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့) | ၄ |
| ၂၇၅ | မအေးယုမွန် ၊ မချယ်ရီလွင် | ၄ |
| ၂၇၆ | (ဦးလှသောင်း) + ဒေါ်သိန်းမြိုင် တို့ကို အမှူးထား၍ မခင်ဝင်းရည် | ၄ |
| ၂၇၇ | မိဘများကို အမှူးထား၍ မသက်မွန်ဦး | ၄ |
| ၂၇၈ | ကိုဇော်ရဲလင်း | ၄ |
| ၂၇၉ | မိဘနှစ်ပါးအား အမှူးထား၍ မမွန်မွန်ကျော် | ၄ |
| ၂၈၀ | စေတနာရှင်တစ်ဦး | ၄ |
| ၂၈၁ | ကိုကျော်ကျော်နိုင် + မမေစုလှိုင် | ၄ |
| ၂၈၂ | နန်းခမ်းလှိုင်း | ၄ |
| ၂၈၃ | မခင်မျိုးဝင်း နှင့် မငြိမ်းငြိမ်း | ၄ |
| ၂၈၄ | နိဗ္ဗာန်ကိုရည်မှန်း၍ မမင်းမင်းမျိုးလတ် | ၄ |
| ၂၈၅ | မခင်အေးမြင့် | ၄ |
| ၂၈၆ | ရတနာသုံးပါးအား ဦးထိပ်ထား၍ မနှင်းဝေခိုင် | ၃ |
| ၂၈၇ | ရတနာသုံးပါးအား ဦးထိပ်ထား၍ မနှင်းဝေလှိုင် | ၃ |
| ၂၈၈ | မောင်အောင်ထက်ခန့် | ၃ |
| ၂၈၉ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍ မသစ်သစ်ဦး | ၃ |
| ၂၉၀ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍ မခင်သော်တာအောင် | ၃ |
| ၂၉၁ | မိဘနှစ်ပါးနှင့် ဆရာသမားများအား အမှူးထား၍ မသင်းစုစုအောင် | ၃ |
| ၂၉၂ | နှစ်ဘက်သောမိဘများအား အမှူးထား၍<br>မောင်မြတ်သူ + မပွင့်ဖြူပိုင် မိသားစု | ၃ |
| ၂၉၃ | စေတနာရှင်တစ်ဦး | ၃ |
| ၂၉၄ | ကွယ်လွန်သူ (ဦးသန်းထွဋ် + ဒေါ်မေစု) တို့အတွက် ရည်စူး၍<br>မစုမြတ်နိုးဆင့် | ၃ |
| ၂၉၅ | ကိုကျော်စွာထွန်း + မစံပယ်နှင်း | ၃ |
| ၂၉၆ | မသီဂီဝင်း | ၃ |
| ၂၉၇ | ဦးကိုကိုနိုင် + ဒေါ်ခင်ဖုန်းဝေ မိသားစု | ၃ |
| ၂၉၈ | မနေနွယ်ဦး | ၃ |
| ၂၉၉ | မြသဥ္ဇာဝေ | ၃ |
| ၃၀၀ | ကိုဇေယျာလင်း + မနန်းဖောင်းဆိုင် | ၃ |
| ၃၀၁ | ကိုခိုင်မင်းအောင်+မရွှေဇင် | ၃ |
| ၃၀၂ | မဟန်စုဝင်းလွင် | ၃ |

| | | |
|---|---|---|
| ၂၀၃ | နိဗ္ဗာန်ကိုရည်မှန်း၍ ဗိုလ်မှူးနေလင်းကို | ၃ |
| ၂၀၄ | နိဗ္ဗာန်ကိုရည်မှန်း၍ မချမ်းငြိမ့်သူ | ၃ |
| ၂၀၅ | ဒေါ်အေးအေးစန်း | ၂ |
| ၂၀၆ | မရွှေဇန်အိဖြူ | ၂ |
| ၂၀၇ | ကိုအောင်မျိုး + မနိုင်ဝါဝါမျိုး | ၂ |
| ၂၀၈ | ကိုစံရွှေမောင် + မအိအိအေး | ၂ |
| ၂၀၉ | နှစ်ဖက်မိဘများ အမှူးထား၍ ကိုဇော်မင်းထွန်း + မအေးအေးဝင်း | ၂ |
| ၂၁၀ | မတင်တင်သော် | ၂ |
| ၂၁၁ | မနွယ်နွယ်ထွန်း | ၂ |
| ၂၁၂ | မိဘများအား အမှူးထား၍ မငြိမ်းအိသူ | ၂ |
| ၂၁၃ | ဦးမြင့်ရွှေ + ဒေါ်စိန်မုံ မိသားစု (ဝေါမြို့) | ၂ |
| ၂၁၄ | ကွယ်လွန်သူ ဖခင်ကြီး ဦးကြည်သိန်းအား ရည်စူး၍ ဇနီး ဒေါ်လှ၊<br>သား ကိုကျော်နိုင်ထူး၊ သမီး မခင်သီတာထူး၊ မဆွေဇင်ထူး | ၂ |
| ၂၁၅ | အဘိုး၊ အဘွားများအား ရည်စူး၍ ဦးစန်းဦး + ဒေါ်တင်လှဲ့လှဲ့ တို့အား<br>အမှူးထားလျက် မသင်းနွဲ့ဦး | ၂ |
| ၂၁၆ | နန်းပန်းအေးဖြူ | ၂ |
| ၂၁၇ | အသိဉာဏ်ပညာတိုးပွား၍ နိဗ္ဗာန်၏ အထောက်အပံ့ဖြစ်စေရန် မယုလေးကို | ၂ |
| ၂၁၈ | ဦးအောင်သန်း + ဒေါ်သန်းမြင့် မိသားစု | ၂ |
| ၂၁၉ | မြနှင်းဆီ နှင့် မိသားစု | ၂ |
| ၂၂၀ | ကျေးဇူးရှင် မိခင်၊ဖခင်တို့အား ဦးထိပ်ထား၍ သမီး မကြည်ကြည်ဝင်း | ၂ |
| ၂၂၁ | ဦးမှတ်ကြီး + ဒေါ်မိုးသီတာဦး မိသားစု | ၂ |
| ၂၂၂ | ဦးညွန့်မောင် + ဒေါ်သင်းသင်းဌေး တို့ကို အမှူးထား၍ မလှမြတ်သန္တာ | ၂ |
| ၂၂၃ | တရားထူး၊တရားမြတ်များ ကျင့်ကြံနိုင်ရန် အတွက် ဒေါ်မေဇင်အေး | ၂ |
| ၂၂၄ | ကိုကောင်းညွန့် | ၂ |
| ၂၂၅ | မစိုးယုစံ | ၂ |
| ၂၂၆ | မမျိုးဟန်စုကျော် | ၂ |
| ၂၂၇ | ကိုဝင်းထွဋ်တင် + မစုမြတ်ထွေး | ၂ |
| ၂၂၈ | မခင်ဆွေမြ | ၂ |
| ၂၂၉ | မညီမ်းအေးသူ | ၂ |
| ၂၃၀ | ဦးလှသိန်း + ဒေါ်ဥ မိသားစု | ၂ |
| ၂၃၁ | နှစ်ဘက်မိဘများ အမှူးထား၍ ကိုသူရအောင် + မယမုံဖူး | ၂ |
| ၂၃၂ | မိဘများအား အမှူးထား၍ ကိုချမ်းမြေ့အောင် | ၂ |
| ၂၃၃ | ဦးမြင့်စိုး + ဒေါ်ခင်စန်းယု မိသားစု | ၂ |
| ၂၃၄ | ဒေါ်မြင့်မြင့်သောင်း မိသားစု | ၂ |
| ၂၃၅ | မခင်လင်းလင်းထွန်း | ၂ |
| ၂၃၆ | ကိုစိုးအောင်+ဒေါ်နုနုခင် သမီး သွဲ့နုစိုး | ၂ |

| | | |
|---|---|---|
| ၃၃၇ | မသိမ့်သိမ့်အေး | ၂ |
| ၃၃၈ | ဦးဇော်အေးထွန်း+ဒေါ်သီတာလှိုင် | ၂ |
| ၃၃၉ | SAYATANAR OO | ၂ |
| ၃၄၀ | ကိုချမ်းလင်းအောင် | ၂ |
| ၃၄၁ | ဒေါ်ခင်ဝင်း | ၁ |
| ၃၄၂ | မကြူကြူစန်း | ၁ |
| ၃၄၃ | ဦးပိုလ်စိန် + ဒေါ်ခင်န တို့အား ရည်စူး၍ မောင်ဇော်ဝင်းမောင် | ၁ |
| ၃၄၄ | မခင်မြင့်မြင့်ဝင်း | ၁ |
| ၃၄၅ | မိခင်ကြီး ဒေါ်ဝေဝေလွင်နှင့် ဖခင်ကြီး ဦးသိန်းသိန်းတို့အား အမျှထား၍ မဇင်သူလွင် (စက်ာပူ) | ၁ |
| ၃၄၆ | မသိန်းသန်းငွေး | ၁ |

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**

# အဘိဓမ္မာစာအုပ် အမှားပြင်ဆင်ချက်

## (ပထမအကြိမ်ရိုက်စာအုပ်တွင် အမှားပြင်ဆင်ချက်)

| စဉ် | စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁ | ၆ | | ဒိဋ္ဌိဝိပ္ပယုတ် | သမ္ပယုတ် |
| ၂ | ၁၇ | | လောဘမူစိတ် ၁၂ | ၈ |
| ၃ | ၃၅ | ၄ | တိယာရုပ္ပဝိညာဏ်အာရုံ | တတိယာရုပ္ပဝိညာဏ်အာရုံ |
| ၄ | ၅၅ | | ၂၁ | ၁၇ |
| ၅ | ၅၆ | | ၆၆ | ၆၂ |
| ၆ | ၉၀ | ၂၃ | ဝိရတီကြည် သောဘန စေတသိက် ၂၁ | ဝိရတီကြည် သောဘန စေတသိက် ၂၂ |
| ၇ | ၉၁ | | | ပီတိထည့် |
| ၈ | ၉၁ | | မှတ်ချက်။ အမြဲယှဉ် ၃၅ တပြိုင်နက် ၃၃ | အမြဲယှဉ် ၃၃ တပြိုင်နက် ၃၄ |
| ၉ | ၁၀၅ | | ဒွါရဇယား၌ မဟာဝိပါက် ၈ ပါးကျန် | ဒွါရဇယား၌ မဟာဝိပါက် ၈ ပါးထည့် |
| ၁၀ | ၁၁၈ | ၅ | သန္တီရဏ် | သန္တီရဏ |
| ၁၁ | ၁၁၈ | ၇ | တဒရုံ | တဒါရုံ |
| ၁၂ | ၁၁၉ | နောက်ဆုံးကြောင်း | ပဉ္စဒွါရဝီထိပေါင်း ၁၅x၇ | ပဉ္စဒွါရဝီထိပေါင်း ၁၅x၅ |
| ၁၃ | ၁၂၁ | | (ပဉ္စဒွါရဇယား၊ ၅။) ဝီထိဝိမုတ် | ဝီထိမုတ် |
| ၁၄ | ၁၂၇ | ၁၂ | ကြုံတွေ | ကြုံတွေ့ |
| ၁၅ | ၁၃၀ | ၂ | ဖလသမာပတ္တာဝီထိ | ဖလသမာပတ္တိဝီထိ |
| ၁၆ | ၁၃၂ | ၃ | ဖန်းဆင်းနိုင်သော | ဖန်ဆင်းနိုင်သော |
| ၁၇ | ၁၃၃ | | နိရောဓဝီထိ အနာဂါမိဖိုလ် | အရဟတ္တဖိုလ် |

| | | | | |
|---|---|---|---|---|
| ၁၈ | ၁၄၈ | ၂၃ | ပုဂ္ဂိုလ်ပေါင်း ၄၁၂ | ၂၁၄ |
| ၁၉ | ၁၅၅ | ၁၉ | နေဝသညာ ဘုံစိတ်ရ ၃၆ | ၃၇ |
| ၂၀ | ၁၆၃ | ၂၁ | နေဝသညာ ၂ ခါဖြစ် | နေဝသညာနာသညာ |
| ၂၁ | ၁၇၆ | | မဟာကပ် ၁ ကပ် | အသင်္ချေယျကပ်၁ ကပ် |
| ၂၂ | ၁၈၄ | ၂၃ | ဖက်ဆီးခြင်း | ဖျက်ဆီးခြင်း |
| ၂၃ | ၁၉၁ | ၁၆ | ကသိုလ်သည် | ကုသိုလ်သည် |
| ၂၄ | ၂၀၂ | ၁ | လာရောက်ရာ | လားရောက်ရာ |
| ၂၅ | ၂၀၇ | နောက်ဆုံးကြောင်း | ကမ္မ ဖြစ်သော | ကမ္မ နိမိတ်၊ |
| ၂၆ | ၂၀၉ | ၁၉ | (ရှုပ ၁၅ ဘုံ) ရှုပစုတိ ၁ ပါး | ရှုပစုတိ ၅ ပါး |
| ၂၇ | ၂၂၁ | ၁၂ | ကြမ်းတမ် | ကြမ်းတမ်း |
| ၂၈ | ၂၂၄ | ၂၀ | တည်တည်တံတံ့ | တည်တည်တံ့တံ့ |
| ၂၉ | ၂၂၇ | ၁၄ | ဣန္ဒြေရုပ် | ဣန္ဒြိယရုပ် |
| ၃၀ | ၂၃၀ | ၂၁ | အာသဓာတ် | အာကာသဓာတ် |
| ၃၂ | ၂၃၅ | ၁၄ | ရှိသေသောကြောင့် | ရှိသေးသောကြောင့် |
| ၃၃ | ၂၃၇ | ၂၄ | ဥပါဒ်စေနိုင်သဖြင့် | ဖြစ်စေနိုင်သဖြင့် |
| ၃၄ | ၂၄၃ | ၁၉ | ဘဝကြည်သော် | ဘာဝရုပ်ကြည်သော် |
| ၃၅ | ၂၄၄ | ၂၃ | ဖြစ်ရေအယဉ် | မြစ်ရေအယဉ် |
| ၃၆ | ၂၄၅ | ၂၃ | ပဝတ္တိကျိုးပေး | ပဝတ္တိအကျိုးပေး |
| ၃၇ | ၂၈၇ | ၁၀ | ပဋိစ္စသမုပ္ပဒ်ဇယား တွင်ပါ ပေါင်း ၁၉ | ပေါင်း ၂၉ |
| ၃၈ | ၃၀၅ | ၁၆ | မျက်စသည်နဲ့ | မျက်စိ စသည်နဲ့ |
| ၃၉ | ၃၁၈ | နောက်ဆုံးကြောင်း | ကုလိုလ် | ကုသိုလ် |
| ၄၀ | ၃၂၀ | ၁၁ | သညာခက္ခန္ဓာ | သညာက္ခန္ဓာ |
| ၄၁ | ၃၂၂ | ၄ | လေဘမူ | လောဘမူ |
| ၄၂ | ၃၂၇ | ၁၆ | ကာဂုဏ် | ကာမဂုဏ် |
| ၄၃ | ၃၄၉ | ၃ | အောက်ဈာန | အောက်ဈာန် |

| | | | | |
|---|---|---|---|---|
| ၄၄ | ၃၅၀ | ၃ | ကမ္ဘဋ္ဌာန်းရှုသူ | ကမ္ဘဋ္ဌာန်းရှုသူ |
| ၄၅ | ၃၅၆ | ၁၆ | တ ၏နည်းလေးဆယ် | တစ်နည်းလေးဆယ် |
| ၄၆ | ၃၈၃ | ၁၃ | ချေဖက် | ချေဖျက် |
| ၄၇ | ၃၉၁ | နောက်ဆုံး ကြောင်း | အကာသာနဉ္စာယတန | အာကာသာနဉ္စာယတန |
| ၄၈ | ၃၉၂ | ၁ | အကာသာနဉ္စာယတန | အာကာသာနဉ္စာယတန |